www.burmeseclassic.com



www.burmeseclassic.com

အောင်စေပိုင် စိစဥ်ဖန်တီးသည်



26 FEB 2014

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဧပြီလ
အတွဲ(၈)၊ အမှတ်(၁၀)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရှိသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

BURMESE CLASSIC .com

**သက်တော်မြဲဂါထာ**

အဘိဝါဒနသီလိဿ နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ အာယု ဝဏ္ဏော သုခံ ဗလံ။

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ··· ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ··· ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ··· ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ကျင့်ဝတ်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- တမ္ဘောဇဌာနေ ဝင်လောင်းမြေမှ. . . . . ... မင်းသုခ ၁၄
- မြစ်ခြေမြို့၏ တစ်ခုတည်းသော သီလရှင်စာသင်တိုက် ... ကျော်လင်း(မြစ်ခြေ) ၄၃
- မဟာအတုလ လောကသရဖူ ပေါ်တော်မူရှပ်ပွားတော် ... ပန်းတနော်နောင်လတ် ၅၂
- ဆုတောင်းပြည့် ဟသ်ာတုန်းစေတီတော်မြတ်ကြီး ... မြမဥ္ဇူဝေ(ကျုံမငေး) ၇၀
- တိလောကာဓိပတိ မဟာမုနိ. . . . . ... မင်းထက်ကျော်(B.Sc) ၇၈
- တောင်ကြီးမြို့ မြစိမ်းတောင်နှင့် ရွှေတိဂုံမဟာမြတ်မုနိ ... ဧဗဒသုတေသီဆရာမျိုး ၉၃


## ဘာသာရေးသုတ/ရသဆောင်းပါး


- တာသကြွန်ချိန်ခါထူး ဆယ်တော်မူဘုရားဖူးကြမယ် ... သက်နှင်းဆွေ(ပုပ္ပါး) ၇
- ဗြဟ္မစိုရ်ရိတရားတော် ... ဓမ္မာစရိယဦးဌေးလှိုင် ၁၉
- ဩကာသကန်တော့ချိုး(၂) ... ဆန်းဝင်း(အောင်မြေ) ၃၀
- ကျောင်းအမနတ်သမီး အလှူကြီး ... မေတ္တာရှင်ရွှေပြည်သာ ၃၄
- ဒေါသနှင့်ဆန့်ကျင်ရာ. . . . . ... မြယာငြေ ၆၄
- နေ့တစ်ဝက်ဥပုသ်အကျိုး ... ဝင်းယုမောင်(သုတေသီ) ၆၉
- ဓမ္မဒါန ... ယောဂီစောလွင် ၈၄
- အချိန်မရသူများအတွက် ... ရဲရဲထွန်း(ဟသ်ာတ) ၉၅
- သတင်းပုံရိပ်များ ... မောင်ဝေအေး ၁၀၃
- စကားကြီးသုံးခွန်း ... ဌေးအောင်သင်း ၁၂၀


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- လိုရာအဆင်ပြေစေမည့်. . . . . ... တောကျောင်းဘုန်းကြီး ၁၈
- ကြီးပွားချမ်းသာအောင်ဂါထာ ... လူစွမ်းမြင့်(နတ်မောက်) ၄၈
- လောကီအတွက် ဗုဒ္ဓသရဏဂစ္ဆာမိအင်းတော် ... ဧရာမြေထွန်းထွန်း ၁၁၁
- ရက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသ၏. . . . . . . . ... ဦးကိုကိုအေး(ကြို့ပင်ကောက်) ၁၂၂
- ဂါထာအစွမ်းနှင့် သေလမ်းမှလွဲဖယ်. . . . . ... မောင်တင်ကြွယ်(ပြည်) ၂၃၅


## တိုင်းရင်းဆေး


- အုန်းလွဲ ဇက်လေး တမာလာတော့မြေး ... ကျော်ဇွာထိန်း(ရွှေလှော်ကား) ၇၆
- နွားမြေရင်းပင် ... နှောင်းသစ် [illegible]၃၆
- အသံဝင် အသံပျက်အတွက် အလွယ်နည်း ... နတ်မောက်မှတ်ရွှေမောက် ၂၂၀
- ဆယ့်နှစ်ရာသီပင် ... စိုးစိုး ၂၆၄
- တိုင်းရင်းဆေးဖက်ဝင် အလိုတျူပင် ... ဆရာဦး[illegible]မြင့်(အာယုဗ္ဗေဒ) ၃၀၉


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ



## ဗုဒ္ဓဝင်ရသ


- သရဏ အာဇာနည် ဘဒြာဒေဝီ ... မုဒုံစောနောင်ဖေ ၂၄
- လယ်တီဆရာတော်ဘုရားကြီးနှင့်ရဟန်းတစ္ဆေ ... ပဥ္စသီ ၅၅
- စူဠသုဘဒ္ဒါချီးမွမ်းသော..... ... စိတ်မိုး ၅၇
- စွဲလမ်းခြင်းတဏှာ ... ပေါ်လွင်ဦး(ဇရေ) ၉၂




## အထွေထွေသုတ၊ ရသဆောင်းပါး


- သကြိန်ပန်း၏ အဓိပ္ပါယ် ... ဥက္ကလာဝင်းကျော် ၄၉
- သကြိန်ထမင်းနှင့် ရင်တွင်းအေးစရာ မွန်ရိုးရာ ... ခင်ခင်ဝင်း(မော်ရဝတီ) ၈၈
- အယ်ပုံတာတေနှင့်..... ... အောင်ကျော်စွာ ၁၀၆
- မြင်းဖြူရှင်နတ်နန်း ဖြစ်ရပ်ဆန်း ... နေအောင်လင်း(စလေ) ၁၂၄
- တွေးရခက်သောအရာ ... သန်းထွေးဦး(ရွှေဘို) ၁၂၇
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၁၃၈
- နောက်ပြောင်စကား နိမိတ်လား ... ညွန့်ဝင်း(နတ္တလင်း) ၁၄၆
- စာအုပ်စင် ... သုတအံ့ ၁၅၄
- တိမ်တိုက်ထဲက ကြာပန်းချစ်သူ ... ကိုအေးမြင့်(ရွှေ/သု) ၁၆၀
- ဆန္ဒအလိုပြည့်ဝခြင်း ... သက်လုံ ၂၅၁
- ထူးဆန်းသော စဉ်းတီတုံး ... မျိုးမောင်မောင်(ကပစ) ၂၅၉
- အောင်မြင်ရေးလမ်းကြောင်း ... အောင်ဘုန်းမြင့်(ကချင်မြေ) ၂၆၁
- ပေါက္ကံရှင်ကြီးထီးနဲ့..... ... နန်းပွင့်စံ ၂၇၂






## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- သတ်လို့မသေ အသက်ရှည် ... ကောင်းသော် ၁၀၆
- တန်ပြန်သက်ရောက်မှု ... မြမြလှိုင် ၁၃၀
- သင်မယုံလည်း ပုံပြင်မဟုတ် ... ပန်းတနော်နောင်လတ် ၁၇၄
- မြေသူခိုး၏ ဝဋ်ကြွေးကြမ္မာ ... မောင်မောင်မိုးအောင် ၁၈၄
- စိတ်စွမ်းအားဖြင့် ပြိုင်ကြရာဝယ် ... မြသိန်း ၁၉၆
- သရဲခြောက်သောညောင်ပင်ကြီးနှင့်..... ... ညီလေးငယ်(လယ်တော်) ၂၀၉
- အင်းခွေးငါးကောင်ပုံပြင် ... ရဲရဲထွန်း(ဟသာတ) ၂၂၇
- နားမလည်နိုင်သော ဖြစ်ရပ်ဆန်းတစ်ခု ... မင်းဟိန်းထိဒ် ၂၄၇
- သရဲချောင်း ... ရွှေဖြူသာထွန်း ၂၆၅
- လောဘည ... သန့်စင်ထွန်း ၂၇၄
- တစ်ခဏအမှား ... မြောင်းမြမြင့်လှိုင် ၂၇၉
- ဗျပန်ခေတ်ကတည်းက မကျွတ်လွတ်ကြသူများ ... တင့်ထူး(ဇေယျဝတီ) ၂၈၇
- ပီယဆေး အောင်မင်း ... ဇော်မင်း(ဒဂုံမြောက်) ၂၉၇
- တောင်ပို့ကြီးနဲ့အိမ် ... ခင်းတိုင်ပင်(မြရောင်မြေ) ၂၉၉
- ခေါင်းတစ်လုံးနှင့်.... ... တင်မောင်မောင်(ပေါက်ကုန်း) ၃၀၄




www.burmeseclassic.com

www.burmeseclassic.com

**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ပြည်စိုး (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး
**အတွင်းသရုပ်ဖော်ပန်းချီ**
အောင်နိုင်လတ်၊ ဝင်းသိန်း၊ မောင်မြင့်ငွေး၊
ကျော်ဦး၊ စံလွင်မောင်၊ သန့်စင်၊
ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (ဝ၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ<br>နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျှံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ်ာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ


- မြန်မာသင်္ကရာဇ် ၁၃၇၆ ခုနှစ်မှာ. . . . . ... တက္ကသိုလ်စိုးမိုးနိုင် ၁၄၉
- ၂၀၁၄-အတာသင်္ကြန်နှင့်. . . . . ... ဦးဇေယျာကို ၁၇၇
- နှစ်သစ်မင်္ဂလာ လစဉ်ပြု ယတြာ ... ခေတ္တရာဆရာကျော် ၁၉၂
- တစ်နှစ်တာကံကောင်းစေရန် ... သစ္စာဝါဒီမြတ်စောလင်း ၂၁၄
- သစ်တံခါးဆရာတော်ချီးမြှင့်တော်မူသည့်. . . . . ... ကိုရွှေမြသန်း(သမိုင်း) ၂၁၇
- နှစ်ကူးမှာ ယတြာချေပါ ... ဆရာအောင်ကျော်ဇော ၂၂၁
- လာဘ်ဖွင့်လက်ဆောင် ... သက်နှင်းဆွေ(ပုပ္ပါး) ၂၃၁
- နှစ်ဆန်းအခါ အထူးယတြာ ... ဂမ္ဘီရဆရာလှမျိုး ၂၄၇
- ၁၃၇၆ ခုနှစ်၊ မြန်မာနိုင်ငံ ကံကြမ္မာ ... ဆရာမြတ်ထွန်းခေါင် ၂၇၀
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၈၄
- စုတ်လာဘ်များရမလား ... ဦးအုန်းမြင့်(ဗေဒသုတေသီ) ၂၉၁


## အသုံးချပညာရပ်များ


- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၁၅၆
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၈၁
- ၂၀၁၄၊ ဧပြီလ၊ ကောင်းတင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၀၀
- ၂၀၁၄၊ ဧပြီလအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကူ၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွန်းခေါင် ၂၂၇
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အထိတ်အောင်နိမိတ်ဆရာ ၂၅၁
- ၂၀၁၄၊ ဧပြီလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၃၁၁


www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒါန



အဘယမဟာကာရုဏိကမုဒြာ
ကြေးဆင်းတုတော်
နတ်စင်တစ်ရာ၊ သံလျင်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com


ဓမ္မဒါန



ဆယ်တော်မူရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com



# တာသင်္ကြန်ချိန်ခါထူး
# ခပေါင်တော်မှုသမျှများရဲ့ ဖူးမြင်ခဲ့ပေ

**သက်နှင်းဆွေ၊ ပုပ္ပါး၊**

(၁)

ဥသြတွန်သံလေးတွေကို ခပ်မြိုင်မြိုင်ကြားနေရပြီ။

ကြည့်လေရာရာ အရပ်ရှစ်မျက်နှာတွင် မြူတွေ ဝေ့ဝဲနေပြီ။ သင်္ကြန်တေးသံတွေကလည်း ဟိုမှသည်မှ ပျံ့ဝဲလို့လာပြီ။ မြန်မာနှစ်သစ်ကူး ခါသင်္ကြန်ကို ရောက်တော့မည်။

ကျွန်တော်သည် တာမွေဘက်ရှိ မော်ဒန် လက်ဖက်ရည်ဆိုင်ကြီးတွင် ထိုင်ပြီး ကဗျာရှည်တစ်ပုဒ်ကို စိတ်ပါလက်ပါရေးနေခိုက် ချိုချိုမြမြလေး ပျံ့လွင့်လာသည့် ဥသြတွန်သံလေးတွေကြောင့် ပတ်ဝန်းကျင်ကို သတိပြုလိုက်မိသွားခြင်းဖြစ်သည်။

နွေ၏ စူးစူးရှရှ အပူရှိန်တို့က သင်္ကြန်တေးသံတွေထဲတွင် သိသိသာသာ အေးမြသွားရသည့်ထင်၏။ သင်္ကြန်ဆိုသည့်အသိက ကျွန်တော့်ရင်ကို ဆွတ်ပျံ့ကြည်နူးလာစေပြန်သည်။ မော်ဒန် လက်ဖက်ရည်ဆိုင်ကြီးထဲမှ ကျွန်တော်ထွက်ခဲ့ပါသည်။ ညနေ ၄နာရီကျော်ခဲ့သည်အထိ အပြင်တွင် နေရှိန်က ပြင်းနေသေးဆဲ။ တောင်လေတစ်ချက်အဝေ့တွင် ရွက်ကြွေတွေ လမ်းပေါ် ရှပ်တိုက် ပြေးလွှားသွားကြသည်။

ကျွန်တော်သည် တက္ကစီတစ်စီးငှားပြီး ရွှေတိဂုံစေတီတော်ကြီးသို့ လာခဲ့သည်။ ယခုဆိုလျှင် သည်ရွှေစေတီတော်ကြီးသို့ နေ့စဉ် ကြိုးစားပမ်းစားသွားရောက် ဖူးမြော်နေခဲ့ခြင်းတာ (၂)နှစ်ပြည့်တော့မည်။ ကျွန်တော်စီးလာသည့် ကားလေးက ဖိုးစိန်လမ်းမှ ဖြတ်ကာ ကန်တော်ကြီးဘက်ဆောက်

www.burmeseclassic.com

လာ၏။ ကန်ရေပြင်ကို ဖြတ်တိုက်ခတ်လာသည့် ညနေခင်း လေပြည်တွင် ရေငွေ့တို့ဖြင့် အေးမြနေသည်။ ကန်တော်ကြီးထဲရှိ သစ်ပင်မြင့်မားကြီးတွေထက်မှ ညသြတွန်သံကို ကြားရပြန်သည်။

ရွှေတိဂုံစေတီတော်ကြီးသို့ ကျွန်တော်ရောက်ချိန်တွင်မူ နေချိနေလေပြီ။ ဘုရားပေါ်တွင်လည်း နေ့၏ သွေ့ခြောက်မှုက ထင်ဟပ်နေသည်။ သို့သော် ရွှေတိဂုံတော်ကြီး၏ ရင်ပြင်ထက်တွင်မူ ထုံးစံအတိုင်း ဘုရားလာဖူးသူတွေ အဓိဋ္ဌာန်ဝင်သူတွေ၊ နိုင်ငံခြားခရီးသွားတွေနှင့် စည်ကားနေ၏။ ကျွန်တော်သည် အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်ကြီးတွင် ဦးစွာ ဦးတိုက် ကန်တော့ပြီးနောက် အင်္ဂါဂြိုဟ်တိုင်အနီးမှ တန်ဆောင်းတစ်ခုတွင် ဝင်ကာ ရွှေစေတီကြီးကို အားပါးတရ ဖူးမြော်ကြည်ညိုနေမိပြန်သည်။

အင်္ဂါဂြိုဟ်တိုင်တွင် ရေသပ္ပာယ်ကြသူတွေ၊ ပန်းလှူသူတွေ၊ ဆီမီးပူဇော်သူတွေ ပြည့်နေ၏။ စေတီတော်ကြီးနှင့် အရန်စေတီတော်များဆီမှ ဆည်းလည်းသံတွေက နွေလေအငွေ့တွင် ခပ်မြိုင်မြိုင်ပျံ့ဝဲလာကြသည်။ ခေါင်းလောင်းထိုးသံတွေကလည်း မကြာမပြတ် ကြားနေရသည်။

ကျွန်တော်သည် ထိုတန်ဆောင်းတွင် အေးအေးလူလူ ထိုင်ရင်း စေတီတော်ကြီးကို ကြည်ကြည်နူးနူး ကြည်ညိုနေမိ၏။ ကုသိုလ်ပြုနေကြသူတွေနှင့် တိုးရစ်တွေကိုလည်း တဝေးတမော ကြည့်နေမိသည်။ ဆည်းလည်းသံတွေနှင့် အတူ ညသြသံက ဘုရားပေါ်တွင် ဝေ့ဝဲ ပျံ့လွင့်လာပြန်သည်။ နွေဆိုသည့်အသိနှင့်အတူ၊ သင်္ကြန်ဆိုသည့် အသိကလည်း ကျွန်တော့်ရင်ထဲက ရိုက်ခတ်လာပြန်သည်။

“ရောက်နေတာ ကြာပြီလား ဆရာ”

ရွှေစေတီတော်ကြီးဆီ ခပ်တွေတွေ ငေးမောရင်း အတွေးလွန်နေရာမှ ကျွန်တော့်တပည့် ကိုစိုး၏ နှုတ်ဆက်စကားကြောင့် ကျွန်တော် သတိပြန်ဝင်သွားရသည်။ စိုင်ငွေလင်းဦး ရောက်လာတာကိုပင် ကျွန်တော် မသိလိုက်။ ကိုစိုးက ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်း ဘုရားကန်တော့နေလေသည်။

(၂)

“ဒီနှစ် သင်္ကြန်တော့ တောင်ကြီးကို မပြန်တော့ဘူး ဆရာ။ ရန်ကုန်မှာ နေပြီး ကုသိုလ်ကံပွဲ ကျင့်စဉ်လေးတွေ လုပ်မယ် စိတ်ကူးထားတယ်”

ကျွန်တော်တို့ ဆရာတပည့်သည် ထိုတန်ဆောင်းမှာပင် ထိုင်ရင်း စကားပြောနေမိပြန်၏။



“ကောင်းတာပေါ့ကွာ။ ဆရာတော့ ပြီးခဲ့တဲ့နှစ် သင်္ကြန်တုန်းကလည်း ဘယ်ကိုမှ ခရီးမထွက်ဖြစ်ပါဘူး။ တောင်ကြီးကိုလည်း မပြန်ဖြစ်ပါဘူး။ သင်္ကြန်တွင်းတစ်ခုလုံး ဟောဒီ ရွှေတိဂုံဘုရားကိုပဲ နေ့စဉ်တက်ပြီး ဘုရားဖူးလိုက်၊ ပုတီးစိပ်လိုက်နဲ့ အေးချမ်းလိုက်တာကွာ။ သင်္ကြန်တွင်းဆို ဘုရားပေါ်မှာ လူတော့ သိသိသာသာ ရှင်းသွားတယ်။ ပုတီးစိပ်လို့လည်း ပိုကောင်းလာတယ်”

နွေညနေခင်း၏ လေပြည်အေးအေးလေးက ဘုရားရင်ပြင်ပေါ်သို့ တသုန်သုန်တိုက်ခတ်လာသည်။ ဆည်းလည်းသံတွေ မြိုင်ဆိုင်သွားပြန်၏။ အေးအေးမြမြ ခံစားလိုက်ရပြီး စိတ်ကလည်း ပိုကြည်လာသည်။

“သင်္ကြန်တွင်းမှာ ဘုရားတက်မယ်ဆိုရင် ဘယ်လိုကုသိုလ်ကံပွဲ့ စရဏကုသိုလ်လေးတွေ လုပ်ရရင် ကောင်းမလဲ ဆရာ။ လောကီမှုနဲ့ ဆိုင်တဲ့ တိုးတက်မှု၊ အောင်မြင်မှု ရစေမယ့် ကုသိုလ်ရေးအလုပ်မျိုးပေါ့။ ဆရာ မကြာခဏ ပြောသလို အင်္ဂါရလည်း မဖြစ်ရအောင်၊ ယတြာသက်သက်လည်း မဖြစ်ရအောင်၊ တကယ်လည်း အဓိပ္ပာယ်ရှိတဲ့ ကုသိုလ်ရေးဖြစ်အောင်ပေါ့”

စိုင်းငွေလင်းဦးသည် ဧရာဝတီဘဏ်မှာ တာဝန်ထမ်းဆောင်နေသည့် ပညာတတ် လူငယ်တစ်ယောက်ဖြစ်၏။ လူငယ်ဆိုသော်လည်း အသက်သုံးဆယ်ဝန်းကျင် လူရွယ်တစ်ယောက်ဖြစ်သည်။ သည်တစ်ခါ ရာထူးတိုးမြှင့် မန်နေဂျာ

www.burmeseclassic.com

ရာထူးဖြင့် အရာရှိတစ်ယောက်၏ တာဝန်တို့ကို ရယူလုပ်ကိုင်သွားရတော့မည့် အချိန်လည်းဖြစ်သည်။ တရားဓမ္မအဆုံးအမတွေကိုလည်း သူ စဉ်ဆက်မပြတ် ဖတ်မှတ်နာယူလေ့ရှိသည်။

လိုအပ်လျှင်တော့ လောကီမှုနှင့် ဆိုင်သည့် အစီအစဉ်တာန်ကျင့်စဉ်တချို့ကို ကျွန်တော့်ညွှန်ပြမှုဖြင့် ဖြည့်ကျင့်ဖြစ်တာမျိုးတွေလည်း ရှိသည်။ အများအားဖြင့် ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသတော်ကို နေ့စဉ် ရွတ်ပွားပူဇော်လေ့ရှိသည်။

"ဆရာလည်း အခုနောက်ပိုင်း လောကီပညာ၊ ဂမ္ဘီရပညာတွေနဲ့ ပတ်သက်တဲ့ အစီအစဉ်တာန်တွေ၊ ကျင့်စဉ်တွေ သိပ်မလုပ်ဖြစ်တော့သလိုပဲနော်။ ဂမ္ဘီရ ဆောင်းပါးတွေလည်း



သိပ်မရေးဖြစ်တော့သလိုပဲ"

ရွှေတိဂုံစေတီတော်ကြီးကို ငေးပြီး ဖူးမြော် ကြည်ညိုနေသည့် ကျွန်တော့်ကို စိုင်းငွေလင်းဦးက မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်လို့ပဲ ပြောရမှာပဲ။ ကဗျာရေးဖြစ်တာများတယ်ကွာ။ အမှန်တော့ လောကီပညာ၊ ဂမ္ဘီရပညာတွေအနေနဲ့ပဲ ဖြစ်ဖြစ်၊ သမထကျင့်စဉ်အနေနဲ့ပဲ ဖြစ်ဖြစ် နောက်ဆုံး ဝိပဿနာကျင့်စဉ်အနေနဲ့ပဲဖြစ်ဖြစ် တစ်ခုခုကို အကြောင်းပြုပြီး တစ်ဖက်စွန်းရောက်လောက်အောင် ပြောတာဆိုတာ၊ အယူအစွဲထားတာ၊ ကျင့်သုံးတာမျိုး မဖြစ်ချင်ဘူး။ လွတ်လပ်ပေါ့ပါးတဲ့စိတ်နဲ့ ရှင်သန်ပြီး လိုအပ်ရင်လိုအပ်သလို သုံးစွဲသွားတာမျိုးလောက်ပဲ လုပ်ချင်လို့ ပညာရပ်တွေ၊ ကျင့်စဉ်တွေအားလုံးလောက်ကို လျှော့ချထားဖြစ်တယ် ဆိုပါတော့ကွာ။ ဒါပေမယ့် သေချာတာတစ်ခုကတော့ လောကီကောင်းကျိုးစီးပွားအတွက်ပဲ ဖြစ်ဖြစ်၊ သံသရာထွက်ရပ်လမ်းအတွက်ပဲဖြစ်ဖြစ် မြတ်ဗုဒ္ဓအဆုံးအမအောက်ကပဲ 'သေသေဝပ်ဝပ်ဖြည့်ကျင့်၊ လျှောက်လှမ်းနေတယ်ဆိုတာ ကတော့ အသေအချာပြောနိုင်တယ်"

ကျွန်တော်နှင့် စိုင်းငွေလင်းဦးတို့သည် ထိုတန်ဆောင်းလေးမှာ ထိုင်ပြီး သမထကျင့်စဉ်ဆိုင်ရာ ကိစ္စတွေကိုရော ဝိပဿနာ ဓမ္မအဆုံးအမတို့နှင့် ဆိုင်ရာတွေကိုပါ ဆက်ပြော



နေမိကြပြန်သည်။

"သကြ်န်နဲ့ ပတ်သက်ပြီး ခေါင်းဆေးမင်္ဂလာ၊ အိမ်ဆေးမင်္ဂလာ၊ စတုဒိသာအလှူတွေကအစ ကုသိုလ်ကံမြင့်ကျင့်စဉ်တွေကို ဟိုတုန်းက ဆရာ တော်တော်ရေးခဲ့ဖူးတယ်နော်"

ကျွန်တော်သည် ဘာသာရေးနှင့် ယှဉ်သည့် လောကီမှုဆောင်းပါးအတော်များများကို ရေးဖြစ်ခဲ့သည်။

"အေးကွာ။ မင်းပြောလို့ ပြောပြရဦးမယ်။ တကယ်လို့များ ဒီသကြ်န်တွင်းမှာ မင်းအနေနဲ့ ဘဝတိုးတက်မှုအတွက် ထိထိရောက်ရောက် အသုံးချချင်တယ်ဆိုရင် လောဒီ

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ကြီးရဲ့ တန်ခိုးတော်၊ မေတ္တာရိပ် "ဂုဏ်ဟိတ်"ကို ခိုလှုံပြီး ကုသိုလ်ကံမြှင့် လုပ်သင့်တယ်"

ကျွန်တော်သည် ထိုလောကီမှုကိစ္စတို့ကို ဟိုတုန်းကလို အင်တိုက်အားတိုက် ရေးသားတာမျိုး သိပ်မလုပ်ဖြစ်တော့ပေမယ့် အလှူသင့်လျှင်တော့ ထိုသို့သော ညွှန်ပြမှုလေးတွေ ပြုဖြစ်နေတတ်သေးသည်။

"လုပ်မယ်လေ ဆရာ။ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း ရာထူးတက်ချင်နေတယ်။ သကြိမ်တွင်းမှာ ဟိုဟိုသည်သည် လျှောက်လည်တာမျိုးလည်း သိပ်မလုပ်ချင်တော့ပါဘူး ဆရာရယ်။ ကိုယ်လည်း လူကြီးမဖြစ်သေးပေမယ့် လူငယ်မှ မဟုတ်တော့တာ"

စိုင်းငွေလင်းဦး၏ စကားကြောင့် ကျွန်တော် ပြုံးမိပါသည်။

"အေးပါကွာ။ ဆရာပြောပြမယ်။ အရင်ကလည်း ပြောပြဖူးပါတယ်။ လောကီကောင်းကျိုး စီးပွားအတွက် ဆောင်ရွက်တဲ့အခါ ပည့်တ်ချက်တွေ၊ ဓာတ်သက်တွေနဲ့ ကျင့်ရ၊ ကြံရ၊ ကြိုးစားရ၊ ဆောင်ရွက်ရတယ်။ လောကုတ္တရာကိစ္စကျတော့ ပရမတ္ထတရားကို ထိုးထွင်း သိမြင်အောင် ရှုမှတ်ရတာ။ အဲဒါလေးတော့ ထပ်ပြီး သတိပြုထားမေ့။



အခု လောကီကောင်းကျိုးစီးပွားအတွက် ကျင့်သုံးတော့မှာဆိုတော့ သမုတိသစ္စာနယ်က ပညတ်ချက်တွေ၊ ဓာတ်သဘောတွေ၊ ဂုဏ်ဟိတ်တွေကို ဦးစားပေး စဉ်းစားရတယ်"

ညဦး ဆည်းဆာချိန်တွင် ရွှေစေတီတော်ကြီးက လျှပ်စစ်မီးရောင်တွေ၊ ဆီမီးအလင်းတွေ၊ ဘုရားဖူးလာသူတွေနှင့် ပိုမိုစည်ကားလာသည်။ နွေလေညင်းလေးကလည်း ခပ်ဖြူးဖြူးတိုက်ခတ်နေသည်။

"ပထမဦးဆုံး ပြောပြချင်တာက သင်္ကြန်ကာလဆိုတာ နှစ်သစ်တစ်ခုရဲ့ အစအဦး ပထမဦးဆုံးသော အရုဏ်ဦးအချိန်ပဲ။ အဲဒီအချိန်မှာ ကုသိုလ်ကောင်းမှုတွေနဲ့ ထိထိရောက်ရောက် ကုသိုလ်ကံမြှင့်တင်ထားလိုက်တာနဲ့ တစ်နှစ်တာကာလပတ်လုံး ကံဇာတာ မြင့်မားနေနိုင်တယ် ဆိုပါတော့ကွာ။ အဲဒီလို ကုသိုလ်ကံဖွင့်၊ ကုသိုလ်ကံမြှင့် ကြိုးစားတဲ့အခါမှာလည်း တန်ခိုးဂုဏ်ဟိတ် ကြီးမားလှတဲ့ ဟောဒီ ရွှေတိဂုံစေတီတော်ကြီးလို ဘုရားတစ်ဆူဆူမှာ ခိုလှုံပြီး ကုသိုလ်ကံ မြှင့်ပေးတာဟာ အထိရောက်ဆုံးပဲ။ အဲဒီအကြောင်းတွေက ကျယ်ပြန့်နက်ရှိုင်းလှပါတယ်။ အေးသေးစိတ်ပြောပြနေရင် ခုနစ်ရက်လောက် ပြောနေရမယ်"

ကျွန်တော်တို့နှစ်ယောက်၏ ဘေးဘက်ဆီ၊ နောက်

www.burmeseclassic.com



ဘက်နားဆီတွင် ဘုရားဖူးသူတွေ၊ ပုတီးစိပ်သူတွေ၊ ပဌာန်းပူဇော်သူတွေ ပြည့်လာ၏။

"နောက်တစ်ခု မဖြစ်မနေသိထားသင့်တာက လောကီမှုမှာ ဂြိုဟ်ခွင်တွေ၊ နေ့နံတွေ၊ ဓာတ်သဘောတွေ ဆိုတာ သူ့အကြောင်းနဲ့ သူ ဓာတ်သဘောသက်ရောက်မှု အမှန်ရှိတယ်ဆိုတာကိုလည်း သိထားသင့်တယ်။ အဲဒီတော့ အချိန်ထူး အခါထူး၊ နက္ခတ်ထူးတွေနဲ့ ပြည့်စုံတဲ့ သင်္ကြန်ကာလ အခါကြီး ရက်ကြီးမှာ ကုသိုလ်ကံမြင့် ဆောင်ရွက်တဲ့အခါ နံပါတ်တစ်အနေနဲ့ အတုမရှိတဲ့ ဘုရားရှင်ရဲ့ တန်ခိုးတော် ဂုဏ်ပဒ်တ်ကို ကျကျနန ခံယူရတယ်။ နံပါတ်နှစ်ကတော့ ဂြိုဟ်ပြေနံပြေ ဆောင်ရွက်ရမယ်။ နံပါတ်သုံးက အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကောင်းမြတ်တဲ့ ကုသိုလ်ရေး စရဏ အလုပ်တွေဖြစ်အောင် အားထုတ်ရတယ်"

စိုင်းငွေလင်းဦးသည် ကျွန်တော့်စကားတွေကို စူးစိုက်နားထောင်နေလေသည်။ ကျွန်တော်သည် စိုင်းငွေလင်းဦး အတွက်သာမက၊ ခုနစ်ရက် သားသမီးအားလုံးအတွက်ပါ ပြောပြနေမိခြင်းဖြစ်၏။

(၃)

"ပထမဆုံးကတော့ . . .

၁။ သင်္ကြန်အကြိုနေ့ကတည်းက ရွှေတိဂုံစေတီ



တော်ကြီးကို တက်ဖူးပြီး ကိုယ့်မွေးနံဂြိုဟ်တိုင်က ဘုရားကို ရေသုံးသပ်ရမယ်။ ရေသပ္ပာယ်ရမယ်။ ရေသပ္ပာယ်တာက လည်း အခါတိုင်းလို ရိုးရိုးသပ္ပာယ်တာ မဟုတ်ဘူး။ တရော်ကင်ပွန်းချည်၊ အမွှေးနံ့သာရည်ကို ဖလားတစ်လုံးနဲ့ အိမ်ကတည်းက ပြင်ဆင်ပြီး ယူလာ။ ဘုရားကို ကျကျနန သန့်စင်၊ ရေသုံးသပ် ပူဇော်ရမယ်။

အကြိုနေ့မှာ ကိုယ့်မွေးနံရဲ့ အပြဲဘ်ဂြိုဟ်ခွင်က ဘုရားမှာ ရေသပ္ပာယ်ပါ။

**တနင်္ဂနွေသားသမီးတွေက - စနေဂြိုဟ်တိုင်။**
**တနင်္လာသားသမီးတွေက - တနင်္ဂနွေဂြိုဟ်တိုင်။**
**အင်္ဂါသားသမီးတွေက - တနင်္လာဂြိုဟ်တိုင်။**
**ဗုဒ္ဓဟူးနဲ့ ရာဟုသားသမီးတွေက - အင်္ဂါဂြိုဟ်တိုင်။**
**ကြာသပတေးသားသမီးတွေက - ဗုဒ္ဓဟူးဂြိုဟ်တိုင်။**
**သောကြာသားသမီးတွေက - ကြာသပတေးဂြိုဟ်တိုင်။**
**စနေသားသမီးတွေက - သောကြာဂြိုဟ်တိုင်။**

အဲဒီလို ကိုယ့်မွေးနံရဲ့ အမြစ်ဂြိုဟ်တိုင်က နေပြီး ရုပ်ပွားတော်ကို သက်တော်ထင်ရှား ဘုရားရှင်အလား ရေသပ္ပာယ်၊ တရော်ကင်ပွန်းတွေနဲ့ သန့်စင်ပူဇော်ပြီး အဲဒီဂြိုဟ်တိုင် အနီးတစ်ဝိုက် ရင်ပြင်တော်မှာ တံမြက်လှည်းရမယ်၊ ဖယောင်းစေးတွေ ခွာရမယ်။ အမှိုက်သရိုက်တွေ ရှင်းရမယ်၊ အဲဒီဂြိုဟ်တိုင်က ဂြိုဟ်မင်းကိုလည်း ရေလှူတာ၊ ရွှေဆွာ


www.burmeseclassic.com

www.burmeseclassic.com

ပို့တာတွေ ဆောင်ရွက်ပေးရမယ်။

၂။ သကြ္ကန်အကျနေ့မှာတော့ ပင်စည်လို့ ခေါ်တဲ့ ကိုယ့်မွေးနံဂြိုဟ်တိုင်မှာ အဲဒီလို ဆောင်ရွက်ရမယ်။

(ဒီနေရာမှာ ထူးခြားချက်တစ်ခုက ဗုဒ္ဓဟူးနေ့ ညနေဖွား ရာဟုသားသမီးတွေက ရာဟုဂြိုဟ်တိုင်မှာ ဆောင်ရွက်ရမယ်။ ဗုဒ္ဓဟူးမနက်ပိုင်း ဖွားတွေက ဗုဒ္ဓဟူးဂြိုဟ်တိုင်မှာပဲ လုပ်ရမယ်။)

၃။ သင်္ကြန်အကြတ်နေ့မှာတော့ ကိုယ့်အညွှန့်ဂြိုဟ်တိုင်မှာ ဆောင်ရွက်ရမယ်။

| | |
|---|---|
| တနင်္ဂနွေသားသမီးတွေက | - တနင်္လာဂြိုဟ်တိုင် |
| တနင်္လာသားသမီးတွေက | - အင်္ဂါဂြိုဟ်တိုင် |
| အင်္ဂါသားသမီးတွေက | - ဗုဒ္ဓဟူးဂြိုဟ်တိုင် |
| ဗုဒ္ဓဟူးနဲ့ ရာဟုသားသမီးတွေက | - ကြာသပတေးဂြိုဟ်တိုင် |
| ကြာသပတေးသားသမီးတွေက | - သောကြာဂြိုဟ်တိုင် |
| သောကြာသားသမီးတွေက | - စနေဂြိုဟ်တိုင် |
| စနေသားသမီးတွေက | - တနင်္ဂနွေဂြိုဟ်တိုင် |


မှာ အရင်နေ့တွေကလို ကျကျနန ကုသိုလ်ယူရမယ်။

၄။ သင်္ကြန်အတက်နေ့မှာတော့ ကိုယ့်မွေးနံဂြိုဟ်တိုင်မှာ ရိုးရိုးပဲ သက်စေ့ ရေသပ္ပာယ်ပြီး ကိုယ့်မွေးနံပန်းကို လှူဒါန်းပူဇော်ပေးရမယ်။

| | |
|---|---|
| တနင်္ဂနွေသားသမီး | - အုန်းပန်း ၁ခိုင် (သို့) အုန်း ဖြည့်ညွန့်။ |
| တနင်္လာသားသမီး | - ကံ့ကော် ၁၅ညွန့်။ |
| အင်္ဂါသားသမီး | - စံပယ်ညွန့် ရှည်ညွန့် (သို့) စွယ်တော် ၈ခိုင်။ |
| ဗုဒ္ဓဟူးသားသမီး | - ရွက်လှ ၁၄ခိုင်။ |
| ရာဟုသားသမီး | - ရွက်လှ ၁၂ခိုင်။ |
| ကြာသပတေးသားသမီး | - ငုမြိုပန်း ၁၉ခိုင်။ |
| သောကြာသားသမီး | - သပြေ ၂၁ခိုင် (သို့) သစ္စာပန်း ၂၁ခိုင်။ |
| စနေသားသမီး | - နှင်းဆီပန်း ၁၀ပွင့်။ (၁၀ခိုင်) |

အဲဒီမှာလည်း တစ်ခုထူးခြားတာက ရာဟုသားသမီးတွေက ရာဟုဂြိုဟ်တိုင်မှာပဲ ဆောင်ရွက်ရမယ်။

အဲဒီလို ကိုယ့်မွေးနံဂြိုဟ်တိုင်မှာ ရိုးရိုးလေးပဲ ရေသပ္ပာယ်တာ ဆောင်ရွက်ပြီးရင်တော့ ဆယ်တော်မူဘုရားကို ကျကျနနဖူးပြီး ဆယ်တော်မူဘုရားကို အသိသက်သေထားပြီး ခင်ပွန်းကြီးဆယ်ပါး ကန်တော့တာတွေ၊ ဝန်ချတောင်းပန်တာတွေ လုပ်ရမယ်။ ကိုယ် နှစ်သက်တဲ့ ပရိတ်တော်၊ ပဋ္ဌာန်းတော်၊ ဘုရား တရား သံဃာဂုဏ်တော်တွေကို တစ်ထိုင်ကောင်း ပူဇော်တာတွေ ဆောင်ရွက်။ ပြီးရင် ဆယ်တော်မူ ဘုရားဂါထာတော်ကို ကိုယ့်သက်စေ့ ရွတ်ပွားပူဇော်




ပြီး ကုသိုလ်ကံဖွင့်၊ ကုသိုလ်ကံမြှင့် စရဏကုသိုလ်ဖြည့်ကျင့်ပေးသင့်တယ်။

**“ဆယ်တော်မူဘုရားရှိခိုးဂါထာ”**

*ကကုသန္ဓော ကောဏာဂမနော၊*
*ကဿပေါ ဂေါတမော။*
*မုနိဆယ်ထား၊*
*ဆယ်တော်မူ မြတ်စွာဘုရား။*
*မေတ္တာယျော ပဋ္ဌဗုဒ္ဓေါတော၊*
*သီသောမေသန္တ သဗ္ဗ ဒါ။*
*ဧတေသံ အာနုဘာဝေန*
*ယက္ခဒေဝါ မဟိဒ္ဓိတာ။*
*သဗ္ဗေ သုခိတာ ဟောန္တု မေတ္တာ၊*
*သဟာယကာ။*

ဆယ်တော်မူဘုရားကို ဖူးတာကတော့ ဆယ်တော်မူဆိုတဲ့ ဘွဲ့တော်ရဲ့ ပညတ်ချက် ဓာတ်သက်ကို ယူပြီး ကိုယ့်ကို အခက်အခဲ၊ အကျပ်အတည်း၊ ဆင်းရဲခြင်း ဒုက္ခသုက္ခတွေကနေ ဘုရားရှင် တန်ခိုးတော်နဲ့ ဆယ်ယူနိုင်အောင် ရည်စူးတာပေါ့ကွာ။ သက္ကာယစွဲနဲ့ ဖူးမြော် ကြည်ညိုဖြစ်တယ်ပဲ ဆိုပါတော့။ ဒါပေမယ့် ဆယ်တော်မူဘုရားရဲ့ တန်ခိုးဂုဏ်ဟိတ်ကလည်း အလွန်ကြီးမားတယ်ဆိုတာ အကြွင်းမဲ့ယုံကြည်တယ်။ ဆယ်တော်မူဘုရားနဲ့ ပတ်သက်တဲ့ ထေရုပ္ပတ္တိ သမိုင်းကြောင်းအသေးစိတ်ကိုတော့ ဒီညမှာ



www.burmeseclassic.com

www.burmeseclassic.com

ပြောပြဖို့ အချိန်ရမှာ မဟုတ်တော့ဘူး"

ဟု စကားလက်စသတ်ရင်း နိစ္စပါတ် ကျင့်ဝတ်တို့ကို ဖြည့်ကျင့်ဖို့ ပြင်ဆင်ရတော့သည်။

"နေပါဦး ဆရာရယ်။ တကယ်လို့ ကျွန်တော်က နယ်ကို ပြန်ဖြစ်မယ်ဆိုရင် ရွှေတိဂုံမှာလို ဆယ်တော်မူဘုရားမှ မရှိတာ။ ဆိုလိုတာက နယ်က လူတွေကျတော့ ဘယ်လို ဆောင်ရွက်ရမှာလဲ။ နှစ်ဆန်းတစ်ရက်နေ့ကျတော့ရော ဘာ ဆောင်ရွက်ရမှာလဲ ပြောပြထားပါဦး။ တခြားမဟုတ်ပါဘူး။ နယ်က ညီလေးနဲ့ ညီမလေးကိုလည်း ဒီကျင့်စဉ်တွေ ပြောပြထားချင်လို့ပါ"

ဟု မေးပြန်လေသည်။

"အဲဒါကတော့ ကိုယ့်မြို့ ကိုယ့်ရွာမှာ ရှိတဲ့ စေတီတော် တစ်ဆူဆူမှာ ဆောင်ရွက်ပေါ့ကွာ။ ဆယ်တော်မူဘုရားကိုတော့ ဒီက ဆယ်တော်မူဘုရားရဲ့ ပုံတော်ကိုပဲ ပူဇော်ပြီး ဆယ်တော်မူဂါထာကို ရွတ်ပွားရင်ဖြစ်ပါတယ်။ ကြည်ညို စိတ်ထက်ထက်သန်သန်နဲ့ အာရုံပြုပြီး ပူဇော်ရင် အတူတူပဲ ကုသိုလ်ရနိုင်ပါတယ်။

နောက်တစ်ခုက နှစ်ဆန်းတစ်ရက်နေ့မှာတော့ မြန်မာ့ဓလေ့ထုံးစံအတိုင်း ကိုယ့်အိမ်မှာ ခေါင်းဆေးမင်္ဂလာလုပ်တာ၊ ငှက်လွှတ်တာ၊ ခိုလွှတ်တာ၊ စာလွှတ်၊ ငါးလွှတ်တာမျိုးတွေကို ကိုယ့်စိတ်ကူးနဲ့ ကိုယ် ဆောင်ရွက်ပါ။ ရပါပြီ"

ဟု ပြောရင်း ထိုတန်ဆောင်းလေးမှ ထွက်ခဲ့ကြသည်။

(၄)

နွေညက လုလုပပစည်ကားလို့နေပြီ။ ရွှေစေတီတော်ကြီးက လျှပ်စစ်မီးရောင်၊ ဆီမီးရောင်တို့ဖြင့် ဝင်းလက်သပ္ပာယ်နေ၏။ နွေလေပြည်ထဲတွင် ဆည်းလည်းသံစဉ်တွေ၊ ခေါင်းလောင်းသံတွေ ချိုမြ ဝေစည်နေသည်။ ဘုရားဖူးလာသူတွေက ပိုမိုစည်ကားနေ၏။

ကျွန်တော်တို့ ဆရာတပည့်သည် ဆယ်တော်မူဘုရားသို့ လျှောက်လာခဲ့ကြသည်။ ယခင်ကမူ ဆယ်တော်မူဘုရားသည် ရွှေတိဂုံစေတီတော်ကြီး၏ အဂ္ဂိထောင့်ရင်ပြင်တွင် တည်ရှိခဲ့သည်။ စေတီတော်တွေ၏ အကြိုအကြားမှ တစ်ယောက်ချင်းစီ ခက်ခက်ခဲခဲဝင်ပြီး တန်းစီကာ ဖူးရသော ဘုရားဖြစ်သည်။ ထိုင်၍ ဦးချဖို့ နေရာမရှိခဲ့။ ယခုတော့ အကြိုအကြားရှိ ထိုစေတီလေးထဲမှ ပင့်ကာ သီးသန့် တန်ဆောင်းတစ်ခုထဲတွင် ကျယ်ကျယ်ဝန်းဝန်း ခမ်းခမ်းနားနား ဖူးခွင့်ရနေလေပြီ။ အေးအေးလူလူ ဖူးခွင့်ရနေလေပြီ။ အဓိဋ္ဌာန်ဝင်တာတွေ၊ တရားထိုင်တာတွေကိုလည်း စိတ်ရှိလက်ရှိ ဆောင်ရွက်နိုင်ပြီ။ ထိုအပြောင်းအလဲကိုတော့ ကျွန်တော် လွန်စွာသဘောတကျ သာဓုခေါ်မိပါသည်။

ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက် ဘုရားဝေါ်ပေါက၏ အလှူခံဌာန ရုံးခန်းကြီးနှင့် ကပ်လျက် တန်ဆောင်းထဲတွင် ဆယ်တော်မူဘုရားကို ပြောင်းရွှေ့ သီတင်းသုံးစံပယ်ထားသည်မှာ နှစ်တွေအတော်ကြာခဲ့ပြီ။ ယခု တည်ရှိနေသော ဆယ်တော်မူဘုရားတန်ဆောင်းနှင့် ရွှေတိဂုံစေတီတော်ကြီး၏ကြားတွင် ရွှေသားစစ်စစ်ဖြင့် ပူဇော်ထားသည့် ရွှေစေတီငယ်တည်ရှိသော တန်ဆောင်းတစ်ခုရှိသည်။

ကျွန်တော်တို့သည် ရွှေစေတီတန်ဆောင်းဝဲဘေးမှ ဖြတ်ပြီး ဆယ်တော်မူဘုရားရှိရာ တန်ဆောင်းပေါ်သို့ တက်ခဲ့သည်။

ဆယ်တော်မူဘုရား၏ရှေ့တည့်တည့်တွင် အဓိဋ္ဌာန်ဝင်သူတွေ၊ တရားထိုင်သူတွေက စည်းကမ်းတကျ သေသေဝပ်ဝပ်ရှိနေကြ၏။ ဆယ်တော်မူ မြတ်စွာဘုရားရုပ်ပွားတော်သည် လွန်စွာသပ္ပာယ်လှသည်။ ပူဇော်ထားသည့် ပန်းမန်တွေကလည်း မွှေးပျံ့လှပနေသည်။ ဆယ်တော်မူဘုရား၏ အနောက်ဘက်နှင့် ဘေးဘက်တွင် ကက္ကုသန်ဂုံ၊ ကောဏာဂုံ၊ ကဿပဂုံတို့၏ ရုပ်ပွားတော်တွေလည်း သီတင်းသုံးနေသည်။ ဂေါတမဘုရား၏ ရုပ်ပွားတော်တွေကမူ မုဒြာအမျိုးစုံလင်စွာ သီတင်းသုံးနေ၏။ ဆယ်တော်မူဘုရား၏ ရှေ့တော်မှောက် ရောက်သွားသည်နှင့် အေးချမ်းမှု လုံခြုံမှုပီတိကို အပြည့်အဝခံစားလိုက်ရပါသည်။

ကျွန်တော်သည် ရဟန်းသံဃာတော်များအတွက် ခင်းကျင်းထားသော နေရာထိုင်ခင်း၏ နောက်နားတွင် ပျပ်ဝပ်ရိုကျိုးစွာ ထိုင်ပြီး ဆယ်တော်မူမြတ်စွာဘုရား၏ မျက်နှာတော်ကို အားပါးတရ ဖူးမြော်ရင်း ထိခြင်းကြီးငါးပါးဖြင့် ကျကျနန ရှိခိုး ကန်တော့လိုက်မိပါသတည်း ■

*အားလုံးသဗ္ဗဝါချမ်းသာပါစေ*

* * *

သက်နှင်းဆွေ–ပုပ္ပါး)




www.burmeseclassic.com

www.burmeseclassic.com

# တဆေ့ဗ္ဗာဇေ့ရှာနေ ပင်လောင်းမြေမှ အတုလမာရ်ဇောင် ဇွဲ့တော်စေတီ

**။ မင်းသုခ ။**



ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ပိုင်းခရိုင်၊ ပင်လောင်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၀၀ ပေအမြင့်တွင် တည်ရှိသည်။ အေးမြသော ရာသီဥတုနှင့် ကောင်းမွန်သော မြေဆီမြေနှစ်ကြောင့် စိုက်ပျိုးသီးနှံပင်၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံတို့မှာ ဝေဝေဆာဆာနှင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ အထူးသဖြင့် လက်ဖက်အကောင်းဆုံး အများဆုံး ထွက်ရှိသည့်အတွက် ပင်လောင်းမြို့ကို "လက်ဖက်မြို့တော်"အဖြစ် သတ်မှတ်ထားသည်။

ပင်လောင်းမြို့၏ မြောက်ဘက်အရပ်သို့ ဒေါ်းသော်ကလော၊ အောင်ပန်းမှတစ်ဆင့် တောင်ကြီးမြို့သို့ လည်း

www.burmeseclassic.com

www.burmeseclassic.com


ကောင်း၊ တောင်ဘက်သို့ လားသော် မိုးဗြဲ၊ ဖယ်ခုံ၊ လွိုင်ကော်မြို့သို့ လည်းကောင်း သွားရောက်နိုင်ပါသည်။ ၎င်းအပြင် ပင်လောင်းမြို့မှ ပျဉ်းမနားမြို့သို့ တောင်ပေါ် ဖြတ်လမ်းကို လည်း ဖောက်လုပ် ဆက်သွယ်ထားပြီးဖြစ်သည်။

## ကိုးကွယ်တည်ထား မွေတော်ဘုရား

"တစ်မူးရလို့ တစ်ပဲလှူ၊ ဒို့ရှမ်းတောင်သူ၊ တုနိုင်ရိုးလား"ဟူသော ဆိုစကားအတိုင်း ရိုးသားဖြောင့်မတ်ပြီး ဘာသာရေးအလွန်လေးစား ကိုင်းရှိုင်းကြသည့် ရှမ်းတိုင်းရင်းသားတို့သည် လှူရေးတန်းရေးတွင် ထမင်းရည်ချောင်းစီး မောင်းတီးကာ လှူဒါန်းကြ၍ ဝမ်းမြောက်နေမော် သာခုခေါ် များစွာက "မြေပေါက်စေတီငယ်တစ်ဆူ"ကို စတင်တည်ထား ကိုးကွယ်ခဲ့ကြကြောင်း၊ ထိုနောက် သက္ကရာဇ် ၁၂၇၀ ခုနှစ်တွင် လွယ်လုံ(ပင်လောင်း)နယ် စော်ဘွား "စဝ်ခမ်းချုပ်" ဦးဆောင်မှုဖြင့် နယ်သူနယ်သားအများက မူလ တည်ထားခဲ့ကြသည့် "မြေပေါက်စေတီငယ်"ကို အတွင်းငုံသွင်းကာ ယခု ဖူးမြင်ရသည့် စေတီတော်ကြီးအဖြစ် ဆက်လက်ပြုပြင် တည်ထားခဲ့ကြောင်း သိရှိရသည်။

## သပွာယ်ထင်ရှား မွေတော်ဘုရား

ကောင်းကင်အဲဇော တိမ်ပြာပြာနှင့် ရှမ်းရိုးမ တောင်ပြာတန်းကို နောက်ခံထားပြီး ရွှေရောင်တဝင်းဝင်းနှင့် သပွာယ်



ယှဉ်ကောင်းလှသည်။ ထို့ကြောင့်လည်း ရှမ်းပြည်နယ် ခွင်တွင် ဘုရားစေတီအမြောက်အမြားကို တွေ့မြင် ရခြင်းဖြစ်သည်။ စာရေးသူ ပင်လောင်းမြို့သို့ ရောက် အတုလမာရ်အောင် မွေတော်စေတီသမိုင်းကြောင်းကို အဖွဲ့အား မေးမြန်းရာ အောက်ပါအတိုင်း သိရှိမှတ် ခဲ့ရသည်။ ပင်လောင်းမြို့နယ်အတွင်းရှိ မိုတင်းနေထိုင် ကြသည့် ရှမ်းတိုင်းရင်းသားများဖြစ်ကြသော မင်းနှင့် ပြည်သူ တို့က ဉာဏ်မင်္ဂလာကုန်းတော်မြတ်တွင် ရေးနှစ်ပေါင်း


ကြည်နူး မြော်ဖူး၍မဝနိုင်သော အတုလမာရ်အောင် ဆုတောင်းပြည့် မွေတော်စေတီကို မြို့မရောက်မီ အဝေးဆီမှပင် လှမ်းမျှော်ကာ ဖူးမြင်နိုင်ပါသည်။

စေတီတော်မှာ ဉာဏ်တော်အမြင့် ၉၆ပေ၊ အထွတ်စေတီအမြင့်မှာ ၈၀ ပေရှိပြီး ဖိနပ်တော်အလျားမှာ ၉၁ပေရှိသည်။ အာရုံခံ့တိုက်မအမြင့် ၆၀ ပေ၊ အာရုံခံ တိုက်မအကျယ် (၈၀ × ၃၀)ပေရှိပြီး အရန်စေတီပေါင်း ၂၈ဆူတို့ ဝိုင်းရံထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေတော်စေတီ၏ မြောက်ဘက်တွင် ဂုဏ်တော်ကိုးဆူ အောင်တော်မူစေတီ(ဂြိုဟ်ပြေနံ့ပြေဘုရား)ကို ဖူးမြော် ကြည်ညိုနိုင်သလို၊ မွေတော်စေတီအနီးရှိ ခမ်းနားတင့်တယ် ဆန်းကြယ်လှသော လက်ရာဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်း မွေတော်ကျောင်းတိုက်ကြီးကိုလည်း ဆက်လက်လေ့လာကြည်ညိုနိုင်ပါသည်။

ဤသို့ မွေတော်စေတီကို အရန်စေတီ ၂၈ ဆူတို့ ဝိုင်းရံခြီး ပတ်ဝန်းကျင် လေးဘက်လေးတန်တွင် ဘုရားစေတီတော်နှင့် ကျောင်းတိုက်များ ဝိုင်းပတ် ကာရံလျက်ရှိခြင်းကြောင့် မွေတော်စေတီမှာ တင့်တယ် ဝင့်ထည်စွာဖြင့် သပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှပါသည်။

စာရေးသူသည် ပင်လောင်းမြို့သို့ တစ်နှစ်လျှင် အနည်းဆုံး တစ်ခေါက်ကျ ရောက်ရှိပြီး၊ ထိုသို့ ရောက်တုန်းရောက်ခိုက်တွင် ဆုတောင်းပြည့် မွေတော်စေတီကို သွားရောက်ဖူးမြော်ပူဇော်မြဲဖြစ်သည်။

မြတ်ဗုဒ္ဓ၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပယ်လျက်ရှိသည့် သပ္ပာယ်ကြည်ညိုဖွယ် မွေတော်စေတီမှာ လာဘ်ပေး ရန်ကာ၊ တောင်းဆုအဖြာဖြာနှင့် ပြည့်ဝစေနိုင်သောကြောင့် ဘုရားရင်ပြင်တော်တွင် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြသူများ၊ ပုတီးစိပ်ကြသူများနှင့် တရားရှုမှတ်ပွားများကြသူများ အစဉ်မပြတ် လာရောက်ကြည်ညို ပူဇော်အမိဌာန်ပြုလျက်ရှိသည်ကို တွေ့မြင်ရ၍ ကြည်နူးဝမ်းသာပီတိဖြာခဲ့ရသည်။

**ရွှေထီးတော်တင်၊ ရွှေသင်္ကန်းကပ်လှူ**

သက္ကရာဇ် ၁၂၉၂ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ရက်နေ့တွင် ထီပေါင်းဆရာတော်၊ မွေတော်ဆရာတော်တို့က ဩဝါဒစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူကြပြီး မွေတော်စေတီ၏ ရွှေထီးတော်မြတ်ကို တင်လှူ ပူဇော်ခဲ့ကြကြောင်း သိရသည်။ ပင်လောင်းစော်ဘွား စဝ်ခမ်းချုပ် တင်လှူပူဇော်ခဲ့သော ရွှေထီးတော်မှာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်း ပျက်စီးလာသည့်အတွက် ၁၃၂၀ ခုနှစ်တွင် ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် အများပြည်သူတို့က ရွှေထီးတော်အသစ်ကို ထပ်မံ တင်လှူ ပူဇော်ခဲ့ကြောင်း သိရသည်။

၁၃၅၈ ခုနှစ်တွင် ပင်လောင်းမြို့နယ်၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ လမ်းညွှန်ကြီးကြပ်ပြီး ဂေါပကအဖွဲ့တို့ ဦးဆောင်ကာ ပြည်သူလူထုအများတို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများဖြင့် စေတီတော်၏ ဘုံခြောက်စုံ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

များကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

*မြို့နယ်၏ ကျက်သရေဆောင်အဖြစ် ဗုဒ္ဓဘာသာတို့*၏ အထွတ်အမြတ်ထားကာ ကိုးကွယ်ပူဇော်ကြသည်နှင့် အညီ ရွှေရောင်တဝင်းဝင်းနှင့် သစ်လွင်နေပြီး ကျက်သရေတော် အစဉ်ထွန်းလင်း တောက်ပစေရန် ၁၃၅၉ ခုနှစ်၊ ကဆုန်လဆုတ် ၁ရက်နေ့တွင် စေတီတော်ဖောင်းရစ် ၉ရစ်အထိ ကြေးပြားရွှေသက်န်းတော်ကို ကပ်လှူ ပူဇော်ခဲ့ကြသည်။

၁၃၆၄ ခုနှစ်တွင် ထီးတော်နှင့် ငှက်ပျောဖူးမှ ဖောင်းရစ်အထိ ကြေးပြား ရွှေသက်န်းတော်ကို အသစ်တစ်ဖန် ထပ်မံ ကပ်လှူ ပူဇော်ခဲ့ကြခြင်း၊ ၁၃၆၆-၆၇ ခုနှစ်တွင် ထီးတော်ပြင်ဆင်ခြင်း၊ ထီးတော်နှင့်ဘကွ ဖောင်းရစ် ၉ရစ်အထိ ရွှေသက်န်းကပ်လှူခြင်း၊ ဖောင်းရစ် ၉ရစ်အောက်မှ အောက်ခြေ ပန္နက္ခယံအထိ ရွှေဆေးသက်န်းကပ်လှူခြင်းနှင့် အရန်စေတီ ၂၈ ဆူတို့အား ရွှေဆေးသက်န်းတော် ကပ်လှူခြင်း အစရှိသည့် ဘက်စုံလုပ်ငန်းများကိုလည်း ဆောင်ရွက်လှူဒါန်းပူဇော်နိုင်ခဲ့ကြောင်း သိရှိရသည်။

## သာသနိကဘက်စုံ အဖုံဖုံ

ရင်းမှီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမ၊ မွေ့တော်ကျောင်းတိုက် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏနှင့် မွေ့တော်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသ အရှင်သူမြတ်တို့၏ ဩဝါဒကို ခံယူကြသော နာယကအဖွဲ့နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်သိန်းမြင့်အပါအဝင် အဖွဲ့ဝင် ၁၈ဦးတို့က အထက်ဖော်ပြပါ ရွှေထီးတော် တင်လှူ ပူဇော်ခြင်းနှင့် စေတီတော် ရွှေသက်န်းကပ်လှူခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင်၊ သာသနိကအဆောက်အအုံများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

၁၃၆၀ မှ ၁၃၆၄ ခုနှစ်အတွင်း အနောက်ဘက်အာရုံခံနှင့် ပြာသာဒ်တော်၊ မြောက်ဘက်နှင့် တောင်ဘက်အာရုံခံနှင့် ပြာသာဒ်တော်တို့ကို ဆောက်လုပ်ကြပြီးနောက် ရွှေထီးတော်အသီးသီးတင်လှူခဲ့ကြသည်။ ထို့နောက် ဘုရားရင်ပြင်တော်မြောက်ဘက်တွင် ရှိသော "ဂုဏ်တော်ကိုးဆူအောင်တော်မူစေတီ"ငယ်ကို ရွှေသက်န်းကပ်လှူကာ ၁၃၆၄ ခုနှစ်တွင် ထီးတော်အသစ် တင်လှူ ပူဇော်ခဲ့ကြကြောင်း၊ ထို့အပြင် စေတီ၏ ရင်ပြင်တော်အနောက်ဘက်ရှိ ဘုရင့်နောင်ကန်နှင့် ချောင်းတစ်လျှောက် ကျောက်နံရံစီခြင်း၊ သံပန်းတံတိုင်းကာရံခြင်း စသည့် လုပ်ငန်းများကိုလည်း ဆက်လက်*ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။*

## ဆင်နွှဲပူဇော် ပွဲတော်အမျိုးမျိုး

ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို နှစ်စဉ် ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့) နေ့ထူးနေ့မြတ်တွင် ကျင်းပပြီး သံဃာတော်များအား ဆွမ်းလောင်းလှူ ဒါနပြုကြသည်။ ထို့အပြင် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄-၁၅ရက်တွင် စုပေါင်းမဟာဘုံကထိန်ပွဲတော်၌ မြို့ပေါ် (၇)ရပ်ကွက်မှ မြို့သူမြို့သားများက ရှမ်းအိုးစည်အကများဖြင့် ကထိန် ပဒေသာပင်များစွာကို မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်စေပြီး သံဃာတော်များအား ကထိန်သက်န်း ဆက်ကပ်လှူဒါန်းကြသည်။ နှစ်စဉ် ဒီဇင်ဘာ ၁ရက်နေ့တွင် ရှမ်းအမျိုးသားနှစ်သစ်ကူးပွဲတော်ကြီး၌ စာပြန်ပွဲနှင့်အတူ ရှမ်းရိုးရာအကပြိုင်ပွဲကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြပြီး၊ နှစ်စဉ် တန်ခူးလတွင် တစ်ကြိမ်၊ သီတင်းကျွတ်လတွင် တစ်ကြိမ် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကိုလည်း ကျင်းပကြကြောင်း သိရသည်။ ထို့အပြင် ရှင်သာမဏေအပါး ၁၀၀ ကျော် စုပေါင်း ရှင်ပြုပွဲကိုလည်း ငါးနှစ် တစ်ကြိမ် ကျင်းပပြုလုပ်မြဲဖြစ်သည်။

မွေ့တော်ဘုရားကြီးကျောင်းတိုက်၏ ဆရာတော် ဘဒ္ဒန္တသီလဝံသ၏ ဩဝါဒကို ခံယူကြသည့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မောင်နှင့် အဖွဲ့ဝင်တို့ ဦးဆောင်မှုဖြင့် သုံးထပ်ကျောင်းဆောင်သစ်ကြီးဆောက်လုပ်ခြင်း၊ စေတီတော်ရင်ပြင်ကြွေပြားခင်းခြင်းနှင့် ဘက်စုံ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်၍ သာယာအေးချမ်း စိမ်းလန်းစိုပြည် ကမ္ဘောဇဌာနေ၊ ပင်လောင်းမြေမှ လာဘ်ပေး ရန်ကာ၊ တောင်းဆုအဖြာဖြာနှင့် ပြည့်ဝစေသော "အတုလမာရ်အောင် ဆုတောင်းပြည့် မွေ့တော်စေတီ"သို့ ကြွရောက် ကြည်ညို ပူဇော်ပြီး ကုသိုလ်တော်ယူနိုင်ကြစေရန် စေတနာရှေ့ထားကာ ရေးသားဖော်ပြလိုက်ရပါသည် ■

နိဗ္ဗာနသာ ပစ္စယော ဟောတု

* * *

**ခင်သူ**

**ကိုးကား**

**- အတုလမာရ်အောင် မွေ့တော်စေတီ သမိုင်းအကျဉ်းချုပ်**

**စာစောင်။ - ကိုယ်တိုင်ဘုရားဖူးမှတ်တမ်း**



www.burmeseclassic.com

www.burmeseclassic.com

# လိုရာကို အဆင်ပြေစေမည့် တောင်ဖီလာ ဆရာတော်၏ နှောကိုးတန် ဣရှစ်တန် ဂါထာကျော်

တောကျောင်းဘုန်းကြီး (အဗျား)

မိမိလိုအပ်သည့်အခါ ပစ္စည်းလေးပါးကို ထောက်ပံ့ပေးနေသည့် မိသားတစ်စုရှိ၏။ ဖြူးမြို့နယ် ဇာညွှတ်ကွင်းမြို့၌ နေ၏။ တစ်နေ့ မိမိ သီတင်းသုံးရာ ဝေါမြို့နယ် အဗျားငုက်ချေးဝင်ကျေးရွာ အဗျားကျောင်းကြီးသို့ ရောက်လာကြသည်။ အကြောင်းကြီးငယ်ကိစ္စ တစ်စုံတစ်ခုရှိဟန် တူ၏။

သို့နှင့် မိမိ၌ ရှိနေသမျှဖြင့် ဖွယ်ဖွယ်ရာရာ ဧည့်ခံပြီး စကားလမ်းစ ဖွင့်ပေးလိုက်သည်။ ဒီတော့မှ မိမိအား ပစ္စည်းလေးပါး ထောက်ပံ့ပေးနေသည့်(လှူဒါန်းနေသည့်) သိက္ခာထပ် ရဟန်းအမ မနုဝေ့အ(ရွှေမန်းမြို့သူ)က စကားဆိုတော့သည်။

"ဦးဇင်းဆီ လာပြီး လူ့လောကီက အပူတွေကို ရင်ဖွင့်ပြသလိုများ ဖြစ်နေမလား မသိဘူး။ ဒီနှစ်ထဲ လုပ်ငန်းကိုင်ငန်းက ဘယ်ဟာမှ အဆင်မပြေဘူး။ လှူချင်တန်းချင်တာတောင်မှ စိတ်ကသာ ရှိပြီး လက်က မလိုက်နိုင်ဘူး ဖြစ်နေတယ်။ စီးပွားရေးက အဆင်မပြေ၊ မိသားစုကျန်းမာရေးက ချူချာ၊ ဒီကြားထဲ အိမ်က လူနဲ့ ခဏခဏ စကား ကတောက်ကဆဖြစ်နဲ့ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေပဲ ကြုံနေရတယ်။ ဒါနဲ့ စိတ်ပြေလက်ပျောက်လည်း ဖြစ်၊ စိတ်ရှုပ်စရာတွေလည်း ပြေ၊ မရောက်ဖြစ်တာ ကြာနေပြီဖြစ်တဲ့ ဦးဇင်းဆီကိုလည်း ရောက်၊ အားလုံးလည်း အဆင်ပြေသွားအောင် ဆိုပြီး ဒီကို ရောက်လာတော့တာပါပဲ ဦးဇင်းရေ…"

"ကဲ…အဲဒီလိုဆိုရင်တော့ အစစအရာရာ အဆင်ပြေသွားအောင် ဝိပဿနာ ဆိုတဲ့ စိတ်လျှော်ဖွပ် စက်နဲ့ ဒီမှာ လေးငါးရက်လောက်နေပြီး ရဟန်းအမရဲ့ စိတ်ကို လျှော်ဖွပ်သွားလိုက်ဦး။ ပြန်တော့မှ လိုရာကို အဆင်ပြေစေမယ့် ဆောက်ရွက်ဖွယ်ရာကို လမ်းညွှန်ပေးလိုက်မယ်။ ခုတော့ ခရီးပန်းလာကြတယ် မဟုတ်လား။ ရှေ့က ရှိတဲ့ စားစရာတွေကို စားပြီး ယောဂီဆောင်မှာ အနားယူ တည်းခို၊ စိတ်ကို လျှော်ဖွပ်နေကြ။ လိုအပ်တာရှိရင် ဦးဇင်းကို လာပြောကြ"

ဟု ဆိုကာ စကားစကို အနားသတ်လိုက်ပါသည်။

ဤသို့ဖြင့် ရဟန်းအမ ပြန်သည့်နေ့တွင် လိုရာကို အဆင်ပြေစေမယ့် ဆောင်ရွက်ဖွယ်ရာမှာ "တောင်ဖီလာ ဆရာတော်၏ နှောကိုးတန် ဣရှစ်တန် ဂါထာကျော်"အား လိုသလို အသုံးပြု ဆောင်ရွက်ရန် လမ်းညွှန်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

"တောင်ဖီလာ ဆရာတော်၏ နှောကိုးတန် ဣရှစ်တန် ဂါထာကျော်"

"နှော ရဋ္ဌမာနှော၊ န်နှော နနှော ဥတ္တမော။
မာနှော နနှော နနှော၊ ဘုမ္မိရာဇာနှော နနှော။"

"ဣတိပိသော ဘဂဝါဝုတ္တာ၊ ဣတိ မန္တ သုခါဝဟာ
ဣတိ ဗုဒ္ဓေဟိ သရဏံ၊ သဗ္ဗဒေဝါ ပိယံမမ။
ဣတိ ဓမ္မေဟိ သရဏံ၊ စတုရာဇာ ပိယံမမ။
ဣတိ သံဃေဟိ သရဏံ၊ သဗ္ဗရာဇာ ပိယံမမ။
ဣတိ ရတန သရဏံ၊ ပုရိသ ဣတ္ထိ ပိယံမမ။
ဣတိ သဗ္ဗ အန္တရာယော၊ ဝိနဿန္တု အသေသတော။"

အမှုကြီးငယ်ဖြစ်လျှင် အရှေ့အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။ မီးလောင်သော် တောင်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်။ ပင်လယ်ခရီးတို့၌ လေပြင်းကျလျှင် မြောက်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်။ မင်းများ အမျက်ရှိလျှင် အရှေ့မြောက်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်။ သူခိုးဓားပြတို့ မကပ်စေလိုလျှင် အရှေ့တောင် အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်။ အထူးအားဖြင့် လာဘ်လာဘစည်းစိမ်ဥစ္စာ အလိုရှိပါလျှင် အနောက်မြောက် အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။ အံ့ဆိုင်းမှိုင်းဝေခြင်းရှိလျှင် အနောက်တောင်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။ မြစ်ကူးချောင်းခြားသွားလျှင် ရေညာသို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါလေ။

ထို့အပြင် ည/နံနက် ကိုးကြိမ်စီရွတ်ပါ အကျိုးကြီးလှ၏။

ကျန်းမာချမ်းသာကြပါစေ

* * *

တောကျောင်းဘုန်းကြီး(အဗျား)

www.burmeseclassic.com

ဓမ္မာစရိယ
ဦးဌေးလှိုင်

# ဗြဟ္မစိုရ်တရားတော်



ယခင်လမှ အဆက်···

## (၄) ဥပေက္ခာပွားပုံ

"ဥပေက္ခာ"ဆိုတာ ဘက်မလိုက်ဘဲ အညီအမျှ ရှုတဲ့ သဘောပါပဲ။ ဒါကြောင့် ဥပပတ္တိတော ယုတ္တိတော - အသင့်အလျော် အညီအမျှအားဖြင့်၊ ဣက္ခတိတိ - ရှုတတ်သောကြောင့်၊ ဥပေက္ခာ - ဥပေက္ခာမည်တယ်လို့ ဖြေဆိုထားကြတယ်။ အဲဒါကို လျစ်လျူရှုထားတယ်လို့လည်း မြန်မာပြန်ကြတယ်။

လျစ်လျူရှုထားပုံကတော့ (၁၀)မျိုးတောင် ရှိတယ်။ ဒါကြောင့် အဋ္ဌကထာမှာ ဒီ ဥပေက္ခာ (၁၀)မျိုးကို ခွဲပြီး

www.burmeseclassic.com

www.burmeseclassic.com

ပြထားပါတယ်။ အဲဒီ (၁၀)မျိုးက ဘာတွေလဲဆိုလျှင်…

(၁) ဆင္ဃဂုံပေက္ခာ၊
(၂) ပြဟ္မဝိဟာရပေက္ခာ၊
(၃) ဗောဇ္ဈင်္ဂုပေက္ခာ၊
(၄) ဝီရိယုပေက္ခာ၊
(၅) သင်္ခါရုပေက္ခာ၊
(၆) ဝေဒနုပေက္ခာ၊
(၇) ဝိပဿနုပေက္ခာ၊
(၈) တတြမဇ္ဈတ္တုပေက္ခာ၊
(၉) ဈာနုပေက္ခာ၊
(၁၀) ပါရိသုဒ္ဓုပေက္ခာ…ဆိုတဲ့ ဒီဆယ်မျိုးပါပဲ။

ဒီ ဆယ်မျိုးထဲမှာ…

(၁) **ဆဠင်္ဂုပေက္ခာ ဆိုတာ အာရုံ ၆မျိုး အကောင်းနဲ့ အဆိုးကို အညီအမျှရှုနိုင်တဲ့ သဘောပါပဲ။ အဲဒါဟာ ရဟန္တာ** ရဲ့ ဂုဏ်ထူးပါပဲ။ ဒါပေမယ့် ဝိပဿနာ ယောဂီလည်း သင်္ခါ ရုပေက္ခာဉာဏ် ဖြစ်ခိုက်မှာ ဒီ ဆဠင်္ဂုပေက္ခာနဲ့ အညီအမျှ ရှုနေနိုင်ပုံကို ထင်ရှားစွာ တွေ့နိုင်ပါတယ်။

(၂) **ဗြဟ္မဝိဟာရပေက္ခာ**ဆိုတာကတော့ ယခုဟော မည့် ဥပေက္ခာပါပဲ။ ဒါကြောင့် သူ့ကို တော်တော်ကြာမှ အကျယ်ချဲ့ပြီး ဟောရမယ်။

(၃) **ဗောဇ္ဈင်္ဂုပေက္ခာ** ဆိုတာကတော့ ဗောဇ္ဈင် ၇ပါး ထဲက နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ပါပဲ။ တရားကိုယ် အားဖြင့်တော့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ။ သူက သူနဲ့ အတူတကွဖြစ်တဲ့ ယှဉ်ဖော်ယှဉ်ဖက် တရားတွေကို မယုတ်မလွန် ညီမျှစေတယ်။ ဒါကြောင့် သူ့ကို သမဝါဟိတ လက္ခဏာ - ယှဉ်ဘက် တရားတွေကို အညီအမျှဖြစ်စေခြင်း လက္ခဏာရှိတယ်လို့ အဘိဓမ္မာကျမ်းဂန်တွေမှာ ပြဆိုထားပါ တယ်။ ဒါပေမယ့် ဒီဥပေက္ခာဗောဇ္ဈင်ရဲ့ ဖြစ်ပုံကို သုတမယ၊ စိန္တာမယမျှနဲ့တော့ ကောင်းကောင်း သဘောပေါက်ဖို့ မလွယ် ပါဘူး။ ဝိပဿနာရှုကြည့်မှ ကိုယ်တွေ့အားဖြင့် ကောင်းကောင်း သဘောပေါက်တတ်ပါတယ်။ ဝိပဿနာ ယောဂီဟာ ဥဒယ ဗ္ဗယဉာဏ်ရောက်တဲ့အခါ ညီမျှစေတဲ့ ဒီဥပေက္ခာရဲ့ သဘော ကို ရှဉ်းစုံကောင်းတဲ့ နွားလှည်းမောင်းနေရသလိုပဲ ထင်ရှား တွေ့ရပါတယ်။

(၄) **ဝီရိယုပေက္ခာ** ဆိုတာကတော့ သမထဝိပဿနာ ဘာဝနာ အချိုးကျနေတဲ့အခါမှာ မယုတ်မလွန် ညီမျှနေတဲ့ ဝီရိယပါပဲ။ ဒါကလည်း ဘာဝနာအလုပ်ကို ကျကျနန အား ထုတ်သူမှာမှ ကောင်းကောင်းထင်ရှားတတ်ပါတယ်။

(၅) **သင်္ခါရုပေက္ခာ** ဆိုတာကတော့ သင်္ခါရတရားတွေ ကို အညီအမျှရှုတဲ့ သဘောပါပဲ။

(၆) **ဝေဒနုပေက္ခာ** နဲ့…

(၇) **ဝိပဿနုပေက္ခာ** ဆိုတာကတော့ ဝိပဿနာရှု နေတဲ့ ယောဂီမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို ကောင်းကောင်းမြင်ပြီးတဲ့အခါ အဲဒါတွေကို မစူးစမ်း မဆင် ခြင်တော့ဘဲ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို သိရုံ ကလေး အညီအမျှရှုသွားတဲ့ ဝိပဿနာဉာဏ်ပါပဲ။ ဒါက လည်း ဥဒယဗ္ဗယဉာဏ်ရောက်ဖူးတဲ့သူမှ ကိုယ်တွေ့အားဖြင့် ထင်ရှားသိနိုင်ပါတယ်။

(၈) **တတြမဇ္ဈတ္တုပေက္ခာ** ဆိုတာကတော့ အမှတ်-၃ တုန်းက ပြောခဲ့တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ။ သူက ဒါန၊ သီလ စသော ကုသိုလ်အမှုကို ကြံတိုင်း၊ ပြောတိုင်း၊ ပြုတိုင်း ပါဝင်ပြီးဖြစ်နေပါတယ်။ ဒါပေမယ့် သာမန် ကုသိုလ် စိတ်တွေ ဖြစ်ခိုက်မှာတော့ မထင်ရှားဘူး။ ထက်သန်တဲ့ ဘာဝနာကုသိုလ်စိတ်ဖြစ်ခိုက်မှာမှ သူက ထင်ရှားတယ်။

(၉) **ဈာနုပေက္ခာ** ဆိုတာကတော့ တတိယ ဈာန်နဲ့ ယှဉ်တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ။

(၁၀) **ပါရိသုဒ္ဓုပေက္ခာ** ဆိုတာလည်း စတုတ္ထဈာန်နဲ့ ယှဉ်တဲ့ အဲဒီ စေတသိက်ပါပဲ။ ဈာန်နဲ့ ယှဉ်တဲ့ ဒီဥပေက္ခာ မျိုးကတော့ အဲဒီဈာန်တွေ ရတဲ့သူမှ ထင်ရှားသိနိုင်မယ်။

ဒါကြောင့် ဒါတွေကို အကျယ်မပြောတော့ဘူး။

**ဂရုမစိုက် စိမ်းကားတာ ဥပေက္ခာလား**

ယခုပြောတဲ့ ဥပေက္ခာ (၁၀)မျိုးထဲမှာ ယနေ့ ဟောရ မှာကတော့ အမှတ်(၂)မှာ ပြခဲ့တဲ့ **ဗြဟ္မဝိဟာရပေက္ခာပါ** ပဲ။ ဒီ ဥပေက္ခာရဲ့ သဘောကတော့ "သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ ကံအားလျော်စွာ ဖြစ်နေကြရတာ ပဲ"လို့ ဘက်မလိုက်ဘဲ မျှမျှတတ နှလုံးသွင်းတဲ့ သဘော ဖြစ်ကြောင်းကို ပထမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒါကြောင့် သူ့ကို ပွားခဲ့တဲ့အခါမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့လို သတ္တဝါတွေအား အကျိုးပြုတဲ့အနေနဲ့ ပွားရတာမဟုတ်ဘူး။

"သဗ္ဗေ သတ္တာ ကမ္မဿကာ"လို့ ဆိုတဲ့အတိုင်း သတ္တဝါတွေဟာ သူတို့ကိုယ်တိုင်ပြုထားတဲ့ အမှုကံသာ ကိုယ်ပိုင်ဥစ္စာရှိကြတာပဲ။ ကောင်းတဲ့ အမှုကံကို ပြုတဲ့သူ တွေဟာ ကောင်းစား ချမ်းသာကြမှာပဲ။ ဆိုးတဲ့ အမှုကံကို ပြုတဲ့သူတွေဟာ ဆင်းရဲဒုက္ခရောက်ကြမှာပဲ။ "သူ့ကံနဲ့ သူ သူ့အမှုနဲ့ သူပဲ"လို့ ဒီလို လျစ်လျူရှုပြီး ပွားရပါတယ်။

ဒီလိုဆိုတော့ "ဘယ်သူသေသေ ငေတမာ ပြီးရော"

www.burmeseclassic.com

ဆိုတာလို သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ရွက်တဲ့ သဘောမပါတဲ့အတွက် မကောင်းတဲ့ တရား၊ စိမ်းကားတဲ့ တရားပဲလို့ အချို့က အပြစ်တင်ချင်လည်း တင်ကြပေလိမ့်မယ်။ အမှန်ကတော့ ဒီလိုလည်း အပြစ်မတင်ထိုက်ဘူး။ ဒီ ဥပေက္ခာက နေရာတိုင်းမှာ ပွားရတာ မဟုတ်ပါဘူး။ အခြားနည်းနဲ့ မဖြစ်တဲ့ သူ့နေရာမှာသာ ပွားရတဲ့ တရားဖြစ်ပါတယ်။

ဘယ်နေရာမှာလဲဆိုရင် ပထမပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် မဆောင်ရွက်နိုင်တဲ့ နေရာမှာသာ ပွားရပါတယ်။

ဘယ်လိုလဲဆိုရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို ပွားပြီး တတိယစျာန်ကို ရပွားပြီးဖြစ်တဲ့သူဟာ စတုတ္ထစျာန်ကို တက်ရင် ဒီ ဥပေက္ခာကို ပွားမှသာ တက်နိုင်တယ်။ ဒါကြောင့် သမထစျာန်လမ်းအရဆိုရင် ဒီနေရာမှာသာ ပွားရပါတယ်။

**လောကရေးရာဘက်က** ဆိုရင်တော့ တတ်နိုင်လို့ရှိရင် အခြားသူတွေရဲ့ ချမ်းသာရေးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ အစွမ်းကုန် ကူညီဆောင်ရွက်ရပါတယ်။ ဒါပေမယ့် ဘယ်နည်းနဲ့မှ ကူညီဆောင်ရွက်ခွင့် မရှိတော့တဲ့ အခြေအနေကျတော့ ဒီဥပေက္ခာနဲ့ပဲ အသင့်အတင့် နှလုံးသွင်းရတယ်။ ဒါမှ စိတ်သက်သာရာ ရနိုင်ပါတယ်။

ဥပမာ - ဆွေမျိုးမိတ်ဆွေဖြစ်တဲ့ သူတစ်ယောက် ရာဇဝတ်မှုနဲ့ အရေးယူခံနေရတယ် ဆိုပါတော့။ အဲဒီကိစ္စမှာ တတ်နိုင်မယ်ဆိုရင် အဲဒီလူ လွတ်မြောက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရပါတယ်။ ဒါပေမယ့် တရားရုံးတော်က ပြစ်မှုထင်ရှားတယ်ဆိုပြီး အဆုံးသတ် စီရင်ချက်ချလိုက်တဲ့အခါကျတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဆောင်ရွက်ဖို့ အခွင့်အရေးမရှိတော့ဘူး။ သူ့ကံနဲ့ သူပဲလို့ နှလုံးသွင်းဖို့သာ ရှိတော့တယ်။

ယခုလောလောဆယ်မှာ အမှုအပြစ်မရှိဘူးလို့ ထင်ရပေမယ့် သူ့မှာ ရှေးဘဝများက ပြုခဲ့တဲ့ မကောင်းမှုကံ ရှိနေလို့သာ ခံရတာပဲလို့ ဒီလိုသာ နှလုံးသွင်းပြီး ဖြေရတယ်။ ဒီလိုဖြေမှပဲ စိတ်သက်သာရာရနိုင်မယ်။

**ကုသိုလ်လုပ်ရင်း ဆင်းရဲရ သဘာဝမှန်အောင် သိ**

ဒီနေရာမှာ သက်သေ သာဓကတစ်ခုကို ထုတ်ပြချင်တယ်။

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက သာဝတ္ထိပြည်မှာ **မဟာကာလ** ဆိုတဲ့ သောတာပန် ဥပါသကာတစ်ယောက်ရှိတယ်။ အဲဒီ ဥပါသကာဟာ ဇေတဝန်ကျောင်းတော်မှာ ဥပုသ်စောင့် ညအိပ်ပြီး တရားနာနေရာက နံနက်စောစောထပြီး ဇေတဝန်ကျောင်းတိုက် အဝက ရေကန်မှာ မျက်နှာသစ်နေတယ်။ အဲဒီအချိန်မှာ သူခိုးလိုက်ဖမ်းကြတဲ့ လူတစ်စုက မဟာကာလရဲ့ အနီးမှာ သူခိုး ပစ်ချခဲ့တဲ့ ခိုးရာပါ ပစ္စည်းနှင့်တကွ တွေ့ရတဲ့အတွက် သူ့ကို သူခိုးထင်ပြီး ဝိုင်းရိုက်ကြလို့ မဟာကာလ ဥပါသကာဟာ သေဆုံးသွားရရှာတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မဟာကာလဟာ ဥပုသ်စောင့်ပြီး ကျောင်းမှာပဲ ညအိပ် တရားနာနေတဲ့ သူတော်ကောင်းစစ်စစ် ဖြစ်ပါလျက်နဲ့ သူခိုးလို့ အစွပ်ခံရ၊ အသတ်ခံရတာဟာ မသင့်လျော်တဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက ပစ္စုပ္ပန်အခြေအနေအရ မသင့်လျော်သော်လည်း သူ၏ ရှေးကံအရဆိုရင်တော့ သင့်လျော်တဲ့အကြောင်း မိန့်တော်မူပါတယ်။

သင့်လျော်ပုံကတော့ ဒီလိုတဲ့။

◈◈◈

မဟာကာလဟာ တစ်ခုသော ဘဝတုန်းက လမ်းဓားပြတွေ ပေါများတဲ့ တောတစ်ခုရဲ့ အဝမှာ တောစခန်းစောင့် အရာရှိဖြစ်ခဲ့တယ်။ အဲဒီ တောစခန်းကို ဖြတ်သန်းလိုတဲ့ ခရီးသည်တွေကို တစ်ဖက်မှ တစ်ဖက်အရောက် ဘေးရန်ကင်းအောင် သူက စောင့်ရှောက်ပြီး ပို့ဆောင်ပေးရတယ်။

တစ်နေ့သောအခါမှာ လူတစ်ယောက်ဟာ ရုပ်ရည်အဆင်းလှပတဲ့ ဇနီးနှင့်တကွ လှည်းယာဉ်ကလေးစီးပြီး အဲဒီ တောစခန်းဝကို ရောက်လာတယ်။ တောစခန်းစောင့်က အဲဒီလူရဲ့ ဇနီးချောကလေးကို လိုချင်တာနဲ့ သူ့အိမ်မှာ တစ်ညအိပ်စေပြီး နောက်တစ်ရက် ခရီးထွက်တဲ့အခါမှာ "ပတ္တမြားပျောက်တယ်၊ မသက်ဘူး" ဆိုပြီး အဲဒီလှည်းကို ရှာဖွေစစ်ဆေးတယ်။ စောစောက သူ့ဟာသူ ထည့်ထားတဲ့ ပတ္တမြားကို တွေ့တဲ့အခါမှာ သူက အဲဒီ ခရီးသည်ကို ပတ္တမြားသူခိုးလို့ စွပ်ချက်တင်ပြီး သတ်ခဲ့တယ်။

အဲဒီ မကောင်းမှုကံကြောင့် မဟာကာလအလောင်း တောစခန်းစောင့်ဟာ အဲဒီဘဝက သေတဲ့အခါ အဝီစိငရဲမှာ ကျရောက်ပြီး ရှည်မြင့်စွာ ကာလပတ်လုံး ငရဲဒုက္ခတွေကို အကြီးအကျယ်ခံစားခဲ့ရတယ်။ ငရဲမှ လွတ်ပြီးတော့လည်း အဲဒီကံကြွင်းကြောင့် ဘဝတစ်ရာတိုင်တိုင် [illegible] ဖြင့် သူခိုးလို့ အစွပ်ခံရပြီး အသတ်ခံခဲ့ရတယ်။ ဒါကြောင့်

www.burmeseclassic.com

ရှေးဘဝက ရက်ရက်စက်စက်ပြုခဲ့တဲ့ သူ့မကောင်းမှုကံအရ ဆိုရင်တော့ သူ့ခံထင်ပြီး ယခုဘဝ အသတ်ခံရတာဟာ သင့်လျော်ထိုက်တန်လှပါပေတယ်လို့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူပါတယ်။

ဒါဟာ အပြစ်ရှိတဲ့ ခံရတယ်လို့ ထင်ရသူအတွက် [illegible] သတ်သေ [illegible] အများ ကြီး ရှိပါတယ်။

ဒီလိုရေးရာမှာ ပြောခဲ့တဲ့အတိုင်း သူ့ကံနဲ့ သူ့ပဲလို့ အသင့်အတင် နှလုံးသွင်းတဲ့ မျက်မြင်လောကသာ ကြည့်ပြီး ညည်းညူညည်ဝါတွေက မတရားလုပ်တယ်၊ မတရားနိုင်စက်တယ် အနိုင်ကျင့်တယ် စသည်ဖြင့် အပြစ်တင်မယ်ဆိုရင်တော့ သူတစ်ပါးကို ပြစ်မှားတဲ့ ဒေါသအကုသိုလ်တွေလည်း ဖြစ်ပွားမယ်။ စိတ်ထဲမှာ မခံသာတဲ့ စိတ်ဆင်းရဲမှုတွေလည်း များစွာဖြစ်မယ်။ သူ့ကံနဲ့ သူ့ပဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုလိုက်ရင်တော့ အဲဒီ အကုသိုလ်တွေ၊ စိတ်ဆင်းရဲတွေဟာ အကုန်လုံး ငြိမ်းပြီး စိတ်အေးချမ်းခြင်း သုခကို ရနိုင်ပါတယ်။

**တရားသူကြီးများ နှလုံးသွင်းရမယ့် တရား**

နောက်ပြီးတော့ ဥပေက္ခာနဲ့ တရားမျှတစွာ နှလုံးသွင်းတာဟာ တရားကြီးများအတွက်ဆိုရင်လည်း အံကျကိုက်ပြီး အလွန်ပင် သင့်လျော်ပါတယ်။

တရားသူကြီးများဟာ တရားလိုနဲ့ တရားခံ၊ မည်သူ့ကိုမျှ ကွက်ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာဖြင့် အခွင့်အရေး မပေးသင့်ဘူး။ "ဒီလူကို ချမ်းသာစေချင်တယ်၊ ဟိုလူကို သနားတယ်။ ဟောဒီလူကိုတော့ ချမ်းသာမြဲ ချမ်းသာစေချင်တယ်"ဆိုပြီး တစ်ဖက်သတ် အခွင့်အရေးပေးလိုက်ရင် ဆန္ဒာဂတိနှင့် မောဟာဂတိ တစ်ခုခုဖြစ်သွားလိမ့်မယ်။

ဒါကြောင့် သူ့အမှုကံနဲ့ သူ့ပဲလို့ လျစ်လျူရှုပြီး အမှုမှန်အတိုင်း တရားမျှတစွာဖြစ်အောင်သာ ဘက်မလိုက်ဘဲ စစ်ဆေး ဆောင်ရွက်သင့်ပါတယ်။ ဒီလိုပဲ ဆောင်ရွက်နေကြတယ်လို့လည်း ကြားသိရပါတယ်။ ဒါကြောင့် ဒီဥပေက္ခာဟာ တရားစီရင်ရာမှာလည်း အလွန်သင့်လျော်တယ်လို့ မှတ်ယူသင့်ပါတယ်။

အမှန်စင်စစ်ကတော့ ဥပေက္ခာ ဘာဝနာဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် တတိယစျာန်ကို ရပြီးမှ စတုတ္ထစျာန် ရဖို့ ပွားများတဲ့ တရားဖြစ်ပါတယ်။ ဒါပေမယ့် ဥပေက္ခာကို



ပွားရင် ခုနက ပြောခဲ့တဲ့အတိုင်း အပြစ်ကင်းပြီး စိတ်သက်သာရာလည်း ရနိုင်ပါတယ်။ ပါရမီကုသိုလ်လည်း ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် ဩဒိဿ၊ အနောဒိဿ ဒိသာဖရဏ နည်းများဖြင့် ဥပေက္ခာကိုလည်း ပွားများလိုက်ကြစို့။ ဘုန်းကြီးက အသံထွက် ရွတ်ပြီး ပွားများမယ်။ တရားနာနေတဲ့ ဓမ္မာမက ပုဂ္ဂိုလ်တွေအားလုံးကလည်း စိတ်နဲ့ လိုက်ပြီး ဥပေက္ခာ ဘာဝနာကို ပွားကြပါ။

(၁) အားလုံးသတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၂) အားလုံးသက်ရှိသူတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၃) အားလုံး ထင်ရှားဖြစ်သူတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၄) အားလုံးပုဂ္ဂိုလ်တွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၅) အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

ဒါက အနောဒိဿ ဥပေက္ခာ (၅)ပါးတဲ့။

(၁) အားလုံး အမျိုးသမီးတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၂) အားလုံး အမျိုးသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၃) အားလုံး အရိယာပုဂ္ဂိုလ်တွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

www.burmeseclassic.com

www.burmeseclassic.com

(၄) အားလုံး ပုထုဇဉ် ပုဂ္ဂိုလ်တွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၅) အားလုံး နတ်၊ ဗြဟ္မာတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၆) အားလုံး လူသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

(၇) အားလုံး အပါယ်ဘုံသူ၊ အပါယ်ဘုံသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။

ဒါက ဩဒိသ ဥပေက္ခာ (၇)ပါးတဲ့။ ခုနက (၅)ပါးနဲ့ ပေါင်းလိုက်ရင် ဥပေက္ခာ (၁၂)ပါးဖြစ်ပါတယ်။

ဒီနည်းအတိုင်းပဲ "အရှေ့အရပ်က အားလုံးသတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား" စသည်ဖြင့် တဲ့ရှုအရပ်က ၄မျက်နှာ၊ ထောင့်အရပ်က ၄မျက်နှာ၊ အောက်အရပ်က ၁မျက်နှာ၊ အထက်အရပ်က ၁မျက်နှာဆိုတဲ့ အရပ် ၁၀မျက်နှာမှာလည်း ဥပေက္ခာ (၁၂)ပါးစီ ပွားနိုင်ပါတယ်။ အဲဒါတွေက တစ်ဆယ် ဆယ့်နှစ်လီဆိုတော့ ဥပေက္ခာ (၁၂၀) ဖြစ်ပါတယ်။ အဲဒီ ၁၂၀ ကတော့ အရပ်မျက်နှာနဲ့ ဖြန့်တာမို့ "ဒိသာဖရဏ ဥပေက္ခာ" လို့ ခေါ်တယ်။ ပထမက ပွားခဲ့တဲ့ အနောဒိသ၊ ဩဒိသ ဥပေက္ခာ ၁၂ပါးနဲ့ ပေါင်းလိုက်ရင် ဥပေက္ခာပေါင်း ၁၃၂ ပါးဖြစ်ပါတယ်။

အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြလားတဲ့ မေတ္တာပွားပုံမှ နည်းမှီပြီး ပြတဲ့ ဥပေက္ခာပွားပုံတွေပါပဲ။

## ကိုယ့်အလုပ်ကိုသာ အားကိုးရာ

ဒီ ဥပေက္ခာ (၁၃၂)ပါး ပွားပုံတွေဟာ အမှန်စင်စစ်ကတော့ ဥပေက္ခာ ကမ္မဋ္ဌာန်းနဲ့ စတုတ္ထဈာန်ကို ရပြီးမှ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်။

ဒါပေမယ့် သတ္တဝါတွေဟာ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်လို့ အဖန်ဖန် နှလုံးသွင်းနေရင်း မကောင်းမှုကို ရှောင်ကြဉ်လိုတဲ့ စိတ်တွေလည်း ဖြစ်မယ်။ ကောင်းမှုကို ပြုလိုတဲ့ စိတ်တွေလည်း ထက်သန်လာမယ်။ ဒါကြောင့် ဈာန်မရဘဲနဲ့ ဒီဥပေက္ခာကို ပွားတာလည်း အပြစ်ကင်းပြီး ကုသိုလ်တရားပွားများခြင်း အကျိုးရှိပါတယ်။

နောက်ပြီးတော့ အားလုံး ကံတရားအတိုင်းပဲလို့ နှလုံးသွင်းနေတဲ့အတွက် မရနိုင်တဲ့ အခွင့်အရေး မျှော်လင့်တောင့်တခြင်းလည်း ကင်းမယ်၊ အဆင်မပြေတာ ရှိရင်လည်း ကံတရားအတိုင်းပဲလို့ ဆင်ခြင်ပြီး စိတ်သက်သာရာ ရမယ်။ နောက်ပြီးတော့ နတ်၊ သိကြား၊ ဗြဟ္မာ၊ ဂိုဏ်းဆရာ စသောသူတစ်ပါးကို အားမကိုးဘဲ ကြီးပွားချမ်းသာရန် နည်းလမ်းမှန်ဖြစ်တဲ့ အလုပ်အကိုင်ကိုသာ အားကိုးပြီးတော့လည်း လုပ်ကိုင်မယ်။ ဒီလို လုပ်ကိုင်တဲ့အတွက် မျက်မှောက်မှာလည်း စီးပွားဥစ္စာတွေကို ရသွားနိုင်ပါတယ်။ ဒါကြောင့် အဘိဓာသုတ်မှာ မြတ်စွာဘုရားက ကိုယ့်ကိုယ်ကိုလည်း ဒီနည်းအတိုင်း ဆင်ခြင်ဖို့ ညွှန်ကြားတော်မူခဲ့တယ်။

"ငါ့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်။ ကံ၏ အမွေခံဖြစ်တယ်။ ကံသာလျှင် ချမ်းသာဖို့၊ ဆင်းရဲဖို့အကြောင်းရှိတယ်။ ကံသာလျှင် ဆွေမျိုးအစစ်ရှိတယ်။ ကံသာလျှင် အားကိုးရာရှိတယ်။ ကောင်းမှုကံကို ပြုလျှင် ကောင်းကျိုးအမွေကို ခံစံရမယ်။ မကောင်းကံကို ပြုလျှင် မကောင်းကျိုးအမွေဆိုးကို ခံစားရမယ်" လို့ အဖန်တလဲလဲ ဆင်ခြင်ပါတဲ့။ ဒါကြောင့် ယခု မိမိကိုယ်တိုင်ပါ၊ တစ်လောကလုံးက သတ္တဝါတွေကို အာရုံပြုပြီး ဥပေက္ခာကို ပွားလိုက်ကြဦးစို့။

"တစ်လောကလုံးရှိ သတ္တဝါတွေအားလုံးဟာ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား"

"ဒီ ဥပေက္ခာကို ပွားများခြင်းဖြင့် ကိုယ့်အမှုကံကိုသာ အားကိုးပြီး ကုသိုလ်ကံကို ပြုစုပွားများနိုင်ကြပါစေ"

"စီးပွားချမ်းသာဖြစ်ကြောင်း အလုပ်အကိုင်ကိုလည်း ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြပါစေ"

"ထိုသို့ ပြုလုပ်နိုင်ခြင်းကြောင့် မျက်မှောက်၊ သံသရာ နှစ်ဖြာလုံး၌ အလိုရှိအပ်သော လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"

"သာဓု . . . သာဓု . . . သာဓု" ■

( ဗြဟ္မစိုရ်တရားတော် စတုတ္ထပိုင်း ပြီး၏။ )

( ဗြဟ္မစိုရ်တရားတော် ဤတွင် ပြီး၏။ )

* * *

မဟာစည်ယဉ်ဦးဒွေးလှိုင်

[ မဟာစည်ယဉ် ဦးဒွေးလှိုင်၏ "ရတနာသုံးပါးကျေးဇူး (ကိုယ်တွေ့ ဝတ္ထုများ)စာအုပ်မှ ကူးယူဖော်ပြပါသည်။ ]



www.burmeseclassic.com

www.burmeseclassic.com

# သရဏာအာဏာနည် ဘဒြာဒေဝီ

မုဒုံ စောနောင့်ပေ



**သရေခေတ္တရာ ပုဂံနှင့် ရာမညဒေသ**

မြန်မာနိုင်ငံ၏ ယုံကြည်ကိုးကွယ်မှုအစအဦးသည် နတ်ကိုးကွယ်ခြင်းဖြစ်၏။

မြစ်ကမ်း၊ ပင်လယ်ကမ်းတို့နှင့် လှေသင်္ဘောဆိပ်များ ပေါ်ပေါက်ထွန်းကားလာချိန်တွင် အိန္ဒိယနိုင်ငံနှင့် ရေကြောင်းလမ်းအဆက်အသွယ်မှာ ပို၍တွင်ကျယ်လာသည်။ အထူးသဖြင့် တောင်ပိုင်း အိန္ဒိယနှင့် ဆက်ဆံရေးသည် ပို၍များပြား၏။

ထိုဆက်ဆံရေးကြောင့် မြန်မာနိုင်ငံတွင်းသို့ အိန္ဒိယမှ အယူဝါဒ ထိုးဖောက်လာခြင်း ရှိခဲ့၏။ အစောဆုံး ဗြဟ္မဏဝါဒ၊ နောက်ပိုင်းတွင် ဗုဒ္ဓဝါဒ ရောက်လာပါသည်။ ဗုဒ္ဓဝါဒ ဂိုဏ်းခွဲနှစ်ခုရောက်လာရာတွင် မဟာယာနထက် ဟီနယာနကို မြန်မာနိုင်ငံက ပို၍နှစ်သက်ခဲ့သည်။ ခရစ်နှစ် ၉ရာစုခန့်တွင် ဟီနယာန ဩဇာလွှမ်းမိုးလာပြီးနောက် ထေရဝါဒဗုဒ္ဓဘာသာအဖြစ် အလေးနက်ဆုံး ထွန်းကားလာ၏။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ သရေခေတ္တရာ(ပြည်မြို့အနီး)၌ ဗုဒ္ဓဝါဒ၊ ဗြာဟ္မဏဝါဒ ယှဉ်တွဲပြီး ကိုးကွယ်ကြသည်။ ရှောဝတီမြစ်ရိုးတစ်လျှောက် ဗိဿနိုးနတ်မင်း၊ ရခိုင်ဘက်၌ သီဝနတ်မင်းနှင့် ဗုဒ္ဓဝါဒကိုးကွယ်သူများ ရှိခဲ့သည်။ အနော်ရထာခေတ်မတိုင်မီ ပုဂံဒေသ၌ မဟာယာန၊ တန္တြယာနနှင့်

www.burmeseclassic.com

ဟိနယာနအယူတို့သည် ရောနှောအတူရှိနေကြသည်ဟု ဆိုနိုင်၏။

ဇင်းကျိုက်ဒေသမှ ဟံသာဝတီ(ပဲခူး)နယ်မြေသို့ လာရောက်ကာ မွန်မြို့ပြနိုင်ငံ ထူထောင်ခဲ့သော သမလဝိမလမင်းခေတ်ကာလတွင် ဟံသာဝတီနယ်မြေ၌ အိန္ဒိယတောင်ပိုင်းသား တေလဂူ လူမျိုးများလည်း အခြေချ နေထိုင်ခဲ့ကြပြီးဖြစ်သည်။ သမလဝိမလမင်းဆက်၏ (၁၇ဆက်မြောက်) နောက်ဆုံး မွန်ဘုရင် တိဿရာဇာ(ခရစ်နှစ် ၁၀၄၃-၅၇)သည် ပုဂံမင်းဆက် အနော်ရထာဘုရင်နှင့် ခေတ်ပြိုင် ပဒေသရာဇ်တစ်ပါးဟု ဆိုနိုင်လေသည်။

ထိုဟံသာဝတီ မြို့ပြနိုင်ငံ၌လည်း နတ်ကိုးကွယ်မှုနှင့် ဗြာဟ္မဏဝါဒ၊ မဟာယာန၊ ဟိနယာနအယူတို့သည် တစ်မျိုးက ကျန်တစ်မျိုးကို အပြီးတိုင် ဝါးမျိုဖယ်ရှားခြင်း မပြုနိုင်ကြပါ။ လူထုကြီးသည် ထိုအယူဝါဒများထဲမှ ကောင်းနိုးရာရာကို နှစ်သက်ရာ ပူဇော်မှု ထုံးတမ်းဓလေ့ကို ဆောင်ယူပြီး သင့်တင့်ညီညွတ်စွာ အလိုက်အထိုက် လိုက်နာခဲ့ကြမည်သာ ဖြစ်ပါ၏။

သရေခေတ္တရာ ပျူလူမျိုးတို့သည် ကဒံဗအက္ခရာနှင့် စာပေကို အသုံးပြုသည့်နည်းတူ မွန်လူမျိုးတို့က ပလ္လဝအက္ခရာနှင့် စာပေကို အသုံးပြုခဲ့၏။ နှစ်မျိုးစလုံးပင် ဗြဟ္မီအက္ခရာမျိုးနွယ်ဖြစ်၏။ အေဒီ ၅ရာစု(ခရစ် ၄၀၃ခုနှစ်)တွင် ရာမညဒေသ၊ သုဝဏ္ဏဘူမိသို့ ရှင်မဟာဗုဒ္ဓဃောသနှင့်အတူ ပိဋကတ်သုံးပုံ ပါဠိတော်နှင့် အဋ္ဌကထာများ ရောက်ရှိလာကြသည်။ မွန်တို့သည် ဗြဟ္မီအက္ခရာအနွယ်ဝင် မာဂဓအက္ခရာဖြင့် ရေးသားထားသော ထိုပါဠိအဋ္ဌကထာများကို လေ့လာသင်ယူကြသည်။ ရှိရင်းစွဲ ပလ္လဝအက္ခရာအရေးအသားတွင် နောက်တိုး မာဂဓအက္ခရာအရေးအသားဖြင့် အတန်အသင့်ပြုပြင်ရောနှောနိုင်ခဲ့ကြရာ မွန်စာပေအက္ခရာသည် ရှင်းလင်းလွယ်ကူလာခဲ့တော့၏။ နောင်အခါတွင် မွန်အက္ခရာတို့ကို အခြေခံလျက် ပုဂံမြန်မာတို့က မြန်မာစာပေကို တီထွင်နိုင်ခဲ့ကြပါ၏။

ထိုမွန်စာအက္ခရာဖြင့် ရေးကူးထားသော ပိဋကတ်တော်သုံးပုံအစုံ ၃၀ကို ပုဂံဒေသသို့ မဆောင်ကြဉ်းမီ အနော်ရထာမင်းကြီး သထုံကို မတိုက်ခိုက်သေးမီ နှစ်များအတွင်းက ဟံသာဝတီဒေသ၌ ဤသမိုင်းဖြစ်ရပ်၊ ဤကိုးကွယ်မှု ဇာတ်လမ်းတစ်ပုဒ်သည် ဖြစ်ပွားခဲ့ပါ၏။ ကောင်းစွာ ဖတ်၍ ကြည့်ကြပါ။

သမိုင်းဟူသည် အတိတ်အဖြစ်အပျက်များကို မှတ်တမ်းပြုပါသည်။ သဘောအဓိပ္ပာယ်အနက်ကောက်ချက်တို့ကို ပြုလုပ်ရသည်။ ရှေ့ဖြစ်လာနိုင်မည့် အနာဂတ်ကိစ္စကို ကြိုတင် မှန်းဆရပေသည်။ သမိုင်းတွင် အဘယ်ကြောင့် ကောင်းခဲ့ ဆိုးခဲ့သည်တို့ကို သဘောနှင့် သမ္မာများများရှိလျက် မှန်းဆတတ်ခဲ့လျှင် နောင်းလူတို့ မအူမအနိုင်ပါ။ မအူမအတော့သော နောင်းလူတို့ ရှေ့ဘာလုပ်ရမည်ကို သိကြပေမည်။

**ဘုရင်မိစ္ဆာ၏ အဝိဇ္ဇာနှင့် မွန်ပျိုကညာ၏ သဒ္ဓါတရား**

မွန်ဘုရင် တိဿရာဇာ (ခရစ်နှစ် ၁၀၄၃-၁၀၅၇) အုပ်ချုပ်ကာလ ဟံသာဝတီနေပြည်တော်သည် အေးချမ်းသာယာ၍ ဖွံ့ဖြိုးစည်ပင်နေသည်။ မွန်ဘုရင်၏ နန်းတွင်းမှူးမတ်များအကြားဝယ် ဗြာဟ္မဏဝါဒီ တေလဂူအမတ်များမှာ စည်းရုံးမှု အောင်မြင်၍ လူကြိုက်များ၊ ရေပန်းစားနေကြသည်။ မန္တန်ရွတ်ခြင်း၊ ဗေဒင်ဟောခြင်း၊ ယတြာအစီအရင်ပြုခြင်းအားဖြင့် မွန်ပြည်သူများကိုသာမက မွန်ဘုရင်ကိုပါ သိမ်းသွင်း လွှမ်းမိုးထားနိုင်ခဲ့ကြလေသည်။

တိဿရာဇာ နန်းတက်ပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင် မွန်ဘုရင်သည် ဗြာဟ္မဏဝါဒ၌ ယုံကြည်သက်ဝင်သွားလေသည်။ ထိုဘုရင်သည် ဗုဒ္ဓကို မြင်အောင် မကြည့်တတ်။ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးကို မသိပါ။ ခက်ခဲသော ပဋိစ္စသမုပ္ပါဒ်တရားနှင့် နက်နဲသော အနတ္တတရားတော်တို့ကို မစူးစမ်း မလေ့လာဘဲနှင့် လွယ်ကူသော အတ္တ (သို့မဟုတ်) ပရမတ္တမ ဝိညာဉ်တော်၊ ဖန်ဆင်းရှင် ဗြဟ္မာကြီးကို အထင်ကြီးစွာ သက်ဝင်ယုံကြည်ခဲ့၏။ အခြောက်တရား၊ အမှောင်တရားတို့ကို နှစ်ခြိုက်၍ ဗေဒင်၊ ယတြာ၊ ဂါထာ၊ မန္တရားတို့ကို အရမ်းကာရော သဘောကျ စွဲလမ်းလျက်ရှိလေသည်။

တိဿရာဇာသည် ဗြာဟ္မဏဝါဒီ အမတ်များ၏ သွန်သင်ထိန်းကျောင်းခြင်းကို ခံယူလျက် ဗုဒ္ဓဝါဒကို စွန့်လွှတ်လိုက်သည်။ ဗုဒ္ဓဘာသာကိုးကွယ်မှုကို နှိပ်ကွပ်ခဲ့သည်။ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တို့ကို စွန့်ပစ်စေလျက် ကျောင်း၊ ဇရပ်၊ စေတီတို့ကို ဖြိုဖျက်စေခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်တို့ကို ထားရှိပူဇော်သူများအား ဖမ်းဆီးအရေးယူ၍ သေဒဏ်ချမှတ်ခြင်း ခံကြရမည်ဟူ၍ပင် ကြေညာမောင်းခတ်ခဲ့လေသည်။

အယူလွဲသွားသော မိစ္ဆာဘုရင်၏ အဝိဇ္ဇာအမိန့်[illegible]က ဗုဒ္ဓသာသနာတော်၌ လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်ပြည်သူများအပေါ်၌ လည်းကောင်း လွှမ်းချုပ် သိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိသော အခါသမယပင်။

ထိုခေတ် ဟံသာဝတီနေပြည်တော်၌ မွန်လူမျိုးသူကြွယ်ကြီးများသည် ကုန်ဝယ်ကုန်ရောင်းလုပ်ငန်းများဖြင့် စီးပွားဖြစ်ထွန်းခဲ့ကြသည်။ ထိုသူတို့သည် အိန္ဒိယအရှေ့ဘက်ကမ်းခြေရှိ မဟာနဒီခေါ် ဂင်္ဂါမြစ်ဝကျွန်းပေါ်နှင့် ဂိုဒါဝရီမြစ်ဝရှိ ကလိင်္ဂတိုင်းနှင့် လည်းကောင်း၊ ကစ္စတနာမြစ်ဝကျွန်းပေါ်ရှိ တေလင်္ဂန(အမရာဝတီ)တိုင်းဒေသနှင့် လည်းကောင်း ဆက်သွယ်ရောင်းဝယ်နိုင်ခဲ့ကြသည်။ စောဠတိုင်း၊ ကိဉ္စိပုရ (ကန်ချီမြို့)တို့နှင့်လည်း ကူးလူးဆက်ဆံခြင်း ရှိခဲ့၏။ ကုန်သွယ်ဘက် အများစုမှာ တေလဂူများသာ ဖြစ်၏။

ဘိုးဘွားစဉ်ဆက် ချမ်းသာကြွယ်ဝလျက် ဗုဒ္ဓအယူဝါဒကို ယုံကြည်ကိုးကွယ်ခဲ့ကြသော မွန်သူကြွယ်ကြီးများတွင် "တလထော်"အမည်ရှိ မွန်ပျိုမလေး၏ ဖခင် "မနေဇယ" သူကြွယ်လည်း ပါဝင်ခဲ့လေသည်။ ကလေးအရွယ် တလထော် အပါအဝင် ရေးမွန်လူမျိုးတို့၏ လူမမယ် ကလေးငယ်များကို သူတို့၏ မိဘဆွေမျိုးများ၊ အထိန်းအယများက အိပ်စက်စေရန် အငိုတိတ်စေရန် ချော့သိပ် နှစ်သိမ့်ရာတွင် မွန်သားချော့သီချင်းတို့ကို သီဆိုခဲ့ကြပါသည်။ နမူနာတစ်ပုဒ်မှာ အောက်ပါကဲ့သို့ ဗမာသံထွက်လေ့သည်။

"ဂွက်မန်ဒိုင်၊ ဟီလေယိုလေ၊ စန်ကရမ်ဂုင်ဂဲ ဒေစရဲ့ မွန်ဒိုင်ပလွန်၊

လွန်စော့(ပ်)လဂုန်၊ တုန်တရွဲ့ကွန်ပဲ့၊ ထော့တာန် အဟော(မ်)ကော(မ်)၊

လဲလွယ်ဏာ၊ ခရာနမိမဲ့၊ မူစနမ်းကာလ၊ ဒေစတဲ့ တော်(န်)စော့(ပ်)ပလွန်ရွန်ကွမ်း"

အနက်အဓိပ္ပာယ်ကား ဤသို့ဖြစ်၏။ တလထော်လေးမှာ ကြားရဖန်များ၍ အလွတ်ဆိုတတ်နေပြီ။

"အို…ချစ်သား လူကလေး၊ မဟာနဒီ ခေါ် ဂင်္ဂါမြစ်ဝှမ်းဒေသသည် ငါတို့ မွန်ဒိုင်များ၏ နေရာဟောင်းဖြစ်သည်။ ငါတို့ မွန်ဒိုင်များသည် ထိုနေရပ်ဟောင်းမှ ထွက်ခွာလာခဲ့ကြရာတွင် လဂုန်(တြိကုမ္ဘ) ခေါ် တိဂုံ(ဒဂုံ)မြို့ထိ ရောက်ခဲ့ကြရသည်။ ရေးကံကြမ္မာစီမံ၍ နေရင်းဌာန ဘိုးဘွားမိဘများနှင့် ကွဲကွာနေကြရသည်။ ဘယ်ကာလတွင်မှ နေရင်းအရပ်ထံ ပြန်ရောက်မှာလဲ သားရယ်"

ရတနာမြတ်သုံးပါးတို့၌ သက်ဝင်ယုံကြည်ခဲ့သော ဘိုးဘွားမိဘများထံမှ ကိုးကွယ်မှုအမွေ ရရှိခဲ့သောကြောင့် တလထော်လေးသည် သရဏဂုံသုံးပါး၌ အလေးအမြတ်ပြုရှာသည်။ မိဘဆရာ၊ သံဃာတို့၏ သွန်သင်ညွှန်ပြ အဆုံးအမများနှင့်အညီ ရတနာမြတ်သုံးပါး၌ လေးစားရှိသေ ကြည်ညိုလေသည်။ ဓမ္မစကား နေ့တိုင်းကြားကာ လိုက်နာကြည်လင်ပြုပြင်စိတ်ရှိသော မွန်ပျိုမလေးသည် အရွယ်ရောက်လာသည်နှင့်အမျှ တလထော်အမည်၏ အဓိပ္ပာယ် "ဓမ္မအရှင်မ"နှင့် လိုက်လျောညီစွာ တရားသခင်မလေး ဖြစ်နေလေပြီ။

အလုပငေး ယဉ်ကျေးလိမ္မာ အပျိုစင်ကညာတစ်ဦးအဖြစ် တလထော်ကို လူသိများ၍ ထင်ရှားလာချိန်နှင့် "ဗုဒ္ဓဘာသာကို မကိုးကွယ်ရ"ဟူသော ဘုရင့်အာဏာစက် ထုတ်ဖော် ဖြန့်ကြက်ချိန်တို့မှာ ကာလ၊ ဒေသ၊ ပယောဂအားလျော်စွာ ကြုံကြိုက်တိုက်ဆိုင်နေလေ၏။ ရာဇအမိန့်အာဏာစက်ကို ကြောက်ရွံ့တုန်လှုပ်ကြသောကြောင့် တိုင်းသူပြည်သားများက ခိုးကြောင်ခိုးဝှက်အနေအထားမျှပင် မဆန့်ကျင်ရဲကြပါ။ ဗုဒ္ဓရုပ်ပွားဆင်းတုတော် နေဇယသူကြွယ် မိသားစုသည်လည်း မထားရှိ၊ မပူဇော်ဝံ့ကြ၍ သင့်တော်သော နည်းလမ်းများ ရှာဖွေလျက် ဖျောက်ဖျက်ကွယ်ဝှက်ထားခဲ့ကြလေ၏။

တလထော်ကား ရဲရင့်တက်ကြွ ဝံ့စားလှသော သတ္တိနှင့် ပြည့်စုံသူတစ်ဦးဖြစ်သည်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူမှ မရှိ၍ မမြင်မတွေ့ရစေကာမူ စိတ်က ရည်မှန်းလျက် ဗုဒ္ဓဂုဏ်တော်များကို ပွားများသည်။ ရှိခိုးပူဇော်သည်။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအာရုံတွင် နှစ်ခြိုက်ခုံမင်စွာ စီးဖြန်းနေတတ်သည်။ စားသောက်ရာ၊ သွားလာရာ၊ အလုပ်လုပ်ရာ၊ အိပ်စက်ရာ အခါသမယတို့တွင် အခွင့်ရတိုင်းရတိုင်း "နမောဗုဒ္ဓဿ"ကို သီချင်းတစ်ပုဒ်နှယ် အခါခါရင့်ကျူးလေ့ရှိသည်။ သူကြွယ်မနေဇယ၏ အာဂသမီးပါတကား။

အာဏာစက် ဖြန့်ကြက်ထားသည့် ထိုနှစ်တွင် ဟံသာဝတီနေပြည်တော်၌ မိုးခေါင် ရေရှားသည်။ စပါး၊ ပဲ၊ ပြောင်း အသီးအနှံ အထွက်ဆွတ်ရှား၍ အပျက်အစီးများသည်။ စားနပ်ရိက္ခာခေါင်းပါး၍ ငတ်မွတ်လာကြသည်။ ရေတွင်းများနှင့် ရေကန်ငယ်အချို့၌ ရေခန်းခြောက်သွားကြ၏။

တစ်ရက်တွင် တလထော်သည် အဖော်အပေါင်းများ၊ အထိန်းအယများနှင့်တကွ နေအိမ်မှ ထွက်လာ၍ ရေကန်ကြီးတစ်ခု၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုး သန့်ရှင်းခြင်းအမှုတို့ကို ပြုလုပ်ခဲ့ကြသည်။

အကြောင်းကံအားလျော်စွာ တလထော်တို့ အဖော်တစ်စုသည် ရေကန် ရေချိုးဆိပ်၏ ရေအောက်နေရာတစ်ခုမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှစ်ဆူတို့ကို စမ်းကိုင်ဆွဲနှုပ်မိ၍ ဖော်ထုတ် ဆောင်ယူလိုက်နိုင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

“ဟယ်…နမောဗုဒ္ဓာယ ရွှေရောင်တဝင်းဝင်းနဲ့ အဆင်း တင့်တယ်သပ္ပာယ်လိုက်တာနော်”

တလထော်လေးသည် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြင်၍ မဝနိုင်ရှာ။ အားရကျေနပ်စွာ ဉဒါန်းကျူးလာသည်။ ကျန် ကြွင်းသော အဖော်အထိန်းများမှာ အံ့အားသင့်စွာ နှုတ်ဖွင့် မပြောနိုင်အောင် မှင်တက်မိနေကြသည်။

“အို…အစ်မတို့၊ အဒေါ်တို့၊ ဖူးမြော်ကြစမ်းပါ။ ကြည်ညိုဖွယ်အတိ ရွှန်းရွှန်းအိနေတာပါကလားရှင်”

သတိဝင်လာသူ အဖော်တစ်ယောက်က တလထော် အား စကားထောက်၍ အသိပေးပါသည်။

“တလထော်…ဗုဒ္ဓရုပ်ပွားတော်ကို ကြည်ညိုပူဇော် ရင် မင်းဒဏ်သင့်လိမ့်မယ်။ ဘုရင့်အမိန့်ထုတ်ထားတယ်”

**ဆင်နင်း မီးရှို့ဘေးရန်နှင့် သစ္စာမန္တန်တော်**

မြတ်ဗုဒ္ဓ၏ အလေးနက်ဆုံး ကြည်ညိုသော မြတ်ဓမ္မ၌ အကိုင်းရှိုင်းဆုံး ရှိသေအားကိုးသော မွန်ပျိုဖြူလေး တလထော်သည် ထိုအဖော် သတိပေးစကားကို ကြားမိပါ သည်။ သို့သော် မလိုက်နာ။ မြတ်ဗုဒ္ဓ၏ ရည်မှန်းပူဇော်အပ် သော ဉဒ္ဒိဿစေတီတော်ထိုက်သော ရုပ်ပွားတော်ရစ်ဆွဲကို မစွန့်ပစ်နိုင်။ ကျောခိုင်းသွားရန် မဖြစ်နိုင်ပါ။ တလထော်ကို ချစ်လွန်းကြသဖြင့် သူ့ဆန္ဒအတိုင်း အဖော်များက ရုပ်ပွား တော်များကို သန့်ရှင်းစင်ကြယ်စေရန် ရေသပ္ပာယ်ပေးကြ သည်။ ရေကန်အနီး စေတီပျက်၏ ပန်းတင်ခုံပေါ်အထိ သယ်ပို့ပေးကြသည်။

“မိထော်… မင်းချင်းရဲမက်တွေကတစ်ဆင့် ဘုရင် သိသွားရင် နင် သေဒဏ်ခံရမှာနော်”

အဖော်တစ်စုက အကူအညီပေးရင်း၊ သတိပေးရင်း စကားတစ်မျိုးတည်းကို တဖွဖွပြောဆိုကြလေ၏။ အတန်ငယ် နားငြီးလာဟန်ရှိသော တလထော်က အဆုံးစွန် စကား တစ်ခွန်းဖြင့်သာ တုံ့ပြန်လိုက်ပါ၏။

“ကဲ - နမောဗုဒ္ဓာယ၊ သတ်ချင်ရင်လည်း သတ်ပစေ တော့။ မြတ်ဗုဒ္ဓဂုဏ်တော်ကို ပူဇော်လိုက်ဦးမယ်”

လူသူပရိသတ် စည်ကားသော ရေချိုးဆိပ်အနီးရှိ စေတီ ပျက်၌ တလထော်တစ်ယောက် ဗုဒ္ဓရုပ်ပွားတော် ရစ်ဆွဲကို ရှိခိုးပူဇော်နေသော သတင်းသည် ရုတ်ခြည်း ပျံ့လွင့်သွားသည်။ တိဿရာဇာ၏ အာဏာမိုးကြိုးစက်သည် လျှပ်စစ်လင်းပြက် သည်ထက် လျင်မြန်သောအဟုန်ဖြင့် တလထော်ထံပါးသို့ ဆိုက်ရောက်သွားတော့၏။ ဤကဲ့သို့အားဖြင့် ရေချိုးသန့်စင် ထားပြီး မြတ်ဗုဒ္ဓဂုဏ်တော်အား ရှုပွားနေဆဲ တလထော် သည် တရားခံတစ်ယောက်အနေအထားအတိုင်း ဟံသာဝတီ နန်းရင်ပြင်၌ တိဿရာဇာထံပါး ဒူးထောက် ခ,စားနေရရှာ သည်။

ဘုရင်က အဓိကအံချက်ကို စစ်မေး၍ တရားခံက အမှန်အဖြစ်အပျက်ကို လျှောက်တင်သည်။

“ငါ့အမိန့်တော်ကို ကျူးလွန်ပြီး ရုပ်ထုကို ပူဇော်တဲ့ ဒီအမိုက်မအား ဆင်နင်းသတ်ကြစေ”

“အို…”

“ဟင်…”

“ဟယ်…”

စသော အာမေဋိတ်သံများ၊ “အင်း…သနားစရာ ကလေးမ”ဟု ရေရွတ်သံများ ပေါ်လာ၏။ နန်းတွင်း ပရိသတ် နှင့် မင်းလိုလိုက် မင်းကြိုက် ခ,စားသူတို့က “နည်းတောင် နည်းသေး”ဟု ဩဘာပေးကြလေ၏။

မင်းရင်ပြင်၌ပင် တလထော်ကို အဝတ်ဖြူနှင့် ရစ်ပတ် ကာ လှဲချထားပါ၏။ ဆင်တင်းကုပ်မှ ဆင်တစ်ကောင်ကို ဆွဲယူလျက် အဝတ်ဖြူပုံပေါ်သို့ နင်းတက်သွားစေရန် ဆင် ဦးစီးတို့က မောင်းနှင်လာကြ၏။ ဆင်သည် အဝတ်ဖြူပုံအနီး သို့ ရောက်လျှင် ရုတ်ခြည်းပင် အရှိန်ကို တန့်ရပ်၏။ ချွန်း ဖွင့် မောင်းနှင်စေကာမူ ရှေ့သို့ မတိုး။ အကြိမ်ကြိမ်ကြိုးပမ်း သော်လည်း ဆင်ခြေက တစ်လှမ်းမရွေ့ပါ။ ကြာသော် ဆင် အော်၍ နောက်လှည့်ပြေး၏။

ဆင်တစ်ကောင်ဖြင့် မရလျှင် နောက်တစ်ကောင်။ အရက်မူးယစ်နေသော ဆင်တို့သည်ပင် ရှေ့သို့ မတိုး။ အဝတ် ဖြူပုံပေါ်သို့ မနင်း၊ မတက်ကြ။ အံ့ဩဖွယ်ရှိလေစွ။ ထူးခြား ပေစွ။

“ဆင်မနင်းရဲလျှင် မီးပြင်းစွဲ၍ သတ်စေ”ဟု သတ်မိန့် ပြင်ဆင်စေကာမူ အဝတ်ဖြူပုံသို့ မီးမစွဲခဲ့ပါ။ အကြိမ်ကြိမ် မီးရှို့နေသူတို့အား ကြည့်မြင်နေရဆဲ ပရိသတ်အတွက် ရင်ဖို တုန်လှုပ် ငုတ်တုတ်မေ့စရာပင်။ မီးမှ လွတ်မြောက်သော် လည်း တရားခံကား လွတ်လပ်မှု မရသေး။ အာဏာသားတို့ မြေကျင်းတူးနေကြပြန်ပြီ။

“ဒီတစ်ခါ သေရွာရောက်အောင် ကျင်းထဲထည့်ပြီး မြေဖို့ သတ်ကြ”

မကြာမီ တရားခံသည် ကျင်းထဲသို့ ပစ်ချခံရ၏။ တိဿရာဇာသည် လူသတ်ကွင်းသို့ ဆင်းလာခဲ့သော တရားခံ၏ အသက်သေဆုံးမှုကို မျက်ဝါးထင်ထင် ရှုစား

www.burmeseclassic.com

ကြည့်မြင်နိုင်ရန် မြေကျင်းအနီးအပါးအထိ ချဉ်းကပ်သွား၏။ သွားနေစဉ်တွင် စိတ်ကူးတစ်ခု ဖျတ်ခနဲ ပေါ်ထင်လာသည်။ စိန်ခေါ်စကား မြွက်မိပြီ။

"ရုပ်ထုကိုးကွယ်တဲ့ အမိုက်မ၊ ဆင်နဲ့ မီးက လွတ်လာပေမယ့် မြေဖုံးလိုက်ရင်တော့ အသက်ဆုံးမှာ သေချာတယ်။ အသက်မဆုံးခင် ရုပ်ထုက အသက်ကယ်နိုင်မလား ဆိုတာ ငါသိချင်တယ်။ အဲဒီ ရုပ်ထုက ဘယ်လောက်အစွမ်းထက်သလဲ။ ရုပ်ထုတစ်ခုပဲ ဖြစ်စေ၊ ရှစ်ခုလုံးဖြစ်စေ၊ ကောင်းကင်က ပေါ်လာနိုင်သလား။ ကောင်းကင်က ပေါ်လာတဲ့အထိ ရှုတ်ဖတ်ပြစမ်း။ အဲဒီလို ပေါ်လာတာကို ငါကိုယ်တော် မြင်ရရင် ရုပ်ထုကို ငါယုံကြည်မယ်။ အသက်ကိုလည်း ချမ်းသာပေးမယ်။ လုပ်ပြစမ်း အမိုက်မ"

နန်းရင်ပြင်ရှိ မှူးမတ်မင်းချင်း ပရိသတ်နှင့် တလထော်၏ အဖော်များ၊ မြို့တော်သူ မြို့တော်သား ပရိသတ်တို့၏ စိတ်သန္တာန်ဝယ် ရင်သပ်ရှုမောဖွယ် အံ့သြဘနန်း ဖြစ်ရပ်ဆန်းကို ခန့်မှန်းတွက်ဆ မြင်ကြရဦးမည်လား။ ဆင်နှင့် မီးဘေးတို့မှ ကင်းဝေးခဲ့သည်မှာ မျက်မြင်ဒိဋ္ဌ မဟုတ်ပါလား။ စိတ်မောဖွယ်ပါတကား။

တိဿရာဇာ၏ ကမ်းလှမ်းချက်နှင့်အညီ တရားခံသည် တုပ်ကွရိုကျိုး ရှိခိုး၍ သစ္စာပြုလေပြီ။

"ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဗုဒ္ဓဘုရား... တပည့်တော်မ တလထော်သည် ၁ဝနှစ်အရွယ်မှ အစပြု၍ ရတနာမြတ်သုံးပါးအား ကိုးကွယ်ရာအဖြစ် အလေးအမြတ် ဆည်းကပ်ခဲ့ပါ၏ ဘုရား။ ယခုရေချိုးရာမှ တွေ့ရှိခဲ့သော မြတ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှစ်ဆူတို့ကိုလည်း သန့်ရှင်းစင်ကြယ်စေပြီးနောက် ဓမ္မပူဇာအဖြစ် ဗုဒ္ဓါနုဿတိ ဘာဝနာ အားထုတ်ကာ ပူဇော်ခဲ့ပါသည် ဘုရား။ တပည့်တော်မအား တရားခံအဖြစ် သတ်မှတ်၍ ဆင်၊ မီးတို့ဖြင့် သတ်ဖြတ်ရန် ပြုသူတို့ကို ရန်ငြိုးမထား၊ မေတ္တာပွားခဲ့သဖြင့် အသက်ဘေးမှ ကင်းဝေးခဲ့ပါပြီ ဘုရား။ ဤစကားသည် မှန်သော သစ္စာစကားဖြစ်ပါ၏။ ဤသစ္စာစကား အာနုဘော်ကြောင့် ဘုန်းတော်အနန္တ သဗ္ဗညုတဉာဏ်တော်သခင် အရှင်မြတ်ကြီးသည် တပည့်တော်မ၏ ဦးထိပ်ခေါင်းတင် ကောင်းကင်ပြင်သို့ ဒေသစာရီ လှမ်းကြွချီတော်မူပါ။ တန်ခိုးဖွင့်ပြတော်မူပါ အရှင်မြတ်ဘုရား"

မြတ်ဗုဒ္ဓ၏ ဥပါသိကာတစ်ဦးအဖြစ် မိမိကိုယ်ကို သတ်မှတ်ခံယူထားသော မွန်လုကညာ တလထော်မျာသည် မိမိပြုသော သစ္စာစကားကို နန်းရင်ပြင် ပရိသတ်ကြားသိသောက်အောင် အသံထုတ်၍ ရွတ်ဆိုရာသည်။ ပြီးလျှင် တိတ်ဆိတ်ငြိမ်သက်စွာ ပြမြဲ ဘာဝနာဖြစ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသို့ သက်ဝင်စီးဖြန်းလေ၏။

**သရဇ္ဇာ အာဇာနည် (သို့မဟုတ်) အဂ္ဂမဟေသီ**

တလထော်၏ သစ္စာပြုသံ ကြားရသည်နှင့် နန်းရင်ပြင်သည် တိတ်ဆိတ်သွား၏။ ဆူညံနေသော ပရိသတ်သည်လည်း ငြိမ်ကျသွား၏။ အသက်ကိုမျှ ပြင်းပြင်းမရှူမထုတ်နိုင်။ ဘာပေါ်လာမည်နည်း။ ဘာဖြစ်လာနိုင်သနည်း။ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် တလထော်ရှိရာ မြေကျင်းဆီသို့ အာရုံရေးရှုလျက် ရှိလေ၏။

တိဿရာဇာကား စိတ်ရောကိုယ်ပါ ဂနာမငြိမ်။ အချိန်နှင့်အမျှ စိတ်လှုပ်ရှားနေသည်။ ရပ်လည်း မနိုင်၊ ထိုင်လည်း မရ၊ စင်္ကြံကွက ခေါက်တုံ့ခေါက်ပြန် ရာမောန်သွင်းနေရ၏။ အမိုက်မ တလထော်အား ဒေါသပွား၍ ပြစ်ဒဏ်ထားခြင်းအပေါ် မိမိစိတ်က ထိန်းမရအောင် လွန်ကျော်ပြီး ထူးခြားသော ရုပ်ရည်သွင်ပြင်နှင့် ကြည်လင်ပြတ်သားသော စိတ်ဓာတ်ခိုင်မာမှုကို မြင်သိ ကျေနပ်နေမိသည်။ ဘုရင်သည် မိမိစိတ်ကို သုံးသပ်နေဆဲ။

နန်းရင်ပြင် ပရိသတ်ကြီးသည် လှုပ်လှုပ်ရွရွဖြစ်လာသည်။ တစ်ယောက်တစ်သံဖြင့် ဆူညံလာပြီ။

"ဟဲ့... ကောင်းကင်မှာ ကြည့်ကြပါဦး။ ပြောင်ပြောင်လင်းလင်းတွေပါလား"

"အား... နတ်ဒေဝါများရဲ့ သခင် သိကြားမင်းကြီး၊ ဗြဟ္မာမင်းကြီး ကိုယ်ထင်ပြတာ ဖြစ်လိမ့်မယ်"

"ဟယ်... တရားခံကို ပြစ်ဒဏ်ချဖို့ တို့ဆရာ ဗြဟ္မာကြီး ကြွလာတာ နေမှာဗျ"

"ဟာ... ဟာ၊ မဟုတ်ဘူးဗျို့၊ ဗုဒ္ဓ တင်ပလ္လင်ခွေ ရုပ်ပွားတော်တွေပဲ"

"အဲ... အဲ... တစ်ဆူ၊ နှစ်ဆူ၊ အားလုံး ရှစ်ဆူဟေ့။ ဖူးမြင်ကြ၊ ဦးတင်ကြ၊ ကောင်းကင်မှာ ကြွလာပြီ"

ဗုဒ္ဓဘာသာဝင် ရှက်ပုန်းသီး ပရိသတ်သည် သဒ္ဓါဓာတ်ခံ နိုးကြားမြင့်တက်ဟန်ဖြင့် ကျုံးကျုံးထိုင်ချပြီး တုပ်ကွ ရိုကျိုးစွာ ကောင်းကင်ပျံ နန်းရင်ပြင် ဝေဟင်စံ ဗုဒ္ဓတန်ခိုးတော်ရှင်အား ရှိခိုးကန်တော့ကြလေ၏။

မင်းမှာ သစ္စာ၊ လူမှာ ကတိဟူ၍ ဆိုရိုးရှိသည်။

တလထော်တို့၏ အဖြစ်ကား လူမှာ သစ္စာ၊ မင်းမှာ ကတိတည်ရမည့်ကိန်း ဆိုက်နေပေ၏။ မှူးမင်းရင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိ၍ ကန့်စွန်းခင်းလည်း ငြိနေခဲ့သော တိဿရာဇာသည် ကတိကို မဖျက်။ သစ္စာလည်း ပျက်ယွင်းမှု မရှိခဲ့ပါ။ ဗုဒ္ဓရုပ်ပွားတော်ကို ယုံကြည်လျက် တလထော်၏ အသက်ကို ချမ်းသာပေးလိုက်၏။ မြေကျင်းထဲမှ ထုတ်ဆယ်ခံရပြီးနောက် တလထော်လေးသည် ဘုရင့်ရှေ့မှောက်သို့ ဝင်ရောက် ခစားရပြန်သည်။

"နမယေ်... သင့်မန္တာန်သည် စွမ်းပကား ထက်မြက်၏။ သင့်ဆရာ ဗုဒ္ဓရုပ်ပွားတော်များသည်လည်း တန်ခိုးကြီးမားလှ၏။ နန်းရင်ပြင်၌ ဤအသွင်ထူးကို ရှေးယခင်က မမြင်ဖူးခဲ့။ ငါဘုရင် အထူးအားရကျေနပ်လှ၍ သင့်အား ဆုချသနားမည်။ အလိုရှိရာ တောင်းဆိုပါလော့ နမယေ်"

"အရှင်မင်းကြီး... အကျွန်ုပ်တို့ဆရာ မြတ်ဗုဒ္ဓသည် သက်တော်ထင်ရှား မရှိတော့ပြီ။ မြတ်ဗုဒ္ဓကိုယ်စား ရုပ်ပွားတော်များကို ဥဒ္ဒိဿစေတီအဖြစ် ထားရှိကာ ကိုးကွယ်ပူဇော်နေကြရပါသည်။ ယခု ထိုရုပ်ပွားတော် ရုပ်ထုများသည်ပင် ဤမျှဤရွေ့ ဘုန်းတန်ခိုး ထွန်းလင်းကြီးမားပုံကို ဒိဋ္ဌမမြင်တွေ့နေကြပြီ။ သက်တော်ထင်ရှားရှိစဉ်က မြတ်ဗုဒ္ဓသည် မည်ရွေ့မည်မျှ ဘုန်းတန်ခိုးတောက်ပ ကြီးကျယ်မည်ကို မှန်းဆသိရှိပါလော့။ အကျွန်ုပ်သည် ဆုကို အလိုမရှိပါ။ သို့ရာတွင် အရှင်မင်းကြီး ယုံကြည်ကိုးကွယ်ထားသော ဗြာဟ္မဏဝါဒီ ဆရာကြီးများ၏ အသက်ထင်ရှား ခန္ဓာကိုယ်များဖြင့် ကောင်းကင်ပျံနိုင်သော မန္တန်အစွမ်းကို မြင်တွေ့လိုပါ၏။ အရှင်မင်းကြီးက သူတို့အား အများပရိသတ်ရှေ့တွင် ကောင်းကင်သို့ ပျံတက်စေရန် အမိန့်ပေးခြင်းကိုသာ တောင်းဆိုပါ၏ ဘုရား"

အကြောင်းအချက် မှန်ကန်၍ လက်တွေ့ဆန်လှသော တလထော်လေး၏ နှုတ်ရေးကြွယ်ကြွယ် စကားပရိယာယ်ကို တိဿရာဇာ မပယ်မလှန်သာသဖြင့် အမိန့်ထုတ်ဆင့်ကာ ဆရာကြီးများအား မန္တန်ရွတ်စေပါတော့၏။ ဗြာဟ္မဏအကျော် နန်းတွင်းပျော် မင်းဆရာကြီးတို့သည် ဘဂဝါဂီတကျမ်းစာဖတ်မှု၊ မဟာဘာရတနှင့် ရာမာယနကျမ်းစာဖတ်မှု၊ ဥပနိသျှကျမ်း၊ ပူရာဏ်ကျမ်းလာ မန္တန်ရွတ်မှုအသီးသီးဖြင့် ဟိတ်ဟန်ထုတ်ကာ အလုပ်များလျက်ရှိကြသည်။ နန်းရင်ပြင်မှ တစ်ပေမျှပင် လေထက်သို့ မပျံတက်သေး။ နာရီအတန်ကြာညောင်းလျှင် ခုန်တက်ရန် အားပြုလိုက်၊ ဖြုတ်ခနဲ ပြန်ကျလိုက်နှင့် မောဟိုက်ယိုစီး ချွေးဒီးဒီးကျနေလေတော့၏။

ဣန္ဒြေမရဘဲ အခြေမလှတော့သော ဗြာဟ္မဏဆရာကြီးများအား စိတ်ပျက် စိတ်ကုန်သွားပြီဖြစ်၍ တိဿရာဇာသည် သူတို့အား အရာမှ နုတ်ပယ်သည်။ အလုပ်ဖြုတ်ချမှတ်၍ အဝေးရပ်သို့ နယ်နှင်စေသည်။

ဘုရင်က စူးစမ်းသဖြင့် တလထော်က သူယုံကြည်ကိုးကွယ်မှုအစစ်ကို ဖွင့်လှစ်တင်လျှောက်ပါ၏။

"တပည့်တော်မ၏ သရဏဂုံသည် တစ်ဆင့်နားကြား သဒ္ဓါပွား၍ သုံးပါးရတနာ၌ သာမန်ဆည်းကပ်သော သုတသရဏဂုံမျိုး မဟုတ်ပါကြောင်း။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ လျှော့ပါးစေလျက် ခန္ဓာငါးပါး ဓာတ်တရားတို့၏ ဖြစ်မှု ပျက်မှုတို့ကို မြင်သိစေရန် ကြိုးပမ်းနေသော သမ္မာဒိဋ္ဌိဉာဏ်လက်ကိုင်ရှိသူ၏ "ဒိဋ္ဌသရဏဂုံမျိုး"ဖြစ်ကြောင်း၊ ဒိဋ္ဌသရဏဂုံတည်ပါမှ တခြားအယူဝါဒသို့ စိတ်မယိုင်၊ စိတ်မပြောင်းကြောင်း၊ ထာဝရဘုရားထံသို့ မဟာဗြဟ္မာကြီးထံသို့ အယူပြောင်း စိတ်ရောက်သွားခြင်းသည် သုတ သရဏဂုံမျိုး၌ ပေါ်ပေါက်တတ်ပါကြောင်း"

ဤသို့အားဖြင့် တိဿရာဇာသည် ဗုဒ္ဓဝါဒ၌ ဒိဋ္ဌသရဏဂုံတည်သူ ဘုရင်တစ်ပါးဖြစ်လာခဲ့၏။ တလထော် မွန်ပျိုမဒီသည်လည်း ဟံသာဝတီ ရွှေနန်းတော်၏ "အဂ္ဂမဟေသီ" တင်မြှောက်ခံရပြီးလျှင် သုဘဒ္ဒါ (သို့မဟုတ်) ဘဒြာဒေဝီ အမည်ဖြင့် မိဖုရားခေါင်ကြီးဖြစ်ခဲ့လေသည်။ ဒိဋ္ဌသရဏဂုံ၏ ကောင်းကျိုးချမ်းသာပေတည်း။

မကြာမီကာလတွင် ဇင်းမယ်ဒေသမှ လော၊ ထိုင်း၊ ယွန်းစစ်သည်တို့က ဟံသာဝတီပဲခူးသို့ ဝင်ရောက်နှောင့်ယှက်ကြသည်။ တိဿရာဇာ အကူအညီတောင်းခံသဖြင့် ပုဂံမှ စစ်သည် လေးသိန်း ဆင်းလာပြီး တိုက်ခိုက်နှိမ်နင်းခဲ့သည်။ သမီးတော် မဏိစန္ဒာ(ခင်ဦး)ကို ပုဂံမင်းထံ ပဏ္ဏာဆက်၍ ချစ်ကြည်စွာ မိတ်ဖက်ပြုခဲ့၏။ တိဿရာဇာနှင့် အဂ္ဂမဟေသီတို့က ဆင်းတုတော်တစ်ဆူကို နန်းဦး၌ ကိုးကွယ်ထား၍ ကျန် ၇ဆူကို စေတီခုနစ်ဆူတည်ပြီး ဌာပနာသွင်းနှံ ပူဇော်ခဲ့ကြပါသတည်း။■


* * *

မှုံ့ဓောနော်ခေ


ကျမ်းကိုး

- မြန်မာ့သမိုင်းနိဒါန်း (ဒေါက်တာ သန်းထွန်း)။
- မေတ္တာနှင့် သစ္စာ (ဒေါက်တာ မင်းတင်မွန်)။
- မွန်တို့ဌာနေ ရာမည (မာမက-သုတေသီ)။
- ကန်ကြီးစေတီတော်သမိုင်း (ဂေါပကအဖွဲ့ခွဲ၊ [illegible])။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလမှ အဆက်…

"ဗျို့…ဆရာဆန်း"

"ထိုင် - မောင်သောင်း၊ ဒီတစ်ပတ် ရှေ့ဆက်မယ် နော်"

"ပြော်…ဟုတ်ကဲ့၊ ဆက်ကြစို့"

"ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏-ဆိုတဲ့ အထဲမှာ ပါတဲ့ "မာန်လျှော့" နဲ့ "ကန်တော့ပါ၏" ဆိုတဲ့ ဆိုလိုရင်းနှစ်ခုကို ဆွေးနွေးကြည့်ရအောင်။ မင်းသိတဲ့အတိုင်း မာန်လျှော့ဖို့ဆိုတာ သိပ်အရေးကြီးတယ်။ လူတွေဟာ အဲဒီ မာန်လျှော့ဖို့ကိစ္စကို အလွန်ဝန်လေးကြတာ။ သူလည်း လူ၊ ငါလည်း လူ၊ သူလည်း ပညာတတ်၊ ငါလည်း ပညာတတ်ပဲ စသဖြင့် မာန်မာနထားတတ်ကြတယ်။

တကယ်တော့ မာနဆိုတာ အကုသိုလ်စေတသိက်ပါ။ အကုသိုလ်ဟု ဆိုတဲ့အတွက် မာန်ထားနေသမျှ အကုသိုလ် ဖြစ်နေတာပဲ။ ဆင်ခြင်ကြည့်ရင် မထားသင့်တာ တွေ့ရပါ မယ်။ လူအချင်းချင်း၊ လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း စသည်တို့ ခိုက်ရန်ဖြစ်ပွားခြင်း၊ စစ်ပွဲများ ဆင်နွှဲခြင်း၊ ကြီးနိုင် ငယ်ညှဉ်းပြုကြခြင်းတို့ဟာ ဒီမာနတရားကို အခြေခံပြီး ပြုမူ ကြတာ များပါတယ်။ ဒါကြောင့် မာနအကြောင်းလေး နည်းနည်းပြောကြဦးစို့"

◈◈◈

ထောင်လွှား တက်ကြွခြင်းသဘောဟာ မာန်မာနပါ တယ်။ မာနစာတ်ခံရှိသူဟာ တံခွန်အလံကို စိုက်ထောင် ထားသလို အများအပေါ် မောက်မာလိုတယ်၊ ကြွတတရှိ တယ်။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာရှိခြင်း၊ ပညာရှိခြင်း၊ အဆင်းလှပခြင်း၊ ရောဂါကင်းခြင်း စတဲ့ ဂုဏ်တွေနဲ့ သူများ ထက် သာနေတဲ့အခါ "ငါက သင်းတို့နဲ့ တူလို့လား။ ငါနဲ့ အဖက်တန်လို့လား"ဟု ကိုယ့်ကိုယ်ကို အထင်ကြီးကာ၊ သူတစ်ပါးကို အထင်သေးတတ်တယ်။

သူများထက် မသာဘဲ၊ တန်းတူဖြစ်နေပြန်ရင်လည်း မာနစာတ်ခံရှိနေသူအနေနဲ့ "သင်းနဲ့ ငါ ဘာထူးသေးလဲ၊ သူလောက်တော့ ငါလည်း ရတာပဲ။ လင်းတလောက်တော့ ငှက်တိုင်း လုတာပဲ"ဟူ၍ တန်းတူပေမယ့်လည်း မာန်တက် ပြန်တာပဲ။ ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာတို့ အောက် တန်းကျပြန်လျှင်လည်း မာနစာတ်ခံရှိသူမှာ "သူတို့က ငါ့ ထက်သာတော့ရော ငါက ဘာအရေးစိုက်ရမှာလဲ။ ကိုယ့်ရှိ မှ ကိုယ်စားရ၊ ကိုယ်လုပ်မှ ကိုယ်ရတာပဲ"ဟု အောက်ကျ ပေမယ့် မာန်ပြုကတော့ မပျက်ပါဘူး။

မိမိ အမျိုးကောင်းမှ ဆင်းသက်လာသူဖြစ်တဲ့အတွက် ဇာတိမာန်၊ အထိုက်အလျောက် ဥစ္စာဓနရှိလို့ ဓနမာန်၊ စာပေ တတ်ကျွမ်း နားလည်လို့ ပညာမာန်၊ အဆင်းနဲ့ ပြည့်စုံလို့ အဆင်းမာန် စသည်ဖြင့် အမျိုးမျိုးမာန်တက်ကြပြန်ပါတယ်။ ဒီလိုသာ မာန်တက်ကြစတမ်းဆိုလျှင် နိဗ္ဗာန်စံဝင်ပြီးဖြစ်တဲ့ သူတော်ကောင်းတွေဟာ ဖော်ပြခဲ့တဲ့ မာန်မာနတွေ မိုးထိ အောင် လေကားမထောင်ဘဲ တက်နိုင်ကြပါတယ်။

နစ်လုံး လေပင့်၊ ဘဝမြင့်သူအလား ထောင်လွှား တက်ကြွ မာန်မာနတက်နေခြင်းတို့ဟာ သူတစ်ပါးတို့ မြင်ပြင်း ကပ်ဖွယ်ရာ အကျိုးမဲ့ကိုသာ ဖြစ်စေရုံသာမက၊ နောက် နောက် ဘဝတို့၌လည်း အကျိုးယုတ်ဖို့သာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ဘဝ အဆင့်မြင့်ဖို့အရေး မျှော်ကိုး ကာ၊ အစွယ်ကျိုးတဲ့ မြွေ ဦးချိုကျိုးတဲ့ နွားခြေသုတ်ပုဆိုးတို့ အလားကဲ့သို့ တက်ကြွနေတဲ့ မာန်စွယ်ကို နုတ်ပယ်ထားရ မှာ ဖြစ်ပါတယ်။ ယခု ဘုရားရှင်ကို ကန်တော့ရာမှာလည်း ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပုံဖော်ကာ အာရုံပြုလျက် မာန်ကို လျှော့ထားခြင်းအား မာန်လျှော့ဟု ဆိုထားခြင်း ဖြစ်ပါတယ်။

"ပြီးတော့ ဘာလဲ၊ ကန်တော့အကြောင်း ဆက်ရှင်းရ အောင်"

"ဟုတ်ကဲ့ ဆရာဆန်း"

◈◈◈

ရတနာသုံးပါးနှင့် စပ်၍ ဟိတ်ဟန်မပြဘဲ ဖော်ပြခဲ့တဲ့ မာန်မာနတွေ လျှော့၍ ကန်တော့ပါ၏။ အပြစ်ရှိလျှင်လည်း ပြေပျောက်ရပါစေသည်ဟူ၍ ကန်တော့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကန်တော့၍ အပြစ်ပြေနိုင်၊ မပြေနိုင် ကြည့်ဖို့ လိုပါမယ်။

ဆရာ၊ မိဘ၊ ဘိုးဘွား စသည်တို့နှင့် ရတနာသုံးပါး အပေါ်တို့၌ ပြစ်မှားမိတဲ့ သာမန်အပြစ်တွေမှာ ပြစ်မှားခံရသူရဲ့ ရှေ့မှာ လည်းကောင်း၊ ထိုပြစ်မှားခံရသူ မရှိတော့လျှင်လည်း ထိုသူ၏ သင်္ချိုင်းဂူသို့သွား၍ လည်းကောင်း၊ ထိုသို့ မသွားနိုင် လျှင် ဘုရားရှင်ထံ၊ သံဃာတော်များထံ၌ လည်းကောင်း နောင်တရသဖြင့် စိတ်ပါလက်ပါ မာန်မာနလျှော့၍ ကန်တော့ ရိုးမှန်လျှင် ပြေပျောက်နိုင်ပါတယ်။

လွန်စွာ ကြီးလေးသော အပြစ်နှင့် သူ့အသက်သတ် ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော အပြစ်များကား တောသဖန်

www.burmeseclassic.com

ကန်တော့ရုံမျှနှင့် မပြေပျောက်နိုင်ပါ။ ဒါပေမယ့် နောင်တရသဖြင့် ထိုအကုသိုလ်မျိုး ထပ်မဖြစ်နိုင်အောင် ကုသိုလ်ကိုသာ အားထုတ်နေလျှင် အချို့သော အကုသိုလ်တွေ အကျိုးပေးခွင့်မရတော့ဘဲ ပြေပျောက်တတ်ပါတယ်။

ဒီနေရာမှာ ကန်တော့တာနဲ့ ပတ်သက်ပြီး ဆက်ပြောရအောင်။

ကန်တော့တဲ့ ကုသိုလ်မှုဟာ အင်မတန် အကျိုးများတဲ့ ကုသိုလ်မှုဖြစ်ပါတယ်။ အခုကာလ ကန်တော့ပုံတွေဟာ တောင်းပန် ဝန်ချတာ မပါတဲ့ လက်အုပ်ချီပြီး ရှိသေဝပ်ချရုံနဲ့ ပြီးသွားကြပါတယ်။ ဒီလို ကန်တော့တာဟာ အမှန်တော့ ပုံစံမကျပါဘူး။ အမှန်မှာ လက်အုပ်ချီတာက ဥလီကမ္မ၊ ရှိခိုးတာက ဝန္ဒနာကမ္မ၊ ဦးနှိမ်တာက သာမိစိကမ္မလို့ ခေါ်ပါတယ်။ ဒီလိုလုပ်ရုံနဲ့ ဝန်ချ တောင်းပန်တာလို့ ပြောလို့ မရသေးပါဘူး။ အရိုအသေပေးတဲ့ အဆင့်ပဲ ရှိပါသေးတယ်။ ကန်တော့ တောင်းပန်ခြင်းမြောက်သွားအောင် နှုတ်က မြွက်ဆိုပြီး တောင်းပန် ကန်တော့တာကျမှသာ ကန်တော့ တောင်းပန်တာ ဖြစ်ပါတယ်။

ဒီလို နှုတ်က မြွက်ဆို တောင်းပန်ရာမှာ ဩကာသ ကန်တော့ချိုးကို ရွတ်ဆို၍ ဖြစ်စေ၊ တပည့်တော် ပြစ်မှားမိသော (သို့မဟုတ်) ကျွန်တော်/ ကျွန်မ ပြစ်မှားမိသော အပြစ်ကြီး၊ အပြစ်ငယ်များကို ဝန်ချ တောင်းပန်ပါတယ်လို့ ဆိုပြီး ကန်တော့မှသာ တောင်းပန်ခြင်းကိစ္စ ပြီးမြောက်ပါတယ်။ ဒီလို တောင်းပန်လိုက်ခြင်းကြောင့် မိမိမှာ တင်ရှိနေတဲ့ အပြစ်တွေအားလုံး ပြေငြိမ်းသွားပါတယ်။

သာဓကတစ်ခုပြောရလျှင် အဇာတသတ်မင်းဟာ အဖေကို သတ်တဲ့ ပိတုဃာတကကံကြီးထိုက်နေတော့ နတ်ရွာနိဗ္ဗာန်ကို မရောက်နိုင်တော့တဲ့အပြင်၊ အဝီစိ ငရဲမှာ တစ်ကမ္ဘာပတ်လုံး ခံစားရမယ့် အပြစ်ကြီး ရှိနေပါတယ်။ ဒီအပြစ်ကြီးကို သိလာပြီဖြစ်တဲ့ အဇာတသတ်မင်းဟာ သဗ္ဗညု မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး "ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား၊ တပည့်တော်က မိုက်မဲလုစွာ မလိမ္မာတဲ့အတွက် ဖခင် မင်းမြတ်ကို မင်းပြုလိုတဲ့ အကြောင်းကြောင့် သတ်ဖြတ်မိခဲ့ပါတယ်။ တပည့်တော်မှာ ရှိတဲ့ ထိုအပြစ်ကို အရှင်ဘုရားအနေနဲ့ သည်းခံ ခွင့်လွှတ်တော်မူပါ ဘုရား"လို့ ကန်တော့ တောင်းပန်လိုက်ပါတယ်။

အဲဒီလို တောင်းပန်လိုက်တဲ့ ကံက ကယ်ဆယ်လိုက်တဲ့အတွက် အဇာတသတ်မင်းဟာ အဝီစိငရဲမှာ ခံရမယ့် အပြစ်က လွတ်မြောက်ပြီး လောဟကုမ္ဘီငရဲမှာ အနှစ်




ခြောက်သောင်းမျှသာ ခံရတော့တယ်လို့ ဗုဒ္ဓဝင်မှာ လာတယ်။ ငရဲက လွတ်လာရင်လည်း "ဝိဇိတာဝီ"အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ(သီးခြား)ဘုရားငယ်တစ်ဆူအဖြစ် ပွင့်ထွန်းပေါ်ပေါက်ပြီး ပရိနိဗ္ဗာန်ပြုရမယ်လို့လည်း ဘုရားရှင်က မိန့်တော်မူကြောင်း ကျမ်းဂန်မှာ လာသဗျာ။

◈◈◈

ပြီးတော့ ကြားရခဲ၊ တွေ့ရခဲတဲ့ အဲဒီ ကန်တော့တဲ့ မိသားစုတစ်စုအကြောင်း ပြောဦးမယ်။

လှိုင်သာယာမြို့နယ်၊ ရွှေရင်အေးစေတီတော်ကြီး တည်ရှိတဲ့ ကျုံစုရွာမှာ အသက် ၆၀ ကျော်ရှိတဲ့ ဗေဒင်ဆရာကြီးတစ်ဦးရှိတယ်။ လှိုင်သာယာမြို့ စတည်ကတည်းက ဗေဒင်ဆရာကြီးပေါ့။

သူ့ဇနီးရယ်၊ သားအကြီး၊ သမီးလတ်၊ ငယ်ဆိုပြီး မိသားစု ၅ဦး ရှိတယ်။ ဆရာကြီးက အာဇီဝဋ္ဌမကသီလ အမြဲဆောက်တည်တယ်။ သူ့ဇနီးက တစ်နေ့ နှစ်ကြိမ် တရားထိုင်တယ်။ ပုတီးလည်း စိပ်တယ်။ အဲ - တနင်္ဂနွေနေ့တိုင်း လက်ဖက်ပွဲတစ်ပွဲ ကျကျနနသုပ်ပြီး ည ထမင်း မစားမီ ဇနီးနဲ့ သားသမီးတွေက တန်းစီပြီး လက်အုပ်ချီပြီး ကန်တော့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အဖေကြီး…ဒီတစ်ပတ်အတွင်းမှာ ကိုယ်အမှုအရာများ၊ နှုတ်အမှုအရာများ ရှိခဲ့ပါက တောင်းပန် ကန်တော့ပါတယ်။ သည်းခံ ခွင့်လွှတ်တော်မူပါ"လို့ နှုတ်က ညီညီညာညာ ရွတ်ဆိုပြီး ဆရာကြီးကို ကန်တော့တယ်။ ပြီးတာနဲ့ ဇနီးဖြစ်သူက ခေါင်းရင်းဘက် ဆရာကြီးအနီး သွားထိုင်တော့ ကျန်တဲ့ သားသမီးသုံးယောက်က "အမေကြီး…"အစချီတဲ့ ကန်တော့ပုံ နှုတ်နဲ့ ပြိုင်တူရွတ်ဆိုပြီး အမေကို ကန်တော့ကြပြန်တယ်။ နောက် အစ်ကိုကြီးကိုလည်း ညီမများက ကန်တော့၊ အငယ်ဆုံးက အလတ်ကို ကန်တော့။ ကန်တော့ခံယူသူအဆင့်ဆင့်ဟာ သေသေချာချာထိုင်ပြီး ကန်တော့ခံယူ မေတ္တာပို့တယ်။

အဲဒါ တနင်္ဂနွေနေ့တိုင်း လုပ်တာ။ နှစ်ပေါင်း ၃၀ ကျော်ပြီလို့ ဆရာကြီးက ပြောတယ်။ ကန်တော့တဲ့ အကျိုးကြောင့် အဲဒီ မိသားစုမှာ စကားငြင်းခုန်ပြောဆိုခြင်း၊ ဒေါသအမျက်ထွက်ခြင်း မရှိကြဘူး။ ငါးအရှင် မစားဘူး။ ဝက်သား၊ အမဲသား မစားကြဘူး။ ငါးပါးသီလကို လုံအောင် ထိန်းကြတယ်။ ခြင်မရိုက်ဘူး။ ကြမ်းပိုး မသတ်ဘူး။ သန်းလည်း မသတ်ဘူး။ ရှိလည်း မရှိကြဘူး။ အလွန်အေးချမ်းသာယာစွာ နေထိုင်ကြရတာကို တွေ့ရှိရတယ်။ စီးပွားရေးလည်း အကောင်းကြီးမဟုတ်ပေမယ့် မညံ့ကြဘူး။ ရသလောက်နဲ့ တင်းတိမ်ကြတယ်။ သိသိသာသာ အေးချမ်းလွန်းတာ တွေ့မြင်ရတယ်။ သူတို့ အနာဂတ်ကို မကြည့်သေးနဲ့ဦး၊ ပစ္စုပ္ပန်အခြေအနေမှာကိုပဲ တော်တော်အေးချမ်းတာ တွေ့ရတယ်။ အမှန်တော့ အေးချမ်းတယ်ဆိုတာ အပူကင်းလို့ အေးတာပဲ။ ရှင်းရှင်းလေးပဲလေ။ အပူနည်းနည်းရှိရင် နည်းနည်းပဲ အေးမယ်။ ဒီလိုမဟုတ်လား။ ဒါလည်း ဒီခေတ်မှာ အတော်ရှားပြီး ချီးမွမ်း အံ့ဩစရာ မိသားစုလို့ ပြောရမှာပဲ။ အဲဒီတစ်ရွာလုံး လေးစားကြတယ်။ ဆရာကြီးက ရပ်မိရပ်ဖကော်မရှင်အဖွဲ့ဝင်။ ရွှေရင်အေးစေတီတော်ဂေါပက တွဲဖက်အတွင်းရေးမှူးအဖြစ်၊ ရွာဆွမ်းလောင်း ဓမ္မာရုံ နာယကအဖြစ် လေးစားစရာအလုပ်တွေ လုပ်နေတယ်လေ။

◈◈◈

"ဒီခေတ် ဒီလို ကန်တော့တဲ့ မိသားစု ရှားသွားပြီနော် ဆရာဆန်း။ ကျွန်တော်တော့ မတွေ့ဖူးပါဘူး။ ရိပ်သာတွေ၊ စခန်းတွေဝင်ကြတဲ့ မိသားစုတွေလည်း သူတို့အိမ်မှာ ဒီလို လုပ်ရကောင်းမှန်း မသိလို့လားတော့ မသိဘူးဗျာ"

"အေးလေ၊ ဒီ သာဓကတွေကို ကြည့်ပြီး၊ မှတ်သားပြီးတော့ ကန်တော့ တောင်းပန်ခြင်းဟာ ဘယ်လောက်အကျိုးများတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ လူတိုင်း မလုပ်နိုင်ကြဘူး မဟုတ်လား။ ကန်တော့ တောင်းပန်တဲ့ ကိစ္စမှာ ကန်တော့ တောင်းပန်ရမယ့် ပုဂ္ဂိုလ် ထင်ရှားမရှိတော့ရင်လည်း ထင်ရှားတဲ့ သံဃာတစ်ပါးပါးထံ သွားပြီးတော့ "အရှင်ဘုရား… တပည့်တော်ဟာ ဘယ်ပုဂ္ဂိုလ်ကို ပြစ်မှားမိပါတယ် ဘုရား။ တပည့်တော် ပြစ်မှားမိတဲ့ အပြစ်ကို ဝန်ချ တောင်းပန်ပါတယ် ဘုရား"လို့ တောင်းပန် ကန်တော့လိုက်ရင် အပြစ်တွေ ပြေပျောက်သွားပါတယ်။ ကန်တော့ခံမယ့် ပုဂ္ဂိုလ်ဟာ စုတေသွားရင်၊ ထိုပုဂ္ဂိုလ် မြှုပ်နှံထားရာ သင်္ချိုင်းအုတ်ဂူ သုသာန်ကို သွား၍ ကန်တော့ တောင်းပန်လိုက်မယ်ဆိုရင်လည်း အပြစ်တွေ ပြေပျောက်သွားပါတယ်လို့ ကျမ်းဂန်များမှာ လာရှိပါတယ်။

ဒါကြောင့် ကန်တော့ခန်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို မှတ်သား နာယူထားပြီး ကန်တော့ တောင်းပန်မှုကို လေးလေးစားစား ဂရုစိုက် လိုက်နာပြုသင့်ကြောင်း စကားစပ်လို့ တင်ပြရတာပါ။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက မိဘဘိုးဘွား ဆရာသမားများ စသည်တို့ကို ကန်တော့ကြရာ၌ ဩကာသ ကန်တော့ချိုးဖြင့် ကန်တော့နေကြခြင်းမှာ သူ့နေရာနှင့်သူ မသုံးတတ်ကြလို့ ကန်တော့နေကြတာ ဖြစ်တယ်။ အချိန်၏ တန်ဖိုးကို နားလည်ကြသော အမျိုးသား၊ အမျိုးသမီးတို့သည် ဩကာသ ကန်တော့ချိုးကို နေရာတိုင်းတွင် အသုံးမပြုကြဘဲ ရှိသေစွာ အနီးသို့ ချဉ်းကပ်ပြီး လျှောက်ထားဖွယ်၊ နာယူဖွယ်များကို လျှောက်ထား နာယူပြီး ရိုကိုးဦးချပြန်ကြရန် ဖြစ်ကြောင်း မိန့်ကြားထားပါတယ်။ ထို့ပြင် ကန်တော့ရာ၌ နေရာဌာနအလိုက် ကန်တော့သင့်၊ ဆုတောင်းသင့်ကြောင်းတို့ကိုလည်း ညွှန်ကြား ပြသခဲ့ပါတယ် ■

ရှေ့လက် ဆက်ပါဦးမည်


* * *

ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



သုံးလောကထွင့်ထား မြတ်စွာဘုရားသည် သူ၏ ဇာတိဖြစ်သော ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် ကျောင်းအမဖြစ်လာမည့် "ရောဟိဏီ" အမည်ရှိ ခတ္တိယနွယ်ဝင် သတို့သမီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူခဲ့လေသည်။

ရှင်အနုရုဒ္ဓါမထေရ်သည် နောက်ပါ ရဟန်း ငါးရာနှင့်အတူ ကပိလဝတ်ပြည်သို့ ကြွလေတော်မူသောအခါ ရှင်အနုရုဒ္ဓါ၏ ဆွေတော်မျိုးတော်များသည် ရှင်အနုရုဒ္ဓါအား လာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ရောက် ဖူးမြော်ကန်တော့ကြပြီး ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများ ပြုကြလေသည်။ ဤသို့ ရှင်အနုရုဒ္ဓါမထေရ်အား လာရောက် ဖူးမြော်ကန်တော့ကြသူများတွင် နှမတော်တစ်ဦးဖြစ်သော ရောဟိဏီကို မတွေ့မြင်သဖြင့် ရောဟိဏီ လာရောက် မဖူးမြော်ခြင်းအကြောင်းကို မေးမြန်းလေသည်။

ထိုအခါ ဆွေတော်မျိုးတော်များက ရောဟိဏီသည် ကုဋ္ဌနူနာရောဂါစွဲကပ်နေပြီး တစ်ကိုယ်လုံးရှိ စက်ဆုပ်ဖွယ်ရာ အနာများကြောင့် လူမြင်မခံဝံ့၊ ရှက်ရွံ့သဖြင့် လာရောက်မဖူးမြော်ခြင်းဖြစ်ကြောင်း လျှောက်တင်ကြလေသည်။ ဤသို့ လျှောက်တင်ကြသောအခါ ရှင်အနုရုဒ္ဓါက ရောဟိဏီအား သူမ၏ မမြင်ဝံ့စရာ အနာများကို အဝတ်သင်တိုင်း ခြုံလွှာများ ခြုံလွှမ်းဖုံးကွယ်စေပြီး သူ့ထံ ခေါ်ဆောင်လာကြရန် မိန့်ကြားလေသည်။ ရောဟိဏီလည်း နောင်တော် ရှင်အနုရုဒ္ဓါ၏ စကားကို မပယ်ရှားသဖြင့် အနာများကို အဝတ်သင်တိုင်းများ ဖုံးကွယ်ကာ ရှင်အနုရုဒ္ဓါကို လာရောက်ဖူးမြော်ကန်တော့လေသည်။

ရောဟိဏီကို တရားမေ့ဆေးဖြင့် ကုသပေးလိုသဖြင့် ခေါ်ယူလိုက်သော ရှင်အနုရုဒ္ဓါသည် ရောဟိဏီ ရောက်လာသည်နှင့် အကျိုးတရားမှန်သမျှသည် အကြောင်းတရားကြောင့်သာ ဖြစ်သည်ဟု အစချီပြီး အကုသိုလ်ကြောင့်ဖြစ်သောမီးကို ကုသိုလ်ရေဖြင့် ငြိမ်းသတ်ရသည်။ ရောဟိဏီ ယခုခံစားနေရသော ကုဋ္ဌနူနာရောဂါသည် အတိတ်က ပြုခဲ့သော အကုသိုလ်ကြောင့် ဖြစ်ရသည်ဟုဆိုကာ ဆက်လက်မိန့်ကြားသည်မှာ ဒါနမှုများတွင် ကျောင်းအလှူဒါနသည် ကောင်းကျိုးအများဆုံးဖြစ်သည်။ သို့ဖြစ်၍ ရောဟိဏီ၏ ကိုယ်ပိုင်ငွေဖြင့် ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်လှူဒါန်းပါက အတိတ်က ပြုခဲ့သော အကုသိုလ်များကို ကုသိုလ်က အနိုင်ရပြီး ယခုခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားမည်ဖြစ်ကြောင်း လမ်းညွှန်အကြံပြုလေသည်။ ရောဟိဏီလည်း ရှင်အနုရုဒ္ဓါ၏ ဩဝါဒအတိုင်း မိမိပိုင် လက်ဝတ်ရတနာ၊ ဒြဗ်ဒယာများကို ထုခွဲရောင်းချပြီး ကျောင်းကြီးတစ်ဆောင်ဆောက်လုပ် လှူဒါန်းလေသည်။

ဆွမ်းစားကျောင်းကြီး ဆောက်လုပ်နေစဉ် ရောဟိဏီသည် နေ့စဉ်ရက်ဆက် ကျောင်းပေါ်တွင် တံမြက်စည်းလှည်း၊ ကျောင်းအောက်ထပ် သံဃာတော်များ ဆွမ်းစားရန် နေရာများကို ရှင်းလင်းသန့်စင်ကာ နေရာထိုင်ခင်းများ စီစဉ်ခင်းကျင်းခြင်း၊ သောက်သုံးရေများ မပြတ်ဖြည့်တင်းခြင်း၊ ကုဋီအိမ်သာများ နေ့စဉ် ဆေးကြောသန့်စင်ခြင်း စသော သန့်ရှင်းရေးကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်များကို တစ်နေ့မပြတ် နိစ္စပတ်ပြုလုပ်လေသည်။

◈◈◈

ဤ သန့်ရှင်းရေးကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်သည် အလွန်ထူးခြားပြီး အကျိုးပေးအားကောင်းသော ကုသိုလ်ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော ကုသိုလ်မျိုးကို တတ်စွမ်းနိုင်သမျှ ပြုစေလိုသည်။

ရန်ကုန်မြို့ရှိ မိသားစုတစ်စုမှ အမျိုးသမီးကြီးတစ်ဦးကို တွေ့ဖူးသည်။ နာမည်က ဒေါ်မြင့်မြင့်ကြည်ဖြစ်သည်။ ရန်ကုန်သို့ မပြောင်းလာမီက နယ်ရှိ ရွာလေးတစ်ရွာမှာ နေထိုင်ကြသည်။

သူတို့ မိသားစုသည် ရွာမှာ နေစဉ်က အလွန်ဆင်းရဲကြသည်။ သို့သော် ထူးခြားစွာ သူတစ်ပါး မယူလိုသော ကုသိုလ်ကို ယူလေ့ရှိကြသည်။ ဥပုသ်နေ့များတွင် ဥပုသ်ကျောင်းမှ ညစ်ပတ် ပေကျံနေသော ကုဋီအိမ်သာများကို မိသားစုလုံး ဆေးကြောသန့်စင်ပြီး သန့်ရှင်းရေးကုသိုလ် ပြုကြသည်။ အတိတ်မှ အကုသိုလ်ကံက ဖိနှိပ်ထား၍ ကောင်းကျိုးပေးချိန်မတန်သေးသဖြင့် ဆင်းရဲနေခဲ့ဖြစ်သည်။


ရွာတွင် အလုပ်အကိုင် အဆင်မပြေသည့်အဆုံး တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသကဲ့သို့ ရေကြည်ရာ မြက်နုရာ ရန်ကုန်မြို့သို့ စွန့်စားပြီး လုပ်ကိုင်စားသောက်ကြရန် ဆုံးဖြတ်ပြီး ရွာဦးကျောင်းဆရာတော်ထံ သွားရောက်ကန်တော့ နှုတ်ဆက်ကြသည်။ ထိုအခါ ဆရာတော်က သူတို့ မျှော်လင့်မထားသော စကားဆန်းတစ်ခွန်းပြောလေသည်။

"ဟဲ့ - မြင့်ကြည်၊ နင်တို့ဟာ သူများ မလုပ်တဲ့ ကုသိုလ်တွေ လုပ်ထားကြတယ်။ ကုဋီသန့်ရှင်းရေးဆိုတာ လူတိုင်း မလုပ်ကြဘူး။ မာန်မာနတရားတွေကြောင့် လူတိုင်း မလုပ်နိုင်ကြဘူး။ နင်တို့ လုပ်ထားတဲ့ အဲဒီကုသိုလ်ဟာ အားကောင်းတယ်။ နင်တို့ကို ငါ နိမိတ်ဖတ်လိုက်မယ်၊ နင်တို့ ရန်ကုန်ရောက်ရင် ငွေနဲ့ ကြေးနဲ့၊ ရွှေနဲ့ ငွေနဲ့ တိုက်နဲ့ ကားနဲ့ ချမ်းချမ်းသာသာနေရမယ်"

ဒေါ်မြင့်မြင့်ကြည်တို့သည် "ငါတို့တော့ မထူးပါဘူး ဆရာတော်က စိတ်ချမ်းသာအောင် ပြောတာပါ"ဟု ခပ်ပေါ့ပေါ့တွေးပြီး မေ့မေ့ပျောက်ပျောက် သဘောထားလိုက်သည်။

စာဖတ်သူများအနေနှင့် ထိုကဲ့သို့သော ကုသိုလ်ကို ကြားသည့်အခါတိုင်း ပြုစေလိုသည်။ စာရေးသူကိုယ်တိုင် ထိုကဲ့သို့သော သန့်ရှင်းရေးကုသိုလ်ကို ပြုသည်။ သသော

www.burmeseclassic.com



…စီးပေါ်မှာဖြစ်သည်။ တစ်ခါက ရောဝတီတိုင်းသို့ ရန်ကုန် …သင်္ဘောစီးပြီး သွားဖြစ်သည်။ သုံးထပ် သင်္ဘောကြီးဖြစ် … ဘိုကလေးမြို့အရောက်တွင် ဒုတိယတန်းရှိ သင်္ဘော …သာခန်း ခြောက်ခုလုံး ရေပြတ်လပ်ပြီး ခြေနင်းခုံနေရာ …တွင် အညစ်အကြေးများဖြင့် အနံ့ဆိုးများ တထောင်း …ထကာ ညစ်ပတ် ပေကျံနေလေတော့သည်။ သင်္ဘော … ရဟန်းရှင်လူ ခရီးသည်များအားလုံး ဆင်းရဲဒုက္ခဖြစ် …တော့သည်။

စာရေးသူလည်း အနားရှိ သင်္ဘောတစ်စီးထံမှ ရေပုံး …ကို ငှားပြီး မြစ်ထဲမှ ရေများကို ခပ်ကာ အိမ်သာ …လုံးကို သန့်ရှင်းရေးပြုလုပ်လိုက်သည်။ အိမ်သာထဲရှိ …အကြေးများမှာ ပွစိတက်နေပြီး သင်္ဘောပေါ်ရှိ လူရော … ဒုက္ခရောက်နေကြသော်လည်း သန့်ရှင်းရေးကုသိုလ် …သူ မရှိကြချေ။ သူတစ်ပါးစွန့်သော အညစ်အကြေး … ငါတော့ မလုပ်နိုင်ဘူးဆိုသောစိတ်ဖြင့် နေသာသလို …လေသည်။ ထိုအလုပ်မျိုးကို လုပ်ခြင်းသည် အောက် …သော အလုပ်ဖြစ်သည်ဟု အထင်ရောက်နေကြ … မာန်မာနတွေဖြစ်သည်။ ငါအစွဲတွေ ဖြစ်သည်။ အမှန် … ဆင်ခြင်ကြည့်လျှင် အမြဲတမ်း ဖြစ်ပျက်နေသော …ကိုယ်တွင် ငါဆိုသည်မှာ မရှိပေ။

စာရေးသူကိုယ်တိုင် မြစ်ထဲမှ ရေများကို ခပ်ပြီး ဆေး …သင်နေသည်ကို မြင်ရသော နှစ်ဆယ့်ငါးနှစ်အရွယ် ဦးဇင်းတစ်ပါးလည်း ဝင်ရောက်ကူညီလေသည်။ အိမ်သာခန်း အခန်းအားလုံးကို ဆေးကြောသန့်စင်ပြီး ရေဇလုံများကို လည်း ရေအပြည့်ခပ်ဖြည့်လိုက်သည်။ ခရီးသည်များအားလုံး သည် စိတ်ချမ်းသာသွားကြလေတော့သည်။ သန့်ရှင်းရေး ကုသိုလ်ဖြစ်သည်။ ဒေါ်မြင့်ကြည်တို့အကြောင်းကို ဆက်ပါ ဦးမည်။

"တကယ့်ကို အံ့သြစရာပါ ဘုရား။ တပည့်တော်မ ရန်ကုန်ကို ပြောင်းလာပြီးတဲ့အခါ အိမ်ထောင်ကျပါတယ် ဘုရား။ တပည့်တော်မနဲ့ အိမ်ထောင်ကျသူဟာ သာမန် အလုပ်သမားတစ်ယောက်ပါပဲ။ အိမ်ထောင်ကျပြီး သိပ်မကြာ ဘူး၊ တပည့်တော်မရဲ့ အိမ်သားဟာ နိုင်ငံခြားသင်္ဘောသား ဖြစ်သွားပါတယ်။ ငွေကြေး ဘာမှမကုန်လိုက်ရပါဘူး။ အဲဒီ အချိန်က စပြီး စီးပွားတက် ချမ်းသာလာတာ။ တိုက်နဲ့ ကားနဲ့ နေရတဲ့အထိ ဖြစ်လာတာ။ အရှင်ဘုရား စာချခဲ့တဲ့ ကျောင်းရဲ့ ဦးဆောင်အလှူရှင်ပါ ဘုရား။ အခု လှိုင်မြို့နယ် မှာ နေပါတယ် ဘုရား"

သန့်ရှင်းရေးကုသိုလ်၏ အကျိုးတရားသည် မည်မျှ အကျိုးပေးသန်လိုက်ပါသနည်း။

◈◈◈

ရောဟိဏီသည်လည်း ထိုကဲ့သို့ပင်။ ကျောင်းဆောက် သည့်အချိန်မှစ၍ နေ့စဉ်ရက်ဆက် ဝေယျာဝစ္စကုသိုလ်များ၊ သန့်ရှင်းရေးကုသိုလ်များ ပြုလုပ်သည့်အတွက် သူမ၏ ကုဋ္ဌ နူနာရောဂါကြောင့် ဖြစ်ရသော အနာစိုများသည် တဖြည်းဖြည်း နှင့် ညှိုးနွမ်းခြောက်သယောင်းလာသည်မှာ ရောဂါ၏ သုံးပုံ နှစ်ပုံခန့် ပျောက်ကင်းသွားလေသည်။ ရောဟိဏီလည်း မိမိ ၏ အတိတ်အကုသိုလ် အကျိုးပေးကံကြောင့် ဖြစ်ရသော စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု ဒုက္ခများကို ပစ္စုပ္ပန်ကုသိုလ် ကံဖြင့် အဖတ်ဆယ် ချေဖျက်၍ရမှန်း ကိုယ်တိုင်သိမြင်လာ ရပြီး ယုံကြည်မှုသဒ္ဓါများ တိုးပွားလာကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာရတော့သည်။

ဤကဲ့သို့ဖြင့် ဆွမ်းစားကျောင်းကြီးဆောက်လုပ်ပြီးစီး ၍ ရေစက်ချပွဲကြီးတွင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ပြီး သာဓုအမောဒနာတရား ချီးမြှင့်လေသည်။ ဓမ္မပဒ အဋ္ဌကထာ အဖွင့်နိဒါန်းတွင် "ကောဓံဇဟေ ဣတိ ဒေသနာ သတ္တာ"ဆိုသော ဂါထာတော်အတိုင်း ဘုရားရှင်က တရားဟောကြားရင်း …

"ချစ်သမီး ရောဟိဏီ… သင် ယခုလို ကုဋ္ဌနူနာ ရောဂါစွဲကပ်ရခြင်းရဲ့ အကြောင်းကို သိသလား"

www.burmeseclassic.com

ဟု မေးရာ ရောဟိဏီက…

"မသိပါ ဘုရား"

"ချစ်သမီး… သင်ဟာ အတိတ်ဘဝက ဒေါသမာနကြီးတဲ့ မိဖုရားကြီးတစ်ဦးဖြစ်ခဲ့တယ်"

ဟု အစချီပြီး ရောဟိဏီ၏ အတိတ်ဘဝအကြောင်းကို ဟောတော်မူပါသည်။

◈◈◈

ရောဟိဏီသည် အတိတ်ဘဝက ဗာရာဏသီပြည့်ရှင်မင်း၏ မိဖုရားကြီးတစ်ဦးဖြစ်ခဲ့ပြီး ဒေါသအလွန်ခက်ထန်ကာ မာနကြီးသူတစ်ယောက်ဖြစ်သည်။

တစ်နေ့တွင် ဗာရာဏသီမင်းကြီးသည် ကချေသည်မတစ်ဦးအား စွဲလမ်းနှစ်သက်နေသည်ကို သိရသော် ပြင်းစွာအမျက်ထွက်ပြီး ကချေသည်မကိုလည်း မနာလို ဝန်တိုမှုများဖြစ်လေသည်။ ထို့ကြောင့် မိဖုရားကြီးသည် ကချေသည်မ၏ အလှကို ပျက်စီးစေရန်အကြံဖြင့် ကချေသည်မ၏ အဆောင်ကို မင်းချင်းအား အနုနည်းဖြင့် တစ်မျိုး၊ အကြမ်းနည်းဖြင့် တစ်ဖုံ၊ ဖြားယောင်း ခြိမ်းခြောက်ပြီး ကချေသည်မ၏ အဝတ်အစား အသုံးအဆောင်နှင့် အိပ်ရာနေရာများကို ခွေးလေ့ယားသီးမှုန့်များ ဖြူးထားစေသည်။ ထို့ကြောင့် ကချေသည်မသည် ယားယံသော အနာများဖြစ်ပေါ်ကာ ကုတ်ရင်းဖဲ့ရင်း ရုပ်ပျက်ဆင်းပျက်ဖြစ်ရလေတော့၏။ ဤသို့ ဒေါသနှင့် မာန အရင်းခံပြီး သူတစ်ပါး ပျက်စီးစေရန် ပြုခဲ့သော အကုသိုလ်ကံကြောင့် ယခုဘဝတွင် ကုဋ္ဌနူနာစွဲကပ်ရခြင်းဖြစ်သည်ဟု မိန့်ကြားလေသည်။

ဘဝဆိုသည်မှာ အချိန်ပိုင်းလေးသာဖြစ်သည်။ တိုတောင်းလှသော ဘဝလေး ရလာခိုက်တွင် မိမိကြောင့် သူတစ်ပါး စိတ်ဆင်းရဲရလေအောင် မလုပ်မိကြစေရန် အထူးဂရုပြုကြရမည်ဖြစ်သည်။ ဘုရားရှင်အဆက်ဆက်က အမျက်ဒေါသနှင့် မာန်မာနကို မိမိသန္တာန်မှ လုံးဝ စွန့်ပယ် ဖျောက်ဖျက်ပစ်ကြရန် ဟောခဲ့သည်။ သံယောဇဉ်ကြီး တရားဆိုးတွေကို ဖြတ်တောက် လွန်မြောက်စေရမည်။ ရုပ်၊ နာမ်ခန္ဓာအပေါ်တွင် ကိလေသာနှင့် တွယ်တာကပ်ငြိမှု မရှိသောသူသည် ဆင်းရဲမှုများမှ လွတ်ကင်းချမ်းသာမည်ဟု ဟောမြွက်လေသည်။ တရားအဆုံးတွင် ရောဟိဏီသည် သောတာပန်တည်သွားပြီး နူနာရောဂါ လုံးဝပျောက်ကင်းသွားကာ အသားအရေများလည်း ရွှေအဆင်းကဲ့သို့ ဝင်းပသွားလေတော့သည်။

မြတ်စွာဘုရားရှင်က ရောဟိဏီအား…

"ချစ်သမီး… ဒေါသနဲ့ မာန်မာနကို စွန့်ပယ် ဖျောက်ဖျက်ပစ်ရမယ်"

◈◈◈

တစ်စုံတစ်ယောက်ကို အမျက်ထွက် စိတ်ဆိုးပြီးရန်ငြိုးနှင့် သေလျှင် အပါယ်ငရဲသို့ ကျသည်။ ဒေါသသည် ထိုမျှလောက်ထိ စွမ်းသည်။ သတ္တဝါတို့တွင် ဒေါသစိတ်များသည်ထက် များလာလျှင် ကမ္ဘာပေါ်တွင် လက်နက်ဘေးကြီးဆိုက်သည်။ ကြီးကျယ်သော စစ်ပွဲကြီးများ ဖြစ်ပွားပြီး ကမ္ဘာကြီး ပျက်စီးသွားနိုင်သည်။ ထို့ကြောင့် ယနေ့ ကမ္ဘာအနှံ့ ဖြစ်ပွားခဲ့သော စစ်ပွဲများ၏ အဓိက အကြောင်းရင်းသည် ဒေါသကြောင့်ဖြစ်လေသည်။

ဒေါသတရားများ ပိုၡမျိုးလာလျှင် ကမ္ဘာလောကကြီးတွင် ရေလွှမ်းမိုးပြီး ကမ္ဘာပျက်စီးသွားရလေသည်။ ကမ္ဘာပျက်ရေဆိုသည်မှာ ဒေါသက ဖန်တီးခြင်းဖြစ်သည်။ ဒေါသကြောင့် အသက်ပါ ဆုံးရှုံးသွားရသူနှစ်ယောက်အကြောင်းကို တင်ပြလိုသည်။

ပထမတစ်ဦးမှာ အမျိုးသားတစ်ယောက်ဖြစ်သည်။ အင်္ဂလိပ်လူမျိုး ပါလီမန်အမတ်တစ်ယောက်ဖြစ်သည်။ ဆရာဝန်လည်း ဖြစ်သည်။ တစ်နေ့တွင် ပါလီမန်အစည်းအဝေး၌ နိုင်ငံရေးကိစ္စတစ်ခုနှင့် ပတ်သက်ပြီး အမတ် တစ်ယောက်နှင့် အငြင်းအခုံဖြစ်ကြလေသည်။ ငြင်းကြ ခုံကြရင်း ဆရာဝန် ပါလီမန်အမတ်သည် ဒေါသထွက်လာ ပြီး လက်သီးလက်မောင်းတန်း အော်ဟစ် ငြင်းခုံသည်အထိ ဖြစ်လာပြီး အစည်းအဝေးခန်းမထဲမှာပင် ပက်လက်လန် လဲကျသေဆုံးသွားလေသည်။ ဒေါသမီးလောင်ပြီး သေဆုံး ခြင်းကြောင့် ငရဲတွင် ခံရပေဦးမည်။

ဒေါသဆိုသော ကိလေသာမီးသည် အလွန်ပင် လောင် ပြင်းထန်လှသည်။ လူတစ်ယောက် ဒေါသဖြစ်လာ ပြီဆိုလျှင် မျက်နှာကြီး နီရဲပြီး အလွန်ကြောက်စရာကောင်း သွားသည်။ ဒေါသဖြစ်ဆဲအချိန်တွင် နှလုံးသွေးများသည် လည်း မည်းနက်သွားသည်။

နောက်တစ်ဦးမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်မှ ဖြစ်သည်။ ဖြစ်စဉ်အကျဉ်း မှာ တစ်နေ့တွင် သူမ၏ သားလေးတစ်ဦးသည် တီဗွီကြည့် ရင်း တခြား ကလေးတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားကြသည်။ ရန်ဖြစ်ကြရင်းနှင့် တစ်ဖက် ကလေးက ခဲတံချွန်သော လေးနှင့် ယမ်းလိုက်ရာ သူမသားလေး၏ လက်မောင်း အနည်းငယ်မျှ ထိသွားပြီး သွေးအနည်းငယ်ထွက်သွားသည်။ ကလေးများမှာ ၉နှစ်၊ ၁၀နှစ်အရွယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားထိသွားသော ကလေးက သူ့အမေကို သွားတိုင်သောအခါ အမေဖြစ်သူက ဒေါသထွက်ပြီး "ငါ့သားကို လုပ်တဲ့ ကောင်လေး၊ ငါကိုယ်တိုင်သတ်မယ်" ဆိုပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခဲတံချွန်သောဓားကိုင်ထားသည့် ကလေးထံ ပြေးသွားသည်။ ကလေးလည်း ကြောက်လန့်ပြီး သုတ်ခြေတင်တော့သည်။ ဓားကိုင်ထားသည့် ကလေးက ရှေ့မှနေပြီး သူ့အိမ်သို့ ထွက်ပြေးသည်။ ဓားထိခံထားရသော ကလေး၏အမေက နောက်မှ အတင်းလိုက်သည်။ ကလေးငယ်က အိမ်ထဲဝင်အပြေးတွင် နောက်မှ ဆက်ကြပ်မကွာ လိုက်လာသော ကလေးအမေမှာ အိမ်ပေါက်ဝအရောက် မှောက်လဲသွားသည်။ အချိန်ခဏကြာသည်အထိ ပြန်မထနိုင်သော အမျိုးသမီးကို ပတ်ဝန်းကျင်မှ လူများက ထူမကြည့်လိုက်သောအခါ အသက်မရှိတော့ပေ။ ဒေါသကြောင့် တစ်ကိုယ်လုံး မည်းနက်ပြီး လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း သေနေလေပြီ။ သေရှာသွားချေပြီ။

သံကိလိဋ္ဌ သံကိလေသာ - ကိလေသာ ဆယ်ပါး ဆိုသည်မှာ နှိပ်စက်တတ်သည်။ ပူပန်စေတတ်သည်။ မည်မျှအထိ ပူပန်စေတတ်၊ နှိပ်စက်စေတတ်ပါသနည်း ဆိုပါမူ သေစေသည်အထိ ပူပန်စေတတ်၊ နှိပ်စက်စေတတ်လေသည်။ ဝိပဿနာတရားဆိုသည်မှာ ထိုသို့သော ကိလေသာများ မပေါ်အောင်၊ ကိလေသာများ ကုန်အောင်သတ်သော တရားဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရား ရှုပွားသည်ဆိုသည်မှာ ကိလေသာများ မပေါ်အောင်၊ ကုန်အောင် သတ်ရန်အတွက် ရှုပွားရသော တရားဖြစ်သည်။

"ငါရှိတယ်၊ ငါသိတယ်" ဟု ဆိုပြီး ထောင်လွှားခြင်းသည် မာနကိလေသာဖြစ်သည်။ မာနထောင်လွှားပြီဆိုလျှင် မည်သည့်လုပ်ငန်းမှ မအောင်မြင်ချေ။

◈◈◈

ဒေါသ၊ မာနတို့နှင့် ပတ်သက်၍ သုဘလုလင် ဆိုသော ဘာသာခြားတစ်ယောက်က ဗုဒ္ဓကို မေးလျှောက်ဖူးသည်။

"မြတ်စွာဘုရား··· လောကမှာ လူချင်းတူပါလျက် အချို့က ရုပ်ဆိုးကြပြီး၊ အချို့က ချောလှကြတာ ဘာကြောင့်ပါလဲ ဘုရား"

"သုဘလုလင်···ဒေါသကင်းပြီး မေတ္တာစိတ်ထားသူများဟာ ရုပ်ရည်ချောမောလှပပြီး၊ ဒေါသကြီးတဲ့သူများဟာ ရုပ်ဆိုးတယ်"

မာနနှင့် ပတ်သက်၍လည်း သုဘလုလင်က ဘုရားရှင်အား ဆက်လက်မေးလျှောက်ရာ···

"အရှင်ဘုရား·· လူချင်းတူပါလျက် အချို့ပုဂ္ဂိုလ်က အမျိုးယုတ်တယ်။ အချို့ ပုဂ္ဂိုလ်တွေက အမျိုးမြတ်တာ ဘာကြောင့်ပါလဲ ဘုရား"

"ချစ်သား သုဘလုလင်··· ငါနှင့် ငါသာ နှိုင်းစရာဆိုသလို၊ ငါသိ ငါရှိ ငါတတ်ဆိုသူတွေဟာ အမျိုးယုတ်တယ်။ မာနကင်းပြီး ဂါရဝတရား၊ နိဝါတ တရားရှိသူတွေဟာ အမျိုးမြတ်တယ်"

ရှိခိုးသူနှင့် ရှိခိုးခြင်းခံရသူ ပုဂ္ဂိုလ်နှစ်ဦးတွင် ရှိခိုးခြင်းခံရသူ၌ ရှိခိုးခံထိုက်သော သီလ၊ သမာဓိ၊ ပညာ မရှိလျှင် အပြစ်ဖြစ်လေသည်။ အပါယ်ကျတတ်သည်။ အရိုအသေပြု ရှိခိုးရာတွင် ရှိခိုးသူများ၌ ကုသိုလ်ဖြစ်သည်။ အကျိုးရှိသည်။

အာယု - အသက်ရှည်ခြင်း၊

ဝဏ္ဏ - အဆင်းလှခြင်း၊

သုခ - ချမ်းသာခြင်း။

ဗလ - ခွန်အားကြီးခြင်းဆိုသော အကျိုးလေးမျိုးရသည်။ ထိုအကျိုးလေးမျိုးကို မာနကင်းပြီး ဂါရဝ၊ နိဝါတ တရားနှင့် ရှိခိုးသူတိုင်း ရရှိခံစားရသည်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

"သံယောဇဉ်ကြိုး တရားဆိုး ပယ်ချိုးလွန်မြောက်ရာ" ဆိုသည်ကို ရှင်းပါမည်။ သံယောဇဉ်နှင့် မေတ္တာကို တချို့က ရောထွေးနေကြသည်။ ဘာမျှ မသက်ဆိုင်ပါ။

သံယောဇဉ် ဆိုသည်မှာ ပူလောင်မှုသက်သက်ဖြစ်သည်။ လောဘတဏှာနှင့် စွဲလမ်းမှုကို သံယောဇဉ်ဟု ခေါ်သည်။ ပူလည်း ပူလောင်စေသည်။

မေတ္တာသည်ကား အေးချမ်းသည်။ အေးချမ်းစေသည်။ စိတ်ချမ်းသာသည်။ စိတ်ချမ်းသာစေသည်။

သံယောဇဉ်ဆိုသည်မှာ တဏှာ၊ အကုသိုလ်ဖြစ်သည်။ တဏှာနှင့် စွဲလျှင် အပါယ်ကျမည်။ သံယောဇဉ်ထား၍ မည်သည့်ကောင်းကျိုးကိုမျှ မပေးပေ။

ထို့ကြောင့် မိဘနှင့် သားသမီး၊ သားသမီးနှင့် မိဘ တစ်ဦးအပေါ် တစ်ဦး မေတ္တာနှင့်သာ စောင့်ရှောက်ကြရမည် ဖြစ်သည်။

ရုပ်နာမ်ခန္ဓာကို ကိလေသာနှင့် တွယ်တာ ကပ်ငြိမှု မရှိသူတွင် ဆင်းရဲဒုက္ခများ ကင်းစင်သည်။ ထို့ကြောင့် မိမိ၏ ခန္ဓာကို ကိလေသာအညစ်အကြေးများ မတင်ရှိစေဘဲ ရုပ်နာမ်မျှသာဟု သိကြရမည်။

တစ်ဦးကို တစ်ဦး မြင်ကြရာတွင် အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့ တိုက်ဆိုင်ချိန်ခဏအတွင်း မြင်သိစိတ် (နာမ်တရား)ဖြစ်ပေါ်သည်။ သူလည်း မဟုတ်၊ ငါလည်း မဟုတ်၊ သိသည်ဟူသော သဘောမျှသာ ဖြစ်သည်။ ဖောက်ပြန်တာက ရုပ်တရားဖြစ်သည်။ ရုပ်နှင့် နာမ်သည် သူ့သဘောနှင့်သူ၊ အကြောင်းကြောင့် အကျိုးဖြစ်လာခြင်းဖြစ်သည်။ ငါမဟုတ်၊ ငါမရှိဟု ပြတ်သားစွာ သိသွားလျှင် သံယောဇဉ် ပြတ်သည်။

တရားအဆုံးတွင် ယောဟိဏီသည် အောက်ပါအကျိုး သုံးမျိုးကို ရရှိခံစားရလေသည်။

(၁) သူမှာ စွဲကပ်နေသော နူနာရောဂါသည် လုံးဝ ပျောက်ကင်းသွားခြင်း။

(၂) အသားအရေသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသွားခြင်း။

(၃) သောတာပန်တည်သွားခြင်းတို့ ဖြစ်သည်။

ရောဟိဏီသည် ထိုဘဝမှ စုတေ သေလွန်သောအခါ တာဝတိံသာ နတ်ပြည်သို့ ရောက်သွားသည်။ ထိုအကြောင်းအရာနှင့် တစ်ဆက်တည်း ကျောင်းလှူသူတို့ ရရှိအပ်သော ဝမ်းမြောက်ဖွယ်ရာ အကျိုး (၆)မျိုးကို ဖော်ပြပြီးမည်။

ကျောင်းလှူသောသူများသည် ဖြစ်ရာဘဝ၌ ရွှေဗိမာန်ကြီး ပေါက်ပေးခြင်း ခံရသည်။ မည်သူမျှ ဆောက်ပေးစရာ မလိုဘဲ လှူခဲ့သည့် စေတနာကြောင့် ရွှေဗိမာန်ကြီး အလိုလို ပေါ်လာပေးသည်။

◈◈◈

ဤကဲ့သို့သော ဖြစ်ရပ်များစွာရှိသည်။

လွန်ခဲ့သော ၆နှစ်ခန့်က ရွှေပြည်သာမြို့ နန္ဒဝန်ကျောင်း ဆရာတော်၏ တပည့်လေးတစ်ဦးသည် ရေနံချောင်းမြို့နယ်မှ လာပြီး နန္ဒဝန်ကျောင်းတွင် တည်းခိုကာ ဆေးလာကုသည်။

သူမ၏ ရောဂါမှာ ဆေးမတိုးဘဲ ဆေးကု၍ မသက်သာဘဲ ဖြစ်နေသည်။ တစ်နေ့တွင် ထိုမိန်းကလေးကို မကောင်းဆိုးဝါးတစ်ကောင်က ဝင်စီး ပူးကပ်သည်။ ဆရာတော်က "မင်း ဘယ်သူလဲ"ဟု မေးရာ ဝင်ပူးနေသော မကောင်းဆိုးဝါးကောင်ကြီးက ယောက်ျားသံကြီးနှင့် သူသည် မိန်းကလေး နေထိုင်သော ရွာထိပ်က မကောင်းဆိုးဝါးတစ်ကောင်ဖြစ်ကြောင်း ပြောပြသည်။ ဆရာတော်က ဆက်ပြီး···

"ဒီကို ဘာလာလုပ်တာလဲ၊ ဘာဖြစ်လို့ ဝင်ပူးတာလဲ"

ဟု မေးရာ···

"ဒီမိန်းကလေးကို ကျုပ်လုပ်ထားတာ။ အသေလုပ်ထားတာဖြစ်လို့ ဆေးကုမနေနဲ့တော့။ မရတော့ဘူး။ သေမှာပဲ။ ဒီမိန်းကလေးသေမှ ကျုပ်နေတဲ့နေရာ သစ်ပင်မှာ ထားခဲ့ပြီး ကျုပ်က တခြားသွားမယ်။ လွတ်မယ်"

ဟု ပြောပြီး ထွက်သွားလေသည်။

ဆွေမျိုးသားချင်း လူနာရှင်များမှာ အလွန်ပင် စိတ်ဓာတ်ကျသွားကြလေတော့သည်။ "သွားပြီ၊ ဆေးဆက်ကုလို့ မရတော့ဘူးလို့ ပြောသွားပါလျက်နဲ့ ကုနေလည်း အပိုပဲ"ဟု ပြောနေ၊ တွေးနေခိုက် မိန်းမအသံဖြင့် မကောင်းဆိုးဝါးတစ်ကောင် ပူးဝင်လာပြန်လေသည်။ (မကောင်းဆိုးဝါးများ ဝင်ပူးလာသောအချိန်တွင် ပြောခဲ့သော စကားများကို ကက်ဆက်ဖြင့် အသံသွင်းယူထားကြသည်။)

မိန်းမအသံဖြင့် ဝင်ပူးလာသော မကောင်းဆိုးဝါးကောင်မှာ အံ့ဩစရာပင်။ ဆရာတော်၏ အစ်မဖြစ်လေသည်။ ရောဂါသည် မိန်းကလေး၏ အမေဖြစ်သည်။ ဆုံးသွားသည်မှာ တစ်နှစ်ခန့်ပင် ရှိပေတော့မည်။ နန္ဒဝန်ကျောင်းဆရာတော်က နာမည်ကို မေးကြည့်သောအခါ မိမိအစ်မဖြစ်နေလေရာ··

"ဟာ··အစ်မ၊ ဘယ်လိုဖြစ်ရတာလဲ"

"တပည့်တော်မ··· ဝေမာနိက ပြိတ္တာဘဝ ရောက်နေပါတယ်။ တကယ်တော့ အဆောက်အအုံလှူခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်ကြောင့် တပည့်တော်မ နတ်ပြည်သွားရမှာပါ။ ဒါပေမယ့် သမီးသံယောဇဉ်ကြောင့် အခုလိုဘဝရောက်ရတာ"

မေတ္တာသာ ထားကြပါ။ သံယောဇဉ် မထားကြပါနှင့်ဟူသော စကားကို အသေအချာ စွဲစွဲမြဲမြဲ မှတ်သားစေလိုပါသည်။

သံယောဇဉ်ထားသောကြောင့် တဏှာစွဲနှင့် သေသောအခါ ယခုလိုမျိုး အပါယ်ဘုံသို့ ကျရောက်ရမည်သာ။

မေတ္တာနှင့် စောင့်ရှောက်လျှင်ပင် လုံလောက်ပြီဖြစ်သည်။ မေတ္တာတွင် ကိုယ်ကျိုးမပါပေ။ မေတ္တာသည် အအေးဓာတ်ဖြစ်သည်။ မိမိနှင့် ပတ်သက်သမျှ ပုဂ္ဂိုလ်တိုင်း ကျန်းမာချမ်းသာကြပါစေဟု နှလုံးသွင်းခြင်းသည် မေတ္တာဖြစ်သည်။

မေတ္တာသည် ကုသိုလ်တရားဖြစ်သည်။ သံယောဇဉ်သည် အကုသိုလ်တရားဖြစ်သည်။

နန္ဒဝန်ဆရာတော်က ဆက်ပြီး...

"ဒကာမကြီး... အခု ဘယ်လိုနေရသလဲ"

"ဟို...မကောင်းဆိုးဝါးကောင်ကြီး နှောင့်ယှက်ထားလို့ သမီးလေးကို နောက်က လိုက်ပြီး စောင့်ရှောက်နေရတာနဲ့ နတ်ပြည်သွားရဖို့ကို မသွားနိုင်သေးဘူး ဘုရား။ အရှင်ဘုရားတို့ သမီးလေး ရောဂါကို ပျောက်စေချင်ရင် စစ်မှန်တဲ့ ပယောဂ ဆရာနဲ့ အရင်ကုပါ။ နောက်တော့မှ လိုအပ်သလို ဆေးဆက်ကုပါ။ သူ့မှာ ရှိတဲ့ အမှောင့်ပယောဂစက်တွေ ငင်သွားမှ ဆေးတိုးမှာပါ ဘုရား"

ဝင်ပူးဆဲမှာပင် ဆက်လက်မေးလိုက်သည်။

"ရေနံချောင်းကနေ ဒီရန်ကုန်ကို ဘယ်လိုလာသလဲ"

"တပည့်တော်မှာ ကံက ပေးတဲ့ ကမ္မဇိဒ္ဓိ တန်ခိုးရှိတော့ ရန်ကုန်ရောက်ချင်တယ်လို့ စိတ်ညွတ်လိုက်တာနဲ့ အခုကိုယ်က ရန်ကုန်ရောက်လာတာပဲ ဘုရား"

"ဒါနဲ့ ဒကာမကြီး ဘယ်မှာအိပ်သလဲ"

"ရွှေပြည်သာ၊ စည်ပင်သာယာကွင်းကြီးထဲက မြောင်းကြီးထဲမှာပါ ဘုရား"

"ဒကာမကြီးလို ပုဂ္ဂိုလ်မျိုးတွေ အများကြီးပဲလား"

"ဟာ...အများကြီးပဲ ဘုရား။ ဒီလောက်ကျယ်တဲ့ ကွင်းကြီးထဲမှာတောင် ညဘက်ဆိုရင် အိပ်ရာနေရာလုကြရင်း ရန်ဖြစ်နေကြသေးတယ်"

"ဒကာမကြီးရော နေရာလုရသေးလား"

"တပည့်တော်မကတော့ မလုရပါဘူး ဘုရား။ တပည့်တော်မက အဆောက်အအုံလှူတဲ့ ကုသိုလ်ရှိထားတော့ တပည့်တော်မ အိပ်တဲ့ နေရာမှာ ရွှေဖိမာန်ပေါက်ပေးရတယ်ဘုရား"

အဆောက်အအုံလှူခဲ့သော အကျိုးသည် မကောင်းဆိုးဝါးဘဝ ရောက်ရတာတောင်မှ မျက်နှာမငယ်ရပါလားဟူသော အတွေးဖြစ်မိသည်။ နတ်ပြည်မှာဆိုလျှင် ပြောစရာပင်မလိုတော့ချေ။ အဆောက်အအုံလှူသူသည် ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ကြောက်ရွံ့ထိတ်လန့်စရာမရှိ၊ ဘေးကင်း ရန်ရှင်းသည်။

"ခြောက်ကင်းယှက္ခ၊ ပါယမက်၊ ဘဝဆက်သိ"ဆိုသည့်အတိုင်းပင်။

မကောင်းဆိုးဝါးများနှင့် ဘီလူးသရဲများက မခြောက်လှန့်နိုင်ချေ။ အိပ်မက်ဆိုးလည်း မမက်သည့်အပြင် မိမိ၏လားရာဂတိ ဘဝအဆက်ကိုပါ သိပေသည်။

မှန်ပေသည်။ ထိုကလေးမလေး၏ ရောဂါသည် သူ့ကိုဝင်ပူးသော အမျိုးသမီးပြောသည့်အတိုင်း ကုမှသာ ရောဂါပျောက်ကင်းသွားလေသည်။

◈◈◈

ထိုနည်းအတိုင်းပင် ရောဟိဏီသည် သေလွန်သည့်အခါတွင် နတ်ပြည်သို့ ရောက်ပြီး နတ်သား ၄ဦး၏ အလယ်တွင် ဘုံဗိမာန်နှင့်တကွ နတ်သမီးသွားဖြစ်လေသည်။ ချောမော လှပလွန်းသော ရောဟိဏီ နတ်သမီးကို မြင်လျှင် မြင်ချင်း နတ်သား ၄ဦးသည် အလွန်ချစ်ခင်စွဲလမ်းသွားကြကာ အချင်းချင်း သူပိုင်သည်၊ ငါပိုင်သည် ဆိုသကဲ့သို့ အငြင်းအခုံဖြစ်ကြလေတော့သည်။ နတ်သားက လေးယောက်၊ နတ်သမီးက တစ်ယောက်တည်းဆိုသောအခါ အဝေမတည့်ဖြစ်ပြီး သိကြားမင်းထံ အဆုံးအဖြတ်ခံယူရမည့် အခြေအနေသို့ ရောက်သွားတော့သည်။

သိကြားမင်းထံသို့ ရောက်ကြသောအခါ သိကြားမင်းလည်း ရောဟိဏီကို တွေ့ပြီး ချစ်ခင်စွဲလမ်းသွားပြန်သည်။ ရောဟိဏီ နတ်သမီးလုပွဲတွင် သိကြားမင်းပါ ပါဝင်လာပြန်လေရာ ငိုအားထက် ရယ်အားသန်စရာ ဖြစ်နေလေတော့သည်။ သိကြားမင်းက နတ်သား လေးယောက်အား...

"ကဲ - မင်းတို့ နတ်သားလေးယောက်လုံး ပြောဆိုပါ။ ရောဟိဏီကို မြင်တာနဲ့ ဘယ်လိုခံစားကြရတယ်ဆိုတာ အသီးသီးပြောကြစမ်း"

ပထမ နတ်သားက...

"ရောဟိဏီကို စတွေ့တာနဲ့ တစ်ပြိုင်နက် စစ်မြေပြင်မှာ တီးတဲ့ စစ်စည်၊ စစ်မောင်းကြီး တီးခတ်သလို ရင်ထဲမှာ တဒိန်းဒိန်းနဲ့ မြည်ဟီးနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယ နတ်သားက…

"ရောဟိဏီကို တွေ့တဲ့အချိန်က စပြီး တောင်ပေါ်က နေ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာတဲ့ ရေတံခွန်က ရေစီး သံပမာ ရင်ထဲက ရင်ခုန်သံတွေဟာ တဝုန်းဝုန်းနဲ့ မြည်ကြွေး နေပါတယ်"

တတိယ နတ်သားက…

"ရောဟိဏီကို မြင်ရတဲ့ အချိန်က စပြီး စစ်မြေပြင်က စစ်ရထားတွေမှာ လွှားထားတဲ့ စစ်တံခွန်တွေ လေအဟပ်မှာ တလွင့်လွင့်နဲ့ ရွေ့လျားလှုပ်ခတ်နေသလို ရင်ထဲမှာ တဖျပ်ဖျပ်တလှုပ်လှုပ် ခံစားနေရပါတယ်"

နောက်ဆုံး စတုတ္ထ နတ်သားက…

"ရောဟိဏီကို စတွေ့တာနဲ့ ကြည့်မဝ၊ ရှုမငြီးတဲ့ ရောဟိဏီရဲ့ အလှကို မျက်လုံးအစုံ ကျွတ်ကျွတ်မတတ် ကြည့် ရင်း ကြည့်ရင်းနဲ့ မျက်လုံးနှစ်လုံး ပြူးထွက်လာကာ ပုစွန် မျက်လုံးလိုဖြစ်ပြီး မျက်လုံးနှစ်လုံးကို မျက်လုံးအိမ်ထဲတောင် ပြန်ထည့်လို့မရအောင် ဖြစ်နေပါတယ်"

နတ်သား လေးယောက်သည် ရောဟိဏီနှင့် ပတ်သက်၍ အသီးသီး ခံစားနေရသော ခံစားချက်များကို အပြိုင် အဆိုင် ဖွဲ့နွဲ့ပြောပြပြီး သူ့ကို မပေးပါနဲ့၊ ကျွန်ုပ်ကိုသာ ပေး ပါ စသည်ဖြင့် အလုအယက် တောင်းဆိုပြီးကြသောအဆုံး တွင် သိကြားမင်းသည် နတ်သား လေးယောက်၏ ရောဟိဏီ နှင့် ပတ်သက်၍ ခံစားချက်များမှာ သည်းရွှေ့ သည်းမှုသာဖြစ် ၍ တော်ပေသေးသည်။ ကျွန်ုပ် ခံစားနေရသည်ကို ပြောပြ ရလျှင် ရောဟိဏီကိုသာ မရလျှင် ချက်ချင်းသေပွဲဝင်ရမှာ ဖြစ်ကြောင်း ပြောလိုက်ရာ နတ်သမီးအခြံအရံ ငါးရာစီ ရှိကြ သော နတ်သားလေးဦးသည် ရောဟိဏီနှင့် ပတ်သက်၍ သူတို့ထက်ပိုပြီး ခံစားနေရသော သိကြားမင်းအား ငဲ့ကွက် သောအားဖြင့် ရောဟိဏီကို အသီးသီးစွန့်သွားကြလေသည်။

ရောဟိဏီလည်း သိကြားမင်း၏ နတ်သမီးဖြစ်သွား လေတော့သည်။ သိကြားမင်းတွင် သုဇာတာ၊ သုနန္ဒာ စသော မိဖုရားကြီး လေးပါးအပြင် နတ်သမီးငယ် နှစ်ကုဋေနှင့် ငါးသန်း ရှိပေသေးသည်။ ထိုမျှလောက် နတ်မိဖုရားများ ရှိ နေပါလျက် ရောဟိဏီကို အရယူပြီး သွားလေရာသို့ ခေါ် ဆောင်သွားလေသည်။

သိကြားမင်းသည် မိဖုရားများစွာဖြင့် ကာမဂုဏ်ခံစား နေသော်လည်း အပါယ်မကျနိုင်တော့ပေ။ အဘယ်ကြောင့် ဆိုသော် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်များ ကို နာကြားရပြီး သောတာပန်ဖြစ်နေသောကြောင့်ပင် ဖြစ် သည်။ သိကြားမင်းတွင် မယားအများကြီး ရှိနေသကဲ့သို့ ဘုံဗိမာန်များ၊ သားသမီးများလည်း များစွာရှိသည်။ သို့ရာတွင် ရှိသမျှသော မယား၊ သားသမီး၊ ဘုံဗိမာန်များကြောင့် အပါယ် မကျတော့ပေ။ သူ နာကြားထားရသော ဝိပဿနာ တရား အကျိုးကြောင့် ထိုအရာများအားလုံးတို့သည် သူ့ကဲ့သို့သော အရိယာ သောတာပန်တစ်ဦးအတွက် မိတ်ဆွေများဖြစ်ကြ လေသည်။

သောတာပန်တည်သွားသူ၏ သန္တာန်တွင် ငါဟူသော အစွဲကင်းသွားပြီဖြစ်သည်။ ရုပ်နာမ်ခန္ဓာအပေါ်တွင် ငါစွဲကင်း ပြီးသူများသည် အပါယ်မကျတော့ပေ။ ဤသည်မှာ ဝိပဿနာ တရားကို နာကြားသိရှိ နားလည်ခြင်း၏ အကျိုးဖြစ်သည်။ ဝိပဿနာတရားကို နာကြားသိရှိ နားလည်ထားသူအတွက် ဆွေမျိုးသားချင်း၊ အပေါင်းအသင်းမိတ်ဆွေ၊ ရွှေငွေဥစ္စာမှန် သမျှသည် မိမိ၏ ရန်သူသာဖြစ်သည်။ အဘယ့်ကြောင့်ဆို သော် ဆွေမျိုးသားချင်း အပေါင်းအသင်းမိတ်ဆွေ၊ ရွှေငွေ ဥစ္စာဆိုသည်ကို အသာထားပါဦး၊ မိမိ၏ ခန္ဓာကိုယ်အသွေး အသားကို စွဲလမ်းပြီး သေလျှင်ပင် ငြိတွယ်ဘုံသို့ ရောက်ရ လေသည်။ ထို့ကြောင့် ဘာကိုမျှ စွဲလမ်းခြင်း မပြုသင့်ပေ။

**ဥစ္စာစုကို မဆိုထားလို၊**
**ကိုယ်ဝတ်ခြုံလွှမ်း ပုဆိုးနွမ်းက၊**
**သက်နှံမျှဥ္ဆ လောကဤဟိတ်၊**
**ငဲ့သည့်စိတ်ကြောင့် ဖုတ်ပြိတ်သန်းဖျ**
**ဖြစ်ကုန်ကြ၏။ ■**

* * *

မေတ္တာရှင်ရွှေပြည်သာ




www.burmeseclassic.com


www.burmeseclassic.com

## မြစ်ခြေမြို့၏ တစ်ခုတည်းသော
# သီလရှင်စာသင်တိုက်

■ ကျော်လင်း (မြစ်ခြေ) ■

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါကပင် မိထွေးတော် ဂေါတမီ၏ လျှောက်ထားချက်ကြောင့် ဘိက္ခုနီ သာသနာ စတင်ထွန်းကားခဲ့သည်။ ထိုစဉ်မှစ၍ ယခုကာလတိုင်အောင် နှစ်ပေါင်း ၂၅၀၀ ကျော်သည့်တိုင် ဘိက္ခုနီ သာသနာ (ဝါ) သီလရှင် သာသနာတော်မှာ ခိုင်မြဲစွာ တည်ရှိနေဆဲဖြစ်သည်။ အမျိုးသမီးများပင် ဖြစ်လင့်ကစား၊ သာသနာတော်၏ ပရိယတ္တိ၊ ပဋိပတ္တိတာဝန်ကို ထမ်းဆောင်နေကြသည့် သီလရှင်တို့၏ ဘဝမှာ အလွန်ပင် ချီးကျူးစရာ






www.burmeseclassic.com


www.burmeseclassic.com

ကောင်းလှသည်။ သာမန် လူယောက်ျား၊ လူမိန်းမတို့ထက်လည်း မြင့်မြတ်ကြသူ အမျိုးသမီး အာဇာနည်များဟု ခေါ်ဆိုထိုက်ပါပေသည်။

ထိုကဲ့သို့ မြတ်သောအကျင့်ကို ကျင့်ကြံပွားများနေရင်းကပင် သာသနာတော်ဆိုင်ရာ စာပေကျမ်းဂန်များကို တစိုက်မတ်မတ် လေ့လာသင်ယူနေကြသူများ စုစည်းရာ စာသင်တိုက် ကြီး/ ငယ်များလည်း မြန်မာနိုင်ငံ မြို့ရွာအနှံ့အပြားတွင် တည်ရှိနေကြပါသည်။ ထိုကဲ့သို့သော မြို့ရွာများအနက် စာရေးသူတို့၏ တောမြို့ကလေးခေါ်ခေါ်၊ မြို့ငယ်ကလေးခေါ်ခေါ် မြစ်ခြေမြို့ကလေးတွင်လည်း ကေစာရီသီလရှင် စာသင်တိုက်ခေါ် စာသင်တိုက်ကလေး ရှိပါသည်။




ထိုစာသင်တိုက်ကလေးအကြောင်း မတင်ပြမီ၊ စာရေးသူတို့မြို့၏ သီလရှင်သာသနာ စတင်ပေါ်ပေါက်လာခဲ့ပုံကို ပဌမဦးစွာ တင်ပြလိုပါသည်။ မြစ်ခြေ သီလရှင်သာသနာကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ခန့်က "ဒေါ်ခမွေသီ"အမည်ရှိ သီလရှင်ဆရာကြီးက စတင်တည်ထောင်ခဲ့သည်။ ဒေါ်ခမွေသီမှာ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ကျွန်းကြီးရွာမှ ဖခမည်းတော် ဦးဖြူတ်နှင့် မယ်တော်(အမည်မသိ)တို့မှ ၁၂၃၇ ခုနှစ်၊ သီပေါမင်း ပါတော်မမူမီကပင် မွေးဖွားသန့်စင်ခဲ့သည်။ သီပေါမင်း ပါတော်မူသည့်အချိန်တွင် အသက် ၉နှစ်အရွယ်





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ပျို့ရွယ်စဉ် သီလရှင်ဘဝဖြင့် စစ်ကိုင်း သစ်ဆိမ့်ချောင် ဒေါ်ဝဏ္ဏာထံတွင် တပည့်ရင်းခံ၍ ပညာသင်ကြားခဲ့သည်။

သက်တော် ၃၆နှစ်အရ သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် ...ခြေမြို့ ထနောင်းကုန်းရပ်၌ "ဓမ္မရက္ခိတ" အမည်တွင် ...သည့် သီလရှင်ကျောင်းကို စတင်တည်ထောင်လျက် ...သနာပြုလေသည်။ ထိုသီလရှင်ကျောင်းကို ထူထောင်နိုင်... တပည့်ဖြစ်သူ သီလရှင် ဒေါ်မာလာရီ၏ ဖခင် ဦးဘိုး...၊ မိခင် ဒေါ်မင်းသင်နှင့် ဆွေမျိုးတစ်စုတို့က ကျောင်း...ဆောက်ရန် မြေနေရာနှင့်တကွ အဆောက်အအုံတို့ကို ...ဆောက်လုပ်လှူဒါန်းပါသည်။

မြစ်ခြေ၏ ပထမဆုံး သီလရှင်ကျောင်းတွင် ကိုးကွယ်...အိမ်ရှေ့စံ ကနောင်မင်းနှင့် အဆောင်ရ ကိုယ်လုပ်တော်...တော့တို့မှ ဖွားမြင်သည့် လင်းပင်မင်းသားကြီး၏ လင်းပင်...ရုပ်တော်မှ ရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်ခဲ့ပြီး ...ဆောင် ဆောက်လုပ်လျက် ပူဇော်ခဲ့ပါသည်။ ဒေါ်ခမ္မေ... လက်ရင်းတပည့် ဒေါ်မာလာရီသည်လည်း စစ်ကိုင်း ...ဆိမ့်ချောင် ဒေါ်ဝဏ္ဏာထံတွင်ပင် စာပေပရိယတ္တိများ ...ခဲ့ပြီး ၁၂၈၅ ခုနှစ်က စပြီး ဓမ္မရက္ခိတကျောင်းတွင် ...သည့် သီလရှင်များကို စာဝါပို့ချ သင်ကြားပေးခဲ့သည်။

ထနောင်းကုန်း၊ ဓမ္မရက္ခိတကျောင်းတွင် ထိုအချိန်က ထင်ရှားခဲ့သည့် သီလရှင်များမှာ ဒေါ်သုမန၊ ဒေါ်ကဥ္စန၊ ဒေါ်သန္တဝတီ၊ ဒေါ်ဒါန အစရှိသည့် သီလရှင်အပါး ၂၀ကျော်မျှ ရှိခဲ့သည်။ ထနောင်းကုန်းရပ်ရှိ ဓမ္မရက္ခိတကျောင်းတွင် လက်ရှိအားဖြင့် သီလရှင် ၉ပါးနှင့် စစ်ကိုင်းတွင် စာဝါလိုက်နေသော သီလရှင် ၄ပါးသာ ရှိတော့သည်။


ဆရာကြီး ဒေါ်ခမ္မေသီသည် ၎င်း စတင်တည်ထောင်ခဲ့သည့် ဓမ္မရက္ခိတ သီလရှင်ကျောင်းအပြင်၊ သက္ကရာဇ် ၁၂၉၆ ခုနှစ်တွင် မြစ်ခြေမြို့ သစ်ရပ်တွင် ထပ်မံ တည်ထောင်လိုက်သည့် သီလရှင်ကျောင်းခွဲမှာ "ဓမ္မအာရဗ္ဗစိတ္တသုခကျောင်း" ဟု အမည်တွင်ပါသည်။ ထိုသို့ ကျောင်းခွဲတည်ထောင်ပြီး ၂၄နှစ်အကြာ သက္ကရာဇ် ၁၃၂၀ ခု၊ သက်တော် ၈၂အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

ဆရာကြီး ဒေါ်ခမ္မေသီ ထပ်မံ တိုးချဲ့ တည်ထောင်ခဲ့သည့် ဓမ္မအာရဗ္ဗစိတ္တသုခကျောင်းသစ်တွင် လက်ရှိအချိန်၌ သီလရှင်အပါး ကြီး/ငယ် ၄၀ ခန့် ရှိသည်။ တိုက်အုပ်မှာ ဆိပ်ဖြူမြို့နယ်၊ အင်းဂံရွာသူ "ဒေါ်ကုလာစာရီ"ဖြစ်သည်။ ဒုတိုက်အုပ်မှာ ပေါက်မြို့နယ်၊ ကျွန်းကျွန်းကြီးရွာသူ အသက် ၉၀ ခန့်ရှိ ဒေါ်နန္ဒဝတီတို့ ဖြစ်ကြသည်။ ထိုကျောင်းတွင် အသက် ၈၀ ကျော်၊ ၉၀အရွယ် အဘွားအို သီလရှင် ၅ပါးနှင့် ဓမ္မစရိယ ဆရာလေး ၅ပါး၊ သာမဏေ ၁ပါးတို့လည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com




မြစ်ခြေ၏ တတိယ သီလရှင်ကျောင်း (သို့မဟုတ်) တစ်ခုတည်းသော သီလရှင် စာသင်တိုက်မှာ မြို့သစ်ရပ် အထက ကျောင်း၏ နောက်ကျောလမ်းတွင် တည်ရှိသည်။ ထိုကျောင်းကို ၁၃၅၄ခုနှစ်တွင် ဒေါ်ကေစာရီ (ခေါ်) သီလရှင် ဆရာကြီးက စတင်တည်ထောင်ခဲ့သည်။ ထိုဆရာကြီးမှာ သက်တော် ၄၀ ရမှ သီလရှင်ဝတ်သူဖြစ်သည်။ ကေစာရီ သီလရှင်စာသင်တိုက် တည်ထောင်ရန် မြေကွက်ကို အရှေ့ ဘက် ကပ်လျက်တွင် တည်ရှိသည့် မဟာစည်ကျောင်းတိုက် မှ ဆရာတော်ဘုရားက ခွဲဝေပေးထားခြင်းဖြစ်သည်။ ထိုစဉ် က မဟာစည်ဆရာတော်ဘုရားကြီးက ယာယီ နေထိုင်နိုင် ရန် သုံးပင်နှစ်ခန်းတွဲ ဇရပ်ဆောင်လေး ၃ဆောင်ကိုပါ စွန့် ခဲ့ပါသည်။ နောက်ပိုင်း ဒါယကာ ဦးအောင်ခက တစ်ကျောင်း၊ အလှူရှင် ဒေါ်ခင်မျိုးကြည်က တစ်ကျောင်း စသည့် အလှူ ရှင်များက တိုက်ကျောင်းတစ်ကျောင်းစီကို လည်းကောင်း၊ အများစုပေါင်း ကုသိုလ်ပါဝင်သည့် တိုက်ကျောင်း စသည် တို့ဖြင့် လည်းကောင်း၊ ကျောင်းအာရမ်အနေဖြင့် တင့်တယ် သွားပါသည်။ စုစုပေါင်း သီလရှင်များ နေထိုင်ရန် ကျောင်း ဆောင် ၄ဆောင်၊ ဘုရားဆောင် နှစ်ထပ်ဓမ္မာရုံတစ်လုံးတို့ ရှိကြသည်။ ဒေါ်ကေစာရီမှာ သက်တော် ၈၀ အရတွင်

အနှံ့ရောက်သည်။

ကေစာရီ သီလရှင်စာသင်တိုက်အရှေ့ဘက်တွင် မဟာစည် ဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၊ ၎င်းအရှေ့ဘက်တွင် ဓမ္မအာရုဗ္ဗစိတ္တသုခကျောင်းတို့ ရှိကြပြီး ထိုကျောင်းတို့၏ နောက်ကျောဘက်တွင် ရွှေတောင်ကျောင်း၊ ဆွန်းလွန်း ဝိပဿနာကျောင်း၊ အေးစေတီကျောင်း၊ ရွှေစေလု ဘုရားနှင့် ရွှေစေလု တောရကျောင်းတို့ ရှိကြသည့်အတွက် ထိုဒေသကလေးမှာ သာသနာ့ကျောင်းကန်တို့ဖြင့် စုဝေးရာ ရပ်ကွက်ကလေးတစ်ခုသဖွယ်၊ သာသနာ့နယ်မြေသဖွယ် ဖြစ်နေပါသည်။

လက်ရှိ တိုက်အုပ်ဆရာကြီးမှာ ပခုက္ကူမြို့နယ်၊ မီး ချောင်းတွင်းရွာ အဖ [illegible]ရှိန်၊ အမိ ဒေါ်တင်မြိုင်တို့မှ ဖွား မြင်သည်။ ယခုအခါ သက်တော် ၅၂နှစ်ရှိနေပြီဖြစ်သည်။ ဘွဲ့တော်မှာ ဒေါ်ပညာသီရိ(ဓမ္မာစရိယ)ဖြစ်သည်။ အသက် ၂၄နှစ်အရွယ်ထိ ပခုက္ကူမြို့အနောက်၊ သံခိပ်ကျောင်းတွင် စာပေပညာများ ဆည်းပူးလေ့လာလိုက်စားပြီး စစ်ကိုင်း ချောင်တွင် အသက် ၂၅နှစ်မှ အသက် ၃၀ အထိ ပညာ ဆက်လက် ဆည်းပူးလေ့လာသည်။ ကေစာရီ စာသင်တိုက် ၏ ဒုတိယတိုက်အုပ်မှာ ဒေါ်ခင်မေသီဖြစ်သည်။

စာသင်တိုက်တွင် သီလရှင်အပါး ၄၀ ရှိသည်။ ထို ၄၀ အနက် ပထမငယ်တန်းတွင် ၆ပါး၊ ပထမလတ်တန်းတွင်





www.burmeseclassic.com

www.burmeseclassic.com




ပါးနှင့် ပထမကြီးတန်းတွင် ၅ပါး၊ ဓမ္မာစရိယတန်းတွင် ပါးတို့ ရှိသည်။ ထိုကျောင်း၏ ထူးခြားချက်မှာ သီလရှင်တို့ ၏ မိုးခိုရာမဲ့ အမေအိုတချို့ကိုလည်း အဘွားရိပ်သာ(လူအို ရုံ)သဖွယ် ပြုစုစောင့်ရှောက်ထားခြင်းဖြစ်သည်။ ဆရာလေး တို့ စားရသလောက်အတိုင်း ကျွေးမွေးပြုစု စောင့်ရှောက် ထားသည်၊ သီလရှင်အငယ်များကိုမူ ထနောင်းကုန်းရပ်၊ အရှေ့ ဘုား ဝိသုတာရာမတိုက်ရှိ ဆရာတော် ဦးရာဇိန္ဒ၏ ဘုန်းတော် ကြီးသင် အလယ်တန်းပညာသင်ကျောင်းတွင် လောကီ ပညာ ရပ်များကို သင်ယူစေ၏။ ရှစ်တန်းအောင်ပြီးနောက် ဆက် လက်၍ အတန်းပညာသင်ယူလိုပါလျှင် သီလရှင်ဝတ်မှ ထွက်ရ၏။

ထိုသီလရှင်ကျောင်း၏ အဓိက မူဝါဒမှာ စာမေးပွဲ အောင်ဖို့ထက် ပဋိပတ္တိအလုပ်ကို မှန်မှန်လုပ်ရန်နှင့် တစ်နေ့ ချင်း သုံးကြိမ် မှန်မှန်ဘုရားဝတ်တက်ရပြီး မှန်မှန်တရား ထိုင်ရခြင်းပင် ဖြစ်သည်။

ဆရာလေး ဒေါ်ပညာသီရိမှ ပြောပြသည်မှာ သီလရှင် တို့၏ဘဝတွင် စားဝတ်နေရေးအတွက် ခက်ခဲကြမ်းတမ်းပုံ၊ ဆွမ်းဆန်ထွက်ရာတွင် တစ်ဇွန်းဆန်ကလေးများဖြင့် စုပေါင်း ရရှိသည်မှာ သီတင်းတစ်ပတ်အတွက် လောက်ငရုံသာဖြစ် ကြောင်း၊ လက်ရှိ သီလရှင်များ၏ဘဝသည် သံဃာတော် တို့နှင့် မတူ၊ အဆင်သင့် ချက်ပြုတ်ပြီးသားများကိုလည်း အလှူခံရရှိခြင်းမဟုတ်သည့်အတွက်၊ အလှူအတန်းများကို လည်း ပင့်ဖိတ်ခံရခြင်း နည်းပါးလှသည့်အတွက် ဘဝကို ပင်ပန်းကြမ်းတမ်းစွာ ဖြတ်သန်းရပါကြောင်း၊ သို့ရာတွင် သာသနာတော်၏ အကျိုးကို အသက်ရှင်နေသရွေ့ကာလ ပတ်လုံး မမိုတ်မသုန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာရေး သူအား ပြောကြားလိုက်ပါသည် ■

* * *

ကျော်သင်း(မြစ်ခြေ)

www.burmeseclassic.com

# ကြီးပွားချမ်းသာ အောင်ဂါထာ ပုတီးစိပ်

## လူစွမ်းမြင့်(နတ်မောက်)

မတွေ့ရသည်မှာ ကြာပြီဖြစ်သော ပုတီးစိပ် မိတ်ဆွေ ဦးဆွေလင်းနှင့် စနေညနေကွင် နတ်မောက်မြို့ ဆုတောင်းပြည့် ဘုရားရင်ပြင်တွင် ဆုံရပါသည်။

"ဟာ…ဦးမြင့်"

"ဟင်…ကိုဆွေလင်း၊ မတွေ့တာ ကြာပြီနော်"

"ဟုတ်တယ်၊ ကျွန်တော် အဓိဋ္ဌာန်က မနက် ၇နာရီ ၄၅ မိနစ်ကနေ ၉နာရီ ၄၅မိနစ်ဆိုတော့ ခင်ဗျားနဲ့ မဆုံတာ"

"ဩော်…အဲဒီအချိန်တွေက ကျွန်တော် ရုံးအရောက် သွားရမယ့် အချိန်တွေဆိုတော့ အဓိဋ္ဌာန်အချိန် သတ်မှတ်လို့ မရဘူး၊ ခုလို ညနေ ၅နာရီ၊ ၆နာရီမှပဲ…"

"ဟုတ်တာပေါ့ဗျာ၊ ဟုတ်တာပေါ့"

"အဲဒါနဲ့ အခုညနေပိုင်းအချိန် အဓိဋ္ဌာန်ဖြစ်သွားပြီလား ကိုဆွေလင်း"

"ဆိုပါတော့ ဦးမြင့်ရာ၊ လွန်ခဲ့တဲ့ ၁၀နှစ်လောက် ပုတီးစိပ်တစ်ခုကို သုံးလ အဓိဋ္ဌာန်ခဲ့တာ မနေ့က ပြည့်သွားပြီလေ။ အဲဒါကြောင့် အခုတော့ ပုံမှန် ပုတီးစိပ်ပဲ ညနေပိုင်းရောက်ဖြစ်၊ စိပ်ဖြစ်တာပါ။"

ကျွန်တော် စိတ်ဝင်စားသွားမိသဖြင့်…

"လွန်ခဲ့တဲ့ ၁၀နှစ်လောက်က ပုတီးစိပ် ဆိုတာက ရှင်းစမ်းပါဦး ကိုဆွေလင်းရ"

"ဩော်… အင်း၊ သိပ်ခက်ခက်ခဲခဲ မဟုတ်ပါဘူးဗျာ။ ခင်ဗျားနဲ့ စကားမစပ်မိတော့ မပြောမိတာပါ။ ဒီလိုဗျာ၊ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကျော်က ကျွန်တော် ဘဝပျက်၊ ဒုက္ခရောက်ခဲ့ရတယ်။ ဒုက္ခရောက်ဆို တော်တော်ကို ဆိုးပါတယ်ဗျာ"

ဟု ဆိုကာ ကိုဆွေလင်းက ပြန်ပြောင်းပြောပြသည်။

လွန်ခဲ့သည့် ၁၀နှစ်ကျော်ခန့်က ကိုဆွေလင်းမှာ လောင်းကစားဒိုင်အကြီးအကျယ်ဖြစ်ခဲ့ပြီး ကားပြုတ်၊ ရွှေပြုတ်၊ မြေပြုတ်ဖြစ်ကာ နေအိမ်သာ ကျန်ခဲ့သည်။ ထိုသို့ စီးပွားပြုတ်သည့်အပြင် အဖမ်းခံရပြီး ထောင် ၆လ ကျခံခဲ့ရသေးသည်။

"ကျွန်တော် ထောင်က ထွက်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတူးဗျာ။ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့။ လောင်းကစားအလုပ်ဆိုလည်း ကြားတောင် မကြားရဲဘူး။ အဲဒါနဲ့ ကောင်းရောင်းကောင်းဝယ် ကုန်ခြောက်၊ စားကုန်သောက်ကုန်ဈေးဆိုင်ဖွင့် ရောင်းဝယ်ခဲ့ရတယ်ဗျ။ အဲဒီမှာ ကျွန်တော် တစ်သက်လုံး ကိုးကွယ်ခဲ့တဲ့ ဆံခြည်မျှင်ရွှေကျောင်းဆရာတော် ဦးကုမာရက ဒီဂါထာကို သုံးလ ကိုးလ တတ်စွမ်းသလို အဓိဋ္ဌာန်ပုတီးစိပ်ဆိုပြီး ခိုင်းလို့ စိပ်ပွားခဲ့တာ အရောင်းအဝယ်အဆင်ပြေ တိုးတက်အောင်မြင်ကြီးပွားခဲ့ပါတယ် ဦးမြင့်ရာ။ အဲဒါ အခု သုံးလ ပြန်အဓိဋ္ဌာန်စိပ်ပွားခဲ့တာ မနေ့က ပြည့်ခဲ့ပြန်တာပါ။"

"ဩော်…ဩော်… ကောင်းပါတယ်ဗျာ၊ ဘယ်လို စိပ်ပွားရတာလဲ၊ ဘယ်နပတ် စိပ်ပွားရလဲ"

"မခက်ပါဘူး၊ (၁၀၈)လုံး ပုတီးကုံးနဲ့ ၃ပတ်၊ ၉ပတ်၊ ကိုယ်နိုင်သလောက် အချိန်မှန်၊ နေရာမှန် အဓိဋ္ဌာန်စိပ်ရုံပါပဲ။ ဂါထာက ဒီလိုပါ"

ဣစ္ဆိတံ ဣစ္ဆိတံ နာထ၊
ဣစ္ဆိ တတ္တေဟိ သောစိတံ၊
ဣစ္ဆိ တတ္တာယ ဝန္ဒာမိ၊
ဣစ္ဆိတတ္တံ ဒဒါတုမေ။ (ပုတီးတစ်လုံးချ)

ကျွန်တော့်ဘဝမှာ ဒီဂါထာ ပုတီးစိပ်ဟာ အကြီးအကျယ်ပြောင်းလဲ တိုးတက် အောင်မြင်ခဲ့ပါတယ်"

ပုတီးစိပ်ဖက် မိတ်ဆွေ ကိုဆွေလင်း၏ ဖြစ်ရပ်မှန် ပြောပြချက်ကို ရေးသားတင်ပြလိုက်ပါသည်။ ■

* * *

လူစွမ်းမြင့်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကြန်ပန်း၏ အဓိပ္ပာယ်

ညွှန့်ဟော ဝင်းကျော်



မကြာမီ အချိန်ကာလတွင် မြန်မာ
ရိုးရာနှစ်သစ် အကူးအပြောင်း
အချိန်အခါသို့ ကျရောက်တော့မည်
သည်။ နှစ်ဦးအခါသမယတွင်
လူမျိုးတို့သည် အတာရေအေးဖြင့်
ဘာတား ပက်ဖျန်းလျက် နှစ်သစ်
ဆင်နွှဲကြမည်မှာ မလွဲပေ။

www.burmeseclassic.com

www.burmeseclassic.com

တန်ခူးလတွင် နှစ်သစ်ကူးပွဲတော်ဟူ၍ ကျင်းပ ဆင်နွှဲကြမြဲဖြစ်သောကြောင့် ဆယ့်နှစ်လရာသီပွဲတော်များအနက် ထူးခြားထင်ရှားသည့် ပွဲတော်တစ်ခုလည်း ဖြစ်ပေသည်။

၃၆၅ ရက်၊ ၆နာရီ၊ ၃၆မိနစ်၊ ၁၂ စက္ကန့်သည် မြန်မာတို့၏ နှစ်သစ် သင်္ကြန်ကျရန် တွက်ချက်မှုအလိုတည်း။

ထိုအတူ သင်္ကြန်ဆိုသည်မှာ ပါဠိအလိုအရ သင်္ကန္တမှ ဖြစ်ပေါ် ပြောင်းလဲလာပြီး အကူးအပြောင်း၊ ရွှေလျားခြင်းဟူသော အနက်အဓိပ္ပာယ်ကောက်ယူနိုင်ပြီး တစ်နည်းအားဖြင့် ရာသီခွင်ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲခြင်း၊ နှစ်ဟောင်း၏ နောက်ဆုံးလဖြစ်သော တပေါင်းလမှ နှစ်သစ်အစ တန်ခူးလသို့ ပြောင်းလဲခြင်း၊ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် ကူးပြောင်းခြင်းတို့အပြင် ဗေဒင်၊ နက္ခတ္တပညာရပ်၌လည်း အာသာဝဏီနက္ခတ်ထက် ၄-ယင်္ဂီစီးနင်းသည့်အချိန်၌ သင်္ကြန်ကျရောက်ကြောင်း အဆိုရှိပေသည်။

သင်္ကြန်ဟူသော ဝေါဟာရမှာ ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာ တိုးပွားလာစေရန် သုတ်သင်ဆေးကြောခြင်းဟူ၍ အနက်ထွက်၏။

ရှေးဘုရင်မင်းများသည် တစ်ပတ်လျှင် တစ်ကြိမ် ဦးခေါင်းဆေးလျှော်သည့် ပကတိသင်္ကြန်၊ ဂြိုဟ်စီးဂြိုဟ်နင်း ညံ့ဖျင်း၍ အန္တရာယ်ပျောက် ဘုန်းတော် တန်ခိုးတောက်စေရန် ရောင်လေ့ရှိသော သင်္ကြန်လတ်နှင့် ဘိသိက်ခံယူသည့်အခါတွင် ရောင်လေ့ရှိသော မဟာသင်္ကြန်ဟူ၍ မင်္ဂလာအခမ်းအနားများစွာရှိ၏။ ထို့ကြောင့် သင်္ကြန်အခါ ခေါင်းဆေးခြင်း၊ ရေပက်ကစားခြင်းတို့သည် အဆိုးပျောက်ပြီး အကောင်းရောက်စေရန် ရည်ရွယ်၍ မကောင်းမှုဟူသမျှကို ရေကြည်ရေအေးဖြင့် ဆေးကြောသန့်စင်သည့် သဘောပင် ဖြစ်ပေသည်။

စာရေးသူအနေဖြင့် သင်္ကြန်အကြောင်းထက် "သင်္ကြန်ပန်း"ဆိုသည်ကို ပိုမို၍ သတိပြုနေခဲ့မိပါသည်။ သင်္ကြန်အကြိုနေ့မှ အစပြု၍ ရေအိုး(အတာအိုးဟု ခေါ်ပါသည်)ထဲတွင် ရေအပြည့်ဖြင့် ခုနစ်နေ့ ခုနစ်နံ ပန်းများထိုးကာ ခွေးခြေခုံ (သို့မဟုတ်) တစ်နေရာရာအမြင့်၌ တင်၍ထားပြီး သင်္ကြန်ကာလ ပြီးဆုံးလွန်မြောက်ချိန် နှစ်ဆန်းတစ်ရက်နေ့၌ ခုနစ်နေ့နံပန်းအသစ်များ လဲလှယ်ကာ ညနေစောင်းတွင် ရပ်ကွက်အတွင်းရှိ လမ်းဆုံ၊ လမ်းခွများ၌ ဘုန်းတော်ကြီးများဖြင့် ပရိတ်တရားတော်နာ ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုသည့် အကြောင်းအရာများအပြင်၊ အချိုးအရပ်ဒေသ၌ နေဝင်ဖိုးဖျချုပ်ညမှောင်ရီစအချိန်တွင် ဆူညံစွာ သံပုံးတီး၍ တောထုတ်ခြင်းများကို စိတ်ဝင်တစားရှိနေခဲ့ပါသည်။

သံပုံးတီး တောထုတ်ခြင်းထက် ပို၍စိတ်ဝင်စားမိသည်မှာ သင်္ကြန်ပန်း။ ဘာကြောင့် သင်္ကြန်ပန်းလို့ ခေါ်တာလဲ။ ဘယ်သူ့အတွက် ခုနစ်နေ့နံပန်းများ ထိုးထားတာလဲ။ ဘယ်သူ့ကို ရည်ရွယ်ပြီး ပူဇော်ကြတာလဲ။

နှစ်သစ်အချိန်အခါ သင်္ကြန်ရာသီသို့ ရောက်တိုင်း အမေးပုစ္ဆာများစွာဖြင့် စာရေးသူ ခေါင်းစားနေခဲ့မိသည်မှာ နှစ်ပေါင်း အတော်ပင် ကြာခဲ့ပြီဖြစ်ပါသည်။

သင်္ကြန်တွင်းမှာမို့ သင်္ကြန်ပန်းဟု ခေါ်ပြီး၊ သိကြားမင်းကို ရည်ရွယ်၍ ခုနစ်ရက်သားသမီးများအတွက် ပန်းပူဇော်ခြင်းဖြစ်သည်ဟူသော အဖြေသည် စာရေးသူကို ကျေနပ်နှစ်သိမ့်နိုင်စွမ်း မပြုနိုင်ခဲ့ပါ။

သို့သော် အထက်ပါ အကြောင်းခြင်းရာနှင့် လက်ဖက်ရည်ဆိုင်တစ်ခုတွင် စာရေးသူမှ အစ်ကိုဆရာသဖွယ် သဘောထားသည့် အစ်ကိုကြီးတစ်ဦးနှင့် ဆွေးနွေးကြည့်ခဲ့မိဖူးပါသည်။

သည်နေရာတွင် အလျဉ်းသင့်သည့်အတွက် မြန်မာနိုင်ငံအား အင်္ဂလိပ်မျက်နှာဖြူတို့ အုပ်စိုးထားသည့် နောင်းပိုင်းကာလ ၁၉၃၉ ခုနှစ်တွင် ဖြစ်ပျက်ခဲ့ဖူးသော နိုင်ငံကျော်တေးပြုစာဆို ပညာရှင်ကြီးနှစ်ဦး၏ အကြောင်းအား အနည်းငယ်မျှ ဖော်ပြပါရစေ။

*တို့မြန်မာ တေဇဂုဏ်ရည် ××× ကျူပ်တို့လူမျိုး×××*
*တန်ခိုးရှိသည် ××× ဘုန်းကံရှင်များ ထင်ရှားခဲ့သည် ×××*
*ပထမံအတတ်နဲ့ ××× ထွက်ရပ်လမ်း ပေါက်ခဲ့ပါပြီ ×××*
*ဘိုးဘိုးအောင် အဌ္ဌုပ္ပတ္တိကို ××× သီချင်ပေလိမ့်မည် ×××*

*(ကျွန်တော်ကြားဖူးသလို ××× ပြောဆိုပါမည် ×××*
*ကျောင်းသားအရွယ်×××ငယ်သူငယ်ချင်းသုံးယောက်ရှိလေ*
*သည်×××စုံစုံညီညီ×××ကတိသစ္စာထားကြပုံက××× အရွယ်*
*ရောက်တဲ့ ချိန်ခါမီ×××တစ်ယောက်ကောင်းစားရင်×××*
*တစ်ယောက်ကို မမည်×××)၂*

*တောအရပ်ခိုမီ×××တစ်ဦးကတော့×××ရဟန်းဘဝနဲ့*
*နေတော်မူသည်×××အလယ်လူ ထင်လင်းစွာ×××မင်းဖြစ်*
*တော့သည်×××ကျန်လူတစ်ယောက်မှာ×××ထူးစွာပေါ်လာ*
*သည်×××ပြဒါးနဲ့ ရေသယံ×××သံကို မထိုးဘဲ×××ပထမံ*
*တန်ခိုးကြောင့်×××ဘိုးဘိုးအောင်×××တဘောင်နဲ့ ပေါ်တာ*
*သည်×××*

အထက်ပါ "ဘိုးဘိုးအောင်"သီချင်းအား တေးပြုဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ရွှေတိုင်ညွှန့်မှ ရေးသားခဲ့ပါသည်။ ၎င်းသီချင်းကို နားထောင်မိသည့် မန္တလေးမှ တေးပြုစာဆို ဆရာကြီး နန်းတော်ရှေ့ ဆရာတင်က ရန်ကုန်၊ ကြည့်မြင်တိုင်တွင် နေထိုင်သော ဆရာ ရွှေတိုင်ညွှန့်အား "ဘိုးဘိုးအောင်၏ ရာဇဝင်နှင့် အတ္ထုပ္ပတ္တိအား သေချာနှံ့စပ်၍ သိရှိနားလည်ခြင်း မရှိဘဲ ကျမ်းကိုးအထောက်အထားမဲ့စွာ သီချင်းရေးရကောင်းလား" ဟု အပြစ်တင်လျက် စာလှမ်း၍ ရေးသားခဲ့သည်။

သည်တွင် နန်းတော်ရှေ့ ဆရာတင်ထက် အသက်ငယ်ရွယ်သော ဆရာ ရွှေတိုင်ညွှန့်မှ "အစ်ကိုကြီး…ကျွန်တော် ဘိုးဘိုးအောင်ရဲ့ ရာဇဝင်နဲ့ သူ့ရဲ့ အတ္ထုပ္ပတ္တိကို သေချာစွာ သိရှိနားလည်ခြင်းတော့ မရှိပါဘူး။ ကျွန်တော် ဝန်ခံပါတယ်။ ဘိုးဘိုးအောင်ကို ယုံကြည်ပြီး ရိုသေလေးစားလွန်းလို့ သီချင်းရေးဖွဲ့မိတာပါ။ ဒါပေမယ့် ကျွန်တော့်သီချင်း ဒုတိယအပိုဒ်ရဲ့ အစကလေးကို အစ်ကိုကြီး သေသေချာချာ ပြန်ပြီးနားထောင်ကြည့်ပေးစေချင်ပါတယ်ခင်ဗျာ" ဟု စာပြန်ရေးသားခဲ့သေသည်။

အထက်ပါ အဖြစ်အပျက်ကလေးမှာ တစ်ဦးနှင့်တစ်ဦး ရိုးသားစွာဖြင့် ယုံကြည်လေးစားမှုရှိသော ဂီတ အနုပညာရှင်နှစ်ဦး၏ ချစ်စဖွယ် ခလေ့စရိုက်ကလေးပင် ဖြစ်၏။ ရှေးလူကြီးသူမတို့၏ ပြောဆိုစကား ပါးစပ်ရာဇဝင်အပေါ်တွင် အခြေပြုလျက် "ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်" တဲ့။

ဆရာကြီး ရွှေတိုင်ညွှန့်တို့များ ဂီတပညာရှင်ပီသစွာဖြင့် သီချင်းဖွဲ့စပ် ရေးတတ်လိုက်လေခြင်း။

သကြၤန်ပန်း၏ အနက်အဓိပ္ပာယ်နှင့် ဘိုးဘိုးအောင် သီချင်းရေးစပ်ဖွဲ့သီမှု အခြေခံအဖြစ်အပျက်တို့မှာ သီးခြားစီရှိနေမည်ဖြစ်သော်လည်း ရောထွေးယှက်တင်မှု၊ အဆင်တူသဏ္ဌာန်ကွဲသည့် အကြောင်းအရာတို့သည်ကား အတူတူပင်ဖြစ်သည်ဟု စာရေးသူ တွေးမြင်မိပါသည်။

ဆိုခဲ့သည့်အတိုင်း လက်ဖက်ရည်ဝိုင်းမှ သကြၤန်ပန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားသည့် အစ်ကိုကြီး၏ အဖြေစကားမှာ ကျမ်းကိုးကျမ်းထောက်များဖြင့် မဟုတ်ခဲ့သော်လည်း စာရေးသူ၏ ရင်ကို မြူမှုန်မတင်သည့်အလား၊ ဘဝင်ကျ ပြတ်သား ရှင်းလင်းသွားခဲ့ရပါသည်။ စာရေးသူတို့နှင့် အယူအဆ သဘောထား မတိုက်ဆိုင်သူများအဖို့ မိမိတို့၏ ယုံကြည်ကိုးကွယ်ရာအတိုင်းသာ ရှိစေဟူ၍ သဘောထားရမည်သာ ဖြစ်ပါသည်။

တတ်သိ နားလည်သည့် ပညာရှင်များအနေဖြင့် ယခုဆက် ပိုမိုပြည့်စုံသော သကြၤန်ပန်း၏ အနက်အဓိပ္ပာယ် အကြောင်းခြင်းရာတို့အား ရေးသားမည်ဆိုလျှင်ဖြင့် မည်မျှကောင်းလိုက်လေမည်နည်း။

"ရေအိုးထဲကို ခုနစ်နေ့နံပန်းနဲ့ ရည်မှန်း ပူဇော်တာ သိကြားမင်းကို မဟုတ်ဘူးကွ။ ရေရဲ့ သဘာဝက ခွဲခြားလို့ အသားမထင်ဘူး။ အေးချမ်းတယ်။ ခုနစ်နေ့နံပန်းဖြစ်ရမှာ မှန်ပေမယ့် ဆူးခက်တွေနဲ့ ယှက်နွယ်မနေတဲ့ ပန်းမျိုးပဲ ဖြစ်ရမယ်။ ခုနစ်နေ့ ခုနစ်နံသား သဗ္ဗေသတ္တာ သတ္တဝါတွေအတွက် ရည်မှန်းထားတာဖြစ်လို့ ကျင်လည်ရာ ဘဝမှာ ဆူးခက် ခလုတ်ကန်သင်း နွယ်ယှက်မှု မရှိတဲ့ ပန်းနဲ့ ကိုယ်စားပြုသင့်တယ်။

နှစ်သစ်မှာ ရေလို အေးချမ်းခြင်း၊ မိသားစု ညီအစ်ကိုမောင်နှမတစ်တွေ တကွဲတပြားမဖြစ်ဘဲ စုစုစည်းစည်းနဲ့၊ ခွဲခြားလို့ အသားမထင်ခြင်းနဲ့ ခုနစ်ရက်သားသမီးတွေ ပန်းလိုလန်းဆန်းစေခြင်းအဓိပ္ပာယ်နဲ့ ဘုရားကို ရည်မှန်းပြီး အထူးပြုကပ်လှူ ပူဇော်ကြတာ။ ခုတော့ကွာ ဆူးခက်တွေ၊ အနွယ်တွေနဲ့ ရှုပ်ခတ်နေတဲ့ ပန်းတွေထိုးပြီး ခုံတစ်လုံးနဲ့ သကြၤန်တစ်တွင်းလုံး နေပူထုတ်လှန်းထားတဲ့ သကြၤန်ပန်းတွေကို မြင်တွေ့ရလေတိုင်း အယူအကောက်လွဲတဲ့ အဖြစ်ကို ငါစိတ်မကောင်းဘူး။ တချို့ဆို ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ ပလတ်စတစ်ပန်းတွေတောင် ပါသေးတယ်။ အဲ…

နှစ်ဆန်းတစ်ရက်နေ့မှာ ပန်း၊ ရေချမ်းအသစ်လဲလှယ်ပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်ကို၊ ရည်မှန်းပူဇော်ကြရင်း ဘုန်းတော်ကြီးတွေနဲ့ ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်ကြတာက မိမိနှင့်တကွ သတ္တဝါတွေအားလုံး နှစ်သစ် နှစ်ဦးက အစပြုပြီး ဒီနှစ်တစ်နှစ်လုံး ခလုတ်မထိ၊ ဆူးမငြိဘဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး အန္တရာယ်ကင်း ဘေးရှင်းစေလိုတဲ့ စိတ်စေတနာ မေတ္တာနဲ့ ဆောင်ရွက်ကြတဲ့ ရှေးမြန်မာကြီးတွေရဲ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ပါပဲကွာ" ■

* * *

ဥက္ကလာခင်းကျော်

စာကိုး

- ပထမခေတ်ဟောင်း သီချင်းပေါင်းချုပ် (သန်းလှိုင်)။
- မြန်မာ့ရိုးရာ မဟာသကြၤန် (ဒေါက်တာ မောင်ဖြေ) (၁၆-၄-၂၀၁၃ရက်နေ့ထုတ် ကြေးမုံသတင်းစာ)။
- ကွယ်လွန်သူ မြန်မာ့ရုပ်သေးမင်းသားကြီး ပုဏ္ဏားမြစ် ဦးကျော်အေး၏ ကိုယ်တိုင်ရေးမှတ်စုနှင့် ကိုယ်တိုင်ပြောကြားချက်များ။

www.burmeseclassic.com

ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ရှေးဟောင်းသုတေသန သတင်း ဟောင်းတစ်ခုတည်းကို အကြောင်းပြုပါသည်။

ရောဝတီတိုင်းဒေသကြီး၊ပန်းတနော်မြို့ ရွှေဟင်္သာလယ်ပေါ်စာသင်တိုက်

သိမ်တော်အတွင်း သီတင်းသုံးနေတော်မူလျက်ရှိသော

# မဟာအတုလ လောကသရဖူ

# ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်

ပန်းတနော်နောင်လတ်



၁၃၃၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ရက်၊ တနင်္ဂနွေနေ့က ရော..ကီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဒေါဝါးလက်ျာရွာ၊ ကျောင်းသစ်ကြီး၌ ၅နှစ်တာမျှ စံမြန်းနေခဲ့ပြီးသော ဗုဒ္ဓရုပ်ပွားတော်တွင် ဆံတော်၊ မွေးညင်းတော်များ ထူးကဲစွာ ပေါက်နေသည်ဟူသော သတင်းစကားမှာ ရပ်နီးရပ်ဝေးဒေသများသို့ ပျံ့နှံ့ခဲ့သည်။ ထိုသတင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာ ရောက်ခဲ့ကြသည်မှာ ဘုရားပွဲတော်..က်မျှ စည်ကားခဲ့ဖူးပါသည်။

ထိုဗုဒ္ဓရုပ်ပွားဆင်းတုတော်မှ ဓာတ်တော်များ ကွန့်မြူးသည်ကို ကျူပျော်လေးကျေးရွာနေ ဒေါ်နန်းကွနှင့် လူပုဂ္ဂိုလ်များက ၁၃၃၄ ခုနှစ်၊ ပထမ ဝါဆိုလပြည့်ကျော် ၁၄ရက်၊ တနင်္ဂနွေနေ့မှစ၍ ၆ ညတိုင်တိုင် ဖူးတွေ့ခဲ့ပါသည်။

ထို ဒေါဝါးကျေးရွာအုပ်စု၊ လက်ျာဆယ်ကြီးရွာနေ ဦးယောဟန်နှင့် ဒေါ်ပြုံးတို့၏သား မောင်ဖိုးဇော်သည် ၁၃... ခုနှစ်က အသက် ၁၀နှစ်သာ ရှိသေးသည်။ မောင်ဖိုးဇော်သည် ကစားဖော် သူငယ်ချင်းများနှင့် သူတို့၏ အိမ်အနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆော့ကစားနေစဉ် မြေကြီးအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ရရှိခဲ့သည်။


မောင်ဖိုးဇော် တူးယူရရှိခဲ့သော ထိုဗုဒ္ဓရုပ်ပွားတော်ကို ဦးယော်ဟန်တို့ မိသားစုက တိုင်းရင်းသမားတော်ဆရာကြီး ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းရာ ဆရာကြီး ဦးမောင်မောင်က ထိုဗုဒ္ဓရုပ်ပွားတော် သီတင်းသုံးရန်စေတီတော်တစ်ဆူကို ဒေါ်ဝါးလက်ျာကျေးရွာ၌ ၂၀၀၀ ပြည့်နှစ်တွင် ဦးဆောင်ကာ အများကောင်းမှု ကုသိုလ်ပြုလျက် တည်ထားခဲ့ပါသည်။

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့၏ ဦးဆောင်နာယကတစ်ဦးဖြစ်သော တိုင်းရင်းသမားတော် ဆရာကြီး ဦးမောင်မောင်သည် ထိုဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်တော်မူရန် "အောင်သိဒ္ဓိဓာတ် ပေါင်းစုစေတီတော်"ကို ဒေါ်ဝါးလက်ျာရွာ၌ တည်တော်မူနေစဉ် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ သာသနာပြုလုပ်ငန်း လုပ်ဆောင်ရာတွင် စိတ်ဓာတ်ထက်သန်နေသော ဆရာကြီး ဦးမောင်မောင်သည် ထိုအခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် ပုဂ္ဂိုလ်ကို ရှာဖွေရာ ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာသာမိသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရစာသင်တိုက်တွင် စာဝါလိုက်ခဲ့ဖူးသည်။ ထိုသို့ စာဝါလိုက်နေစဉ် ရွှေဟင်္သာတောရ ဆရာတော်က ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိအား ညောင်တုန်း မြို့နယ်၊ ဝါးကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်အဖြစ် ဆောက်ရွက်ရန် အမိန့်ရှိခဲ့ရာ ဆရာတော်က လိုက်နာဆောင်ရွက်ခဲ့ရပါသည်။

ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိသည် ဝါးကုန်းရွာ၊ ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်အဖြစ် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေစဉ် ရွှေဟင်္သာတောရ ဆရာတော်၏ ခေါ်ယူခြင်း ခံခဲ့ရသည်။

ရွှေဟင်္သာတောရ ဆရာတော်က ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိအား ဝါးကုန်း ဘုန်းတော်ကြီးကျောင်း၏ ပဓာန နာယက ဆရာတော်တာဝန်ကို စွန့်လွှတ်ပြီး ပန်းတနော်မြို့ ရွှေဟင်္သာလယ်ပေါ် စာသင်တိုက်ကြီး၏ ဦးစီး ပဓာန နာယက ဆရာတော်အဖြစ် ပြောင်းလွဲဆောင်ရွက်ရန် မိန့်ကြားခဲ့သည်။ တပည့်လိမ္မာဖြစ်သော ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိသည် ဆရာသမားဖြစ်သည့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်၏ စကားကို တိကျရှိသေစွာ လိုက်နာရစေမှ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့ရှိ ရွှေဟင်္သာလယ်ပေါ်ကျောင်းတိုက်ကြီး၏ ဦးစီး ပဓာန နာယက ဆရာတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်မှာ ကြာပါပြီ။

ယခုအခါ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိသည် ပန်းတနော်မြို့နယ်၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်အဖြစ် သာသနာတော် တည်တံ့ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်တော်မူလျက် ရှိပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ဆရာသမားတော်ကြီး ဦးမောင်မောင် ဦးဆောင်သော အောင်သိဒ္ဓိသာသနာပြုအဖွဲ့သည် ဒေါဝါးလက်ျာကျေးရွာတွင် "အောင်သိဒ္ဓိဓာပေါင်းစုစေတီတော်"ကို စတင်တည်တော်မူစဉ်က သာသနာပြုလုပ်ငန်းများအား ၁၅နှစ်တိတိ ဆောင်ရွက်တော်မူကြမည်ဟု သစ္စာအဓိဋ္ဌာန်ပြုထားခဲ့ကြရာ ယခု ၂၀၁၃ ခုနှစ်တွင် ၁၅နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။

အောင်သိဒ္ဓိ သာသနာပြုအဖွဲ့သည် ၁၅နှစ်တိုင်တိုင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် စေတီတော်ပေါင်း ၂၀ကျော် တည်လှူတော်၊ ပူဇော်တော်မူခဲ့ပြီးသော်လည်း "အောင်ပြီ၊ အောင်ပြီ"ဟူသော ကြွေးကြော်ခြင်းကို ရပ်တန့်မထား၊ စွမ်းအားရှိသမျှ သာသနာ့တာဝန် ငါ့တာဝန်ဟု သဘောထားကာ သာသနာပြုကြဦးမည့် သာသနာပြုပုဂ္ဂိုလ်များ ဖြစ်ပါသည်။

ဒေါင်ါးလက်ျာရွာတွင် ဆရာကြီး ဦးမောင်မောင်နှင့် အဖွဲ့သည့် "ဓအောင်သိဒ္ဓိ ဓာတ်ပေါင်းစုစေတီတော်"ကို တည်တော်မူနေစဉ် အခက်အခဲများစွာ ကြုံတွေ့လာရသောအခါ သာသနာပြုအဖွဲ့ခေါင်းဆောင်ဖြစ်သော ဆရာကြီး ဦးမောင်မောင်သည် အဖွဲ့သူအဖွဲ့သားများနှင့် တိုင်ပင်ပြီး ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသာမိထံ အကြောင်းစုံ လျှောက်ထားကာ စေတီတော် တည်လှူမှုကို ပြီးစီးအောင်မြင်သည်အထိ အကူအညီပေးပါရန်၊ ဆောင်ရွက်ပေးပါရန် လျှောက်ထားပန်ကြားခဲ့သည်။

ထိုအခါ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသာမိကလည်း အောင်သိဒ္ဓိ ဓာတ်ပေါင်းစုစေတီတော် တည်တော်မူရာတွင် တွေ့ကြုံနေရသော အခက်အခဲပေါင်းစုံကို ပြေလည်အောင် ဖြေရှင်းပေးတော်မူပြီး စေတီတော်ကို ကြည်ညိုစွာ ပူဇော်တော်မူနိုင်ရန် ဆောင်ရွက် ကူညီခဲ့ပါသည်။

ဦးယောဟန်၊ ဒေါ်ပြုံးမိသားစုထံမှ ရရှိသော ဗုဒ္ဓရုပ်ပွားတော်ကိုလည်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသာမိက "မဟာလောက သရဖူ ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်"ဟု ဘွဲ့တော်ဆက်ကပ်ခဲ့ပါသည်။

ပန်းတနော်မြို့နယ်၊ ဒေါဝါးလက်ျာရွာ၌ ဆရာကြီး ဦးမောင်မောင် ဦးဆောင်သော အောင်သိဒ္ဓိသာသနာပြုအဖွဲ့နှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်များ၊ အများပေါင်းစု ကောင်းမှုကုသိုလ်ပြုလျက် ၂၀၀၀ ပြည့်နှစ်က တည်တော်မူသော "အောင်သိဒ္ဓိ ဓာတ်ပေါင်းစုစေတီတော်"၏ မြောက်ဘက်အထက်ပစ္စယံတွင် ဂန္ဓကုဋီတိုက်တည်တော်မူကာ "မဟာလောက သရဖူ ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်"ကို သီတင်းသုံးရန် ထားရှိ ပူဇော်တော်မူခဲ့ဖူးပါသည်။

သို့သော် ထိုအောင်သိဒ္ဓိဓာတ်ပေါင်းစု စေတီတော်သည် ဒေါဝါးလက်ျာကျေးရွာ၏ ရွာဦးရွာထိပ်တွင် ရှိခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဝေးကွာခြင်း၊ လူနေအိမ်များနှင့် ဝေးကွာခြင်း၊ ရွာတွင်းသို့ အဝင်အထွက်ပြုနိုင်သော လူသွားလမ်းနံဘေးတွင် ရှိခြင်းတို့ကြောင့် "မဟာလောက သရဖူ ပေါ်တော်မူဗုဒ္ဓရုပ်ပွားတော်"အတွက် လုံခြုံမှု မရှိနိုင်ဟု ဆင်ခြင်မိသော တိုင်းရင်းသမားတော်ဆရာကြီး ဦးမောင်မောင်သည် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသာမိထံသို့ သွားရောက်လျှောက်ထားခဲ့ရပြန်သည်။

ထိုသို့ ဆရာကြီး ဦးမောင်မောင်၏ လျှောက်ထားချက်မှာ သင့်မြတ် မှန်ကန်သည့်အတွက် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသာမိသည် ၂၀၀၁ ခုနှစ်မှ စ၍ ယနေ့အထိ အများပြည်သူ ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းရှင်လူများ ကြည်ညိုပူဇော်နိုင်အောင် ပန်းတနော်မြို့ ရွှေဟသာ် လယ်ပေါ် စာသင်တိုက်၏ သိမ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူရန် ထားရှိလျက် ရှိပါသည်။

သို့ဖြစ်၍ ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူများ ကြွရောက်ကြပြီး "မဟာလောက သရဖူ ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး စသည်တို့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် နဝကမ္မ အလှူတော်ငွေများကို သဒ္ဓါတရားထက်သန်စွာ လှူဒါန်းနိုင်ကြပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

* * *

ပန်းတနော်နောင်လတ်



www.burmeseclassic.com

www.burmeseclassic.com

# လယ်တီဆရာတော်ဘုရားကြီး (နှင့်) ရဟန်းတစ္ဆေ

( ပဒ္မသီ )



သီပေါမင်း နန်းစံစဉ်အချိန်က ဖြစ်ပါသည်။ လယ်တီဆရာတော်ကြီးသည် မန္တလေးမြို့ မဟာဇေတဝိကာရာမ ကျောင်းတိုက်၌ စာချဆရာတော်လေးအဖြစ် ရဟန်းသံဃာ သာမဏေများကို ပရိယတ်စာပေများ ပို့ချပေးနေချိန်ဖြစ်သည်။ လယ်တီဆရာတော်ငယ်သည် နေ့စဉ် သံဃာ့ဝေယျာဝစ္စကို ဆောင်ရွက်ပေးသည်။ သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ရသော ဆွမ်းအလို့ငှာ နေ့စဉ် ဆွမ်းခံထွက်တော်မူခြင်း စသောဝတ်တို့ကိုလည်း တစ်ဖက်က မပျက်မကွက် ရွက်ဆောင်လျက်ရှိသည်။ တစ်နေ့ မိုးသောက်ခါနီးအချိန် ကျောင်းကပ္ပိယကို မှာကြားပြီး သပိတ်ပိုက်ကာ ဆွမ်းခံထွက်လာခဲ့၏။ လမ်းကျဉ်းလေးတစ်ခုသို့ အရောက်တွင် ဆရာတော်ကြွလာမည့် လမ်းကို ပိတ်ကာ မတင့်တယ်သည့် ရုပ်အဆင်းရှိသော တစ္ဆေတစ်ကောင်ကို တွေ့ရသည်။

ဆရာတော်သည် တစ္ဆေသရဲမှန်း သိ၍ မေတ္တာပို့ကာ အမျှပေးဝေ၏။ တစ္ဆေက သာဓုခေါ်လေသည်။ သို့သော် ကွယ်ပျောက်မသွား။ လမ်းကို ပိတ်ထားလျက်ပင် ရပ်နေသေး၏။ ထို့ကြောင့် ဆရာတော်က…

"ဒါယကာ… ငါ့မှာ ဆွမ်းခံဝတ်ရှိပါ၍ ပျက်ကွက်မှာ စိုးပါတယ်။ လင်းကြက်တွန်သံတွေလည်း ကြားရပြီး လမ်းဖယ်ပေးပါ

www.burmeseclassic.com

လို့ မိန့်ကြားသည်။

"အရှင်ဘုရား . . . သည်းခံတော်မူပါ။ ဆွမ်းခံတော် မပျက်စေရပါဘူး။ တပည့်တော်ရဲ့ ဝဋ်ဒုက္ခဆင်းရဲကို လျှောက်တင်ပါရစေ"

တစ္ဆေ၏ စကားကို ကြားသိရသောအခါ . . .

"ဒီလိုဆို လျှောက်ပါ။ ငါ ကူညီနိုင်က ကူညီပါမယ်"

ဟု ဆရာတော်က ဆက်မိန့်သည်။

"မတင့်မတယ်နဲ့ အပါယ်ကောင်းကျိုးပေးနေတဲ့ တပည့်တော်ရဲ့ ရုပ်အဆင်းကို ကြည့်ပါတော့ ဘုရား။ တပည့်တော်ရဲ့ အတိတ်ဟောင်းက ၁၅ဝါရ သာသနာတော်ဝင် ရဟန်းဖြစ်ပါလျက်၊ ဗျာပါဒနီဝရဏတည်း ဆိုတဲ့ ဒေါသလှိုင်းဂယက်နဲ့ ကမ်းမမီ ဝဲဩဃမှာ လေ့ပျက်ပြီး နစ်မြုပ်ဆုံးရှုံးရပါတယ် ဘုရား။ ပင်လယ်ကူးသမားနဲ့ တူတဲ့ တပည့်တော်ကို အစဉ်သနားစွာဖြင့် ပစ္စက္ခ မျက်မှောက်ဘဝရဲ့ အပါယ်ဒုက္ခဝဋ်ဆင်းရဲသံသရာမှ မကြာမီ ကျွတ်လွတ်နိုင်ဖို့ အရှင်ဘုရားကို လျှောက်ထား အကူအညီတောင်းရပါတယ် ဘုရား။ တပည့်တော်နဲ့ တွေ့ဆုံရာ ဒီနေရာအရပ်ကို မပြတ် အမျှပေးဝေတော်မူပါ ဘုရား"

ဟု တောင်းပန် လျှောက်ထားပြီး ကွယ်ပျောက်သွားလေသည်။

လယ်တီ ဆရာတော်ဘုရားသည် ထိုရဟန်းတစ္ဆေပြိတ္တာကို သနားကရုဏာ မေတ္တာရှိသဖြင့် မိမိဆွမ်းခံ၍ ရသည့်ထွမ်းကို သံဃာတော်များကို လှူဒါန်းပြီးလျှင်၊ ထိုရဟန်းတစ္ဆေအား အမျှဝေပေးလေသည်။ ခုနစ်ရက်မြောက်သော နေ့တွင် ဆရာတော်သည် ပုံမှန်အတိုင်း ဆွမ်းခံထွက်တော်မူရာ ထိုတစ္ဆေသည် ကိုယ်ရောင်ကိုယ်ဝါတောက်ပသော အသွင်ဖြင့် ဆရာတော်ကို လျှောက်ထား၏။

"ဆရာတော်၏ မေတ္တာကြောင့် တပည့်တော် အခုအခါ ချမ်းသာရာကို ရပါပြီ ဘုရား။ ဒီနေ့ ခုနစ်ရက်မြောက်မှာ တပည့်တော် ဘဝသစ်ကို ရောက်ပါပြီ ဘုရား။ ဆရာတော့်ကို တပည့်တော် ကျေးဇူးဆပ်သောအားဖြင့် ရှိခိုးကန်တော့ပါတယ် ဘုရား"

ဟု ဆိုကာ ကွယ်ပျောက်သွားလေတော့သည်။

လယ်တီ ဆရာတော်ဘုရားသည် တစ္ဆေ သရဲ ပြိတ္တာတို့ကို တွေ့ကြုံလျှင် မေတ္တာပို့ အမျှဝေပြီး သူတို့အတွက် သံဃိက ဒါနပြုပေးဖို့ အမြဲဩဝါဒ လမ်းညွှန်မှု ပြုသည်ဟု သိမှတ်ရပါသည်။

လယ်တီဆရာတော်ဘုရားကြီး အမြဲရွတ်ဆိုလေ့ရှိသော ဂါထာတစ်ပုဒ်ရှိသည်။ ထိုဂါထာမှာ -

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော ဓမ္မဿ၊
နမော သံဃဿ၊
နမော အာစရိယာနံ၊
တိဋ္ဌန္တု သီသေမေးဓော၊
အန္တရာယာ သမေန္တုမေ။

**အနက်**

ဘဂဝတော၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ ပယတ္တတည်းဟူသော ခြောက်ဝဘုန်းဟုန် ကျေးဇူးဂုဏ် ပြည့်စုံတော်မူထသော၊ အရဟတော - ကိလေသာကင်းပြ သဖြင့် မြတ်သောအ . . . ခံတော်မူထိုက်သော၊ တဿသ သမ္ဗုဒ္ဓဿ - မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန် ထွင်း၍ သိမြင်တော်မူသော ထိုမြတ်စွာဘုရားသခင်အ နမော - ရှိခိုးပါ၏။

ဓမ္မဿ - မြတ်စွာဘုရား ဟောကြားတော်မူအပ်သေ တရားတော်မြတ်အား၊ နမော - ရှိခိုးပါ၏။

သံဃဿ - မြတ်စွာဘုရား၏ တပည့်သား သံဃာ မြတ်အား၊ နမော - ရှိခိုးပါ၏။

အာစရိယာနံ - ပညာသိပ္ပ ညွှန်ပြသွင်သင် ကျေးဇူ ဆရာမြတ်တို့အား၊ နမော - ရှိခိုးပါ၏။

ဓေတေ - ထိုဘုရား၊ တရား၊ သံဃာ ဆရာ အရှင်မြ တို့သည်၊ မေ - ကျွန်ုပ်၏၊ သီသေ - ဦးခေါင်းရတ မြတ်အင်္ဂါထက်၌၊ တိဋ္ဌန္တု - တည်နေ ကိန်းဝပ်တော်မူကြ ကုန်သတည်း။

**ဂါထာအညွှန်း**

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဉ ဗုဒ္ဓဘာသာအလင်းပြကျမ်း ပဏာမနှင့် အာသီသတွင် သော ဂါထာတော်ဖြစ်သည်။

အထက်၌ ဖော်ပြခဲ့ပြီးသော ဂါထာကို ပါဠိအနက် တကွ ကျက်မှတ်၍ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ် ဘေးအန္တရာယ်ကင်းရှင်း၍ ဉစ္စာတိုးတက်ပြီး ဘုန်းကျက် ကြီးမားတတ်ပါသည် ■

* * *



www.burmeseclassic.com

www.burmeseclassic.com

စိတ်မိုး

စူဠသုဘဒ္ဒါ ချီးမွမ်းသော

# ရဟန်းတို့၏ ဂုဏ်ရည်များ




www.burmeseclassic.com

www.burmeseclassic.com

## သူငယ်ချင်းနှစ်ယောက်၏ ကတိကဝတ်

သာဝတ္ထိမြို့သား အနာထပိဏ်သူဌေးကြီး ငယ်စဉ်က ဥဂ္ဂမြို့ ဥဂ္ဂသူဌေးသားနှင့် ရင်းနှီးကျွမ်းဝင် ချစ်ခင်သော သူငယ်ချင်းဖြစ်၍ ဆရာတစ်ဦးထံ၌ အတူတကွ ပညာသင်ကြားဖက်ဖြစ်ခဲ့ကြသည်။

ယင်းသူငယ်ချင်းနှစ်ယောက်တို့ကား ရေစက် ပါရမီဖွဲ့စည်းမှု ခိုင်မြဲခဲ့ခြင်းကြောင့် အချင်းချင်း မေတ္တာသစ္စာဖြင့် ကြည်လင်အေးမြစေလျက် ရင်းနှီးကျွမ်းဝင်စွာ နေထိုင်ခဲ့ကြသည်။

ထို အနာထပိဏ်သူဌေးနှင့် ဥဂ္ဂသူဌေးသား သူငယ်ချင်းနှစ်ယောက်တို့သည် ငယ်ရွယ်ချိန် ပညာသင်ယူစဉ်၌ ဤသို့ နှစ်ယောက်သဘောတူ ဖွဲ့စည်းချည်နှောင်၍ ကတိကဝတ်ပြုခဲ့ကြသည်။ ထို ကတိကဝတ်ကား "အရွယ်ရောက်၍ အိမ်ထောင်သည်အဖြစ်၌ သားသမီး ရရှိကြသော် တစ်ယောက်၏သားအတွက် တစ်ယောက်၏သမီးကို ဖိတ်ကြား တောင်းရမ်းအံ့၊ အပ်နှင်းရမည်"ဟူသော ကတိကဝတ်တည်း။

ယင်း ပညာသင်ဖက် သူငယ်ချင်းနှစ်ယောက်တို့သည် အရွယ်ရောက်သောအခါ အသီးသီး မိမိတို့၏ မြို့၌ သူဌေးကြီးများ ဖြစ်လာကြသည်။

## သတို့သမီး စူဠသုဘဒ္ဒါ

အခါတစ်ပါး ဥဂ္ဂသူဌေးသည် ကုန်သွယ်မှုပြုရန် လှည်းငါးရာတို့ဖြင့် သာဝတ္ထိမြို့သို့ ရောက်ရှိလာသည်။ ထိုအခါ မြို့ခံ အိမ်ရှင် အနာထပိဏ်သူဌေးကြီးသည် အဆွေတော်ဖြစ်သည့် ဥဂ္ဂသူဌေးကြီးကို ဖခင်ဟူသောအမှတ်ဖြင့် ပြုစုလုပ်ကျွေးရန် သမီး စူဠသုဘဒ္ဒါအား တာဝန်ပေးအပ်သည်။ စူဠသုဘဒ္ဒါလည်း "ကောင်းပါပြီ"ဟု ဝန်ခံသည်။

ထို့ကြောင့် ယဉ်ကျေးလိမ္မာသော စူဠသုဘဒ္ဒါသည် ဥဂ္ဂသူဌေး သုံးစွဲရန် နေရာထိုင်ခင်း သုတ်သင်ရှင်းလင်းခြင်း၊ ထမင်းဟင်းလျာစားဖွယ် ပြင်ဆင်ခြင်း၊ အမွှေးနံ့သာ ပန်းမန်တို့ဖြင့် တင့်တယ်စေခြင်း၊ ကိုယ်လက်သုတ်သင် ရေချိုးရန် စီမံခြင်း စသော ပြုဖွယ်ရာတို့ကို မိမိ၏ ဖခင်အား ပြုစုသကဲ့သို့ပင် ရိုသေစွာ ပြုစုစောင့်ရှောက်သည်။

ထိုအခါ စူဠသုဘဒ္ဒါ၏ ရုပ်ရည်အဆင်း တင့်တယ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စကားချိုသာခြင်း၊ ဣန္ဒြေလန်းဆန်းခြင်း၊ ဂါရဝ နိဝါတ ကျင့်ဝတ်နှင့် ပြည့်စုံခြင်း၊ စေ့စပ်သေချာခြင်း စသော အိမ်ရှင်ဝတ်၊ ညေ့်ဝတ်တို့နှင့် ပြည့်စုံခြင်းကြောင့် ဥဂ္ဂသူဌေးအား နှစ်သက် မြတ်နိုးစေလျက်ရှိသည်။

ထို့ကြောင့် ဥဂ္ဂသူဌေးသည် အနာထပိဏ်သူဌေးနှင့် အမှတ်ရဖွယ်ရာ စကားများဖြင့် အချင်းချင်း အာလာပ သလ္လာပပြောဆို ဆုံစည်းကြသည့်အခါ ငယ်ရွယ်စဉ် ပညာသင်ယူချိန်၌ ကတိကဝတ်ပြုခဲ့ကြသော စကားအား ပြန်လည်သတိရ အောက်မေ့စေပြီးလျှင် သား၏ မင်္ဂလာအတွက် သမီး စူဠသုဘဒ္ဒါအား အပ်နှင်းယူဆောင်ခွင့်ပြုရန် ဖိတ်ကြားတောင်းဆိုသည်။

## ထိမ်းမြားခွင့်ပြု

စင်စစ် ဥဂ္ဂသူဌေးကား အစေလက(ဝတ်လစ်စလစ်) တိတ္ထိပရိဗိုဇ်တို့ကို ဆည်းကပ် ကိုးကွယ်သော မိစ္ဆာဒိဋ္ဌိဖြစ်သည်။ အနာထပိဏ်သူဌေးကား ဗုဒ္ဓဘုရားရှင်အား ဆည်းကပ် ကိုးကွယ်သော သမ္မာဒိဋ္ဌိဖြစ်သည်။ ဤသို့ သူငယ်ချင်း သူဌေးနှစ်ယောက်တို့၏ ဘဝ၌ အယူဝါဒရေးရာအားဖြင့် အဖြူနှင့် အမည်းကဲ့သို့ ခြားနားချက် ထင်ရှားလျက်ရှိသည်။

ယင်းသို့ အဖြူအမည်းကဲ့သို့ ခြားနားကန့်သတ်ချက်ရှိသော ဘဝအသိုင်းအဝိုင်းနှစ်ခု ပူးပေါင်းဖွဲ့စည်း တည်ဆောက်ခွင့် ကြုံသောအခါ အနာထပိဏ်သူဌေးကြီး၌ လွယ်ကူချောမွေ့စွာ ဝေဖန် ဆုံးဖြတ်ရန် အခက်အခဲနှင့် ရင်ဆိုင်ရလျက်ရှိသည်။

စင်စစ် ဣန္ဒြေတင့်တယ်ခြင်း၊ စိတ်ထားဖြူစင် မြင့်မြတ်ခြင်းရှိသော သမီးရတနာကို အစေလက(ဝတ်လစ်စလစ်) ပရိဗိုဇ် တက္ကတွန်းတို့ ဩဇာလွှမ်းမိုးရာ အသိုင်းအဝိုင်းသို့ ပို့လွှတ်ဆောင်နှင်းခွင့် ပြုရန်ကား မနှစ်သက်ဖွယ်ရာဖြစ်သည်။

သို့သော် ဗုဒ္ဓ၏ ဆုံးမဩဝါဒ ခံယူသောအခါ ဥဂ္ဂသူဌေး၏ အနာဂတ်၌ လင်းလက်တောက်ပသော ဘဝဖြစ်စေရန် ဥပနိဿယရှိကြောင်း မိန့်ကြားသဖြင့် အနာထပိဏ်သူဌေးသည် ကြည်လင်လန်းဆန်းကာ သမီး စူဠသုဘဒ္ဒါကို ဥဂ္ဂသူဌေးသားနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား ဆောင်နှင်းခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

## ဝိသာခါကဲ့သို့

ဤ၌ ထူးခြားသည်ကား၊ စူဠသုဘဒ္ဒါ၏ အခြားတစ် သတို့သားအိမ်သို့ လိုက်ရခြင်းသည် ဝိသာခါ၏ အခြားတစ်



www.burmeseclassic.com

www.burmeseclassic.com



သတို့သားအိမ်သို့ လိုက်ရခြင်းနှင့် တစ်ထပ်တည်းကဲ့သို့ တူညီနေခြင်းဖြစ်သည်။

ဝိသာခါ သတို့သမီးသည် မိဇ္ဈာဒိဋ္ဌိ သတို့သားအိမ်သို့ လိုက်ရသကဲ့သို့ စူဠသုဘဒ္ဒါသည်လည်း မိစ္ဆာဒိဋ္ဌိ သတို့သား အိမ်သို့ လိုက်ရသည်။ ဓနဥ္စယ သူဌေးကြီးသည် သမီး ဝိသာခါအား ယောက္ခမ၏ မြို့သို့ မစေလွှတ်မီ ဆုံးမသကဲ့သို့ အနာထပိဏ် သူဌေးကြီးသည် သမီး စူဠသုဘဒ္ဒါအား ယောက္ခမ၏ မြို့သို့ မစေလွှတ်မီ ဆုံးမ မှာကြားသည်။ ထို့နောက် ဝိသာခါကဲ့သို့ သမီး စူဠသုဘဒ္ဒါအား ဆုံးမ ဩဝါဒ ပေးရန် သူကြွယ် (၈)ယောက် လိုက်ပါစေခဲ့သည်။

အနာထပိဏ် သူဌေးကြီးသည် သမီး စူဠသုဘဒ္ဒါအား ယောက္ခမအိမ်သို့ ဆောင်နှင်းခွင့်ပြုသောနေ့၌ ဘုရားအမှူး ရှိသော သံဃာအား အလှူတော်ကြီး ပေးလှူ ပူဇော်ပြီးလျှင် သမီး စူဠသုဘဒ္ဒါအား ခိုးမြောက်ဖွယ်ရာတို့ဖြင့် တင့်တယ် စေလျက် စေလွှတ်ခြင်းဖြစ်သည်။

ဥဂ္ဂမြို့သို့ ရောက်သောအခါ ယောက္ခမအမှူးရှိသော သတို့သား၏ ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းတို့သည် စူဠသုဘဒ္ဒါအား လိုက်လိုက်လဲလဲ ဝမ်းမြောက်ခြင်း၏ အမှတ်တရ အပြုံးကိုယ်စီတို့ဖြင့် ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုနှုတ်ဆက် ကြသည်။

စူဠသုဘဒ္ဒါသည် ဥဂ္ဂမြို့သို့ ဝင်သော် တင့်တယ် ကောင်းမြတ်သော ဆင်ယင်ထုံးဖွဲ့ရာတို့ကို ဝတ်ဆင်၍ ဣန္ဒြေ တည်ငြိမ် ခန့်ညားစေလျက် ရထားထက်၌ ရပ်တည်ကာ အပြုံးပုံလွှာ ကြည်လင် ထင်ရှားစေပြီးလျှင် သတို့သား၏ မြို့ခံ ပရိသတ်တို့အား နှုတ်ဆက် ဝင်ရောက်သည်။ ဝိသာခါ သတို့သမီးကဲ့သို့ပင် ကြိုးကျယ်ခမ်းနားစွာ ဝင်ရောက်ခြင်းဖြစ်သည်။

သတို့သမီး စူဠသုဘဒ္ဒါသည် လက်ဆောင်ပို့ဆက်ကြ သော ပရိသတ်တို့၏ လက်ဆောင်ပဏ္ဏာတို့ကို ပရိသတ်ထံ သို့ပင် ပြန်လည်ပို့ဆက် ပံ့နှံ့စေလျက် ဂုဏ်ကျေးဇူး အထူး ထင်ရှားစေခဲ့သည်။

## ခါးခါးသီးသီးငြင်း

မင်္ဂလာနေ့တို့၌ ကြံရသည်ကား ယောက္ခမ မိသားစုတို့ သည် သူတို့ ဆည်းကပ်ကိုးကွယ်သော အစေလက(ဝတ် လစ်စလစ်) မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတို့ကို ပူဇော်သက္ကာရ ပြုကြ ရာတွင် သတို့သမီး စူဠသုဘဒ္ဒါအား ရှိခိုးပူဇော်ရန် ခေါ်ယူ သောအခါ စူဠသုဘဒ္ဒါ အလွန်ရှက်သဖြင့် ငြင်းဆန်ခဲ့သည်။ အကြိမ်ကြိမ်ခေါ်လည်း မရ၊ ခါးခါးသီးသီးပင် ငြင်းပယ်ခဲ့သည်။

ယင်းသို့ အစေလက(ဝတ်လစ်စလစ်) မိစ္ဆာဒိဋ္ဌိ တက္ကတွန်းတို့ကို ဆည်းကပ် ကိုးကွယ်ရန် ငြင်းဆန်ခြင်း ကြောင့် ယောက္ခမကြီးသည် အမျက်ဒေါသ(စိတ်ရိုင်း)ဖြင့် ကာ စူဠသုဘဒ္ဒါအား ကြမ်းတမ်းစွာ ပြောဆို ကြိမ်းမောင်း၍ အိမ်မှ နှင်ထုတ်သည်။ ဤကား ပြဿနာအစတည်း။

## အပြစ်မရှိ

စူဠသုဘဒ္ဒါသည် ဤအရာ၌ "ငါ့အား အပြစ်မရှိ အပြစ် တင်ရန် မသင့်။ အပြစ်မတင်ထိုက်"ဟု ဆိုကာ သူကြွယ် ရှစ်ယောက်တို့အား ပန်ကြားသိစေသဖြင့် သူကြွယ် ရှစ် ယောက်တို့လည်း ဝေဖန်စူးစမ်း သုံးသပ်ပြီးလျှင် စူဠသုဘဒ္ဒါ ၌ အပြစ်မရှိကြောင်း တွေ့ရှိရ၍ စူဠသုဘဒ္ဒါ၏ ယောက္ခမ အကြီးအကဲတို့ကို စူဠသုဘဒ္ဒါ၌ အပြစ်မရှိကြောင်း၊ အမျိုး ကောင်းသမီးဖြစ်ကြောင်း၊ အိမ်ရှင်မ ကျင့်ဝတ်နှင့် ပြည့်စုံ ကြောင်း၊ အိမ်မှ နှင်မထုတ်အပ်ကြောင်း ရှင်းလင်းပြောဆို လျက် သတို့သမီး စူဠသုဘဒ္ဒါဘက်မှ မားမားမတ်မတ် ရပ် တည်ကာကွယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## သူတော်ကောင်းမိဘ၏ ကျေးဇူး

စူဠသုဘဒ္ဒါကား သောတာပန် အနာထပိဏ် သူဌေး ကြီး၏ သမီးရတနာဖြစ်သည်။ ရုပ်ရည်အဆင်း ဣန္ဒြေတင့် တယ်ခြင်းတို့၌ ဂုဏ်ရှိန်မြင့်မြား ထင်ရှားသကဲ့သို့ ယဉ်ကျေး သိမ်မွေ့ခြင်း၊ ဆည်းကပ်ကိုးကွယ်ခြင်း၊ ရဟန်းတို့၏ ဂုဏ် ကို ချီးကျူးပြောဆိုခြင်း စသော ဗုဒ္ဓဘာသာဆိုင်ရာ ယုံကြည်မှု တွင်လည်း မြမြိုင်ခဲ့သော သမီးရတနာဖြစ်သည်။

သူတော်ကောင်း မိဘတို့ထံ၌ မွေးဖွားကြီးပြင်းရ၍ အေးမြ သန့်စင်သော မိဘမေတ္တာဖြင့် ထုံမွမ်းခံယူ သုံးစွဲရ သဖြင့် "စူဠသုဘဒ္ဒါ"ဟူ၍ နာမည်သတင်း မွှေးပျံ့ ကြိုင်သင်း သော သမီးချောရတနာဟု ကျော်စော ထင်ရှားရခြင်း ဖြစ် သည်။

စူဠသုဘဒ္ဒါသည် ကျေးဇူးရှင် မိဘတို့၏ နူးညံ့မွေ့လျော် ရသော အဆုံးအမခံယူကာ ရေစက် ဖူးစာကံ၏ ဆုံစည်း စေမှုဖြင့် မိစ္ဆာဒိဋ္ဌိ ယောက္ခမ၏ ချွေးမ၊ သတို့သား၏ ကြင်ရာ ဖြစ်ရသော်လည်း သမ္မာဒိဋ္ဌိ သတို့သမီးအဖြစ်မှ ဆံခြည် တစ်ခြမ်းခန့်မျှ မရွေ့လျောစေဘဲ ဗုဒ္ဓ၏ သမီးရတနာအဖြစ် ၌သာ ဂုဏ်ကျက်သရေ တင့်တယ်စေလျက် ဘဝဣန္ဒြေ တည်ငြိမ်ခန့်ညားစေခဲ့သည်။

## ရဟန်းတို့၏ ဂုဏ်ရည်များ

သူဌေးကတော်ကြီးသည် ချွေးမ စူဠသုဘဒ္ဒါကို ခေါ် စေပြီးလျှင်...

"သမီး စူဠသုဘဒ္ဒါ၊ သမီးကား သမီး၏ ရဟန်းတို့ကို အလွန်ချီးမွမ်း၏။ ထိုရဟန်းတို့ကား အဘယ်သို့ သဘောရှိ ကြသနည်း။ အဘယ်သို့ အလေ့(သီလ)၊ အကျင့်(အာစာရ) ရှိကြသနည်း။ ထိုရဟန်းတို့အကြောင်း ငါ့အား ပြောကြား လော့"

ဟု ဆိုသည်။

ဤသို့ဆိုသော် စူဠသုဘဒ္ဒါသည် ယောက္ခမအား ရဟန်းတို့၏ ဂုဏ်ရည်တို့ကို တင့်တယ်ချိုသာသော စကားဖြင့် ရိုသေလေးစားစွာ ချီးမွမ်းပြောဆိုသည်။

"အို...မိခင်၊ သမီး ချီးမွမ်းအပ်သော ရဟန်းတို့သည် ငြိမ်သက်သော ဣန္ဒြေရှိကြ၏။ ငြိမ်သက်သော စိတ်နှလုံး ရှိကြကုန်၏။ ထိုရဟန်းတို့၏ သွားခြင်း၊ ရပ်ခြင်းကား ငြိမ် သက် သိမ်မွေ့ကြ၏။ ချအပ်၊ ထိန်းသိမ်းအပ်သော စက္ခုန္ဒြေ မျက်လွှာရှိတော်မူကြ၏။ နှိုင်းယှဉ်၍ဆိုလေ့ရှိကြ၏။ ထိုသို့ သဘောရှိသော ရဟန်းတို့သည် သမီး၏ ရဟန်းတို့ပါတည်း။

အို...မိခင်၊ သမီး ချီးမွမ်းအပ်သော ရဟန်းတို့သည် ကိုယ်ဖြင့် ပြုအပ်သောအမှု(ကာယကမ္မ) စင်ကြယ်ကြ၏။ နှုတ်ဖြင့် ပြောအပ်သော စကား(ဝါစာကမ္မ) နောက်ကျုခြင်း မရှိ၊ စိတ်ဖြင့် ကြံအပ်သော အကြံ(မနောကမ္မ) အလွန်စင် ကြယ်ကြ၏။ ထိုသို့သဘောရှိသော ရဟန်းတို့သည် သမီး ချီးမွမ်းအပ်သော ရဟန်းတို့ပါတည်း။

အို...မိခင်၊ သမီး ချီးမွမ်းအပ်သော ရဟန်းတို့သည် အညစ်အကြေးကင်းစင်ကြ၏။ ပွတ်သစ်စ ခရုသင်းနှင့် တူကြ ၏။ အတွင်းအပ၌ သဘောတရားတို့သည် စင်ကြယ်ကြ၏။ စင်ကြယ်သော တရားတို့နှင့် ပြည့်စုံကြ၏။ ထိုသို့ သဘောရှိ သော ရဟန်းတို့သည် သမီး ချီးမွမ်းအပ်သော ရဟန်းတို့ပါ တည်း။

အို...မိခင်၊ လောက(လူအပေါင်း)သည် လာဘ်ရ သဖြင့် ထောင်လွှား တက်ကြွတတ်ကြ၏။ လာဘ်မရသဖြင့် အောက်သို့ ညွတ်ကျတတ်၏။

အကြင် ရဟန်းတို့သည် လာဘ်ရခြင်း၊ လာဘ်မရခြင်း ဖြင့် တူမျှသော သဘော၌ တည်တံ့ကြ၏။ ထိုသို့ သဘော ရှိသော ရဟန်းတို့သည် သမီး ချီးမွမ်းအပ်သော ရဟန်းတို့ပါ တည်း။

အို...မိခင်၊ လောက (လူအပေါင်း)သည် အခြံအရံ ဖြင့် ထောင်လွှားတက်ကြွတတ်၏။ အခြံအရံမရှိသဖြင့် အောက်သို့ ညွတ်ကျတတ်၏။ အကြင် ရဟန်းတို့သည် အခြံအရံရှိခြင်း၊ မရှိခြင်းဖြင့် တူမျှသော သဘော၌ တည်တံ့ ကြ၏။ ထိုသို့သဘောရှိသော ရဟန်းတို့သည် သမီး ချီးမွမ်း အပ်သော ရဟန်းတို့ပါတည်း။

အို...မိခင်၊ လောက(လူအပေါင်း)သည် ချီးမွမ်းခြင်း ဖြင့် ထောင်လွှားတက်ကြွတတ်၏။ ကဲ့ရဲ့ခြင်းဖြင့်ကား အောက် သို့ ညွတ်ကျတတ်၏။ အကြင် ရဟန်းတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့၌ တူမျှသောစိတ် ရှိကြကုန်၏။ ထိုသို့ သဘော ရှိသော ရဟန်းတို့သည် သမီး ချီးမွမ်းအပ်သော ရဟန်းတို့ ပါတည်း။

အို...မိခင်၊ လောက(လူအပေါင်း)သည် ချမ်းသာခြင်း ဖြင့် ထောင်လွှားတက်ကြွတတ်၏။ ဆင်းရဲခြင်းဖြင့် အောက် သို့ ညွတ်ကျတတ်၏။ အကြင် ရဟန်းတို့သည် ချမ်းသာခြင်း ဆင်းရဲခြင်းဖြင့် တုန်လှုပ်ခြင်း မရှိကြ၊ ထိုသို့ သဘောရှိသော ရဟန်းတို့သည် သမီး ချီးမွမ်းအပ်သော ရဟန်းတို့ပါတည်း။

ဤသို့ အစရှိသော စကားတို့ဖြင့် တန်ဆောင်ပြ၍ ယောက္ခမကြီးအား ကြည်လင် နှစ်သက်စေ၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com

ယောက္ခမကြီးသည် စူဠသုဘဒ္ဒါအား…

"ချစ်သမီး ချီးမွမ်းအပ်သော ရဟန်းတို့ကို ငါတို့အား ဖူးမြင်ရစေခြင်းငှာ စွမ်းဆောင်နိုင်အံ့လော"

ဟု ဆိုသောကြောင့် "စွမ်းနိုင်ပါ၏"ဟု စူဠသုဘဒ္ဒါက ဝန်ခံသည်။ ထို့ကြောင့်…

"ချစ်သမီး ချီးမွမ်းအပ်သော ရဟန်းတို့ကို ငါတို့အား ဖူးမြင်ရစေခြင်းငှာ တင့်တယ်ကောင်းမြတ်သော စီစဉ်ဖွယ်ရာတို့ကို စီစဉ်လော့"

ဟု ခွင့်ပြုသည်။

ဗုဒ္ဓနှင့် ဗုဒ္ဓ၏ သာဝက ရဟန်းတို့၌ ဆည်းကပ် ကိုးကွယ်သော စူဠသုဘဒ္ဒါ၏ ရဟန်းဂုဏ်ရည်တို့ကို ချီးမွမ်း ပြောဆိုသောစကား ကြားရကာမျှဖြင့် ယောက္ခမကြီးသည် ရဟန်းတို့ စိုးစံသော သာသနာတော်အား ကြည်ညိုစိတ် ဝင်ရောက်ခြင်းသည် ရဟန်းတို့၏ ဂုဏ်ကျေးဇူး ကြီးမြတ်စင်ကြယ်ခြင်းကြောင့် ဖြစ်သည်။

ငယ်ရွယ်သော စူဠသုဘဒ္ဒါ၏ စကားကြားရရုံမျှဖြင့် ယောက္ခမ၏ သန္တာန်၌ ဗုဒ္ဓသာသနာတော်အား ကြည်ညိုစိတ် ကိန်းဝပ်ခြင်းသည် ရဟန်းတို့၏ အလေ့အကျင့် သီလ အာစာရဂုဏ်တို့ကြောင့်လည်း ဖြစ်သည်။

## ဘုရားပင့်ခြင်း

စူဠသုဘဒ္ဒါသည် ဗုဒ္ဓဘုရားရှင် အမှူးရှိသော သံဃာတို့အား လှူဒါန်းပူဇော်ခြင်းငှာ တင့်တယ်ခမ်းနားစွာ စီစဉ်ပြီးနောက် ပြာသာဒ်အထက်၌ ရပ်တည်ပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ရှေးရှု၍ ထိခြင်းငါးပါးဖြင့် ရှိခိုးကာ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်၍ ပန်းနံ့သာများစွာ ပူဇော်လျက်…

"ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ နက်ဖြန် ကောင်းမှုပြုအံ့သောငှာ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား လေးမြတ်စွာ ပင့်ဖိတ်အပ်ပါသည် ဘုရား။ တပည့်တော်မ၏ ဤအမှတ်သညာဖြင့် ပင့်ဖိတ်သောအဖြစ်ကို ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား သိတော်မူပါစေသတည်း"

ဟု စိတ်စေတမန်ဖြင့် အဓိဋ္ဌာန်၍ မြတ်လေးပန်း ရှစ်ဆုပ်တို့ကို ကောင်းကင်၌ ပစ်မြှောက်ကြဲဖြန့်လိုက်သည်။ ရှိသော် ပန်းတို့သည် ကောင်းကင်ပြင်ဝယ် ငှက်အသွင် ပျံသန်းသွားရောက်ပြီးလျှင် ပရိသတ်အလယ်၌ တရားဟော ကြားလျက်ရှိသော မြတ်စွာဘုရား၏ အထက်တွင် ပန်းဖိတာန်အဖြစ် တည်တံ့ ပူဇော်ကြသည်။

## သူတော်ကောင်းနှင့် သူယုတ်မာ

ယင်းခဏ၌ပင် အနာထပိဏ် သူဌေးကြီးသည် ဗုဒ္ဓ၏ ဓမ္မသဘင်၌ တရားစကား ကြားနာပြီး၍ ဘုရားရှင်ထံသို့ မျက်နှာရှေးရှု လက်အုပ်ချီလျက်…

"အရှင်မြတ်ဘုရား…နက်ဖြန် ကောင်းမှုအလို့ငှာ ပင့်ဖိတ်ပါ၏ ဘုရား"

ဟု လျှောက်ထားရာ ဗုဒ္ဓဘုရားရှင်က…

"ဒါယကာ သူကြွယ်၊ နက်ဖြန် ဆွမ်းဖိတ်ခြင်းကို သည်းခံအပ်ပြီ"

ဟု မိန့်ကြားသဖြင့် အနာထပိဏ် သူဌေးကြီးက…

"အရှင်မြတ်ဘုရား…တပည့်တော်ထက် ဦးစွာလျှောက်ထားသော အလှူရှင်ဟူ၍ ရှိပါ၏လော အရှင်မြတ်ဘုရား"

ဟု လျှောက်ထားသောကြောင့် မြတ်စွာဘုရားက -

"ဒါယကာ သူကြွယ်၊ သမီး စူဠသုဘဒ္ဒါ၏ ပင့်ဖိတ်ခြင်းကို သည်းခံအပ်ပြီးပြီ"

ဟု မိန့်ဆိုသည်။ ထိုအခါ အနာထပိဏ် သူဌေးကြီးက…

"အရှင်မြတ်ဘုရား… သမီး စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိမြို့မှ ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးသော ဥဂ္ဂမြို့၌ နေထိုင်လျက်ရှိပါ၏။ အဘယ်သို့ ပင့်ဖိတ်ပါသနည်း"

ဟု လျှောက်သဖြင့် ဗုဒ္ဓဘုရားရှင်က…

"ဟိမဝန္တာတောင်မင်းသည် ထင်ရှားသကဲ့သို့ ဝေးသောအရပ်၌ တည်ရှိကြသော သူတော်ကောင်းတို့လည်း ထင်ရှားကြ၏။ ညဉ့်အခါ၌ ပစ်လွှတ်အပ်သော မြားတို့သည် မထင်ရှားကုန်သကဲ့သို့ ငါဘုရား၏ အနီး၌ တည်ရှိကြသော မသူတော်(သူယုတ်မာ)တို့လည်း မထင်ရှားကြကုန်"

ဟု ဟောကြားအပ်သော ဤတရား၌ ဘုရားနာ ပရိသတ်တို့ အလွန်နှစ်သက်ကြသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ရှိခံစားကြရသည်။

## ဘာသာပြောင်း အလှူပွဲ

သိကြားမင်း၏ အမိန့်ဖြင့် ဝိသကြုံနတ်မင်း ဖန်ဆင်းစီမံသည့်အတိုင်း ဗုဒ္ဓဘုရားရှင်သည် အခြံအရံ ရဟန္တာ ၅၀၀ နှင့်တကွ သာဝတ္ထိမြို့မှ ဥဂ္ဂမြို့သို့ ကြွချီတော်မူသည်။ ဥဂ္ဂသူဌေးကြီးသည် စူဠသုဘဒ္ဒါ ပေးအပ်သောနည်းဖြင့်သာလျှင် မြတ်စွာဘုရား ကြွချီလာခြင်းကို ကြည့်ရှု ဖူးမြော်လျက် ရှိ

www.burmeseclassic.com

သည်။

ယင်းသို့ အသရေတို့၏ ပြည့်စုံခြင်းဖြင့် ကြွချီတော်မူလာသော ဗုဒ္ဓဘုရားရှင်ကို ဖူးမြင်ရလျှင် ထူးကဲသော ကြည်ညိုစိတ် ဖြစ်ပွားခံစားရ၍ ပန်းနံ့သာတို့ဖြင့် ပူဇော်သက္ကာရပြုလျက် ဝမ်းမြောက်စွာ ကြိုဆို ရှိခိုးပြီးလျှင် အလှူတော်ကြီး ပေးလှူကျင်းပ ပူဇော်သည်။ ထိုနည်းဖြင့် အကြိမ်ကြိမ်ထပ်၍ ပင့်ဖိတ်လှူဒါန်းသဖြင့် ခုနစ်ရက်ပတ်လုံး အလှူတော်ကြီး ခမ်းနားစွာ ကျင်းပ လှူဒါန်းသည်။ ဤကား ဗုဒ္ဓဘုရားရှင်အား ကြည်ညိုခြင်း၏ အနှစ်သာရ ချမ်းမြသုခ ခံစားရခြင်းဖြစ်သည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ဥဂ္ဂသူဌေး အမှူးပြုသော ပရိသတ်အား လျောက်ပတ်သော တရားဖြင့် ဟောကြားချီးမြှင့်တော်မူရာ ဥဂ္ဂသူဌေး အစပြု၍ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့သည် သူ့စွာလေးပါး ထင်ရှားစွာ ထိုးထွင်းသိမြင်သော သူတော်ကောင်း(ဓမ္မာဘိသမယ)ဖြစ်ကြရသည်။ စူဠသုဘဒ္ဒါ အမှူးရှိသော ပရိသတ်တို့အား ချီးမြှောက်သောအားဖြင့် အရှင်အနုရုဒ္ဓါ မထေရ်ကိုလည်း ဥဂ္ဂမြို့၌ သီတင်းသုံး နေရစ်စေခဲ့သည်။ ထိုအခါမှစ၍ ဥဂ္ဂမြို့သည် သဒ္ဓါတရား ရှန်းရှန်းဝေသောမြို့အဖြစ် ထင်ရှားကျော်စောသည်။

စင်စစ် ဤအလှူပွဲကား အစေလက(ဝတ်လစ်စလစ်) မိစ္ဆာဒိဋ္ဌိတို့အား ဆည်းကပ် ကိုးကွယ်သော ဥဂ္ဂသူဌေး မိသားစုဝင်တို့ကို ဗုဒ္ဓဘာသာ(သမ္မာဒိဋ္ဌိ)သို့ ကူးပြောင်းရောက်ရှိစေခဲ့သော ဘာသာပြောင်း အလှူပွဲတော်ဖြစ်သည်။

ဤသို့ မိစ္ဆာဒိဋ္ဌိ မိသားစုဝင်တို့အား ဗုဒ္ဓဘာသာသို့ ကူးပြောင်းရောက်ရှိစေခြင်းကား စူဠသုဘဒ္ဒါသည် ရဟန်းတို့၏ ဂုဏ်ရည်အား ယောက္ခမကို ဖွင့်ဆိုပြောကြားစဉ်ကပင် ဗုဒ္ဓဘာသာ၌ အာရုံရောက်စေခဲ့ခြင်းကြောင့် ရဟန်းတို့၏ ဂုဏ်ရည်သည် မိစ္ဆာဒိဋ္ဌိတို့ကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေရာဝယ် အထူးအကျိုးသက်ရောက်စေခဲ့သည်။

ဗုဒ္ဓသာဝက ရဟန်းတို့၏ ဂုဏ်ရည်သည် ဗုဒ္ဓသာသနာ တည်ရှိသရွေ့ ထင်ရှားစွာ ထွန်းလင်းတောက်ပနေမည်သာ ဖြစ်သည်■

* * *

စိတ်မိုး

ကျမ်းကိုး

- စူဠသုဘဒ္ဒါ ဝတ္ထု (ဓမ္မပဒ၊ ၄-၂)။

သင့်ဘဝကို မြန်နှုန်းမြင့် အောင်မြင်ချင်တယ်ဆိုရင်

ခေတ္တာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်.....

သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း။

အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။

သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ အမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄၊ ၀၉-၂၅၀၂၇၃၆၇၇



www.burmeseclassic.com

www.burmeseclassic.com

# မြယာငြိ

## ဒေါသနှင့်ဆန့်ကျင်ရာ အစွန်းတစ်ဖက်ဆီသို့



မနက်ခင်း လမ်းလျှောက်ထွက်ပြီး ပြန်အလာ၊ ဈေး ရေ လက်ဖက်ရည်ဆိုင်တွင် ခဏနားရင်း လက်ဖက်ရည်

ညံ့ညံ့အသံများကြောင့် ကျွန်တော်အပါအဝင် လူအ ကြားရာသို့ အာရုံရောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တတ်ပြောလို့ သနားပြီး ချေးလိုက်တာ အခု ကြွေးတောင်းတော့ တိုင်ချင်ရာတိုင်လို့ နင့်ပါးစပ်မို့ ပြောထွက်တယ်။ နင်တို့ စားထိုက်ရင် စားကြ။ ငါ့ငွေမရမချင်း နင်တို့ကို နေ့တိုင်း မေတ္တာပို့ပေးနေမယ်။ မကြာခင် ငါ့မေတ္တာစူးတာ တွေ့ရလိမ့်မယ်"

ငွေတိုးချေးစားသူ မိန်းမကြီးနှင့် ငွေချေးထားသူ ငါးစိမ်းသည် မိန်းမကြီးတို့ ရန်ပွဲမှ အသံများဖြစ်ပါသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည့် အသက် ၆၀ခန့် လူကြီးက ရန်ပွဲကို ကြည့်၍ ပြုံးဖြီးဖြီးနှင့် ကျွန်တော့်ကို မေးငေါ့ပြလိုက်သည်။ ကျွန်တော်ကလည်း ထိုလူကြီးကို ပြန်ပြီး ပြုံးပြလိုက်ခြင်းဖြင့် ရင်းနှီးမှု ယူလိုက်ပါသည်။

"အဲဒီလိုမျိုး မေတ္တာပို့ရင် ရနိုင်ပါသလား ဦးလေး"

လူချင်းမသိသေးသော်လည်း မိတ်ဖွဲ့သည့်အနေဖြင့် ကျွန်တော်မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဟာ…ဒေါ်သ ဒီလောက်ကြီးနေတဲ့သူက မေတ္တာဆိုတဲ့ စကားကို မတန်မရာ သုံးလိုက်တာက ပုန်းရင်အနူလက်နဲ့ ရွှေခွက်နှိုက်လိုက်သလို ဖြစ်သွားတာပေါ့။ မေတ္တာဆိုတာ ဒေါသရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အဒေါသကို ပြောတာကွ။ နောက်ပြီး မေတ္တာက အအေးဓာတ်၊ အစိုဓာတ်ဖြစ်ပြီး စေးကပ်တဲ့ သဘော၊ မိတ်ဖွဲ့တဲ့ သဘော၊ စည်းလုံးတဲ့ အဓိပ္ပာယ်ပဲကွ"

"ဪ…ဒါကြောင့် မေတ္တာမထားနိုင်တဲ့၊ မသင့်မြတ်တဲ့သူကို သူနဲ့ သိပ်ပြီး အစေးမကပ်ဘူးလို့ သုံးကြတာကိုး"

"အေးပေါ့ကွ။ မေတ္တာဆိုတဲ့ စကားကို လူတွေက ခပ်ပေါ့ပေါ့တန်တန် သုံးနေကြပေမယ့် မေတ္တာရဲ့ လေးနက်တဲ့ အဓိပ္ပာယ်နဲ့ မေတ္တာရဲ့ စွမ်းအားကို နားလည်လောက်တဲ့သူ ရှားတယ်ကွ"

"ဒီလိုဆိုရင် လူတိုင်း မလုပ်နိုင်တဲ့ သဘောလား"

"မင်း စဉ်းစားကြည့်လေ။ မေတ္တာသုတ် စတင်ခဲ့တဲ့ အခြေအနေကို ကြည့်လိုက်။ ကမ္မဋ္ဌာန်းတရား ကျင့်နေကြတဲ့ ရဟန်းတွေကို ဟောခဲ့တာကွ။ ဒီ ရဟန်းတွေက သီလစင်ကြယ်ပြီး သမာဓိ အားကောင်းတာကြောင့် မေတ္တာကို ပို့လွှတ်ဖို့ အရည်အချင်းပြည့်ဝသူတွေ ဖြစ်တယ်။ နောက်တစ်ချက်က မြတ်ဗုဒ္ဓက ပါဠိလို တရားဟောတဲ့အခါ ပါဠိဘာသာတတ်ကျွမ်းပြီးဖြစ်တာကြောင့် သဘောပေါက်လွယ်ကြတယ်။ မေတ္တာပို့လွှတ်ရာမှာလည်း နည်းမှန်၊ လမ်းမှန်ဖြစ်လို့ မေတ္တာဟာ လေးနက် စူးရှပြီး အောင်မြင်ခဲ့ကြတာပဲ"

"ဦးလေး ပြောတာက မေတ္တာပို့မယ့်သူဟာ သီလလည်း စင်ကြယ်ရမယ်။ မေတ္တာသုတ်တော်ရဲ့ ဆိုလိုရင်းကိုလည်း အဓိပ္ပာယ်သိထားရမယ့် သဘောပေါ့"

"အေး၊ ဟုတ်တယ်။ မေတ္တာသုတ်ရဲ့ ပါဠိတော်တွေကို ရွတ်ဆိုပွားများတာကတော့ ယုံကြည်စိတ်၊ အားကိုးစိတ်နဲ့ ကြည်ညိုစိတ်ဖြစ်တာကြောင့် အကျိုးရှိပါတယ်။ ဒါပေမယ့် ပါဠိတော်ရဲ့ အဓိပ္ပာယ်ကိုတော့ လေးလေးနက်နက်သိအောင် လုပ်ထားရမယ်ကွ။ မင်း နားလည်အောင် ရယ်စရာလေး တစ်ခုပြောပြမယ်"

◈◈◈

ရွာတစ်ရွာက ဘုန်းတော်ကြီးကျောင်းကို ဆွမ်းအုပ်လာပို့ကြတဲ့သူတွေထဲမှာ ခွေးအလွန်ကြောက်တတ်တဲ့ အပျိုကြီးတစ်ယောက်ရှိတယ်တဲ့။ ဒါကို ရိပ်မိတဲ့ ဦးသူတော်က အပျိုကြီးကို ခွေးနိုင် မန္တန်ပေးလိုက်တယ်တဲ့ကွ။ အဲဒီအချိန်က စပြီး အပျိုကြီးဟာ ဘယ်ခွေးကိုမှ မကြောက်တော့ဘဲ သွားရဲလာရဲရှိလာတယ်တဲ့။ ဒီလိုနဲ့ တစ်ရက်မှာ အပျိုကြီးဟာ မမျှော်လင့်ဘဲ ရုတ်တရက် ခွေးကိုက်ခံလိုက်ရတယ်။ ဒီတော့ အပျိုကြီးလည်း စိတ်ဆိုးပြီး ဦးသူတော်ဆီ အပြစ်တင်ဖို့ ရောက်လာသတဲ့။ ဦးသူတော်က အပျိုကြီးကို မန္တန်ရဲ့ အဓိပ္ပာယ်အတိုင်း မလုပ်ဘူးလားလို့ မေးတဲ့အခါ အပျိုကြီးက အဓိပ္ပာယ်ကို မသိလို့ မန္တန်ကို ရွတ်ရုံပဲ ရွတ်ခဲ့ကြောင်း ပြောလိုက်မှ ဦးသူတော်က မန္တန်ရဲ့ အဓိပ္ပာယ်ကို ပြောပြလိုက်တယ်တဲ့ကွ"

"အဲဒီ မန္တန်ရဲ့ အဓိပ္ပာယ်က ဘာပါလဲခင်ဗျ"

"မန္တန်ကတော့ ဦး…ဒေရှုပ်ရှုပ်၊ ဒေရှုပ်ရှုပ်၊ ရေပါလမ်း ရေပါလမ်း-တဲ့ကွ။ အဓိပ္ပာယ်ကတော့ ခွေးတွေ့ရင် ဒေရှုပ်ရှုပ်-တုတ်ရှည်ရှည်နဲ့၊ ရေပါလမ်း-ရမ်းလိုက်ပါ-တဲ့ကွ။ ဟား… ဟား…ဟား"

"ဒါဆို မန္တန်ရပြီး အဓိပ္ပာယ်မသိဘဲ ရွတ်နေတုန်းက ခွေးအကိုက်မခံရတာက ဘာကြောင့်ပါလဲခင်ဗျ"

"အဲဒါက မန္တန်ကို ယုံကြည်စိတ်၊ အားကိုးစိတ်ကရဲစိတ်တင်ပေးလိုက်တာကြောင့် ခွေးတွေက ကြောက်ပြီး ပြေးကြတာကွ။ ဒါပေမယ့် အချိန်အခါဆိုတာ ရှိတယ်လေ။ ခွေးတွေ မိတ်လိုက်တဲ့အချိန်မှာတော့ ခွေးတွေဟာ ရာဂစိတ်ဖိစီးနေတာကြောင့် အဲဒီရဲ့ စိတ်က တွေ့သမျှ အနှောင့်အယှက်ကို ရင်ဆိုင်ဖို့ သတ္တိရှိလာတဲ့ သဘောပေါ့ကွာ။

ဒါကြောင့် သုတ်၊ ပရိတ်၊ ဂါထာ၊ မန္တန်တွေကို အားကိုးအားထားမယ်ဆိုရင် ကြည်ညိုစိတ်နဲ့ ရွတ်ဆိုပွားသလို၊ အဓိပ္ပာယ်ကိုလည်း သေသေချာချာ နားလည်အောင်

www.burmeseclassic.com

လိုတယ်။ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသက အရပ် ၁၀မျက်နှာ မေတ္တာပို့ရာမှာ ပါဠိအစား မြန်မာဘာသာနဲ့ အဓိပ္ပာယ်ပြန်ပေးပြီး နည်းပေးခဲ့တယ်။ နောက်ပြီး ပရိတ်ကြီး ၁၁ သုတ်ရွတ်ပြီးတဲ့အခါ အမျှဝေဆုတောင်း ဂါထာတွေကို ပါဠိလို ရွတ်ပေးပြီး အနက်၊ အဓိပ္ပာယ်၊ နိဿယကိုတော့ မဟာဗုဒ္ဓဝင်ကျမ်းကြီး နိဂုံးမှာ ကြည့်ရှုလိုက်နာကြဖို့ ညွှန်ကြားခဲ့တယ်ကွ။

တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသကလည်း တရားဓမ္မရေးသား ဟောပြောပို့ချတဲ့အခါ အရွယ်အစားအလိုက် နားလည်စေနိုင်ဖို့ လိုကြောင်း ဩဝါဒ ပေးခဲ့ဖူးတယ်လို့ ငါ မှတ်သားဖူးတယ်ကွ"

"ဒါဖြင့် မေတ္တာ ဘာဝနာပွားများမယ့်သူတွေ မေတ္တာပို့လွှတ်နိုင်ဖို့ရာ မေတ္တသုတ် ပါဠိတော်မှာ ညွှန်ပြထားတာတွေရဲ့ အနက်အဓိပ္ပာယ်ကို မြန်မာလို နားလည်အောင် လုပ်ပြီးမှ ဆောင်ရွက်တာက နည်းမှန်၊ လမ်းမှန်ဖြစ်မှာပေါ့နော် ဦးလေး"

"အေးပေါ့ကွ။ မေတ္တာပို့ချင်တဲ့သူအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းရှိ မရှိ စိစစ်ထားတဲ့ အချက်တွေရှိတယ်လေ။ ပထမအချက်ကတော့ ကျင့်နိုင်စွမ်းရှိရဲ့လားတဲ့။ ရှိပြီဆိုရင် ကိုယ်၊ စိတ်၊ နှလုံးကို ဖြူစင်သန့်ရှင်းအောင်ထားရမယ်။ အရာရာမှာ ဖြောင့်မတ်မှု ရှိရမယ်။ သူတော်ကောင်းတွေရဲ့ ဆုံးမစကားကိုလည်း နာယူတတ်ရမယ်။ နားလည်လွယ်ရမယ်။ နူးညံ့သိမ်မွေ့ရမယ်။ မာန်မာနကင်းရမယ်။ ရောင့်ရဲသည်းခံနိုင်ရမယ်။ လွယ်ကူမြေါပါးတဲ့ အသက်မွေးမြူမှု ရှိရမယ်။ အပိုကိစ္စနည်းပါးအောင် နေရမယ်။ တည်ငြိမ်တဲ့ ဣန္ဒြေလည်း ရှိရမယ်။ ရင့်ကျက်မှု ရှိရမယ်။ ကိုယ်စိတ်နှစ်ပါး ကြမ်းတမ်းမှု မရှိစေရဘူး။ မိတ်ဆွေ၊ ဖတ်ဆွေ၊ ဆွေမျိုးစွဲ ကင်းရမယ်။ ပညာရှိတွေ ကဲ့ရဲ့နိုင်လောက်တဲ့ အသေးအဖွဲကိစ္စလေးတွေ မရှိအောင် သတိထားရမယ်တဲ့ကွ"

"ဦးလေး ပြောတဲ့ အချက်တွေအားလုံး ပြည့်စုံအောင် လုပ်ဖို့ လွယ်ပါ့မလား"

"အဲဒါ ပြောတာပေါ့။ ဒါက ရဟန်းတွေအဖို့ မခဲယဉ်းပေမယ့် သာမန်လူတွေအနေနဲ့ မလွယ်လောက်ဘူး။ ဒီလောက် အချက်ကလေးတွေကိုတောင် မကျင့်ကြံ၊ မကြိုးစားနိုင်ရင် ဘယ်လိုလုပ်ပြီး မေတ္တာပို့လို့ ရမှာလဲ။ အခုပဲကြည့်၊ မင်းက ငါ့ကို ကျွေးချင်မွေးချင်ပေမယ့် မင်းမှာ ငါ့ကို ကျွေးနိုင်လောက်အောင် ပိုက်ဆံမရှိသေးဘူးဆိုရင် ဘာနဲ့ ကျွေးမလဲ။ အဲဒီလိုပဲပေါ့၊ မေတ္တာပို့ချင်တယ် ဆိုပေမယ့် မေတ္တာပို့နိုင်လောက်တဲ့ အရင်းအနှီး စုဆောင်းထားတာ မရှိရင် ပို့လိုက်တဲ့ အရာဟာ မေတ္တာမဟုတ်ဘဲ၊ လေပဲ ဖြစ်သွားမှာပေါ့ကွ"

"ဒီလိုဆို အဲဒီအရည်အချင်းတွေ ပြည့်ပြီဆိုပါတော့ ဘယ်လိုစပြီး မေတ္တာပို့ရမလဲ"

"အေး၊ တိုတိုနဲ့ ရှင်းရှင်းပြောရရင် မေတ္တာကို နည်းနှစ်နည်း သတ်မှတ်ပြီး ပို့လို့ရတယ်။ အနောဓိသ မေတ္တာနဲ့ ဩဓိသ မေတ္တာလို့ ခေါ်တယ်။ အနောဓိသ ဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ နေရာ၊ ဒေသ မကန့်သတ်ဘဲ လောကကြီးတစ်ခုလုံးကို ခြုံပြီး ပို့ရတာပဲ။ ဩဓိသ ဆိုတာကတော့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ နေရာ၊ ဒေသ သတ်မှတ်ပြီး အထူးရည်ရွယ်ပို့ပေးတာကို ပြောတာကွ"

"ဩဓိသ မေတ္တာက အထူးရည်ရွယ် သတ်မှတ်ပြီး ပို့တာဆိုတော့ ရှင်းပါတယ်။ အနောဓိသ မေတ္တာက လောကတစ်ခုလုံး ခြုံငုံပြီး ဘယ်လိုပို့တာပါလဲ"

"ဒါကတော့ လောကကြီးတစ်ခုလုံးမှာ ရှိကြတဲ့ ဆူကြုံနိမ့်မြင့်တဲ့သူတွေ၊ အလယ်အလတ်ရှိသူတွေ၊ အဝေးအနီးမှာ ရှိပြီး မြင်ဖူး၊ မမြင်ဘူးသူတွေနဲ့ ဘဝဇာတ်ဆုံးတဲ့သူတွေ၊ ဘဝဇာတ်မဆုံးသေးတဲ့သူတွေအားလုံးကိုပေါ့ကွာ"

"ကျန်တာတွေကို သဘောပေါက်ပေမယ့် ဘဝဇာတ်ဆုံးသူ၊ မဆုံးသူဆိုတာ ဘာကို ဆိုလိုတာပါလဲ"

"ဟုတ်တယ်။ ဒါကိုတော့ ရှင်းဖို့ လိုလိမ့်မယ်။ ဒီနေရာမှာ အရှင်အာဒိစ္စဝံသ ဆရာတော်ကြီးရဲ့ နိဗ္ဗာန သုတ္တသင်္ဂဟကျမ်းက ဗာဟီယသုတ်မှာ ဖော်ပြထားတာ အတော်စိတ်ဝင်စားဖို့ ကောင်းတယ်ကွ။ နိဗ္ဗာန်ဆိုတာ အာရုံခြောက်ပါးတည်နေရာလောက မဟုတ်လို့ ခံစားရာ အာရုံလည်း မရှိ၊ ခံစားသူလည်း မရှိ။ စင်စစ် အာရုံကို ခံစားမှု မရှိ၍ အာရုံနှင့် အရမ္မဏိက ချုပ်ငြိမ်းခြင်းမျှသာ ဖြစ်တယ်တဲ့။ ဒါကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုထားပြီး တဏှာကိလေသာငြိမ်းနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝဇာတ်ဆုံးနေတဲ့သူတွေပဲ။

ဘဝဇာတ် မဆုံးသေးသူတွေကတော့ မိုးကုတ်ဆရာတော်ကြီးရဲ့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းမှာ ညွှန်ပြထားတဲ့အတိုင်း ဇာတိအဖြစ်နဲ့ သံသရာလည်နေဦးမယ့် ဘဝဇာတ် အဆုံးမသတ်နိုင်သေးတဲ့သူတွေပဲလို့ မှတ်လိုက်ပေါ့ကွာ"


"သဘောပေါက်ပါပြီ။ အဲဒီ ပုဂ္ဂိုလ် သတ္တဝါတွေကို ဘယ်လိုစိတ်ထားမျိုးနဲ့ မေတ္တာပို့ရမလဲဆိုတာ ပြောပြပေးပါဦး"

"အေး၊ အဲဒါ အရေးကြီးတယ်။ မိခင်ဖြစ်သူဟာ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အညီးသောသားကို စောင့်ရှောက်ပြီး ထားရတဲ့ မေတ္တာမျိုးပဲ။ မေတ္တာသုတ်တစ်ခုလုံးမှာ ဒီအပုဒ်ဟာ အသက်ပဲကွ။ မေတ္တာတံခါးကြီး ပွင့်လာအောင် ဖွင့်ရမယ့် သော့ချက်ပဲ။ မေတ္တာကို တော်ရုံတန်ရုံစိတ်နဲ့ ပေါ့ပေါ့တန်တန်ပို့လို့ မရနိုင်ကြောင်း ပြောလိုက်တာကွ။ တကယ် အလေးအနက်ထားနိုင်အောင် နှိုင်းပြတဲ့ အပုဒ်ဖြစ်တယ်။ ဒါမှလည်း ပို့တဲ့ မေတ္တာဟာ ထိရောက်မှု စူးရှမှု ဖြစ်တယ်ကွ။ တီဗွီအကောင်းစားကြီး ရှိနေပေမယ့် လျှပ်စစ်ဓာတ်အားက ဗို့မပြည့်လျှင် ရုပ်သံအထွက် မကောင်းသလိုမျိုးပေါ့။ မီးအားပြည့်စေချင်လျှင် မီးမြှင့်စက်ကူရသလို၊ မေတ္တာစိတ် လေးနက် မှန်ကန်စေချင်လျှင် အတုယူရမယ့် သာဓကဖြစ်စဉ်နဲ့ နှိုင်းယှဉ်ပြီး အားဖြည့်ရမယ်။ မင်း နားလည်အောင် သာဓကတစ်ခုပြောပြမယ်။ သေချာ နားထောင်ရင်း ခံစားကြည့်လိုက်"

"ဟုတ်ကဲ့၊ ပြောပြပါ ဦးလေး"

◈◈◈

အချိန်က သားတော် ရာဟုလာ ဖွားမြင်စဉ်တုန်းကပေါ့။ မယ်တော်ဖြစ်တဲ့ ယသော်ဓရာဒေဝီ မိဖုရားရဲ့ ရင်တွင်းမှာ ဖြစ်လာတဲ့ ဝမ်းမြောက်ဖွယ်၊ ကြည်နူးဖွယ်၊ နှစ်သက်ဖွယ်၊ ပီတိဖြစ်ဖွယ်၊ ကြောက်လန့်ဖွယ်၊ ကြေကွဲဖွယ် ဖြစ်ရပ်တွေပါပဲ။

ယသော်ဓရာဒေဝီ မိဖုရားဟာ မောင်တော် သိဒ္ဓတ္ထမင်းသား ဉယျာဉ်တော်ထွက်ပြီး ပြန်လာတိုင်း မျက်နှာမသာမယာနဲ့ ငေးငေးငိုင်ငိုင်ပြန်လာတတ်တာကို သတိပြုမိတယ်။ အခုဆိုရင် လေးကြိမ်ပင် ရှိပြီ။ ဘယ်လို စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံနေရလို့လဲ။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ အခု သားတော်ကလေး မွေးလာပြီပဲ။ သားတော်ကလေးက ဖြူဖြူစင်စင် ဝဝတစ်တစ်ကလေးနဲ့ တစ်တုံးတစ်ခဲကြီးပဲ။ ဆံကေသာကလည်း နက်လို့ မှောင်လို့။ မျက်ဝန်းကလည်း ဝိုင်းလို့ စက်လို့။ မျက်ခုံးမွေးကလေးတွေတောင် ခပ်ရေးရေးနဲ့။ နှာတံကလေးကလည်း စင်းလို့။ နှုတ်ခမ်းကလေးကလည်း ခေါင်ရမ်းပွင့်ကလေးလို နီနီရဲရဲ၊ ခြေတံ လက်တံတွေကလည်း တောင့်တောင့်တင်းတင်း။ နွဲ့နွဲ့ကားကား ရုပ်အုပ်အစုံကလည်း ယောက်ျားပီသလိုက်တာ။ မောင်တော့်သားက မောင်တော်နဲ့ တူလိုက်တာ ချွတ်စွပ်ပါပဲ။

မောင်တော် အဆောင်တော်ကူးလာချိန်မှာ သားတော်ကို ပြပြီး ကြွားပြလိုက်မယ်။ မောင်တော်ရဲ့ ကိုယ်ပွားကလေးကို ရှုလည့်ပါဦး။ ချော့မြှူလည့်ပါဦး။ မွေးမွေးကလေး ပေးလည့်ပါဦး။ နောက်ပြီး သားတော်ကလေးအတွက် ရွှေပုခက်၊ ငွေပုခက်၊ မြပုခက်တွေလည်း စီစဉ်ပေးပါဦး။ နေ့စဉ်မောင်တော်နဲ့ နမတော် တစ်လှည့်စီ နှစ်လိုဖွယ် သားချော့တေးတွေ ဆိုကြပြီး သားတော်ကလေးကို ချော့မြှူသိပ်ကြရအောင်နော်လို့ ပီတိတွေ ဖုံးပြီး ကြည်နူးခဲ့တယ်။ စိတ်ကူးလည်း ယဉ်မိခဲ့တယ်ကွ။

အဲဒီလို စိတ်ကူးယဉ်နေတုန်းမှာပဲ ခပ်သဲ့သဲ့ကြားလိုက်ရတဲ့ မထင်မှတ်စရာလေးကြောင့် ယသော်ဓရာဒေဝီ မိဖုရားဟာ ရုတ်တရက် မူးမေ့ပြီး လဲကျသွားတယ်"

"ဘာဖြစ်လို့ပါလဲခင်ဗျ"

"ရံရွေတော်တွေအချင်းချင်း တိုးတိုးတိတ်တိတ်ပြောနေကြတဲ့ သတင်းကြောင့်ပေါ့။ သိဒ္ဓတ္ထမင်းသားဟာ သားတော်ကလေး မွေးဖွားတဲ့ ညမှာပဲ တောထွက်သွားတဲ့ အကြောင်းပါပဲ။

ယသော်ဓရာဒေဝီဟာ သတိရလာတဲ့အခါ သားတော်ကလေးရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး အားငယ်စိတ်၊ စိုးရိမ်စိတ်၊ ထိတ်လန့်စိတ်၊ ဝမ်းနည်းစိတ်တွေကို ကြံ့ကြံ့ခံပြီး တောင့်ခံ ဗိုအားတင်းလိုက်တယ်။ စီးကျလာတဲ့ မျက်ရည်ကို ဖျတ်ခနဲ လက်နဲ့ ပွတ်သုတ်လိုက်တယ်။ သားတော်ကလေး မကြောက်နဲ့၊ အားမငယ်နဲ့၊ ခမည်းတော် မရှိပေမယ့် မယ်မယ်တစ်ယောက်လုံး ရှိတယ်။ ဖခင်မေတ္တာမရပေမယ့် ဖခင်မေတ္တာရော၊ မိခင်မေတ္တာပါ မယ်မယ် သိမ်းကျုံးပြီး ပေးမယ်။ သားတော်ဟာ မယ်မယ့်အတွက် ဘာလိုမှ

www.burmeseclassic.com

အစားထိုးလို့ မရနိုင်တဲ့ တစ်ဦးတည်းသော သားပါ။ မယ်မယ် အသက်နဲ့ ခန္ဓာမြဲနေသရွေ့ သားတော် ဒုက္ခမတွေ့စေရဘူး။ အရိုးကြေကြေ၊ အရည်ခန်းခန်း သားတော်အတွက် အသက်နဲ့ လဲပြီး စောင့်ရှောက်ပေးမယ်။

ရေမိုးချိုးတာက အစ၊ အညစ်အကြေးသုတ်သင်တဲ့ အထိ မယ်မယ်ကိုယ်တိုင် လုပ်မယ်။ စန္ဒကူးနံ့သာ အမွှေးအကြိုင်နဲ့ အခါမလပ်-ဆင်းပုံ့ မွှေးထုံစေရမယ်။ ဝတ်လဲတော် အသစ်အဆန်းတွေနဲ့ လှလှပပ ထားပေးမယ်။ ရောဂါဘယ မကူးစက်အောင် နို့ထိန်းတွေကို စိစစ်ပေးမယ်။ မတော်တဆ ထိခိုက်မှုတွေ မဖြစ်အောင် အချီတော်၊ အချော့တော်၊ အထိန်းတော်တွေကိုလည်း ကြပ်မတ်ပေးမယ်။

"သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျမူ၊ မိခင်စိတ်ဝမ်း ငြိမ်းစတမ်း"ဟု ဆိုသကဲ့သို့ ယသော်ဓရာဟာ သားတော်ကလေးကို ရင်ခွင်ထဲမှာ ပွေ့ဖိုက်ပြီး သားတော်ကလေး အိပ်ပျော်နေတာကို စေ့စေ့ကြည့်ရင်း သားတော်ကလေး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဒေါသခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေလို့ ကိုယ်ကျိုးမပါဘဲ တစ်ဖက်သားရဲ့ အကျိုးကိုသာ လိုလိုလားလား လှိုက်လှိုက်လှဲလှဲ ရင်ထဲ၊ နှလုံးထဲမှ ပို့တဲ့ မေတ္တာမျိုးပဲကွ။

အဲဒီ သာဓကကို ကြည့်ပြီး အတုယူ နှိုင်းယှဉ်ပြီး မေတ္တာပို့နိုင်အောင် ကြိုးစားကြရမယ်"

"ဦးလေးပြောတဲ့ သဘာဝကျပါတယ်။ အဲဒီစိတ်ထား ရှိအောင် လေ့ကျင့် ကြိုးစားပြီးပြီဆိုရင် ဘယ်လိုအချက် အလက်ပွေ့ပုံ မပီကာ ထားပြီး မေတ္တာပို့ရမလဲ"

"ဒါကတော့ လွယ်ပါတယ်။ ရိုးရိုးနဲ့ ရှင်းရှင်းပဲပေါ့။ လူအချင်းချင်း တစ်ဦးနဲ့ တစ်ဦး မထိမဲ့မြင် မလုပ်ကြဖို့၊ လှည့်ပတ်လိမ်လည်ခြင်း မလုပ်ကြဖို့နဲ့ နှိပ်ထက်စီးနင်း မလုပ်ကြဖို့ပေါ့ကွာ"

"သြော် . . . လွယ်သားပဲ။ ဒါထက် မေတ္တာပို့ရမယ့် အချိန်ကို ပြောပြပေးပါဦး။ ဘယ်လိုအချိန်ဟာ အကောင်းဆုံးပါလဲခင်ဗျ"

"မဟာစည် သြဝါဒခံ ကျေးဇူးရှင် ဖြူးဆရာတော်ကြီးကတော့ ကမ္မဋ္ဌာန်းအားထုတ်မယ့်သူဟာ အချိန်တိုင်း လုပ်လို့ ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ ဆောင်ပုဒ်ကို မှတ်ရလွယ်အောင် သွား၊ နေ၊ ထိုင်၊ လျောင်း၊ လှည့်ခါပြောင်း၊ ကောင်းကောင်းမှတ်၍ နေကြလေ"လို့ လိုရင်း တိုရှင်း သြဝါဒ ပေးခဲ့တယ်ကွ"

"ဒီနေ့ ဦးလေးနဲ့ မမျှော်လင့်ဘဲ ဆုံရတာ မေတ္တာ ဘာဝနာနဲ့ ပတ်သက်ပြီး ဗဟုသုတတွေ အများကြီး ရလိုက်ပါတယ်။ ဦးလေး မပြန်ခင် ကျွန်တော့်အတွက် အမှတ်တရ စကားတစ်ခုလောက် ချီးမြှင့်ပေးခဲ့ပါဦး"

"မေတ္တာ ဘာဝနာကို စိတ်ဝင်စားတယ်ဆိုရင် ကိုးပါး သီလကို အခွင့်ကြုံတဲ့အခါတိုင်း စောင့်ထိန်းသင့်တယ်။ ရှစ်ပါးသီလထက် တစ်ပါးပိုနေပေမယ့် အဲဒီ တစ်ပါးဟာ မေတ္တာ ဘာဝနာဖြစ်လို့ အထူးစောင့်ဖို့ မလိုဘူး။ လောက တစ်ခုလုံးကို မေတ္တာစိတ် ပျံ့နှံ့အောင် ဖြန့်ထားနိုင်ဖို့ပဲ လိုတယ်ကွ။ ပြောလက်စနဲ့ မင်းကို ဓမ္မလက်ဆောင်တစ်ခုပေးလိုက်မယ်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင် မိထွေးတော် ဂေါတမီကို ဟောလိုက်တဲ့ တရားပဲ။ အဲဒါကတော့ . . .

* ငါဘုရားဟောတဲ့ တရားတွေဟာ သိလွယ်ဖို့ ဖြစ်တယ်။
* ကျင့်ကြံအားထုတ်ရန်လည်း လွယ်ကူတဲ့ သဘော ရှိတယ်။
* ကိုယ်တိုင်ကျင့်သုံးရမယ့် တရားတွေသာ ဖြစ်တယ်။

တရားပွဲတစ်ခုမှာ နာခဲ့ဖူးတာကို မင်းကို ပြောပြတာ ပါ"

"ကျေးဇူးတင်ပါတယ် ဦးလေး။ ဦးလေးနဲ့ နောက် တစ်ကြိမ်ဆုံလိုပါသေးတယ်။ ဘယ်လိုနေရာမှာ တွေ့ကြ မလဲခင်ဗျ"

"အေး၊ တွေ့ချင်စိတ် ပြင်းပြတဲ့အခါ လာခဲ့ပေါ့ကွာ"

"ဘယ်နေရာကို လာရမှာလဲခင်ဗျ"

"ဒေါသနှင့် ဆန့်ကျင်ရာ အစွန်းတစ်ဖက်ဆီကိုပေါ့ ကွ၊ ဟဲဟဲဟဲ . . ."

ဦးလေးသည် ရယ်ရယ်မောမောဖြင့် စကားတစ်ခွန်း ပြောပြီး ချာလီထီးကို ထောက်၍ ထောက်၍ လက်ဖက်ရည် ဆိုင်မှ ထွက်သွားပါတော့သည် ■

* * *

မြသားငြ

www.burmeseclassic.com

www.burmeseclassic.com

"အလုပ်ဟူသမျှ ဂုဏ်ရှိစွ"ဟူသော ဆိုရိုးစကားရှိပါသည်။ အလုပ်လုပ်ခြင်းက ဂုဏ်ရှိသည်သာမဟုတ်၊ မိမိ၏ကြီးပွားတိုးတက်မှုကို ရရှိစေသည်မှာ အထူးပြောဖွယ်ရာမလိုတော့ချေ။ အလုပ်လုပ်ခြင်းကြောင့် ရအပ်သော အကျိုးကျေးဇူးကို ခွဲခြမ်းစိတ်ဖြာကြည့်ပါလျှင် နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရပေမည်။ ပစ္စုပ္ပန်ဘဝ ကြီးပွားတိုးတက်ရေးနှင့် သံသရာအကျိုးအတွက် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ဆီစွရပ်များဖြစ်ပေသည်။

# နေ့တာဝက် ဥပုသ်၏ အကျိုး

ဝင်းယုမောင် (သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

ပစ္စုပ္ပန်ကာလ **လောလောလတ်လတ် တိုးတက်ကြီး** ပွားရန် အလုပ်လုပ်ကြရာတွင် **အကျိုးအမြတ်များများ ရရှိ** လိုကြသည်။ မြန်မြန်ဆန်ဆန်ရလိုကြသည်မှာ **လူ့သဘာဝ** ဟုပြောလျှင် မှားအံ့မထင်။ သို့ရာတွင် **ရလိုမှုတစ်ခုတည်း** ပေါ်မှာ ရပ်တည်မှု မပြုအပ်ပေ။ မိမိပြုလုပ်သော အလုပ် သည် လောကအပြစ်ဟု ဆိုသည့် "သာဝဇ္ဇ"အပြစ်မကင်း သည့် အလုပ်များဖြစ်သော အစိုးရဥပဒေနှင့် မလွတ်ကင်း သော၊ အများသူငါ ဝိုင်းဝန်းအပြစ်ဆိုနိုင်ဖွယ်ရှိသည့် အလုပ် များ မလုပ်ဖို့ လိုပါသည်။ မလွဲမကင်းသာ လုပ်မိပါလျှင်လည်း တစ်နပ်စားမျှသာ ဖြစ်ပေလိမ့်မည်။ ကြာရှည် ခံစားခွင့် ရနိုင်မည် မဟုတ်သည့်အပြင် လောကအလယ်၌ မျက်နှာ ငယ်ရပေမည်။

ပစ္စုပ္ပန်ကာလအတွက် အလုပ်လုပ်ရာတွင်ပင် အပြစ် ကင်းစင်ဖို့ လိုအပ်ပါလျှင် သံသရာအကျိုး ဆောင်ရွက်ရာ တွင် ပို၍ပင် အပြစ်ကင်းဖို့ လိုအပ်မည်ဖြစ်ပါသည်။ သံသရာ ကား လူ့ဘဝကဲ့သို့ သက်တမ်းတိုတိုလေး မဟုတ်။ ဘဝ အသင်္ချေ ရှည်လျားလှသည်။ ထို့ကြောင့် အခြေခံကျလှသော ဒါန၊ သီလ၊ ဘာဝနာမှုများကို လုပ်ဆောင်ကြရပေမည်။ ငွေကြေးမပြည့်စုံ၍ အလှူဒါနများ မပြုလုပ်နိုင်ဟု ဆင်ခြေ မတက်သင့်ပေ။ အနည်းဆုံး စိတ်ကောင်း စေတနာကောင်း မွေးလျှင်ပင် အကုသိုလ်နည်းပါးသွားပေမည်။ လမ်းဘေးတွင် အရိပ်ရပင် စိုက်ခြင်း၊ ရွံ့ဗွက်များကို မြေဖို့ခြင်း၊ ရေချမ်းစင် ဆောက်လုပ်လှူဒါန်းခြင်းများကို ပြုလုပ်သင့်ပါသည်။

ထောင်သောင်းချီ၍လှူမှ အလှူမဟုတ်။ စေတနာ အရင်းခံဖြင့် ကွမ်းတစ်ယာ၊ ရေတစ်မှုတ် လှူလျှင်လည်း အလှူမြောက်ပါသည်။ "အနဝဇ္ဇကမ္မ" အပြစ်ကင်းသော အလုပ်များဖြစ်ဖို့သာ လိုအပ်ပါသည်။

စာရေးသူအပါအဝင် ဗုဒ္ဓဘာသာဝင် အတော်များများ သည် ဥပုသ်နေ့တိုင်း ဥပုသ်မစောင့်နိုင်ကြပါ။ အကြောင်းအမျိုး မျိုးပြ၍ ရှောင်လွှဲတတ်ကြပါသည်။ သာမန် ဥပုသ်နေ့များကို မဆိုထားနှင့်၊ ဝါတွင်းကာလမှာပင်လျှင် ဥပုသ် မရနိုင်သည် မှာ မိမိတို့ အကျိုးယုတ်လျော့စေသည်ကို သတိမထားမိ ကြပေ။

ဥပုသ်စောင့်ခြင်းကြောင့် ရရှိသောအကျိုးကို ဥဒယ မင်းသားလေးက အထင်အရှားပြသခဲ့ပါသည်။ ဥဒယမင်းသား လယ်သူရင်းငှားဘဝက ဖြစ်၏။ တစ်နေ့လုံး လယ်ထွန်ပြီး နေစောင်း၍ ထွန်ဖြုတ်ပြီး ပြန်လာ၏။ လယ်ပိုင်ရှင် သူဌေး ကြီး၏ အစေခံမလေးမှ ခူးခပ်ကျွေးသော ထမင်းစားပွဲတွင် ထိုင်မိလျှင် အခြားသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရသဖြင့် မေးမိ၏။ ထိုအခါ အစေခံမလေးက "သူဌေးကြီးနှင့်တကွ ကျွန်မရော၊ ကလေးတွေပါ ဥပုသ်နေ့ဖြစ်၍ ဥပုသ်စောင့်ကြ လို့ **ညစာမစားကြပါဘူး**"လို့ ပြောပြသည်။ လယ်သူရင်းငှား လည်း ထမင်းတစ်လုတ်စားမည့်ဆဲဆဲ ဥပုသ်စောင့်လိုစိတ် ရှိလာတာကြောင့် ထမင်းမစားတော့ဘဲ သူဌေးကြီးထံမှ သီလ ခံယူ၍ ဥပုသ်စောင့်လိုက်ပါသည်။ သို့သော် နေတစ်ဝက်သာ ရှိသဖြင့် ဥပုသ်အပြည့်မရှိဘဲ ထက်ဝက် ဥပုသ်သာ ရလိုက် ၏။

သူရင်းငှားမှာ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ခဲ့ရ သည့်အပြင်၊ အစာမရှိသဖြင့် ဝမ်းတွင်း၌ လေပူတို့ ထကြွကာ ဝေဒနာကို အလူးအလဲခံရရှာ၏။ နံနက်မိုးသောက်ရောက် သောအခါ ပြင်းထန်သော လေနာရောဂါကြောင့် သတိလစ် သွား၏။ ထိုအချိန်တွင် ဗာရာဏသီမင်းကြီး တိုင်းခန်းလှည့် လည်သည်နှင့် ဆုံ၏။ သူဌေးအိမ်ရှေ့သို့ ရောက်လာချိန်တွင် သူရင်းငှားမှာ သတိပြန်လည်ခိုက်နှင့် ကြုံကြိုက်ကာ ဘုရင်၏ ကျက်သရေကို မြင်လိုက်ရ၏။ ဘုရင်ကြီးကို ကြည့်နေစဉ်ပင် အနိစ္စရောက်၏။ နေတစ်ဝက် ဥပုသ်၏ အကျိုးကြောင့် ဗာရာဏသီမင်းကြီး၏ မိဖုရားကြီးတွင် ပဋိသန္ဓေယူကာ နောက်တွင် "ဥဒယမင်းသား"ဟု ထင်ရှားလေသည်။ မင်း သားသည် ဘဝဟောင်းကို မြင်နိုင်သော ဇာတိဿရဉာဏ် ကို ရ၏။ ထို့ကြောင့် မင်းသားက "သေးငယ်သော နေ့ တစ်ဝက် ဥပုသ်ကံအကျိုးပေးကြောင့် ယခုလို မင်းသား ဘဝသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ပါတကား"လို့ အမြဲ ပင် ဥဒါန်းစကားမြွက်ကြား ကျူးရင့်လေ၏။

ဤဝတ္ထုကို ကြည့်ရှုပါက နေတစ်ဝက်မျှလောက်သော ကုသိုလ်ကလေးက ကြီးကျယ်သော ဘဝအကျိုးကို ရနိုင် ကြောင်း သိသာလှပေသည်။ ထို့ကြောင့် မိမိတို့ ပြုလုပ် သမျှကို "အနဝဇ္ဇကမ္မ" ကုသလ မင်္ဂလာ၊ ဒါန၊ သီလ၊ ဘာဝနာတို့အပေါ် အမှီသဟဲပြု၍ အကျိုးတရားများ ရရှိနိုင် မည်ဖြစ်ပါကြောင်း။

* * *

ဝင်းယုမောင်(သုဓာသိ)




www.burmeseclassic.com

www.burmeseclassic.com

# မြို့တည် နန်းတည် ဟံသာဝတီ၏ သာသနာ့အာရုံ

**မြမဥ္ဇူဖြေ (ကျုံပြင်း)**




ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သည် ရှေးဟောင်း ယဉ်ကျေးမှုသမိုင်းဝင်နယ်မြေ ဖြစ်ပါသည်။ ရှေးဟောင်းစေတီဘုရားများ ကိန်းဝပ်စံပျော်နေသောကြောင့် ဤသို့ အမည်တွင်သည်ဟု ဆိုချင်ပါသည်။ ပဲခူးမြို့တွင် ရှေးဟောင်းစေတီ



www.burmeseclassic.com

www.burmeseclassic.com





ဘုရားများသာမက၊ ထူးခြားချက် (၄)မျိုးလည်း ရှိနေသည် ဟု သိရှိရသောကြောင့် လေ့လာမေးမြန်းမိသောအခါ ဤသို့ သိခဲ့ရပါသည်။

(၁) ပဲခူးမြို့သည် မြတ်စွာဘုရားရှင် ဗျာဒိတ်ပေးခဲ့သော မြို့ဖြစ်ခြင်း၊

(၂) ပေပေါင်း ၃၇၃ ပေ၊ ဥလက်မ ဉာဏ်တော်အမြင့်ရှိ ဆံတော်ရှင်စေတီတစ်ဆူတည်ထားခဲ့ခြင်း၊

(၃) မြန်မာနိုင်ငံတွင်း၌သာမက၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင်လည်းကောင်း၊ တစ်မြို့တည်းတွင် လျောင်းတော်မူ ၃ဆူ မရှိသော်လည်း ပဲခူးမြို့၌ ရှိနေခြင်း၊


(၄) သမိုင်းတွင်မည့် စာပေများတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထည့်ဝါခဲ့သော ဒုတိယ မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ခဲ့သောမြို့ဖြစ်ပြီး ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးက သက်သေပြလျက်ရှိနေခြင်း ဟူသော ထူးခြားချက် ၄ချက်နှင့် ပြည့်စုံနေသော မြို့ဖြစ်ပါသည်။



မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ကျက်သရေတက်စေခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




မြတ်ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူအပြီး ရှစ်ဝါမြောက်အချိန် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ကြွရောက်တော်မူခဲ့ပြီး ဗျာဒိတ်တော်စကား ထားခဲ့သည်မှာ-

"အနာဂတေ ဟံသာဝတီနာမ ရာဇဓာနီ ဘဝိဿတိ" နောင်သောအခါ၌ ဤနေရာသည် "ဟံသာဝတီ မင်းနေပြည်တော်ကြီး"ဖြစ်လာလတ္တံ့ဟု မိန့်ဆို မြွက်ကြားတော်




www.burmeseclassic.com

www.burmeseclassic.com




မှုခဲ့သော အရပ်ဖြစ်ပါသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ သာသနာတော်သက္ကရာဇ် ၁၃၆၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်၊ တနင်္လာနေ့တွင် "သမလကုမ္မာ"မင်းသည် ထီးနန်းစိုက်ခဲ့ရာ ပြည်တော်ကြီး၏ အမည်ကို "ဟံသာဝတီ နေပြည်တော်"ဟူ၍ မော်ကွန်းစိုက်ထိုးတော်မူခဲ့၏။

ထိုအခါ ဟံသာဝတီခေတ်ဟူ၍ ဖြစ်ခဲ့ရပြီး၊ ထိုခေတ်သည် သုံးမျိုးကွဲကာ တည်ရှိခဲ့၏။ ထိုခေတ်များမှာ ပထမခေတ်၊ ဒုတိယခေတ်၊ တတိယခေတ်ဟူ၍ ဖြစ်ခဲ့ပြီး၊ တစ်ခေတ်ချင်းကို ကြည့်သော်...

(၁) ပထမ ဟံသာဝတီခေတ်တွင် "သမလကုမ္မာမင်း" အစ "တိဿရာဇာမင်း"အဆုံး၊ မင်းပေါင်း ၁၇ ဆက်။

(၂) ဒုတိယ ဟံသာဝတီခေတ်တွင် "ဗညားဦး"အစ "သုရှင်တကာရွတ်ပိမင်း"အဆုံး မင်းပေါင်း ၁၁ ဆက်နှင့် မွန်မင်းဆက်ပြတ်ခဲ့သောအချိန်ဖြစ်၏။

(၃) တတိယ ဟံသာဝတီခေတ်တွင် "တပင်ရွှေထီးမင်း"အစ "ဖြိုင်းထိရာဇာမင်း"အဆုံး၊ မင်းပေါင်း ၁၉ဆက်နှင့်အတူ စုပေါင်းသော် မင်းပေါင်း ၄၇ပါးဖြင့် ဟံသာဝတီထီးနန်းကိုစိုက်ထူခဲ့ကြလေသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက ပင်လယ်
ရေအောက်၌ နစ်မြုပ်နေပြီး ကုန်းငယ်ကလေး ခပ်ရေး
သာ။ ဟံသာဝတီဖြစ်လာမည့် ထိုကုန်းကလေးတွင် ဟင်္သ
ဖိုနှင့် ဟင်္သာမတို့ နားနေရန် မြေနေရာ လုံလောက်စွာ
သောကြောင့် ဟင်္သာဖို၏ ကျောပေါ်တွင် ဟင်္သာမက
လျက်နေရပြီး ဘုရားရှင်ကို ဦးပုံဟန်နှင့် ကန်တော့ခဲ့
၏။ နောင်သောအခါ ဤနေရာသည် ဟံသာဝတီပြည်
ဖြစ်လာလိမ့်မည်ဟု ဗျာဒိတ်ဆိုမိန့်ခဲ့သည့်အတိုင်း ဟံသာ
မင်းနေပြည်ကြီးအဖြစ် ပေါ်လည်း ပေါ်ထွန်းခဲ့ပါသည်။


ယခုအခါ ရန်ကုန်မြို့မှ သနပ်ပင်မြို့သို့အသွား၊
လမ်းနံဘေး၌ ထိုစဉ်အခါက ဟံသာဝတီပြည်ဟု တည်
ပြီး ဟင်္သာအဖိုအမ နားနေခဲ့သောကုန်း "ဟင်္သာကုန်း
၍ အမည်တွင်ခဲ့ရာမှ ယခုအခါတွင်လည်း ဟင်္သာကုန်
ပင် ခေါ်ခဲ့ကြပါသည်။ ရသေ့ကြီး ဦးခန္တီ သာသနာပြုခဲ့
ကုန်းတော်နှင့်အတူ မူလ ဟင်္သာကုန်းဟူ၍ ရှိခဲ့ရာ၊ ယခု
သာသနာတည်၍ စေတီဘုရားကျောင်း၊ ဇရပ်၊ မွှာရုံမျ
တင့်တယ်နေသော ကုန်းတော်မြတ်မှာ ရေးယခင်အ
ရသေ့ကြီး ဦးခန္တီ သာသနာပြုခဲ့ရာ ကုန်းတော်ပင်
သည်။


သာသနဓဇ ရသေ့ကြီး ဦးခန္တီသည် သက္ကရာဇ် ၁
ခုနှစ်တွင် မြေသားများ ဖို့၍တည်ထားခဲ့သော ကုန်း



www.burmeseclassic.com

www.burmeseclassic.com




ဖြစ်ပါသည်။ ကုန်းမြေထက်၌လည်း ထပ်မံတိုးချဲ့ လှူဒါန်းထားသော သာသနာ့သမိုင်းဝင် ရုပ်ပုံများ၊ ဂန္ဓကုဋီတိုက်အတွင်း မတ်ရပ်တော် လေးဆူခံ ကျောင်းဆောင်နှင့် ကနုတ်ပတ်လည် ခြယ်သထားသည့် တိုင်လုံးကြီးများဖြင့် အလွန်ကြည်နူးဖွယ် ကောင်းလှပါသည်။ ပြုံပြင်နေဆဲ မုခ်ကြီးနှင့် ကောင်းမွန်သော မြေသားလမ်းကလေးသည်လည်း ချောမွေ့လှပါသည်။

ဟင်္သာကုန်း သာသနိက နယ်မြေသည် ပင်လယ်ရေဖုံးအုပ်နေသောအရပ်မှ ထွက်ပေါ်နေသော ကုန်းကမူသေးသေးလေးတွင် ဟင်္သာဖိုနှင့် ဟင်္သာမတို့ တူယှဉ်တွဲ၍ ရပ်နေရန်ပင် မြေ မကျယ်ဝန်းသောအရပ်ဖြစ်၍ အဖိုပေါ်အမတက်၍ရပ်ရင်း ဆုတောင်းနေမိသည်က "ဤကုန်းမြေသည် တစ်ချိန်သောအခါ ကျယ်ဝန်းသောမြေ ဖြစ်ပါစေ"ဟူ၏။ ဘုရားရှင်အား ရည်မှန်း ပူးမြော်နေသည့် ဟင်္သာဖို-မတို့၏ ဆုတောင်းပြည့်ခဲ့သည်ဟူသော ရှေးလူကြီးသူမများ၏ နှုတ်စကားဖြင့် နှစ်ပေါင်းကြာရှည်စွာ ထိုစကားတည်ခဲ့ရာ ယခုအခါ "ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီး" ဟူ၍ အထင်ကရ ရှိနေခဲ့ပါသည်။

ပဲခူးမြို့၏ ကျက်သရေဆောင် ရှေးဟောင်း သာသနာ့အမွေခံ ဟင်္သာကုန်းစေတီတော်မြတ်ကြီးသည် ဆုတောင်းပြည့်သော စေတီကြီးဖြစ်သောကြောင့် တောင်းဆုပြု ကောင်းမှု ရယူလိုသူများ၊ ကျင့်စဉ်စခန်းဝင်ရောက်လိုသူများဖြင့် အစဉ်စည်ကားနေပါသည်။ ပြည်တွင်း ဘုရားဖူးများသာမက၊ ပြည်ပတိုင်းခြား လူမျိုးခြား၊ ဘာသာခြားများပင် စေတီတော်မြတ်သို့ လာရောက်လေ့လာနေပါသည်။ သာသနာဝင် နေ့ထူးနေ့မြတ်ဖြစ်သော စာရေးသူ ဘုရားဖူးရောက်ခဲ့သည့် ယခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားဖူးများ စည်ကားလွန်းနေသည်ကို ကြည်နူးစွာ တွေ့မြင်ခဲ့ရပါသည်။ အခါခါဖူးမြော်နိုင်ပါရန်လည်း ဆုတောင်းခဲ့မိပါသည် ■

* * *

မြမဥ္ဇူဝေ(ကျုံခေး)

မှီငြမ်း

- ရွှေဟင်္သာစေတီသမိုင်း (ကထိက ဦးသက်တင်)။
- စာရေးသူ၏ ဘုရားဖူးခရီးမှတ်တမ်း (၂၄-၅-၂၀၁၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့)။

www.burmeseclassic.com

ကျော်စွာဟိန်း (ရွှေလှော်ကား)

# အုံးလွဲ ဇက်လေး တမာလာတော့ ပြေး

အုံးလွဲ၊ ဇက်လေးရောဂါဟာ လည်ပင်းတောင့်တင်းပြီး ဟိုဘက် ဒီဘက် လှည့်မရဘဲ၊ ဇက်ခိုင်နေတဲ့ ရောဂါပါ။ ဒီရောဂါဖြစ်ရတဲ့ အကြောင်းရင်းကတော့ အိပ်တဲ့အခါ အနေအထားမမှန်ကန်တဲ့အတွက် ဖြစ်တာများပါတယ်။ ခေါင်းအုံး အနေအထား မမှန်ကန်တဲ့အတွက် ဖြစ်တာများပါတယ်။ ခေါင်းအုံးအနေအထား မမှန်ကန်ဘဲ အိပ်ပျော်သွားတာမျိုး၊ ဇက်လိမ်ပြီး အိပ်မိတာမျိုးပေါ့။

ဒီရောဂါမျိုးတို့ကို ပျောက်ကင်းစေတဲ့ ဆေးနည်းကတော့ ရှေးဆေးကျမ်းဟောင်းမှာ ပါတဲ့ ဆေးနည်းလေးကို ရေးသားဖော်ပြပေးပါမည်။

၁။ "ဇက်လေးသော် အခံမခက်လော၊ တမာခေါက်ကို သုံးခွက်တစ်ခွက်တင် ကျို၍ ဆားခပ်သောက်သော် မပျောက်လော" ဟူ၍ ဖြစ်ပါသည်။

၂။ နောက်တစ်နည်းကတော့ ခေါင်းအုံးကို နေလှန်းပြီး အပူရှိန်ငွေ့ငွေ့ရှိနေတဲ့ ခေါင်းအုံးမှာ အိပ်ပေးရင်လည်း မကြာမီ ပျောက်ကင်းပါတယ်။

၃။ နောက်ဆုံးနည်းကတော့ တိုင်းရင်းဆေးနံပါတ် (၄၃) အကင်းဆယ်ပါးဆေးကို နှမ်းဆီ၊ မုံညှင်းဆီ၊ ရေနွေး တစ်မျိုးမျိုးနှင့် ရောစပ်လို့ ဇက်ကြောတစ်လျှောက် လိမ်းပေး ပြီး ဘယ်၊ ညာ ပခုံးကိုပါ လိမ်းနယ်ပေးပါ။ နောက် ရေနွေး အိတ် (သို့) ရေသန့်ဘူးမှာ ရေနွေးထည့်ပြီး အဝတ်စ ခံလို့ ခပ်နွေးနွေးကပ်ပေးပါက လျင်မြန်စွာ ပျောက်ကင်းချမ်းသာ စေပါသည်။

အုံးလွဲ၊ ဇက်ခိုင်ရောဂါဟာ တိုင်းရင်းသားပြည်သူများ မကြာခဏဖြစ်တတ်ကြသည့်အတွက် ပျောက်ကင်းချမ်းသာ ကြစေရန် အထက်ပါ ဆေးနည်းများကို ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

တိုင်းရင်းဆေးနံပါတ် (၄၃)အကင်းဆယ်ပါး လိမ်းဆေး ကို ဘယဆေးဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင် ပါသည်။

* * *

ကျော်စွာဟိန်း(ရွှေလှော်ကား)



www.burmeseclassic.com

www.burmeseclassic.com



တိလောကဓိပတိ မဟာမုနိ

ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့၊


www.burmeseclassic.com

www.burmeseclassic.com

# တိလောကာဓိပတိ မဟာမုနိ

# ပေးမကုန် ဘေးလုံ ကြေးတော်ကြီးဘုရားကြီး

■ မင်းထက်ကျော် (B.Sc) ■




www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် စာရေးသူထံသို့ မိတ်ဆွေဖြစ်သူ ဦးဖိုးချစ်မှ ဖုန်းဆက်လာ၏။ သူ၏ အိမ်ရှေ့တွင် ဘုရားကြီးတစ်ဆူ ကြွနေကြောင်း၊ ညနေ ပြန်ကြွမည်ဖြစ်၍ ဓာတ်ပုံရိုက် သတင်းရေးပေးရန် ပြောလာသည်။ ကျွန်ုပ် စာရေးသူ၏ အဓိကလုပ်ငန်းမှာ သတင်းထောက်မဟုတ်၍ ချက်ချင်း ကောက်ထသွား၍ မရသဖြင့် တောင်းပန်လိုက်သည်။

သို့သော် နောက်တစ်နေ့ ထပ်မံ ဖုန်းဆက်လာပြန်သည်။ မောင်ထော်လေးလမ်း(ယခု ဗိုလ်ဆွန်ပက်လမ်း)တွင် ဘုရားကြီး ကြွရောက်အပူဇော်ခံနေ၍ လာရောက် ဖူးမြော်ရန် ဖိတ်ကြားသည်။

ယခု ဘုရားကြီးအား ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ သဲကုန်းမြို့နယ်၊ အင်းမမြို့အရှေ့ ရွှေကျောင်းကြီး ရှိသာမှ သံဃာတော်များမှ ဦးဆောင် ပင့်ဆောင်လာကြပါသည်။ ရွှေကျောင်းကြီးရိပ်သာ ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မဟာဓမ္မာစရိယ-M.A.Buddhism(India)) မဟာစည် ဓမ္မဒ္ဓာနစရိယဝန်ဆောင် နယ်လှည့် ဓမ္မကထိက ဆရာတော်အား ဦးထိပ်ထား၍ ဦးပညာသီဟ၊ ဦးနန္ဒသိရီ၊ ဦးဝဏ္ဏသိရီ၊ ဦးဓမ္မစက္ကတို့မှ ပင့်ဆောင်ပေးကြပါသည်။ ပထမ အစ်ရက်ရောက်ပြီး ဆရာတော်တစ်ပါးနှင့် တွေ့ဆုံကာ ဘုရားသမိုင်း မေးမြန်းလျှောက်ထားသောအခါ ပန်းဖလက် အရွက်တစ်ရွက်ပေးလိုက်သည်။ နောက်တစ်နေ့ ဗိုလ်ဆွန် ပက်လမ်းသို့ ဆပ်သွားသည်။ အမှတ်(၂၂၁)၊ ဗိုလ်ဆွန်ပက် လမ်း မန်းဘဲတန်းမြို့နယ်၊ အီလက်ထရောနစ် ကိုကျော်ကျော် ရွှန်း+မမဥ္ဇူလင်းတို့မှ ပင့်ဆောင် ပူဇော်ထားကြခြင်းဖြစ် သည်။

ဘုရားကြီးမှာ လော်ရီကားကြီး(ကုန်တင်ယာဉ်)ပေါ်တွင် ရပ်တော်မူနေသည်။ ယခင်က စာရေးသူတို့လမ်းတွင် ကြွရန် စီစဉ်ဖူးသည်။ ကြီးမားလွန်း၍ အုပ်ချုပ်ရေးပိုင်းမှ ခွင့်မပြုသော ကြောင့် မကြွဖြစ်ခဲ့ပေ။ တရားပွဲ၊ ဘုရားပွဲ၊ အလှူပွဲပြုလုပ် တာတော့ ကောင်းပါသည်။ သို့သော် စည်းကမ်းဥပဒေနှင့် အညီ ပြုလုပ်တာ ပိုကောင်းပါသည်။ ဘာသာရေးလုပ်တာပဲ ဘယ်သူမှ ဂရုစိုက်စရာမလိုဘူး။ လမ်းပိတ်၊ လော်စပီကာ အကျယ်ကြီးဖွင့်ပြီး လုပ်ချင်တိုင်း လုပ်၍ မသင့်ပေ။ ယခု ဗိုလ်ဆွန်ပက်လမ်းမှာ ကျယ်၍ တစ်ဖက်ကပ် ကားကြီးရပ် ထား၍ရသည်။ လူ၊ ကားတွေလည်း သွားလာနိုင်သည်။ ဓာတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေပါ။



### ပုဗ္ဗနိမိတ် ဗျာဒိတ်မိန့်ကြား
### တိလောကာဓိပတိ မဟာမုနိ
### ကြေးတော်ကြီးဘုရားကြီး


၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် အင်းမမြို့ ရွှေကျောင်းကြီး ဆရာတော်နှင့် အင်းမအခြေစိုက်၊ အမှတ် (၆၆)၊ တပ်မဟာနချုပ်၊ မြတ်ဗုဒ္ဓဥပါသကာ၊ အင်းမမြို့ ဒါယကာတို့ ညီညာပူးပေါင်း ကြေးပစ္စည်းများ စတင် စုဆောင်းသည်။


၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလတွင် စတင်၍ ကြေး သွန်းသည်။ ၁၃၆၃ ခုနှစ်၊ တပေါင်းလ၌ ပြီးစီးအောင်မြင်၍ ကြေးတော်ကြီးမြတ်စွာဘုရား ပွင့်ထွန်းတော်မူသည်။ ဘုရား ကြီး ပွင့်ထွန်းတော်မူလာခြင်းနှင့်အတူ လွန်စွာ ဘေးကင်း လုံခြုံသော၊ လွန်စွာ ဖွံ့ဖြိုးကြွယ်ဝသော ခေတ်ကာလကြီးသို့ ဦးတည်နေသော ပုဗ္ဗနိမိတ် သိဒ္ဓိဓာတ်ထူးများ ကွန့်မြူးပေါ် ထွက်နေသည်။

### သိဒ္ဓိထူးခြား ဘေးလုံဘုရားကြီး

အဘယသိဒ္ဓိမဟိဒ္ဓိဓာတ် ရစ်ပတ်လွှမ်းခြုံ ဂုဏ်တော် အံ့ချီး ကြေးတော်ကြီး ဘုရားမြတ်စွာသည် သတ္တဝါလုံးစုံ ဘေးမကြုံ၊ ပြုမသန်း၊ လုံခြုံကျန်းမာစေရန် အနန္တရာယီက အဘယမုဒြာ လက်ယာလက်တော်ဖြင့် ထုတ်ဖော်ညွှန်ပြ ပုဗ္ဗနိမိတ် ဗျာဒိတ်တော်ပေးသည်။ အဘယသိဒ္ဓိဓာတ်ဟူသည်

www.burmeseclassic.com





ဘေးကင်း လုံခြုံ၍ ငြိမ်းချမ်းသာယာစေသော စိတ်မဟာ အထူးတည်။ အမတသိဒ္ဓိစိတ် နိဗ္ဗာနစိတ်လည်းဖြစ်သည်။ အိုး၊ နာ၊ သေရေး ဘေးဟူသမျှ ကင်းလွတ်စေသော စိတ်အထူးဖြစ်သည်။

**သိဒ္ဓိထူးခြား ပေးမကုန် ဘုရားကြီး**

လာဘသိဒ္ဓိ မဟိဒ္ဓိ ရစ်ပတ်လွှမ်းခြုံ ဂုဏ်တော်အုံ့ချီး ကြေးတော်ဘုရားကြီး မြတ်စွာသည် သတ္တဝါအလုံးစုံ ပေးမကုန် လှူမခန်း၊ ကံလုံချမ်းသာစေရန် စာဂါဘိရတဒါန မှခြာ ပါရမီထင်ပေါ် လက်ဝဲ လက်တော်ဖြင့် ထုတ်ဖော်ပြသ ပုဗ္ဗနိမိတ် ဗျာဒိတ်တော်ပေးသည်။

လာဘသိဒ္ဓိဟူသည် လာဘ်မြူးစေသည့် စိတ်အထူးတည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော လာဘ်လာဘ ရှိသမျှ ကုန်စင်ပြည့်ဝ စုံလင်စေသည်။ ဤသိဒ္ဓိစိတ်များ ထူးခြားထင်ရှား၍ "ပေးမကုန် ဘေးလုံ၏ အမျှား၊ တိလောကာဓိပတိ မုနိဘုရား"ဟု ပုဗ္ဗနိမိတ် ဗျာဒိတ်စကား ပြန့်ပွား လျက်ရှိသည်။

**ဉာဏ်တော်မြင့်မား မတ်ရပ်တော် ဘုရားကြီး**

အမြင့်ဉာဏ်တော် ၁၈ ပေ၊ ၉လက်မ ကျော်သည်။ သာသနာသမိုင်းတွင် ယခင်က မပွင့်ခဲ့ဘူးသော ဉာဏ်တော် အမြင့်ဆုံး ကြေးသွန်း မတ်ရပ်တော်ဘုရားကြီးဖြစ်သည်။

**ကြေးအချိန်များ ကြေးတော်ကြီးဘုရား**

ကြေးအချိန် (၂၀၇၀) ပိဿာကျော်သည်။ သာသနာ တော်သမိုင်းတွင် ယခင်က မပွင့်ခဲ့ဘူးသော ကြေးချိန်အများ ဆုံး မတ်ရပ်တော် ကြေးတော်ကြီးဘုရားဖြစ်သည်။

**ထူးခြားသပ္ပာယ် ကြည်ညိုဖွယ် ဘုရားကြီး**

မျက်နှာတော်အနေအထား၊ ခန္ဓာကိုယ်အချိုးအစား ထူးခြားတင့်တယ် လွန်စွာသပ္ပာယ်တော်မူလှ၍ ဖူးရသူတို ၏ သဒ္ဓါစိတ်ကို လှုပ်ခတ် နိုးကြားတိုးပွားစေနိုင်သော ကြည်ညိုဖွယ် ဘုရားကြီးဖြစ်သည်။


**သက်နုံးရုံတော်မူဟန် အမှန်ဘုရားကြီး**

ကျမ်းဂန်သဘာဝ ညီမျှသင့်လျော် သင်္ကန်းတော်ထင်ရှား မြတ်ဘုရား ဆင်မြန်းသည့် သင်္ကန်းရုံတော်မူဟန် အမှန်ဖူး သော ဘုရားကြီးဖြစ်သည်။

**ပင့်ဆောင်ပုံ ထူးဆန်း အံ့မခန်း ဘုရားကြီး**

၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ကြေးတော် ဘုရားကြီးကို ဝန်ချီစက်ဖြင့် မော်တော်ယာဉ်ပေါ်သို့ တင် ၄၅ ဒီဂရီလျှောင်းပြီး မောင်းနှင် ပင့်ဆောင်သည်။ ...

www.burmeseclassic.com





တော်ယာ၌ ရပ်တန့်သောအခါ လွယ်ကူစွာဖြင့် မတ်ရပ်တော် ဖြစ်အောင် စီစဉ်ဆောင်ရွက်သည်။

ဤနည်းဖြင့် မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူး၊ ရန်ကုန်၊ ပြည်၊ ဖဖ-တာ်မဟာနချုပ်၊ အောင်လံ၊ တောင်တွင်း၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ မြင်းခြံ၊ မြန်အောင်၊ ကြံခင်း၊ ဟင်္သာတ၊ လေွန်၊ ညောင်တုန်း၊ ပုသိမ်မြို့ကြီးများနှင့် မြို့ငယ် ကျေးလက် ရပ်ကွက် ပြည်သူ ကြည်ဖြူကော်ရော် ပင့်ဆောင် ပူဇော်နိုင်ခဲ့ပါသည်။

ဤဘုရားကြီးကို ဤစနစ်ဖြင့် ဤကဲ့သို့ ပင့်ဆောင် ပူဇော်နိုင်ခဲ့သည်မှာ ယခင် မကြုံ၊ ခုမှ ဆုံသည်၊ ပင့်ပုံထူးဆန်း အံ့မခန်း ပူဇော်နိုင်မှုကြီးဖြစ်သည်။

**တစ်မူလည်း မော်ကြွား၊ တစ်ဆူတည်း ကျော်ကြား၊
ကမ္ဘာ့အကြီးဆုံး ကမ္ဘာလုံးဘုရားကြီး**

ဘုရားကြီး၏ အံ့သြကုန်နိုင်ဖွယ် အထင်ကရ ထူးခြားဆန်းကြယ်မှုများကို ပို၍လွန်၍ စိတ်ဝင်စားဖွယ်ဖြစ်စေသောအရာမှာ ထိုဘုရားကြီး သီတင်းသုံးတော်မူရာ “မဟာကမ္ဘာလုံး စေတီတော်ကြီး”ဖြစ်သည်။

(က) ပထမ ပစ္စယံ
အကျယ် - ပေ ၉၀ ပတ်လည်
အမြင့် - ၆ပေ
အတက်စောင်းတန်း - ၄သွယ်

(ခ) ဒုတိယ ပစ္စယံ
အကျယ် - ၆၃ပေပတ်လည်၊
အမြင့် - ၆ပေ
အတက်စောင်းတန်း - ၄သွယ်

(ဂ) တတိယ ပစ္စယံ
အကျယ် - ပေ ၄၀ ပတ်လည်
အမြင့် - ၆ ပေ
အတက်စောင်းတန်း - ၈သွယ်


ပစ္စယံသုံးဆင့်၊ အမြင့် ၁၈ ပေထက်၌ အချင်း ၄၅ပေရှိ တောင့်တင်းခိုင်မာသော ကွန်ကရစ်တိုင်ကြီး ၉လုံးနှင့် ကွန်ကရစ်ဘောင်တန်းကြီးများ၌ အားပြု၍ တည်ဆောက်ထားသည်။

ထိုမဟာကမ္ဘာလုံး ကျောင်းတော်ကြီးအတွင်း၌ ကြေးတော်ကြီးဘုရား သီတင်းသုံးတော်မူမည်။ နှစ်ကိုယ်ရှစ်ဆူ ကြေးဆင်းတုတော်များ၊ စွယ်တော်၊ ဓာတ်တော်၊ မွေတော် ဓမ္မစေတီများ ပူဇော်ထားရှိမည်။ မဟာကမ္ဘာလုံးကြီးအထက်၌ ထီးတော်အပါအဝင် ပေ ၃၀ ကျော် အင်္ဂလန်အလိုက် ရွှေစေတီတော်၊ မုခ်ဝ ရမျက်နှာ၌ ကျောက်ဆင်းတုတော် ရဆူ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com







ဤအဆောက်အအုံ၏ အဓိပ္ပာယ် အနှစ်သာရမှာ ဘုရားငါးဆူပွင့်တော်မူသော ဤဘဒ္ဒကမ္ဘာကြီးသည် ဘုရား ၅ဆူ သီတင်းသုံးတော်မူသော (မဟာဂန္ဓကုဋီ)ကျောင်းတော်ကြီးဖြစ်သည်။ ထိုရွှေဇေကျောင်းကြီးရိပ်သာတွင် ယခင်ကတည်းက ဘုရားငါးဆူတည်ထား ကိုးကွယ် ပူဇော်ထားကြောင်း သိရှိရသည်။ ထိုကမ္ဘာလုံးကြီးတွင် ကြေးတော်ကြီးဘုရားကြီး ကိန်းဝပ် စံပယ်တော်မူမည်ဟု ဆိုသည်။ ကမ္ဘာလုံးဘုရားကြီးနှင့် ကြေးတော်ကြီးဘုရား၊ ရွှေကျောင်းကြီး၊ ပဲခူးတိုင်းဒေသကြီးတို့သည် ကြီးလေးကြီးဖြစ်လာပါတော့မည်။ အင်းမဆိုသည်မှာလည်း ပညတ်ကောင်းသည်။ (၁+၅)အောင်ပမိတ်ဓာတ်ဖြစ်သည်။ တစ်ခေါက်တစ်ခါ အရောက်သွားလေ့လာသင့်သည်။ ကမ္ဘာလုံးစေတီကြီး တည်ဆောက် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် သံဃနာယက ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက် ပန္နက်ရိုက်၊ တရားဟောကြားပေးခဲ့ပါသည်။ ဤဘုရားကြီးသည် ဆုတောင်းပြည့်ကြောင်း ကိုယ်တွေ့ကြုံသူများထံမှ ပြောသံကြားရသည်။ "ဘဒ္ဒကမ္ဘာ မဟာဂန္ဓကုဋီစေတီတော်မြတ်ကြီး" ဟု ကမ္ဘာလုံးဘုရားကြီးကို ဘွဲ့တော်ပညတ် ပူဇော်ထားသည်။ လောကတွင် ပညတ်အရေးကြီးပါသည်။ ဘုရားစေတီဘွဲ့တော်ပေးရာတွင် မင်္ဂလာရှိသော အမည်သာ ပေးသင့်ပါသည်။

ဉာဏ်တော်အမြင့် ၉ပေ ၉ဝကျော်ရှိ ကမ္ဘာ့အကြီးဆုံး မဟာကမ္ဘာလုံးဘုရားကြီး၏ ကျန်ရှိသော နေရာများကိုလည်း ကမ္ပည်းမော်ကွန်းစိုက်ထူလှူဒါန်းရန် ကောင်းမှုကုသိုလ်ပါဝင်သင့်ပါသည်။ စေတီတော်၏ အောက်ခံ ဖိနပ်တော်၊ မဟာကမ္ဘာလုံး၊ ကွန်ကရစ်တိုင်၊ ပေါ်တီကိုအဆောင် စသည်ဖြင့် လှူဖွယ် ၉မျိုး ကုန်ကျမည့် အလှူငွေကိုလည်း ဤသို့ရေးသား ဖော်ပြထားပါသည်။

| | | |
|---|---|---|
| ၁။ စေတီတော် အောက်ခံ ဖိနပ်တော် | - | ၆၅၀၀၀၀ ကျပ်၊ |
| ၂။ မဟာကမ္ဘာလုံး | - | ၁၅၃၀၀၀ ကျပ်၊ |
| ၃။ ကွန်ကရစ်တိုင်ကြီး ၂၅ပေအမြင့် | - | ၃၅၀၀၀၀ ကျပ်၊ |
| ၄။ ပေါ်တီကိုအဆောင်တစ်ဆောင် | - | ၁၅၀၀၀၀၀ ကျပ်၊ |
| ၅။ ကြေးတော်ကြီးဘုရားကြီး တံကဲကြီး | - | ၅၀၀၀၀၀၀ ကျပ်၊ |
| ၆။ ရွှေစေတီ ပန်းတင်ခုံမှ၁၀ | - | ၂၀၀၀၀၀ ကျပ်၊ |
| ၇။ ကမ္ဘာလုံးအတွင်း အာရုံခံ ရင်ပြင်တော် | - | ၃၀၀၀၀၀၀ ကျပ်၊ |
| ၈။ တံခွန်တိုင်ကြီး | - | ၅၀၀၀၀၀ ကျပ်၊ |
| ၉။ အတက်စောင်းတန်း၊ စတီးလက်ရန်း | - | ၃၀၀၀၀၀ ကျပ်၊ |

တို့ကို ရွှေကျောင်းကြီးရိပ်သာ ဩဝါဒ စရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ ဖုန်း (၀၅၃-၅၈၂၅၂၊ ၀၉-၄၉၃၂၃၀၈

www.burmeseclassic.com



သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဘုရားကြီးပွဲတော်ကို ပြာသိုလပြည့်ကျော် ၃ရက်မှ ၇ရက် ပဌာန်းပွဲ၊ တပို့တွဲလဆန်း ၂ရက်အထိ ပျော်ပွဲရှင်ပွဲ အလှူပွဲ စသည်တို့ဖြင့် ၁၈ရက်တိုင်တိုင် ကျင်းပသည်။ ကြေးတော်ကြီးဘုရားကြီးအား မြန်မာနှစ်ဆန်း ၁ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ဘဒ္ဒကမ္ဘာစေတီဂန္ဓကုဋီတိုက်တွင် ပူဇော်ထားသည်။ တန်ဆောင်မုန်းလပြည့်နေ့မှစ၍ ဒေသစာရီကြွတော်မူသည်။ နှစ်စဉ် ဘုရားပွဲကျင်းပလာသည်မှာ ၄၉ကြိမ် ရှိပြီဟု သိရသည်။ ထိုဘုရားကြီး ကြွရောက်စဉ် ပူဇော်ဖူးသူများစွာရှိကြပါသည်။

အင်းမ သွားလိုပါက ရန်ကုန်-ပြည်ကားစီးပြီး အင်းမမှာ ဆင်း၊ အရှေ့ရွှေကျောင်းကြီး မဟာစည် သာသနာ့ရိပ်သာသည် ကားလမ်းအနီးတွင် ရှိသည်။ ဘုရားငါးဆူနှင့် ကြေးတော်ကြီးဘုရားဆိုင်းဘုတ်ရှိသည်။ ပုံတော်ကို ဂုဏ်တော်မှန်း၍ တေဇသိဒ္ဓိဂါထာတော်(ဒိဗ္ဗတပတိဂါထာတော်)ကို ရွတ်ဆိုပူဇော်ပါ ■

ကျန်းမာချမ်းသာ ဘေးကင်းကွာ

လိုရာသိဒ္ဓိပြည့်စေသော်...

* * *

မင်းထက်ကျော်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒါနလက္ခဏာသည် သံသရာတိုစေ၏

ပေးအပ်သော အရာဟူသမျှနှင့် ပေးခြင်းဟူသမျှတို့သည် ဒါနချည်းပင် ဖြစ်၏။ ဒါနသည် လွတ်လွတ်စွန့်ကြဲခြင်းလက္ခဏာရှိ၏။

လှူဖွယ်ဝတ္ထုတို့၌ တွယ်တာ ကပ်ငြိတတ်သော လောဘကို ဖျက်ဆီးခြင်းကိစ္စရသ၊ အပြစ်ကင်းခြင်း သမ္ပတ္တိရသ ရှိ၏။

လှူဖွယ်ဝတ္ထုတို့၌ ငြိတွယ်မှု မရှိခြင်းသဘော ထင်ရှားသော အခြင်းအရာ၊ ဘဝနှင့် ပြည့်စုံခြင်း၊ ဘောဂနှင့် ပြည့်စုံခြင်းသဘော ထင်ရှားသော အခြင်းအရာရှိ၏။

စွန့်ကြဲအပ်သော ဝတ္ထုနှင့် အလှူခံ ပုဂ္ဂိုလ်သာလျှင် နီးကပ်သော အကြောင်းရှိ၏။ ဤလက္ခဏာတို့အပြင် ဒါနအမည်ရသော တရား (၄)မျိုးရှိပါသည်။

(၁) စေတနာ စေတသိက်ကို ဒါနခေါ်ရ၏။

(၂) စေတနာဟူသော ဝေါဟာရကို ပြဋ္ဌာန်းမှုအစွမ်းဖြင့် သုံးနှုန်းခြင်းဖြစ်သဖြင့် စေတနာနှင့် စင်စစ် အလားတူသောကြောင့် စေတနာယှဉ်သော အလောဘ စေတသိက်ကိုလည်း ဒါနခေါ်အပ်၏။

(၃) သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ကိုလည်း ဒါနခေါ်ထိုက်၏။

(၄) ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထုကိုလည်း ဒါနခေါ်နိုင်၏။

စာရှုသူ ဓမ္မပရိသတ်အနေဖြင့် လက္ခဏာ၊ ရသ၊ အခြင်းအရာ၊ အကြောင်းနှင့် ဒါနအမည်ရ တရားလေးပါးတို့ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြား၍ ဆုံးဖြတ်ရန် ရှိသည်။ အောက်ပါပုစ္ဆာအတွက် အဖြေထုတ်ယူသင့်ပါသည်။

"ဒါန၏ လက္ခဏာ စသည်နှင့် အမည်ရ တရားတို့တွင် အဘယ်တရားက (တစ်ပါးသူ ပြောစကားကဲ့သို့) သံသရာရှည်စေတတ်ပါသနည်း"

အမှန်အားဖြင့် တဏှာလောဘ တရားသာလျှင် ပဋိသန္ဓေ အဖန်ဖန်အထပ်ထပ် နေစေခြင်းကြောင့် သံသရာရှည်စေတတ်သော တရားဖြစ်ချေသည်။ ဒါနသည် သံသရာရှည်စေသော တရားမဟုတ်။

အရင်းစစ်လျှင် ဒါနတရားဟူသည့် အလောဘကား တဏှာလောဘ၏ ဆန့်ကျင်ဘက် တရားဖြစ်သောကြောင့် တဏှာလောဘကို ပယ်သတ်နိုင်စွမ်း သတ္တိရှိပေ၏။ စစ်မှန်သော ဒါနမှုသည် တဏှာလောဘကို လျော့ပါးစေရာတွင် ကျေးဇူးပြုသဖြင့် သံသရာတိုစေသည်မှာ ယုံမှားဖွယ်မရှိပေ။

## စေတနာဒါန၌ သဒ္ဓါနှင့် ပညာ မျှတရန်

စေတနာဆိုရာတွင် လှူဒါန်းခိုက်၊ လှူဒါန်းဆဲ၌ ဖြစ်ပေါ်နေသော စေတနာ(မုဉ္စ)ကား ဒါနရှင်၏ စွန့်လွှတ်မှုဖြစ်သည်။ ဤ မုဉ္စစေတနာသည် ဒါနမှု၏ တရားကိုယ်အစစ်ပင်။

ထိုသို့ မစွန့်လွှတ်မီ ရှေးကာလတွင် ကြိုတင်၍ဖြစ်သော စေတနာကိုမူ "ပုဗ္ဗစေတနာ" ခေါ်ကြသည်။ ရှေးကာလတွင် အသုံးအနှုန်း၏ အချိန်အတိုအရှည်မှာ သတ်မှတ်ချက်ရှိ၍ လှူဖွယ်ဝတ္ထု ထင်ရှားရှိချိန်မှ ဤဝတ္ထုကို လှူဒါန်းမည်ဟု ကြံစည်ရည်ရွယ်ချိန် တစ်လျှောက်လုံးနှင့် စွန့်လွှတ်ချိန်ထိ ကြားကာလအပိုင်းအခြားပင် ဖြစ်၏။ ထိုကာလတွင် ပုဗ္ဗစေတနာဖြစ်ခွင့်ရှိ၏ဟု နားလည်ရပါမည်။

စွန့်လွှတ်ပြီးသော နောက်ကာလတွင် ဖြစ်ပေါ်တတ်သော စေတနာကို "အပရစေတနာ"ဟူ၍ ခေါ်ဆိုသည်။ ဤစေတနာ သုံးမျိုးသာလျှင် "စေတနာဒါန"စာရင်းတွင် အကျုံးဝင်လေသည်။

စစ်မှန်သော ဒါနမှုတွင် သဒ္ဓါနှင့် ပညာတို့ကို နှစ်ပါးစုံ မျှတ ညီညွတ်စေရပါသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် ပညာတရား အားကြီး၍ သဒ္ဓါတရား အားနည်းနေပြီဆိုကြပါစို့၊ ထိုသူသည် လမ်းကောင်း နည်းမှန်သို့ မဆိုက်ရောက်ဘဲ စဉ်းလဲ ကောက်ကျစ်လမ်းပေါ်သို့ လျှောက်လှမ်းသွားတတ်သည်။ ထိုသို့ လမ်းမှားကပ်ရောက်၊ စဉ်းလဲကောက်ကျစ်သူကို လမ်းမှန်ပေါ် ရောက်ရှိရေးအတွက် ပြုပြင်ကုစားပေးရန် လွန်စွာခက်ခဲပေသည်။

အကယ်၍ သဒ္ဓါတရားအားကြီး၍ ပညာတရားအားနည်းသူ ဖြစ်နေပါအံ့၊ ထိုသူသည် ကြည်ညိုဖွယ်ဟုတ်၊ မဟုတ်ကို ပိုင်းခြားသိမြင်နိုင်သော ဉာဏ်ပညာအားနည်းသဖြင့် ကြည်ညိုဖွယ်မဟုတ်သောအရာ၌ အလေးအမြတ် ကြည်ညိုနေတတ်သည်။ အစစ်အမှန်မဟုတ်သော အရာကို ဗုဒ္ဓစစ်မှန်၊ ဓမ္မစစ်မှန်၊ သံဃာစစ်မှန်ဟူ၍ ထင်မြင်မှားမှု ယုံကြည်မှားမှု ရှိနေသမျှကာလပတ်လုံး ထိုယုံကြည်မှားမှုကြောင့် မိမိအကျိုး မပြီးစီးဘဲ အချည်းနှီးသာလျှင် ဖြစ်ပေလိမ့်မည်။

သဒ္ဓါနှင့် ပညာ နှစ်ပါးစုံကို ညီညွတ်မျှတစွာ ထိန်းညှိသူများသာလျှင် ကြည်ညိုအပ်သောအရာ၌သာ



www.burmeseclassic.com

www.burmeseclassic.com

လေးမြတ်ကြည်ညိုခြင်း၊ ကောက်ကျစ်စဉ်းလဲမှု ကင်းမဲ့ခြင်း အားဖြင့် ကောင်းကျိုးအများ ဖြစ်ပေါ်တိုးပွားစေနိုင်ပါသည်။ မန်လည်ဆရာတော်ဘုရားက ဤသို့ သတိပေးခဲ့ပါ၏။

"လူတို့မှာလည်း၊ သဒ္ဓါပတ္တမြား၊ မောက်မောက်ကြွား လျက်၊ ပိုင်းခြားလက္ခဏာ၊ ရှုတတ်စွာသား၊ ပညာဝရိဇ်န်၊ နတ်ပစ်စိန်လျှင်၊ ချိန်ရာမယွင်း၊ မြင်းမိုရ်တွင်းသို့၊ ထုတ်ချင်း မတွန့်၊ ရှယ်တိုင်းကွန့်အောင်၊ သွယ်ညွှန့်သွန်းသွန်း၊ မြိုက် မြိုက်ချွန်းလော့"တဲ့။

## ဓမ္မဒါနသည် ဒါနအပေါင်းတွင် အမြတ်ဆုံး

ဆွမ်း၊ သင်္ကန်း စသော ဝတ္ထုများကို "အာမိသ"ဟု ခေါ်ရပြီး၊ ထိုဝတ္ထုတို့ကို ပေးလှူခြင်းသည် "အာမိသဒါန" မည်ပါ၏။ အာမိသနှင့် ပစ္စယ ဝေါဟာရတို့သည် အနက်တူ ဖြစ်၍ အာမိသဒါနကို ပစ္စယဒါနဟုလည်း ခေါ်နိုင်ကြ၏။

ညစ်နွမ်းသော လောဘစိတ်၊ ဒေါသစိတ် စသည်များ အလျဉ်းမရှိဘဲ တစ်ပါးသူတို့အား မဖောက်မပြန် မှန်ကန်သော တရားဟောကြားပေးခြင်း စသည်အားဖြင့် တရားပေးလှူမှု သည် "ဓမ္မဒါန"မည်ပါ၏။

ထိုသို့ ကိုယ်တိုင်ဟောကြားပေးမှု မပြုနိုင်၍ ငွေကြေး အကုန်အကျခံကာ တရားတော် စာအုပ်စာပေတို့ကို ဝယ်ယူ စုဆောင်းလျက် တစ်ပါးသူတို့အား ပေးလှူ ပူဇော်နေကြခြင်း သည် ဆေးနည်းပေးသူပမာ ဓမ္မဒါနဖြစ်ပါသည်။ သို့ရာတွင် နိဗ္ဗာန်ရောက်ကြောင်းတရားကို ကိုယ်တိုင်ကိုယ်ကျ ဟော ကြားပေးအပ်သလောက် ဓမ္မဒါနစစ်စစ်ကား မဖြစ်ချေ။

တရားနာလိုသော ဒါယကာ ပရိသတ်၊ ကလျာဏ ပုထုဇဉ်၊ သာဝက ဗောဓိလောင်းလျာ စသူတို့အား သရဏဂုံ သီလ၊ ဣန္ဒြေတို့၌စောင့်ထိန်းမှု၊ သူတော်ကောင်းတရား(၇)ပါး၊ သမထ၊ ဝိပဿနာ၊ ဘာဝနာ အားထုတ်ပုံ၊ ဝိသုဒ္ဓိ ခုနစ်ပါး ကျင့်ကြံပုံ၊ မဂ်လေးပါး ရယူပုံတို့ကို ဂုဏ်ကျေးဇူးနှင့်တကွ ချီးကျူးပြောပြသောကြောင့် သရဏဂုံသီလတည်စေခြင်း၊ တည်ပြီးသူတို့အား စင်ကြယ်စေခြင်း စသည်တို့သည် တရားအလှူပေးမှု၊ ဓမ္မဒါနပြုမှု ဖြစ်ပေ၏။

ထိုထို တရားအလှူကုသိုလ်ကံကြောင့် နတ်ရွာသုဂတိ ဘုံဌာနတို့၌ အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာကြီး၊ အစိုးရ ခြွေရံများ၊ နတ်တို့၏ အာရုံငါးပါး ပေါများဟူသော ဆယ်မျိုး သော အရေးအရာတို့တွင် တခြားနတ်များထက် သာလွန် ကြီးကဲသော နတ်စည်းစိမ်ကို ရရှိခံစားရပေ၏။

နတ်ပြည်ဌာန၌ ဒါနဆိုင်ရာ ပြဿနာ လေးချက်သည် ထွက်ပေါ်လာရာ အမေးပုစ္ဆာသာ ရှိ၍၊ အဖြေမသိကြခြင်း ကြောင့် ဉာဏ်ကြီးရှင် ပညာရှိ နတ်ဗြဟ္မာအဆင့်ဆင့်ထံ အဖြေပေးရန် တောင်းပန်ခဲ့ကြ၏။ ၁၂နှစ်ကာလ ကုန်လွန် သည်အထိ စကြဝဠာတိုက်တစ်သောင်း၌ အဖြေကောင်း အဖြေမှန် မရရှိခဲ့ချေ။

နောက်ဆုံးတွင် သိကြားမင်းသည် နတ်အပေါင်းခြံရံ လျက် ညဉ့်နက်သန်းခေါင်အခါ ဇေတဝန်ကျောင်းတိုက်သို့ ရောက်လာပြီးလျှင် မြတ်ဗုဒ္ဓထံ ချဉ်းကပ်ကာ ပြဿနာကို တင်ပြခဲ့ပါ၏။ မြတ်ဗုဒ္ဓသည် ပြဿနာ လေးချက်စလုံးကို ပြေလည်ကျေနပ်သည်အထိ ရှင်းလင်းဖြေဆိုတော်မူပါသည်။ အမေး လေးချက် အဖြေထွက်ပုံတို့ကို တစ်ချက်ချင်းစီ မေးဟန်၊ ဖြေဟန် ပုံစံချ၍ ဖော်ပြလိုက်ပါရစေ။

**သိကြား။** ။ ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ဒါန အပေါင်းတွင် အဘယ်ဒါနသည် အမြတ်ဆုံး ပါနည်း။

**ဗုဒ္ဓ။** ။ နတ်တို့သနင်း သိကြားမင်း၊ ဒါနအပေါင်း တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်၏။ ဆွမ်း သင်္ကန်း စသော ဒါနအပေါင်းကို ပြုကြသူတို့ သည် တရားဓမ္မ နာကြားရ၍သာ ပြုလုပ်ကြ ခြင်းဖြစ်၏။ မနာမကြားရဘဲနှင့် ပြုလုပ်ကြ သည်မဟုတ်။ မှန်ပေ၏။ ဤသတ္တဝါတို့ သည် အကယ်၍ မနာမကြားရလျှင် တစ်ဇွန်း တစ်ခွက်စာမျှသော ယာဂုနှင့် တစ်လုတ် တစ်ဆုပ်စာမျှသော ဆွမ်းဒါနကိုပင် ပေး လှူကြမည်မဟုတ်ပေ။ ထို့ကြောင့် ဓမ္မဒါန သည်သာ အမြတ်ဆုံး။

**သိကြား။** ။ အရှင်မြတ်ဘုရား···အရသာအပေါင်းတွင် အဘယ်အရသာသည် အမြတ်ဆုံးပါနည်း။

**ဗုဒ္ဓ။** ။ သိကြားမင်း··· အရသာအပေါင်းတွင် ဓမ္မ အရသာသည် အမြတ်ဆုံးဖြစ်ပေ၏။ သစ်ပွင့် မျိုး၊ သစ်သီးမျိုး၊ နံ့သာမျိုးအရသာနှင့် အာရုံ မျိုးငါးပါးအရသာ အစရှိသော အရသာမျိုးစုံ တို့သည် သံသရာဝဋ်၌ ကျရောက်စေရုံသာ မက၊ ဆင်းရဲဒုက္ခ ခံစားရခြင်း၏ မြဲသော အကြောင်းသာလျှင် ဖြစ်ကြပေ၏။ ဗောဓိ ပက္ခိယ တရား ၃၇ပါးနှင့်တကွ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားအရသာသည်ကား လောကီ အရသာအပေါင်းတို့ထက် သာလွန်၍

www.burmeseclassic.com

အမြတ်ဆုံး။

သီကြား။ ။ အရှင်မြတ်ဘုရား・・မွေ့လျော်ခြင်းအပေါင်းတွင် အဘယ်သည် အမြတ်ဆုံးပါနည်း။

ဗုဒ္ဓ။ ။ သိကြားမင်း・・・မွေ့လျော်ခြင်းအပေါင်းတွင် ဓမ္မဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏။ သားသမီး၊ ပစ္စည်းဥစ္စာ၊ မယားခင်ပွန်း၊ ကခုန်ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း စသည်တို့ဖြင့် ဝမ်းမြောက်ရွှင်ပျခြင်း၊ မွေ့လျော်ပျော်ပိုက်ခြင်းအပေါင်းသည် သံသရာဝဋ်၌ ကျရောက်စေရုံသာမက၊ ဆင်းရဲဒုက္ခခံစားရခြင်း၏ မြဲသောအကြောင်းသာလျှင် ဖြစ်ကြပေ၏။ ဓမ္မဟောပြသော ပုဂ္ဂိုလ်၊ ပို့ချသော ပုဂ္ဂိုလ်၊ နာကြားရသော ပုဂ္ဂိုလ် စသူတို့၌ စိတ်သန္တာန်အားဖြင့် ဓမ္မအာရုံပြုသောကြောင့် တက်ကြွရွှင်လန်းခြင်း၊ နှစ်သက်မွေ့လျော်ခြင်း ဓမ္မပီတိသည် ဖြစ်ပေါ်လာပေ၏။ ဤ နှစ်သက်မွေ့လျော်ခြင်း ဓမ္မပီတိကသာလျှင် သံသရာဝဋ်၏ အဆုံးကို ပြုတတ်ရုံသာမက၊ အရဟတ္တဖိုလ်တိုင်အောင် ကောင်းကျိုးကို ပေးတတ်ခြင်းကြောင့် ဓမ္မဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံး။

သိကြား။ ။ အရှင်မြတ်ဘုရား・・・ တဏှာကုန်ခြင်း၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကိုသာလျှင် အဘယ်ကြောင့် အမြတ်ဆုံးဟူ၍ ခေါ်ဆိုအပ်ပါသနည်း။

ဗုဒ္ဓ။ ။ သိကြားမင်း・・・ တဏှာကုန်ခြင်း၏အဆုံး၌ ဖြစ်သော အရဟတ္တဖိုလ်သည် ဝဋ်ဒုက္ခခပ်သိမ်း၏ ကုန်ငြိမ်းခြင်းသို့ ရောက်စေတတ်သောကြောင့် အမြတ်ဆုံးဖြစ်ပေ၏ ■

* * *

ယောဂီစောလွင်

ကျမ်းကိုး


- ဒါနဝတ္ထု (တေဒင်္ဂအရှင်ပညာဇောတ)။



www.burmeseclassic.com

# သင်္ကြန်ကာလမင်းနှင့် ရင်တွင်းအေးစရာ မွန်ရိုးရာ

## ခင်ခင်ဝင်း (မော်ရဝတီ)



မြန်မာနှစ်သစ်ကူး တန်ခူးလ တာသင်္ကြန်ကို မြန်မာတိုင်းရင်းသားများအားလုံး ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။ အတာရေနှင့်အတူ ကုသိုလ်ဒါနများ ပန်ဆုယူပွဲများကို စုပေါင်း၍ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ပြုလုပ်ကြမြဲ ဖြစ်ပါသည်။ ရိုးရာမပျက် ပျော်ပွဲရွှင်ပွဲများကိုလည်း အစဉ်အလာမပျက် ဆင်နွှဲကြပါသည်။ အကျွေးအမွေး အလှူအတန်းများ၊ ငါးလွှတ် ငှက်လွှတ်ပွဲများ၊ ဥပုသ်သီတင်းဆောက်တည်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်ယင်ကျင်းပကြပါသည်။ ထို့ကြောင့် နှစ်သစ်ကူး တန်ခူးလ၏ အတာရေသွန်း ပန်ဆုယူကြပုံများကို မဟာအတုလ မင်းကြီးက ဤသို့ စပ်ဆိုပူးပါသည်။

"နွေခါမီဝယ်×××ရာသီမိဿ×××ဂိမ္မာနမို့×××စိတြကြယ်×××တိမ်မိုးလယ်မှာ×××စံပယ်ကွန့်ကာ×××တိမ်ဖွေချာဝယ်×××ဒေသစာလုမ်း×××လှည့်လည်ငယ်မြန်းလို့××× နှစ်ဆန်းငယ်သင်္ကြန်×××သစ်သစ်သာ ဖန်တော့သည်××× နိုင်ငံကြော့ ပြည်သူမှာ×××ပန်ဆုယူ×××တာရေသွန်းခိုး မို့×××"

စသည်ဖြင့် နှစ်ဟောင်းကျူး၍ နှစ်သစ်ကူး တာသင်္ကြန် မှာ တောင်းဆုပန်ဆင်သည့် လဖြစ်ကြောင်း ဖော်ကျူးစပ် ခဲ့ပါသည်။ နိုင်ငံကြော့ ပြည်သူတွေလို့ ဆိုတဲ့အတိုင်း ကလေး မှအစ လူကြီးများအထိ ကြိုတင်ပြင်ဆင်၍ အစီအစဉ်ချ မိမိတို့ဒေသအလိုက် အစဉ်အလာကြီးစွာ လေးလေးနက်နက် စီစဉ်ဆောင်ရွက်ကြလေသည်။ ထိုထိုသော ဒေသအသီးသီး ထဲမှ မွန်ပြည်နယ်ရှိ မွန်ရိုးယာ တာသင်္ကြန် ဆင်နွှဲ ပြုပုံများကို လေ့လာမှတ်သား ပါဝင်ဆင်နွှဲခဲ့သည်ကို ဖော် လိုက်ရပါသည်။

www.burmeseclassic.com

### ရေလှူပွဲ ကျင်းပခြင်းနှင့် ပါရမီဆက်ခြင်း

မွန်လူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ရေးသူတော်ကောင်းများ ထားရှိခဲ့သော ဓလေ့ထုံးစံများကို ဘာသာရေးနှင့် ယှဉ်တွဲ၍ ကုသိုလ်ဒါနများအလို့ငှာ ဆင်ယင်ကျင်းပကြပါသည်။ နိဗ္ဗာန်သို့ တက်လှမ်းနိုင်သော ဒါနမျိုးစေ့များကိုလည်း တတ်နိုင်သမျှ ပြုစုပျိုးထောင်ကြသည်။

အတာသင်္ကြန် ရေလှူပွဲနှင့် ပတ်သက်၍ ဝိပဿီမြတ်စွာဘုရားလက်ထက်တော်အခါက ဗန္ဓုမတီပြည်သားရေသည်တစ်ဦးသည် မြတ်စွာဘုရားနှင့် တပည့် သံဃာတော်များ နွေကာလ သောက်တော်ရေ ပြတ်လပ်နေချိန်နှင့် ကြုံတွေ့ခဲ့ရသည်ကြောင့် သဒ္ဓါတရားထက်သန်စွာဖြင့် သောက်တော်ရေ၊ သုံးတော်ရေများကို ပေးလှူဒါန်းခဲ့သည်။ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ထိုရေသည်ကြီးသည် ရဟန္တာအဖြစ်သို့ ရောက်ရှိကာ "ဥဒက ဒါယိကာ မထေရ်" ဟူ၍ ထင်ရှားခဲ့သည်။ ထိုရဟန္တာ၏ ထုံးကို နှလုံးမူ၍ ဤသို့ ရေလှူပွဲကို ကျင်းပကြသည်။

ညနေစောင်းအချိန် ဘုန်းတော်ကြီးကျောင်းတွင် စင်မြင့်တစ်ခုပြင်ဆင်၍ ဘုရားရုပ်ပွားတော်များကို ပင့်ဆောင်ကြသည်။ ဝါးပိုးဝါးကြီးများကို ထက်ခြမ်းခွဲ၍ ရေတံလျှောက်အဖြစ် အရှည်ကြီး သွယ်တန်းထားကြသည်။ ရွာလုံးကျွတ်မှ ရေလှူသူများသည် ရေတံလျှောက် တစ်ဖက်တစ်ချက်တွင် တန်းစီ၍ အမွှေးနံ့သာရည်များ လောင်းချကြသည်။ ၎င်းရေတံလျှောက်မှ စီးဆင်းလာသော အမွှေးနံ့သာရည်များကို ခံယူ၍ ဘုရားဆင်းတုတော်များအား ရေသပ္ပာယ်ကြသည်။ ပြီးလျှင် ကျောင်းရှိ သံဃာတော်များအား ရေချိုးသပ္ပာယ်ပေးကြလေသည်။ ရေချိုးပေးပြီးသော သံဃာတော်များ စီတန်း၍ ကျောင်းပေါ်သို့ အတက်တွင် အမျိုးသမီးများက အမွှေးနံ့သာတို့ဖြင့် ဖျန်းပက် ပူဇော် ကန်တော့ကြလေသည်။ ရေတံလျှောက်မှတစ်ဆင့် စုပေါင်း၍ ရေလှူကြခြင်းမှာ အယုတ်အလတ်အမြတ်မရွေး သူထက်ငါ ဦးစွာ လုယက် ရေသပ္ပာယ်လိုသောစိတ် ကင်းရှင်း၍ လှူချင်သူတိုင်း ညီတူညီမျှ စုပေါင်းကုသိုလ် မျှဝေရယူနိုင်ကြစေရန် ဖြစ်ပေသည်။

### သဲပုံစေတီတည်၍ ပန်ဆုယူကြခြင်း

မွန်လူမျိုးတို့သည် သဲပုံစေတီပွဲကို မြန်မာများကဲ့သို့ တပေါင်းလတွင် မကျင်းပဘဲ တန်ခူးလတွင် ကျင်းပကြလေသည်။ သင်္ကြန်ရက်များသည် ရွာလုံးကျွတ် အားလပ်ခွင့်ရက်ရှည်ရသော အချိန်ဖြစ်၍ တပျော်တပါး စုပေါင်းကုသိုလ်ဒါနများ ပြုလုပ်ကြသည်။

ပင်လယ်ကမ်းခြေ (သို့မဟုတ်) စမ်းချောင်းများနှင့် ဝေးသောအရပ်ရှိ မွန်အမျိုးသားများသည် သဲပုံစေတီတည်ရန်အတွက် သဲများကို နွားလှည်းများ၊ တောင်းများဖြင့် ထမ်းပိုးရွက်၍ သယ်ဆောင်ပွဲတွင် အတီးအမှုတ် အကအခုန်များဖြင့် ပါဝင်ကြသည်။ တတ်နိုင်သူများက အကျွေးအမွေးများဖြင့် ဒါနပြုကြသည်။ ရွာဦးကျောင်းသို့ သယ်ယူ၍ နေ့ချင်းပြီး သဲပုံစေတီတည်ကြသည်။ သဲပုံစေတီတည်ပြီးသော် ဆရာတော်မှ ငါးပါးသီလချီးမြှင့်ပြီး ရေစက်ချပေးပါသည်။ ရွာလုံးကျွတ် လာရောက်လှူဒါန်းကြပြီး လုလင်ပျို၊ လုံမပျိုများက ကလူကျီစယ်၍ ရေပက်ကစားကြသည်။

တချို့ဒေသများတွင် ထမင်းထုပ်များကို အိမ်များတွင် လိုက်လံ ကောက်ခံကြသည်။ ရရှိသော ထမင်းထုပ်များကို ပဒေသာပင်သီး၍ တပျော်တပါး ထမ်းပိုး ကခုန် တီးမှုတ်၍ ရွာလှည့်ကြသည်။ သဲပုံစေတီသို့ ရောက်သောအခါ ထမင်းထုပ်များကို ပဒေသာပင်မှ ဆွတ်ပြီး ဆရာတော်များအား ဆက်ကပ်ကြသည်။ ကျန်သော ထမင်းထုပ်များကို လုပ်အားပေးများက တပျော်တပါး ဆွတ်ယူ စားသောက်ကြသည်။ ရောက်လာကြသော ရွာလုံးကျွတ်မျှသော ရွာသားတို့သည် ဆုတောင်းကြသည်။ ဆီမီး၊ အမွှေးတိုင်များနှင့် ပူဇော်ကြသည်။ ဤသို့ပြုခြင်းဖြင့် တစ်နှစ်ပတ်လုံး ကျန်းမာချမ်းသာ စီးပွားများ ကောင်းမွန်ကြောင်း ယူဆကြသည်။

### သင်္ကြန်ထမင်းဖြင့် ကျွေးမွေးလှူဒါန်း၍ ဒါနပြုခြင်း

မွန်တို့၏ ရာသီအလိုက် မုန့်များမှာ မုန့်ပိန္နဲစေ့၊ မုန့်ဖက်ထုပ်၊ ကောက်ညှင်းပေါင်း၊ သင်္ကြန်ထမင်း စသည်တို့ ပါဝင်ကြသည်။ ကျန်မုန့်များသည် မြန်မာပြည်အရပ်ရပ်ဒေသအသီးသီးတွင် တွေ့နိုင်၊ စားနိုင်သော်လည်း သင်္ကြန်ထမင်းမှုကိုကား မွန်တို့၏ မွန်ပြည်နယ်မှသာ တွေ့ရပြီး၊ မွန်တို့၏ အမွေအနှစ် ရာသီစာအဖြစ် တန်ခူးလတွင် ပြုလုပ်ကျွေးမွေးလေ့ရှိသော ထမင်းဖြစ်သည်။ ယနေ့တိုင် ရပ်တည်လျက်ရှိသော မွန်တို့၏ သင်္ကြန်ထမင်းကို မွန်ဘာသာဖြင့် "ပိန်တိုက်" ဟု ခေါ်ပါသည်။

နှစ်သစ်ကူးကာလတွင် မွန်ဒေသ၌ အိမ်တိုင်းစေ့ပြုလုပ်ကျွေးမွေးလှူဒါန်းလေ့ရှိသည်။ ပူပြင်းသော နွေရာသီ၏ ဒဏ်ကို ခံနိုင်သော မွန်ရိုးရာ အာဟာရဖြစ်သည်။ တန်ခူးကာလ ခါသင်္ကြန်တွင် မပါမဖြစ်သော အလှူဒါနအစာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ တချို့က စုပေါင်း၍ မဏ္ဍပ်များ ထိုးပြီး ရေကစားထွက်လာသူများကို ကျွေးမွေးကြသည်။ တချို့ကလည်း မိမိတို့၏ အိမ်ခြံတွင် ညေ့်သည်များကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ကျွေးမွေးလှူဒါန်းကြသည်။ တချို့ကလည်း အထုပ်များ ထုပ်၍ ကမ်းခြင်း၊ ပို့ခြင်းများကို ပြုလုပ်ကြသည်။ ဘုန်းကြီးကျောင်းသို့ ပို့ခြင်း၊ ဆွမ်းတော်တင်ခြင်းကိုလည်း ပြုကြသည်။

သကြံန်ထမင်းကို စားသုံးခြင်းဖြင့် ဝမ်းတွင်း၏ အပူကို ငြိမ်းစေသည်။ တေဇောဓာတ်ကို မလွန်ကဲအောင် ထိန်းထားနိုင်သည်ဟု အဆိုရှိသည်။ ထို့ကြောင့် မွန်ပြည်နယ်တွင် အချိန်မရွေး ဝယ်စားနိုင်သော သရေစာအဖြစ် ရပ်တည်လျက်ရှိပါသည်။

## သကြံန်ထမင်းချက်ပြုတ်နည်း

သကြံန်ထမင်းကို ဆန်ပျော့၊ ဆန်ချောအကောင်းစားများဖြင့် ချက်ရသည်။ မွန်ပြည်နယ်အခေါ် "ကောက်ကြီး၊ ကမာကြည်"ဆန်များဖြင့် ချက်ပြုတ်ရသည်။ ဆန်လေးပြည်ဝင်သော သတ္တုအိုးတွင် ဆန်နို့ဆီဘူးနှစ်ဘူးထည့်၍ ရေအပြည့်ထည့်ပြီး ပြုတ်ရသည်။ ဆန်စေ့များကွဲပြီး အလုံးမပျက် စားနေကျ ထမင်းထက် အနည်းငယ်ပျော့သော အနေအထားသို့ ရောက်သောအခါ ဇလုံပေါ်တွင် ခံထားသော ဆန်ခါပေါ်သို့ လောင်းထည့်ကာ ရေအေးဖြင့် သုံးခါမျှ ဆေးရပါသည်။ စေးနေသော ထမင်းရည်များ ကုန်သွားသောအခါ ရေစစ်ထားရပါသည်။ ဆန်ခါဇန်းထဲတွင် ရေစစ်၍ အေးသွားသောအခါ၊ ဆန်ခါဇန်းထဲရှိ ထမင်း၏ အလယ်တွင် ရေခဲတစ်တုံး ဌာပနာထားပြီး ပိတ်ဖြူပါးလေးနှင့် အုပ်ထားရပါသည်။

## သကြံန်ဟင်း ချက်ပြုတ်နည်း

သကြံန်ထမင်းနှင့် တွဲဖက်စားရန် သကြံန်ဟင်းကြော်မှာ ငါးရံ့ခြောက် (သို့မဟုတ်) ငမန်းခြောက် (သို့မဟုတ်) ငပြေးခြောက်ကို အသားကျက်သည့်တိုင် ရေနှင့် ပွက်ပွက်ဆူအောင် ပြုတ်ရပါသည်။ ငါးခြောက်ကျက်သွားသောအခါ ဆယ်ယူ၍ အရိုးထွင်ရပါသည်။ ရရှိသော အသားများကို ရေစစ်ကာ ဆုံတွင် ထည့်ထောင်းရပါသည်။ ထောင်းပြီးသောအခါ ငါးခြောက်များတွင် ကျန်ရှိနေသေးသော အရိုးများကို သေချာစွာ ရွေးထုတ်ဖယ်ရှားရပါသည်။

တစ်ဖန် သရက်သီးစိမ်း "မနော်နွယ်" သို့မဟုတ် ရင်ကွဲ သရက်သီးစိမ်းကို အခွံခွာ၍ သဘော်သီးခြစ်သော ခြစ်ဖြင့် အမျှင်ကလေးများရအောင် ခြစ်ထားရပါသည်။ သရက်သီးခြစ်ကို အချဉ်ရည်နည်းနည်းညှစ်ပေးရပါသည်။

ကြက်သွန်နီဥကြီးများကို ခြောက်စိတ် (သို့မဟုတ်) လေးစိတ် စိတ်၍ တစ်လွှာခြင်း ခွာထားရပါသည်။ ပြီးလျှင် သရက်သီး၊ ငါးခြောက်၊ ကြက်သွန်နီ စသည်တို့ကို နနွင်း၊ ဆား၊ ငါးပိတို့ကို သင့်ရုံထည့်၍ ရောနှောကြော်ရပါသည်။ မြန်မာတို့ ချက်စားသော ငါးပုတ်မွှေဟင်းကဲ့သို့ ပျော့ပျော့နူးနူးညှံ့ညှံ့လေး ဖြစ်လာသောအခါ ချရပါသည်။

ပြီးလျှင် ကြက်သွန်နီကို ပါးပါးလှီး၍ အကြွပ်ကြော်နှင့် ငရုတ်သီးခြောက် အတောင့်လိုက် အကြွပ်ကြော်တို့ကို ကြော်ထားရပါသည်။

ဤသို့ဖြင့် သကြံန်ဟင်းကြော်တစ်ခွက်ရပါပြီ။

## သကြံန်သင်းရည် ပြုလုပ်နည်း

အဖုံးပါသော သတ္တုအိုးတစ်လုံးထဲသို့ အိုးခြမ်းကွဲ (အိုးသစ် မြေအိုးတစ်လုံးကို ခွဲ၍)ပေါ်တွင် နံ့သာဖြူတုံးကို ပါးပါးလေး လွှာချပြီး ဖယောင်းများနှင့်အတူ မီးရှို့၍ အခိုးများထွက်လာသောအခါ အဖုံးဖုံးထားပြီး၊ ၎င်းအိုးထဲသို့ ရေလောင်းထည့်ထားရခြင်း ဖြစ်ပါသည်။

## သကြံန်ထမင်း ပြင်ဆင်စားသောက်နည်း

ဆန်ခါပေါ်တွင် ရေစစ်ထားသော သကြံန်ထမင်းအေးကို ဇောက်ပန်းကန်ထဲသို့ ထည့်၍ သကြံန်သင်းရည် လောင်းထည့်ပြီး ဇွန်းတပ်ထားရပါသည်။ သရက်သီးနှင့် ငါးခြောက်ကြော်ကို လက်ဖက်ရည်ပန်းကန်ပြားတွင် ထည့်၍ အပေါ်က ကြက်သွန်နီကြော် ဖြူး၊ ငရုတ်သီးအခြောက်ကြော် သုံးတောင့်ခန့် ထည့်ကာ တစ်ဦးစာ အာဟာရအဖြစ် တည်ခင်းသုံးဆောင်နိုင်ပါသည်။ ■

နလုံးစိတ်ဝမ်း · အေးချမ်းကြပါစေ

* * *

ခင်ခင်ဝင်း(မော်ရခိုင်)

မှီငြမ်း

- ကြည်မြလွင်၏ မွန်ဘဝ ဓလေ့နိဒါန်း။
- နှစ်စဉ် လေ့လာမှုများ (ကိုယ်တိုင်)။



www.burmeseclassic.com


www.burmeseclassic.com




ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com


## ယနေ့နာမည်ကျော်များ မေးကြပြီ

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ ဒါရိုက်တာများဖြစ်ကြသော ရန်အောင်၊ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ဇင်ဝိုင်း၊ လူမင်း၊ စိုးသူ၊ စိုးမြတ်သူဇာ၊ မင်းမော်ကွန်း၊ ဆုပိုပိုအောင်၊ မျိုးသန္တာထွန်း၊ ဆုဆုစန္ဒီ၊ ခတ်ပုံရဲမြင့်လွင်၊ ရီဝေယံ၊ သင်းရနံ့၊ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ စုလှိုင်နှင်း၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ ညီနန္ဒ၊ မေသန်းနု၊ သျှားညို၊ နီကိုရဲ၊ မင်းဟိဏ်း၊ မော်ဒယ်ပုစွန်၊ စမိုင်းလ်၊ ကိုကိုလင်းမောင်၊ ဝေဠုကျော်၊ နှင်းဝတ်ရည်သောင်း၊ စိုးမြတ်နန္ဒာ၊ စတီရီအဆိုတော်ချစ်ကောင်း၊ ကြည်လဲ့လဲ့ဦး၊ မြတ်ဟေသီ၊ မောင်ပြည့်ဝ(ပန်းဝေသီ)၊ ယမင်းကိုကို၊ ဒါရိုက်တာမီးပွား၊ ကိုဇော် (အာရုဏ်ဦး)၊ ဒါရိုက်တာမိုက်တီး၊ မျိုးစန္ဒီကျော်၊ ရာဇာနေဝင်း၊ ဟေမာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ မေဝင်းမောင်၊ မီးမီး(ရတနာ)၊ Best Time Beauty Parlour ၊ ရတနာခင်၊ အေးဝတ်ရည်သောင်း၊ ဇင်မာဦး၊ စာရေးဆရာမ လွှမ်းထားထား (ဆေးတက္ကသိုလ်)စသော နာမည်ကျော်အနုပညာရှင်များအကြောင်း လက္ခဏာ ဗေဒင် ဆောင်းပါးများကို ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

ထို့ကြောင့် သင်သည်လည်း 'ဆရာဒေဝ'ထံ မေးကြည့်ဖို့ အချိန်တန်ပြီ


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရှင်တိဿရဟန်းသည် အလှူရှင်တို့ လှူလိုက်သော ပုဆိုးပိုင်းစကို ကြည့်ရင်း သူ၏ စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားနေရသည်။ ကျန် သီတင်းသုံးဖော် ရဟန်းများက ထိုပုဆိုးစကို ကိုင်ကြည့်ရင်း အမျိုးမျိုးအဖုံဖုံ ဝေဖန်နေကြသည်။

သင်္ကန်းလှူဒါန်းသူက တတ်နိုင်သလောက် စေတနာ သဒ္ဓါတရားဖြင့် လှူထားသော သင်္ကန်းကို ချောသည်၊ ကြမ်းသည်၊ ထူသည်၊ ပါးသည်ဟု မဝေဖန်၊ မကဲ့ရဲ့သင့်ကြောင်းကို သူသိသည်။ ထို့ကြောင့် ရှင်တိဿသည် ထိုပုဆိုးစကို အစ်မတော်သူထံသို့ အပ်နှံထားလိုက်သည်။ အစ်မတော်က "အရှင်ဘုရား... ပုဆိုးစက ကြမ်းတမ်းလွန်းလှချည်လား"ဟု ဆိုရာ ရှင်တိဿသည် ဘာမျှမပြောဘဲ ပြန်ကြွလာခဲ့သည်။

ထို့နောက် အစ်မဖြစ်သူသည် ပုဆိုးကြမ်းစကို ကြည့်ပြီး အချောထည်ဖြစ်စေရန် အကြံရသော်၊ ထိုပုဆိုးစကို တစ်စတစ်မျှင်ဖြစ်ရန် အပိုင်းပိုင်းခုတ်ဖြတ်လိုက်ပြီး တစ်ဖန် အမျှင်များကို ထုထောင်းပြီး ပြန်ရက်ရာ ကြမ်းတမ်းလွန်းလှသော ပုဆိုးမှ အလွန်နူးညံ့သော ချည်ချောပုဆိုးအဖြစ်သို့ ရောက်ရှိလာတော့၏။

◈◈◈

တစ်နေ့သော် ရှင်တိဿသည် သူ ဝတ်ရုံထားသော သင်္ကန်းမှာ ပေါက်ပြဲ နွမ်းရိနေပြီဖြစ်သောကြောင့် သူ အပ်နှံထားသော ပုဆိုးကြမ်းကို ယူ၍ သင်္ကန်းအဖြစ် ချုပ်ရန် အစ်မဖြစ်သူထံသို့ ရောက်လာခဲ့သည်။ အစ်မဖြစ်သူကလည်း ရှင်တိဿ အပ်နှံထားသော ပုဆိုးစကို ချည်ချောထည်ဖြစ်အောင် ပြန်လည်ရက်လုပ်ထားပါသည်ဟု ဆိုပြီး ဆက်ကပ်လေသည်။ ရှင်တိဿသည် အစ်မတော် ဆက်ကပ်လိုက်သော ပုဆိုးစကို ယူကာ ဝမ်းသာစွာဖြင့် ကျောင်းသင်္ကန်းသို့ ပြန်ခဲ့သည်။ ထို့နောက် ကျောင်းသို့ရောက်သော် သီတင်းသုံးဖော် ရဟန်းများက ဝိုင်းဝန်း၍ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်လုပ်ပြီး သစ်ခေါက်ရည်ဆိုး၍ လှန်းထားသည်။

သူသည် သင်္ကန်းကို ကြည့်ရင်း အလွန်ကျေနပ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ နောက်တစ်နေ့နံနက် မြန်မြန်ရောက်ချင်လှပြီ။ ထိုသင်္ကန်းကို ဝတ်ပြီး ဆွမ်းခံကြွချင်သောကြောင့်ဖြစ်သည်။

ကံတရားကား အလွန်ဆန်းပြားလှပါသည်။ ထိုညမှာ ရှင် တိဿရဟန်းသည် အစာမကြေ၊ လေနာရောဂါဝေဒနာကြောင့် ပျံလွန်တော်မူရှာသည်။ သင်္ကန်းကို စွဲလမ်းပြီး ပျံလွန်တော်မူသော စွဲလမ်းခြင်းတဏှာသည် အလွန်ကြောက်စရာကောင်းလှ၏။

တိဿရဟန်းသည် သန်းကြီးမဘဝသို့ ရောက်ရှိသွားပြီး သင်္ကန်း၏ ချုပ်ရိုးကြားတွင် ဟိုပြေး ဒီပြေးနှင့် လျှောက်သွားနေ၏။ တိဿ ရဟန်းသည် ဆိုးလှသော သူ့အဖြစ်ကို ဝမ်းနည်းကြေကွဲနေရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ချေ။

ရှင်တိဿ၏ ရုပ်အလောင်းကို ထုံးစံအတိုင်း သင်္ဂြိုဟ်ပြီးနောက် သီတင်းသုံးဖော် ရဟန်းတို့သည် သူ ကျန်ခဲ့သော သင်္ကန်းကို ခွဲဝေယူရန် တိုင်ပင်ကြသည်ကို ရှင်တိဿ တစ်ဖြစ်လဲ သန်းကလေး ကြားသော် ငါ့သင်္ကန်းကို ခွဲဝေမယူကြပါနဲ့ဟု အော်ဟစ် ငိုကြွေးပြီး သင်္ကန်းပေါ်၌ ပြေးလွှားနေရှာတော့သည်။

ထိုအချိန် မြတ်စွာဘုရား၏ မိန့်ကြားမှုကြောင့် ရှင်အာနန္ဒာကိုယ်တော်တိုင် ကြွရောက်တော်မူလာသည်။ ရဟန်းတို့သည် ရှင်အာနန္ဒာကိုယ်တော်ကြီးကိုယ်တိုင် ကြွရောက်လာခြင်းမှာ အကြောင်းထူးကိစ္စရှိ၍သာ ကြွလာခြင်းဖြစ်ကြောင်း သိနေသောကြောင့် နေရာထိုင်ခင်းပေးကြသည်။ ပြီးနောက်...

"အရှင်ဘုရား... မည်သည့်အကြောင်းကြောင့် ကြွရောက်လာပါသလဲ ဘုရား"

ဟု လျှောက်မေးလေသည်။

"ရှင်တိဿ ကျန်ခဲ့သော သင်္ကန်းကို သင်တို့ ဘာလုပ်မည်နည်း"

"တပည့်တော်တို့ ခွဲဝေယူရန် တိုင်ပင်နေကြပါသည် ဘုရား"

ထိုအခါ အရှင်အာနန္ဒာက...

"ဤသင်္ကန်းကို ခုနစ်ရက်ကျော်လွန်မှ ခွဲဝေခြမ်းခြင်း ပြုလုပ်ပါရန် မြတ်စွာဘုရား အမှာတော်ရှိ မိန့်ကြားလိုက်တယ် ရဟန်းတို့"

"မှန်လှပါ ဘုရား"

သာဓု...သာဓု...သာဓုဟု သုံးကြိမ်ခေါ်ပြီး ရှင်အာနန္ဒာ ပြန်ကြွသွားလေသည်။

ထို့နောက် တစ်နေဝင် တစ်မိုးသောက် ၇ရက်မြောက် ကျော်လွန်သော် ထိုသင်္ကန်းကို ရဟန်းတို့ ခွဲဝေယူကြသည်။ ပြီးနောက် ရဟန်းတို့သည် ရဟန်း တိဿ ကျန်ခဲ့သော သင်္ကန်းကို ၇ရက်ကျော်မှ ခွဲဝေယူရန် မြတ်စွာဘုရားမှ မိန့်ကြားခဲ့သည်မှာ အဘယ်အကြောင်းကြောင့်နည်းဟု မေးမြန်းလျှောက်ထားရန် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

တော်သို့ ရောက်လာခဲ့သည်။

ထိုအချိန် ဂေါတမ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၏ တရားဟောရာ နေရာတွင် တရားသဘင် ကျင်းပနေချိန်ဖြစ်သည်။ ထို့နောက် ရဟန်းတို့သည် တိဿ ရဟန်း ကျန်ခဲ့သော သင်္ကန်းကိစ္စကို မေးလျှောက်သော် မြတ်စွာဘုရားက...

"ချစ်သား ရဟန်းတို့...သင်တို့၏ သီတင်းသုံးဖော် တိဿ ရဟန်းသည် လေနာရောဂါဝေဒနာကြောင့် ပျံလွန်တော်မူခါနီးအချိန်ထိ ထိုသင်္ကန်းကို စွဲမက်ခြင်းတဏှာ အကြောင်းကြောင့် သင်္ကန်းကြားမှ သန်းဘဝကို ရောက်ခဲ့ချေပြီ"

မြတ်စွာဘုရား မိန့်တော်မူသည်ကို ကြားရသော တရားနာ ပရိသတ်တို့သည် အလွန်အံ့သြကြကုန်၏။ အနည်းငယ်သော စွဲလမ်းမှုကြောင့် ပြုလုပ်ထားသော ကုသိုလ်တရားပင် မတားဆီးနိုင်ဘဲ ကောင်းမွန်ရာ ဘုံဘဝသို့ မရောက်မိ တိရစ္ဆာန်ဘဝသို့ ချက်ချင်းကျရောက်သည်မှာ အလွန်ကြောက်လန့်ဖွယ်ကောင်းလှ၏။

မြတ်စွာဘုရားမှ ဆက်ပြီး...

"ချစ်သား ရဟန်းတို့... သင်္ကန်းကြားမှ သန်းငယ်လေးသည် အသင်တို့ ဤသင်္ကန်းကို ခွဲဝေပိုင်းဖြတ်မည်ဖြ သော် ထိတ်လန့်၍ သောကဗျာပါဖြစ်နေကာ သင်္ကန်းချုပ်ရိုး ကြားတွင် ပြေးလွှားနေရှာတယ်။ ငါဘုရားသည် အလုံး သိတော်မူသည့်အခါ ၇ရက်ကျော်လွန်မှ ခွဲဝေကြရန် မှာကြား ခြင်းဖြစ်တယ်။ ယခု ၇ရက်ကျော်လွန်သွားပြီဖြစ်သည့်အတွက် တိဿ ရဟန်းသည် သူ ကျင့်ကြံခဲ့သော ကောင်းမှုကုသိုလ် ကံတရားတို့ကြောင့် တုသိတာ နတ်ပြည်တွင် နတ်စည်းစိမ် ကို ခံစားနေရပြီ။ သူ သန်းငယ်ဘဝတွင် ရှိနေစဉ် အသင်တို့ သူ့သင်္ကန်းကို ခွဲဝေပိုင်းဖြတ်ယူပါက သန်းငယ်သည် သင် တို့အား စိတ်ဖြင့် ပြစ်မှားမိ၍ ငရဲသို့ အမှန်တကယ်ကျရောက် ဖွယ်သာရှိတော့သည်ကို ငါဘုရား မြင်တော်မူသောကြောင့် တားမြစ်ခဲ့ရခြင်းဖြစ်တ[illegible] ချစ်သားတို့"

ဟု မိန့်တော်မူ[illegible] [illegible]ရားနာ ပရိသတ်တို့သည် သာ သုံးကြိမ်ခေါ်ဆိုပြီး သောတပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေ သည်■


* * *

ပေါ်လွင်ဦး(ဇေ)

ကျမ်းကိုး

- ဓမ္မပဒ၊ သင်္ကန်းကို စွဲမက်သော တိဿမထေရ်ဝတ္ထု။


# လှလှနွယ်စာပေမှ ထုတ်ဝေသော.....




## ခေတ္တရာဆရာကျော် ရေးသားပြုစုသည့်

## ကျွန်ုပ်၏ကျေးဇူးရှင်ဆရာတော်ကြီးများ

ဤစာအုပ်တွင်- ကျွန်ုပ်ဖူးတွေ့ကြည်ညိုခဲ့ရသော ဆရာတော်ကြီး ၂၁ ပါး၏ ထေရုပ္ပတ္တိအကျဉ်း၊ ကျင့်စဉ်သြဝါဒများ၊ လောကီတိုးတက်ကြီးပွားရေးလမ်းညွှန်တရားများ၊ လောကုတ္တရာ လမ်းညွှန်တရားများ၊ ပုတီးစိပ်ကျင့်စဉ်များ၊ မေတ္တာကျင့်စဉ် တရားများ စသည့် မှတ်သားလိုက်နာစရာ တရားတော်စုံလင်စွာ ပါဝင်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

(စာအုပ်ဆိုင်တိုင်းတွင်မေးဝယ်ပါ။ မရပါက လှလှနွယ်စာပေသို့ မှာကြားပါ။)

လှလှနွယ်စာပေ - ၀၉-၇၃၁၀၆၃၈၄၊ ၀၉-၂၅၀၂၇၃၆၈၇၊ ၀၁-၅၈၄၆၅၂

www.burmeseclassic.com

# အချိန်မရသူများအတွက်

# အပါယ်မရောက် အစောင့်အရှောက်

ရဲရဲထွန်း(ဟသာ်တ)

ကျွန်ုပ်ထံသို့ ဓမ္မမိတ်ဆွေတစ်ဦးရောက်ရှိလာပြီး စာ
တစ်ရွက်ပေးပါသည်။ ဖတ်ကြည့်ရာ "အချိန်မရသူများ
တွက် အပါယ်မရောက် အစောင့်တရား" ဟူသော ခေါင်းစဉ်
တွေ့ရသည်။ ဆက်၍ ဖတ်ကြည့်ရာ သရဏဂုံသုံးပါးကို
ခြေခံထားသော မေတ္တာပွားပုံ ပွားနည်းကို တွေ့ရသည်။
အခါ ကျွန်ုပ်က...

"ဘယ်က ရလာတာလဲဗျ။ တော်ကြာ သူများရေးပြီး
စာဖြစ်နေပါဦးမယ်"

ဟု မေးကြည့်ရာ မိတ်ဆွေက...

"ကျွန်တော်လည်း သူများပေးလို့ ရထားတာပါဗျာ။
တွေ့လုပ်ကြည့်တော့ စိတ်ထဲမှာ ပျော်ရွှင်ချမ်းမြေ့နေ
ကို ခံစားရတယ်။ အပါယ်မရောက်ဘူးဆိုတော့ ပိုပျော်
ပေါ့ဗျာ။ ခင်ဗျားလည်း လုပ်ကြည့်စေချင်လို့ ယူလာတာ

ဟု ပြန်ပြောသည်။ ထိုအခါ ကျွန်ုပ်က...

"အဓိပ္ပာယ်နဲ့ စာသားတွေက လေးနက်ပါတယ်။
ပိုလို့ ကောင်းတာပေါ့ဗျာ။ ပြီးတော့လည်း အားလုံး
ပုဂ္ဂိုလ်တွေအတွက် မဂ္ဂဇင်းမှာ ထည့်ရေးလိုက်မယ်

ဟု ပြောရာ ထိုသူက...

"ကောင်းသလိုသာ လုပ်ပါဗျာ။ အားလုံး အကောင်း
တွေ စုနေတာဆိုတော့ ပိုကောင်းတာပေါ့"

ဟု ပြောပြီး ပြန်သွားတော့သည်။

ထိုပုဂ္ဂိုလ် ပေးခဲ့သော အပါယ်မရောက် အကြောင်း
တရားကျင့်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ နံနက် အိပ်ရာမှ ထသည်နှင့် ခေါင်းရင်းဘက်
မျက်နှာမူပြီး လက်အုပ်ချီလျက်...

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ (ဦးချ)။

(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ (ဦးချ)။

(ဂ) သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ (ဦးချ)။

ဟု သရဏဂုံလင်္ကာ ဆောက်တည်ပူဇော်ပြီး "အလုံးစုံ
သော သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်း
ကြပါစေ" ဟု မေတ္တာ ဘာဝနာပွားများပါ။

၂။ မျက်နှာသစ်သောအခါ ရှေးဦးစွာ မျက်နှာကို မရ

www.burmeseclassic.com

ဖြင့် မသစ်မီ လက်ကို ရေလောင်းပြီး "သတ္တဝါတွေ သီတာရေသို့ အေးကြပါစေ"ဟု မေတ္တာပွားပြီး…

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ -

ဟု တစ်ခါရွတ်ဆိုပြီး မျက်နှာတစ်ခါသစ်ပါ။

(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ၊

နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ -

ဟု တစ်ခါရွတ်ဆိုပြီး မျက်နှာတစ်ခါသစ်ပါ။

(ဂ) သံဃံ သရဏံ ဂစ္ဆာမိ၊

နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ -

ဟု တစ်ခါရွတ်ဆိုပြီး မျက်နှာတစ်ခါသစ်ပါ။

မျက်နှာတစ်ခါသစ်နေစဉ်အတွင်း အလုံးစုံသော သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟု စိတ်ထဲမှ မေတ္တာပွားပါ။

၃။ နံနက် ထမင်းစားသောအခါ…

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ၊

(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ၊

(ဂ) သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တံ

ဟု သရဏဂုံလက္ခဏာ ဆောက်တည်ပြီး အလုံးစုံသော သတ္တဝါတွေ အစာရေစာ ဝဝလင်လင် စားသောက်ကြရပါစေ၊ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြပါစေဟု မေတ္တာပွားပြီး ထမင်းစားပါ။

၄။ ညနေ ထမင်းစားသောအခါ၌လည်း နံနက်စာစားစဉ်ကအတိုင်း သရဏဂုံမေတ္တာဆောက်တည် ဆင်ခြင် ပွားများပါ။

၅။ ညအိပ်ရာဝင်သောအခါ နံနက်အိပ်ရာထစဉ်က အတိုင်း ဆောက်တည် ဆင်ခြင် ပွားများပါ။

ထိုကဲ့သို့ သရဏဂုံ ကိုယ်လုံးထုံ၊ လုံခြုံအပါယ်ဘေး ဆိုသည့်အတိုင်း သရဏဂုံကို ထုံနေအောင် မပြတ်ဆောက်တည် ဆင်ခြင် ပွားများခြင်းဖြင့် အပါယ်ဘေးက ကင်းလွတ်နိုင်ပါသည်။

"နာမရူပံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ" ဟူသည်မှာ ငါ၏ ရုပ်၊ နာမ်နှစ်ဖြာ ဤခန္ဓာသည် မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရခြင်းသဘော၊ ဖောက်ပြန်ခြင်းသဘော(ရုပ်နာမ်တို့ သုံ့သဘော သူဆောင်ခြင်းသဘော)ရှိချေ၏အဓိပ္ပာယ်ရပြီး၊ ၎င်းကို နှလုံးသွင်းရန်ဖြစ်သည်။ ဝိပဿနာတရား၏ အခြေခံ ဥာဏ်စဉ်လည်း ဖြစ်၏။ ဝိပဿနာ ဘာဝနာ

ပွားများခြင်းဖြင့် အမြင့်ဆုံး ကုသိုလ်အကျိုးကိုလည်း ရရှိ[...]သည်။ ထိုကဲ့သို့ မေတ္တာ ဘာဝနာပွားများခြင်းအားဖြင့်လည်[...] ယခု [...]ဘွင်သာမက၊ နောင်သံသရာ ဘဝများစွာထိတို[...] ကောင်းကျိုးချမ်းသာအမှန်ကို ရရှိခံစားစေနိုင်ပါသည်။

အထက်ဖော်ပြပါအတိုင်း နေ့စဉ် ဆောက်တည်ပွားမျ[...] ရပါမည်။ ပါဠိကို ရွတ်ဆိုရင်း အနက်အဓိပ္ပာယ်ကိုပါ နှလုံ[...] သွင်းပါ။ အလေ့အကျင့် ပွားထုံမှု များလာလျှင် "နာမရူ[...] အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ"၏ လက္ခဏာရေးသုံးပါးကို ဝိပဿန[...] အမြင်ဖြင့် ရှုမြင်နေနိုင်မည် ဖြစ်ပါသည်။

သရဏဂုံနှင့် မေတ္တာစိတ်တို့သည် စိတ်အာရုံသွင်[...] များလာသည်နှင့်အမျှ စိတ်သည် မကောင်းမှုနယ်ပယ် (အ[...] သိုလ်စိတ်)မှ ကောင်[...]ယ်(ကုသိုလ်စိတ်)သို့ အရော[...] များ၊ အနေများပြီး စိတ်၏၊ စင်ကြယ်မှုနှင့် သမာဓိကို ဖြစ်[...] လာမည်ဖြစ်သည်။

သို့ဖြစ်၍ သတ္တဝါ(အထူးသဖြင့် လူ)တို့သည် တစ်ဘ[...] မှ တစ်ဘဝသို့ ကူးရာတွင် ဝိညာဉ်(လိပ်ပြာ)အဖြစ်နှင့် ခ[...] ကိုယ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းသည်ဟူသော အချက်[...] လူသေလျှင် ဘာမှမဖြစ်တော့၊ အရင်ဘဝလည်း မရှိခဲ့ နော[...] ဘဝလည်း မရှိဟုဆိုသော မိစ္ဆာဒိဋ္ဌိအယူအဆမျိုးများ[...] ဖယ်ထုတ်ပစ်ရန် လိုအပ်သည်။

သတ္တဝါတို့သည် အမျိုးအစားကွဲပြား ခြားနားနေခြ[...] ဆင်းရဲချမ်းသာ၊ ဆူကြုံနိမ့်မြင့် စသည်ဖြင့် လောကဓံတ[...] ရှစ်ပါးအလိုက် ဖြစ်ပေါ်ပြောင်းလဲနေခြင်းမှာ စိတ်၏ စင်ကြယ[...] (ကုသိုလ်၊ အကုသိုလ်စိတ်)များကြောင့် ဖြစ်သည်။ လူ[...] သည် ကံ၊ **စိတ်၊** ဥတု၊ အာဟာရဟူသော အကြောင်းတ[...] လေးပါးကြောင့်လည်း ကွဲပြားခြားနားမှု ဖြစ်ပေါ်နေခြင်း[...] သည်။

သင်သည် ယခု ရရှိသည့်အချိန်လေးတွင် ယခုဖော်[...] ပါ အပါယ်မရောက် အစောင့်တရားကိုသာ လိုက်နာကျင့်[...] အားထုတ်မည်ဆိုပါက၊ ထိုကုသိုလ်ကံစိတ်များကြောင့် ယ[...] ဘဝတွင်သာမက၊ နောင် အဝတိတ်ဘဝများစွာထိတိုင် ချမ်း[...] သုခများစွာတို့ ရရှိခံစား၊ စံစားနိုင်မည်ဖြစ်ကြောင်း ရေး[...] တင်ပြအပ်ပါသည်။ ■

* * *

ခဲရဲထွန်း(မာသ်[...]



www.burmeseclassic.com

www.burmeseclassic.com

## တောင်ကြီးမြို့ မြစိမ်းတောင်နှင့်

# ရွှေတိဂုံ မဟာမြတ်မုနိ ဓာတ်ပေါင်းစုစေတီတော်

■ ဗေဒသုတေသီ ဆရာမျိုး ■



### နိဒါန်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၏ အရှေ့ဘက် တောင်တန်းတစ်လျှောက်ပေါ်တွင် စေတီပုထိုးဘုရားများ တည်ထား ကိုးကွယ်ကြပါသည်။

ထိုတောင်တန်းတစ်လျှောက်၏ မြောက်ဘက်အစွန် ဆုံးကျသော တောင်ကို "မြစိမ်းတောင်"ဟူ၍ ခေါ်တွင်ပြီး၊ ထိုတောင်ပေါ်တွင် ဉာဏ်တော်အမြင့် ၁၀၈ တောင်ရှိသော ရွှေတိဂုံ မဟာမြတ်မုနိ ဓာတ်ပေါင်းစုစေတီတော်ကို တည်ထားကိုးကွယ်ရန် အစပျိုး အားထုတ်ခဲ့ပါသည်။

### အတိတ်

စေတီတော်ကြီးကို တည်ထားရန်အတွက် ပထမဦးဆုံး ကြိုးစားဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်မှာ ယခု ဘုရားဒါယကာကြီး မြန်မာတိုင်းရင်းသမားတော် ဆရာကြီး ဦးချစ်ထူးပင် ဖြစ်ပါသည်။

"မြစိမ်းတောင်"ဟူ၍ နာမည်ကျော်ကြားလာရသည့် သမိုင်းကြောင်းကို ဖော်ပြရမည်ဆိုလျှင် ဆရာကြီး ဦးချစ်ထူး၏ အတ္ထုပ္ပတ္တိကို အစဖော်မှသာ ပြည့်စုံစွာ သိနိုင်မည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးချစ်ထူး၏ ငယ်မည်မှာ ဦးချစ်ဖြူ ဖြစ်ပါသည်။ ဆရာကြီးကို ညောင်ရွှေမြို့နယ်၊ အင်းလေး၊ နန်းပန်ရွာမှ အဖ ဦးလှိုင်၊ အမိ ဒေါ်ရွှေမယ်တို့မှ ၁၂၈၂ ခု တော်သလင်းလပြည့်နေ့တွင် မွေးဖွားခဲ့ပါသည်။ ငယ်ရွယ်စဉ်အခါကပင် ကံ့ငါးပါးကို လုံခြုံစွာ ထိန်းသိမ်းခဲ့ပြီး ဘုရားမှတစ်ပါး ကိုးကွယ်အားထား ယုံကြည်ရာ အလျဉ်းမရှိဟု ယူဆခဲ့သည်။ ကိုယ့်ဒူးကိုယ်ချွန် ကိုယ်တွေ့မှသာ လက်ခံ ယုံကြည်တတ်သူဟူ၍လည်း ဆိုရပါမည်။

အရွယ်ရောက်သည့်အခါ အင်းလေး၊ နန်းပန် ဈေးပါးရွာမှ အဖ ဦးချစ်၊ အမိ ဒေါ်အေးမယ်တို့၏ သမီးဖြစ်သူ ဒေါ်အေးကြည်နှင့် အကြောင်းပါခဲ့ပါသည်။


၁၃၀၇ ခုနှစ်တွင် စစ်ဘေးစစ်ဒဏ်ကြောင့် အင်းလေးကို စွန့်ခွာပြီး တောင်ကြီးမြို့ပေါ်တွင် တိုင်းရင်းမြန်မာဆေးဆရာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း အခြေချခဲ့ပါသည်။ သမီး ၄ယောက်၊ သား ၂ယောက်၊ စုစုပေါင်း သားသမီး ၆ယောက်ကို မွေးဖွားခဲ့ပါသည်။

တောင်ကြီးမြို့တွင် ဆေးဆရာဘဝဖြင့် စတင်အခြေချပြီး မကြာမီအချိန်မှစ၍ ဆရာကြီး ဦးချစ်ထူးသည် ဖြစ်ရပ်ဆန်းများကို တစ်ခုပြီးတစ်ခု တွေ့ကြုံရပါတော့သည်။

**(၁) ပထမအကြိမ် ဖြစ်ရပ်ဆန်း**

ပထမဦးဆုံးတွေ့ကြုံရသည်မှာ တစ်နေ့သောအခါ၌ အဘိုးအိုတစ်ဦးရောက်ရှိလာပြီး "မြေးတို့၏ အိမ်မှာ ဖိုလ်ဝင်ပါမည်"ဟု ပြောလာပါသည်။ ဖိုလ်ဝင်သည်ဆိုခြင်းကို နားမလည်သဖြင့် မေးကြည့်ရာ ခဏသေပြီး ပြန်ရှင်လာသည်ကို ခေါ်ဆိုကြောင်း၊ တစ်နာရီခန့်သာ ကြာမည်ဖြစ်ကြောင်း ပြောပြီး လှဲအိပ်လိုက်ပါတော့သည်။

အိပ်ပျော်သွားတဲ့ အဘိုးအိုကို ဆရာသမားတစ်ဦးဖြစ်သော ဦးချစ်ထူးသည် သွေးစမ်းကြည့်ခြင်း၊ နားကျပ်ဖြင့် နားထောင်ခြင်းတို့ဖြင့် စစ်ဆေးကြည့်ရာ လုံးဝ သွေးခုန်ခြင်းမရှိ၊ ပကတိ လူသေကောင်ကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပါသည်။




အဘိုးအိုပြောသည့်အတိုင်း တစ်နာရီပြည့်သောအခါ ချက်ချင်း လူကောင်းကဲ့သို့ ထထိုင်လာသည်ကို အံ့သြစွာ တွေ့မြင်ရပါတော့သည်။ ဖိုလ်မှ ထသော ထိုအဘိုးအိုသည် ကျင်ငယ်ရည်တစ်ပုလင်းကို စွန့်ပေးပြီး လိုရာသုံးပါဟု ပြောဆို ထွက်ခွာသွားခဲ့ပါသည်။ အဘိုးအို ပေးခဲ့သော ကျင်ငယ်ရည်ပုလင်းကို ဆေးကုသည့် ဆေးသေတ္တာထဲသို့ ထည့်ပြီး ရောဂါကုသွားရာတစ်လျှောက် ဆောင်သွားရာ မည်သည့် ရောဂါကိုမဆို ပျောက်ကင်းအောင် ကုသနိုင်ခဲ့သည်။ ဥပမာ

www.burmeseclassic.com

အာဟာရကြောင့်ဖြစ်သော သာမန်ရိုးရိုးရောဂါများတွင်သာ ... ပယောဂ၊ အနှောင့်အယှက်ဖြင့် ခံစားရသော ဝေဒနာ ...တို့ကိုပင် ပေးသည့်ဆေးက အစွမ်းထက်၍ ပျောက် ...င်သွားသည်ကို တွေ့ရပါသည်။

## ၂ ဘိုးမင်းခေါင်နှင့် တွေ့ဆုံခြင်း

၁၉၅၂ ခုနှစ်တွင် ပုပ္ပားတောင်ပေါ်၌ ယခု လူအများ ...သိရှိသော ဝိဇ္ဇာကြီး အဘဘိုးမင်းခေါင်သည် သက်ရှိထင်ရှား ...နေပါသေးသည်။ ထွက်ရပ်လမ်းသို့ မထွက်သေးပါ။ ထို ...တွင် ဆရာကြီး ဦးချစ်ထူးသည် အိပ်မက်မြင်မက်ပါသည်။



...အိပ်မက်ထဲတွင် ပုပ္ပားတောင်ပေါ်၌ အစွမ်းထက်သော ...မြစ်များ ရှိကြောင်းနှင့် ရောဂါသည်များ ကုသရန် အစွမ်း ...ထက်သော ဆေးမြစ်များနှင့် ဆေးဖော်စပ်နည်းများ လာ ...ရောက်ယူရန် မြင်မက်ပါသည်။ ပုပ္ပားတောင်ပေါ်တွင် ဆေး ...မြစ်များ ရှိကြောင်းကို ကြားဖူးနားဝလည်း ရှိပြီးဖြစ်သဖြင့် ...ခြင်းဖြင့် အကျိုးမယုတ်နိုင်ဟု တွေးပြီး ပုပ္ပားတောင်သို့ ...ရောက်ခဲ့ပါသည်။

ပုပ္ပားတောင်သို့ စတင်၍ ရောက်ရှိသည်နှင့် ဦးစွာ ...တစ်ယောက်ကဲ့သို့ သွားလာဆဲဆိုနေသော ပုဂ္ဂိုလ် တစ်ဦးကို တွေ့ရပါသည်။ တွေ့စတွင် အရူးတစ်ယောက်ဟု ထင်မှတ်ပြီး ဂရုမစိုက်ဘဲ နေမိရာ၊ ထိုအရူးကပင် သွားလေရာ လိုက်ပြီး ဘယ်ကိုသွား၊ ဘာတွေ့မယ် စသဖြင့် ပြောဆိုပါသည်။ ပြောသည့်အတိုင်းသွားသောအခါ အမှန်တကယ်ပင် တွေ့ရပါတော့သည်။ ညဘက်ရောက်၍ လူသူမရှိသည့်အခါ အရူးဟု ထင်မှတ်မှားသော ထိုပုဂ္ဂိုလ်သည် အကောင်းပကတိ ဖြစ်နေပြီး ဆေးမြစ်များရှိရာကို ညွှန်ပြပေးပါသည်။ အရူးဟု စိတ်က ထင်နေသော်လည်း ရင်ဆိုင်တွေ့ရသည့်အခါ အလွန် ကြောက်စိတ်ဝင်နေခြင်း၊ ခိုင်းသမျှ မလုပ်ဘဲ မနေနိုင်ခြင်း တို့ကို တွေ့ကြုံခဲ့ရပါသည်။ နောက်ဆုံး ထိုပုဂ္ဂိုလ်က ဟင်း ပေါင်းစုံနယ်ဖတ်၍ တံတွေးများ ထွေးထည့်ကာ စားနိုင်သည် ကိုလည်း မစားပါဟု မပြောရဲအောင် စားခဲ့ရပါသည်။ ရွံရှာယ် ကောင်း၍ အောင့်အည်းစားခဲ့ရသော်ငြားလည်း အမှန် တကယ်စားလိုက်သည့်အခါ မွှေးကြိုင်၍ တစ်သက်တွင် တစ်ခါမျှ မကြုံဘူးသော အရသာရှိလှသည့် ထမင်းကို စား ခဲ့ရပါသည်။ နောင်မှ သိရသည်မှာ ဝိဇ္ဇာဘိုးမင်းခေါင်ဖြစ်နေ ကြောင်းပင် ဖြစ်သည်။ ရှားပါးသော ဆေးမြစ်များ တူးဖော် ခဲ့ရခြင်း၊ ညအချိန်မတော် ဆေးကြိတ်ရမည်ဆိုလျှင် ... သောနေရာတွင်ပင် ရေအဆင်သင့်တွေ့ရခြင်း ... ဆန်း

www.burmeseclassic.com

ကြုယ်လှသော ဖြစ်ရပ်တို့နှင့် ရင်ဆိုင်တွေ့ခဲ့ရသည်။ မပြန်ခင် အချိန် ညစဉ်တိုင်း ကျင့်စဉ်များကို သင်ကြားပေးခဲ့ပြီး သာသနာပြုရန်အတွက် ငါ၏ နိုင်းစေရာကို ပြုလုပ်ပါမည်ဟု ကတိပြုစေပြီးသားအဖြစ် သတ်မှတ်ခဲ့ပါသည်။

## (၃) ဝိဇ္ဇာများနှင့် တွေ့ဆုံခြင်း

၁၉၅၄ ခုနှစ်တွင် ပဲခူးမြို့မှ မင်းဓမ္မဆရာတော် ဦးကိတ္တိ (အဘရာကျော်)ဖြင့် တွေ့ရှိပြီး တွေ့တွေ့ချင်း (၂×၁)လက်မ သစ်သားချောင်းဖြင့် အရိုက်ခံခဲ့ရသော်လည်း သစ်သားသာ ကျိုး၍ နာကျင်ပေါက်ကွဲခြင်းမရှိ ခံစားခဲ့ရသည်။ ဘိုးဘိုးအောင်၊ ရက်ကန်းစင်တောင် ဆရာတော်၊ ဆံရှည်ကိုယ်တော် အစရှိသော ဝိဇ္ဇာများနှင့်လည်း ကိုယ်တိုင်တွေ့ရှိခဲ့ရပြီး ပညာရပ်မျိုးစုံကို သင်ကြားခဲ့ရပါသည်။


### သာသနာပြုခရီးအစ

အိပ်မက်အရ အင်းလေးစကားရွာ၏ အရှေ့ဘက်တွင် ရှေးဟောင်းဘုရားများနှင့် အသုံးအဆောင်များအား သာသနာပြုရန်အတွက် လာရောက်ပင့်ရန် နိုင်းစေသည့်အတိုင်း သွားရောက် ရှာဖွေရာ အိပ်မက်အတိုင်း တွေ့ရှိ၍ ပင့်ဆောင်ခဲ့ရသည့် သာဓကလည်း အထင်အရှားရှိပါသေးသည်။

ပုဂ္ဂိုလ်များ၏ ညွှန်ပြ သွန်သင်မှုများကြောင့် လုပ်ဆောင်ကျင့်ကြံရသည့် လုပ်ငန်းများကလည်း မနည်းလှပေ။ ဂူကိုးဂူ၊ သင်္ချိုင်းကိုးသင်္ချိုင်း၊ တောင်ကိုးတောင် ပြည့်စုံစွာ ကျင့်ခဲ့ရသည်။

မြစိမ်းတောင်ဟု မသိရသေးသည့်အချိန်ကပင် ယခု မြစိမ်းတောင်၏ တောင်ခြေတွင် ရှိသော ရေကန်ဘေးတွင် မီးလွတ် အဓိဋ္ဌာန်ဝင်ရန် ဝိဇ္ဇာများ၏ နိုင်းစေချက်ဖြင့် အဓိဋ္ဌာန်ဝင်ခဲ့ရသည်။ ထိုစဉ်က တောထူထပ်သေးသောကြောင့် ညစဉ် ကျားတစ်ကောင်သည် ထိုရေကန်သို့ ရေသောက်ဆင်းလာသည်ကို တွေ့ကြုံခဲ့ရသော်ငြားလည်း ရန်မူခြင်းကို လုံးဝမခံခဲ့ရဘဲ အဓိဋ္ဌာန်ပြီးမြောက် အောင်မြင်ခဲ့ပါသည်။

ထိုမှတစ်ဆင့် မြစိမ်းတောင်ပေါ်တွင် ၁၀၈ တောင် အမြင့်ဆောင်သော ရွှေတိဂုံ မဟာမြတ်မုနိ ဓာတ်ပေါင်းစု စေတီတော်ကြီးကို တည်ထားရန် ဝိဇ္ဇာများက အမိန့်ချမှတ်ခဲ့ပါသည်။ တည်ထားကိုးကွယ်ရသည့် အကြောင်းရင်းမှာ အောက်မြန်မာပြည်၏ တန်ခိုးကြီးသော ရွှေတိဂုံဘုရားနှင့် အထက်မြန်မာပြည်၏ တန်ခိုးကြီးသောဘုရား မဟာမြတ်မုနိကို ပေါင်းစပ်၍ မြန်မာတစ်နိုင်ငံလုံး အေးချမ်းသာယာ ပေါင်း



စည်းနိုင်ရန် ရည်ရွယ်၍ "ရွှေတိဂုံ မဟာမြတ်မုနိ ဓာတ်ပေါင်းစု စေတီတော်ကြီး"ကို တည်ထားစေခြင်း ဖြစ်ပါသည်။

ဘုရားတည်ထားရန်အတွက် မြစိမ်းတောင်ကို ရရှိရန် အတွက်လည်း မလွယ်ကူလှပါ။ ခွင့်ပြုမိန့်ပါမစ် တောင်း သော်လည်း သစ်တောကြိုးဝိုင်းဖြစ်နေသဖြင့် မပေးနိုင်ဘဲ ဖြစ်နေပါသည်။ နောက်ဆုံးတွင် သစ်တောမင်းကြီး၏ ထော ခံပေးမှုဖြင့် အထက်သို့ အကြိမ်ကြိမ်တင်ပြ ကြိုးစားခြင်းဖြ ခွင့်ပြုမိန့် ပါမစ်ကို ရရှိခဲ့ပါသည်။

၁၉၆၁ ခု၊ နှစ်ဦးပိုင်းမှ စတင်၍ ဘုရားတည်ရန် ဆောင်ရွက်ခဲ့ပါသည်။ ထူထပ်သော တောဖြစ်နေသဖြ တောရှင်းခြင်း၊ လမ်းဖောက်ခြင်း၊ ရေမီးရရှိရေးနှင့် ကျော ဆောင်များ ဆောက်လုပ်ခြင်း စသည်တို့ကို ခုနစ်လတာ အတွင်း ပြီးမြောက်စေခဲ့ပါသည်။

### မြစိမ်းတောင်သမိုင်း

သာသနာကိစ္စများအတွက် ဆောင်ရွက်နေစဉ် သာစ မြို့ နောင်ကန်ကျေးရွာမှ ဒေါ်ငွေသွယ်ဆိုသူ အမျိုးသမီးတစ် သည် တောင်ကြီးမြို့သို့ အလည်ရောက်လာခဲ့သည်။ ထ အမျိုးသမီးသည် ထူးဆန်းသော အိပ်မက်ကို မြင်မက်သည် အိပ်မက်ထဲတွင် ယခု မြစိမ်းတောင်ရှိ တောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာခဲ့ရာ ချောမောလှပသော မင်းသားတစ်ပါးသည် သူမအား ခရီးဦးကြိုပြုပြီး တောင်ပေါ်သို့ ခေါ်ဆောင်ခဲ့သည်။ တောင်ပေါ်ရောက်သောအခါ ကြီးမားလှစွာသော စေတီတစ်ဆူကို မြင်တွေ့ ဖူးမြော်ရလေသည်။ ထိုမင်းသားက ဘုရားစေတီအတွင်းသို့ ဆက်လက်ခေါ်ဆောင်သွားရာ အတွင်းဘက်တွင် မဟာမြတ်မုနိဘုရားကို ဆက်လက်၍ အံ့သြစွာ ဖူးတွေ့ရလေသည်။

အိပ်မက်အရ အိမ်ရှင်နှင့် မြစိမ်းတောင်ပေါ်သို့ တက်လာပြီး ဆရာကြီးအား တွေ့ဆုံ၍ အိပ်မက်အကြောင်းကို ပြောပြလေသည်။ ထိုသို့ပြောဆိုနေသည့်အခိုက်မှာပင် ထို ဘုရင်၏ သမီးတော်များဖြစ်ကြကြောင်း၊ မိမိတို့၏ အမည်များမှာ မြစိမ်းရှင်၊ မြစန္ဒီ၊ မြစန္ဒာ၊ မြမာလာ၊ မြပန်းဝါ၊ ရူပနန္ဒာတို့ ဖြစ်ကြကြောင်း မိမိတို့အား အကြောင်းပြု၍၊ ဤတောင်၏ အမည်ကို "မြစိမ်းတောင်" ဟု သမုတ်ပေးပါရန် မေတ္တာရပ်ခံ ပြောဆိုပါတော့သည်။

ဆရာကြီး ဦးချစ်ထူးက ပြောရုံမျှ လက်ခံရမည့် အကြောင်းမရှိပါ။ အမှန်တကယ် ရှေးဟောင်းဘုရားများ ရှိသည်မှန်ပါက မြနှင့် ပတ်သက်သော သက်သေပစ္စည်းများကို ပို့ဆောင်ခဲ့ပါလျှင် လက်ခံ အတည်ပြုပေးမည်ဟု ကတိများ ပေးလိုက်သည်။



...မှုန်းသမီးထံ၌ သိုက်နန်းရှင် ဝင်ရောက်ပူးကပ်ပြီး ဤတောင်၏ သမိုင်းကြောင်းကို ဖော်ပြပါမည်ဟုဆိုကာ ရှင်းလင်းပြောပြပါသည်။ အရှေ့ဘက် တောင်တစ်ကြောတွင် တောင်...လုံးရှိကြောင်း၊ တောင်မှ မြောက်သို့ ရွှေမော်ဓောတောင်၊ ...လားဥသဖတောင်၊ တောင်ချွန်းတောင်၊ နဂါးဂူတောင်...နှင့် ကျောက်ဖားတောင်များ ဖြစ်ကြောင်း၊ ယခုတောင်သည် ...ကျောက်ဖားတောင်ခေါ်ကြောင်း၊ ယခင်က ဤတောင်ပေါ်...တွင် ရှေးဟောင်း ရုပ်ပွားတော်၊ ဆင်းတုတော်များနှင့် ဓာတ်...တော်များ ကိန်းဝပ်လျက်ရှိကြောင်း၊ ထိုဓာတ်တော်များနှင့် ...ဘုရားပစ္စည်းများကို မောင်နှမ ခုနစ်ဖော်တို့က စောင့်...ရှောက်ရကြောင်း၊ မောင်နှမ ခုနစ်ဖော်တို့သည် အင်းဝ

## ပတ္တာန်းဆက်များ၏ အကူအညီ

ကတိပေးပြီး သုံးရက်မြောက်သောနေ့တွင် ဘုရားအုတ်မြစ်ချရန် လိုဏ်ခေါင်းများ တူးဖော်ရာ အနောက်ဘက်အရပ်တွင် စကြံ့ပုံ ကျောက်ဆောင်တစ်ခုကို တူးဖော်မိပြီး၊ ၎င်းအောက်မှ အရှည်တစ်ပေခွဲခန့်ရှိသော စိန်ဖြူ သုံးတုံးကို ရရှိသည်။ ဆက်လက်တူးဖော်ရာ အရည်နုသော မြကျောက်ကလေးများကို တူးဖော်ရရှိသည်။

လေးရက်မြောက်သောနေ့တွင် ဆရာကြီး၏ တပည့်ဖြစ်သူ ဦးလှကျော်ထံတွင် နဂါးဂူတောင်စောင့်နတ်မှ မြဘုရား လာရောက်ပင့်ဆောင်ရန် အိပ်မက်ပေးသဖြင့် ဦးလှ



www.burmeseclassic.com


www.burmeseclassic.com

ကျော်နှင့်အဖွဲ့သည် နဂါးဂူအတွင်း ပေ ၂၀၀ ခန့်အရောက်တွင် လေးလက်မ ရှိသော မြဘုရားကို ပင့်ဆောင်ရရှိခဲ့ပါသည်။

ငါးရက်မြောက်သောနေ့တွင် ရမည်းသင်းမြို့မှ ဒေါ်မမလေးနှင့် တောင်ကြီးမြို့ ကန်အောက်ရပ်မှ ဒေါ်မြနန်းရှင်တို့သည် မိုးကောင်း မြဘုရား ခုနစ်ဆူနှင့် မြကလာပ်တို့ကို လာရောက်လှူဒါန်းကြသည်။

ထိုသို့သော သက်သေပစ္စည်းများကို ရရှိသဖြင့် ဆရာကြီး ဦးချစ်ထူးသည် မိမိ၏ ကတိအတိုင်း "မြစိမ်းတောင်" ဟူသောအမည်ကို ဆိုင်းဘုတ်တင်၍ အမည်တွင်စေခဲ့ပါသည်။

မြနှင့် ပတ်သက်သော သက်သေအထောက်အထားများကို ရရှိခဲ့သဖြင့် မြစေတီတစ်ဆူတည်ထား ကိုးကွယ်ရန် ၁၃၂၄ ခုနှစ်တွင် အုတ်မြစ်ချခဲ့သည်။ ဘုရားတည်ရန် အုတ်မြစ်ချပွဲကြီးကို ဂိုဏ်းသံဃာတော်များ စုံလင်စွာဖြင့် ကျင်းပခဲ့သည်။ ထိုလတွင် လကြတ်သောကြောင့် နေနှင့် လ နှစ်ပါးဆိုင်သောလဟူ၍ သတ်မှတ်ခဲ့သည်။ မြစေတီဘုရားတွင် ရရှိထားသော မြဘုရားများ၊ သိုက်နန်းအဆက်ဆက်မှ လာရောက်လှူဒါန်းကြသော ကျောက်မျက်ရတနာများ၊ ဓာတ်တော်များ၊ မြကျောက်လုံးများကို ဌာပနာ၍ ၁၃၂၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ထီးတော်တင်လှူပြီးစီးခဲ့သည်။



### မြစိမ်းတောင် သာသနာပြုလုပ်ငန်း

၁၉၇၂ ခုနှစ်တွင် နောင်တော်ကြီးဖြစ်သော ရွှေတိ… မဟာမြတ်မုနိ ဓာတ်ပေါင်းစုစေတီ ပုံစံတော်ကို တည်ထား… ပြီးမြောက်သည်။ ထိုနှစ်မှာပင် အလယ်မဏ္ဍိုင် အနံ ၄၂ပေ… အမြင့် ၁၅ပေအထိ ပြီးမြောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွ… ၄၂ပေပတ်လည်ရှိပြီး အမြင့် ၂၇ပေအထိ တည်ဆောက်နိုင်… ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ထိုမဏ္ဍိုင်ကြီးပေါ်တွင် ကနက္က… ထီး ၁၀၈ လက် ဖွင့်လှစ်ပူဇော်ခြင်း၊ ဓာတ်တော်မျာ… ဌာပနာတိုက်သွင်း ပူဇော်ခြင်းပြုလုပ်ခဲ့သည်။

မဏ္ဍိုင်အတွင်း မုခ်သုံးမုခ်ဖြစ်သော ဓမ္မစကြာ-တော… လာဘမုနိ-မြောက်၊ ဆုတောင်းပြည့်-အနောက်တို့တွ… ရုပ်ပွားတော်သုံးဆူကို အုတ်ဖြင့် ပူဇော်ခဲ့သည်။ အရှေ့မုခ်တွ… မှ အဓိကကျသော မဟာမုနိ ကြေးဆင်းတုတော်ကြီး… ဉာဏ်တော် ၉ပေ ၉လက်မ၊ ကြေးပိဿာချိန် ၁၈၀၀ … ပူဇော်ခဲ့သည်။ စေတီတော်၏ ပတ်ဝန်းကျင်တွင် အင်း… ဖောင်တော်ဦး ကိုယ်ပွားတော် ကျောင်းဆောင်၊ ဘိုး… အပေါင်းတို့၏ စကြာဓာတ်နန်း၊ ရှင်သီဝလိ၊ ရှင်ဥပဂု… ရဟန်းတော်များ၏ ကျောင်းဆောင်၊ တောင်ပိုဘိုးဘိုး၊ မြ…


www.burmeseclassic.com

www.burmeseclassic.com

မောင်နုမ ခုနစ်ဖော်တို့၏ သိုက်နန်း၊ ၃၇မင်းနတ်နန်း၊ မြို့ရှင်နန်း၊ ကိုးမြို့ရှင်နတ်နန်း အစရှိသည်တို့ကို ဆောင်ဆောင်အခန်းခန်း ပြီးမြောက် အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။

**ဆရာတော်များမှ တာဝန်ယူ ဆောင်ရွက်ခြင်း**

ဆရာကြီး ဦးချစ်ထူးသည် ကျန်းမာရေးချို့ယွင်းလာသဖြင့် မြစိမ်းတောင် သာသနာတော်ကြီးကို ၁၉၉၄ ခုနှစ်တွင် ပုဇွန်မနားမြို့ သပြေလုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဦးဝိမလ၊ တောင်ကြီးမြို့ မင်းကွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဦးတေဇောဘာသ၊ တောင်ကြီးမြို့ နဂါးပွက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဦးတေဇဝန္တ၊ အင်းလေး နန်းပန်ဆောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဦးဇဝန အစရှိသော ဆရာတော် လေးပါးတို့၏ လက်သို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ၁၉၉၇ ခုနှစ်၊ မေလ ၁၉ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပါသည်။

ယခုလက်ရှိ အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဆရာတော်မှာ နဂါးပွက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဦးတေဇဝန္တပင် ဖြစ်ပါသည်။


**နဂါးပွက်ကျောင်းတိုက် ဆရာတော်၏ နောက်ဆက်တွဲ သာသနာပြုခြင်းများ**

၁။ တောင်ပေါ်တက်ရာ လမ်းတစ်လျှောက် လေးဖာလုံအရှည်ရှိသော ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ခြင်း၊ ဖြတ်လမ်း လှေကားထစ်များ ရွှေမင်းသားတောင်သို့သွားရာလမ်းများ ပြုလုပ်ခြင်း။

၂။ ဦးညိုစိမ့်မိသားစု၏ မ,တည်ငွေဖြင့် "ရွှေပေါ်ထော၊ ငွေပေါ်ထော စေတီတော်"ကို တည်ထားခြင်း။

၃။ ဦးကံညွန့်မိသားစု မ,တည်ငွေဖြင့် နဂါးရုံဘုရားကို တည်ထားခြင်း။

၄။ ဦးခင်မောင်+ဒေါ်လတ်လတ်(စတိုင်လ်စတိုး)၊



ဦးစိန်လင်းထွေး(စိန်လင်းထွေးဆေးဆိုင်)တို့မှ မ,တည်ငွေဖြင့် သိမ်တော်ဆောက်လုပ်ခြင်း။

၅။ ပဲခူးမြို့ မင်းဓမ္မကျောင်း ၅၅၀-သာသနာပြုအဖွဲ့နှင့် "အထွတ်အထိပ် လာဘသုခ အောင်ချမ်းသာ စေတီတော်ကြီး"ကို တည်ထားခြင်း။


၆။ ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် အဖွဲ့သားများ၏ လှူဒါန်းငွေဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ၎င်းဘုရားသို့ သွားရန် လမ်းတံတားများ ဆောက်လုပ်ခြင်း။


၇။ "ရွှေပြည့်စုံကျောင်း"ကြီးကို ဦးတင်ထွန်း+ဒေါ်မြင့်





www.burmeseclassic.com

www.burmeseclassic.com









မြင့်ကြည် မိသားစု၏ မ,တည်ငွေဖြင့် ဆောက်လုပ်ခြင်း၊

၈။ ဦးခန္တီသာရကျောင်းဆောင်နှင့် မူလ ကျောင်းဟောင်းကြီးကို လည်. ...ကောင်း၊ စင်္ကြံာတတ် နန်းဆောင်ကို လည်းကောင်း ပြန်လည်အသစ်ဆောက်လုပ်ခြင်း၊

၉။ အန်းကုံး ဘိုးတော်နှင့် ကွမ်ရင်မယ်တော်အဆောင်ကြီးကိုလည်း အများအလှူငွေဖြင့် ဆောက်လုပ်ခြင်း၊

၁၀။ ပင်မ ရွှေတိဂုံ မဟာမြတ်မုနိ ဓာတ်ပေါင်းစုံစေတီတော်ကြီးကိုလည်း ဦးတင်လတ်(ကညန) မိသားစု၏ မ,တည်ငွေဖြင့် ဘက်ပေါင်းစုံ ပြန်လည်မွမ်းမံခြင်း၊

၁၁။ ဆုထူးပန်စေတီကို ဉက္ကံ၊ သန်လျင်၊ ရန်ကုန်မှ ဒကာများ စုပေါင်း လှူဒါန်းခြင်း၊

၁၂။ ချမ်းမြသာစည်ရပ်မှ နဂါးရုံဘုရား လှူဒါန်းခြင်းနှင့် အေးစေတီဘုရား လှူဒါန်းခြင်း၊

၁၃။ ထွက်ရပ်ပေါက် ရသေ့ရုပ်တုတော်များနှင့် စေတီစောင့် ဘိုးဘိုးပုံတော်လှူဒါန်းခြင်း၊

၁၄။ ဓမ္မရသဝါ ဟိနီဗိမ္မာန် တည်ဆောက်ခြင်း…

အစရှိသည်များ ပြုလုပ်လျက်ရှိပါသည်။

**နိဂုံး**

ဆရာကြီး ဦးချစ်ထူး အစပျိုး တည်ထောင်ကိုးကွယ်ခဲ့သည့် "ရွှေတိဂုံ မဟာမြတ်မုနိ ဓာတ်ပေါင်းစု စေတီတော်ကြီး"သည် ယခုအခါ မဟာမြတ်မုနိဘုရားသာ ပြီးမြောက်ခဲ့ပြီး ၁၀၈ တောင် အမြင့်ဆောင်သော ရွှေတိဂုံစေတီတော်ကြီးသည် ပြီးမြောက်ခြင်းမရှိဘဲ ကျန်နေပါသေးသည်။ သို့အတွက် ဆက်လက်တည်ထား ကိုးကွယ်မည့် ပါရမီရှင် တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းပေါ်ထွန်းလာပါစေဟု ဆုတောင်းလိုက်ရပါသည်■

* * *



www.burmeseclassic.com

www.burmeseclassic.com

# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် သူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား း စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ည်။

စဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ ပေးပါသည်။

## ဆက်သွယ်ရန်လိပ်စာ

ရုံး – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းဘုန်းဘုရား…ဘုန်းဘုန်း ဘုရား… သောင်းကျန်းသူတွေ ရွာထိပ်ကို ရောက်နေပါပြီ ဘုရား"

ကျောင်းသားလေး သံချောင်း မြောက်ကုန်းရွာမှ အမောတကော ပြေးလာပြီး ဆရာတော်ကို လျှောက်ထားနေခြင်းဖြစ်ပါသည်။ သံချောင်းသည် မြောက်ကုန်းရွာသို့ ဆွမ်းချိုင့်ပို့ပြီးအပြန်တွင် သောင်းကျန်းသူများ၏ သတင်းရသဖြင့် ကျောင်းသို့ အမြန်ပြေးလာခြင်းဖြစ်သည်။ အချိန်အခါမှာလည်း လွတ်လပ်ရေးရပြီးစ၊ သောင်းကျန်းသူများ ထကြွပြီး နေရာတိုင်းတွင် တိုက်ပွဲများ ဖြစ်နေသော ကာလဖြစ်၍ သံချောင်း ပြောသော စကားသည် ဖြစ်နိုင်လောက်သော စကားဖြစ်ပါသည်။ သံချောင်း စကားကြောင့် ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများမှာ နေစရာမရှိအောင် ထိတ်လန့်နေကြပြီး ဆရာတော်၏ အနီးသို့ တိုးဝှေ့ကပ်နေကြပါသည်။ သံချောင်း၏ စကားကို ပိုသေချာအောင် ဆရာတော်က ထပ်မေးလိုက်သည်။

"ဟဲ့ကောင် သံချောင်း၊ ငါ နားမရှင်းဘူး၊ နောက်တစ်ခါ ပြန်လျှောက်စမ်း"

သံချောင်းမှာ ရွာမှ ကျောင်းအထိ ပြေးလာရသဖြင့် မောဟိုက်ပြီး တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲစိုနေသဖြင့် မျက်နှာမှ ချွေးများကို လုံချည်စဖြင့် သုတ်လိုက်ပြီး ဆရာတော်ကို ထပ်မံလျှောက်ထားပါသည်။

"ရွာထိပ်မှာ သောင်းကျန်းသူတွေ အများကြီး ရောက်နေကြောင်း ရွာထဲမှာ ပြောနေကြပါတယ် ဘုရား။ နေဝင်ရင် ရွာထဲ ဝင်ကြလိမ့်မယ်လို့လည်း ပြောကြပါတယ်။ ရွာသူရွာသားတွေလည်း ယောက်ယက်ခတ်နေကြပါတယ် ဘုရား"

"နင်ကြားခဲ့တာ သေချာရဲ့လား သံချောင်း"

"အဲဒီသတင်းဟာ အမှန်ဖြစ်ကြောင်းပါ ဘုရား။ ရွာသူကြီးကိုယ်တိုင် ရွာသားတွေကို သောင်းကျန်းသူတွေ ဝင်လာရင် ပြန်လည်ပစ်ခတ်ဖို့ သေနတ်တွေ ထုတ်ပေးနေတာကို မြင်ခဲ့ရပါတယ်။ ရွာသားတွေကလည်း ကျင်းထဲကနေ ပစ်ခတ်ဖို့ ပြင်ဆင်နေကြပါတယ်။ တစ်ရွာလုံးလည်း ရုတ်ရုတ်သဲသဲဖြစ်ပြီး ကလေးတွေလည်း ငိုနေကြပါတယ် ဘုရား"

သံချောင်း၏ ပြောစကားကို နားထောင်ရင်း ဆရာတော်က ရွာဆီသို့ မျှော်ကြည့်ရင်း စဉ်းစားလျက်ရှိသည်။ သံချောင်းသည် ဆရာတော်ကို လျှောက်ထားရန် စကားကျန်နေသေး၍ ထပ်မံ လျှောက်ထားလိုက်ပါသည်။

"ရွာသူကြီး ဦးဖလက ဆရာတော်ကို လျှောက်ထားဖို့ မှာလိုက်သေးတယ် ဘုရား"

"ဟဲ့ - ဘာတွေမှာလိုက်သလဲ၊ မြန်မြန်လျှောက်စမ်း"

"ရွာထိပ်ရောက်နေတဲ့ သောင်းကျန်းသူအဖွဲ့မှာ ခေါင်းဆောင်က မိုက်ခဲလို့ ပြောပါတယ်။ မိုက်ခဲ ကျေးဇူးကန်းကြောင်း ဆရာတော်က ပြောဖူးတာကို မိုက်ခဲက အခဲမကျေဖြစ်နေပုံ ရတယ်တဲ့။ ဆရာတော် သတိနဲ့ နေဖို့၊ မိုက်ခဲတို့အဖွဲ့ ကျောင်းကို သေနတ်နဲ့ ပစ်ရင် အကာအကွယ်ကောင်းမှာ နေဖို့ လျှောက်ထားခိုင်းပါတယ် ဘုရား"

သံချောင်း၏ စကားကြောင့် ဘုန်းကြီး သက်ပြင်းချလျက်ရှိသည်။ ရွာသူကြီးကိုယ်တိုင်က မှာကြားချက်ဖြစ်၍ သည့်ည တိုက်ပွဲဖြစ်မှာ သေချာသည်။ မိုက်ခဲဆိုသူမှာ အလွန်ရက်စက် ဆိုးသွမ်းသဖြင့် ဘုန်းကြီးက ဆုံးမသည့် အနေဖြင့် တရားပွဲတစ်ခုတွင် ထည့်သွင်းဟောကြားခဲ့ရာ မိုက်ခဲက သူ့ကို သိက္ခာချသည်ဟု ဘုန်းကြီးအပေါ် မကျေမနပ်ဖြစ်နေကြောင်း သိထားပြီး ဖြစ်ပါသည်။

မိုက်ခဲတို့အဖွဲ့မှာ လူသတ်၊ ရွာမီးရှို့ ဆက်ကြေးတောင်းနေသူများ ဖြစ်သည်။ ယခင် ရွာမှ သူတို့တောင်းသမျှ ဆက်ကြေးပေးခဲ့သော်လည်း ယခုအခါ သူကြီး ဦးဆောင်ပြီး ဆက်ကြေးမပေးတော့ဘဲ တစ်ရွာလုံး တိုင်ပင်ပြီး လက်နက်များ ဝယ်ယူ၍ သောင်းကျန်းသူများကို ရင်ဆိုင်ရန် စီစဉ်ခဲ့ကြသည်။ လူငယ်လူရွယ်များကိုလည်း အချိန်တိုအတွင်း စစ်သင်တန်းများပေးကာ သေနတ်ပစ်တတ်အောင် လေ့ကျင့်ထားပြီးဖြစ်သည်။ မျိုးချစ် ရွာသားများကလည်း မိမိတို့ကျေးရွာကို ကာကွယ်ရန် တက်ကြွနေချိန်လည်းဖြစ်သည်။ သောင်းကျန်းသူများ လာပါက လက်ရည်သွေးရန် ပြင်ဆင်ထားပြီးဖြစ်သည်။ ဆရာတော်က ဦးဖလ၏ စီမံမှု၊ ရွာလူထု၏ တက်ကြွမှုကြောင့် သူတို့ရွာကို သူတို့ ကာကွယ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိသော်လည်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ပစ်ကြပါက အနည်းနဲ့အများ ထိခိုက်သေဆုံးမှု၊ ဒဏ်ရာရမှုများ ဖြစ်နိုင်သဖြင့် စိတ်မကောင်းဖြစ်နေခြင်း ဖြစ်ပါသည်။

◈◈◈

အချိန်မှာ ဆည်းဆာကို ကျော်ကာ နေဝင်ချိန်ဖြစ်သည်။ သောင်းကျန်းသူများမှာ မြင်မြင်ထင်ထင်တွင် လာလေ့မရှိဘဲ အမှောင်ကြီးကျချိန်ရောက်မှသာ လာလေ့ရှိသဖြင့် ကြိုတင်ပြင်ဆင်

www.burmeseclassic.com

ချိန်ရပါသည်။

ပေါက်ကုန်းရွာသည် အိမ်ခြေ တစ်ရာကျော်ရှိပါသည်။ ရွာသူကြီး ဦးဗလ၏ အုပ်ချုပ်မှုအောက်တွင် ရွာသူရွာသားများက အမိန့်နာခံကြသဖြင့် စည်းလုံးညီညွတ်သော ရွာဖြစ်သည်။ ယခင်က မိုက်ခဲတို့ တောင်းသမျှ ဆက်ကြေးကို ပေးခဲ့သော်လည်း၊ သောင်းကျန်းသူများမှာ ဆက်ကြေးနှင့် မကျေနပ်နိုင်ကြဘဲ စိတ်မထင်က ရွာကို မီးရှို့ဖျက်ဆီးတတ်ကြသည်။

ပေါက်ကုန်းရွာဘေးတွင် နန်ကသူချောင်းသည် ရိုးမမှ အစပြု၍ စီးဆင်းလျက်ရှိသည်။ ဆရာတော်ကျောင်းထိုင်ရာ ရွှေမြင်တင်ကျောင်းနှင့် ပေါက်ကုန်းရွာမှာ ချောင်း၏ တစ်ဖက်စီတွင် ရှိပါသည်။ ရွှေမြင်တင်ကျောင်းက အရှေ့ဘက်ကမ်းတွင် ရှိ၍၊ ပေါက်ကုန်းရွာက အနောက်ဘက်တွင် တည်ရှိသည်။ သောင်းကျန်းသူများသည် ရွာသို့ ဝင်ရန် ကြိုးစားကြမည်။ ရွာသို့ ဝင်၍မရပါက ချောင်းထဲမှ လှေငယ်ဖြင့် ရွာကို ပစ်ခတ်ကြလိမ့်မည်။ ရွာသားများကလည်း ရွာသို့ လုံးဝ အဝင်မခံဘဲ ဘန်ကာကျင်းထဲမှ ပြန်လှန်ပစ်ခတ်ရန် စီစဉ်ထားသည်။ ရွာကို လွှမ်းသော ရွှေမြင်တင်ကျောင်းကို ပစ်ခတ်နိုင်သည်။ မိုက်ခဲက ဆရာတော်ကို အငြိုးထားသဖြင့် ရွှေမြင်တင်ကျောင်းကို ဖျက်ဆီးပစ်ခတ်လိမ့်မည်ဟု အားလုံးက ယူဆထားသလို၊ ဆရာတော်ကလည်း ဖြစ်နိုင်ခြေရှိကြောင်း စဉ်းစားထားသည်။

ဆရာတော်သည် ကျိုးကြောင်းဆက်စပ်တွေးခေါ်ပြီး ပြောလိုက်သည်။

"ရွာသားတွေက သောင်းကျန်းသူတွေရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ ကြိုတင် ပြင်ဆင်နေကြပြီဆိုတော့ တို့လည်း ဒီအတိုင်းငြိမ်ခံနေလို့ မဖြစ်ဘူး။ ပြင်ဆင်စရာရှိတာ ပြင်ဆင်ကြရအောင်"



"တပည့်တော်တို့မှာ သောင်းကျန်းသူတွေကို ပြန်တိုက်ဖို့ ဒူးလေးနဲ့ လေးခွပဲ ရှိပါတယ် ဘုရား"

ဦးပဥ္စင်း တေဇက ဆရာတော်ကို ပြန်လည်လျှောက်ထားလိုက်ပါသည်။

"ဟဲ့ - တေဇရဲ့ တို့က ဗုဒ္ဓသားတော်တွေဆိုတော့ ဗုဒ္ဓအားကိုးနဲ့ ပြင်ဆင်ရမှာပေါ့။ ကဲ - ကျောင်းမှာရှိတဲ့ ဦးပဥ္စင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားတွေနဲ့ ကပ္ပိယကြီးပါမကျန် စာချခန်းမှာ အားလုံး စုဝေးလိုက်ပါ။ ဦးပဥ္စင်း သာခုက ဘုန်းကြီးနောက်ကို လိုက်ခဲ့"

ဆရာတော်က ပြောပြီးသည်နှင့် ရှေ့က ထွက်သွားသဖြင့် ဦးပဥ္စင်း သာခု နောက်က လိုက်ခဲ့ရသည်။ ဘုန်းကြီးက စာချဆောင်သို့သွား၍ စာသင်သည့် ကျောက်သင်ပုန်းကို စင်အောင် ဖျက်ခိုင်းပါသည်။ ဦးပဥ္စင်း သာခုက ကျောက်သင်ပုန်းကို စင်အောင် ဖျက်ပြီးသည်နှင့် ဘုန်းကြီးက အမိန့်ရှိပါသည်။

"ကဲ - မောင်ပဥ္စင်း၊ ကျောက်သင်ပုန်းမှာ မြေဖြူနဲ့ စာလုံးကြီးကြီးရေးရမယ်။ ဂါထာရွတ်ပြတာ နောက်က လိုက်ရေးပေတော့"

ဘုန်းကြီးက ဂါထာတစ်ပုဒ်ကို ရွတ်ပြရာ ဦးပဥ္စင်းက လိုက်ရေးပါသည်။

**နညတြ**
**ဗောဇ္ဈာ တပသာ၊**
**နာညတြိန္ဒြိယ သံဝရာ၊**
**နညတြ သဗ္ဗနိဿဂ္ဂါ၊**
**သောတ္ထိ ပဿာမိ ပါဏိနံ။**

မကြာမီ ကျောင်းရှိ ဦးပဥ္စင်းများ ကိုရင်များ၊ ကျောင်းသားများနှင့် ကပ္ပိယကြီးတို့ ရောက်ရှိလာကြသည်။ ဆရာတော်က ကျောက်သင်ပုန်းတွင် ရေးထားသော ဂါထာကို တစ်လုံးချင်းချပေး၍ ရွတ်ဖတ်မှု မှန်ကန်အောင် သင်ပြပေးပါသည်။ အကြိမ်ကြိမ်ရွတ်ဖတ်စေပြီး အလွတ်ကျက်ခိုင်းပါသည်။

"ဒီဂါထာကို အားလုံး အလွတ်ရအောင် ကျက်မှတ်ရမယ်။ ဒီဂါထာ မရရင် ဘယ်သူမှ ဒီအခန်းထဲက မထွက်ရဘူး။ ဂါထာရပြီဆိုရင် ဘုန်းကြီးဆီမှာ တစ်ဦးချင်းလာပြီး ရွတ်ပြရမယ်။ ဦးပဥ္စင်း သာခုက ကြီးကြပ်ပြီး သင်ပေးလိုက်။ ဒီဂါထာရဲ့ အကြောင်းကို ပြောပြမယ်။ ဒါဟာ အသက်ရှည်ဂါထာပဲ။ ဒီဂါထာကို ရွတ်ရင် အသက်ရှည်မယ်။ ရန်သူက သတ်ပေမယ့် မသေနိုင်ဘူး။ ဒီည သောင်းကျန်းသူတွေ သေနတ်နဲ့ လာပစ်ရင် ဂါထာရွတ်နေရင် မသေနိုင်ဘူး။ ဒီညအတွက် အားလုံး ကြိုးစားပြီး ရွတ်ကြပါ။ ကဲ - ဦးပဥ္စင်းတေဇ ဘုန်းကြီးနဲ့ လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲ ရှိသူအားလုံး ဂါထာတော်ကို အသံထွက်ရွတ်ဖတ် အလွတ်ကျက်နေစဉ် ဘုန်းကြီးက ဦးပဥ္စင်းတေဇကို သူ၏အခန်းသို့ ခေါ်သွားပါသည်။ ကတ္တူစာရွက်များကို လေးထောင့်ပတ်လည်ခန့် ကတ်ပြားလေးများဖြတ်စေသည်။ ထိုကတ်ပြားပေါ်တွင် ဂါထာတော်ကို ရေးစေသည်။

"ဒီဂါထာကတ်ပြားတွေကို ကျောင်းပတ်ပတ်လည်မှာ ကော်နဲ့ ကပ်ပါ။ ပြတင်းပေါက်လို ကျည်ဆန်ဝင်နိုင်တဲ့ နေရာတွေကို ဦးစားပေးကပ်ရမယ်။ စာရွက်မလောက်ရင် ထပ်လုပ်ပါ။ အပွိုယ်ကြီးနေတဲ့ ဆွမ်းစားကျောင်းမှာလည်း ကပ်၊ အရှူး အောင်ချိုနေတဲ့ အုပ်ပါ မကျန်စေနဲ့။ အားလုံးကပ်လိုက်ရင် တို့ကျောင်းအတွက် အန္တရာယ်ကင်းပြီ"

ဆရာတော်သည် ဦးပဥ္စင်း တေဇကို မှာပြီး ဘုရားခန်းသို့ ကြွသွားပါသည်။ ဦးပဥ္စင်း တေဇနှင့် ဂါထာကျက်သူများကလည်း အပြိုင်အဆိုင်အော်ဟစ် ကျက်နေကြသည်။ အပြင်လောကတွင်လည်း အမှောင်ထုက လွှမ်းမိုးလျက်ရှိပါသည်။ ပေါက်ကုန်းရွာဘက်မှ မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်လျက်ရှိပါသည်။ နောက်ထပ် တစ်နာရီခန့်အကြာတွင် ဆရာတော်သည် ဘုရားခန်းမှ ထွက်လာပြီး တရားဟော ကုလားထိုင်တွင် ထိုင်လိုက်သည်။ စာချခန်းမှ ဦးပဥ္စင်းများ လက်အုပ်ချီလျက် ဆရာတော်၏ ရှေ့မှောက်သို့ ရောက်လာကြသည်။ ဦးပဥ္စင်းများသည် တစ်ပါးပြီးတစ်ပါး ဆရာတော်ကို အလွတ်ရွတ်ပြနေကြသည်။ ဦးပဥ္စင်းများအားလုံး အထစ်အငေါ့မရှိ ရွတ်ဆိုပွဲအောင်ပြီး ထွက်ခွာသွားချိန် ကိုရင်များက တန်းစီပြီး ရောက်လာသည်။ အားလုံး ရွတ်ဆိုအောင်မြင်သဖြင့် ဆရာတော်မှာ အစစ စိတ်ချရပြီဖြစ်၍ ကျေနပ်နေပါသည်။

◈◈◈

ည ၉နာရီကျော်သည်နှင့် ပေါက်ကုန်းရွာဆီမှ ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်နေပုံရသည်။ သေနတ်သံများက အဆက်မပြတ် ထွက်နေချိန်၌ ဆရာတော်က အားလုံးကို မှာကြားလိုက်သည်။

"ကဲ - အားလုံး ကျောင်းအောက်ထပ်ကို ဆင်းကြပါ။ အုတ်နံရံကို အကာအကွယ်ယူပြီး ဝပ်နေကြပါ။ သေနတ်သံ နီးလာရင် ခေါင်းမထောင်ကြပါနဲ့။ ကဲ - သွားကြ၊ အားလုံး သတိရှိကြပါ"

အားလုံး အောက်ထပ်သို့ ဆင်းသွားသည်နှင့် ဦးပဥ္စင်း သာဓုက ဆရာတော်ကို လျှောက်ထားပါသည်။

"အပေါ်ထပ်မှာ စိတ်မချရပါဘူး ဘုရား။ ဆရာတော်ပါ အောက်ထပ်ကို ကြွပါ ဘုရား"

"ငါ ဘုရားခန်းမှာပဲ နေမယ်။ စင်္ကြံလျှောက်ရင်း သတ္တဝါတွေကို မေတ္တာပို့နေမှာ။ မင်းတို့သာ အောက်ထပ်မှာ နေကြပါ"

ဆရာတော်ကို ခေါ်မရသဖြင့် ဦးပဥ္စင်း တေဇ အောက်ထပ်သို့ ဆင်းသွားပါသည်။

ပေါက်ကုန်းရွာဆီမှ သေနတ်သံများမှာ ပိုမိုများပြားလာပါသည်။ ကျောင်းသားများ၊ ကိုရင်များမှာ အဝေးမှ သေနတ်သံများ ကြားရရုံနှင့် ဒူးတုန်လျက် ရှိကြသည်။ သေရတော့မည်ကဲ့သို့ ကြောက်လန့်နေကြသော်လည်း ဆရာတော်ပေးထားသည့် ဂါထာဖြင့် အားတင်းနေကြရသည်။ ဂါထာကိုလည်း နှုတ်က မပြတ်ရွတ်နေကြပါသည်။ ည ၁၀ နာရီနီးသည်နှင့် သေနတ်သံများ ပိုမိုကျယ်လောင်ကာ ပိုမိုနီးကပ်လာသည်။ သောင်းကျန်းသူများသည် ပေါက်ကုန်းရွာကို ကျော်ကာ ရွှေမြင်တင်ကျောင်းနှင့် နီးလာပြီဟု ခန့်မှန်းနိုင်ပါသည်။ သေနတ်သံများ ကျောင်းနားသို့ ရောက်သည်နှင့် မီးများအားလုံး ငြိမ်းလိုက်ပြီး ကျောင်းကို မှောင်အတိချထားလိုက်သည်။ ဦးပဥ္စင်းတေဇက အားလုံးကို သတိပေးလိုက်သည်။

"အားလုံး ဝပ်နေပါ။ ခေါင်းမထောင်နဲ့။ ဂါထာတော်ကို အဆက်မပြတ်ရွတ်နေကြပါ"

သေနတ်သံများက ပိုမိုနီးကပ်လာသည်။ ကျောင်းကို လာ၍ထိမှန်သံများကို ကြားရသည်။ ကျောင်းခေါင်မိုးကို မှန်သည်။ ကျောင်းပြတင်းပေါက်များကို မှန်၍ မှန်ကွဲသံများကို ကြားနေရသည်။ အချို့ သစ်သားများမှာ ကျိုးပဲ့ပြုတ်ကျသံများကို ကြားရသည်။ သောင်းကျန်းသူများသည် ရွှေမြင်တင်ကျောင်းကို ချောင်းထဲမှ ပစ်နေခြင်းဖြစ်သည်။

ကိုရင်များ၊ ကျောင်းသားများမှာ ထိုအတွေ့အကြုံမျိုး မရှိခဲ့ဘူးသဖြင့် အလွန်တုန်လှုပ် ကြောက်ရွံ့နေကြသည်။ အချို့ကျောင်းသားများမှာ ဝပ်နေရင်း ဆီးများ ထွက်ကျသည်အထိ ဖြစ်ကြသည်။ ထိုအခိုက်အတန့်ကလေးသည် ကမ္ဘာပျက်နေဘိအလား ထင်ရသည်။ ထိုအချိန်က တစ်စက္ကန့်သည် သာမန်အချိန်ထက် တစ်နာရီလောက် ကြာသည် ထင်ရသည်။

သေနတ်များ ပြင်းထန်စွာ ပေါ်ထွက်ပြီး နာရီဝက်ခန့်အကြာတွင် တစ်စတစ်စ အသံကျဲသွားရာမှ နောက်ဆုံး ပျောက်ကွယ်သွားပါသည်။ ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ကုန်းရွာဆီတွင် သေနတ်သံ အနည်းငယ် ကြားနေရသေးသော်လည်း ကျောင်းတစ်ဝိုက်တွင် လုံးဝ ငြိမ်သက်သွားပါသည်။ သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားပြီဖြစ်သည်။ ပြန်လည်ထွက်ခွာရင်း ပေါက်ကုန်းရွာကို ပစ်ခတ်သွားပုံရပါသည်။ သေနတ်သံများ စဲသွားသော်လည်း အားလုံး အဆက်မပြတ်ဂါထာကို ရွတ်နေကြသည်။ မကြာမီကျောင်းအပေါ်ထပ်မှ ဆရာတော် ဆင်းလာပါသည်။ ဆရာတော်က လက်နှိပ်ဓာတ်မီးနှင့် ဆင်းလာပြီး အောက်ရောက်သည်နှင့် အားလုံးကို ပြောလိုက်သည်။

"မှန်အိမ်တွေ ပြန်ထွန်းပါ။ သာခနဲ့ တေဇက ဘယ်သူတွေ အထိအခိုက်ရှိသလဲ စစ်ဆေးကြစမ်း"

မှန်အိမ်များ ထွန်းလိုက်ပြီး ဦးပဉ္ဇင်းများ၊ ကိုရင်များနှင့် ကျောင်းသားများကို တစ်ဦးချင်း စစ်ဆေးရာ လုံးဝ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း တွေ့ရပါသည်။ ဆရာတော်ကိုယ်တိုင်လည်း တစ်ဦးချင်းစီကို လိုက်လံ စစ်ဆေးပြီး ကျေနပ်အားရလျက်ရှိပါသည်။

"တေဇရေ..ကပ္ပိယကြီးနဲ့ အရှး အောင်ချိုကို သွားကြည့်ပါဦး"

ဆရာတော်မှာ ကျောင်းပေါ်ရှိ ဦးပဉ္ဇင်းများ ကိုရင်များနှင့် ကျောင်းသားများအတွက် အားလုံး အခြေအနေကောင်းသည်ကို တွေ့ရသော်လည်း ဆွမ်းစားကျောင်းတွင် နေသော ကပ္ပိယကြီးနှင့် ဇရပ်ပေါ်တွင် လာရောက်အိပ်လေ့ရှိသော အရှး အောင်ချိုတို့အတွက် စိတ်ပူ၍ ကြည့်ခိုင်းခြင်းဖြစ်သည်။ ဦးပဉ္ဇင်း တေဇသည် သွားရောက်ကြည့်ရှုပြီး ပြန်ရောက်သည်နှင့် ဆရာတော်ကို လျှောက်ထားလိုက်ပါသည်။

"အားလုံး အထိအခိုက်မရှိ၊ အန္တရာယ်ကင်းပါတယ် ဘုရား"

ဦးပဉ္ဇင်း တေဇ၏ စကား
ကြားလိုက်ရ၍ ဆရာတော် ဝမ်းသ
သွားပါသည်။

"ကဲ - မှင်းတို့အားလုံးအတွ
အသက်ကယ် ဂါထာတစ်ပုဒ်ရဲ့ အစွ
ကို လက်တွေ့သိလိုက်ရပြီး အသ
ရှည်ရှည်နေချင်ရင် ဒီဂါထာကို ရွ
အသက်အန္တရာယ်နဲ့ ကြုံလာတိုင်
ဒီဂါထာကို မမေ့ကြနဲ့။ အကောင်း
ကတော့ နေ့စဉ် မမေ့မလျော့ ရွတ်
တဲ့ ဂါထာတစ်ပုဒ်ပါ"

ဆရာတော်၏ စကားဆုံးသ
နှင့် တပည့်အားလုံးက ဆရာတော်
တညီတညာတည်း ကန်တော့လိုက်
ပါသည်။ ■

* * *

ကောင်း


၁၈၇၉ - ခုနှစ်မှစ၍ ကလေးဆေးများသာ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော

ဆရာဘိန်းဆရာလှ ဆေးတိုက်



ကလေးဆေးဆို မေးမနေနဲ့



ဆရာဘိန်း-ဆရာလှ ကလေးဆေးကို သတိရပါ

ပင်ရင်း - အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၅၃၅၀၄၈၊ ၀၉ ၇၃၀ ၉၉၀၁၉

၇/၂၀၁၃ တဆထလ (၂၄၈)   www.facebook.com/sayarbain

ကလေးများ၏ ချွဲသလိပ်ရောဂါနှင့် သွေးငယ်နာရောဂါ အမြစ်ပြတ်ပျောက်ကင်းလိုလျှ

သင်၏ကလေး လေဆန်နာ - ကျဖဟုံးတဲ့ - တစ်ညလုံး ကျယ်ကြွက်ကြွက်ညံ - ကော့လိပ်လန် ပြန်


ဆရာဘိန်း - ဆရာလှ ကလေးဆေးတိုက်ကို သတိရ

www.burmeseclassic.com

## လောကီအတွက်

# ဗုဒ္ဓ သရဏံ ဂစ္ဆာမိ အင်းတော်

### ရောမြေ ထွန်းထွန်း




(အင်းတော်ကြီး စီရင်ပုံ)

ရှေ့ယခင် ဆရာတော်များ၊ ကဝိအကျော်အမော်များတို့သည် လောကီပညာရပ်များတွင် လွန်စွာ ကျော်ကြားခဲ့ကြ၏။ မိမိတို့ နှစ်သက်ရာ ပညာရပ်များကို ဆရာတော်၊ လူပညာရှိများထံတွင် ပင်ပန်းဆင်းရဲခံကာ လေ့လာသင်ယူလေ့ရှိကြ၏။ လောကီပညာရပ်များထဲ အင်းအတတ်ပညာဟာ လွန်စွာထူးခြား ဆန်းပြားလှ၏။ အဘယ်ကြောင့်ဆိုသော် လေးထောင့် စတုရန်းအကွက်ငယ်(ကိုးကွက်၊ တစ်ဆယ့်နှစ်ကွက်)တို့တွင် ဗျည်းအက္ခရာဖြင့် လည်းကောင်း၊ ဂဏန်းအမှတ်အသားဖြင့် လည်းကောင်း၊ စီမံပြုလုပ်ပြီး အသုံးပြုရာတွင် အကျိုးထူး တရားများစွာကို တွေ့ရှိရ၏။ စာရေးသူသည် ထိုအတတ်ပညာများကို ငယ်စဉ်ကပင် စိတ်ဝင်စားခဲ့လေသည်။

ကံအားလျော်စွာ မိမိဖခင် ဦးတင်လှနှင့် ဦးလေးတော်စပ်သူ ဦးမင်းဌေးတို့မှာ အင်းအတတ်ပညာများကို တတ်မြောက်ထားကြသူများ ဖြစ်၍၊ ထိုပညာကို အဆင်ပြေ ချောမွေ့စွာ သင်ကြားခဲ့ရလေသည်။ မိမိရဲ့ ဆရာသမားများမှ



www.burmeseclassic.com

www.burmeseclassic.com

လည်း စနစ်တကျ သင်ကြားပေးလေ၏။ ထို့အပြင် ရှေးဆရာသမားများ စီရင် ရေးသားခဲ့သော အင်းကျမ်းများကို ရှာဖွေစုဆောင်းပြီး လေ့လာမှတ်သားခဲ့လေသည်။

ယခုအခါ မိမိရဲ့ ဆရာများ ဖြစ်ကြသော ကျေးဇူးရှင်ဖခင် ဦးတင်လှနှင့် ဦးလေးတော်သူ ဦးမင်းဒွေးတို့မှာ ကွယ်လွန်သွားကြပြီဖြစ်၍ မိဘဆရာတို့ကို ကျေးဇူးဆပ်သောအနေဖြင့် အင်းပညာနှင့် ပတ်သက်၍ ပညာလိုလားကြသူများ၊ ဝါသနာပါရှိသူများ၊ စာပေကို လေ့လာလိုက်စား ဖတ်ရှုသူများအတွက် လိုအပ်လျှင် အသုံးပြုနိုင်ရန် "ဗုဒ္ဓ သရဏံ ဂစ္ဆာမိ" သုံးအင်းတွဲ ပြုလုပ်စီရင်နည်းနှင့် အကျိုးထူးများရရှိပုံကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

အင်းတော်ကြီးကို စီရင်ပြုလုပ်သောသူမှာ ငါးပါးသီလကို မြဲမြံ၍ သမာဓိ၊ သစ္စာနှင့် ပြည့်စုံကာ စိတ်ထားဖြူစင်သူဖြစ်ရမည်။ ကောင်းကျိုးအတွက် အမှန်တကယ် လိုအပ်မှုရှိမှသာ စီမံပြုလုပ်ပေးရမည်။

ရှေ့ဦးစွာ အင်းတော်ကြီးကို ရွှေပြား၊ ငွေပြား၊ ကြေးနီပြားတို့တွင် အင်းဘောင်များ၊ အင်းကွက်များကို လေးထောင့်စတုရန်းအကွက်ငယ်များကို အပေါ်တွင် ကိုးကွက်နှင့် အောက်တစ်ဖက်စီတွင် စတုရန်းကွက် လေးကွက်နှစ်ခုတို့ကို စနစ်တကျ သေချာစွာ စီရင်ရမည်။ အင်းတော်ကြီးကို စီရင်ပြုလုပ်သောသူမှာ သန့်ရှင်းသော အထက်အောက် အဝတ်ဖြူကို ဝတ်ဆင်ပြီး မြတ်စွာဘုရားထံတွင် ငါးပါးသီလကို ဦးစွာဆောက်တည်ရမည့်အပြင် အင်းစီရင်သော နေရာသည်လည်း သန့်ရှင်းသော နေရာဖြစ်ရမည်။

အင်းဘောင်များ ရေးဆွဲရာတွင် မျဉ်းအပိုစွန်းထွက်ခြင်း၊ အင်းကွက် မညီညာခြင်း၊ စောင်းနေခြင်းများ မဖြစ်စေရ။ အင်းပေါက်တတ်၏။ အင်းကွက်များကို ညီညာစွာ ရေးဆွဲပြီး အင်းဆံကို မြင်းသွားကဲ့သို့ သွတ်သွင်းရမည်။ ပထမဦးစွာ "ဗု"ဟု စတင်ရေးသွင်းရမည်။ အက္ခရာများ ရေးသွင်းရာတွင်လည်း မိမိရေးမည့် အက္ခရာနှစ် တစ်ပြိုင်တည်း "အက္ခရာမစ္ဆေဌာနေ"ဟု နှုတ်မှ ရွတ်ဆိုရမည်။ ထို့နောက် ကျန်ရှိသော "ဒ္ဓသရဏံ ဂစ္ဆာမိ"တစ်လုံးစီကို ရေးသွင်းရမည်။ အပေါ်ကိုးကွက်၏ အလယ်ဗဟိုအကွက်၌ မိမိဆောင်လိုသူ၏နေ့နာမ်ကို ဂဏန်းအက္ခရာဖြင့် ရေးသွင်းရမည်။

ဘေးနှစ်ဖက်တွင်ရှိသော အကွက်၌ ယာဘက်တွင် "တိသရဏ"ဟု ရေးသွင်းပြီး ဝဲဘက်တွင် "သောညတ္တိ"ဟု အစဉ်အတိုင်း ရေးသွင်းရမည်။ အင်း၏ အောက်အလယ်ကွက်၌ "ဟံ"ဟု စာလုံးအကြီးဖြင့် နောက်ဆုံး ရေးသွင်း

စီရင်ရမည်။ အင်းတော်ကြီးကို "ဝေမေတံ ဓာရယာမိ၊ ဂစ္ဆ... မိုဩ ကာသေဝတိဌာယိ"နှင့် အင်းကို ရုံရမည်။ အရန်ဂါ... ရေးသားရာတွင် လက်ဝဲ အောက်ဆုံးထောင့်အထိ ရေ... အောင် စာလုံးများကို ခွဲ၍ရေးသားရမည်။ မိမိရေးသွင်း... အက္ခရာစာလုံးများ ပီသညီညာမှုရှိရမည့်အပြင် အင်းဘော... မျဉ်းများနှင့်ထိ၍ မနေစေရ။ အက္ခရာများ၊ စာလုံးများ၊ အင်း... ဘောင်မျဉ်းများနှင့် ထိနေပါက အင်းပေါက်၏။ အင်းကျ... အင်းကန်း၊ အင်းပေါက်ပါက အကျိုးထူးတရားများ ရရှိ... မဟုတ်ပေ။

ထို့နောက် မြတ်ဗုဒ္ဓ၏ ရှေ့မှောက်တွင် အင်းတော်ကြီး... ကို ဝက်ပျောပွဲများ ပေး၍ သမာဒေဝနတ်များနှင့် အင်းစော... နတ်မင်းကြီးတို့ကို ပ... သရဏဂုံသုံးပါးဖြင့် အခေါ်... တစ်ထောင်ပြည့်အောင် စုတ်ရမည်။ ဂုဏ်တော်ကိုးပါးဖြ... (၁၀၈)ခေါက် စုတ်ရမည်။ အင်းတော်ကြီးမှာ မြတ်စွာဘုရား... ၏ အင်းတော်ဖြစ်၍ သန့်ရှင်းသော နေရာတွင် ထားရမည်... မသန့်ရှင်းသော နေရာများကို ယူဆောင်၍ မသွားရပါ။

အင်းတော်ကြီး၏ အကျိုးကျေးဇူးကား မကောင်း... ခြင်း၊ မည်သည့်အတိုက်အခိုက်ပေါင်းစုံတို့ကိုမဆို ကာကွယ်... ပြီး မကောင်းဆိုးဒဏ် အန္တရာယ်ဘေးအပေါင်းမှ ကင်းလွတ်... ငြိမ်းပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ... စီးပွားများကို ပေးစွမ်းနိုင်၏။

အင်းတော်ကြီးကို စီရင်ဆောင်ရွက်ထားရှိပြီးသော... သည် ငါးပါးသီလကို အတတ်နိုင်ဆုံး မြဲမြံရမည်။ အရ... သေစာ သောက်စားခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ လ... မယားများနှင့် ဖောက်ပြန်ခြင်းများ ရှောင်ကြဉ်ရမည့်အပြ... ဝေနေယျ သတ္တဝါအပေါင်းတို့ကို နေ့စဉ် မေတ္တာပွားများ... ပေမည်။ သို့မှသာ ကောင်းကျိုးများကို ပေးစွမ်းနိုင်ပြီး... မကောင်းကျိုးများကို ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။

အင်းတော်ကြီးမှာ ရှေးဆရာများနှင့် ဗားမဲ့ဆရာတော်... ဘုရားကြီးကိုယ်တိုင် လက်တွေ့အသုံးပြု စီမံပေးရာတွင်... ထူးခြားမှုရှိပြီး ကောင်းကျိုးများ ပေးစွမ်းကြောင်း စာ... ပေါင်းများတွင် တွေ့ရှိရသဖြင့် လိုအပ်နေသူများ၊ ပညာ... လိုလား အမျိုးကောင်းသားများနှင့် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း... ကြီးကို ဝယ်ယူအားပေးသူအပေါင်းအား အကျိုးထူးများ... ရရှိစေရန် ရည်ရွယ်၍ တင်ပြလိုက်ပါ၏ ■

လိုချင်ဆန္ဒများနှင့် ပြည့်စုံပါ...

* * *

ခရာမြေ့... ...




www.burmeseclassic.com

www.burmeseclassic.com

မောင်ဝေအေး

# သတင်းပုံရိပ်များ



ဒီတစ်ပတ် သတင်းပုံရိပ်တွေအနေနဲ့ Facebook စာမျက်နှာပေါ်က ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးသုဇာတအကြောင်းရယ်၊ ပြီးတော့ ကျွန်တော့်ဆီကို ရောက်လာတဲ့ အဘယ မဟာကာရုဏိကမုဒြာကြေးဆင်းတုတော်မြတ်ကြီး ဗုဒ္ဓဘိသေက အနေကဇာတင်နဲ့ နတ်စင်တစ်ရာ ဆရာတော် သိက္ခာထပ် အလှူတော်မင်္ဂလာဖိတ်ကြားလွှာရယ်၊ စံတော်ချိန် နေ့စဉ်သတင်းစာမှာပါတဲ့ နဂါးရုံဆင်းတုတော် မျက်လွှာတော်ပွင့်ခြင်းတို့ပဲ ဖြစ်ပါတယ်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီး ဦးသုဇာတဟာ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ကျေးရွာမှာ ခန္ဓာဝန်ချတော်မူခဲ့တာ နှစ်ပေါင်း ၃၀တိုင်ကြာခဲ့ပါပြီ။ ယခုတိုင် ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်တော်မှာ မပုပ်မသိုးဘဲ ရှိနေပါတယ်။ ဇလွန်-မဒေးဆရာတော် ဦးသုဇာတရဲ့ မပုပ်မသိုး ရုပ်ကလာပ်တော်ဟာ အလွန်ထူးခြားကြည့်ညိုစရာကောင်းပါတယ်။ မူလ အသားအရေတော်အတိုင်း ဝင်းဝါစိုပြည်ရုံသာမကဘဲ၊ ဦးခေါင်းတော်မှ ဆံတော်များကလည်း ပကတိအတိုင်း ရှည်ထွက်လာနေတာကို ဖူးတွေ့ရမှာပါ။ ပြီးခဲ့တဲ့ တစ်နှစ်ခန့်လောက်က စပြီး ဦးခေါင်းတော်ရဲ့ ဝဲဘက်အခြမ်းက ဆံတော်များဟာ အမည်းရောင်ကနေ အဖြူရောင်သို့ ပြောင်းပြီး ဆံတော်များ ဖြူလာပါတယ်။

ဆရာတော်ကြီးဟာ သက်တော် ၈၀၊ ဝါတော် ၆ ၁၉၈၄ ခု၊ အောက်တိုဘာ ၂၅ရက်၊ ကြာသပတေး မွန်းလွဲ ၂နာရီ ၄၅မိနစ်အချိန်မှာ အာယုသင်္ခါရ လွှတ်တော် မူပြီး နိဗ္ဗာနဓာတ် နိရုပဓိရုပ်တော်သို့ ကူးပြောင်းစံဝင် ပါတယ်။

ဆရာတော်ကြီးအား ဖူးမြော်လိုသူများအတွက် လိပ် လမ်းညွှန်ပေးချင်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့ရဲ့ တော ဘက် ၁၀မိုင်အကွာမှာ ဇလွန်ကျေးရွာ ဓမ္မသစ္စာကျော င် တည်ရှိပါတယ်။ အဲဒီမှာ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော် ကို သွားရောက် ဖူးမြော် ကြည့်ညိုနိုင်ကြပါတယ်။

◈◈◈

ဒုတိယ သတင်း ကို ဆက်လက်တင်ပြပေးပါ့မယ်

၁-၂-၂၀၁၄၊ စနေနေ့မှာ ကျင်းပခဲ့တဲ့ ကြေးဆင်း တော်မြတ်ကြီး အနေကဇာတင်ပွဲနဲ့ နတ်စင်တစ်ရာ ဆ တော် သိက္ခာထပ်ပွဲပဲ ဖြစ်ပါတယ်။

ဘုရား၊ သိမ်၊ ကျောင်း၊ သစ္စာအဓိဋ္ဌာန် စေတီ ပင်မ ဒါယကာ၊ ဒါယိကာမ ဦးမောင်မောင်ဝင်း(Pand Hotel)နှင့် ဇနီး ဒေါ်လွင်လွင်သန့်(မြတ်သီတာပွဲရုံ) မိသာ



တို့က နေပြီး သံသရာဝဋ်၊ တဏှာညွှန်တို့မှ ကင်းလွတ် မြတ်နိဗ္ဗာန်ကို ရည်စူး အာရုံပြုပြီး ကြေးပိဿာချိန် ၂၂ ပိဿာ၊ ဉာဏ်တော် ၁၁ပေ ၁လက်မရှိ မတ်ရပ် ရုပ်ပွားတော် "အဘယ မဟာကာရုဏိက မုဒြာ" ကြေးဆင်းတုတော်မြ ကြီးအား ရေစက်ချက် လှူဒါန်းတဲ့ အခမ်းအနားပြုခဲ့ပါတယ်

ဒါ့အပြင် ဒေဝဒဟ သဗ္ဗသိဒ္ဓိ လောကနတ် ပရဟိ နတ်စင်တစ်ရာကျောင်း ပဓာန နာယက အထူးသာသနာပြ ဆရာတော် "ဘဒ္ဒန္တပညာတေဇ"အား သိက္ခာထပ် အ မင်္ဂလာကိုလည်း တစ်ပေါင်းတည်း ကျင်းပပေးပါတယ်။

◈◈◈

တတိယမြောက် သတင်းပုံရိပ်ကတော့ ၂၈-၁-၂၀၁




www.burmeseclassic.com

www.burmeseclassic.com







တ် စံတော်ချိန် နေ့စဉ် သတင်းစာမှာ ပါတဲ့ နဂါးရုံ ဆင်းတုတော် မျက်လွှာတော်ပွင့်ခြင်းတို့ပဲ ဖြစ်ပါတယ်။

တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ် (၃၉၇)နေ အိမ်တစ်အိမ်မှာ ကိုးကွယ်ပူဇော်ထား ရုပ်ပွားတော်ကနေ မျက်လွှာတော်ပွင့်တဲ့ သတင်းကြောင့် ရားဖူး ကြည်ညိုသူများ စည်ကားနေတယ်လို့ ဆိုပါတယ်။

ဇန်နဝါရီလ ၂၆ရက်၊ နံနက် ၉နာရီခွဲလောက်က စပြီး က်လွှာတော်ပွင့်ခြင်း၊ ပိတ်ခြင်းများ ဖြစ်ပေါ်ခဲ့တယ်လို့ ရှင် မလှဝင်းက ဆိုပါတယ်။


လာရောက် ဖူးမြော်သူများထံကနေ အလှူကောက်ခံ မှု မရှိဘဲ၊ ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်မယ် သာ ယုံကြည်ကြောင်း ကိုမျိုးမင်းထွန်းနဲ့ မလှဝင်းတို့က ကြပါတယ်။

၄-၂-၂၀၁၄ ထုတ်၊ စံတော်ချိန် နေ့စဉ် သတင်းစာမှာ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မာယ ၅လမ်း၊ အမှတ်(၆၀၇)မှာ ကိုးကွယ်ထားတဲ့ နီးဖြင့် ရက်လုပ်ထား သာ ဆင်းတုတော်ဟာ မျက်လွှာတော်ပွင့်ခြင်း၊ ပြုံးတော်မူ များ ဖြစ်ပေါ်ခဲ့ပြန်ပါတယ်။ အိမ်ရှင်ဖြစ်သူ ဒေါ်ခင်မြင့်က နှမတို့အိမ်မှာ ဆင်းတုတော်ကို ကိုးကွယ်ပူဇော်ခံထား တာ နှစ်ပေါင်း ၃၀လောက်ရှိပါပြီ။ လွန်ခဲ့တဲ့ ၁၅နှစ် လောက် က မျက်တောင်တော်ခတ်တာ ဖြစ်ခဲ့ဖူးတယ်။ အခုကတော့ မျက်လွှာတော် ပွင့်တော်မူတာပေါ့နော်။ ကျွန်မတော့ မျက်လွှာ တော်ပွင့်တာထက် မျက်နှာတော် ပြုံးတော်မူလာတာကို ပိုပြီး ဝမ်းသာကြည်နူးနေမိပါတယ်”ဟု ဆိုပါတယ်■

* * *

မောင်ပေအေး

www.burmeseclassic.com



“ရှမ်းပြည်တောင်ပိုင်း၊ အ
တစ်ပိုက်တွင် လူကြီး၊ ကာလသား
သူငယ်တို့ပါ သိရှိနေသည့်
အဖြစ်အပျက် ဇာတ်လမ်းတ
ကျွန်ုပ်အား ရှာခံဖြစ်သူ အ
တစ်ဦးက ပြောကြားခဲ့ကြပြ
ဇာတ်လိုက် အမည်မှာ
တာတေ”ဟု သူ့အရပ်ခလေ
ခေါ်ဆိုခဲ့ကြကြောင်း သိ
ထိုပုဂ္ဂိုလ်၏ အမှ

# အယ်ပုံတာတောနှင့် ဈောင်ရွှေပွဲစားကြီး ဦးကာပ်စီး

အောင်ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

ပျက်ခဲ့သော အကြောင်းအရာတို့မှာ အိပ်ရာဝင် ပုံပြင် နေဖြင့် အင်းလေးတစ်ခွင်တွင် ခေတ်စားလျက်၊ အင်းလေး ရွာများ၌ ပြောမဆုံးအောင် မော်ကွန်းတင် ကျန်ရစ်ခဲ့လေ သည်။

"အယ်ပုံတာတေ"ဟူသော စကားမှာ အင်းလေးစကား ခေါ်အဝေါ်ဟု ကျွန်ုပ် စာရေးသူအား ရှင်းပြကြသည်။ ဒေသတွင် လူချင်း ချစ်ခင်ကြလျှင် "သူငယ်ချင်း"ဟု သည့်အစား အင်းစကားဖြင့် "အယ်လော (သူငယ်ချင်း ချင်းရင်း)"ဟု ခေါ်လေ့ရှိသည်။ အင်းလေးကန်နယ်အတွင်း အကြီးဆုံးနှင့် ရှေးဦးဆုံး ရွာတည်ရာ "ဟဲယာရွာမ"ဟု သည့် ကျေးရွာကြီး၌ ဤဇာတ်လမ်း၏ ဇာတ်လိုက်ကြီး င်ပုံ (သို့မဟုတ်) အယ်ပုံကို စတင်မွေးဖွားရာ ဌာနဂါမ ဖြစ်တော့သည်။

အနီ မောင်ပုံသည် ကြီးပြင်း၍ လူလားမြောက်လာ အခါ၌ ညဏ်ရှိတိုင်း နောက်ပြောင် ကျီစားသန်လွန်း၊ လွန်းလှသဖြင့် ရွာတိုင်း၊ ရပ်တိုင်းက ဆလန်တိုက်ကာ တာတေ"ဟူသော သညာဘွဲ့ထူးကို ပေးအပ်ခြင်း ခံရအောင် က်ပြောင်လွန်းသည်။ ထို့ကြောင့် ၎င်း၏ ကျူးလွန် က်ပြောင်ချက်တွေကို နောက်မြီးအဖြစ်နှင့် ထည့်တွဲပြီး တာတေ"ဟူသော ဘွဲ့ထူးကို တစ်ပါတည်းဆက်၍ "အယ်ပုံ တာတေ"လုပ်ခဲ့သမျှ၊ နောက်ပြောင်ခဲ့သမျှကို မော်ကွန်း ဝင်များအဖြစ်နှင့် ပြောဆို ကျန်ရစ်ခဲ့ခြင်းပင် ဖြစ်သည်။

အယ်ပုံတာတေကို အသက်ရှင်လျက် မီရစ်ခဲ့သော သားကြီးများ၏ ပြောပြချက်အရ လူပုံသဏ္ဌာန်မှာ အသား ညို၊ အရပ်မြင့်မြင့်၊ ခပ်ဝဝနှင့်ဖြစ်ပြီး အင်းလေးရွာမရွာ၌ ချုပ်ရေးမှူးအဖွဲ့တွင် ရွာခေါင်းဆောင်တစ်ယောက်ဖြစ် ကြောင်း သိရှိခွင့်ရခဲ့ပေသည်။

ထို အယ်ပုံတာတေ ပြုလုပ်ခဲ့သည့် အကြောင်းအရာ ၌ မှတ်သားစရာ၊ ရယ်စရာ ဆုံးမခန်းများဖြင့် အပြည့်ပါ နေပေတော့၏။ သူသည် တစ်ခါတစ်ရံ အင်းလေး၊ တောင် ဒေသတွင်သာမက၊ အထက်မြန်မာပြည်၏ ကျက်သရေ ဆောင် မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသော ရတနာပုံ ရွှေမန်း၌ပင် ၏ ရယ်စရာ ညဏ်စွမ်းကို သွားရောက်ပြသခဲ့ဖူးသည်ဟု လည်း ဆိုပေသည်။ အယ်ပုံတာတေသည် နောက်ပြောင် ရှိလျှင် သူ၏ အိတ်ထဲမှ ပိုက်ဆံကြေးငွေကို အကုန် ကျခံ၊ မနှမြောတမ်း အသုံးပြုပြီး နောက်ပြောင်လေ့ရှိ တတ်သည်ဟုလည်း ဆိုပေသည်။

သူ၏ လုပ်ဆောင်ရေး ရည်ရွယ်ချက် ပြည့်စုံမှုအတွက် ဟန်အမူအရာ အလွန်ပီပြင်စွာဖြင့် မင်သေသေလုပ်တတ်ပုံကို ညောင်ရွှေ ပွဲစားကြီးကတော်တို့ ဖြစ်ပျက်ခဲ့မှု အလုံးစုံကို ကြည့်ရခြင်းအားဖြင့် သိရှိနိုင်လောက်ပေသည်။

ကဲ - အယ်ပုံတာတေ ဆိုသူ၏ မင်သေသေလုပ်၍ ငိုတန်လျှင် မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းအောင် ငိုကြွေးကာ၊ ရယ်မောစရာလည်းဖြစ်အောင် လုပ်ဆောင်လျက်ရှိကြောင်း ပုံပြင်ဟောင်းလေးတစ်ပုဒ်အစကို ညောင်ရွှေမြို့ ဒေသန္တရ အခြေအနေကို ပြသရပေမည်။

◈◈◈

ညောင်ရွှေမြို့သည် အင်းလေးကန်၏ မြောက်ဘက်အဝ တွင် တည်ရှိသည်။ ကုန်ရောင်းကုန်ဝယ် ဗဟိုဌာနဖြစ်ပြီးလျှင် လူနေအိမ်ခြေ အလွန်စည်ကားသောမြို့လည်း ဖြစ်ပေသည်။ ထိုမြို့တွင် လူချမ်းသာ ပွဲစားကုန်သည်များစွာ နေထိုင်၍၊ ငါးရက် တစ်ဈေးပတ်ကို ဈေးကြီးနေ့ဟု သတ်မှတ်ထား သည်။ ထိုဈေးနေ့ကျသည့်အခါ၌ အရပ်လေးမျက်နှာမှ ကုန် မျိုးစုံ ကျရောက်၍ ဈေးရောင်းဈေးဝယ်ဖြစ်ကြလေ့ရှိသည်။

ထို ညောင်ရွှေမြို့ပေါ်၌ ပိုက်ဆံချမ်းသာသလောက် အလွန်ကပ်စေးနှဲ၍ နှမြောလွန်းလှသော ပွဲစားကြီး တစ်ယောက်ရှိလေသည်။ ထိုပွဲစားကြီး ကပ်စေးနှဲပုံ သတင်း မှာ အင်းလေးတစ်ခွင်၌ ကျော်ကြားနေလေသည်။ မိမိအိမ် ၌ ထမင်းစားသည့်အခါပင် ဟင်းတုံးကို အတုံးအရေအတွက် နှင့် ထား၍စားလေသည်။ မိမိအတွက်သာမက၊ အိမ်သူ အိမ်သားအားလုံးကိုလည်း ကျပ်တည်းစွာ စည်းကမ်းနှင့် ထားမြဲလေ့ရှိသည်။ ထမင်းစားပြီး၍ ဟင်းများ၊ ထမင်းများ ကျန်နေသည်ကို တွေ့ရလျှင် ပွဲစားကြီးမှာ မိမိအိမ်သူအိမ်သား နှင့် တပည့်များကို ဆူဆဲမာန်မဲ၍ လေးငါးရက်မပြီးအောင် ရှိလေသည်။

ညောင်ရွှေဈေးနေ့သို့ ရောက်သည့်အခါ၌ ပိုက်ဆံလေ မည်စိုး၍ ငါးရက်စာအတွက် ပွဲစားကြီးကိုယ်တိုင် ခြင်းတောင်း ဆွဲကာ ဈေးဝယ်လိုက်လေသည်။ ဈေးဝယ်ရာတွင်လည်း တစ်ပြားနှစ်ပြားပင် မလျှော့တမ်း ဈေးဆစ်ဝယ်လေ့ရှိသည် ကြောင့် တစ်ဈေးလုံးကပင် ပွဲစားကြီးအား "ကြေးပြားကြီး" ဟူ၍ နာမည်ပေးလျက် ပြောင်လှောင် ခေါ်ဝေါ်ကြပေသည်။

ဈေးနေ့တစ်နေ့တွင် ကြေးပြားကြီးနာမည်ရ ပွဲစားကြီး သည် အလွန်နှမြောကြီးစွာဖြင့် ငါးရက်စာ ငါးသုံးပိဿာဝယ် ၍ မိမိအိမ်သို့ ပို့ရန် လူကြုံတစ်ယောက်ကို ရှာဖွေနေသည်။ ပွဲစားကြီးကိုယ်တိုင် မပြန်လိုသေးသည်မှာ ဈေးဝယ်စရာ ကုန်ပစ္စည်းတစ်ခုကို ဝင်ရောက်၍ ပွဲစားလုပ်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com

ရှေ့လောကြီးနေခြင်းပင် ဖြစ်သည်။ ထိုသို့ အခက်အခဲဖြစ်နေရရှာသည့် ပွဲစားကြီးအိမ်သို့ ငါးများ ပို့ရန် အခန့်သင့် လူကြုံတစ်ယောက် ရောက်ရှိလာသည်။ ငါးများကို အိမ်သို့ ပို့ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ပွဲစားကြီးသည်လည်း သဘောကျစွာဖြင့် ငါးသုံးပိဿာကို ပေးအပ်ပြီးလျှင် လူကြုံအား ဤငါးများကို ငါးရက်စာအတွက်ဖြစ်၍ တချို့ ကြော်ထားရန်၊ တချို့ကို အခြောက်လှန်းထားရန်အတွက် တတွတ်တွတ်မှာ၍ အိမ်ရှင်ဇနီး ပွဲကတော်ကြီးသို့ တစ်ဆင့်ပြောကြားခိုင်းလိုက်ပြီးနောက် လူကြုံကို ပြန်လွှတ်လိုက်လေတော့သည်။ ဤသူမှာ အယ်ပုံ တာတေဟု မသိလိုက်ချေ။

သို့ဖြင့် ပွဲကတော်ကြီးအိမ်သို့ နံနက် ၁၀နာရီကျော်ကျော်လောက်တွင် လက်ထဲ၌ ငါးတွဲကြီးများကို ကိုင်လျက် အသားညိုညို၊ အရပ်မြင့်မြင့် လူတစ်ယောက်သည် ပွဲစားကြီး၏ အိမ်ထဲသို့ ဝင်ရောက်လာပြီးလျှင် ပွဲကတော်ကြီးအား ဤသို့ပြောလေသည်။

ပွဲစားကြီးသည် ဈေးမှ ဤငါးသုံးပိဿာကို ဝယ်ပေးလိုက်ကြောင်း၊ ယနေ့နံနက်စာအမီ ပွဲစားကြီး၏ အလွန်ရင်းနှီးခင်မင်သော မိတ်ဆွေဦးရေ ၃၀ တို့အား ထမင်းစားပွဲ ကျွေးမွေးမည်ဖြစ်၍ ယခုငါးများကို အကုန်လုံးပင် ချက်ထားရန်၊ လူသုံးဆယ်စာ ဟင်းရံ၊ ဟင်းချိုများ အချိုအချဉ်များကိုပါ အမြန်ပြင်ဆင်ထားနှင့်ရန် ပွဲစားကြီးက ပွဲကတော်ကြီးကို မှာလိုက်ကြောင်း ပြောပြီးနောက် အယ်ပုံ တာတေ ထွက်ခွာသွားလေတော့၏။

လွန်ခဲ့သည့်နှစ်များကလည်း ဤကဲ့သို့ပင်။ မန္တလေးဈေးချိုနားမှ ပွဲရုံအဖွဲ့များ အင်းလေး ဖောင်တော်ဦးဘုရားဖူးရန် ရတ်တရက် ရောက်ရှိလာခဲ့ဖူးသည်။ ထို့ကြောင့် ပွဲကတော်ကြီးနှင့် တစ်အိမ်လုံးရှိ လူတားများပါ အချိန်လု၍ ငါးများကို ချက်ပြုတ်ကြရပြီး ထမင်းများ၊ ဟင်းများအပြင် အချိုအချဉ် လက်ဖက်ရည်ပွဲများကိုပါ ကတိုက်ကရိုက် ပြင်ဆင်နေကြရလေတော့သည်။

ပွဲကတော်ကြီးမှာလည်း အချိန်နီးမှ ကပ်၍ ထမင်းစားပွဲ စီစဉ်ခိုင်းလိုက်သည့် ပွဲစားကြီးကို စိတ်ထဲ၌ ဒေါသဖြစ်လျက် အလုံးစုံ ပြီးစီးအောင် စီစဉ်နှင့်လေသည်။

သို့ဖြင့် အချိန်တို့မှာ ၁၂နာရီထိုးရန် မိနစ်အစိတ်အလိုတွင် ပွဲစားကြီးသည် ချွေးတလုံးလုံးဖြင့် ဈေးမှ ပြန်ရောက်လာလေသည်။ မိမိအိမ်ရှေ့ ညေ့ခန်း၌ စားပွဲဝိုင်းကြီးများ ခင်း၍ စားပွဲခင်းအသစ်များဖြင့် ခမ်းခမ်းနားနား စီမံနေသည်ကို တွေ့လိုက်ရသောကြောင့် လွန်စွာမှ အံ့အားသင့်သွားသည်။ ထို့ကြောင့် ပွဲကတော်ကြီးအား···

"ဘာလုပ်နေကြတာလဲ ရှင်မ"

ဟု မေးလိုက်သည်။ ပွဲကတော်ကြီးကလည်း နဂို ပင် မောမောပန်းပန်းဖြစ်နေရသည့်အထဲ၌ စိတ်ကောက်· လေရာ···

"တော်တို့··· အပင်းလျှို့ဖို့လေ၊ မေ့နေပြီလား"

ဟု တုံးတိတိဖြေလိုက်သည်။

ပွဲစားကြီးခမျာလည်း ရုတ်တရက်ကြီး ဘာကို ပြန်ပြော ရမှန်းမသိ။ ပါးစပ်ပိတ်သွားပြီး အံ့အားသင့်၍ မိမိတို့တစ်အိမ် လုံးရှိ လူများ အလုပ်ရှုပ်နေသည့် အခြေအနေကို အကဲခတ် နေလေသည်။

ထိုအခိုက်တွင် ချက်ပြီးသား ငါးဟင်းများကို သံဇ ကြီးများဖြင့် တစ်ပါတည်းထည့်၍ စားပွဲများရှိရာဆီသို့ အိမ် သားတစ်ဦးက ယူလာသည်ကို ပွဲစားကြီး တွေ့မြင်သွားပြီး "ဟာ" ခနဲဖြစ်၍ နှမြောလွန်းသဖြင့် တက်မသွားစေရန် ရ ဘတ်ကို လက်ဖြင့် ဖိကပ်ထားရလေသည်။

"ဟဲ့ - ဝယ်ပေးလိုက်တဲ့ ငါးသုံးပိဿာကို အကုန် ချက်ပစ်ရသလား။ ငါးရက်ဈေးတစ်ပတ်စာ ဝယ်ထားပါတယ် ဆိုတာ မသိကြဘူးလား"

ဟု လှမ်းမေးလိုက်ပြန်ရာ အနီးနားရှိ ပွဲစားကတော် ကြီးက ခါးဆီကို လက်ဖြင့် ခပ်တင်းတင်းထောက်၊ မျက်နှာ ထားကိုလည်း ရှုံ့မဲ့ကာ နေလိုက်ပြီး···

"အကုန်မချက်ရအောင် တော်တို့က ဘယ်နှယောက် အပင်းလျှို့မယ်ဆိုတာများ ပြန်စဉ်းစားမိရဲ့လားဟင်"

ဟု ဆူပွက်ပြောဆိုပြန်တော့၏။

ထို့နောက် အိမ်ရှိ အလုပ်သမားတချို့ကလည်း မီးဖို ခန်းထဲမှ ထမင်းဇလုံများ၊ ဟင်းချိုအိုးများကိုပါ အသီးသီးယူ လာသည်ကို တွေ့မြင်နေရသော ပွဲစားကြီးသည် အဓိပ္ပာယ် နားမလည်သည့်အဆုံး၌···

"နေပါဦးဟ၊ မင်းတို့ဟာက ဘယ်သူတွေ စားမှာမို့ ဒီလောက် များများကြီး ချက်ပြုတ်ထားကြရတာလဲ"

ဟု နှမြောလွန်းသဖြင့် တုန်တုန်ယင်ယင်ပင်ဖြစ်လျက် ပွင့်ပွင့်လင်းလင်းမေးလိုက်လေတော့၏။

"တော့်ညေ့သည် လူအယောက် သုံးဆယ်ကို ထမင်း ကျွေးဖို့လေ။ သတိလည်း မေ့တတ်ရအောင် ရှင် ဒီလောက် လည်း အသက်မကြီးသေးပါဘူး။ ကျွန်မတို့တစ်အိမ်လုံး ချက်ရပြုတ်ရတာ ချွေးတွေတောင် ပြန်နေတာ။ အားမနာ လျှာမကျိုးတော်···"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပွဲကတော်ကြီးကပင် ဝင်ဖြေလိုက်လေသည်။

"နေပါဦး ရှင်မရဲ့ နင်တို့ကို ဘယ်သူက ညှော်သည်တွေ ထမင်းကျွေးဖို့ လာမယ် ပြောသလဲ၊ ဟုတ်မှ ဟုတ်ရဲ့လားကွ"

"ဘာလဲ၊ တော်က အခုမှ မေ့ချင်ဟန်ဆောင်နေရတာလား၊ တော့်ဆီက မနက်က ငါးသုံးပိသာဝယ်ပေးပြီး အပို့လွှတ်လိုက်တဲ့ အသားညိုညို၊ အရပ်မြင့်မြင့် လူကြီးကိုမေ့ပဲ မှာလိုက်တာလေ။ ဒီနေ့ ညှော်သည်အယောက်သုံးဆယ်ကို ထမင်းကျွေးဖို့ဆို"

ထိုကဲ့သို့ ပွဲစားကြီးလင်မယားမှာ တစ်ယောက်နှင့်တစ်ယောက် အချီအချထပြီး သတ်ခမန်း၊ ဆူဆူညံညံဖြစ်နေစဉ်တွင် အိမ်အောက် လှေကားဆီမှ တရုန်းရုန်းနင်း၍တက်ရောက်လာနေသော ခြေသံများ ကြားလိုက်ရ၍ ကြည့်လိုက်သည့်တွင် ညောင်ရွှေမြို့ပေါ်မှ မျက်နှာကြီး လူကုံတန်လူကြီးပိုင်းများကို အံ့အားသင့်စွာဖြင့် တွေ့မြင်လိုက်ရလေသည်။ သူတို့အားလုံးမှာ ရွှင်ပြုံးသော မျက်နှာများဖြင့် ခေါင်းပေါင်းကြီးတကားကားကို ပေါင်းထားကြပြီး…

"အချိန်တော့ သိပ်နောက်မကျသေးပါဘူးနော်။ ရုတ်တရက်ကြီး ကပ်ဖိတ်လာတာမို့ ကျုပ်တို့လည်း ခင်ဗျားတို့အိမ်သားတွေ ချက်ရပြုတ်ရ လုပ်ရမှာနဲ့ဆိုတော့ အားလုံးတိုင်ပင်ပြီး ကျက်လောက်မယ့်အချိန်ကို မှန်းပြီး လာရောက်ခဲ့ရတာပါပဲဗျာ"

ဟု အကျိုးအကြောင်းကို ပြောလိုက်သည်။

ညောင်ရွှေမြို့ပေါ်မှ ဂေါပက လူကြီးတစ်ယောက်က ဖြင့်…

"ဟာ…ဒီအချိန်ဟာ ထမင်းစားဖို့အတွက် အချိန်ကောင်းပဲ။ မွန်းမှ မလွဲသေးဘဲနဲ့။ ကျုပ်တို့ အလှူဒကာ ပွဲစားကြီးက ထမင်းစားလို့ကောင်းအောင် အချိန်ကန့်သတ်ပေးပြီး ဖိတ်ခေါ်ထားတာကိုးဗျ"

အာဝဇ္ဇန်းရွှင်ရွှင်နှင့် အိမ်ညှော်ခန်းဆီသို့ အသီးသီးဝင်ရောက်လာပြီးနောက် အေးဆေးစွာဖြင့် ထိုင်လိုက်ကြလေသည်။ အိမ်ရှင် ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့မှာလည်း အံ့အားသင့်နေရာမှ သတိရပြီး ရောယောင်၍ ထိုင်ကြပါ၊ ပြုကြပါနှင့် ညှော်ခဲ့ရလေသည်။

အလွှန်ရင်းနှီးပုံရသော မြေပိုင်ရှင်တစ်ဦးက ပွဲစားကြီးအား…

"ဘယ့်နှယ်၊ မြို့ကျက်သရေဆောင် လူကြီးတွေကိုမှ ရွေးပြီး ထမင်းစားဖိတ်ခေါ် ကျွေးတယ်ဆိုတော့ ပွဲစားကြီးအနေနဲ့ ဘယ်လို ပွဲစားခတွေ ပွပေါက်တိုးခဲ့လို့လဲဗျ။ မွန်းတည့်ခါနီးမှ ကြွပါဆိုပြီး ခင်ဗျားအိမ်က တပည့်တစ်ယောက်ကို လွှတ်ပြီး ဖိတ်တာဆိုတော့ ဒီလောက်ခင်နေတာ အရောက်မလာရင် မကောင်းဘူးမဟုတ်လား"

"ဩော်…ဟုတ်တာပေါ့။ အိမ်မှာက အလုပ်သမား တပည့်တွေ များလှသမို့ ခင်ဗျားအပိုင်းကို လာဖိတ်သူက လူပုံသဏ္ဌာန် ဘယ်လိုလဲဗျ"

"အင်း…ဒီလူက ညောင်ရွှေမြို့ပေါ်ကတော့ မဟုတ်ဘူးထင်တယ်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ မျက်နှာရွှင်ရွှင်နဲ့ အင်းသားတစ်ယောက်ဖြစ်လိမ့်မယ်"

ဟု တိတိကျကျပြောလာသည်။ ဤတွင်မှ ပွဲစားကြီးရော၊ ပွဲကတော်ကြီးပါ တစ်စုံတစ်ခုကို စဉ်းစားမိတော့၏။ အင်းလေးနယ်တစ်လွှားတွင် နာမည်ကြီးနေသော "အယ်ပုံတာတေ"က အခွင့်ကောင်းယူ၍ ဘေးမှ အလုံးစုံ စီစဉ်သွားပြီး သူတို့အား ချောက်ချ အရက်ခွဲကြောင်းကို နားလည်သဘောပေါက်ခဲ့ကြရသည်။

ပွဲစားကြီးမှာ "သူ ထမင်းစား မဖိတ်ခိုင်းပါဘူး"ဟူ၍ အမှန်အတိုင်းပြောပြီး လူကြီးလူကောင်းများကို ပြန်လွှတ်ရန်မှာလည်း ပိုမိုအရှက်ကွဲပြီး လူအချင်းချင်း မုန်းသွားရုံမက၊ ညောင်ရွှေမြို့ပေါ်တွင် နာမည်ပျက် အမဲစက် ထင်သွားပေလိမ့်မည်။ ထို့ကြောင့် ဟန်မပျက်ပင် ချက်ပြုတ်ထားသည့် ငါးဟင်းနှင့် ထမင်းများကို ကြွရောက်လာကြသော လူကြီးပရိသတ်အားလုံးကို ကျွေးမွေးလိုက်ရသဖြင့် တက်တက်စင်ပြောင်ခါသွားလေသည်။

ထမင်းစားလာသည့် လူကြီးလူကောင်းများမှာ ဖြစ်ရပ်မှန် အတွင်းရေးကို လုံးဝ မသိရှာကြပေ။ အိမ်ရှင် ပွဲစားကြီးခမျာမှာ ဆတ်ဆတ်ခါ နာမြောနေကာ ချောက်တွန်းသူ အယ်ပုံတာတေဆိုသူအား များစွာစိတ်ဆိုးလျက် တစ်ယောက်တည်း ဆဲဆိုနေချိန်တွင် ညောင်ရွှေ ကာလသားတချို့ကို အယ်ပုံတာတေက သူကိုယ်ပိုင်လှေနှင့် ကြုံတိုင်း ဝင်ပြောသွားသဖြင့် တဟားဟား ရယ်မောနေကြရလေတော့သတည်း ■

(ဤဇာတ်ကြောင်းကို ပြောပြခဲ့သည့် ဒေသခံ အင်းသားများနှင့် အောင်ပန်းမြို့ ရှာင်စုရပ်မှ ကိုစိုးညွန့် မိသားစုအတွက် အမှတ်တရ)

* * *

အောင်ဘောဂျိုး



www.burmeseclassic.com

www.burmeseclassic.com

# စကားကြီးသုံးခွန်း

ငွေးအောင်သင့်
(နက္ခတ္တဗေဒ)

ရှေးခေတ်အခါက လူကြီးမိဘဘိုးဘွားတို့လည်း မိမိတို့၏ သားသမီးမြေးမြစ်တို့အား ရှေးခေတ်ဟောင်းကာလများက မှတ်သားလာခဲ့ကြသော စကားပုံများ၊ ပုံပြင်များ၊ ဆိုရိုးစကားများ မှတ်သားထိုက်သော လူမှုဘဝအကြောင်းများကို ပုံပြင်ဇာတ်လမ်းသဖွယ် ပြောပြတတ်ကြပါသည်။ ကလေးဘဝ၊ လူငယ်ဘဝတို့မှ နားထောင်မှတ်သားလာခဲ့ရသော လူမှုဘဝဇာတ်ကြောင်းတို့သည် မိမိတို့ လူကြီးဘဝရောက်သောအခါတွင် လွန်စွာမှ တန်ဖိုးရှိ အသုံးဝင်ကြောင်း ကိုယ်တွေ့သိရှိရပါသည်။ စကားပုံဝတ္ထု ဇာတ်လမ်းပုံပြင်တို့သည် ရှေးခေတ် လူကြီးတို့၏ စိတ်ကူးစိတ်သန်း တွေးခေါ်မှုများမှ ဖြစ်ပေါ်လာခဲ့ရသော်လည်း မှတ်သားထိုက်၊ လိုက်နာကျင့်သုံးထိုက်သော အကြောင်းအရာများ ပါရှိတတ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

စာရေးသူ ငယ်စဉ်ဘဝက ဖခင်ဖြစ်သူသည် သားသမီးများ လိမ္မာယဉ်ကျေးကြစေရန်၊ ပညာတတ်များ ဖြစ်စေရန်၊ ဗဟုသုတ ဉာဏ်ပညာတိုးတက်ကြစေရန် ရှေးလူကြီးများ၏ ဆိုရိုးစကားများ၊ မှတ်သားဖွယ်ရာ ပုံပြင်ဇာတ်ကြောင်းများကို အခါအခွင့်သင့်တိုင်း ပြောပြ ဆုံးမလေ့ရှိပါသည်။

တစ်နေ့သောအခါ စကားကြီးသုံးခွန်း အရောင်းအဝယ်လုပ်သည့်အကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

◈◈◈

ရှေးအခါတုန်းက အထက်အညာဒေသတစ်ခု[illegible] အိမ်ထောင်ကျခါစ လင်မယားနှစ်ဦးရှိတယ်။ ယောက်ျားလု[illegible] သူဟာ ကုန်ရောင်းကုန်ဝယ်သမားတစ်ဦးဖြစ်ပြီး အောက်ပြည်[illegible] အောက်ရွာများသို့ လှည့်လည်ရောင်းဝယ်ရလေတယ်။ တစ်[illegible] ခရီးထွက်လျှင် နှစ်ကာလကြာမြင့်စွာ ကြာပြီး အရောင်[illegible] အဝယ်လုပ်ငန်းမှ ငွေသားများ စုဆောင်းပြီးမှသာလျှင် မိမိ[illegible] ဌာနေ မြို့ရွာသို့ ပြန်လာလေ့ရှိကြပါတယ်။

ဒီလိုနဲ့ ကုန်သည်ယောက်ျားဟာ ခရီးထွက်ပြီး စီးပွား[illegible] ရှာလိုက်တာ ၁၀နှစ်ကျော်လောက် ကြာသွားပြီး ငွေသာ[illegible] သုံးပိဿာ စုဆောင်းမိ၍ မိမိဇနီးရှိရာ ဌာနေသို့ ပြန်လာခဲ့[illegible] တယ်။

အပြန်ခရီးမှာ ရွာတစ်ရွာရှိ ဘုန်းကြီးကျောင်း တစ်[illegible] ကျောင်းထဲ ဝင်ရောက်တည်းခိုလေရာ ထိုဘုန်းကြီးကျောင်[illegible] မှာ လူတို့၏ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို ဟောပြောနိုင်[illegible] တဲ့ ဂမ္ဘီရ ပညာရှင် ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ တွေ့ကြုံခဲ့ရလေ[illegible] တယ်။

ပညာရှင် ဆရာကြီးက ကုန်သည်လေးရဲ့ ဖြစ်ပေါ်[illegible] ကြုံတွေ့ရမယ့် ကံကြမ္မာကို ဆန်းစစ်တွက်ချက်ပြီး···

"မောင်ရင်လေးကို စကားကြီးသုံးခွန်း ရောင်းမယ်။ ဝယ်မလား။ အဲဒီ စကားသုံးခွန်းက မောင်ရင်လေးရဲ့ အနာဂတ် ကံတရားရဲ့ ကောင်းကျိုးကို ဖြစ်စေနိုင်လိမ့်မယ်"

www.burmeseclassic.com

လို့ ပြောလိုက်တော့ . . .

"ဟုတ်ကဲ့၊ ဝယ်ပါ့မယ်။ ဘယ်လောက်ဆိုတာကို ...ရှိပါခင်ဗျာ"

လို့ ပြောလိုက်တယ်။ အဲဒီ စကားကြီးသုံးခွန်းက -

(၁) အဖော်မပါ မသွားရ၊ ပေး ငွေတစ်ပိဿာ၊

(၂) မီးမထွန်းဘဲ မသွားရ၊ ပေး ငွေတစ်ပိဿာ၊

(၃) မမေးမမြန်းမပြုရ၊ ပေး ငွေတစ်ပိဿာ-တဲ့။

အဲဒါနဲ့ ကုန်သည်လေးဟာ စကားကြီးသုံးခွန်းအတွက် ...သုံးပိဿာပေးပြီး မိမိလိုရာခရီးကို ဆက်လက်ထွက်ခွာခဲ့ ...တယ်။ တောလမ်းခရီးကို ဖြတ်သန်းလာစဉ်မှာ မထင်မှတ် ...တောပင့်ကူကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။ ကုန် ...သည်လေးက စဉ်းစားတယ်။ ငါဟာ ခရီးထွက်လာတာ ...ဖော်လည်း တစ်ယောက်မှ မပါဘူး။ အဖော်မပါ မသွားရ ...တော့ ဒီတောပင့်ကူကို အဖော်လုပ်ပြီး သွားမှပဲလို့ တွေး ... တောပင့်ကူဖမ်းပြီး မိမိရဲ့ ပုဆိုးခါးပိုက်အတွင်း ထည့် ...ခဲ့တယ်။

တော်တော်လေးသွားမိပြီး တောနက်ထဲ ရောက်တော့ ...ိုက်ထဲက ပင့်ကူက အတင်းရုန်းပြီး ထွက်လာတယ်။ ...ခြေရာကောင်းတာက ခရီးသွား ကုန်သည်လေးရဲ့ ရှေ့မှာ ...ကြီးတစ်ကောင်ရှိနေတာကို တွေ့လိုက်ရပြီး၊ မိမိရဲ့ ပုဆိုး ...ိုက်ထဲက ထွက်လာတဲ့ ပင့်ကူက မြွေကြီးရဲ့ ဦးခေါင်းကို ...ိုက်ဖောက်လိုက်ခြင်း ဖြစ်ပါတယ်။

ခရီးသွား ကုန်သည်လေးဟာ ပထမ စကားတစ်ခွန်း ...အတိုင်း လိုက်နာကျင့်သုံးလိုက်တဲ့အတွက် အသက်ချမ်းသာ ...ပြီး ဆက်လက်၍ တောတွင်းက ထွက်ခွာလာခဲ့ပါတယ်။

ရှေ့ခရီးမှာ မြစ်ဆိပ်တစ်ခုကို ရောက်ရှိလာပါတယ်။ ...အချိန်က နေဝင်ခါစလေးဖြစ်တော့ အမှောင်က အစပျိုးလို့ ...ပါတယ်။ ရှေ့မှာ တဲအိမ်တစ်လုံးကို တွေ့ရတော့ မြစ်ကို ...ကူးနိုင်ဖို့ လှေကူးရန် တဲအိမ်လေးအတွင်း ဝင်သွားပါတယ်။ ...တစ်ခုလုံး မှောင်မဲနေပါတယ်။ လူသံလည်း မကြားရ၊ ...ိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။ ထူးခြားမှုကတော့ ညှီ ...အနံ့များ ရနေပြီး လန့်ဖျပ်၍ ကြက်သီးများ ထလာပါ ...တယ်။ ဒါနဲ့ ရွာဦးကျောင်းက ဆရာတော်ပေးလိုက်တဲ့ ဆေး ...ယောင်းတိုင်ကို သတိရပြီး လွယ်အိတ်ထဲက ထုတ်ယူ၍ ...ထွန်းလိုက်တော့ . . .

"ကြောက်ပါပြီ . . . ကြောက်ပါပြီ မီးအမြန်ငြိမ်းလိုက်ပါ။ ...လိုအပ်တာကို ကူညီပါ့မယ်။ ဖယောင်းတိုင်မီးကို အမြန် ...ငြိမ်းပေးပါ"

လို့ ပြောတယ်။

"အသင်က ဘယ်သူလဲ"

လို့ မေးလိုက်တော့ . . .

"ကျွန်မက မြစ်ဆိပ်နားက ဘီလူးမ ဖြစ်ပါတယ်။ ရှင့်ကို မစားပါဘူး။ ကျွန်မ ပူလောင်လွန်းလို့ သေရပါတော့မယ်။ မီးကိုသာ အမြန်ငြိမ်းလိုက်ပါ။ ကျွန်မမှာ ရှိနေတဲ့ ရတနာပစ္စည်းတွေကို ပေးပါ့မယ်"

လို့ ပြောတော့ ကုန်သည်လေးဟာ ရတနာပစ္စည်းတွေကို ယူပြီး မီးကိုတော့ ဘီလူးမနဲ့ လွတ်တဲ့ နေရာရောက်မှ ငြိမ်းသတ်ပြီး မြစ်ကို လှေဖြင့် ဖြတ်ကာ လိုရာခရီးကို ဆက်ခဲ့ပြန်ပါတယ်။

ဒုတိယစကားအတိုင်း လိုက်နာခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ပြီး ရတနာပစ္စည်းများပါ ရရှိခဲ့လေတယ်။ ဒီလိုနဲ့ ကုန်သည်လေးဟာ မိမိမြို့ရွာနေအိမ်ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

အိမ်ထဲရောက်တော့ ဇနီးကို ခြင်ထောင်ထဲမှာ လူတစ်ယောက်နဲ့တွဲလျက် အိပ်နေတာကို တွေ့ရပါတော့တယ်။

"တောက် . . ."

ကုန်သည်လေးဟာ ဒေါသမီး ရတ်တရက် တောက်လောင်သွားပါတယ်။ ငုတ်ကြီးတောင်ဓားကို ဆွဲပြီး ခုတ်ပိုင်းဖို့ လုပ်လိုက်စဉ်မှာပဲ မမေးမမြန်းမပြုရ ဆိုသော စကားကို သတိရပြီး၊ ဇနီးကို နှိုး၍ မေးမြန်းရာ အတူအိပ်နေသူမှာ မိမိ၏ သားလေးဖြစ်ပြီး၊ ကုန်သည်လေး ခရီးမထွက်ခင်က ကိုယ်ဝန်ရှိနေခဲ့ပြီး၊ ယခု ကုန်သည်လေး ပြန်ရောက်လာသော နှစ်ကာလသည် မွေးပြီးသော ကလေး၊ ကြီးပြင်းသောအရွယ်ပင် ရောက်ရှိနေပါကြောင်း ရှင်းပြပါတယ်။

◈◈◈

ကုန်သည်လေးတို့မိသားစုအတွက် နောက်ဆုံးစကားတစ်ခွန်းဖြစ်သော မမေးမမြန်းမပြုရဟူသော စကားမှာ သူတို့၏ နောက်ဆုံး ကယ်တင်ရှင်ပင် ဖြစ်ပါတော့သည်။

မှတ်သားဖွယ်ရာ အဖေပြောပြခဲ့သော စကားကြီးသုံးခွန်းအား စာဖတ်သူအပေါင်းတို့အတွက် ဗဟုသုတအဖြစ် ရှိသေစွာ တင်ပြလိုက်ရပါသည် ■

* * *

ခွေးအောင်သင်း(နဘူညာဓေဒ)




www.burmeseclassic.com

www.burmeseclassic.com

# ရတ်တန်းဝင်တော် ဆရာတော် ဦးဉာဏသမီ

# သိန္ဒိဝင် ပုတီးစိပ်နည်း

ဦးကိုကိုအေး (ကြို့ပင်ကောက်)



ကျွန်တော်သည် မနက်စောစော မဟာသမယသုတ်ကို ရွတ်ဖတ်ပူဇော်ပြီးချိန်တွင် ကျွန်တော့်မိတ်ဆွေ ကိုမောင်မောင်သန်း ရောက်လာသည်။

"အစ်ကိုကို လက်ဖက်ရည်သောက်ရအောင် ကျွန်တော်လာခေါ်တာပါ။ အစ်ကိုပေးတဲ့ ပုတီးစိပ်နည်းကို စွဲစွဲမြဲမြဲစိပ်တာ အစစ အဆင်ပြေပါတယ်"

ဟု ပြောသည်။ ကျွန်တော်က…

"ဘာပုတီးစိပ်နည်းလဲ၊ ပြန်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုတော့ . . .

"သိဒ္ဓိအောင် ပုတီးစိပ်နည်းလေ"

ဟု ပြောပါသည်။

ကျွန်တော်သည် ကိုမောင်မောင်သန်း အစဖော်ပေးမှ အစ ပြန်သတိရပါသည်။ ကိုမောင်မောင်သန်းသည် တစ်ချိန်က လျှမ်းလျှမ်းတောက် ပွဲရုံပိုင်ရှင်ဖြစ်သည်။ ကံဇာတာ ညံ့ဖျင်းလာသည့်အခါ နာမည်ပျက်၊ ဘဝပျက်နှင့် နာလန် ထူတော့၊ တပည့် ဆရာအပေါင်းတို့လည်း သူ့အနား မလာ ကြတော့ပေ။ ရရန်ရှိသောလူက ဓားထည့်၍ ကျွန်တော့်ဆိုင် အထိ သူ့ကို လာရှာသည်။ တကယ်လည်း ဓားဖြင့် ခုတ်ခြင်းမည့်ပုံစံဖြစ်သည်။ ကျွန်တော်လည်း များစွာလန့်၏။

ထိုဓားသမား ထွက်သွားပြီး မကြာခင်မှာပဲ ကိုမောင် မောင်သန်း ရောက်လာသည်။

"ညီလေး . . . ဒီမြို့မှာ မနေနဲ့တော့။ တောင်ပေါ် ဘုရားကျောင်းသွားတော့"

ဟု ကျွန်တော်က လမ်းညွှန်လိုက်သည်။

ပြည်မြို့ တောင်ပေါ် တရားစခန်းတစ်ခုတွင် တစ်နှစ် ကျော်က် နိုပြီး ကျွန်တော်ပေးသော ပုတီးစိပ်နည်းကို ကျင့် ကြံခြင်းဖြင့် ပြဿနာအားလုံးနီးပါး အောင်မြင်သွားလေသည်။ ပုတီးစိပ်နည်းက သိဒ္ဓိဝင် ပုတီးစိပ်နည်းဖြစ်သည်။ ထွက်ရပ် ပေါက် ပုဂ္ဂိုလ်များ လမ်းညွှန်ခဲ့သော သိဒ္ဓိ (၁၀)ခွင် အောင် မြင်သော ပုတီးစိပ်နည်းဖြစ်သည်။

ကျွန်တော်သည် စီးပွားပျက်သူများ၊ ရောဂါကြီးသူများ၊ များ နာလန်ထူရန် ခက်ခဲသည့်သူများအား သီလကို လုံခြုံ စွာ ယင်းပုတီးစိပ်နည်းကို လွန်ခဲ့သော ၁၀နှစ်၊ ၁၅နှစ်ခန့် က ပေးခဲ့ဖူးပါသည်။ ယခု စာရှုသူများအတွက်လည်း အခွင့် ကြုံ၍ ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ထိုပုတီးစိပ်နည်းမှာ ရက်ကန်းစင်တောင် ဦးဩဘာသ ဆရာတော်ကြီးသည် ဦးနရိန္ဒ၊ ဦးသန္တမှသိဒ္ဓိ ကိုယ်တော် နှစ်ပါးနှင့် မီးရထားပေါ်တွင် တွေ့ဆုံစဉ်က ပဋ္ဌာန်းနီးစပ် သော ဦးသဒ္ဓမ္မသိဒ္ဓိ ကိုယ်တော်ကလေးအား ပုသိမ်မြို့ အနောက်ဘက် ၁၀မိုင်ခန့်ဝေးသော ရခိုင်ရိုးမတောင်တန်း ကြည်အိုင်စခန်းသို့ ခေါ်ဆောင်သွားပြီး လောကီကျင့် လောကုတ္တရာကျင့်စဉ်များကို သင်ကြားပြသ ဆုံးမ၍ ပါပေးပြီးလျှင် "ဒီပုတီးစိပ်ကို စိပ်ပါ။ ကိုယ်တော်ကဲ့သို့ ကြည်သူများကိုလည်း စိပ်နိုင်းပါ။ ဒီပုတီးကို စိပ်ခြင်းသည် ရတနာဂုံသုံးပါးကို ဆောက်တည်ခြင်းနှင့် တူသည်။ လောကီ ကောင်းကျိုး၊ လောကုတ္တရာ ကောင်းကျိုးကို ပြီးစီးအောင်မြင် စေသည်။ ဒီပုတီးစိပ်သည် မဟာဂန္ဓာရီ အရိယာတို့၏ ကျင့်စဉ်ဖြစ်သည်" ဟု အမိန့်ရှိတော်မူသည့် သိဒ္ဓိအောင် ပုတီး စိပ်ဖြစ်သည်။

ပုတီးစိပ်နည်းမှာ -

(၁) သိဒ္ဓိ ဘဂဝါ အရဟံ၊ ဗုဒ္ဓေါ မေ သတ္တ ပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂) သိဒ္ဓိ ဘဂဝါ အရဟံ၊ ဓမ္မော မေ သတ္တ ပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

(၃) သိဒ္ဓိ ဘဂဝါ အရဟံ၊ သံဃော မေ သတ္တ ပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ။

အားလုံးပြီးဆုံးမှ ပုတီးတစ်လုံးချပါ။

အနက်အဓိပ္ပာယ်မှာ -

**အရဟံ** - လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော် အထူးကို ခံယူတော်မူထိုက်သော၊

**ဘဂဝါ** - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားသခင်သည်၊

**သိဒ္ဓိ** - လောကီသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိအမျိုးမျိုး တို့နှင့် ပြည့်စုံတော်မူပါစေ၏။

**ဗုဒ္ဓေါ** - မြတ်စွာဘုရားသည်၊

**မေ** - ဘုရားတပည့်တော်အား၊

**သတ္တပါကာရံ** - တံတိုင်းငါးထပ် ကာရံဘိသကဲ့သို့ ဘေးအမျိုးမျိုးတို့ကို ကာကွယ် စောင့်ရှောက်တော်မူပါ ဘုရား။

ဤပုတီးစိပ်သည့်အခါ ဘုရားဂုဏ်တော်ကို အာရုံပြု ပါ။ ဤပုတီးကို ယုံကြည်စွာ စိပ်ကြပါလျှင် ဗုဒ္ဓနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်မည် ခြင်း၊ သရဏဂုံ သုံးပါးနှင့် အရဟံဂုဏ်တော်များကို ပွားများ အားထုတ်သည်မည်သောကြောင့် ကပ်ဆိုး၊ ဘေးဆိုးတို့မှ ကင်းလွတ်နိုင်ပါသည် ■

* * *

ဦးကိုကိုအေး(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ စံလွင်မောင်

# မြင်းမြူရှင်နတ်နန်း ဖြစ်ရပ်ဆန်း

နေအောင်လင်း(စဝလ)

ကိုဦးမောင်နှင့် မမြရီတို့မိသားစုမှာ ဘိုးဘွားစဉ်ဆက်ကပင် ဆိတ်သိုးမွေးမြူခြင်းအား စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အသက်မွေးခဲ့သူများ ဖြစ်သည်။ ဆိတ်မွေးမြူသူများအဖို့ စိတ်ရှုပ်ရသည်မှာ တခြားမဟုတ်၊ မနက်တစ်ခါ၊ ညတစ်ခါ တစ်နေ့ နှစ်ကြိမ် နေပူပူ၊ မိုးရွာရွာ မဖြစ်မနေ ဆိတ်ကျောင်း၊ သိုးကျောင်းထွက်ရခြင်းပင်ဖြစ်သည်။

ကိုဦးမောင်၏ ခြံတွင် ဆိတ်၊ သိုးပေါက်များအားလည်း နွားများကဲ့သို့ ဝေးစေ့အား ဝေးထုကာ ကစီဆိတ်ကြီးများအဖြစ် မွေး၍လည်း ထားသည်။ ကစီထုထားသည့် ဆိတ်သိုး

www.burmeseclassic.com

www.burmeseclassic.com

တို့အား လေးနှစ်သား၊ ငါးနှစ်သားအရွယ်ရောက်မှ အသား တိုးဆိတ်အဖြစ် ရောင်းချရာ သာမန်ရိုးရိုး ငုံးမထုဘဲ ထားသည့်ဆိတ်များထက် ဈေးကွက်လည်း ဝင်၍ ငွေအရလည်း ရှိသည်။ ထို့ကြောင့် ဆိတ်သိုးကြီးများအား ကစီရိုက်ထားပြီး မွေးမြူလေ့ရှိသည်။

ကိုဦးမောင်နှင့် မမြရီတို့ အိမ်ထောင်ကျပြီး သုံးနှစ်ကျော်မှ သားကလေးတစ်ယောက်အား ရှားရှားပါးပါးပင် မွေးမြူခဲ့ရသည်။ သားဦးဆိုတော့ အရှူးလိုပင် ဆိုရမည်။ ယောကျ်ားဖြစ်သူ ဆိတ်ကျောင်းသွားလျှင် အိမ်မှ မိန်းမဖြစ်သူက ထမင်းဟင်းချက်ရင်းကပင် ကလေးထိန်းသည်။ အိမ်ချိန်က ထွဲလျှင် ကလေးအား လက်ပေါ်က ချတယ်၊ သိပ်တယ် ချီ

တစ်နေ့ အိမ်ရှေ့မှ မြင်းလှည်းတစ်စီး ဖြတ်မောင်းသွားသည်ကို မြင်လိုက်ရသည့် ကိုဦးမောင်၏ သားငယ်က "ဖေဖေ အဲဒီ မြင်းလှည်းကြီး သား စီးချင်၊ လိုချင်လိုက်တာ"ဟု ပူဆာလာသည်။ သားဖြစ်သူက ပူဆာတော့ ကိုဦးမောင်က ကိုယ်ကလည်း လက်သမားအလုပ်ကို မတောက်တခေါက် တတ်ထားသူဖြစ်လို့ သူ့သားလေး စီးဖို့ လှည်းငယ်ငယ်တစ်စီး လုပ်မယ်လို့ စိတ်ကူးပေါက်လာသည်။ ဒီလိုနဲ့ လှည်းဘီးလုပ်ဖို့ သံခွေနှစ်ခွေ၊ ထိပ်ဝအကျယ် လူနှစ်တောင်ရှိတဲ့ သံခွေဟာ သံခွေရဲ့ အတွင်းပိုင်းမှာ သစ်သားတန်း နှစ်ချောင်း ကြက်ခြေခတ်သဏ္ဌာန် ထွင်းထစ်ပြီး သံခွေအား ဒိုင်းဒေါက်သွယ် ကပ်ရိုက်ကာ ထောက်ထားလိုက်သည်။ ပြီးလျှင် လေးထောင့် ကြက်ခြေဗဟို အလယ်ဆုံနေရာကနေ လှည်းကြီးများဆိုလျှင် လှည်းဝင်ရိုးပေါက်ဆိတ် မျက်လုံးပေါက် ဖောက်ကာ ထားလိုက်သည်။ လှည်းအိမ်မှာ ပျဉ်ချပ်များနှင့် လေးထောင့် သေတ္တာများကဲ့သို့ လူနှစ်ယောက်ထိုင်သာရုံ ပြုလုပ်ထားသည်။

ထိုလှည်းငယ်အား နွားများ၊ မြင်းများနှင့် ဆွဲကာ လှည်းတပ်ခြင်း မဟုတ်။ သူ့ခြံတွင်းရှိ ကဆီ ဆိတ်သိုးကြီး နှစ်ကောင်အား နွားများကဲ့သို့ ထမ်းပိုးကျင့်ကာ ဆိတ်လှည်းအား ဆွဲစေခြင်းဖြစ်သည်။ ဆိတ်သိုးနှစ်ကောင်နှင့် ဆွဲသည့် ဆိတ်လှည်းကလေးမှာ ကိုဦးမောင်တို့ သားအဖနှစ်ယောက် ထိုင်တာတောင် မပြို။ စလင်းမြို့တစ်မြို့လုံး လှည့်ပတ်ပြီး ဆွဲနိုင်တာ တွေ့ရသည်။

ဆိတ်တွေနဲ့ လှည်းကျင့်လို့ ရတာနဲ့ ကိုဦးမောင်တို့ သားအဖနှစ်ယောက် မနက်စောစောလို၊ ညနေဘက် ဆိတ်ကျောင်းပြန်တဲ့ အချိန်တွေမှာလို မြို့ထဲ လမ်းပေါ် ခဏတဖြတ် လှည့်ပတ်မောင်းကာ ဆိတ်လှည်းစီးလျက်ရှိသည်။

ထိုအချိန်က မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီ အစိုးရ အုပ်ချုပ်ချိန်က ဖြစ်သည်။ စလင်းမြို့တွင် တာဝန်ကျသည့် မြို့ပိုင်မင်းကလည်း အင်္ဂလိပ် ကပြားပင် ဖြစ်သည်။ သူက မြန်မာပြည်မှာ အနေကြာ၍ မြန်မာစကား ကောင်းကောင်းပြောတတ်သူလည်း ဖြစ်သည်။

တစ်နေ့ ကိုဦးမောင်တို့သားအဖ ဆိတ်ဆွဲသည့် လှည်းကလေးနှင့် မြို့ထဲ လှည့်ပတ်စီးနေစဉ် စလင်းမြို့၏ မြို့အုပ်မင်း၊ အရေးပိုင်မင်းအိမ်ရှေ့က ဖြတ်မောင်းသွားခဲ့သည်။ ဆိတ်လှည်းဖြတ်မောင်းသွားစဉ် အရေးပိုင်မင်း၏ သားငယ်မှ ထိုဆိတ်လှည်းအား စီးချင်၊ လိုချင်တပ်မက်သည့်စိတ်ဖြစ်ကာ သူ့ဖခင်အား နားပူနားဆာလုပ်လေတော့သည်။

မြို့အုပ်မင်းကလည်း ငါ့သား ဒီလောက်ထိ ဒီပစ္စည်းကို မက်မောနေမှတော့ အဖေရအောင် ဝယ်ပေးမယ်ဟု ဆိုကာ ကိုဦးမောင်အိမ်သို့ မေးကာ မြို့အုပ်မင်းကိုယ်တိုင် ရောက်လာခဲ့သည်။

◈◈◈

ဤသို့ဖြင့် အရေးပိုင်မင်းကိုယ်တိုင် ကိုဦးမောင်အိမ်သို့ ဂျစ်ကားလေးစီးကာ ရောက်လာခဲ့သည်။

"ကိုဦးမောင်အိမ်ဆိုတာ ဒီအိမ်လား"

"ဟုတ်ပါတယ် မြို့ပိုင်မင်း။ ဘာကိစ္စများ ရှိလို့ပါလဲ။ အိမ်ထဲကို ကြွပါ"

ဟု ဆိုကာ အိမ်ထဲ ခေါ်သွားသည်။

"လာရင်းကိစ္စ အမိန့်ရှိပါ မြို့ပိုင်မင်း"

"မောင်ဦးမောင်တို့ စီးလာတဲ့ ဆိတ်ဆွဲတဲ့ လှည်းကို ကျွန်ုပ်အား ရောင်းပါ။ ကျွန်ုပ်သားလေးက မရမက ပူဆာနေလို့ပါ။ ပိုက်ဆံလိုသလောက်ပြောပါ မောင်မင်း"

"ဗျာ၊ ဆိတ်လှည်းလေးကို ရောင်းရမယ်၊ ဟုတ်လား"

"ဒါတော့ တဆိတ်သည်းခံပါ မြို့ပိုင်မင်း။ ကျွန်တော် ပိုက်ဆံ ဘယ်လောက်ပေးပေး မရောင်းနိုင်ပါဘူး"

ဆိုကာ ငြင်းဆိုလွှတ်လိုက်သည်။

"ဒီလိုဆိုရင် မောင်မင်း အဲဒီဆိတ်လှည်းကို ကျွန်ုပ် အိမ်ရှိတဲ့ လမ်းရှေ့ကနေ လုံးဝ မမောင်းရဘူး။ ဒါ ကျွန်ုပ်ရဲ့ အမိန့်ပဲ"

ဟု ဆိုကာ ဆိတ်လှည်းအား သူနေရာ လမ်းရှေ့ကနေ လုံးဝ မောင်းခွင့်မပေးဘဲ ပိတ်ပင်လိုက်သည်။

ထိုနေ့မှစ၍ ကိုဦးမောင်တို့သားအဖလည်း မြို့ ဆိတ်လှည်းစီး၍ ထွက်သည့်အခါ မြို့ပိုင်မင်းအိမ်ရှေ့က



www.burmeseclassic.com

www.burmeseclassic.com

မဖြတ်ဘဲ တခြားလမ်းကြောင်းပြောင်းကာ မောင်းရသည်။

စလင်းမြို့တွင် ရွှေကန်ဆာဘုရားကြီးမှာ ဆင်ဖြူကျွန်း၊ ပွင့်ဖြူက လမ်းအနောက်ဘက်၊ စေတုတ္တရာဘက်၊ လင်းဇင်းဆည်ဘက် တက်သည့် အနောက်ထွက်သွားသည့် လမ်းခွဲ၏ မြောက်ဘက်ကပ်လျက်တည်ရှိရာ၊ အဘ မြင်းဖြူရှင်နတ်နန်းကလည်း လမ်းမြောက်ဘက် ကပ်လျက်၊ ဟိုးရှေးယခင်ကတည်းက တည်ရှိခဲ့သည့် နေရာလည်းဖြစ်သည်။ ကိုဦးမောင်တို့သားအဖ စီးလာသည့် ဆိုက်ဆွဲသည့် လှည်းမှာ ထိုရွှေတန်ဆာဘုရားကြီးရှေ့ မြင်းဖြူရှင်နတ်နန်းရှေ့က နေ၍ စီးကာ ပြန်လာခဲ့ရသည်။

မြင်းဖြူရှင်နတ်နန်းရှေ့ ဆိတ်လှည်းမောင်းကာ ပြန်လာခဲ့သည့်ညမှာပင် ကိုဦးမောင်တစ်ယောက် အပျင်းဖျားကာ စကားမေးပင် မရ။ သတိကလည်း မရတစ်ချက် ရတစ်ချက်နှင့် ဇဝေဇဝါများပင် ပြန်လျက်ရှိသည်။ အသက်ရှူကာ လည်းမမှန်။ ဝေဒနာကား ပြင်းထန်ပုံရသည်။ ခေတ္တ မျက်စိဖွင့်ကြည့်ပြီး မေးခနဲ ပြန်အိပ်ပျော်သွားလိုက်နှင့် ဟိုလူး ဒီလိမ့်ကာ ရှိသည်။

ခေတ္တ မေးခနဲ အိပ်ပျော်သွားချိန်တွင် အိပ်မက်လိုလို၊ တကယ်ပင် ကြုံတွေ့ရသလိုလိုနှင့် ကိုဦးမောင်၏ ရင်ဘတ်အား မြင်းဖြူစီးသည့် လူတစ်ယောက်က ရင်ဝအား မြင်းခွာနှင့် နင်းထားသလို ခံစားနေရသည်။ ထိုမြင်းဖြူစီးသူကပင်-

"မင်းလားကွ၊ ငါ့ကို အန်တုပြီး ငါ့နန်းရှေ့ ဆိတ်လှည်းဖြတ်မောင်းတာ။ မင်း ငါ့ကို မရိုမသေ မလေးမစားလုပ်လို့ အခုလိုလုပ်ထားတာပဲ၊ သိပြီလား"

ဟု ကြိမ်းမောင်းကာ ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ကိုဦးမောင်မှာ သတိအနည်းငယ် ပြန်ရလာပြီး သူ မေးခနဲ အိပ်ပျော်သွားချိန် အိပ်မက် မက်နေတာပါလားဟု သိရတော့သည်။

"ငါ့နန်းရှေ့လာပြီး မင်းက ငါ့ကို အန်တုတာလား" တဲ့။

နောက်နေ့ မနက်မိုးလင်းတာနှင့် အိမ်ရှင်မ ဖြစ်သူ မမြရီအား မြို့ထဲမှ ဗေဒင်ဆရာတစ်ဦးထံ သွား၍ မေးမြန်းတွက်ချက်ကြည့်ခိုင်းလိုက်သည်။

ဗေဒင်ဆရာ ဟောလိုက်သည်ကလည်း ...

"ညည်းယောက်ျား မြင်းဖြူရှင်နတ်နန်းရှေ့မှာ ဆိတ်လှည်းဖြတ်မောင်းလို့ သူ့ကို မရိုမသေ မလေးမစားလုပ်တယ်ဆိုပြီး ညည်းယောက်ျားရင်ဝကို မြင်းခွာနဲ့ နင်းထားလို့ အသက်ရှူမဝ၊ အသက်ရှူကျပ်ပြီး ဖြစ်ရတာ"

ဟု ဟောလိုက်သည်။

"ဒီဝေဒနာ အမြန်ပျောက်ချင်ရင်တော့ အဘ မြင်းဖြူ နတ်နန်းမှာ အုန်းငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ၊ ဆေး တော်ကအစ ဝယ်ပြီး အဘ မြင်းဖြူရှင် ကျေနပ်အော ကျွန်တော်တို့ အမိုက်အမဲတွေမို့ တစ်ကြိမ်တစ်ခါ ပြစ်မှ ခဲ့မိတာ ဖွေမယူပါနှင့်၊ ခွင့်လွှတ်တော်မူပါ"ဟု ပြောဆို ပွဲ ပြီး တောင်းပန်လိုက်ပေတော့"

ဟု ဆိုကာ ပွဲပေး တောင်းပန်ခိုင်းလိုက်သည်။

ကိုဦးမောင်လည်း ဝေဒနာအမြန်ပျောက်ချင်၍ ဗေ ဆရာပြောသည့်အတိုင်း ကန်တော့ပွဲပေး တောင်းပန်လို ရာ ချက်ချင်းဆိုသလို သက်သာ ပျောက်ကင်းသွားခဲ့သည်

◈◈◈

ဆရာတော်ကြီးများ ဟောကြားတော်မူသော အ ဟာနိယ (မဆုတ်ယုတ်ကြောင်း) တရား ၇ပါး ဟောကြ သည့်အခါ နာယူမှတ်သားရသည်မှာ ဆရာတော်ကြီးမျ နတ်များအား ရတနာသုံးပါးကဲ့သို့ ကိုးကွယ်ရာအဖြစ် မထ ရဘူး။ မိတ်ဆွေအဖြစ် ထားပါ။ မိမိတို့ ပြုလုပ်ရရှိ ကုသိုလ်ကို အမျှအတန်းပေးဝေပါ။ ပူဇော် ပ,သပြီး မေတ္တ ပို့ပေးပါ။ နတ်တို့အား မပူဇော်၊ မပ,သသည့်တိုင်အော အောက်နတ်တွေကို ညည်ပန်းနှိပ်စက်မှု မပြုရပါ။ နတ် နေရာ နတ်ကွန်း၊ နတ်စင်တို့ကို ဖျက်ဆီးမှု၊ ဆဲဆို ကြိမ် မောင်းမှုတို့ မပြုလုပ်ရဟူ၍လည်း ဟောကြားခဲ့သည်တို့အ နာကြားရပါသည်။

(မှတ်ချက်။ ဖော်ပြပါ ဖြစ်ရပ်မှာ နတ်နန်းရှေ့ မ မြင် ပြုလုပ်မိ၍ ကြုံတွေ့ရသည့် ဖြစ်ရပ်မှန်တစ်ခုဖြစ် လူအမည်အား ပြောင်းလွှဲ ရေးသားထားပါသည်။)■

* * *

နေ့အောင်လင်း(စ



www.burmeseclassic.com

www.burmeseclassic.com

သန်းထွေးဦး (ရွှေဘို)

# တွေးရခက်သော အရာ



မြိုင်မဟာအိမ်ကြီးသည် သရဲခြောက်တယ်လို့ နာမည်ကြီးလှသည်။ ထိုအိမ်ကြီးရှေ့ ဖြတ်လျှောက်သူတိုင်း စိတ်ကအထိုလို ကြောက်စိတ်ဝင်ကာ ကြက်သီးမွေးညင်းထကြ၏။ အဝင် လမ်းထိပ်တွင် အိမ်ကြီးက ထီးတည်းကြီး ရှိသလို၊ သူမနေတာ ကြာ၍ ချုံနွယ်တွေ ပြည့်လျက်နှင့်မို့ တောကြီးသဖွယ်ဖြစ်နေ၏။ ထိုအိမ်ကြီး၏ ပိုင်ရှင် ဘယ်ရောက်လို့ ဘယ်ပျောက်မှန်း ရွာသူရွာသားတွေ ကောင်းကောင်းမသိကြ။

နံနက်ခင်း မင်္ဂလာအချိန်အခါသမယမှာ အမင်္ဂလာ သတင်းတစ်ခုကြောင့် ရွာသူရွာသားတွေ အထိတ်တလန့်ဖြစ်နေကြသည်။ အရက်သမား သာထူးတစ်ယောက် ထိုအိမ်ကြီးရှေ့တွင် မျက်လုံးပြူး မျက်ဆန်ပြူးကာ သေခနေ၍ပင်။

"သရဲမြင်ပြီး လန့်သွားတာ နေမှာ"

"ငါဖြင့် ကြည့်ရင်း ကြက်သီးမွေးညင်းတောင် ထတယ်"

"ဟဲ့ - ကလေးတွေ၊ နောက်ဆိုရင် ဒီဘက်ကို လာဆော့ကြနဲ့၊ ကြားလား"

"သရဲက လိပ်ပြာနုတ်သွားလိမ့်မယ်"

ရွာသူရွာသားတွေ သာထူး နာရေးကိစ္စကို ဝိုင်းဝန်းကာ ကူညီလုပ်ဆောင်ပေးရင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ရွာဦးကျောင်း ဆရာတော်ကလည်း ထိုအိမ်ကြီးအနီးတွင် အန္တရာယ်ကင်း ပရိတ်တရားများ ရွတ်ဖတ်ကာ အမျှဝေပေးလိုက်သည်။ ဒီအိမ်ကြီးနဲ့ ပတ်သက်၍ သိသူမှာ တစ်ရွာလုံးတွင် တစ်ယောက်သာ ရှိ၏။ ထိုလူသည် တစ်ချိန်က ထိုအိမ်ကြီးတွင် ခြံစောင့်အလုပ် လုပ်ဖူးသော ဦးဖိုးလုပင်။ ရွာသူရွာသားတွေက ထိုအိမ်ကြီးကို ကြောက်နေကြပေမယ့် စိတ်ဝင်စားမှုကတော့ ရှိကြသည်။

"ဦးလေး သိသလောက်ကတော့ မိသားစုအားလုံး မြို့တက်ပြီး ပြန်မလာတော့တာပဲ သိတယ်ကွယ်"

"ဒါနဲ့ ဦးလေး၊ ဒီအိမ်ကြီးပိုင်ရှင်က ဘယ်သူလဲ"

"ပိုင်ရှင်က ဦးငွေတင်ကွဲ့။ မိသားစုကလည်း သားမိသားဖ လေးယောက်ပဲ ရှိတာ"

ဦးဖိုးလုက သိသလောက်သာ ပြောပြသည်။ ဘာကြောင့် ပြန်မလာကြတာလဲဆိုတာ မသိချေ။

◈◈◈

ခွေးပုတို့အုပ်စုသည် မြိုင်မဟာအိမ်ကြီးအနီးတွင် နွားကျောင်းရင်း ဆော့ကစားနေကြသည်၊ ခွေးပု၊ ကြွက်နီ၊ ဖိုးကဲ သုံးယောက်သား ဆော့လို့ မောတာနဲ့ နားလိုက်ပြီး…

"ဟာ…ဗိုက်ဆာလိုက်တာကွာ"

ကြွက်နီက ပြောလိုက်၏။

"ဆာရင် ဟိုခြံကြီးထဲက မာလကာသီး ခူးစားရအောင်"

"ဟာ…မခူးရဲပါဘူး။ တော်ကြာ သရဲ ကုပ်ချိုးလိုက်မှဖြင့်"

ခွေးပုစကားကြောင့် ဖိုးကဲ ကြောက်သွားသည်။

"မင်းတို့ မစားချင်နေပေါ့၊ ကြွက်နီတို့က မကြောက်ဘူးကွ"

"ဟေ့ကောင် ကြွက်နီ၊ လျှောက်မလုပ်နဲ့ကွ"

ခွေးပုနှင့် ဖိုးကဲက တားပေမယ့် မရပါ။ ကြွက်နီသည် ခြံစည်းရိုးက ချုံနွယ်တွေထဲ တိုးဝင်ကာ မာလကာသီးပင်ရှိရာသို့ သွားသည်။ သိပ်မကြာလိုက်ပါ။

"အမလေ…ကယ်ကြပါဦးဗျို့ ကယ်ကြပါဦး"

ကြွက်နီအသံကြောင့် ဖိုးကဲနှင့် ခွေးပုပါ လူတွေကို

www.burmeseclassic.com

ထားခဲ့ပြီး ရွာဘက်သို့ ပြေးကာ ရွာသူရွာသားတွေကို အကျိုးအကြောင်းပြောပြလိုက်သည်။

သိပ်မကြာခင်မှာ ရွာသူရွာသားတွေ ရောက်လာကြပြီး ကြွက်နီကို ရှာဖွေလိုက၏။ ကြွက်နီမှာ ခြံစည်းရိုးနားတွင် ပြေးရင်း ချုံနွယ်တွေနဲ့ ငြိကာ သတိလစ်နေ၏။

"သား…ကြွက်နီ"

"မြန်မြန်လုပ်ကြ"

ကြွက်နီကို ပွေ့ချီကာ တစ်ရွာလုံး၏ အားကိုးရာ ဆေးဆရာ ဦးလုဘော်ဆီကို ခေါ်လာခဲ့သည်။ ဦးလုဘော်သည် ဆေးကုသည့်အပြင် ပယောဂတွေပါ ကုပေးတာ နာမည်ကြီးသူမို့ ရွာအနီးအနားကအစ အားကိုးကြ၏။ ဦးလုဘော်သည် ကြွက်နီကို ရေမန်းတွေနဲ့ မန်းမှုတ်ပေးလိုက်ပြီး သိပ်မကြာပါ။

"အမေ…ကယ်ကြပါဦးဗျ၊ မည်းမည်းကြီး"

ကြွက်နီပါးစပ်က သတိပြန်ရကာ ထအော်လိုက်သည်။

"မဟုတ်မှလွဲရော၊ ဒါ သရဲခြောက်ခံရတာပဲ ဖြစ်မယ်"

"ဒါကြောင့် ဒီအိမ်ကြီးနား မသွားကြပါနဲ့ တားတာ"

"မကောင်းဆိုးရွားတွေ ရှိပါတယ်ပြောတာ မယုံကြဘူး"

ကြွက်နီ၏ အဖြစ်အပျက်ကြောင့် တစ်ရွာလုံး ပိုပြီး ကြောက်လန့်သွားကြသည်။ ရွာသူကြီးကလည်း ထိုအိမ်ကြီးနားကို မသွားမလာကြဖို့ ရွာသူရွာသားတွေကို ခေါ်ကာ သတိပေးလိုက်၏။ ညညဆိုရင်လည်း ထိုအိမ်ကြီးဆီမှ အသံဗလံတွေ အမျိုးမျိုးကြားနေရပြီး ချုံနွယ်တွေ ယိမ်းကသလို လှုပ်ရမ်းပြနေတာ မြင်ရသူတွေ ရှိသည်။ ညတိုင်းတွင် မကြာခဏဆိုသလို တောတိုးသံ၊ လေတိုက်သံတွေ ကြားနေရသည်မို့ မြိုင်မဟာအိမ်ကြီး၏ မနီးမဝေးမှာ နေထိုင်တဲ့ လူတချို့က တခြားနေရာကို ပြောင်းရွှေ့နေကြရသည်။ အရင်က ဒီအိမ်ကြီးသည် ယခုလောက် သရဲမခြောက်သေး၍ ယခုနှစ်ထဲတွင် တဖြည်းဖြည်း ပိုဆိုးလာတာကို တစ်ရွာလုံး တအံ့တသြဖြစ်နေကြ၏။

"ဒါ သရဲတွေ များလာတာပဲ ဖြစ်မယ်ဗျ"

"ဟုတ်လောက်တယ်နော်"

"အရင် ကျုပ်တို့ရွာ ဒီလိုမှ မဖြစ်တာပဲ"

"ခုဟာက ဒီအိမ်ကြီးနားမှာပဲ တစ်ယောက်မဟုတ် တစ်ယောက် တစ်ခုခုဖြစ်နေတာပဲ"

"ခက်တာပဲဗျာ၊ ဆရာတော်လည်း အန္တရာယ်ကင်းပရိတ်တွေ ရွတ်ဖတ်ပေးနေတာကိုတောင်မှနော်"

တစ်ရွာလုံး ထိုအိမ်ကြီးအကြောင်းသာ တစ်ယော[က်]
တစ်ပေါက် ပြောဆိုနေကြပြီး စဉ်းစားရကျပ်နေကြ၏။ ၎င်း[…]
အထဲတွင် ရွာထဲ၌ လူမိုက်ကြီးလုပ်နေသည့် မဲကြီးလည်း
အရင်ကလို လူမိုက်မလုပ်ရဲတော့ဘဲ အားရင် ဘုရားစာတွေ
သာ ရွတ်ဖတ်နေတော့သည်။ မဲကြီး ပြောင်းလဲပုံကိုလည်း
အံ့သြနေကြပြီး…

"မဲကြီးက လူသာ မိုက်တာ၊ သရဲတော့ ကြောက်
တတ်သားပဲ"

"ကြောက်တာပေါ့ဗျ။ သရဲဆိုတာ မြင်ရတာ မှတ်လို့
သွား…သွား၊ ဒီအကြောင်း မပြောကြနဲ့"

မဲကြီးသည် တကယ်ကို ကြောက်နေခြင်းပင်။ မဲကြီး[…]
ပုံစံကို ကြည့်ပြီး တချို့က ပြုံးစိစိဖြစ်ကာ မဲကြီးကို နိုင်[…]
သူ ပေါ်လာပြီဟု ပြောကြသည်။

မြိုင်မဟာအိမ်ခြံကြီးထဲ ဝင်သွားတဲ့ တိရစ္ဆာန်မှန်သမျှ
ပြန်ထွက်လာတယ်လို့ မရှိချေ။ နွားပိုင်ရှင်တွေမှာ ငိုတဲ့[…]
ငိုကြသည်။ နွားကျောင်းတာကအစ ဂရုတစိုက်နဲ့ ထိုအိမ်
ကြီးဘက် မသွားအောင် ထိန်းကျောင်းရတဲ့အထိ ဖြစ်လာကြ
သည်။ ကြွက်နီကတော့ အသက်မသေပေမယ့် ရူးသ[…]
ကြောင်သလိုဖြစ်သွားပြီး ညညဆိုရင် ထ,ထပြီး အော်[…]
တတ်သည်။ ဦးလုဘော်က ကြိုးစားကုပေမယ့် မပျောက်[…]
မိဘတွေမှာလည်း သားဖြစ်သူ ခုလိုဖြစ်သွားတာကို ကြည့်[…]
စိတ်မချမ်းသာကြချေ။

◈◈◈

တစ်နေ့တွင် ညနေ နေဝင်ခါနီး၌…

"ဟာ…"

"ဟင်…"

"ဟယ်…"

မြိုင်မဟာအိမ်ကြီးနား မလှမ်းမကမ်းက တစ်ရွာ[…]
ဝိုင်းကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် ချုံနွယ်တွေမှာ […]
မတိုက်ဘဲ လှုပ်ယမ်းနေသဖြင့် တစ်ရွာလုံး အထူးအဆ[…]
သဖွယ်ကြည့်ပြီး ပါးစပ်မှလည်း ဘုရားစာတွေ ရွတ်ဖတ်[…]
နေကြသည်။ မိုးချုပ်မှသာ ငြိမ်သက်သွားပြီး အသံတွေလည်း
တိတ်သွားတော့သည်။

"ဒါ သရဲတွေ တစ်ရွာလုံးကို သတိပေးနေတာ […]
မှာ"

"အဲဒါလည်း ဖြစ်နိုင်တာပဲ။ နောက်ပြီး နေဝင်ချိန်[…]
တော့ သူတို့ ဆာလောင်နေလို့လည်း ဖြစ်မှာပေါ့"

www.burmeseclassic.com

"တော်ပြီဗျို့ ကျုပ်တော့ ပြောရင်း ကြက်သီးထလာ ယ်"

မိဘတွေမှာလည်း ကလေးငယ်တွေ အငိုမတိတ်ရင် အိမ်ကြီးနဲ့ ခြောက်လှန့်မှသာ အငိုတိတ်အောင် လုပ်ကြ ညအိပ်တာတောင် တချို့ ကောင်းကောင်းမအိပ်ရဲကြ စိတ်ထဲ အလိုလိုနေရင်း ကြောက်နေပြီး မျက်စိထဲမှာ ည်း ထိုအိမ်ကြီးကိုသာ မြင်နေကြတော့သည်။ မြို့မဟာ ကြီးအကြောင်းက ရွာနီးနားက ရွာတွေသို့ပါ ပျံ့နှံ့သွား တော့သည်။

ကျွဲပျောက်၊ နွားပျောက်က မကြာခဏဆိုသလို ကြား ရသည်မို့ သူကြီးနဲ့ ရွာသူရွာသားတွေ စိတ်ညစ်နေကြ သည်။ သံခဲသည်လည်း သားဖြစ်သူ ကွက်နီကို ကြည့်ပြီး မကောင်းသလို၊ ခိုင်းနွားကြီးတစ်ကောင် မြို့မဟာအိမ် ထဲ ဝင်သွားတာ ပြန်ပေါ်မလာတော့သဖြင့် မကျေမနပ် နေသည်။

"တောက်···တွေ့ကြသေးတာပေါ့ကွာ။ ဘာ သရဲ ကောင်မှ ဂရုမစိုက်ဘူး"

သံခဲသည် ငှက်ကြီးတောင်ဓားကြီးကို သွေးလိုက်၏။

"ကိုသံခဲ၊ ရှင် ဘာလုပ်မလို့တုန်း"

"ငါ့သားနဲ့ ငါ့နွားအတွက် ဟိုအိမ်ကြီးကို ကလဲ့စားချေ ကွ"

"အမလေး···ကိုသံခဲ၊ ရှင် ရူးနေသလား။ တစ်ရွာလုံး တဲ့ ဒီအိမ်ကြီးကို···"

မိန်းမဖြစ်သူက တားပေမယ့် သံခဲက မရပါ။ မြို့မဟာ သို့ တိုးဝင်သွားပြီး ပါးစပ်က စိန်ခေါ်စကားဆိုလိုက် သည်။

သူကြီးအပါအဝင် တစ်ရွာလုံး သံခဲကို မသွားဖို့ ခေါ် ပေမယ့် မရပါ။ တစ်ယောက်မှလည်း ခြံထဲ လိုက်ဝင်၍ ကို မဆွဲရဲကြပါ။ သစ်ပင်အရိပ်အာဝါသ ကောင်းခြင်း ကြောင့် နေရောင်ပင် မထိုးသော ခြံ။

သံခဲသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး င်မှတ်ဘဲ တိရစ္ဆာန်အရိုးစုတွေကို တွေ့လိုက်ရသဖြင့် ကြည့်နေလိုက်သည်။ ထိုသို့ အရိုးစုတွေကို ကြည့်နေ ပင် မထင်မှတ်တဲ့ အသံတစ်ခုကြောင့် ဘေးဘီကို ကြည့်လိုက်ရာ···

"ဟင်···"

သံခဲမှာ အနည်းငယ်တော့ တုန်လှုပ်သွားပြီး အံ့ဩ တာ···

"လာစမ်း။ ခင်လား ငါ့နွားနဲ့ ငါ့သားကို ဒုက္ခပေးတာ"

သံခဲသည် အနောက်ကို ဆုတ်ကာ ဆုတ်ကာနှင့် ခြံစည်းရိုးနားအထိ ရောက်လာခဲ့သည်။ တရွေ့ရွေ့ တိုးကပ်လာသော သတ္တဝါတစ်ကောင်က···။

သတ္တဝါနှင့် လူ အင်အားက မမျှသည်မို့ သံခဲသည် ခြံကြီးအပြင်ဘက်ထိ ဆုတ်လာပြီး ရွာသူရွာသားတွေမှာ ချုံနွယ် သစ်ပင်တွေ လှုပ်ယမ်းနေတာကို ငေးကြည့်ရင်း···

"ဟင်···သံခဲ"

"ဟာ··· နည်းတဲ့ အကောင်ကြီး မဟုတ်ဘူး"

"သံခဲ···ပြေးတော့···သံခဲ"

ရွာသူရွာသားတချို့က ကြည့်ရင်း ပြေးသူက ပြေး၊ ပြေးသူက ပြေးနှင့်။ သံခဲကတော့ မပြေးပါ။ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကာ အသက်ချင်းလဲဖို့ ပြင်ဆင်ထားလိုက်သည်။

သတ္တဝါကြီးက အခြားတော့ မဟုတ်ပါ။ လူကြီး လက်နှင့် ဖက်ထားကြည့်ရင် လက်နှစ်ဖက်ထိရုံသာ လုံးပတ်ခန့်ရှိသော မြွေကြီးတစ်ကောင်ပင်။

သံခဲသည် မြွေကြီး ဝါးမျိုခြင်းကို ခံဖို့ ဓားကြီးကို ထောင်ကာ အသင့်ပြင်လိုက်သည်။ မြွေကြီးသည် သံခဲကို ဝါးမျိုချိန်မှာတော့ နာကျင်ခံစားမှုတွေနဲ့အတူ တစ်ကိုယ်လုံး လှုပ်ယမ်းကာ နေတော့သည်။ သံခဲ၏ ဓားကြီးက မြွေကြီး၏ အာခေါင်ကို စိုက်ဝင်သွားသောကြောင့် ဖြစ်သည်။ သံခဲသည် လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး နာကျင်မှုတွေနဲ့ လှုပ်ယမ်းနေတဲ့ မြွေကြီးကို ကြည့်နေလိုက်သည်။ မြွေကြီး လုံးဝ ငြိမ်သက်သွားမှ ရွာသူရွာသားတွေ ပါးစပ်အဟောင်းသားဖြင့် မြွေကြီးကို ကြည့်ပြီး···

"ငါတို့ရွာကို ဒုက္ခပေးနေတာ လက်စသတ်တော့ ဒီကောင်ကြီးကိုး"

ရွာသူရွာသားများအားလုံး ယခုမှ အဖြေကို ရလိုက်ပြီး သံခဲကို သူရဲကောင်းသဖွယ် ချီးမွမ်းထောမနာပြုလိုက်ကြ၏။

ယခုတော့ မြွေကြီးအန္တရာယ်က ကင်းသွားပြီမို့ မြို့မဟာအိမ်ကြီးဆီမှ ဘာသံမှ မကြားရတော့ချေ။

တစ်ရွာလုံးလည်း စိတ်ချမ်းသာမှုအပြည့်နှင့်။

သံခဲကတော့ အားရကျေနပ်ကာ ပျော်နေလေတော့သတည်း။■

* * *

သန်းဆွေဦး([illegible])

www.burmeseclassic.com



# တန်ပြန်သက်ရောက်မှု

"ဒီနေ့ ရွာမှာ ဝက်နှစ်ကောင် ပေါ်စရာရှိတယ်။ အပြန်မှာ ဟင်းစားရလာမယ်။ အဲဒါ ဒေါ်အေးမို့ကြီးဆီမှာ ဆန်နဲ့ ဆီငါးကျပ်သားလောက် အကြွေးသွားဝယ်ထား။ ငါပြန်လာရင် ဝက်ထိုးခ အတွက် ပိုက်ဆံရမယ်။ အဲဒီအခါကျ ပေးပါ့မယ်လို့ ကြားလား"

ဓားငထွန်းက သူ့မိန်းမအား သေသေချာချာမှာနေသည်။ ဓားငထွန်း ဆိုသည့်အတိုင်း အမြဲတမ်း သူ့ခါးတွင် ဓားတိုတစ်လက်က ရှိနေသ… မှာ ပန်းပဲဖိုတွင် သီးသန့်မှာပြ… သော ဓားဖြစ်သည်။ ဓ… လည်း မတို၊ ငှက်ကြီး… လောက်လည်း မရှည်ပေ… ဓားသည် ဓားမြှောင်ထက်… ဓား၊ အနည်းဆုံး တစ်… သည်။ ဓား၏ ထိပ်များမှာ … အပြားသေးသည်။ ထိုမှ … အရင်း… ဓားပြားမှာ အ…

www.burmeseclassic.com

www.burmeseclassic.com



...သွားမှာလည်း မြနေအောင် ...ည်။ မားငထွန်း၏ ပုံသဏ္ဌာန် ...ည့်လျှင် အမြဲတမ်း အင်္ကျီ ... သေသေသပ်သပ် ဝတ်ထား ... ဦးခေါင်းထက်ရှိ ဆံပင်တို့

မှာ မတိုမရှည် ဖွာလန်ကျဲနေသည်။ ခေါင်းထားသည့် ဦးထုပ်ပြားချပ်ချပ်မှာ အရောင်အဆင်းက ပြောင်ပြောင်ထင်းထင်း မရှိ။ ချေးက အထပ်လိုက် မည်းညစ်ညစ်ဖြစ်နေသည်။

မျက်နှာက ကြမ်းတမ်းခက်ထန်သည်။ ညိုညစ်သော အသားအရေတွင် မျက်နှာတစ်ပြင်လုံး တင်းမာ၏၊ မဲ့ ခြောက်တွေ ပြည့်နှက်နေသည်။ နှာခေါင်း ပွပွနှင့် ပါးစပ်ပြဲပြဲဖြစ်သည်။ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com

အထက်ပိုင်းတွင် အင်္ကျီကို မတွေ့ရ။ ကျောပြောင်နှင့်သာ။ ခါးတွင် စည်းထားသည့် ပုဆိုးမှာလည်း အရောင်အဆင်း မဲ့နေပြီ။ ထိုပုဆိုးကိုပင် ဒူးအထက်ထိ မ,ကာ ဘေးနှစ်ဖက်က အစကို ခါးနှစ်ဖက်တွင် ချိတ်ထားသည်။ ကြီးမားတုတ်ခိုင်သော သလုံးသားတွင် ပေါက်နေသော အမွေးအမျှင်တို့မှာ မြင်ရသူအတွက် မသတီစရာကောင်းလှသည်။ ဘယ်လိုပင် မသတီစရာဖြစ်ပါစေ၊ အမြဲတမ်း အရက်နှင့်သာ နှစ်ပါးသွားနေသူဖြစ်ပါစေ၊ ဓားငထွန်းနှင့် ကင်းလွတ်သူက ရှားလှသည်။ ဝက်သတ်လိုင်စင်ရထားသော ကိုကြင်ရွှေက ဓားငထွန်းကို သူ့အတွက် အဖော်ကောင်းတစ်ယောက် အနေနှင့် အမြဲတမ်း အမွှမ်းတင်စကား ပြောတတ်သည်။ ဓားငထွန်းကလည်း ဝက်ကို သတ်ရာတွင် လက်က ယဉ်သည်။ တွန့်ဆုတ်မှု မရှိ။ အသက်တစ်ချောင်းကို သူ၏ ဓားတစ်ချောင်းနှင့် တစ်ချက်တည်း ဘဝပြောင်းစေသည်။

ဓားငထွန်း ဝက်သတ်ပုံမှာ သူများတွေထက် ပိုသည်။ သတ်မည့်ဝက်ကို အကောင်လိုက် ခြေနှင့် လက်တို့ကို တုပ်နှောင်သည်။ ပါးစပ်တွင် မအော်နိုင်အောင် အာခေါင်ထဲသို့ အဝတ်စသော် လည်းကောင်း၊ ဆို့ထည့်သည်။ ထို့နောက် ရေနွေးပွက်ပွက်ဆူသော အိုးကြီးပေါ်တွင် နှုတ်ခမ်းနှစ်ဖက်ကို တုတ်တန်းတင်ကာ လူနှစ်ယောက်က ဝက်ကို လုံ၍ကိုင်စေသည်။ ထိုအခါ ဓားငထွန်းသည် သူပိုင်ဓားနှင့် ဝက်၏ လည်ပင်းပေါ် ခပ်နက်နက် အားစိုက်ပြီး တစ်ချက်တည်းနှင့် လှီးချလိုက်သည်။ ဝက်ခမျာ တစ်ချက်မျှသာ ရုန်းလိုက်နိုင်သည်။ လည်ပင်းဆီမှ သွေးတို့သည် ပွက်ပွက်ဆူထားသော ရေနွေးအိုးအတွင်းသို့ ကျဆင်းလာသည်။ သွေးရည်မှ သွေးခဲအစုသို့ ပြောင်းသွားသည်။

ဝက်တစ်ကောင်လုံးအား ခြေလက်တို့ကို ဖြတ်တောက်သည်။ ဝက်ခေါင်းကို ဖြတ်သည်။ ထို့နောက် ပွက်ပွက်ဆူနေသော နောက်ထပ် ရေနွေးအိုးအတွင်းသို့ ဝက်အကောင်လိုက်နှင့် ခြေခေါင်း၊ လက်တို့ ထည့်လိုက်သည်။ ၁၀ မိနစ်ခန့်အကြာတွင် ပြန်ဆယ်ကာ အမွေးရိတ်သည်။ ဓားငထွန်း၏ ဓားသွားတို့မှာ ဝက်မွေးရိတ်ရုံတင်မက၊ ဝက်အကောင်လိုက်မှ အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင်ထိ ပြုလုပ်နိုင်သည်။

ဓားငထွန်းအဖို့ ဝက်တစ်ကောင်လုံးကို ခွဲခြမ်းစိတ်ဖြာပြီးလျှင် သူ့တာဝန်ပြီးပြီ။ လက်ရှိ ပုလင်းထဲမှ ကျန်နေသည့် အရက်ဖြူတစ်ပိုင်းကို တစ်ငုံမော့သောက်လိုက်သည်။ အိမ်ပြန်သည့်လမ်းတွင် အရက်ဆိုင် ရောက်သည်အထိ ချန်ထားရသည်။

ညာဘက်လက်တွင် ဝက်သားကလီစာတစ်တွဲ၊ ဝက်ခြေထောက်တစ်ချောင်း၊ ခုတ်ပိုင်းပြီးသား တစ်ထုပ်ကို ကိုင်လာသည်။ ငထွန်း၏ ခန္ဓာကိုယ်ကလည်း ယိုင်လာသည်။ ခြေလှမ်းတို့က မနိုင့်တနိုင်၊ ရှေ့နောက်ယိမ်းထိုးလျက် လျှောက်လာသည်။

"ဒီအချိန်ရောက်လာရင်နော်၊ ငထွန်းစိတ်တွေ ဖောက်ဖောက်လာတယ်"

ဩထစ်ထစ် အသံကြီးနှင့် အော်ဟစ်ကာ ဆိုလာသည်။ ဒီတစ်ခါ ဝက်ဖျက်ရသည်မှာ အနည်းငယ် ပင်ပန်းသည်။ ဝက်က သားကျပြီးသားဖြစ်သည်။ အခေါက်ထူသည်။ အလှူအိမ်အတွက် ပေါ်ခဲ့သည့်ဝက်။ အချိန်တော့ တော်တော်လေး စီးသည်။ အိမ်ရောက်

လျှင် မိန်းမကို ဝက်ဝမ်းတွင်းသား
ကို သေသေချာချာကိုင်ပြီး ငရုတ်
ချင်းနိုင်နိုင်နှင့် ချက်ခိုင်းရမည်။
ပေါင်တွဲကိုတော့ ပြုတ်ခိုင်းထာ
နောက်နေ့မှ ချဉ်ပေါင်နိုင်းချင်းနှင့်
နေအောင် ချက်ပြီးစားဖို့ စဉ်းစားလို
သည်။ ရွာလယ်လမ်းမှ ဓားငထွ
အိမ်သို့ ပြန်လာရာတွင် တော်
လေးလှမ်းသည်။ သူတို့ လင်မယား
သည့်တဲက ရွာ၏ အစွန်အဖျား။ သူ
တဲ၏ ရှေ့တစ်ခေါ်တွင် ရွာ၏ သ
သည်။

"ခင်မေ... မင်း ဘယ်မှာ
ငါပြန်လာပြီ။ ငါပြောသလို လုပ်
လား"

"လုပ်ထားတယ်။ ကလေး
နေတယ်၊ တိုးတိုးပြောပါတော်"

"ကဲ-ရော့...ဟောဒီမှာ။
...ဖယ်၊ ငါကိုယ်တိုင်ပဲ လုပ်တော့မ
ဒီဝက်က ခေါင်းနည်းနည်းမာတဲ့ ဝ

အိမ်အတွင်းထဲမှ ထွက်လာသ
ဇနီးသည်ကို မျက်နှာချင်းဆိုင်မကြ
တော့ဘဲ ငထွန်းကိုယ်တိုင် ယူ
သည့် အသားတွဲများကို အိမ်နော
ဖက် ရေကပြင်သို့ ဆွဲယူသွားသ
စဉ့်အိုးအနားပြတ် အပိုင်းနားတ
အသားတွဲများကို ချထားလိုက်သ
မှူးကလည်း မှူး၊ မြူးကလည်း မြူ
သည်။

ခါးဆီမှ ဓားကို ဖြုတ်ယူလို
သည်။ ငရုတ်ကျည်ပွေ့ကို အရှည်လို
ထားပြီး ဓားကို သွေးလိုက်သည်။
ရောင်ခြည်ကွယ်စ အမှောင်သန်းစ
လာပြီ။

"ဖလပ်...ဖလပ်"

"ဟ...ဘာလဲကွ၊ တယ်...
ဒီခွေး လာပြီးဆွဲရတယ်လို
မည်သည့်နေရာမှ ပေါ်လာမှ





www.burmeseclassic.com

www.burmeseclassic.com

သော ခွေးနက်တစ်ကောင်က ရေ နေသည့် အူစုံတွဲအား ဆွဲခါပြီး လိုက်သည်။ ဓားငထွန်း ရင်ထဲမှ သတွေ ဆူဝေသွားသည်။ ခွေးကို နှင့် ပစ်ပေါက်လိုက်သည်။ ထိလား၊ လား သေသေချာချာမသိ။ ပြုတ် ကျန်ခဲ့သော အူတွဲကို ကောက်ယူ ရေစင်ဘက်သို့ ပြန်ခဲ့သည်။

"ဘုတ်…ဘုတ်…ဘုတ်"

"ဟာ…ဘာလဲ၊ သစ်ပင်ပေါ်က ကောင်တွေလဲ"

သူတို့နေသည့် တဲ၏နောက်တွင် ပင်ကြီးရှိသည်။ ထိုခရေပင်သည် ချိုပင်ဖြစ်၍ ပင်စည်က လက် ဖက်ပွေ့စာလောက် ရှိသည်၊ အပင် မြင့်ပြီး သူတို့အိမ်ခေါင်ကို မိုးနေ သည်။ ထိုအပင်ပေါ်မှ မည်းမည်းအလုံး ကျလာသည်။

"ခင်မေ…ခင်မေ၊ လာစမ်း"

စိတ်တိုတိုနှင့် တဲအတွင်းသို့ အော်ကာ ခေါ်လိုက်သည်။ တဲ တွင်းမှ မခင်မေ၏ အသံခပ်တိုးတိုး ပြန်ကြားရသည်။

"အသံပြန်မထူးနဲ့၊ လူလာခဲ့။ ဒီ နှင့်လင်တွေ လာရှုပ်နေတယ်။ ငါ သဖြစ်လာပြီ၊ ဖိုးတိုးတို့ဆိုင်သွားပြီး စ်ပိုင်းလောက် သွားဆွဲဦးမယ်။ အဲဒါ ခုတ်ထစ်ထားပြီးပြီ၊ နင်ပဲ ချက် ကိုက်တော့"

နှုတ်မှ မကြားဝံ့ မနာသာ ဆဲဆို အရက်ဆိုင်ရှိရာသို့ ဓားငထွန်း က်သွားသည်။ အသားတွဲတို့မှာ ရေ နားတွင် အပုံလိုက်ရှိနေသည်။ မခင် ထွက်လာသည်။ ရေအိုးနားတွင်း နံ့အသက်တို့က ပုပ်အဲ့အဲ့ဖြစ်နေ သည်။

မခင်မေ ဟင်းတွဲတွေကို အမြန် ဆေးပြီး ချက်ဖို့ ပြင်ဆင်တော့သည်။



ဟင်းအိုးချက်နေစဉ် သူ နောက်လှည့် ကာ ပန်းကန်ဆေး၊ အိုးဆေးလုပ်နေစဉ် နောက်ဘက်မှ ဟင်းအိုးအဖုံးဖွင့်လှန် သံကို ကြားရ၍ လှည့်ကြည့်လိုက်လျှင် အမှောင်ထဲသို့ အရိပ်တစ်ခုပြေးဝင်သွား သည်ကို လှမ်းမြင်လိုက်ရသည်။ သူတို့ နေရာသည် ရွာထဲနှင့် အလှမ်းဝေး၍ ရွာထဲက လူတော့ မဖြစ်နိုင်။ မည်သူ များ ဟင်းခိုးစားဖို့ လာသည်ဆိုတာကို သူ တွေး၍မရ။

ဟင်းအိုးကျက်ခါနီးတွင် ခပ်ဝေး ဝေးမှ လင်သည်မောင် ငထွန်း၏ အရက်သံနှောသည့် အော်ဂလီဆန် သီချင်းသံကို ကြားရသည်။ ဝယ်လာ သည့် အရက်ကို လမ်းတစ်လျှောက်လုံး သောက်လာခြင်းဖြစ်မည်။

"ခင်မေ…အေ့…ဟဲ့…ခင် မေ၊ ဟင်းချက်လို့ ပြီးပြီလား"

အိမ်ဝိုင်းအဝင်ကပင် အသံကို ကြားရသည်။ ငထွန်း၏ ဇနီး မခင်မေ က ခန္ဓာကိုယ်သေးသေးသွယ်သွယ်၊ ဖြူ နွဲ့နွဲ့ ပိန်ပိန်ပါးပါးလေးဖြစ်သည်။ မျက် နှာက ယဉ်စစရှိသည်။ ဓားငထွန်းနှင့် တော့ လိုက်ဖက်ညီသော ဇနီးမောင်နှံ မဟုတ်ပေ။

"ပြီးပြီ၊ လာစားတော့"

ဖြစ်သလို ရိုက်ထားသည့် လေး ထောင့်စားပွဲက အိမ်ရှေ့ခန်းတွင် နေရာ ယူထားသည်။ ထိုစားပွဲပေါ်တွင် နှုတ် ခမ်းသားတို့ မညီမညာတွန့်လိမ်၊ ဆေး သားတွေပင် ပျက်ပြယ်နေပြီဖြစ်သော သံဇလုံတစ်ခု။ ထိုအထဲတွင် ချဉ်၊ နနွင်း နိုင်နိုင်နှင့် ချက်ထားသည့် ဝမ်းတွင်း သားဟင်းတွေက ဇလုံအပြည့်။ မတိုက် မချွတ် အိုးမဲတို့က ထပ်ကာထပ်ကာ တင်၍ အိုးဖင်ပိုင်းတွင် ပိန်ချိုင့်နေသော ထမင်းအိုးရှိသည်။ ထမင်းမှာ ဝါကြန့် ကြန့်နှင့် ဆန်ကြမ်းကို ချက်ထား၍ အတုံးလိုက်၊ အခဲလိုက် မာကျစ်နေ သည်။

"ကဲ - လာ၊ စားရအောင်"

ဓားငထွန်းက အသံကျယ်ကျယ် နှင့် အိမ်နောက်ဘက်သို့ လှမ်းအော် ပြောလိုက်သည်။

ငထွန်းက အော်ခေါ်ပြီး နောက် ဘက်သို့ ခေါင်းငဲ့လိုက်သည်။ တစ် ကိုယ်လုံး အေးစိမ့်စိမ့်ဖြစ်သွားသည်။ ဟင်းဇလုံထဲမှ အသားတွဲတစ်ခု အောက်သို့ ပြုတ်ကျသွားသည်။

"တောက်…၊ ဒီခွေး လာဆွဲပြန် ပြီ"

မူးမူးနှင့် တောက်ကျယ်ကျယ် ခေါက်ပြီး ပါးစပ်မှလည်း မိုက်မိုက်ရိုင်း ရိုင်း ဆဲဆိုလိုက်သည်။

"ဟဲ့ - ခင်မေ၊ လာစားလေ"

"ကျွန်မ စားပြီးပြီ။ အိမ်မှာ ရှိတဲ့ ပဲလှော်နဲ့ ကြက်သွန်ဥရောသုပ်ပြီး စား လိုက်တယ်"

"ဒီမိန်းမဟာလေ… ဟင်းနဲ့ ထမင်း တူအောင်ကို မစားတတ်ဘူး ခွေးလိုပဲ။ မင်း မစားလည်း ငါ ငါပဲ



www.burmeseclassic.com

www.burmeseclassic.com

ကုန်အောင်စားမယ်"

"စားတာတော့ စားပေါ့တော်။ ရှင့်ခါးက စားကိုလည်း ဖြတ်လိုက်ပါဦး။ မတော်တဆ ထိမိမှဖြင့်···"

"ဟော့···ဒီမှာ ငထွန်းတို့ ဒီဓားနဲ့ လူလုပ်လာတာ ကြာပြီ။ ဘာမှ ထိစရာမရှိဘူး။ ဒီဓားက ငါ့ရဲ့ အသက်ပဲ။ ဒီဓားနဲ့ သတ္တဝါတွေကို ချွတ်ခဲ့တာ မနည်းတော့ဘူး။ ငါချွတ်ပေးလို့ ဝဋ်ကျွတ်ကြတာတွေ။ လတ်လတ်ဆတ်ဆတ် ဝက်သွေးနဲ့ အရက်များ အမြည်းလုပ်ပြီး သောက်ရတာလောက် အရသာရှိတာ မရှိတော့ဘူး"

လင်ဖြစ်သူကို မခင်မေ ငေးကာ ကြည့်နေမိသည်။ သူတစ်ပါးအသက်ကိုမှ ရက်ရက်စက်စက် သတ်ဖြတ်ပြီး အာသာငမ်းငမ်း စားတတ်သူ လင်သားကို ပြောလည်း မပြောချင်။ ပြောလို့လည်း မရတော့ပေ။

"ကိုထွန်းရယ်··· ရှင် တခြားအလုပ်လေး ဘာလေး ပြောင်းလုပ်ပါလား။ ဒီ အကုသိုလ်များတဲ့ အလုပ်ကို မလုပ်ပါနဲ့တော့"

"ဒီမိန်းမ···တယ်စကားများတာပဲ။ ဒါ ငါကျွမ်းကျင်တဲ့ အလုပ်။ ငါ့လို ဘယ်သူမှ မလုပ်နိုင်ဘူး။ သတ္တဝါဆိုတာ လူက ချွတ်မှ ကျွတ်တာ။ ကဲ - စကားမရှည်နဲ့တော့၊ ငါ့ကို အရက်ပုလင်းပေး"

မခင်မေ ဓားငထွန်းအား အနားရှိ အရက်ပုလင်းကို လှမ်းပေးလိုက်သည်။ ထို့နောက် မခင်မေ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိပ်ရာထဲတွင် ကလေးက တစ်ယောက်တည်း။

◈◈◈

ယခုမှ သားလေးက လေးနှစ်သားပဲ ရှိသေးသည်။ စကားပြောလျှင် တီတီတာတာလေး ပြောတတ်သည်။

အလုပ်မည်မည်ရရ မရှိသော အဖေ၊ ရွာထဲတွင် ဟင်းရွက် စသည့်တို့ ရသည့်နေရာက ခူးပြီး ရသလောက် လှည့်လည်ရောင်းရသော အမေမှ မွေးဖွားလာရသူဖြစ်၍ အင်္ကျီအမြဲတိုတိုကျပ်ကျပ်၊ အရောင်မဲ့ သုံးလေးထည်ကို ထည်လဲဝတ်နေရ၍ ကိုယ်အောက်ပိုင်းတွင် ဘောင်းဘီတိုလေးမျှ ဝတ်စရာမရှိ။ ဗလာနတ္ထိဖြစ်ရသည်။

"ငါ့လည်း အစာကျွေးပါ"

ဖျာစုတ် ဖျာကြမ်းပေါ်တွင် စောင်စုတ်လေးကို ခြုံကာ အိပ်နေသော သားလေးအနားသို့ မခင်မေ ရောက်လာသည်နှင့် ရုတ်တရက် ထထိုင်ကာ လူကြီးအသံသြသြကြီးနှင့် မခင်မေအား ပြောလိုက်သည်။ မခင်မေကို ကြည့်လိုက်သည့် သားလေး၏ မျက်လုံးအစုံမှာ ပြူးပြီး မီးရောင်သဖွယ် ရဲနေသည်။

"သားလေး···ဘာပြောတာလဲ ဟင်"

"ငါ့ကို အစာကျွေးပါ။ ငါ့ဗိုက်ဆာနေပြီ"

ဖျာပေါ်မှ ကုန်းထလာသည့် သားလေး၏ မျက်နှာသည် ပွရောင်းရောင်းနှင့် မျက်ခွံတွေက မို့မောက်နေသည်။ လေးနှစ်အရွယ်ရှိသော ကလေးနှင့် မတူပေ။

"သူတို့တွေ စားတယ်၊ ငါ့ကိုလည်း ကျွေး"

ခြေလှမ်းက ကြမ်းသည်။ ဝါးကြမ်းခင်းထားသည့် အိမ်လေးမှာ သိမ့်သိမ့်ခါနေသည်။ ကလေးက မခင်မေကို ကျော်လွှားကာ အိမ်ရှေ့သို့ ထွက်သွားသည်။ ထို့နောက်···

"ဟာ···ဟာ···ဘယ်က ကောင်လဲ၊ ငါ့ဟင်းတွေကို လာနှိုက်စားတာ၊ ကဲကွာ···ကဲကွာ"

"အမလေး···ကိုထွန်းရယ်၊ ရှင်ရက်စက်လိုက်တာ။ အဲဒါ ရှင်နဲ့ ကျွ[illegible]
တို့ရဲ့ သား၊ သားလေးပါ"

မခင်မေ အိမ်ရှေ့ခန်းသို့ အ[illegible]
ပြေးထွက်သွားသော်လည်း ဖြစ်[illegible]
မြန်ဆန်လွန်းလှသည်။ အရက်မူး[illegible]
ဓားနှင့် တွက်လိုက်သည်။ ချွန်ထက်[illegible]
သော ဓား၏ အရှိန်နှင့် သားလေး[illegible]
ခေါင်းပြတ်နေသည်။

"ကိုထွန်း···ကိုထွန်း၊ ရှင် [illegible]
ကြည့်နေတာလဲ၊ အဲဒါ ကျွန်မတို့[illegible]
လေးလေ"

ဓားငထွန်း ပါးစပ်တွင် ဝမ်းတ[illegible]
သား အူဖတ်များ တန်းလန်းကြီးဖြ[illegible]
သည်။ ပြူးကြောင်ကြောင် မျက်[illegible]
အစုံနှင့် ခန္ဓာကိုယ်က တောင့်တော[illegible]
ကြီးဖြစ်နေသည်။

"အဲဒါ ဝက်···ဝက်၊ ငါသ[illegible]
လိုက်တဲ့ ဝက်၊ ဒီဝက်က ငါ့လက်[illegible]
ကိုက်တယ်"

သေသေချာချာကြည့်လိုက်သ[illegible]
တွင် ငထွန်း၏ ဘယ်ဘက် လက်[illegible]
တွင် သွေးတွေ စီးကျနေသည်။ သ[illegible]
မြင်ကွင်းကို ကြည့်ပြီး မခင်မေ ရင်[illegible]
လာသည်။ စိတ်ကို တည်ငြိမ်အောင်[illegible]
ထိန်း၍ မရ။

ငထွန်းသည် ပြောရင်း က[illegible]
အလောင်းကို ခြေထောက်မှ စုံ[illegible]
ကာ ဓောက်ထိုးဆွဲကိုင်ပြီး အိမ်ပေ[illegible]
ခုန်ဆင်းကာ ရွာထဲသို့ ပြေးသွားသည်[illegible]
မခင်မေ အိမ်ထဲမှာပင် ထိုင်ချလို[illegible]
သည်။ ရင်ထဲတွင် မွန်းကျပ်နေသည်[illegible]
သားလေးအတွက် ဖော်ပြလို့ မရ[illegible]
လောက်အောင် သည်းအူပြတ်မျှ [illegible]
ကွဲရသည်။ အတိုင်းအဆမရှိအော[illegible]
ဝမ်းနည်းရသည်။ မခင်မေ သိလိုက်[illegible]
ပြီ။ ဘုရားမေ့ တရားမေ့ သံဃာ[illegible]
ရတနာသုံးပါးဆိုတာ မည်သည့်အ[illegible]
မှန်းမသိ။ အကုသိုလ်အလုပ်နှင့်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com

[..]ဆုံမွေ့သော ထွန်းအတွက် အက[..]လ်က ထက်ကြပ်မကွာ ကပ်၍[..]က်လာပြီ။

"ခင်မေ···ခင်မေ"

မည်မျှကြာသွားသည် မသိ၊ မီး[..]င်းတိုင်များဖြင့် ရွာထဲက လူတွေ၏[..]သံကို ကြားရသည်။

"ခင်မေ···ဟဲ့···ခင်မေ၊ ရှိ[..]"

အိမ်ပေါ်သို့ တက်လာကသည်။ [..]နဲ့ တဲအိမ်လေးမှာ လူအုပ်ကြီး [..] ဒကိုကို အန်တုနေရလေသည်

"ခင်မေ···ခင်မေ"

ငှုငှုဝိုင်ဝိုင်ကြီး ထိုင်လျက် [..]သက်ရှူဖို့ပင် မေ့နေသော မခင်မေ [..] အော်ပြီးလှုပ်ကာ သတိရအောင် [..]ရသည်။

"ခင်မေ···ခင်မေ···သတိထား[..]"

သွေးကွက်၊ သွေးအိုင်ရှေ့တွင် ထိုင်နေသည်။ ထမင်းဟင်းတွေမှာလည်း ပြန့်ကျဲလျက်ရှိသည်။

"ထွန်း···ထွန်း···သူ့ အကြောင်းပြောမလို့···"

"အမလေး···သူ့အကြောင်း မပြောပါနဲ့ သူ···သူ···သားလေးကို လေ လည်ပင်းလိုးသတ်လိုက်တယ်"

"အေး၊ ဟုတ်တယ်။ ကလေး အလောင်းလည်း တွေ့တယ်။ သူလည်း တွေ့တယ်။ သူ့ဓားနဲ့ သူ့လည်ပင်းမှာ ထိုးမိတ်သလားမသိဘူး။ ရွာက ကုက္ကိုပင်ကြီးအောက်မှာ သေနေပြီ"

"ကျွန်မထင်တယ်။ သူ့အကု သိုလ်က သူ့ကို အပြစ်ပေးလိုက်ပြီ။ ဘုရားရှိခိုးရင် သူ့အတွက် လုပ်ကိုင်ရတာ အဆင်မပြေဘူးဆိုလို့ ကျွန်မမှာ သူ့အိပ်တော့မှ သူ မသိအောင် ရှိခိုးရတယ်။ ဘုရားစာရွတ်ရတယ်"

အသုဘကိစ္စအတွက် ရွာထဲက စီစဉ်ပေးမည်ဟု ပြောကာ ရွာသားတွေ ပြန်သွားကြသည်။ သန်းခေါင်ယံအချိန် မတိုင်သေးမီ ညဉ့်က နက်လာသည်။ မခင်မေ အိပ်၍မပျော်သည့်အတူတူ ရသမျှ ဘုရားစာကို ထိုင်ရွတ်နေသည်။

"ခင်မေရေ···ငါ့ကို ကယ်ပါဦး၊ ဝက်ကြီးတွေ···ဝက်ကြီးတွေ သူတို့ အစွယ်တွေနဲ့ လိုက်ထိုးနေကြတယ်"

နားထဲတွင် ပီပီသသကြားရပြီး မျက်စိထဲတွင်လည်း ထင်မြင်နေသည်။ အဝတ်မဲ့ ခန္ဓာကိုယ်၊ သွေးသံရဲရဲနှင့် ထွန်း ပြေးလွှားနေသည်။ အစွယ် ဖွေးဖွေးရှိသော ဝက်ကြီးတွေမှာ ထွန်း၏ နောက်က ထက်ကြပ်မကွာ အပြေးလိုက်နေကြသည်။ ■

* * *

မြမြသိုင်


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)


ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀ ၂၁၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံ[..]

www.burmeseclassic.com





# နွားမြေရင်းပင် (ခေါ်) ဝက်မြက်ညှိုပင်

နှောင်းသစ်

Item Name -Annie's lace
(နွားမြေရင်းပင် ခေါ် ဝက်မြက်ညှိုပင်)
Category - Raw Material
Botany Term - Cyperus scariosus Br
Species Family - Cyperaceae

ရေကြိုက်ပင်ဖြစ်သည့် အလျောက် ရေစပ်၊ ကမ်းစပ်တို့တွင် ပေါက်ရောက်၏ သဘာဝအလျောက် ပေါက်ရောက်သည်။

*အပင်

ပင်ပျော့ ပင်ငယ်မျိုးဖြစ်၏။ အမြင့် ၃ ပေခန့်ရှိ၏။ ပင်စည်သုံးမြောင့်ပုံရှိ၍ ခေါင်းပွပြစ်ပြီး သေးငယ်ပြောင်ချော သည်။ တစ်ပင်တည်းကဲ့သို့ စုပြုံ၍ပေါက်၏။

*အရွက်

ပင်စည်ထိပ်ပိုင်း၌ အရွက်များစုရုံး ပတ်ဝိုင်း၍ ထွက်သည်။ ရွက်ပြားသေးသွယ်ရှည်လျားသည်။ ရွက်ရင်း ဝိုင်းပြီး ပင်စည်ကို ကုပ်ပတ်ထား၏။ ရွက်ဖျားချွန်၏။ ရွယ်လယ် ကြောထင်ရှား၏။ ရွက်ပြားနှင့် ရွက်နားရှိသည်။

*အပွင့်

ထိပ်ထွက်ပန်းခိုင်ဖြစ်၏။ အပွင့်အလွန်သေးငယ်၍ ညိုခြောက်ရောင်ရှိ၏။

*အသီး

အလွန်သေးငယ်သည်။ ရှည်မျောမျောပုံရှိ၏။

* အမြစ်

အမြစ်သည် အပြင်ဘက်တွင် နက်၍၊ အတွင်းသ[...] နီကြန်ကြန်ရှိ၏။

*အသုံးဝင်ပုံ

ဥမြစ်ခေါင်း

*အာနိသင်

မြန်မာ့ဆေးကျမ်းများအလိုအရ နွားမြေရင်းသ[...] စပ်ဖျဉ်းဖျဉ်းရှိ၏။ ဖန်၏။ အေး၏။ သလိပ်ကိုကြေစေသ[...] သည်းခြေနာ၊ အဖျားရောဂါ၊ ဝမ်းရောဂါ တို့ကို ပျောက်က[...] စေ၏။ နှုတ်မမြိန်ခြင်း၊ ရေငတ်ခြင်း၊ ပူလောင်ခြင်း၊ ပန်း[...] ရင်ကျပ်များ ကင်းဝေးစေနိုင်၏။ ချွေးထွက်စေ တတ်သေ[...] ဆီးရွှင်စေတတ်သော၊ ဓာတ်ချုပ်စေတတ်သော အစွ[...] သတ္တိများရှိ၏။

* ဥမြစ်ခေါင်းအသုံးပြုပုံ

၁) နွားမြေရင်းခေါင်းကို သလိပ်ပုပ်ရောဂါ၊ ဆီးပူ[...] ရောဂါ တို့၌သုံး၏။



www.burmeseclassic.com

www.burmeseclassic.com

၂) နွားမြေရင်းခေါင်းကို သွေး၍ လျှာကိုပွတ်ပေးပါက၊ လျှာရင်းတွင်ရှိသော အဖု အပိမ့်များပျောက်၏။

၃) နွားမြေရင်းကို လျှာပွတ်ဆေးအဖြစ်လည်းကောင်း၊ သူငယ်နာဆေးအဖြစ်လည်းကောင်းသုံး၏။

၄) နွားမြေရင်းခေါင်းကို သွေးလိမ်းက ကိုယ်လက်ရောင်ရမ်းခြင်း၊ ယားယံခြင်းနှင့် နူနာဖြစ်စရောဂါ၊ ရေယုန်၊ ဆိုး ဝဲခြောက် ရောဂါတို့ကိုပျောက်၏။

၅) နွားမြေရင်းခေါင်းကို သွေး၍ ဆားအနည်းငယ်ထည့်သောက်ပါက အဆိပ်ရောဂါ၊ အစားမှား ဆေးမှားရောဂါတို့ကိုပျောက်စေ၏။

၆) မြွေနှင့် ဂျက်ကိုက်ခြင်းအတွက် နနွားမြေရင်းခေါင်းကိုသွေး၍ တိုက်ခြင်း လိမ်းခြင်းဖြင့် ပျောက်ကင်းစေနိုင်၏။

၇) နွားမြေရင်းခေါင်းကို သွေးသောက်ခြင်းဖြင့် အစာအိမ်ရောဂါ၊ အစာအိမ်အချဉ်ပေါက်ရောဂါများပျောက်၏။

၈) နွားမြေရင်းခေါင်းကို သွေးကာ သူငယ်စာငက်ပျောသီးတွင် သုတ်လိမ်းမီးကင်ပြီး ကလေးများအားကျွေးပါက သူငယ်နာတက်ခြင်း၊ မျက်ဖြူလန်ခြင်းနှင့် မြွေကင်းကိုက်၍ အဆိပ်တက်ခြင်းများပျောက်၏။

၉) နွားမြေရင်းကိုပြုတ်သောက်ပါက ညောင်းကျရောဂါပျောက်၏။

၁၀) ဥပသကာနှင့် ပြုတ်သောက်ပါက ဆစ်ဖလစ်ပျောက်၏။

၁၁) နွားမြေရင်းကို သွေးသောက်ပါက အော့အန်ခြင်းပျောက်၏။ အမှုန့်ကိုသောက်က ကင်းဆိပ်ကျဆင်းစေ၏။

၁၂) အခွဲအကိုများကျဆင်း၍ ဝမ်းကိုက်ခြင်း၊ သွေးစသွေးနနှင့် ဝမ်းသွားခြင်းတို့အတွက် နွားနို့ ရေနှင့်နွားမြေရင်းတို့ကို ထည့်၍ နို့သက်သက်ကျန်သောအခါမှ သောက်ပါက ရောဂါပျောက်၏။

* * *

နှောင်းသစ်


ကိုယ်ဝန်ဆောင် မိခင်လောင်းများ
ကိုယ်စိတ်ချမ်းသာစေဖို့

- ဉာဏ်ရည်ထက်မြက်၊ သွက်လက်ချက်ချာ၊ ကျန်းမာသန်စွမ်း၊ ချမ်းသာကြီးပွား မိဘကျေးဇူးသိတတ်တဲ့ သားကောင်း၊ သမီးကောင်းရတနာများဖြစ်အောင်၊ ကိုယ်ဝန်ခွဲစိတ်မွေးဖွားရမဲ့နေ့ရက် အချိန်အခါကောင်းကို (ဆရာဝန်သတ်မှတ်ပေးသော ဂျူဒိတ်အတွင်း) ရွေးချယ်ပေးနိုင်ပါတယ်
- နောက်ထပ်ကလေးယူချင်သေးတယ်ဆိုရင်၊ နောက်ယူမဲ့ကလေးဟာ၊ ယောက်ျားလေးဖြစ်စေချင်သလား၊ မိန်းခလေးဖြစ်စေချင်သလား၊ လိုချင်တာဖြစ်အောင် ယခုကလေးကိုယ်ဝန်ခွဲစိတ်မွေးနေ့ရွေးချယ်မှုက အရေးကြီးပါတယ်။

ဂမ္ဘီရပညာကို ယုံကြည်လျှင်လာခဲ့ပါ။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေတွဲ့)
(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
- ၀၉-၇၃၀၀၅၉၂၄၊ ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂

(ရာဇ္ဇနီးပြည်နှိုးပါး မှန်ကန်ကြောင်း အာမခံသည့် အဟောလက်ဆောင် ထည့်ဟောပေးသည်) နံနက် (၉)နာရီမှ၊ ညနေ (၅)နာရီအထိသာ




www.burmeseclassic.com


www.burmeseclassic.com

# ထူးဆန်းထွေလာ ဂျာနယ်

မောင်လင်းအောင်

## တောကြီးမြွေပွေးဟောက်၏ မေတ္တာ

အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်ပြည်နယ်တွင် ရေတွင်းပျက်တစ်ခု အတွင်းသို့ ခွေးငယ်လေးနှစ်ကောင် မတော်တဆ လိမ့်ကျသွားခဲ့သည်။ ရေတွင်းပျက်ထဲတွင် အလွန်တစ်ရာ အဆိပ်ပြင်းလှသော တောကြီးမြွေဟောက်တစ်ကောင်လည်း ရှိနေသည်။ ရေတွင်းပျက်အဝတွင် မိခင် ခွေးမကြီးက အဆက်မပြတ် ထိုးဟောင်လျက် သူ၏ သားငယ်လေးနှစ်ကောင် ရေတွင်းထဲ ကျသွားကြောင်းကို လူအများ သတိပြုစေရန် ကြိုးပမ်းနေသည်။ ရေတွင်းထဲတွင် ရေအနည်းငယ်သာ ရှိတော့ကာ၊




မြေတစ်ဝက်၊ ရေတစ်ဝက်ဖြစ်နေသည်။ ခွေးမကြီး၏ အဆက်မပြတ် ထိုးဟောင်နေမှုကြောင့် နောက်ဆုံးတွင် ခွေးပိုင်ရှင်က သတိပြုမိသွားပြီး ခွေးငယ်လေးများကို ကယ်ဆယ်ရန် ကြိုးပမ်းခဲ့သည်။

၎င်း သူ သတိပြုမိသည်မှာ ရေတွင်းထဲရှိ တောကြီးမြွေဟောက်ကြီးသည် ခွေးငယ်လေးနှစ်ကောင်ကို ရန်မပြုသည့်အပြင်၊ ရေစပ်သို့ မသွားရန် ကာကွယ်ပေးထားသည်။ ပုံတွင် တောကြီးမြွေဟောက်က ခွေးလေးနှစ်ကောင်ကို ကာကွယ်စောင့်ရှောက်နေပုံကို မြင်တွေ့နိုင်သည်။ ၎င်းတွင် မြွေဟောက်နှင့် ခွေးလေးနှစ်ကောင်သည် ရေတွင်းပျက်ထဲတွင် ၄၈ နာရီခန့်မျှ အတူနေခဲ့ရသည်ဟု ဆိုထားသည်။ နောက်ဆုံး သစ်တောရေးရာမှ ကျွမ်းကျင်သူများ ရောက်လာပြီး ခွေးလေးနှစ်ကောင်ကို နောက်ဆုံး သစ်တောရေးရာ ကျွမ်းကျင်သူများ ရောက်လာပြီး ခွေးလေးနှစ်ကောင်ကို ကယ်ဆယ်နိုင်ခဲ့သည်။ ကယ်ဆယ်ရေးများကိုလည်း မြွေဟောက်ကြီးက အန္တရာယ်တစ်စုံတစ်ရာမပေးဘဲ ရေတွင်းမှ ဖြည်းညင်းစွာ ထွက်ခွာ၍ တောနက်အတွင်း ဝင်ရောက်သွားခဲ့သည်။

အလွန်တရာ ရန်မူတတ်၍ အဆိပ်ပြင်းသော တောကြီး မြွေဟောက်ပင်လျှင် အဟိတ် တိရစ္ဆာန်တစ်ကောင်ဖြစ်သော်ငြားလည်း လူတို့ပင် ပြုနိုင်ခဲသည့် ကိုယ်ချင်းစာ တရားနှင့် စာနာထောက်ထား သနားညှာတာမှုကို ပြုနိုင်ကြောင်း ပြသခဲ့သည်။

## လူလည်း အို၊ ကားလည်း အို

အသက် (၁၀၂)နှစ်အရွယ် အဘိုးအိုသည် သူ၏ ရိုးရွိုက်ကား(Rolls Royce)ကြီးကို ၈၂နှစ်ကြာ မပြောင်း




ဘဲ အသုံးပြုခဲ့သည်။ သူ၏ ရိုးရွိုက်ကားမှာ ၁၉၂၈ ခု ထုတ်လုပ်ခဲ့သော အမျိုးအစားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

### ဉာဏ်ကောင်းသူ


Stephen Witeshre ဆိုသူ ပန်းချီဆရာသည် နယူးယောက်မြို့ကြီးကို ရဟတ်ယာဉ်ဖြင့် မိနစ် ၂၀ခန့်မျှ လှည့်



ပတ်ကြည့်ခဲ့ပြီးနောက်၊ နယူးယောက်မြို့ မြင်ကွင်းပုံကို သူ၏ မှတ်ဉာဏ်ဖြင့် အသေးစိတ် ပြန်လည်ရေးဆွဲပြနိုင်ခဲ့သည်။

### ကုလားအုပ်အက


ပါကစ္စတန်နိုင်ငံတွင် ဘာသာရေးပွဲတော်တစ်ခု၌



တေးသွားစည်းချက်နှင့်အညီ ကိုယ်ဟန်ကြော့ကြော့ ကခုန်နေသော ကုလားအုပ်တစ်ကောင်၏ ဟန်ပန်အမူအရာပုံဖြစ်ပါသည်။

### တက္ကသိုလ် အခမဲ့ ပညာရေးစနစ်


မြန်မာနိုင်ငံတွင်တော့ မဟုတ်ပါ။ နော်ဝေနိုင်ငံတွင် ကမ္ဘာ့နေရာအသီးသီးမှ လာရောက် ပညာသင်ကြားသော ကျောင်းသား၊ ကျောင်းသူအားလုံးကို အစိုးရတက္ကသိုလ်များ




တွင် အခမဲ့ ပညာသင်ကြားနိုင်ခွင့်ပေးထားသည်။ နော်ဝေတွင် သွားရောက် ပညာသင်ကြားခွင့်ရရန် ကြိုးပမ်းသင့်သည်။

### လူမိုက်နှင့် ခွေးလိမ္မာ

အာဖရိကနိုင်ငံတစ်ခုတွင် ကားလမ်းကူးကျော်တံတားပေါ်တွင် ခွေးငယ်လေးက စည်းကမ်းရှိစွာဖြင့် ဖြတ်ကူးနေစဉ်တွင် စည်းကမ်းမဲ့သော လူတစ်ဦးက တံတားကို အသုံးမပြုဘဲ ကားများကြားမှ ပြေး၍ လမ်းဖြတ်ကူးနေပုံကို




www.burmeseclassic.com


မှတ်တမ်းတင်ထားသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသည် လူတို့အတွက် ဘေးအန္တရာယ်ကင်းစေရန် ချမှတ်ပေးထားခြင်းဖြစ်သည်။

## ပန်ဒါသံခင်း တမန်ခင်း

နိုင်ငံတကာဆက်ဆံရေး ဘွဲ့လွန်သင်တန်းတွင် ပန်ဒါသံခင်း တမန်ခင်း(Panda Diplomacy)အကြောင်း သင်ခဲ့ရဖူးသည်။ အမှန်တကယ်ပင် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပန်ဒါဝက်ဝံလေးကို ပေးပို့ခဲ့သည်။ ပန်ဒါ သံအမတ်သည် အဆင့်မြင့်လှသည့်



ကုန်တင် လေယာဉ် မစီး၊ ရပ်ခရီးသည်တွင် လေယာဉ်ဖြင့် ခရီးသွားရပြီး၊ ခရီးသည် ထိုင်ခုံတွင် အကျအနထိုင်ကာ ဘေးမှ စောင့်ရှောက်မည့်သူ အရန်သင့်ဖြင့် စိတ်အေးချမ်းသာစွာ ဝါးရွက်လေးများကို ဝါးနေရင်း ဂျပန်သို့ ရောက်ခဲ့သည်။ ကံထူးပေစွ။



Igloos can retain a temperature of 60° F during -50° weather. Fire inside melts the inner layer of ice, and the cold outside refreezes it, adding a layer of insulation.

## ရေခဲသံသရာ

ဝင်ရိုးစွန်းဒေသများတွင် နေထိုင်ကြသော အက်(စ်… ကီးမိုး လူမျိုးတို့၏ ရေခဲဖြင့် ဆောက်လုပ်ထားသော အိမ်… ယ်လေးများသည် အနှုတ် ၅၀ ဒီဂရီဖာရင်ဟိုက်အထိ… အေးခဲနေသော ရာသီဥတုတွင် အိမ်အတွင်း၌ ၆၀ ဒီဂရီ… ဖာရင်ဟိုက် အပူချိန်ကို ထိန်းညှိပေးထားနိုင်သည်။ ထို… ၆၀ ဒီဂရီဖာရင်ဟိုက် အပူချိန်ရှိသော အိမ်တွင်းမှ မီးဖိုသည်… ရေခဲတုံးပုံစံများကို အရည်ပျော်စေသော်လည်း၊ ပြင်ပရှိ အနှုတ်… ၅၀ ဒီဂရီဖာရင်ဟိုက် ရေခဲမှတ်အောက် အပူချိန်က ရေခဲ… တုံးနံရံများကို တစ်ဖန် အေးခဲသွားစေသည်။ ဤသို့ဖြ… အက်(စ်)ကီးမိုးလူမျိုးတို့သည် ရေခဲအိမ်အတွင်း နွေးထွေးစွ… ဖြင့် အနားယူ အိပ်စက်နေနိုင်သည်။

## ရေအောက်မြစ်

ပင်လယ်သမုဒ္ဒရာကြီးများအောက်တွင် မြစ်၊ ချောင်… များ တသွင်သွင်စီးဆင်းနေနိုင်သည်ဟု ဆိုလျှင် သင်ယုံ… မည်လော။ အမှန်တကယ်ပင် သမုဒ္ဒရာကြီးများအောက်တွ…



စီးဆင်းနေသော ရေအောက်မြစ်များရှိသည်။ ပုံတွင် ပင်လယ်… သမုဒ္ဒရာကြမ်းပြင်တွင် စီးဆင်းနေသော ရေအောက်မြစ်… တစ်စင်းကို မြင်တွေ့နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

### ကိုကာကိုလာ ပုလင်း၏ သမိုင်းကြောင်း


နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ကမ္ဘာကျော် ကိုကာ




ကိုလာပုလင်းများ၏ ပုံစံပြောင်းလဲလာပုံ အဆင့်ဆင့်ကို မြင်တွေ့နိုင်ပါသည်။

### အာဏာရှင်၏ အနုပညာ


ရက်စက်မှုအပေါင်း သရုပ်ဆောင်ခဲ့သည့် နာဇီ ဂျာမနီ အဓိပတိကြီး အဒေါ့ဖ်ဟစ်တလာ၏ အနုပညာလက်ရာများထဲမှ ပန်းချီ လက်ရာတစ်ခုဖြစ်သည်။ ဟစ်တလာသည်




ပန်းချီဆွဲ ဝါသနာပါခဲ့ပြီး ငယ်စဉ်ကတည်းကပင် အနုပညာကျောင်းဝင်ခွင့်ရရန်နှင့် ပန်းချီဆရာတစ်ဦးဖြစ်လာရန် မျှော်လင့်ခဲ့သူဖြစ်သည်။ ဟစ်တလာသာ အနုပညာကျောင်းဝင်ခွင့်ရ၍ ပန်းချီဆရာတစ်ဦးဖြစ်လာမည်ဆိုပါက ကမ္ဘာ့သမိုင်းကြောင်းသည် တစ်မျိုးတစ်မည်ပြောင်းလဲသွားမည်ဟု ယူဆရသည်။

### ကမ္ဘာ့အရှည်ဆုံး ကားလမ်းပိတ်ဆို့မှုကြီး


တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော်တွင် ကမ္ဘာ့အရှည်ဆုံး ကားလမ်းပိတ်ဆို့မှုကြီးတစ်ခု ဖြစ်ပွားခဲ့သည်။ ပိတ်ဆို့နေသော ကားတန်းကြီးသည် မိုင် ၆၀ ခန့်အထိ ရှည်လျားခဲ့ပြီး



၁၁ရက်ကြာမြင့်ခဲ့သည်။ ထိုကားလမ်းပိတ်ဆို့မှုကြီးနှင့် ယှဉ်လျှင် မြန်မာနိုင်ငံမှ ကားလမ်းပိတ်မှုများမှာ မပြောပလောက်သေးပေ။

### ကမ္ဘာ့အဆင်းရဲဆုံး သမ္မတ

ဥရုဂွေးနိုင်ငံ သမ္မတကြီးကို ကမ္ဘာ့အဆင်းရဲဆုံး







www.burmeseclassic.com

www.burmeseclassic.com

သမ္မတအဖြစ် သတ်မှတ်ထားကြသည်။ အဘယ့်ကြောင့်ဆိုသော သူ့လစာ၏ ၉၀ ရာခိုင်နှုန်းကို ဆင်းရဲသားများ၊ လူမှုဖူလုံရေးအဖွဲ့အစည်းများသို့ လှူဒါန်းသောကြောင့်ဖြစ်သည်။ သမ္မတကြီးသည် လစာ စတာလင်ပေါင် ၁၂၀၀၀ ရရှိသော်လည်း ၇၅၀၀-ပေါင် ပြန်လည်လှူဒါန်းသည်။ သူသည် သမ္မတတစ်ဦး၏ အဆောင်အယောင် အခမ်းအနားတစ်ခုမှုကို မနှစ်သက်ဘဲ ရိုးရှင်းသော ဘဝပုံစံဖြင့်သာ နေထိုင်သည်။ ကမ္ဘာ့အဆင်းရဲဆုံးသော သမ္မတကို သိပြီးနောက်၊ ကမ္ဘာ့အချမ်းသာဆုံးသော သမ္မတကို သင် သိပါသလား။

## ခွေးနှင့် ဆင်တို့၏ မေတ္တာ


ဆင်ကြီး တာရာ(Tarra) သည် ခွေးမလေး ဘဲလ်လာ(Bella) နှင့် သူငယ်ချင်းဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။ သွားအတူ၊ စားအတူ၊ နေအတူဖြင့် သူတို့နှစ်ဦးသည် ထာဝရ မခွဲအတူ နေကြသော သူငယ်ချင်းများဖြစ်သည်။



တစ်နေ့ မမျှော်လင့်ဘဲ ခွေးမလေး ဘဲလ်လာ သေဆုံးသွားခဲ့ချိန်တွင် ဆင်ကြီး တာရာသည် ခွေးလေး၏ ရုပ်အလောင်းကို နှာမောင်းဖြင့် ပွေ့ချီ၍ အိမ်ပြန်ခေါ်လာခဲ့သည်။ တိရစ္ဆာန်ပင် ဖြစ်သော်လည်း တစ်ဦးအပေါ် တစ်ဦး မေတ္တာစိတ်ရှိကြသည်။


## ရေပေါ် ရေအောက် ဟိုတယ်

တရုတ်နိုင်ငံရှိ ရေအောက်သို့ ငုပ်လျှိုးနိုင်သော ထူးဆန်းသည့် ဟိုတယ်ကြီးပုံဖြစ်ပါသည်။ ရေပေါ်၌လည်း ပေါ်နေနိုင်သော ရေပေါ် တစ်လှည့် ရေအောက် တစ်လှည့်ခံစားမှု အတွေ့အကြုံနှစ်မျိုးရရှိစေသည်။



## ထူးဆန်းသော ချစ်ခြင်း

ပုံတွင် မြင်တွေ့ရသော အမျိုးသားသည် တစ်ချိန် အမျိုးသမီးတစ်ဦးဖြစ်ခဲ့ပြီး၊ ဘေးမှ အမျိုးသမီးသည် တစ်




www.burmeseclassic.com


...အမျိုးသားဘဝကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။ သူတို့နှစ်ဦးလုံး ...သည် လိင်အင်္ဂါပြောင်းလဲထားသူများ ဖြစ်ကြသည်။ ယခု ...ခါ သူတို့နှစ်ဦးသည် စုံဖက်ခဲ့ကြပြီး တစ်ဦးအပေါ် တစ်ဦး ...လွန်ပင် ချစ်ခင် ကြင်နာကြသည်။

## နာဇီတို့၏ လျှို့ဝှက်ချက်

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ နာဇီတပ်များသည် ...ယစ်ဆေးဝါးရောစပ်ထားသော ယမကာကို မှီဝဲခဲ့ကြပြီး ...စစ်တိုက်ခဲ့ကြောင်း အထောက်အထားများကို တွေ့ရှိခဲ့ရ




...သည်။ ထိုမူးယစ်ဆေးဝါးရောစပ်ထားသော ယမကာကို မှီဝဲ...ပြီး ၅၅မိုင် ခရီးကြမ်းကို မနားတမ်း ခရီးပြင်းနှင်နိုင်ကာ ...အိပ်မနေဘဲ လန်းဆန်းနေစေသည်။




## ထူးဆန်းသော ကျမ်းစာ

ဘုန်းတော်ကြီးတစ်ပါး ရေးသားပြုစုခဲ့သော ကျမ်းစာအုပ်တစ်အုပ်တွင် အလွန်တရာ ရှုပ်ထွေးနက်နဲသော ကဲကုလပ်သင်္ချာ(Calculus) ပညာရပ်ကို အသေးစိတ် ဖော်ပြထားခဲ့သည်။ စစ်ဆေးချက်များအရ ထိုကျမ်းစာအုပ်သည် ခေတ်သစ် သိပ္ပံပညာနှင့် သင်္ချာဘာသာရပ်တို့ မထွန်းကားမီ နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ကတည်းက ပြုစုခဲ့ကြောင်း သိရသည်။

## မိုနာလီဇာ ဖန်တီးသူ၏ အစွမ်း

ကမ္ဘာကျော် မိုနာလီဇာ ပန်းချီကား ရေးဆွဲခဲ့သူ အနုပညာရှင်ကြီး လီယိုနာဒို ဒါဗင်ချီ(Leonardo da vinci)




သည် လက်တစ်ဖက်နှင့် စာရေးနေစဉ် အခြားလက်တစ်ဖက်နှင့် ပန်းချီရေးဆွဲနေနိုင်သည်။

## သိုးမွေးအရိတ်မခံသော သိုး

နယူးဇီလန်နိုင်ငံမှ Shrek အမည်ရှိသော သိုးတစ်





www.burmeseclassic.com

www.burmeseclassic.com

ကောင်သည့် သိုးမွေးအရိတ်ခံရမည်ကို ကြောက်လန့်၍ ထွက်ပြေးခဲ့ပြီး ကျောက်ဂူတစ်ခုအတွင်း၌ ၆နှစ်ကြာမျှ ပုန်းအောင်းနေခဲ့သည်။ နောက်ဆုံး သူ့ကို ရှာတွေ့ခဲ့ချိန်တွင် သူ့ကိုယ်ပေါ်မှ သိုးမွေးများမှာ ပုံတွင် မြင်တွေ့ရသည့်အတိုင်း ဖြစ်နေတော့၏။ Shrek ၏ သိုးမွေးများ ရိတ်ပြီးသောအခါ ၆၀ပေါင်အလေးချိန်ခန့် ရှိပြီး သိုးမွေးထည် ၂၀ခန့်အတွက် လုံလုံလောက်လောက်ချုပ်နိုင်သည်။ ထို သိုးငယ်လေး၏ သတင်းမှာ ထင်ရှားကျော်ကြားလာခဲ့ပြီး၊ နောက်ဆုံးတွင် ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက် ကြည့်ရှုသည်အထိ သတင်းကြီးခဲ့သည်။


## အင်ဂျင်သံ ငြိမ့်ငြိမ့်ညောင်းညောင်း

ကမ္ဘာကျော် BMW ကားအမျိုးအစားများထဲမှ M5 အမှတ်တံဆိပ် ကားအမျိုးအစားသည် အင်ဂျင်စက်သံ ညင်




သာ၍ တိတ်ဆိတ်လွန်းသောကြောင့် ကားမောင်းသူကို ကား၏ စွမ်းဆောင်ရည်အခြေအနေ သိသာစေရန် အင်ဂျင်စက်သံအတု ဖန်တီးပေးထားရသည်။

## Adidas ဖြစ်ပေါ်လာပုံ




ကမ္ဘာကျော် အားကစားပစ္စည်း ကုမ္ပဏီကြီးကို ဂျာ နာဇီပါတီဝင်ဟောင်း Adolf Dasseler ဆိုသူက စတ တည်ထောင်ခဲ့သည်။ စာလုံးအစ Adi သည် ထိုသူ၏ နာမ ပြောင်ဖြစ်ပြီး das သည် သူ့နာမည်၏ နောက်စာလုံးမှ အ အက္ခရာသုံးလုံးကို ယူထားခြင်းဖြစ်သည်။

## ကော်ဖီပန်းချီ


မလေးရှား ပန်းချီဆရာမတစ်ဦးသည် စုတ်တံ၊ ဆေး အစရှိသော ပုံဆွဲကိရိယာများကို အသုံးမပြုဘဲ ကော်ဖီ



မတ်ခွက်တစ်ခွက်ကိုသာ အသုံးပြု၍ လက်ရာမြောက်သော အနုပညာတစ်ခုကို ဖန်တီးခဲ့သည်။

## သုံးဖက်မြင် ပုံရိပ်

3 Doodler ဟု အမည်ရသော ကိရိယာလေးသည် အမှန်တကယ်ပင် သုံးဖက်မြင် ပုံရိပ်များကို လေထဲတွ




ရေးဆွဲနိုင်သည့် ကမ္ဘာ့ပထမဆုံးသော ဖောင်တိန်ကိရိယာ လေးပင် ဖြစ်သည်■

* * *

မောင်လင်းအေး

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

**EX-စာပေဗိမာန်**

အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

**သင်တန်းနည်းပြ**

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290041
09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားစျေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com



# ညွန့်ဝင်း
# နောက်ပြောင်စကား နိမိတ်လား

www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းဝင်းသည် နတ်တလင်းမြို့၏ အနောက်ဘက် ိုင်ခွဲခန့်ဝေးသော အုတ်တွင်းကုန်းရွာတွင် နေထိုင်သည်။ သိန်းဝင်း၏ ဖခင် ဦးမောင်ညိုမှာ စည်းကမ်းကြီးသူ၊ ည်တည်တံ့တံ့နေသူဖြစ်သလောက် ကိုသိန်းဝင်းကတော့ အနောက်အလွန်သန်သူ ဖြစ်၏။ သို့သော် ရပ်ရွာကိစ္စများ င် ကိုသိန်းဝင်းက လူငယ်ပီပီ ပျော်ပျော်ရွှင်ရွှင် တက်တက် ကြွ ပါဝင်ဆောင်ရွက်တတ်လေသည်။

ကိုသိန်းဝင်းသည် တစ်ရွာတည်းနေ အေးမိစံ ဆိုသူ သမီးနှင့် အိမ်ထောင်ကျပြီး သမီးလေးတစ်ယောက် ကား၏။ ကိုသိန်းဝင်းက သူ့ဇနီးကို ချစ်ခင်မြတ်နိုးသလို းလေးကိုလည်း တုန်နေအောင် ချစ်ရှာသည်။ သို့သော် ရွာထဲ၌ သာရေးနာရေးကိစ္စတစ်ခု ပေါ်ပေါက်ပြီဆိုလျှင် ဖြစ်သူ တားလည်း မရ၊ သမီးလေးက လက်ဆွဲထားလည်း နေပါ။ သူ့ဝသီအတိုင်း လုပ်ငန်းဆောင်တာ ကိစ္စအဝဝကို အဆုံး ကူညီလုပ်ကိုင်လေသည်။

တစ်နေ့တွင် အုတ်တွင်းကုန်းရွာထဲမှ ကိုယ်ဝန်ဆောင် မျိုးသမီးငယ်တစ်ဦး မီးမဖွားနိုင်ဘဲ ဆုံးသွားရှာသည်။ ယက်ရှင်များ၏ ပူဆွေး ငိုကြွေးသံများဖြင့် ဆူညံနေ၏။ ရေးကိစ္စဖြစ်ကြောင်း သိသည်နှင့် ကိုသိန်းဝင်းက ထုံးစံ တိုင်း လူငယ်များကို ဦးဆောင်၍ အသုဘသင်္ဂြိုဟ်ပြီးစီး ည်အထိ တာဝန်ယူ ဆောင်ရွက်သည်။ ဤသို့ ပရဟိတ တ်ဓာတ်နှင့် လူမှုရေးကိစ္စအဝဝ ဆောင်ရွက်တတ်သူဖြစ်၍ ည်း တစ်ရွာလုံးက ကိုသိန်းဝင်းကို ချစ်ခင်တွယ်တာကြ ည်။

ညနေပိုင်း၌ အသုဘကို မြေမြှုပ်သင်္ဂြိုဟ်ရန် သုသာန် ို့ ကိုသိန်းဝင်းတို့ဖွဲ့ လိုက်ပို့ကြ၏။ အလောင်း မြေမြှုပ်ပြီး၍ အားလုံးပြန်ကြသည့်အချိန်တွင် အလောင်းချည်သည့်ကြိုး င် ထမ်းသည့် ထမ်းပိုး ဝါးလုံးကို ကိုသိန်းဝင်းက ကောက်ယူ သည်။ သူငယ်ချင်းများက ကျက်သရေမင်္ဂလာမရှိသော အသုဘအသုံးအဆောင်ပစ္စည်းကို မယူရန် ပြောဆိုကြသော် ည်း "မသာစ ဆောင်၊ ကျောင်းစ ရှောင်တဲ့ကွ၊ မှတ်ထား" ပင် သူက ပြန်ပြောလိုက်သေးသည်။ ထို့နောက် ပါးစပ် လည်း "ကောင်မလေးရေ . . . နင်တစ်ယောက်တည်း နေရဲရင် ငါလာပြီး အဖော်လုပ်ပေးမယ်" ဟု ဆိုလျက် ငယ်ချင်းများနှင့် တဝါးဝါး တဟားဟားရယ်ကာ ပြန်လာခဲ့ ကြသည်။

◈◈◈

တစ်ပတ်ခန့်ကြာပြီး ညနေပိုင်းအချိန်။

အုတ်တွင်းကုန်းရွာထဲ၌ ကိုသိန်းဝင်း၏ မမျှော်လင့် သော သတင်းကို ကြားရသည်။

"ကိုသိန်းဝင်း အုန်းပင်ပေါ်က လိမ့်ကျလို့ ဆေးရုံတင် လိုက်ရတယ်" ဟူသော သတင်းဖြစ်သည်။

"ဟုတ်ရဲ့လားကွာ၊ ဘယ်အုန်းပင်က လိမ့်ကျတာလဲ"

သူငယ်ချင်းများက မေးကြ၏။

"သူ့အိမ်နားက အုန်းပင်နိမ့်နိမ့်လေးပေါ်က ကျတာ။ သူ့မိန်းမ ခိုင်းလို့ အုန်းသီးတက်ခူးသတဲ့"

သူငယ်ချင်းများ အပြန်အလှန်ပြောဆိုကြရင်း ကိုသိန်းဝင်း အိမ်ခြေရင်းဘက်ရှိ သုံးနှစ်သား အုန်းပင်နိမ့်နိမ့်လေးကို မြင်ယောင်မိကြ၏။ အုန်းပင်ကလေးမှာ အပင်နှင့် မလိုက် အောင် အသီးများ ပွတ်ခဲစွာ သီးနေသည့် အပင်ဖြစ်သည်။ စိမ်းစိမ်းစိုစို အုန်းပင်ပို့မှ အုန်းသီးများ ဆွတ်ခူး၍ အုန်းရည်ချို သောက်ပြီး အုန်းသီးနှစ် ဖြူဖြူဖွေးဖွေးတို့ကို စားချင်စရာ။

ဆွေမျိုးသားချင်း၊ သူငယ်ချင်းများ ဆေးရုံသို့ လူနာမေး လိုက်သွားကြသည်။ ဟိုရောက်တော့ ကိုသိန်းဝင်းကို ခုတင် ပေါ်မှာ ပက်လက်ကလေး မှိန်းနေတာ တွေ့ရ၏။ အုန်းပင် ပေါ်မှ လိမ့်ကျစဉ်က အိမ်မှ အစွန်းထွက်နေသော သစ်သား တန်းနှင့် ဗိုက်ကို ဆောင့်မိပြီး ဝမ်းတွင်းအူအချို့ ပြတ်သွား သည်ဟု သိရ၏။ ဆေးရုံအုပ် ဆရာဝန်ကြီးနှင့် တာဝန်ကျ ဆရာမများက စနစ်တကျ ခွဲစိတ်ကုသပေးထားသည်။ လူနာ မေးသူများ ပြန်ခါနီးတွင် ကိုသိန်းဝင်း မျက်လုံးပွင့်လာပြီး မျက်နှာရွှင်ရွှင်လန်းလန်းနှင့် သက်သာသည့်အသွင် တွေ့ရ သဖြင့် အားလုံး ဝမ်းသာသွားကြသည်။

သည်အတိုင်းဆို တဖြည်းဖြည်း ကျန်းမာလာပါက မကြာမီရက်ပိုင်းအတွင်း ဆေးရုံမှ ဆင်းနိုင်မည်ဟု သိရ၍ အားလုံး စိတ်ချလက်ချ ပြန်လာခဲ့ကြတော့သည်။

◈◈◈

နောက်တစ်နေ့ နံနက်စောစော လူကြုံပါးလိုက်သော သတင်းတစ်ခု အုတ်တွင်းကုန်းရွာသို့ ဦးဦးဖျားဖျားရောက် လာသည်။ ညက ဆေးရုံမှာ ကိုသိန်းဝင်း ဆုံးသွားပြီဆိုသော သတင်း။ မနေ့ကပင် အကောင်းကြီးမို့ အားလုံး မယုံနိုင်သလို ဖြစ်နေသော်လည်း ဆေးရုံမှ ပြန်ရောက်လာသော မိသားစု ဝင်တစ်ဦးထံမှ ဟုတ်သည်ဆိုသော အဖြေကို ဆက်လက်ရရှိ ခဲ့သည်။

ကိုသိန်းဝင်းအလောင်းကို ရွာသို့ ပြန်သယ်လာကြ၏။ ရပ်ရွာဓလေ့အရ သေပြီးအလောင်းကို ပြန်သယ်ခဲ့လျှင် ရွာ


www.burmeseclassic.com

www.burmeseclassic.com

ထဲ အဝင်ခံလေ့ မရှိကြသော်လည်း ကိုသိန်းဝင်းအလောင်းကိုမူကား ရပ်ရွာက ကြည်ဖြူစွာ အဝင်ခံခဲ့ကြသည်။ ကိုသိန်းဝင်းက ရပ်ရွာ၏ အချစ်တော်ပဲလေ။

ကိုသိန်းဝင်း၏ အသုဘအခမ်းအနားတွင် အုတ်တွင်းကုန်းတစ်ရွာလုံးသာမက၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပြည့်နေ၏။ ကိုသိန်းဝင်းတစ်ယောက် ယခုလို လောလောလတ်လတ်ဖြစ်သွားရခြင်းနှင့် ပတ်သက်၍ အမျိုးမျိုးပြောဆိုနေကြ၏။ ထူးထူးခြားခြား ပြောကြတာကတော့ အရပ်ထဲက အသုဘ သင်္ဂြိုဟ်တုန်းက ကိုသိန်းဝင်း နောက်ပြောင်ပြောဆိုခဲ့သော စကားများ။

"ဟုတ်တယ်။ ကျွန်တော်တို့ရှေ့မှာ ရယ်ရယ်မောမောနဲ့ ပြောတာ။ ကောင်မလေး မနေရဲရင် သူလာ အဖော်လုပ်ပေးမယ်တဲ့"

ယခုတော့ ရပ်ရေးရွာရေး ရှေ့ဆုံးက ပါဝင်ဆောင်ရွက်တတ်သော ကိုသိန်းဝင်း၏ နောက်ပြောင် စကားများက သူ့ဘဝကံကြမ္မာအတွက် ရှေ့ပြေးနိမိတ်ဖြစ်သွားပေပြီ။

စာရေးသူတို့၏ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းသည် ဩဘာနိမိတ်ထွန်းသည့် ကျွန်းဖြစ်သည်။ မဖြစ်သေးသော ကိစ္စများကို တကယ်ဖြစ်မည့်ပုံစံမျိုး နှုတ်ထွက်ပြောဆိုမိက နိမိတ်ပြ စကားဖြစ်သွားတတ်ပါသည်။ ထို့ကြောင့် ပျော်ရွှင် နောက်ပြောင်လို၍ ပြောစကားမှ နိမိတ်မကောင်းသော စကားဖြစ်လျှင် မဆင်မခြင် မပြောဆိုသင့်ကြောင်း ကိုသိန်းဝင်း၏ အဖြစ်က သက်သေပြခဲ့ပေပြီ။

ခင်ပွန်းဖြစ်သူကို ပွေ့ဖက် ငိုကြွေးနေသော အေးမိ၏ ကရုဏာသက်ဖွယ်ရာ မြင်ကွင်းကြောင့် အသုဘလာ ပရိသတ်များ မျက်ရည်လည်ကြရသည်။ လူမမယ် သမီးကလေးကတော့ ဖခင်ဖြစ်သူ၏ အဖြစ်ဆိုးကို နားမလည်သော်လည်း မိခင် ငိုကြွေးနေသည်ကို ကြည့်၍ လိုက်ငိုလေသည်။ ■

အားလုံး ဘေးအန္တရာယ် ကင်းရှင်းကြပါစေ

* * *

ညွန့်ခင်(နတ်တလင်း)


" အာစရိယဂုဏ် အဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန် ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခေတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၍ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉


**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေချည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တန်ခူးလသည် နှစ်၏ အစ၊ နှစ်ဦးလဖြစ်သည်။ ထုံးစံအားဖြင့် မြန်မာနှစ်သစ်သည် တန်ခူးလမှ အစပြုသည်။

တန်ခူးလတွင် သင်္ကြန်ကျရောက်၍ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းလေရာ ထိုလတွင် တစ်နိုင်ငံလုံး၌ သင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ မြန်မာနှင့် ယဉ်ကျေးမှုချင်း ဆက်စပ်နေသော လောနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလားတူပင် ဧပြီလ၌ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ သင်္ကြန်ပွဲတော်သည် ယင်းပွဲတော်တို့ထက် ကြီးကျယ်၍ ရှေးအင်းဝခေတ်ကပင်လျှင် အင်္ဂလိပ် စသော တိုင်းတစ်ပါးသားတို့က နှစ်သက်ဖွယ်ရာ မှတ်တမ်းတင်ခဲ့ကြသည်။

သင်္ကြန်ဟူသော စကားသည် သင်္ကန္တဟူသော ပါဠိမှ ဆင်းသက်၍ ရွတ်ဆိုသောအခါ သက္ကတ၌ ရှိသော ရရစ်သံဖြင့် ရွတ်ဆိုရသော စကားဖြစ်သည်။ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်၏။ ဤကမ္ဘာမြေကြီးသည် နေကို ဗဟိုပြု၍ မိဿရာသီမှ စ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်ဟူသော ရာသီခွင်တို့ကို အစဉ်လိုက် ကူးပြောင်းလှည့်လည်ပြီးနောက် သူရိယသိဒ္ဓန္တကျမ်းအလို ၃၅၆ ရက်၊ ၆နာရီ၊ ၁၂မိနစ်၊ ၃၇ စက္ကန့်ပြည့်သောအခါ တနင်္ဂနွေ ရဝိဖုဒ္ဓဂြိုဟ်စင်သည် မိဿရာသီအစ သုညအသင်္ချာသို့ ဝင်၏။

ဤသင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ သင်္ကြန်ရေ ပက်ဖျန်းခြင်းသည် လေးနက် မွန်မြတ်သော အဓိပ္ပာယ်ရှိသည်။ ရေသည် မေတ္တာဓာတ်ကို တင်စားသည်။ ရေကစားကြသည်မှာ "ရေလို အေး၍ ပန်းလို လန်းပါစေ"ဟူသော မေတ္တာဓာတ်ဖြင့် ကစားခြင်းဖြစ်သည်။ ရှေးက ဤအနက်အဓိပ္ပာယ်ကို ဝိသေသထူးစေခြင်းငှာ "ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်"သော အမွှေးအကြိုင်တို့ကို ဖလားတွင် ထည့်၍ ငွမ်းဆွတ်ပြီးလျှင် ရေလောင်းကြသည်။ ဤကဲ့သို့ ရေစကားခြင်း၌ ကလေးလူကြီးမရွေး အလွန်ရွှင်ပျော်ကြသည်။

သို့သော် လူကြီးများကား သင်္ကြန်နှစ်သစ်ကူးအခါတော်တွင် ကိုယ် နှုတ် နှလုံး သုံးပါးစုံ စင်ကြယ်စေသည်ဟူသော အထိမ်းအမှတ်ဖြင့် ဦးခေါင်းကို ဆေးကြ၊ လျှော်ကြသည်။ မြန်မာမင်းတို့၏ လက်ထက်တွင်မူ ဘုရင်မင်းမြတ်တို့ကိုယ်တိုင် ဦးခေါင်းဆေးမင်္ဂလာကို ကြီးမှူး၍ ကျင်းပသည် ... ထိုဦးခေါင်းဆေးမင်္ဂလာနှင့် စပ်လျဉ်း၍ လူငယ်တို့က လူကြီး... တို့၏ ဦးခေါင်းကို တရော်ကင်ပွန်းတို့ဖြင့် ဆေးလျှော်ပေး... ကုသိုလ်ယူကြသည်။ ဤမင်္ဂလာအမှုနှင့် တစ်ဆက်တည်း... ဂါရဝ နိဝါတ တရားကို ရည်မှန်း၍ လူငယ်တို့ အသက်ကြီး... ရွယ်ကြီးတို့ကို ကန်တော့ကြသည်။

သင်္ကြန်သည် တစ်နှစ်ပြီး တစ်နှစ် ကာလရွေ့လျာ... ပြောင်းလဲလာခြင်းကို သတိရစေသည်။

## မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်အတွက် လမ်းညွှန်ဟောကိန်း

ဤလမ်းညွှန်မှုသည် ရှေးဆရာကြီးများဖြစ်သော... ကန်ဦးမှ သန္နိဋ္ဌ သင်္ကြန်ဟောကိန်းအယူအဆကို အခြေ... ဖွင့်ဆိုခြင်းဖြစ်သည်။

ဤနှစ်သည်ကား တနင်္ဂနွေဂြိုဟ်မင်းသည် နွားနို့... အဆင်းနှင့်တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် ... ကို စီး၍ လက်တစ်ဖက်ကား အဲမောင်း၊ လက်တစ်ဖက်... ချွန်တောင်းကို ကိုင်၍ အနောက်မြောက်ထောင့်မှသ... တောင်သို့ ဝင်၏။ ဤသို့ သင်္ကြန်ကျမ်းက သင်္ကြန်ကျ... ဖွင့်၏။ တနင်္ဂနွေမင်း စီးဆင်းလာသော သတ္တဝါကား မြွေ... လေရာ၊ ဤနှစ်တွင် မြွေနှင့် ပတ်သက်သော ဥပဒ်များအံ့... နောက်တစ်နည်းအားဖြင့် အဆိပ်နှင့် ပတ်သက်သော ... သောကတို့ ကျရောက်ဖွယ်ရှိသည်။ တိုင်းနိုင်ငံအတွင်း... အယူအဆကွဲပြားမှုများ ဖြစ်ပေါ်နိုင်သည်။ ဆေး၊ ဆား... ရှားနိုင်သည်။ ကုန်သည်တို့အတွက် အချက်မှားမှုကြော... ကြီးစွာသော ဆုံးရှုံးခြင်းဖြစ်နိုင်ရကား အထူးသတိပြု... ကုန်သွယ်ပါဟု အကြံပေးလိုသည်။

ဤနှစ်ကား ဘုရား၊ တရား မမေ့ပါနှင့်။ နေ့စဉ် ဘု... မှာ သမထ၊ ဝိပဿနာ အားထုတ်မှု၊ ဘုရားဂုဏ်တော်... ပွားများမှုတို့ ပြုရန်လိုသောနှစ်ဖြစ်၏။ ဤနှစ်သည် လူသား... အပေါ် စိန်ခေါ်နေသော အန္တရာယ်များ ရှိသောနှစ်ဟု... ဖွင့်ဆိုလိုသည်။ ဘုရား တရားကို မမေ့ပါနှင့်။

ဟောကိန်းတစ်ခုသည် ရှေးပညာရပ်မှ ဆင်းသက်... ၍ သူ့နည်းနှင့်သူ မှန်ကန်နိုင်ပါသည်။ အထက်ပါ ဟော... တွင် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်ကို သတိနှင့် ဖြတ်... ရမည့်နှစ်ဟု မှတ်ချက်ပြုလိုသည်။

လောက သဘာဝတွင် ကောင်းဆိုး နှစ်တန်သ... ရှိစမြဲပင် ဖြစ်သည်။ ဤနှစ်ကို နှစ်ဆိုးနှစ်ကျပ်ဟုပင် ဆို...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤနှစ်တွင် နေထိုင်ရမည့်များကို လမ်းညွှန်ရမည်ဆိုပါလျှင်...

### (၁) အောင်မြင်ခြင်းကျင့်စဉ်-ဘုရားဂုဏ်တော် ပွားများရမည်

**ဂုဏ်တော် ပုတီးစိပ်ရာတွင် ဆင်ခြင်ရမည့်အနက်များ**

ဂုဏ်တော်ကိုးပါး ပုတီးစိပ်ရာတွင် အောက်ပါ အနက်များကို ဆင်ခြင်မိကြရန် အထူးလိုအပ်ပါသည်။

(၁) **အရဟံ** - လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

(၂) **သမ္မာ သမ္ဗုဒ္ဓေါ** - အလုံးစုံသော တရားအပေါင်းတို့ကို ကောင်းစွာ သိမြင်တော်မူသော မြတ်စွာဘုရား။

(၃) **ဝိဇ္ဇာ စရဏ သမ္ပန္နော** - ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(၄) **သုဂတော** - ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။

(၅) **လောကဝိဒူ** - လောကသုံးပါး၌ အလုံးစုံကို သိတော်မူသော မြတ်စွာဘုရား။

(၆) **အနုတ္တရော ပုရိသဓမ္မသာရထိ** - အတုမရှိသော ယောက်ျားမြတ်ဖြစ်၍ ဆုံးမထိုက်သော သတ္တဝါတို့ကို လိမ္မာအောင် ဆုံးမတော်မူသော မြတ်စွာဘုရား။

(၇) **သတ္ထာ ဒေဝ မနုဿာနံ** - လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

(၈) **ဗုဒ္ဓေါ** - သစ္စာလေးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

(၉) **ဘဂဝါ** - သစ္စာလေးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

**ဂုဏ်တော်ကိုးပါး၏ အကျိုးအာနိသင်**

(၁) **အရဟံ** - ကို ပုတီးစိပ်က ဘုန်းကျက်သရေတိုးတက်စေခြင်း၊ လာဘ်များခြင်း၊ စီးပွားတိုးတက်ခြင်းတို့ ရရှိနိုင်ပါသည်။

(၂) **သမ္မာ သမ္ဗုဒ္ဓေါ** - ကို ပုတီးစိပ်က အကြံဉာဏ်တိုးတက်ခြင်း၊ ကြံတိုင်းမြောက်ခြင်းတို့ကို ရရှိနိုင်ပါသည်။

(၃) **ဝိဇ္ဇာ စရဏ သမ္ပန္နော** - ကို ပုတီးစိပ်က အတတ်ပညာတိုးပွားနိုင်ပါသည်။

(၄) **သုဂတော** - ကို ပုတီးစိပ်က စကားပြောတတ်သည့်သူများနှင့် ယှဉ်ပြိုင်၍ ပြောလျှင် မိမိက အနိုင်ရတတ်သည်။

(၅) **လောကဝိဒူ** - ကို ပုတီးစိပ်က လောက၌ ထင်ပေါ် ကျော်စောသော ပညာရှိကြီး ဖြစ်ရတတ်သည်။

(၆) **အနုတ္တရော ပုရိသဓမ္မသာရထိ** - ကို ပုတီးစိပ်က အတုမရှိသော လူထူး လူချွန်ဖြစ်ရခြင်း၊ သူများနှင့် ဘာကိုပဲ ပြိုင်ပြိုင် မိမိက အနိုင်ရမည်သာ ဖြစ်သည်။

(၇) **သတ္ထာ ဒေဝ မနုဿာနံ** - ကို ပုတီးစိပ်က သူတစ်ပါးတို့အပေါ်မှာ မိမိက ပြောဆိုသော စကားအောင်ရသည်။ အာဏာ တည်မည်။

(၈) **ဗုဒ္ဓေါ** - ကို ပုတီးစိပ်က သမာဓိမှော်ကဲ့သို့ အရာရာမှာ ကြံဆ၍ သိမြင်လာနိုင်သည်။

(၉) **ဘဂဝါ** - ကို ပုတီးစိပ်က သူတစ်ပါးကဲ့သို့ မတူမပြိုင်ဝံ့၊ ကြောက်ရွံ့ ရိုသေပြီး ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း ဖြစ်တတ်သည်။

**ဂုဏ်တော်ပုတီးစိပ်နှင့် ထူးခြားသော ဖြစ်စဉ်**

သက္ကရာဇ် ၃၂၆ ခုနှစ်လောက်ဆီက ပေါက္ကံပြည်၊ စလေ ငခွေးမင်းလက်ထက်၌ ကြောင်ဖြူအရပ်တွင် ဆင်းရဲပင်ပန်းစွာနှင့် ဘုရင်၏ ကွမ်းကို ဆော်ညှပ်၍ လုပ်ကိုင်ရှာဖွေစားသောက်ပြီး နေရသူတစ်ဦးရှိလေသည်။ ထိုသူကို ဇောင်းချမ်းပင်စောင့် ရုက္ခစိုးနတ်က "သင်...ဘုန်းကြီး၍ အသက်ရှည်လိုသော် သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့ကို စွဲမြဲစွာ တည်ဆောက်၍ သမာဓိ ကတိသစ္စာကို ကောင်းစွာ ကျင့်သုံးပြီးလျှင် အနုဿတိ ဆယ်ပါးကို တစ်နေ့ အခေါက်နှစ်ထောင်ရအောင် ပုတီးစိပ်လေ"ဟု ပြောကြားသည့်အတိုင်း

www.burmeseclassic.com

လိုက်နာပြုလုပ်သောကြောင့် နောက်များမကြာမီ ပေါက္ကံ ပြည်မှာ စားမကျိုး၊ လုံမကျိုး သတ္တဝါတို့၏ သွေးကို ယင် တစ်ကောင် သောက်လောက်ရုံမျှ မထွက်စေဘဲ လွယ်ကူစွာ ဖြင့် ရှင်ဖြစ်လာလေ၏။ ထိုဘုရင်ကား "ကွမ်းဆော်မင်း"ဖြစ် ပေသည်။

ထို့ကြောင့် ဂုဏ်တော်ကိုးပါးကို လောက၏ အထွဋ် အထိပ် ရှင်ဘုရင်ထိ ဖြစ်လာနိုင်ရကား အထွေထွေသော ဘဝအောင်မြင်ရေးကိစ္စတို့သည် အဘယ်မှာ မပြီးစီးဘဲ နေနိုင် မည်နည်း။

## (၂) အောင်မြင်ခြင်းကျင့်စဉ်-အပြုစိတ်ထား ထားရှိရန် ကျင့်စဉ်

(၁) အပြုစိတ်ထား ဖြစ်ပွားရန် ရှေးဦးစွာ ငြိမ်းချမ်းစိတ် (Peace of mind) ရှိရမည်။

(၂) ငြိမ်းချမ်းစိတ်၏ ရန်သူများဖြစ်ကြသော ဒေါသနှင့် သောကတို့ ရှိနေခဲ့သော် ဖြေဖျောက်ပစ်ရမည်။

(၃) ဒေါသနှင့် သောကတို့သည် မိမိအား မည်သည့်အခါမျှ ကောင်းကျိုးမပေးနိုင်ဆိုသည်ကို သိထားရမည်။

(၄) ဒေါသနှင့် သောကနည်းပါးရန် မိမိဆင်ခြင်ဉာဏ်နှင့် မိမိကိုယ်မိမိ ထိန်းကျောင်းပေးရမည်။

(၅) သာမန်အားဖြင့် လူသားသည် ဂုဏ်လိုချင်သည်။ အချီး မွမ်းခံလိုသည်၊ ဝါကြွားလိုသည်၊ ထိုစိတ်ထားကို သတိ ရှိစွာ ဖယ်ရှားထားနိုင်ရမည်။

(၆) မိမိအား အကျိုးယုတ်စေမည့် ငြင်းခုံခြင်း၊ မရိုးသားခြင်း၊ သူတစ်ပါး အပြစ်ဆိုခြင်း၊ တစ်ကိုယ်ကောင်း ကြံခြင်း အမှုများ မပြုရ။

(၇) အထက်ပါတို့ကို ကျင့်သုံးခြင်းအားဖြင့် အပြုစိတ်များ သည် ထင်ထင်ရှားရှား မိမိနှလုံးသားနှင့် ဦးခေါင်းအတွင်း မှာ ပေါက်ပွားလာနိုင်သည်။

## (၃) အောင်မြင်ခြင်းကျင့်စဉ်-အော်တိုဆပ်ဂျက်ရှင်း

"အော်တိုဆပ်ဂျက်ရှင်း"ဆိုတာ တကယ်တော့ ထပ် တလဲလဲ သတိပေး နှိုးဆော်တဲ့ စိတ်တစ်မျိုးပဲ ဖြစ်တယ်။ တန်ခိုးလည်း အင်မတန်ကြီးပါတယ်။ အဲဒီ စိတ်တန်ခိုး ကြောင့် လူဟာ မကောင်းတဲ့ စိတ်ဆိုး စိတ်ညစ်တွေကို ဖယ်ထုတ်နိုင်ပါတယ်။ လူ့ဘဝ အောင်မြင်မှုရဲ့ အဓိက သော့ချက်က ဘာလဲဆိုရင် မိမိကိုယ်မိမိ ယုံကြည်မှုဟာ အလွန်ပဲ အရေးပါပါတယ်။ "သင်သာ ယုံကြည်စိတ်ချရ မယ်ဆိုရင် မအောင်မြင်နိုင်တာရယ်လို့ မရှိပါဘူး"တဲ့။ ဒါ ကြောင့် ဘာပဲပြောပြော ကျွန်ုပ်တို့ဟာ ယုံကြည်စိတ် အထွတ်ထားဖို့ အရေးကြီးပါတယ်။ မိမိကိုယ်ကို ယုံကြည် ခြင်းအားဖြင့် မိမိရဲ့ ဘဝကို မိမိစိတ်တိုင်းကျ တည်ဆော လို့ အရာရာ အောင်မြင်ခြင်းရဲ့ သုခဘုံကို တက်လှမ်းနိုင် ဖြစ်ပါတယ်။ စိတ်ပညာရှင်ကြီးက ထပ်မံ မိန့်ကြားတာ တော့ "မင်းဖြစ်ချင်တာတွေကို တစ်လုံးမကျန် စာနဲ့ ရေး တစ်နေ့ သုံးခါ အသံထွက် ဖတ်ပါ"တဲ့။ တစ်လအတွင်း ထူးခြားလာမယ်တဲ့ဗျာ။

**တစ်နေ့တာကာလ နေနည်းနှင့် အိပ်နည်း**

(၁) နေ့စဉ် ကိုယ်တွင်းကိုယ်ပ သန့်ရှင်းရေးကို ဦးစားပေး

(၂) နေ့စဉ် ကိုယ်... မလှုပ်ရှားဘဲ ငြိမ်သက်အော ကျင့်ရမည်။

(၃) စိတ်မပျံ့လွင့်အောင် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြ စာဖတ်ခြင်းအမှု ပြုပါ။

(၄) ကိလေသာဖြစ်စေသော အစားအစာနှင့် အရက်သေ ကို ရှောင်ရမည်။

(၅) ငါးပါးသီလကို ခံယူပါ။

(၆) ညအိပ်ရာဝင်ရာတွင် မိမိတိုးတက်ရာ တိုးတက်ကြော ကို စိတ်အားထက်သန်စွာ ကြံစည် စိတ်ကူးရမည အလိုရှိရာကို နောက်ဆုံးစိတ်ထား၍ အိပ်ပျော်စေရမ ထိုအခါ သင်၏ အတွင်းစိတ်က အလိုအလျော ဆောင်ရွက်သွားလိမ့်မည်။ မယုံမရှိနှင့် လိုတရလိမ့်မ အိပ်ရာဝင်မှသာ တမ်းတ၍ အိပ်ပါလေ။

အထက်ပါ ကျင့်စဉ် (၃)ရပ်ကို လက်ကိုင်ထား ပြီးလျှင် အောက်ပါ ယတြာကို ပြုပါလေ။

**နှစ်သစ်တွင် လုပ်ဆောင်ရမည့် ယတြာ**

**တနင်္ဂနွေသားသမီး** - သီဟိုဠ် (၃)ညွန့်၊ သပြေ(၃) တို့ကို မိမိ၏ မွေးနံထောင့် သော တနင်္ဂနွေထောင့်တွင် ဒိန်ပြီးလျှင် ဆီမီး(၃)တိုင် ညှိ ပူဇော်၍ ဂုဏ်တော် (၉)ပတ်စိပ်ပါ။

**တနင်္လာသားသမီး** - သီဟိုဠ် (၃)ညွန့်၊ ဒန်း(၇) တို့ကို မိမိ၏ မွေးနံထော သော တနင်္လာထောင့်တွင် ဒိန်ပြီးလျှင် ဆီမီး(၃)တိုင်

www.burmeseclassic.com

ညို ပူဇော်၍ ဂုဏ်တော်ပုတီး (၉)ပတ်စိပ်ပါ။

**အင်္ဂါသားသမီး** - အနှန်း(၃)ညွှန့်၊ ဒန်း(၅)ညွှန့်တို့ကို မိမိ၏မွေးနံထောင့်ဖြစ်သော အင်္ဂါထောင့်တွင် လှူဒါန်းပြီးလျှင် ဆီမီး(၃)တိုင် ထွန်းညှိပူဇော်၍ ဂုဏ်တော်ပုတီး(၉)ပတ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီး** - အနှန်း(၅)ညွှန့်၊ ကံ့ကော်(၅)ညွှန့်တို့ကို မိမိ၏ မွေးနံထောင့်ဖြစ်သော ဗုဒ္ဓဟူးထောင့်တွင် လှူဒါန်းပြီးလျှင် ဆီမီး(၃)တိုင် ထွန်းညှိ ပူဇော်၍ ဂုဏ်တော်ပုတီး (၉)ပတ်စိပ်ပါ။

**ကြာသပတေးသားသမီး**- ဆီး(၅)ညွှန့်၊ ကံ့ကော် (၅)ညွှန့်တို့ကို မိမိ၏ မွေးနံထောင့်ဖြစ်သော ကြာသပတေးထောင့်တွင် လှူဒါန်းပြီးလျှင် ဆီမီး(၃)တိုင် ထွန်းညှိပူဇော်၍ ဂုဏ်တော်ပုတီး (၉)ပတ်စိပ်ပါ။

**သောကြာသားသမီး** - ဆီး(၃)ညွှန့်၊ ရွှက်လှ(၄)ညွှန့်တို့ကို မိမိ၏ မွေးနံထောင့်ဖြစ်သော သောကြာထောင့်တွင် လှူဒါန်းပြီးလျှင် ဆီမီး(၃)တိုင် ထွန်းညှိ ပူဇော်၍ ဂုဏ်တော်ပုတီး (၉)ပတ်စိပ်ပါ။

**စနေသားသမီး** - သပြေ (၅)ညွှန့်၊ ရွှက်လှ (၄)ညွှန့်တို့ကို မိမိ၏ မွေးနံထောင့်ဖြစ်သော စနေထောင့်တွင် လှူဒါန်းပြီးလျှင် ဆီမီး(၃)တိုင် ထွန်းညှိ ပူဇော်၍ ဂုဏ်တော်ပုတီး (၉)ပတ်စိပ်ပါ။

အထက်ဖော်ပြပါ အောင်မြင်ခြင်း ကျင့်စဉ်များနှင့် မိမိ၏ နေ့နံအလိုက် ဆောင်ပန်းခက်များကို လှူဒါန်းခြင်း၊ ဂုဏ်တော်ပွားခြင်း အကျိုးတရားများကြောင့် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်တွင် စိန်ခေါ်မှုများ ရှိနေသော်လည်း ထိုအခက်အခဲများကို ကျော်လွှားပြီး သင့်ဘဝ၏ အေးငြိမ်းချမ်းသာမှုနှင့် တွေ့ကြုံကာ ပျော်ရွှင်သောဘဝကို ရရှိပေလိမ့်မည်■

* * *

တက္ကသိုလ်စိုးမိုးနိုင်

ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း

**နိယာမ ဆရာအောင်ကျော်မင်း**

**သာဝိတ္ထုဆန်းဗေဒင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ် အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ်ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့ စသည်တို့ကို ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေညက္ကံ၊ သောင်ကြီးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

■ ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၁၅၉၃၉၀၂ ■


www.burmeseclassic.com

# ဂျမ္ဘူရာဆန်းကြယ် စာအုပ်စင်

သုတအံ့

## ရှင်ရာဟုလာ

## လူ့လောကအမြင်




ရွှေခေတ် စာအုပ်တိုက်မှ ထုတ်ဝေလိုက်သော "လူ့လောက အမြင်"စာအုပ်ထွက်ရှိလာသည်။ ရေးသားသူမှာ ရှင်ရာဟုလာဖြစ်သည်။ ရှင်ရာဟုလာမှာ တခြားမဟုတ် ဆရာတော် ဘဒ္ဒန္တဝရာ လင်္ကာရ ပင်ဖြစ်သည်။

ဒီစာအုပ်ငယ်ဟာ ဘာသာရေးစာ မဟုတ်၊ ညွှန်ကြားလွှာ မဟုတ်၊ အမိန့်တွေ မဟုတ်ဘဲ၊ လူသားတွေရဲ့ ပကတိဖြစ်စဉ်ကို နားလည်နိုင်ဖို့ အမှန်-အမှား ခွဲခြားနိုင်တဲ့ ဉာဏ်ရရှိဖို့၊ ကိုယ်ပိုင်ဉာဏ်ကို မြှင့်တင်ဖို့၊ အသိတရားမြင့်လာစေဖို့၊ တွေး-မြင်-သိတို့၌ အမှန်ကို အဖြေရှာဖို့ ရည်ရွယ်ပြီး ရေးသားထားကြောင်း ဆရာတော်က အမိန့်ရှိပါသည်။

လူ့လောက အမြင်ပေါင်း တစ်ထောင်တိတိကို ဖော်ပြပေးထားရုံမကဘဲ၊ တစ်ခုချင်းကို ဖတ်ပြီး ဆင့်ပွားအတွေးကိုပါ မီးမောင်းထိုးပြထားသည်။ လူ့လောကမှာ ရှင်သန်နေ နိုင်ဖို့ ဘယ်လိုပုံစံ ပြုမူကျင့်ကြံရမယ်၊ ဘယ်လိုပြောင်းလဲ နေထိုင်သင့်သလဲဆိုတာတွေကိုပါ လမ်းညွှန်ထားသည်။ ဘဝနေထိုင်နည်းအတွက် လူတိုင်း အလွန်တရာ ကျင့်ကြံပွားများဖို့ အကြံပြုထားချက်များပင် ဖြစ်သည်။

ရွှေခေတ် စာအုပ်တိုက်မှ ထုတ်ဝေပြီး ရောင်းဈေးမှာ ၁၅၀၀ ကျပ်ဖြစ်သည်။

## အရှင်မဟာပဏ္ဍိဝံသ

## ဘုရားလောင်း သိဒ္ဓတ္ထ ဒိုင်ယာရီ



စာအုပ်ခေါင်းစီးနှင့် ရေးသားသူကို ကြည့်ပြီး ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာများဆိုတာကို လူတိုင်း သိနိုင်၏။ ရေးသားပြုစုသော ဆရာတော်မှာ အရှင်မဟာပဏ္ဍိဝံသ ဖြစ်သည်။ ကနောင်ဂျာနယ်မှာ အပတ်စဉ် ရေးသားခဲ့ခြင်းများအား စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဘုရားလောင်း သိဒ္ဓတ္ထ၏ စိတ်ဖြစ်စဉ်များကို စာရေးသူ ခံစားရေးသားထားခြင်းဖြစ်သည်။ လောကီရေးရာ၊ လောကုတ္တရာအမြင်များကို ပြည့်စုံစွာ တင်ပြထားပြီး ရှာနိုင်မည့် ဉာဏ်လမ်းများကိုလည်း သိဒ္ဓတ္ထအလောင်းတော်၏ ခံစားမှုအတိုင်း အဓိပ္ပာယ်ကွဲ သွေဖယ်ခြင်းမရှိအောင် တင်ပြထားသည်။

မြတ်စွာဘုရား ဖွားမြင်ချိန်မှ အစပြုပြီး ဘုရားဖြစ်သည်အထိ ခံစားမှု အတွေးအမြင်များကို ပုံဖော်ထားသည်။

ပြည်ချစ်ယောက်ျား၊ အမြတ်ဆုံး ငါ၊ သိဒ္ဓတ္ထ၊ ဘုရားဖြစ်မည့် နိမိတ်ဖတ်ခြင်း စသဖြင့် ဘုရားလောင်း သိဒ္ဓတ္ထ ဒိုင်ယာရီကို စာဖတ်သူများကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်သည်။

"ရဲအောင်"စာပေတိုက်မှ ထုတ်ဝေထားပြီး ရောင်းဈေးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်နှစ်ရာသီဖွားတို့အတွက်...

ကျောက်ရိုင်း(ဘူမိ)




ဆယ့်နှစ်လရာသီဖွားတို့အတွက် အဆောင်ကျောက်မျက်များ စာအုပ်ကို ကျောက်ရိုင်း(ဘူမိ)က ရေးသားထုတ်ဝေ ဖြန့်ချိလိုက်သည်။

အသုံးအဆောင် ကျောက်တွေအကြောင်းကို အကိုးအကား ခိုင်ခိုင်လုံလုံနှင့် တင်ပြထားပြီး ဗဟုသုတရစေသည်။ ကိုယ်ယုံကြည်ရာအတိုင်း ကျောက်တွေကို အဆောင်အဖြစ် ဝတ်ချင်သူတွေအတွက် အကျိုးရှိစေပါသည်။

စာအုပ်ထဲမှာ ပါတာက ကျောက်မျက်ရတနာ (၁၂)မျိုးနှင့် ပတ်သက်ပြီး လူတွေရဲ့ အယူအဆ၊ ရှေးခေတ်က အကြောင်းအရာတွေ၊ ပြီးတော့ ယနေ့ခေတ် ကျောက်ဈေးနှုန်းများကိုပါ အသေးစိတ် ဖော်ပြထားသည်။


ဇန်နဝါရီလဖွားတွေအတွက် အဆောင်ကျောက်ဥဒေါင်း၊ ဖေဖော်ဝါရီဖွားများအတွက် အဆောင်ကျောက်က ခရမ်းစွဲ စသည်ဖြင့် ဆယ့်နှစ်လရာသီဖွားများအတွက် အဆောင် ကျောက်မျက်များကို …တောသနပြထားခြင်းဖြစ်သည်။

ကျောက်မျက်တွေကို ဝတ်ဆင်ပုံ၊ ကျောက်မျက်များ၏ ဂုဏ်သတ္တိတွေအပြင်၊ လအလိုက် ဆောင်ထားသင့်သည့် ကျောက်မျက်များကိုလည်း ပြည့်စုံစွာ ဖော်ပြပေးထားသည်။

Wisdom House မှ ထုတ်ဝေ ဖြန့်ချိပြီး တန်ဖိုးမှာ ၃၀၀၀ ကျပ်ဖြစ်သည်။

## နှလုံးသွေးကြောကျဉ်းနှင့် နှလုံးရောဂါ

ပါမောက္ခ ဦးတင်လတ်




နှလုံးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးတင်လတ် ရေးသားသည့် ကျန်းမာရေး ဆိုင်ရာ စာအုပ်ကောင်းတစ်အုပ် ထွက်ရှိလာသည်။ စာအုပ်အမည်မှာ "နှလုံးသွေးကြောကျဉ်းနှင့် နှလုံးရောဂါ သိမှတ်စရာများ" ဖြစ်သည်။

ကမ္ဘာရော မြန်မာမှာပါ အသေအပျောက် အများဆုံး ဖြစ်ပွားနေသည်မှာ နှလုံးသွေးကြောရောဂါကြောင့်ပင် ဖြစ်သည်။ ဒီရောဂါဟာ ကုသလို့ ရသလို၊ ကြိုတင် ကာကွယ် တားဆီးနိုင်တဲ့ ရောဂါလည်း ဖြစ်သည်။

စိတ်ဖိစီးမှုများရာကနေ သွေးတိုးရောဂါဖြစ်ပြီး နှလုံးသွေးကြောပိတ်တဲ့အထိ ဖြစ်တတ်တာတွေ၊ ကိုလက်စထရော ကျဆင်းစေဖို့ အကြံပြုချက် (၁၇)ချက်ကို ပါမောက္ခ ဦးတင်လတ်က အသေအချာရှင်းပြထားသည်။

နှလုံးရောဂါနှင့် ပတ်သက်ပြီး ဗဟုသုတရဖွယ် အကြောင်းအရာများကို ခေါင်းစဉ် ငယ် (၁၅)ခုဖြင့် အသေအချာ ရှင်းလင်းဖော်ပြထားသည်။ ကြိုတင် ကာကွယ်နိုင်တဲ့ ကိစ္စ၊ သတိပြု လိုက်နာနေထိုင်ရမယ့် ကိစ္စတော်တော်များများကိုလည်း အကြံပြု တင်ပြပေးထားပါသည်။

Treasure Publishing House က ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ ၃၀၀၀ကျပ် ဖြစ်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

တ က္က သို လ် စိုး မိုး နိုင်

# ဘဝပန်းတိုင်
# အဖြေရှာကဏ္ဍ

စန္ဒာထွေးမောင်
သီရိမင်္ဂလာ ၂လမ်း၊ မိုးညိုတန်းရပ်ကွက်၊
အုတ်ဖိုမြို့ ပဲခူးတိုင်းဒေသကြီး။

**မေး။** ။ ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

**ဖြေ။** ။ စန္ဒာထွေးမောင်သည် ဂဏန်းဗေဒင်ပညာရပ်အရ (၁)ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒဗေဒင်ပညာရပ်အရ ဆိတ်(သတ္တု)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မိဿရာသီဖွား(Aries) ဖြစ်ခြင်းကြောင့် အလိုဆန္ဒကြီးမားသည်။ မိမိ၏ ဆန္ဒကို ပြည့်ဝအောင် လုပ်ဆောင်နိုင်သော အရည်အချင်းနှင့် အစွမ်းရှိသည်။

ဇာတာရှင် စန္ဒာထွေးမောင်သည် ဦးဆောင်လုပ်ဆောင်တတ်သူ၊ မိတ်ဆွေအပေါင်းအသင်းများတတ်သူ၊ စာပေ၊ ဂီတ၊ အနုပညာဆန်သော ကိစ္စရပ်များကို စိတ်ပါဝင်စားတတ်သူဖြစ်သည်။ မိမိကိုယ်မိမိ အထင်ကြီးစိတ်အပြည့်ရှိသည်။

မိမိစိတ်ပါသော အလုပ်တစ်ခုကို နာရီပေါင်းများစွာကြာအောင် မပြီးမချင်း တစ်ထိုင်တည်း လုပ်ကိုင်နိုင်သော စွမ်းရည်ရှိသည်။

စန္ဒာထွေးမောင် မေးမြန်းထားသော ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို ဖော်ပြရလျှင်···

* ဘဝအောင်မြင်မှုအတွက် ကျင့်စဉ်နှင့် လုပ်နည်းလုပ်ဟန်သည် အခြားအတတ်ပညာများကဲ့သို့ သင်ယူလေ့လာ တတ်မြောက်နိုင်ပါသည်။ ဘဝအောင်မြင်စေရန် စနစ်တကျ နားလည်ထားရန်တော့ လိုသည်။

* ဘဝအောင်မြင်မှု ရလိုသူသည် မိမိက ဘယ် နေရာမှာ အောင်မြင်ချင်သလဲ။ အခြားသူများကရော ဘယ် နေရာမှာ ဘယ်လိုနေအပ်သလဲ စသည်ဖြင့် အရာရာကို စေ့စပ်တိကျစွာ သိရန် များစွာလိုအပ်ပါသည်။

* မိမိအကြောင်းရော၊ အခြားသူများ၏ အကြောင်း၊ လောကအကြောင်းများကို ကောင်းစွာ နားလည် ပါမှ ဘဝအောင်မြင်မှုကို တည်ဆောက်နိုင်ပါလိမ့်မည်။

* ဥပမာပြောရမည်ဆိုသော် မျောက်မိုက်သည် မီးမွှေးရာတွင် ကောက်ရိုးပုံထဲသို့ ပိုးစုန်းကြူးကို ဖမ်းထည့်ကာ မွှေးသည်။ မီးလည်း မတောက်၊ ပိုးစုန်းကြူးလည်း သေပြီ။

* မျောက်မိုက်ကဲ့သို့ လွဲမှားသော နည်းလမ်းဖြင့် အောင်မြင်မှုနောက်ကို လိုက်နေပါက လွဲချော်နာသွားနိုင်သည်။

* အဓိကမှာ မိမိလိုချင်သော အောင်မြင်မှုကို မည်သို့မည်ပုံ အကောင်အထည်ဖော်ရမည်ကို ကောင်းစွာ သိရှိရန်ပင်ဖြစ်သည်။ လုပ်နည်းလုပ်ဟန်များနှင့်ရန် များစွာ



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်ပေသည်။

အောင်မြင်လိုသူ စန္ဒာထွေးမောင်သည် အောက်ပါ အချက်များကို လေ့လာကျင့်သုံးသင့်၏။

(၁) ကောင်းမွန်သော စီမံခန့်ခွဲမှု အရည်အချင်းများကို ပိုင်ဆိုင်အောင် ကြိုးစားပါ။

(၂) ရိုးသားပါ။

(၃) ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှု ကောင်းမွန် စနစ်ကျနေပါစေ။

(၄) ဈေးရောင်းဈေးဝယ် ကျွမ်းကျင်ခြင်း၊ ဈေးကွက်တွင်းမှ ဖောက်သည်များနှင့် ရေရှည်ဆက်ဆံရေးကို တည်ဆောက်ထားပါ။

(၅) လူအများနှင့် လိုက်လျောညီထွေ နေထိုင်ပါ။

(၆) မိမိကိုယ်မိမိ ယုံကြည်မှုပြည့်ဝအောင် ထားပါ။

(၇) သည်းခံ စိတ်ရှည်ပါ။

(၈) တာဝန်ယူစိတ်ရှိပါ။

(၉) မိမိအလုပ်ကို ချစ်မြတ်နိုးပါ။

(၁၀) ဆွဲဆောင်နိုင်မှုကောင်းအောင် ဝတ်စားနေထိုင် ပြောဆိုပါ။

(၁၁) သူများ မမြင်နိုင်သော အခွင့်အလမ်းကို မြင်နိုင်အောင် ကြိုးစားပါ။

(၁၂) လမ်းညွှန်ပေးနိုင်သော ဆရာ၊ သမားကောင်းရှာဖွေပါ။

(၁၃) ဘာသာတရားကိုင်းရှိုင်းပါ။

(၁၄) ဗဟုသုတကြွယ်ဝအောင် စာကောင်း၊ စာမွန်များကို ရှာဖွေဖတ်ရှုပါ။ စာပေမြင့်မှ ဘဝတင့်မည်ဟု ယုံကြည်ပါ။

(၁၅) ဦးဆောင်နိုင်မှု အရည်အသွေးကောင်းများကို ဖော်ထုတ်ပါ။

စန္ဒာထွေးမောင်အတွက် အထက်ပါ ကျင့်စဉ်တို့ကို လေးစားလိုက်နာရမည့်အပြင် အောက်ပါ "မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခဲ့သော ဂါထာသုံးပုဒ်" ကိုလည်း နေ့စဉ် ယုံယုံကြည်ကြည် လေးလေးစားစား ရွတ်ဆိုပါ။

## မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခဲ့သော ဂါထာသုံးပုဒ်

(၁) အနန္တာဝ စ သီလာသ၊ နိပကာသ စ ဈာယိနော။
စိတ္တံ ယသ ဝသီဘူတံ၊ ကေဂ္ဂံ သုသမာဟိတံ။

(၂) တံဝေ တမော နုဒ်မီရံ၊ တေဝိဇ္ဇံ မစ္စုဟာယိနံ။
ဟိတံ ဒေဝမနုဿနံ၊ အာဟု သဗ္ဗပဟာယိနံ။

(၃) တီဟိ ဝိဇ္ဇာဟိ သမ္ပန္နံ၊ အသံမုဠှ ဝိဟာရိနံ။
ဗုဒ္ဓံ အန္တိမဒေဟိနံ၊ တံ နမဿာမိ ဂေါတမံ။

## မြန်မာပြန်အနက်

(၁) ပစ္စေကဗုဒ္ဓါ သာဝကတို့ထက် လွန်မြတ်သည့် သီလရှိတော်မူပေထသော၊ ထက်မြက်ရင့်သန် အသိပညာဂုဏ်လည်း ရှိတော်မူပေထသော၊ ဈာန်ချမ်းသာကို မပြတ်မွေ့လျော်ဝင်စားလည်း ရှိတော်မူသော အကြင်မြတ်စွာဘုရား၏ စိတ်နှလုံးတော်တို့သည် ဈာန်အရာ၌ ပိုင်ပိုင်နင်းနင်း လေ့လာတော်မူနိုင်သည်ဖြစ်၍ တစ်ခုတည်းသော အာရုံမြတ်၌ တည်နေတော်မူပေ၏။

(၂) ထိုရှင်တော်မြတ်ဘုရားကို လွန်စွာဖိစီး အဝိဇ္ဇာအမှောင်မိုက်ကြီးကို ပယ်ဖျောက်ပြီးသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း၊ နှိုင်းယှဉ်မရ ထူးလွန် ထူးကဲသော ပညာရှိ ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဉာဏ်သုံးပါးရှိထသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း၊ မမ္မတာအမုန် မစ္စုမာရ်အကျန်မထား ပယ်ရှားစွန့်ပစ်ပြီးသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း၊ ဗြဟ္မာ၊ နတ်၊ လူခပ်သိမ်းတို့၏ ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း၊ အလုံးစုံသော ဝဋ်ဆင်းရဲ ဘေးရန်အထွေထွေကို အကျန်မထား ဖယ်ရှားစွန့်ပစ်ပြီးသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း၊ ပညာရှိ သူတော်ကောင်းတို့သည် မှချအမှန် ကေန်စင်စစ် ချီးမွမ်းပြောဆိုကုန်ကြလေပြီ။

(၃) သုံးပါးသော ဝိဇ္ဇာဉာဏ်တို့နှင့် ကုံလုံကြွယ်ဝပြည့်စုံတော်မူထသော မတွေမဝေ သီတင်းသုံး၍ နေထိုင်လေ့လည်း ရှိတော်မူပေထသော၊ အဆုံးစွန်သော ကိုယ်ခန္ဓာဘဝကိုလည်း အောင်တော်မူပေထသော၊ ဂေါတမအမည်လည်း ရှိတော်မူပေထသော ထိုရှင်တော်ဘုရားကို တပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

စန္ဒာထွေးမောင်အနေဖြင့် အထက်ပါ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခဲ့သော ဂါထာသုံးပုဒ်ကို နေ့စဉ် ယုံကြည်စွာ ရွတ်ဆိုခြင်း၊ အထက်ပါ ကျင့်စဉ်များကို လိုက်နာမည်ဆိုပါက ဘဝအောင်မြင်မှုရပြီး ပျော်ရွှင်မှုများ ဆင့်ကဲလာပေလိမ့်မည် ■

* * *

တက္ကသိုလ်မိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါ... ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မော... လမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်... တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်...

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသ... လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အ... မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါ...)
- **G** = အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ----------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ၊ (သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊


ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ် - ၁၇၉ (ဒုတိယထပ်/ဓ)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၇၄၄၈၅

www.burmeseclassic.com

www.burmeseclassic.com



ကြာပလ္လင်ခံမုဒ္ဒရုပ်ပွားတော်

www.burmeseclassic.com

ခဲသားရောင် ပြာနှမ်းနှမ်း ကောင်းကင်ပြင်ကြီးထဲမှာ ဖျိုင်းဖြူဖြူလေးတစ်ကောင် ပျံနေရဲ့။


သူ့ပျံသန်းပုံက ကသုတ်ကရက်နိုင်လှတယ်။ ကိုယ်ပဲ ထင်နေတာလား၊ သူပဲ အဲဒီလို တကယ်ပျံနေတာလား မသိ။ နာဂစ်အလွန်မှာကတည်းက မိုးရွာတိုင်း လေပါတတ်သလိုပဲ။ ခုလည်း မိုးသက်လေနှင်တော့မှာမို့ သစ်ပင်တိုင်းဟာ ကမူးရှူးထိုး တိုးဝှေ့လှုပ်ခတ်နေကြတယ်။ ငှက်တွေဟာ သူတို့အသိုက်ရှိရာကို ကြောက်လန့်တကြား အပြေးပျံနေကြရလိမ့်မယ်။ ဖျိုင်းငှလေးလည်း သည်လိုပဲ ရှိလိမ့်မှာထင်ရဲ့။

မိုးစက်တွေဟာ မြားသေးသေးချွန်ချွန်လေးတွေလို ထိုးစိုက်လာကြတယ်။ လေတစ်ချက်အသုတ်မှာတော့



# တိမ်တိုက်ထဲက ကြာပန်းချစ်သူ


ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



မှန်ပြတင်းတံခါးရွက်တစ်ချပ် ဒိုင်း... ပြေးပိတ်လာပေါ့။ ကျန်တစ်ချပ်ကို... ဆွဲစေ့ပြီး ပြတင်းပေါက်ကို ပိတ်လို... ရမှာဖြစ်ပေမယ့် ကိုယ်လက်တွေ... မရွေ့။ မိုးရွာလို့ သစ်ရွက်တွေ ကြွေ... ပြေးလွှားလာတိုင်း ငယ်ငယ်တုန်း... တော့ ဆရာတက္ကသိုလ် ဘုန်းနိုင်... "သူငယ်ချင်းလို့ပဲ ဆက်လို့ ခေါ်မယ်... နိုင်" ထဲက နိုင့်ရဲ့ လွင့်မြောနေ... သဏ္ဍာန်ကို မြင်မိတတ်တယ်။ ဖျတ်ခနဲ မြင်မိတာက မှတ်သိတ်... ကြီးနဲ့ ဩစတေးလျကြီးတစ်ယောက်...

မနှစ်က သည်လိုရက်တွေမှာ...

www.burmeseclassic.com




"လက်ာဒီပ ကျွန်းညိုမြ" လို့
ယ် တင်စားခေါ်တတ်တဲ့ သီရိလင်္ကာ
နိုင်ငံလေးကို သွားဖို့ ရန်ကုန်
ဆိပ်ကနေ (MAI) လေယာဉ်နဲ့
ကောက်ကို မနက် ၇နာရီခွဲမှာ
င် ခရီးနှင်ခဲ့တယ်။ မိုးထဲလေထဲ
ရောင် တိမ်တိုက်တွေကို ဖြတ်ပြီး
ယာဉ်မှူးကြီး နေတွန်းဦး မောင်း
တဲ့ လေယာဉ်ကြီးဟာ တသိမ့်သိမ့်
ခါရင်း ပျံသန်းခဲ့ပေါ့။

ခရမ်းပြာရောင် သစ်ခွပွင့်တွေ
မှာ တွယ်ချိတ်ထားတဲ့ လေယာဉ်
ယ်လေးတွေ ဥဒဟိုသွားနေတဲ့
"ဝဏ္ဏဘူမိ လေယာဉ်ကွင်း" ကို
နာရီကျော်လောက်အကြာမှာပဲ
က်ခဲ့တယ်။ ကမ္ဘာခြားသွားသလို
နေအထားတွေက ချက်ချင်းပြောင်း
ပေါ့။ လေဆိပ်ကြီးထဲက မှန်သား
ခေါင်းကြီးတွေထဲမှာ တစ်နေကုန်
ခဲ့ရပေမယ့် ကြည့်စရာတွေများလို့
ရှိအားပါဘူး။ မိုးတွေ သည်းနေ
ကို ငွေမှင်ရောင် လေဆိပ်
ဆောက်အအုံရဲ့ အမိုးမှန်ခုံးကြီးပေါ်
လိမ့်ဆင်းကျလာတဲ့ ရေစီးကြောင်း
က တစ်ဆင့်သိနေပေမယ့် နေ့

လား၊ ညလား၊ မိုးရွာလား၊ နေပူလား၊
ဆောင်းလား၊ မိုးလား၊ နွေလား ဘာမှ
မကွဲပြားနိုင်အောင် ခေတ်မီစွာ စီစဉ်
ထားပါရဲ့။


နာရီပေါင်းများစွာကို သစ်ခွ
ဥယျာဉ်ထဲမှာ လိပ်ပြာတစ်ကောင်လို
လှည့်လည် ပျံသန်းနေမိပေါ့။ မြို့ငယ်
လေးတစ်မြို့လို ကျယ်ဝန်းတဲ့ လေဆိပ်
အပေါ်ထပ် အလယ်လမ်းက "နို့မ်း
ပင်လယ်ကို မြင့်မိုရ်တောင်ဖြင့် မွှေ့ယူ
ခြင်း" (The Churning of the
Ocean of Milk) ပြကွက်ကိုလည်း
အကြိမ်ကြိမ်သွားကြည့်မိရဲ့။ သည်မှာ
က ရုပ်တုလို ခေတ်သစ် လက်ရာနဲ့
ပြန်ထုလုပ် ပြသထားပေမယ့် မနစ်ကာ
ရောက်ခဲ့တဲ့ ကမ္ဘောဒီးယား၊ ဆီရမ်ရိမြို့
ဟောင်းက အန်ကောဝတ်ဘုရားကျောင်း
ရဲ့ အရှေ့ဘက် နံရံမှာတော့ သဲကျောက်
ပြားမှာ ရုပ်ကြွအဖြစ် ထုဆစ်ထားတာ
ပါ။ ဗိဿနိုး နတ်မင်းကြီး ဖန်ဆင်းယူ
ထားတဲ့ ကမ္ဘာလိပ်ကြီးရဲ့ ကျောပေါ်က
မြင့်မိုရ်တောင်ကြီးကို ကာလနဂါးကြီး
ဝါသုကီ (Vasuki)ရဲ့ ကိုယ်လုံးရှည်
ကြီးနဲ့ ရစ်ပတ်ပြီး နတ်ဒေဝတာ
(Devas)များနဲ့ အသူရာ(Asuras)
နတ်ဆိုးတို့က ဟိုဘက် သည်ဘက်မှ
အပြန်အလှန်ဆွဲမွှေ့ကြရင်း နို့မ်း
ပင်လယ်ကို ခန်းခြောက်စေကာ၊ မသေ
ဆေးရည်(Amrita)ကို ဖော်စပ်ယူခဲ့ပုံ
ပေါ့။ ဒီလိုနဲ့ ဗိဿနိုးနတ်မင်းကြီးဟာ





www.burmeseclassic.com


www.burmeseclassic.com



အာယုဒီဃဓာရှည်ကို ရသွားသတဲ့။ ဟိန္ဒူဗြဟ္မာ အယူအဆပေမယ့် အရှေ့တောင်အာရှရဲ့ လှပ ခမ်းနားတဲ့ အနုလက်ရာမှို ကိုယ့်မှာ ခရီးဖော် အချင်းချင်းကို သတင်းလက်တို့ရင်း ရှင်းပြနေမိတာ အမှော။

သည့်လိုပုံနဲ့ မိုးကြီးချုပ်ပြီး လေဆိပ်ထဲ တဝဲလည်လည်လှည့်ရင်း ဘန်ကောက်မှ ည ၇နာရီခွဲထွက်တဲ့ (Sri Lankan Airlines)က အဲယားဘတ်စ် လေယာဉ်ကြီးနဲ့ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တော်ကို ခရီးနှင်ခဲ့တယ်။ လေယာဉ်ကြီးဟာ ရထားတွဲကြီး ဘစ်စင်းလို အရှည်ကြီးပါ။ ကိုယ်တို့ သိုက်ပါ စီးနင်းမယ့် (Economy Class)ထိုင်ခုံတွေကို ရောက်ဖို့တောင် အတော်လေး သွားရတယ်။ ကိုယ်ရတဲ့ ထိုင်ခုံက အလယ်တန်းခုံအတွဲမှာပါ။ ဒီအတွက်လည်း ဘာမှမျှော်လင့်မထားပါဘူး။ ဘန်ကောက်ကနေ သီရိလင်္ကာကို ထွက်ခွာတဲ့ ခရီးစဉ်ကိုင်းဟာ ညဘက်တွေချည်းပဲ ဖြစ်နေသို့ပါ။

ခေါင်းမြီးကွက် စိမ်းစိမ်းမှောင်မှောင်တွေ ဖြာကျနေတဲ့ အပြာရောင်၊ ခါးပေါ် ဆာရီ(Saree) ဝတ်စုံနဲ့ လေယာဉ်မယ်လေးတွေက နွေးထွေးကျိုးနွံစွာ ကြိုဆိုလို့ သူတို့ရဲ့ ခါးနောက်ဘက်မှာ ထွက်ကျနေတဲ့ ဆာရီအဖျားစ အစွန်းလေးက အတွန့်အခေါက်လေးတွေ ညီညီညာညာနဲ့ ခေါင်းမြီးလေးလို လှပနေရဲ့။ ထိုင်ခုံနံပါတ်အရ ထိုင်လို့မှ ခါးပတ် မပတ်ရသေးခင်မှာဘဲ မြန်မာလိုပြောပြီး လှမ်းခေါ်လိုက်တဲ့ အသံတစ်သံ နောက်ဘက်က ကြားလိုက်တယ်။ အဖွဲ့ခေါင်းဆောင် မဟာတိုးခေါ်ဝင်းဝင်း၊ သူ့ခုံနဲ့ ကိုယ့်ခုံ လဲပေးပါတဲ့၊ ကြည့်လိုက်တော့ နောက်ဘက်က လေယာဉ်ကိုယ်တည့်နဲ့ ကပ်လျက် နှစ်ယောက်တွဲထိုင်ခုံမှာ ဆံပင်ငွေရောင်သွယ်၊ မှင်သေိတ်ဖြူဖြူ၊ မျက်နှာဖြူဖြူကြီး တစ်ယောက်နဲ့ ကွဲထိုင်နေရှာတယ်။



လေယာဉ်မီးတွေက အဲဒီအချိန်မှာ မှိန်ပျပျဖြစ်သွားတယ်။

"ကိုအေးရဲ့ ဝင်းနဲ့ နေရာလဲပေ ပါ"

လို့ သူက ထပ်ဘောင်းဆိုလာ တော့ ကိုယ့်သက်ဆွဲအိတ်ကို ကောက် ကိုင်ပြီး သူ့နေရာကို ရွှေ့ပြောင်းသွား လိုက်ရတယ်။ ကိုယ်က ခရီးသေ အားလုံးရဲ့ "ကျိုးကျ"လေး၊ လိုရာ ပေါ့။ သူက "နှစ်ယောက်တည်း နေ တယ်၊ ကားမရိုက်ချင်ဘူး" ဆိုတော လည်း ရတယ်လေ ကိစ္စမရှိပါဘူ ထိုင်ခဲ့လဲပြီးလို့ ထိုင်ချလိုက်တဲ့ ဘိုကြီးက ဘိုလိုမနေဘဲ ကိုယ့်ကို ကြည့်နေတာတွေ့လို့ ရယ်ပြီး နှုတ်ဆ လိုက်တယ်။ မသိသလို မနေတဲ့ စရိုက်ကိုလည်း သတိပြုလိုက်မိ ဘာသိဘာသာနေတတ်တဲ့ သူတို့ ကို ကိုယ် နားလည်ခွင့်လွှတ်နိုင် မယ်၊ ခုလို ရင်းနှီးကျွမ်းဝင်လိုဟ မျက်နှာချိုသွေးတာကိုတော့ အံ့ဩ ရဲ့။ ဒီလို ဖော်ရွေနှစ်လိုဖွယ် မျက် ပေးကြောင့် မဝင်း ထပြောတာဖြစ် မယ်ထင်ရဲ့။

ထိုင်ခုံနှစ်ခုံတွဲမှာ သူက ပြတ ခေါက်ဘေးနေရာကို ရထားတ လေယာဉ်ကိုယ်ထည်နဲ့ ကပ်လျ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နဲ့ တည့်တည့် ထိုင်ခုံရဖို့ လေယာဉ်စီးတိုင်း ဆန္ဒရှိခဲ့ပေမယ့် "ညမှောင်မှောင် ကြယ်ရောင်သော် မလင်းတဲ့. . ." ညမျိုးမို့ သူ့ရဲ့ ကံကြမ္မာအတွက် မနာလို မဖြစ်မိပါဘူး။ ပြီးတော့ မြင်ကွင်းကလည်း ဘင်္ဂလားပင်လယ်အော်ကိုသာ ၃နာရီကျော်လောက် ဖြတ်သွားရမယ့် ခရီးမို့ နေ့ဘက်သွားရင်တောင် ဘာမှထူးပြီး မြင်ရမှာ မဟုတ်။ ညခရီးမို့ ဘေးခုံကို ပိုပြီး မလိုချင်တော့ပါဘူး။ ပထမတစ်ခေါက် သီရိလင်္ကာခရီးတုန်းကလည်း ည ၁၀နာရီခွဲလောက်မှ ထွက်တာလေ။ အဲဒီလို မုဒိတာပွားနေချိန်မှာ မှတ်ဆိတ်ဖြူကြီးက ကိုယ့်ကို ခါးပတ်ပတ်ဖို့ သတိပေးတယ်။ ဘယ်ရမလဲ၊ ကိုယ်က ဗမာပဲ၊ သူက ရောမှ ကိုယ်ကလည်း ဖော့လိုက်ရုံပေါ့။ ဘယ်ကလာပါသလဲဆိုတော့ ဩစတေးလျကတဲ့။ ဒါ သီရိလင်္ကာကို လေးကြိမ်မြောက်တဲ့။ ကိုယ်က မြန်မာပြည်ကပါဆိုတော့ သူကလည်း မြန်မာပြည်ကို သုံးခါရောက်ဖူးသတဲ့။ ပုဂံ၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ ရန်ကုန်နဲ့ ဒလအထိ အစုံရောက်သတဲ့။ စီဖောလည်း ရောက်ဖူးတယ်တဲ့။ အတော်လေး မျက်မှောင်ကုတ် စဉ်းစားလိုက်ပြီးမှ သီပေါ်ဆိုတာ သဘောပေါက်လိုက်တယ်။

အဲဒီလို အပေးအယူမျှနေချိန်မှာ အပြာရောင်မှာ ဒေါင်းမြီးကွက်နဲ့ လေယာဉ်မယ်လေး ခါးနောက်က ဆာရီအပျားလေး ဝဲလို့ ရောက်လာပြီး ခရမ်းရောင်အိတ်နဲ့ နားကျပ်ဘေးတွေ ဝေတယ်။ ထိုင်ခုံတစ်ခုစီရဲ့ နောက်ကျောမှာ သီးခြား ရုပ်မြင်သံကြားစက်လေးတွေ တပ်ဆင်ပေးထားတယ်။ အဲ ရုပ်မြင်စက်လေးတွေလို့ ပြောရင် ပိုမှန်မယ်။ အသံကိုတော့ လိုက်ဝေထားတဲ့ နားကျပ်လေးနဲ့ပဲ တစ်ယောက်ချင်း ကြားအောင် နားထောင်ရလို့ပါ။ ဒါမှလည်း ဖြစ်မယ်လေ၊ မဟုတ်ရင် ထိုင်ခုံတိုင်းက ဖွင့်နားထောင်တဲ့ အသံမျိုးစုံကြောင့် လေယာဉ်တစ်စီးလုံး ကျွက်ကျွက်ညံနေမှာပေါ့။ ကိုယ်တို့ နှစ်ယောက်လုံး "နိုး-သင့်ခ်ယူ"လိုက်ကြတယ်။ တီဗွီကြည့်မယ့်အစား၊ စကားပြောကြမယ်လို့ တိုင်ပင်ထားလိုက်ကြသလိုပါပဲ။ မှတ်ဆိတ်ဖြူကြီးက ပြုံးပြုံးကြီး ငြင်းပယ်ရင်း ကိုယ့်ကို ရယ်ပြပြန်တယ်။ ပြန်ရယ်ပြဖို့ မြန်မာပီပီ ဝန်မလေးတဲ့ ကိုယ်က အဆစ်အနေနဲ့ပါ သူ့ကို မျက်ဝန်းနဲ့ စပ်စုလိုက်တယ်။ ၅၀ ကျော် ၆၀ ဝန်းကျင်





အရွယ်ကြီးပိုင်းဖြစ်ပြီး ငွေရောင် ဆံပင်၊ မျက်နှာနီစပ်စပ်နဲ့ လူခပ်ထွားထွားကြီးပါ။ ခပ်ဟဟ သူ့ရှင်ဘတ်က ငွေမှင်တွေကြားမှာ ဆွဲထားတဲ့ ဆွဲကြိုးရဲ့ လော့ကက်က ကြာပွင့်ပေါ်မှာ ထိုင်တော်မူနေတဲ့ ဗုဒ္ဓရုပ်တုငယ်လေးပါလား။ စပ်စုဖို့ လက်မနှေးတဲ့ ရွှေမြန်မာပြည်သား ကိုယ်က ကိုယ်တို့လို ကန္ဒီစွယ်တော်ဖူးဖို့လာတဲ့ သူလေလားလို့ "ဗုဒ္ဓဘာသာဝင်လား"လို့ မေးလိုက်တော့ မဟုတ်ပါဘူးတဲ့။ သီရိလင်္ကာကို လှိုင်းစီးဖို့ လာခဲ့တာတဲ့။ ကမ်းခြေမှာ သွားတည်းပြီး စပိဘုတ်နဲ့ လှိုင်းစီးမယ်တဲ့။ သူ့အရွယ်က ဘုရားသွား၊ ကျောင်းတက်လုပ်ရမယ့်အရွယ်မို့ ကိုယ်က အားမနာတမ်း အသက်ဘယ်လောက်လဲလို့ မေးတော့ ၅၅ နှစ်ပါတဲ့။

အဲဒီအချိန်မှာပဲ ဒေါင်းမြီးကွက်ပြာနဲ့ လေယာဉ်မယ်လေးက ဝိုင်အဖြူလား၊ အနီလားလို့ လာမေးတော့ ဒါ အခွင့်အရေးပဲလေဆိုတဲ့ စိတ်နဲ့ ဝိုင်အဖြူလည်း တစ်ခါမှ မသောက်ဘူးလို့ အဖြူလို့ တောင်းလိုက်တယ်။ အဲဒီမှာ အနောက်နိုင်ငံသားက အာရှသား လူလည်ထက် ပိုမို သိလာစေပြီး ပန်းသီးဖျော်ရည်ပဲ ပေးပါတဲ့။ ဘေးပတ်

www.burmeseclassic.com



ထမင်း အတူစားကြတော့လည်း သူက စကားရောဖောရောနဲ့ ခင်မင်ချင်ပုံပြနေပြန်ပါတယ်။ သည့်လိုနဲ့ စားသောက်ပြီးကြတဲ့အခါ အခြားခရီးသည်တွေ တစ်ရေးတစ်မောအိပ်သူ အိပ်၊ ဂိမ်းနှိပ်သူနှိပ်၊ ဇာတ်လမ်းကြည့်သူ ကြည့်နေကြချိန်မှာ ကိုယ်တို့ ခရီးသွားနှစ်ယောက်ကတော့ သဘာဝ မကျစွာ ငယ်ပေါင်းကြီးဖော်တွေလို စကားစမြည်တွေ အလုအယက် တဖောင်ဖောင်ပြောနေမိကြရဲ့။


သူက လယ်သမားကြီး (Farmer)ဖြစ်ပါသတဲ့။ ဩော်…သူတို့ဆီမှာ လယ်သမားလည်း နိုင်ငံခြားလျှောက်လည်နိုင်သကိုးလို့ ကိုယ်က အံ့သြနေမိရဲ့။ (နောက်တော့ သြစတေးလျ၊ ပါ့ခ်မှာ သွားအခြေချနေတဲ့ ကိုယ်တို့အစ်ကိုကြီး မြင့်စန္ဒီ-မြန်မာတိုင်းရင်းဆေးတိုက်ပိုင်ရှင် ဦးမြင့်သိန်းက သူတို့ဆီမှာ လယ်သမားဆိုတာ မြေတွေအများကြီးပိုင်ပြီး စက်တွေနဲ့ ထွန်ယက်တဲ့ သူဌေးလူတန်းစားလို့ ပြောပြပါတယ်။ ဟုတ်မှာ)။ သူဟာ လယ်သမားဆိုပေမယ့် စာမတတ် ပေမတတ် လယ်သမားဦးကြီး ဟုတ်ဟန်မတူဘူး။ သူဟာ သုတေသီတစ်ယောက်လိုပဲ စေ့စေ့စပ်စပ်နဲ့ စူးစမ်းလိုစိတ်ရှိတာ တွေ့ရတယ်။ သူ့ နီစပ်စပ်မျက်နှာနဲ့ ဖွေးဖွေးလှုပ်နေတဲ့ ဆံပင်ဖြူဖြူကြီးတွေကြားထဲကပဲ သူဟာ အရှေ့တိုင်းသား-အာရှသားဆန်နေတာလည်း သတိထားမိလာတယ်။


အဲဒါကို ပိုလို့ ခိုင်မာသွားစေတာကတော့ သူ့အင်္ကျီအိတ်ထဲကနေ လက်ကိုင်ပဝါလေးနဲ့ ထုပ်ပြီး ဆောင်ထားတဲ့ နှစ်လက်မလောက်၊ လက်ညှိုးသာသာ ခပ်မာမာ အတုံးလေးတစ်ခု ထုတ်ပြလိုက်ခြင်းပါပဲ။ နံ့သာဖြူတုံးကလေး။ အနံ့ထွက်လာကတည်းက ကိုယ်က အိုး…နံ့သာဖြူ-(Sandal wood) လို့ ရေရွတ်လိုက်တော့ သူ့မျက်နှာကြီး ပြုံးသွားတာ ခုထက်ထိ မြင်ယောင်သေးရဲ့။

“ခင်ဗျားတို့ အာရှသားတွေဟာ နံ့သာဖြူအနံ့ကို ကြိုက်ကြတယ်နော်”

လို့လည်း သူဟာသူ တရှူရှူ လုပ်နေရင်း ပြောသေးတယ်။ တကယ်ကြိုက်တာက သူမို့၊ ကိုယ်က…

“ကျနော်တော့ မကြိုက်ဘူး။ နံ့သာဖြူအမွှေးတိုင်ထွန်းရင် အဲဒီအနံ့





မုန်းတောင် မုန်းသေးတ[ယ်]
အသက်ရှူကျပ်လို့။ ဒါပေမယ့် အ…
က နံ့သာဖြူကြိုက်တယ်၊ တော…
ကတိုးတို့၊ နံ့သာဖြူတို့ကို အမြ…
တယ်။ အမေလိမ်းထားတာက သ…
သင်းထုံထုံလေးမို့ အမေ့ကိုတော့ …
တယ်လို့ ထင်မိတယ်။ နံ့သာဖြူအ…
ရတိုင်း အမေ့ကိုယ်နံ့ကို လွမ်းတ…
လို့ ခပ်ရှည်ရှည်ပြောလိုက်…
တယ်။ ဒါက ကိုယ့်(Psycho)ဆို…
ကို။ ကိုယ် ဘုရားဖူးထွက်တိုင်း …
ဂယာ မပို့လိုက်ရတဲ့ အမေ့ကို ပိုသ…
ရပြီး ဝမ်းနည်းနေတတ်တာကိုး။

နိုင်ငံခြားသားတွေ ဒီလို အန…
တဲ့ အမွှေးနံ့သာတွေ ကြိုက်တယ်…
မထင်တော့ ကိုယ်က အံ့သြနေမိ…
တုန်း သူက “နံ့သာဖြူ…နံ့သာ…
လို့ ပီပီသသကို ရေရွတ်နေပြန်…
ကိုယ့်မှာ လန့်တောင် လန့်သွားမိ…
မြန်မာလို တတ်လားဆိုတော့ မတ…
ပါဘူးတဲ့။ မြန်မာပြည်က ဘုရား…
မှာ ဝယ်ပြီး ဆောင်ထားတာလို့ …
တယ်။ မုတ်ဆိတ်ဖြူကြီးက ဆက်…
မြန်မာပြည်နဲ့ မြန်မာ့ရှင်းတွေကို ကြ…
တယ်လို့ ရှည်ရှည်ဝေးဝေး ရှင်း…
ပြန်ရဲ့။ ဒါကလည်း ယဉ်ကျေးမှုအ…
ကိုယ်နဲ့ ပြောနေတုန်းမို့ ကိုယ့်နိုင်…




www.burmeseclassic.com

www.burmeseclassic.com

ကြောင်း အမွှမ်းတင် ပြောတာပဲလို့ ပြီး ပြုံးနေလိုက်တယ်။ အဲဒီမှာ ကာ သူ့ကိုယ်ကို ကိုယ့်ဘက် ခပ် င်းစောင်းထားလိုက်ပြီး သူ့ရင်ဘတ် ပြူဟာပြကြားမှာ ပေါ်နေတဲ့ ဆွဲပြား ကို ပြတယ်။ ဘုရားရေ . . .၊ ပွင့်ပေါ်မှာ ထိုင်တော်မူနေတဲ့ ရားပုံ။ ဒါပေမယ့် မြန်မာ့လက်ရာ တော့ မဟုတ်ဘူး။ နည်းနည်း မပဟာ နဆန်နေသလိုပဲ။ သူကလည်း င်ဝမ်က ရတာ၊ ကျောက်စိမ်းနဲ့ ထု ထားတာလို့ ပြောတယ်။ ကိုယ်က ဗုဒ္ဓဘာသာဝင်တော့ မဟုတ်ဘူး တာ သိထားလို့ "ဒါဖြင့် ဗုဒ္ဓဘာသာ တော့ စိတ်ဝင်စားလို့လား" ဆိုပြန် တော့ ကြာကို စိတ်ဝင်စားလို့ပါတဲ့။ ကြာပန်းကို ကြိုက်လို့ ကြာပန်းပေါ်က င်းတုကို လည်မှာ ဆွဲထားတာကိုး။ ဖြစ်ရလေ။

နောက်တော့ သူ့ဗုဒ္ဓရုပ်တုလေး နဲ့ ထိုင်တော်မူပုံနဲ့ ပတ်သက်ပြီး မုဒြာ အကြောင်း ရောက်သွားပြန်တော့





ကိုယ့်ကိုလည်း သူက ပြန်စပ်စုတယ်။ ဘာလုပ်ပါသလဲပေါ့။ ကိုယ်က . . .

"ရှေးဟောင်းသုတေသန ဝါသနာ ပါလို့ လေ့လာတယ်၊ လျှောက်သွားပြီး စာရေးတယ်။ ခရီးသွားရင် လေယာဉ် စီးရင်း တိမ်တွေကို ကြည့်ရတာ၊ တိမ် တွေပေါ်က သွားနေရတာကို ကြိုက် တယ်။ ကျနော်က တိမ်တိုက်တွေကို ချစ်တယ်၊ ကောင်းကင်ပေါ်မှာ ရှိတဲ့ တိမ်တွေကို အနီးကပ် မြင်ရတာဟာ လေယာဉ်စီးမှပဲ ဖြစ်မယ်၊ ဒါကြောင့် မိုးပေါ် ပျံနေရတဲ့ ခရီးစဉ်တိုင်းမှာ ပျော် တယ်။ ဒါပေမယ့် ဒီ သီရိလင်္ကာခရီးလို မျိုးတော့ မဟုတ်ဘူး။ ခုတော့ ညခရီးမို့ တိမ်တွေ မမြင်ရဘူး။ တိမ်တိုက်တွေ ထူထပ်ပြီး မိုးတိမ်ထုတွေဖြစ်နေမှပဲ လေယာဉ်နဲ့ တဒုတ်ဒုတ်ဆောင့်မိတဲ့ ခံစားချက်ပေါ်လာတာ။ ဒါကလည်း သိပ်ကောင်းတဲ့ ကိစ္စမဟုတ်ဘူး"

လို့ ကိုယ့်အလုပ်အကိုင်နဲ့ ဝါသနာကို ပြောပြရင်း ညည်းမိတော့ သူက ရယ်တယ်။ အနောက်တိုင်းသား တို့ ထုံးစံအတိုင်း ရှေးဟောင်း သုတေ သန(Archaeology)ဆိုတာနဲ့ သူ့ မျက်လုံးတွေ အရောင်တောက်ပြီး လေးစားပါတယ်တဲ့။ သူလည်း အရမ်း စိတ်ဝင်စားပါသတဲ့။ ဒါ မိတ်ဖြစ်ခွေဖြစ်


ပြောတာ မဟုတ်ဘဲ သူ တကယ်စိတ် ပါလို့ ပြောတယ်ဆိုတာ သိသာပါရဲ့။

သူကတော့ . . .

"ရေနဲ့ မြေကိုပဲ ကြိုက်တယ်။ ရေနဲ့ မြေကသာ ခိုင်မာတယ်၊ အမြဲထိ တွေ့လို့လည်း ရတယ်၊ ဒါကြောင့် ရေ နဲ့ မြေကြားမှာ ပေါက်တဲ့ ကြာပန်းကို လည်း အရမ်းကြိုက်တယ်။ ကြာပန်း ချစ်သူဖြစ်ပါတယ်"

တဲ့။ ကြာပန်းကို ရူးသွပ်သူမို့ သူက ကြာအိုင်ထဲ ပြန်ဆင်းပြန်တယ်။ သူ့လယ်ထဲမှာ ကြာတွေ အများကြီး စိုက်ထားတယ်လို့လည်း အားရပါးရ ပြောပြရင်း နှံသာဖြူတုံးလေးကို အိတ် ထဲ ပြန်ထည့်လိုက်တယ်။ အဲဒီမှာ ကိုယ့်အကွက်ဝင်လာပြီး ကိုယ်လည်း ကြာပန်းတွေနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေသူပါလို့ ဆိုလိုက်တယ်။ သူက ကိုယ့်ကို ကိုယ်နဲ့ ဆက်နွှယ် တယ်ဆိုတဲ့ ကြာပန်းတွေအကြောင်း၊ ရှေးဟောင်း သုတေသနအမြင်၊ အရှေ့ တိုင်းယဉ်ကျေးမှုအမြင်၊ ဗုဒ္ဓဘာသာ အယူနဲ့ ကြာတွေ ပတ်သက်နေပုံတွေ မေးတယ်။


ကိုယ်က ဘုရားရှင်ကို ဖွားတော် မူစဉ်က မယ်တော်မာယာရဲ့ ဝမ်းက ကျွတ်ကျွတ်ချင်း ခြေလှမ်း ခုနစ်လှမ်း





www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းရာမှာ ကြာပွင့်တွေ ခြေဖဝါးအောက်က ဖြစ်ထွန်း လာတယ်လို့ အစချီပြီး ပြောပြတယ်။

အိန္ဒိယ ယဉ်ကျေးမှုမှာတော့ ကြာဟာ စင်ကြယ်ခြင်း၊ ဖန်တီးနိုင်ခြင်းနဲ့ မျိုးပွားခြင်းတွေရဲ့ သင်္ကေတပဲလေ။

ဗုဒ္ဓဖြစ်တော်စဉ်များမှာလည်း ကြာပွင့်များက မကြာခဏ နေရာယူကြတယ်၊ ဖွားမြင်ပြီးစ ဗုဒ္ဓဟာ ခြေလှမ်း ခုနစ်လှမ်းလျှောက်ရာမှာ ခြေရာတိုင်းရဲ့ အောက်မှာ ကြာပွင့်များ ဖူးပွင့်လာကြတယ်။ ဗုဒ္ဓဂယာက မဟာဗောဓိစေတီကြီးအနားမှာ ဘုရားရှင် ပွင့်ထွန်းတော်မူပြီးနောက် ဗောဓိပင်နဲ့ ရွှေပလ္လင်အနားမှာ သတ္တာသတ္တဟ ခုနစ်ရက်ခုနစ်လီ စံတော်မူရင်း စင်္ကြံလျှောက်တဲ့ တဘိယမြောက် "စင်္ကြံသတ္တဟ" နေရာမှာ ကြာပွင့်တွေနဲ့ စင်္ကြံကို ထည့်သွင်း ဆောက်လုပ်ထားတယ်။ မဟာယာဉ်ဂိုဏ်းမှာတော့ ဘုရားလောင်း-အဝလောကိတေသွာရကို ဖန်ဆင်းရှင် ပဒုမပါဏိ(Padmapani) အဖြစ် လက်မှာ ကြာကိုင်ကိုင်ထားဟန်နဲ့ သရုပ်ဖော်ကြပါတယ်။ သူ့ကိုယ်မှ ဘုရားရှင်များ၊ နတ်များကို ဖန်တီးနိုင်စွမ်းတဲ့ သဘောနဲ့ သရုပ်ဖော်ထားတာပါ။ ဗုဒ္ဓဘာသာအယူမှာသာမက၊ ဟိန္ဒူဗြဟ္မဏအယူမှာလည်း ကြာပန်း၊ ကြာရိုးကြာစွယ်တွေကို အတော်သုံးကြပါတယ်။ သမထ ယောဂကျင့်စဉ်များ ကျင့်ရာမှာ ထိုင်လေ့ရှိတဲ့ ပဒုမာသန(Padurmasana) တင်ပျဉ်ခွေပြီး ကြာပွင့်ပုံထိုင်နည်း(Lotus Posture) လည်းရှိရဲ့ ရာဗင်ဒြာနတ်တဂိုးရဲ့ ကမ္ဘာကျော် ကြာပန်းရေစင် ကဗျာများလည်း ရှိတယ်။

ဗုဒ္ဓဘာသာအဆောက်အအုံများမှာ ကြာပွင့်ပုံတွေကို အမျိုးမျိုးအသုံးချခဲ့ကြတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ ခြေတော်ရာ (footprint)မှာ ပါတဲ့ စက်လက္ခဏာ(၁၀၈)ကွက်မှာလည်း ကြာပန်းပုံ ပါတယ်။

မနစ်က သီရိလင်္ကာတစ်ခွင် လှည့်လည်ရင်း ပေါလောနရုဝ မြို့ဟောင်းမှာလည်း ကြာပန်းပွင့်ပုံ ရေကန်(Lotus Pond)ကို တွေ့ခဲ့ရတယ်။

ဒါ့အပြင် ဘုရားစေတီတော်တွေ တည်တဲ့အခါ စေတီမှာ ကြာမှောက်ကြာလှန်ဆိုတဲ့ ကြာဖတ်တွေ အပေါ်ထောင်၊ အောက်စိုက်ပုံကို ထည့်တယ်၊ စေတီတော် ပစ္စယံတွေရဲ့ ထောင့်တွေမှာ မင်္ဂလာရှိတဲ့ အထိမ်းအမှတ် သင်္ကေတ ကြာသွတ်အိုးဆိုတဲ့ ...
တွေနဲ့ တန်ဆာဆင်တယ်။ ကုသ...
ကျောင်းခဲ့တဲ့ ဂူဘုရားတွေရဲ့ အတွ...
က ဂန္ဓကုဋီတိုက် မျက်နှာကြက်...
တော့ ကြာပန်းပုံအမိုးတွေလည်း ...
ဆေးရေးပန်းချီနဲ့ ရေးခွဲတတ်ရဲ့ ...
တုတော်များကို တင်ပြီး ထုလုပ်...
ကြာပလ္လင် (Lotus Throne) ခံ...
လည်း ရှိတယ်။


ဗောဓိပင်ရဲ့ တောင်ကိုင်းက...
ထုတ်လုပ်တယ် ဆိုတဲ့ ဒက္ခိဏာသ...
ဆင်းတုတော်ကတော့ ကြာပလ္လင်...
မှာ ထိုင်တော်မူရင်း ကြာဖတ်တွေ...
လည်း ဆောင်းထားပါတယ်။ ကြာ...
ကြာဖတ်များနဲ့ စီမံထားတဲ့ ဒက္ခိဏ...
ခါ ဆင်းတုတော်ဟာလည်း ကြာတွေ...
အလေးထားပုံ ပြနေရဲ့။

ပုဂံခေတ်မှာတော့ လက်မှုပ...
သည်တွေဟာ ကြေးနဲ့ သွန်းလုပ်...
ကြေးကြာဖူးဆိုတာနဲ့ ဘုရားရှင်...
ဆက်ကပ် ပူဇော်ခဲ့ကြတယ်။ အဲဒီ...
က ခေတ်စားခဲ့တဲ့ ဗုဒ္ဓဝင် ဇာတ်...
တွေကို ထုလုပ်ထားတဲ့ ကြေးကြာ...
(Bronze Lotus Bud)ဟာ လက်...
မြောက်လွန်းလို့ အံ့ဩစရာပါ။ ကြာ...



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်ချလိုက်ရင် ကြာဖတ်တစ်ဖတ်အတွင်းမှာ ဗုဒ္ဓဝင် ရုပ်ခန်းကို ထုလုပ်ထားတဲ့ အရုပ်ကလေးတွေ ပါနေရဲ့။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့က ရှစ်သောင်းဘုရားရဲ့ လိုဏ်ပတ်လမ်းတစ်လျှောက်မှာတော့ ကြာရိုးကြာငုံတွေ ကိုင်ထားတဲ့ ရုပ်တုတွေ အများကြီးရှိပါ။

မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာအရတော့ ကမလာကြာ (ကြာရိုးရိုး)၊ ပဒုမ္မာကြာ(ပဒုမကြာ)၊ ပုဏ္ဍရိကကြာ (ကြာတံဆိပ်) စသဖြင့် ကြာကိုးမျိုးရှိတယ်။ ဘုရားရှင်ရဲ့ ထိုင်တော်မူဟန်ပုံတွေကို ဆင်းတုတော် ထုလုပ်ကြရာမှာလည်း မုဒြာ(ထိုင်တော်မူဟန်)မှာလည်း ကြာပန်းလို ထိုင်တယ်ဆိုတဲ့ "ပဒုမာသန"ထိုင်နည်း (Lotus posture)ရှိတယ်။

မြင့်မြတ်သူတွေရဲ့ ထိုင်စရာပလ္လင်တွေမှာလည်း ကြာပန်းတွေ၊ ကြာဖတ်တွေ ထည့်သုံးကတ်ကြတယ်။ မြန်မာဘုရင်တွေရဲ့ ပလ္လင်တော်ရှစ်ခန်းမှာလည်း ပဒုမ္မာကြာ (Padma)ကို သုံးထားတဲ့ ပဒုမ္မာသန (Padmasana) ပလ္လင်ပါတယ်လေ။


ကိုယ်တို့ မြန်မာတွေမှာ ကြာဆိုတာ အဓိပ္ပာယ်အမျိုးမျိုးရှိတယ်။ ပန်းလည်း ဟုတ်တယ်၊ ကြာဆိုတဲ့ အသံထွက်အတိုင်း နောက်ထပ် ရှိနေတဲ့ အချိန်ကာလကြာတာ၊ နှောင့်နှေးတာကို ပြောတဲ့ ကြန့်ကြာ၊ ရှည်ကြာဆိုတဲ့ မြန်မာစကားလုံးများနဲ့ အဓိပ္ပာယ်တွေလည်း ပြောပြတယ်။ မိန်းမတွေ မြူဆွယ်ပြီး ကြာပစ်တာ။ သူတစ်ပါးသားမယားကို ကြာခိုတာ။

ကိုယ်က "ကြာကြည့် ကြည့်တယ်"ဆိုတဲ့ မြန်မာစကားရဲ့ အဓိပ္ပာယ်ကို သဘောရပြီး ရယ်တော့ သူက ဘာလဲလို့ မေးတယ်။ သူ နားလည်အောင် ကိုယ်ပြောပြဖို့ ခက်မယ်။ အဲဒီလောက်လည်း ကိုယ်က ဘာသာစကားကျွမ်းကျင်သူ မဟုတ်ဘူးလေ။ ဪ… ကိုယ်တို့ မြန်မာစကားမှာက ကြွယ်ဝလှတဲ့ အသုံးအနှုန်းတွေ အများကြီးပါလားလို့ ကိုယ့်ဘာသာလည်း ဂုဏ်ယူလိုက်မိတယ်။ "စပယ်ကြည့် ကြည့်ရင် အသည်းညိမယ် တစ်မူ…"ဆိုတဲ့ မမပုသိမ်သူလည်း ရှိသေးတယ်လေ။ စပယ်ကြည့်၊ ကြာကြည့်။

စပယ်ကြည့်က စပယ်ပန်းလေးနဲ့ နှိုင်းပြီး ဖြူဖြူစင်စင်ကြည့်တာ ဖြစ်ပြီး၊ ကြာကြည့်ကတော့ ကြာပါပါ၊ မူယာမာယာနဲ့ ကြည့်တာပါလား။

လိုက်ကာခန်းဆီးကို ကြာခြည်လို့ ခေါ်တာ၊ အရေပြားမှာ ပေါက်တဲ့ ကြာဆူး၊ ခေါက်ဆွဲလို စားရတဲ့ ကြာဆံ၊ ဟင်းထဲ ထည့်ချက်တဲ့ ကြာညို၊ "တောင်ထိပ်-ကြာပေါက်"ဆိုရင် မဖြစ်နိုင်တာတွေ ဖြစ်လာတာကို တင်စားပြောတာ စတဲ့ ကြွယ်ဝလှတဲ့ ဝေါဟာရတွေ အသုံးအနှုန်းတွေကို ပြောပြလိုက်မိတယ်။

ကြာရဲ့ သဘောဟာ ရွံ့ညွှန်ထဲက ပေါက်လာရပေမယ့် သန့်ရှင်းတဲ့





www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဟင်းတွေထဲမှာလည်း ကြာရိုး ကြာစွယ်တွေကို ထည့်ချက်တာလည်း ပြောပြမိရဲ့။

ကြာပန်းနဲ့ ဆိုင်တဲ့ မြန်မာ ကဗျာတွေ၊ ဝတ္ထုတွေလည်း အများအပြား ရှိပါတယ်လို့ ပြောရင်း ကိုယ်က ခင်နှင်းယုရဲ့ "ကြာတော်၌ ရွှေသောမိုး"၊ မြသန်းတင့်နဲ့ သိန်းဖေမြင့်ရဲ့ "နွံထဲက ကြာတွေအကြောင်း" ပြောပြတယ်။ ဆရာမင်းသုဝဏ်ရဲ့ "ကြာဆစ်ကြိုး ကဗျာကို ရွတ်ပြပြီး အဓိပ္ပာယ်ဖော်ပြပါတယ်။ ပြီးတော့ ကြာရိုးကို ဆစ်ပြီး ပုတီးလုပ်ဆွဲပုံကို လုပ်ပြတယ်။

အဲဒီမှာတင် သူက ကြာဆစ်ကြိုး လုပ်တာ(Lotus)လား၊ (Water Lilies) လားလို့ မေးပါလေရော။ "ဟင်... အတူတူမဟုတ်လား"လို့ ကိုယ်က ပြန်မေးမိတော့ ကိုယ် တတ်ယောင်ကားလုပ်ပြီး လျှောက်ပြောနေတာ သူ သိသွားပါရော။


ကိုယ်ကလည်း "ကြာ"ဆိုတဲ့ ရေပေါင်း သုတေသနဆောင်းပါးရှည် တစ်ပုဒ် ရေးဖူးပြီးသားမို့ ကြာဖြူ၊ ကြာနီ၊ ကြာညိုတွေအကြောင်း လျှောက်ပြောမိတာပေါ့။ ကိုယ်က ကြာပန်းကို

သဘောရှိလို့ ကိလေသာအမှောင်တွေက ကင်းစင်ပြီး တရားရတာကို ကြာနဲ့ တင်စားကြတာပါ။ ဘုရားကန်တော့ရင် လက်အုပ်ကို ကြာဖူးပုံ ချီကြောင်း၊ ဒီခေတ်မှာတော့ ကြာရိုးကြာစွယ်တွေကနေ အမျှင်ထုတ်ပြီး ကြာသင်္ကန်းဆိုတာ ရက်လုပ်ပြီး ဘုရားကို ကပ်ကြောင်းတွေအထိ ရှည်ရှည်လျားလျား ပြောမိပါတယ်။ ဒါက ကိုယ့်ဗုဒ္ဓဘာသာနဲ့ ဆိုင်သလို ရေပေါင်း သုတေသနပညာနဲ့လည်း ဆိုင်တော့ ကိုယ်ပြောတတ်တယ်လေ။

သူကလည်း အာရှတိုက်မှာ ကြာကို ပန်းအနေနဲ့တောင် မဟုတ်ဘဲ စားစရာ၊ ဟင်းချက်စရာ၊ ဆေးဝါးဖော်စပ်ရာအထိ သုံးကြကြောင်းများကို ပြောပြန်ပါတယ်။ ကိုရီးယား တိုင်းရင်းဆေးပညာမှာ ကြာအိုင်နားက လေကို ရှူ၊ ကြာဖက်နဲ့အုပ်ပြီး ပေါင်းတဲ့ ထမင်းကို ကြာဖက်ခင်းပြီး စား၊ ကြာရိုး ကြာစွယ်ကို ဟင်းချက်ပြီး ကျွေးကာ သဘာဝနည်းနဲ့ ကုသကြောင်း စလောင်းမှာ ကိုရီးယား(Arirang) လိုင်းကနေ ကိုယ်ကြည့်မိတာကိုလည်း ကိုယ်က အလုအယက်ပြောပြမိတယ်။

ရေထဲမှာ ပေါက်တာ မြင်ဖူးတ
ပွင့်ဖတ်လေးတွေ အထပ်ထပ်ရှိတ
ယဉ်ကျေးမှုကိစ္စတွေမှာ ကြာပွင့်
ပုံစံအမျိုးမျိုးနဲ့ သုံးတယ်၊ ဒါတွေပဲ
တာလေ။ ကြာအမျိုးအစားတွေ
လည်း စာထဲမှာ ပါသလိုသာ ပ
ကြာ၊ ကမလာကြာ၊ ကုမုဒြာကြာ၊
တံဆိပ်၊ ကြာခေါင်းလောင်း စသ
ပြောနိုင်ပြီး ရေထဲက ပေါက်တဲ့
ဖတ်အထပ်ထပ်နဲ့ ပန်းတိုင်းဟာ
ချည်းသာလို့ ထင်ပြီး ပြောနေတာ

အဲဒီလိုနဲ့ ကိုယ် အရှက်ဖြန်
ကွဲရပါလေရော။ ကိုယ်က မြန်မာ
"ကြာ"ကို အင်္ဂလိပ်လိုပြောရင် သူ
လည်အောင်လည်း (Lotus)လို့
ပြောမိတာကိုး။ တစ်ခါတစ်ခါလည်
ကြားဖူးထားတဲ့အတိုင်း (Wat
Lilies)လို့လည်း ပြောမိတတ်ရဲ့။ ဒါ
မယ့် ဝါဝါမြင်တိုင်း ရွှေမဟုတ်ဆိုသ
တကယ် ထဲထဲဝင်ဝင် လက်တွေ
ကျကျသိတဲ့ စိုက်ပျိုးရေးသမား သူ
တော့ မတိကျလှဘူးပေါ့။ ဒီတော
(waterlilies)ပြောလိုက်၊ (lotu
ပြောလိုက် ဖြစ်နေတာပေါ့။ အဲဒါနဲ့
က ကိုယ့်ကို ကြာပင်၊ ကြာပွင့်
အကြောင်း အများကြီး သိလာ



www.burmeseclassic.com


ပြီးတော့ သူက ကိုယ် မသိတာကို သိကြောင်း ထောက်ပြမနေတော့ဘဲ အဲဒီနှစ်ခု မတူတဲ့အကြောင်းကိုသာ အားဝင်ဖြတ်ပြီး ရှင်းပြပါတော့တယ်။

နှစ်ခုလုံးဟာ ကြာကို ညွှန်းပေမယ့် ရေက ပေါက်တိုင်းတော့ ကြာမဟုတ်ဘူးလေ။ (lotus)ဆိုတာ ပဒုမ္မာကြာတို့လို ရေပြင်ပေါ်ကို အရိုးအစွယ်တွေနဲ့ ကြာရိုး ကြာစွယ်တွေက ထောင်တက်လာပြီး ပွင့်တာတဲ့။ (Waterlilies)ကတော့ ရေနဲ့ ကပ်ပြီး ပွင့်တဲ့၊ ရေပေါ်မှာ လျှပ်ပြီး ပေါက်နေတဲ့ ကြာရိုး ကြာစွယ်ပျော့ပျော့နဲ့ အပွင့်သေးသေးလေးတွေတဲ့။ အဲဒီတော့မှ ကြာဆစ်ကြီးလုပ်လို့ရတာက (Waterlilies)ပါကလားလို့ ကိုယ် ချက်ချင်း နားလည်သွားတော့တယ်။

ကိုယ်လည်း မရက်အားနိုင်ဘဲ၊ သူ့ကို ကျေးဇူးတွေတင်ရင်း၊ သူဟာ လယ်သမားပီပီ စိုက်ပျိုးရေးအသိနဲ့ ကြာကို သိပ္ပံနည်းကျ လေ့လာသိရှိပြီး၊ ကိုယ်ကတော့ ကြာကို စာလို သိခဲ့တာကို နားလည်သွားပါတော့တယ်။



အဲဒီမှာတင် သူက ကိုယ့် (Lap top)ကို လက်ညှိုးထိုးပြပြီး သူ့ဘောင်းဘီအိတ်ထဲကနေ (Memory Stick) ထုတ်ပြီး သူကူးလာတဲ့ ကြာပန်းပုံမျိုးစုံနဲ့ သူ့ ကြာပန်းစီမံကိန်းကို ကိုယ့် (Lap top)ထဲ ထည့်ပေးပါရော။ သူနဲ့ ကိုယ်ဟာ နာရီပိုင်းအတွင်း သိကျွမ်းတဲ့ သူတွေနဲ့ မတူဘဲ နှစ်ပေါင်းများစွာ ခင်မင်လာတဲ့ သူငယ်ချင်းလို၊ သုတေသနတစ်ခုကို ပူးပေါင်းလုပ်နေကြသူ



တွေလို ဖြစ်သွားတယ်။ မျက်နှာဖြူတွေဟာ ကိန်းခန်းကြီးတယ်၊ အရောတဝင် မနေတတ်ဘူး ဆိုတာ မဟုတ်ပါလား။ သူတို့လည်း ကိုယ်တို့လိုပဲ ခင်မင်တတ်၊ ကူညီတတ်၊ စပ်စုတတ်တာပဲလို့ သိလိုက်ရတယ်။ အနောက်တိုင်းသားတွေဟာ အသိပညာ၊ အတတ်ပညာတွေကို မျှဝေ(share) တတ်တာပဲလို့လည်း ကိုယ် လက်ခံလိုက်တယ်။ ကိုယ်တို့နှစ်ယောက် အလုပ်ဖြစ်နေတာ လှမ်းကြည့်ပြီး ကိုယ်တို့ ဘုရားဖူးအဖွဲ့



ကလည်း အံ့သြနေကြရဲ့။

သူ့ ကြာပန်းဥယျာဉ်ထဲက ကြာပန်းပုံတွေကြည့်ပြီး ကိုယ်က...

"ခင်ဗျားက ကြာပန်းချစ်သူအစစ်ပဲ"

လို့ ကိုယ် သူ့ကို ချီးကျူးလိုက်တယ်။ သူက သူ့ရဲ့ အိပ်မက်ဖြစ်တဲ့ ကြာပန်းဥယျာဉ်အကြောင်း ဆက်ပြောပြန်တယ်။ ပြောတာမှ မရပ်မနား ပြောတာပါ။ ဘယ်လောက်ကြာကြာ ပြောခဲ့သလဲဆိုရင် ဘင်္ဂလားပင်လယ်အော်ကြီးကို ဖြတ်မိပြီး သီဟိုဠ်ကျွန်းကို ရောက်တဲ့အထိပါ။


သူက စီးပွားရေး အခြေခံတဲ့ ခရီးသွားလုပ်ငန်း(Eco-tourism)ကို စိတ်ဝင်စားတယ်တဲ့။ သူ့လယ်ယာမြေမှာ ကြာပန်းတွေ စိုက်ပြီး လူတွေ "ကြာ"ကြည့်ဖို့ (ကြာကြာ ကြည့်ဖို့ မဟုတ်) ကမ္ဘာတစ်ဝှမ်းလုံးက လာကြတာမျိုး ဖြစ်စေချင်သတဲ့။

အဲဒီ အိပ်မက်ကို အကောင်အထည်ဖော်ဖို့ လွန်ခဲ့တဲ့ ၁၅နှစ်လောက်ကတည်းက ကမ္ဘာအနှံ့ လျှောက်သွားပြီး ကွဲပြားခြားနားတဲ့ ကြာနဲ့ ရေပေါက်ပင်တွေရဲ့ အရိုင်းပင်မျိုးပေါင်းများစွာကို အများကြီးစုခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာနဲ့ တူတဲ့ (Water-chestnuts) လို အပင်မျိုးလည်း ပါတယ်တဲ့။ သူ့ ရည်ရွယ်ချက်မှာ အဲဒီအပင်တွေကို ကြီးမားတဲ့ ဥယျာဉ်ကြီးအတွင်းမှာ ပြန်စိုက်ပျိုး ပြသမယ်၊ သူတို့ကို မျိုးပြုန်းပျောက်ကွယ်မှု မဖြစ်အောင်လည်း စောင့်ထိန်းပေးမယ်။ မျိုးသုဉ်းလုလု ဖြစ်နေတဲ့ ကြာပဒုမ္မာနဲ့ ကြာမျိုးရင်း အစုံကို သူက စောင့်ရှောက်ကာကွယ်ပေးမယ်။ ဒီလို စုဆောင်းနိုင်ဖို့အတွက် ဘာသာမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံနဲ့ သူ ထိတွေ့ခဲ့ရပါသတဲ့။ ခြားနားလှတဲ့ ပထဝီဝင်အမျိုးမျိုးနဲ့ ဒေသတွေကိုလည်း ဖြတ်ကျော်သွားရောက်ခဲ့ရသတဲ့။ သူ့ရဲ့ ကြာပန်းဥယျာဉ်ကြီး ပေါ်ပေါက်ဖြစ်တည်လာဖို့အတွက် သစ်သီးဝလံ ပန်းမန်ဥယျာဉ်စိုက်ပျိုးဆိုင်ရာ (Horticultural)၊ ဗိသုကာဆိုင်ရာ (Architectural) နဲ့ ယဉ်ကျေးမှုဆိုင်ရာ (Cultural) ပညာအမျိုးမျိုး၊ ဟန်အမျိုးမျိုးကိုလည်း နားလည်အောင် သူ လေ့လာခဲ့ရတယ်။ ကြာပန်းနဲ့ ပတ်သက် ဆက်နွယ်နေတဲ့ ဘာသာရေးနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေကိုလည်း သူ စောင့်ထိန်းချင်ပါတယ်တဲ့။ မတူညီတဲ့ ဘာသာရေးအခြေခံတွေကလည်း ကြာပန်းကို အကြောင်းပြုပြီး တစ်စုံတစ်ရာမှာတော့ ကိုက်ညီညီညွတ်သွားရင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း ဖြစ်ပေါ်စေမှာပဲတဲ့။

"ကြာပန်းဟာ စိတ်နှလုံးကို နှစ်သိမ့်လန်းဆန်းစေတယ် မဟုတ်လား" လို့ သူက ပြန်မေးသေးတယ်။ သူ့ ကြာဥယျာဉ်မှာ ကမ္ဘာ့လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာရေးပေါင်းစုံရဲ့ အတူယှဉ်တွဲ ညီညွတ်ရေးကို သူက မျှော်လင့်နေပြန်ရဲ့။

ပြီးတော့ သူ့ ကြာပန်းဥယျာဉ်

ဟာ ကမ္ဘာလှည့် ခရီးသည်တွေ
ဆွဲဆောင်ရုံသာမက၊ ပညာရေး
ဌာနလည်း ဖြစ်လာမယ်တဲ့။ ကြာ
တွေရဲ့ မျိုးစိတ်၊ မျိုးရင်းတွေကို သု
သနပြု လေ့လာခြင်းအပြင် ကြာ
များရဲ့ မူရင်း ပေါက်ရောက်ရာ နိ
ကြာနဲ့ ဆက်နွယ်တဲ့ ဘာသာရေး
ကိုလည်း လူတွေ ဆက်လက်လေ့
နိုင်သတဲ့။ ကြာပန်းဟာ လှရုံသက်
သာ မဟုတ်ပါဘူး၊ သူတို့ရဲ့ နောက်
ထူးခြား ပြင်းထန်ပြီး သီးခြားလည်
တဲ့ ယဉ်ကျေးမှုနဲ့ ဘာသာရေးနော
ခံတွေ ရှိနေသတဲ့။ ကမ္ဘာ့လူဦး
အများစုနဲ့လည်း မတ်သက်နေရဲ့ 
အတော်များများက လူသားတို့ကြီး
ယဉ်ကျေးမှု၊ အနုပညာနဲ့ စားသော
နေထိုင်ရေးတွေမှာပါ နက်န
ရှိုင်းရှိုင်း ဆက်နွယ်နေတာပါ။ သ
ဩစတေးလျ မူလဒေသခံ လူမျိ
တွေ၊ အာရှတိုက်သားတွေ၊ အ
အလယ်ပိုင်းနဲ့ အာဖရိကသားတွေ
မက အမေရိကန်နဲ့ ဥရောပသား
အားလုံးပါတဲ့။ ဒါပေမယ့် ကြာ
ကြာစွယ်နဲ့ ကြာစေ့၊ ကြာဆံတွေ
စားသုံးနိုင်တယ် ဆိုတဲ့၊ ထူးခြာ
ဓလေ့ကိုတော့ အတော်များများ 



www.burmeseclassic.com

www.burmeseclassic.com



ကြသေးပါဘူးတဲ့။ ကြာဟာ လူ့မှု ဆော်ဝန်းကျင်အတွက် ဒီလို အကျိုး အော့ရှုးတွေ ရှိတာပါတဲ့။

ဒါကြောင့် သူက သူ့လယ်ယာ မြေမှာ ကြာတွေကို ကြိုးစားပမ်းစား စိုက်ပျိုးနေတာပါ။ သူ့ရင်းနှီးမြှုပ်နှံမှုတွေ နဲ့ တစ်ကိုယ်တော် စွန့်စားလုပ်ဆောင် နေတာကြောင့် သူ့အရပ်ဒေသလည်း ဆောင် သူ အောင်မြင်သွားတဲ့အခါ ဧည့်သည်တွေ လာရောက်ကြည့်ရှုပြီး ငွေသုံးကားလာမှာ၊ လူတွေလည်း အလုပ် ကြတော့မှာပါတဲ့။ သူ့ဒေသ (The Bega Valley)ရဲ့ ဂုဏ်သိက္ခာလည်း တက်လာမှာတဲ့။

သူတို့အနီးက(Tilba)မှာလည်း ဥယျာဉ်တွေ ရှိသေးသတဲ့။ အဲဒီကို လည်း ခရီးသည်တွေ ထောင်နဲ့ ချီပြီး လာနေကြပြီတဲ့။ အခြား ဥယျာဉ်တွေ လည်း သူတို့ဝန်းကျင်မှာ ထပ်ပြီးဖြစ် ထွန်းလာစေချင်သေးသတဲ့။ ဥယျာဉ် အသေကြီးဖြစ်မှ ဥယျာဉ်ခြံမြေ စိတ်ဝင် စားသူတွေ ပိုလာဖြစ်မှာတဲ့။ ဒါမှ ပိုစည် ကားလာမှာ ဖြစ်တယ်။ ဒေသခံတွေ လည်း အလုပ်အကိုင် အခွင့်အရေး တွေ ပိုရလာမယ်။ အချိန်ပိုင်းဖြစ်ဖြစ် အချိန်ပြည့်ဖြစ်ဖြစ် လုပ်နိုင်လာကြမယ် လို့ သူက သူ့ဆန္ဒကို ပြောသေးတယ်။

ပြိုင်ဘက်မရှိ ထူးခြားတဲ့ သူ့ ကြာဥယျာဉ်ကို လူတွေ စိတ်ဝင်စားမှာ သေချာပါတယ်လို့လည်း ယုံကြည် တက်ကြွစွာ ပြောနေလေရဲ့။

အဲဒါတွေ တစ်ဆက်တစ်စပ် တည်းဖြစ်လာရင် သူတို့နေရာကို လူ တွေ ပိုလာကြမှာ ဖြစ်ပါတယ်လို့ သည်း စိတ်ကူးယဉ်ပြပါသေးတယ်။ သူတို့ အရပ်သာမက၊ ကြာကို အကြောင်းပြု ပြီး အရှေ့တောင်အာရှတစ်လွှားလည်း ဖွံ့ဖြိုးလာမှာတဲ့။ ကိုယ်က ဆီရမ်ရိမြို့ ကနေ တုန်လေဆပ်အိုင်ကြီးကို အသွားလမ်းတစ်လျှောက်မှာလည်း မိုင်နဲ့ချီပြီး ရှည်လျားတဲ့ ကြာအိုင်တွေ




ရှိကြောင်း၊ မြင်ခဲ့ဖူးကြောင်း ပြောပြ တော့ သူက မှတ်စုစာအုပ်လေးထုတ် ပြီး နေရာမှတ်သားထားလိုက်ပါသေး တယ်။ သူ အဲဒီကို သွားလိမ့်ဦးမယ် ထင်ရဲ့။ ဒလဘက်ကမ်း၊ တွံတေးသွား လမ်းဘေးမှာလည်း ကြာအိုင်ကြီးတွေ ရှိတယ်ပြောတော့ သူ ရောက်ဖူးတယ် တဲ့။ သူ့မှတ်စုစာအုပ်လေးမှာ မြန်မာ လက်ရေးနဲ့ ရေးပြီး သူ့ကို လမ်းညွှန် ထားတဲ့ ဒလဘက်ကမ်းက လိပ်စာ တစ်ခုတောင် ကိုယ့် တွေ့လိုက်ပါသေး တယ်။

ခု ပြောရင်းတောင် လေယာဉ်ပေါ်မှာ ဆုံခဲ့ရတဲ့ ဩစတေးလျမှ မိတ်ဆွေ ကြီးကို သတိရနေမိလေရဲ့။ သူက အခု သူ့မှာ စီမံကိန်း စတင်ဖို့အတွက် အချိန်အနည်းငယ်သာယူဖို့ လိုတော့ ကြောင်း၊ သူ့မှာ စုဆောင်းထားတဲ့ ရေ ပေါက်ပင်တွေ ထောင်ပေါင်းများစွာ ရှိ နေပြီး အဲဒါတွေသာမက ချုံပင်၊ အလှ ပင်၊ ဝါးရုံတွေပါ ရှိနေကြောင်း အားရ ဝမ်းသာ ဆိုပါတယ်။ အိပ်မက်ကောင်း မက်ပြီး ယောင်ပြုံးနေတဲ့ ကလေးငယ် လို သူ့မျက်နှာက ရွှင်နေတယ်။ ရေ ပေါက်ပင်အများစုကို အိုးတွေနဲ့ စိုက် ထားလို့ အလွယ်တကူ လိုရာရွှေ့နိုင်ပါ တယ်တဲ့။ အိုးတွေကို ကျောက်၊ မြေ၊ ပလတ်စတစ် (Stone/Ceramic/ Plastic)တွေနဲ့ လုပ်ထားတယ်။ ကန် တွေကိုတော့ ပလပ်စတစ်၊ အင်္ဂတေ (plastic liners or concrete)တွေ နဲ့ လုပ်ထားတယ်။ အပင်တွေသာမက၊ အဲဒါတွေနဲ့ လိုက်ဖက်မယ့် ကျောက် ဆစ်ရုပ်(Statues)တွေ၊ ရှေးဟောင်း ကျောက်တွင်း တရုတ်ပန်းအိုး(antique Chinese hand-hewn stone pots)တွေ၊ သစ်သားပန်းပု၊ ကျောက် ထွင်းပန်းပုတွေလည်း ရှိနေသေးသတဲ့။ ကြာပန်းတွေနဲ့ ဆက်စပ်သမျှ ပစ္စည်း တွေကို ပညာရပ်ဆန်ဆန် ဟောပြော ပို့ချနိုင်ဖို့ပါ စုထားတာတဲ့။


ဩစတေးလျနဲ့ အထူးသဖြင့် အာရှတစ်လွှားဟာ ပဒုမ္မာကြာရဲ့ မူရင်း





www.burmeseclassic.com


www.burmeseclassic.com




ဒေသဖြစ်ပါတယ်။ သူတို့ဟာ အရွယ်အစားစား၊ အရောင်အမျိုးမျိုးနဲ့ ပွင့်ဖတ်ပွင့်ချပ်အရေအတွက်မျိုးစုံနဲ့ ဖွဲ့စည်းထားတာပါ။ ရိုးရိုးပွင့်ချပ်နည်းနည်းကနေရာနဲ့ ချီတဲ့ ပွင့်ချပ်တွေအထိ ရှိကြတယ်။ ပွင့်ချပ်ပုံကလည်း အမျိုးမျိုးပါ။ ကြာတွေနဲ့အတူ ယှဉ်တွဲစိုက်ပျိုးဖို့ ခပ်ဆင်ဆင်တူတဲ့ Water Iris တွေကိုလည်း စုဆောင်းထားပါသတဲ့။

ဧည့်သည် ခရီးသွားတွေ ရောက်လာတဲ့အခါ ဧည့်ခံကြိုဆိုဖို့၊ ဝင်ကြေးကောက်ခံဖို့၊ အမှတ်တရပစ္စည်း (souvenirs) လေးတွေ ရောင်းဖို့၊ အပင်ပေါက်လေးတွေ ရောင်းဖို့၊ နမူနာပြ ရှင်းလင်းဖို့၊ အပင်တွေ စုဖို့၊ နောက်ပိုင်းမှာ အပင်ပေါက်တွေကို လက်လီလက်ကား (Retail) ပြည့်စုံကျယ်ပြန့် ဖြန့်ဖြူးနိုင်အောင် ပျိုးခင်း (Nursery)တွေ လုပ်ဖို့၊ အားလုံး စိတ်ကူးရေးဆွဲထားပါတယ်တဲ့။ ယုတ်စွအဆုံး၊ ခရီးသည်တွေအတွက် ကျား-မ သီးခြား အိမ်သာတွေလည်း ပါရဲ့။ သည့်ထက် ပိုအောင်မြင်လာရင်တော့ အသေးသုံး ပစ္စည်းလေးတွေ ရောင်းချဖို့ ဆိုင်လေး(Kiosk)တွေတောင် စီစဉ်ထားချင်ပါသတဲ့။

အဲဒီလိုနဲ့ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တော်၊ နိုင်ငံတကာ (ဘန်ဒရာနာယကေးလေဆိပ်)ကို သီရိလင်္ကာအချိန် ည ၉နာရီ ၅မိနစ်ရောက်သွားပါတယ်။ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ပြီး ၃နာရီကျော်ခန့် လေယာဉ်စီးနင်းခဲ့ရတာပါ။ လေထဲက မိတ်ဆွေနဲ့ စကားကောင်းလာလို့ အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့ပါတယ်။ ကြားမှာ တစ်နာရီပျောက်ဆုံးသွားခဲ့လို့ အသက်



တစ်နာရီကျော် ပိုရှည်ရတယ်လို့ ...
မိပါရဲ့။ လေယာဉ်ပေါ်က အဆင်...
တော့ ကြာပန်းချစ်သူ ကိုယ့်မိတ်...
က သူနဲ့ ဆက်သွယ်ဖို့ တဖွဖွပြော...
နှုတ်ဆက်သွားပါတယ်။ ကြာ...
တာတွေ မကြာစေဖို့၊ ကြာတွေ ...
ကာ ဆုတောင်းပေးရရင်ဖြင့် မိတ်...
ရဲ့ စိတ်ကူးအိပ်မက်တွေ မကြာ...
လက်တွေ့ဖြစ်ပေါ်လာပါစေ။ ...
"ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့သ...
ပေါက်ပင်အရင်းအမြစ်တွေ မျိုး...
ရေး၊ ကမ္ဘာကြီး စိမ်းလန်း စိုပြည်...
နိုင်ငံတကာ ကြာအိုင်ကြီး"ကနေ ...
သင်းနံ့တွေ ကမ္ဘာ့လေထုထဲမှာ သ...
ပြီး ငြိမ်းချမ်းရေးတွေ တည်ဆော...
ပါစေလို့ . . . ■

* * *

ကိုး...

(မဟာဝိဇ္ဇာ၊ ရှေး...

စာကိုး

- စပ်ထွန်းမှတ်ဝင်း၊ မြန်မာ့ရိုးရာ ...
သိပ္ပံပညာ၊ အာသနပလ္လင်တော်...
ဝါဟာန စီးတော်ယာဉ်များ၊ မ...
၁၉၇၁ ခုနှစ်၊ သာသနာ့ရေးဦး...
- 'lotus' Encyclopædia Britan...
2012.

www.burmeseclassic.com

www.burmeseclassic.com

KIDSZONE
Baby Fancy World

(1) Junction Square Level (2), C-228 C-235 C-248, Kamaryoot Tsp. Yngon.
(2) Taw Win Center Level (2), 3084-3085, Da Gon Tsp. Yangon.
Ph : 09 524 2121, 09 4922 1290

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သူခိုး…။

သူခိုးဆိုတာက ပိုင်ရှင် မသိ
အောင် ပိုင်ရှင်ရဲ့ ပစ္စည်းဥစ္စာကို ခိုးတဲ့
သူ

ဓားပြ…။

ဓားပြဆိုတာက ပိုင်ရှင်ရဲ့ ပစ္စည်း
ဥစ္စာကို ပိုင်ရှင်ကိုယ်တိုင်က မပေးချင်
ပေမယ့် ပေးအောင် ပိုင်ရှင်ကို ဓားနဲ့
ခြိမ်း ခြိမ်းခြောက်ယူတဲ့သူ။

သူက သူခိုးလည်း မဟုတ်ဘူး။
ဓားပြလည်း မဟုတ်ဘူး။ ပိုင်ရှင်သိ
အောင် ပိုင်ရှင့်ပစ္စည်းကို ပြောင်ယူတာ။
ဒါပေမယ့် ဓားနဲ့ မခြိမ်းခြောက်ဘူး။
...နဲ့မှ မခြိမ်းခြောက်ဘူး။

ပိုင်ရှင်က သူ့ကို မကြောက်ဘူး။
...ရှင်စိတ်ထဲမှာ သူ့ကို ကြောက်စိတ်
...ည်းနည်းမှ မဝင်ဘူး။ ဝင်တာက
...အားသင့်တဲ့ စိတ်။ ဘယ်လောက်
...အားသင့်လဲဆိုတော့ ပိုင်ရှင့်မျက်စိ
...အောက်က သူ ပျောက်သွားတဲ့အထိ။

ပိုင်ရှင်က လူမဟုတ်ဘူး။ သာ
...နာ့ဝန်ထမ်း ရဟန်းတော်တစ်ပါး။
...ယာတော်တစ်ပါး။ ကျောင်းထိုင်ဆရာ
...တော်တစ်ပါး။ ဆရာတော်ရဲ့ ဘွဲ့တော်
... "ဘဒ္ဒန္တစန္ဒိမာ"။

ဆရာတော် ဘဒ္ဒန္တစန္ဒိမာရဲ့
...ည်းက ဓာတ်လုံး။ ဓာတ်လုံးကို လုံ
... ပြောင်နှိုက်ယူသွားတဲ့သူက…။

◈◈◈

ရောဝတီတိုင်း၊ မအူပင်ခရိုင်၊
...န်းတနော်မြို့နယ်မှာ ကျေးရွာအုပ်စု
...ရှိပါတယ်။ အုပ်စုတစ်စုရဲ့ နာမည်
... "ဇရပ်လုကြီး"။

ဇရပ်လုကြီးကျေးရွာအုပ်စုမှာ
...ပ်လုကြီး၊ ပိန်းချောင်းအရှေ့ (ဦးမြ
မင်းအစု)၊ ပိန်းချောင်းကြီး(ပိန်းချောင်း
ရွာမ)၊ ကြံတုံးလေး(လက်ခုပ်စု)၊ စံကျ
စာဖြူဝဲ၊ ငါးကြင်းချောင်း၊ ဂရက်တာ၊
လိနကုန်း၊ ဂုံညင်းတန်း၊ ညောင်
ဂရက်လိနကုန်း စတဲ့ ရွာတွေ ပါဝင်ပါ
တယ်။ အဓိက ရွာမကြီးကတော့ ဇရပ်
လုကြီးရွာပါ။

ဇရပ်လုကြီးရွာမှာ အရှေ့ကျောင်း
လို့ခေါ်တဲ့ ပုဗ္ဗာရုံ ဘုန်းတော်ကြီးကျောင်း
နဲ့ အနောက်ကျောင်းလို့ခေါ်တဲ့ ပစ္ဆိမာ
ရုံ ဘုန်းတော်ကြီးကျောင်းရှိပါတယ်။

အရှေ့ကျောင်းမှာ သီတင်းသုံး
တော်မူခဲ့တဲ့ သီလ၊ သမာဓိ၊ ပညာနဲ့
ပြည့်စုံတော်မူတဲ့ သက်တော်ရှည် ဆရာ
တော်တစ်ပါးကတော့ ဘဒ္ဒန္တစန္ဒိမာပါပဲ။

ဆရာတော်က ပရိယတ္တိသာသနာ၊
ပဋိပတ္တိသာသနာနဲ့ ပဋိဝေဓ သာသနာ
တော်သုံးရပ်ကို တည်တံ့ ပြန့်ပွားအောင်
ဆောင်ရွက်တော်မူခဲ့သလို၊ ဝိဿနာ
တစ်ရပ်ကိုလည်း ပျံလွန်တော်မူခါနီး
အထိ စွန့်မသွားခဲ့ပါဘူး။ ဆရာတော်ရဲ့
ဝိဿနာက ဖိုလ်ထိုးတာပါ။

ဆရာတော် ဖိုလ်ထိုးတာနဲ့ ပတ်
သက်တဲ့ အမှတ်တရတစ်ခုကို ဖော်ပြ
ပါဦးမယ်။

စာရေးသူရဲ့ မိဘနှစ်ပါးနဲ့ အစ်ကို၊
စာရေးသူတို့ မိသားစုလေးယောက်ဟာ
ရန်ကုန်ရောက်၊ မအူပင်ရောက်၊
ဟိုရောက် သည်ရောက် နေရာကနေ
ပန်းတနော်မြို့မှာ အခြေတည်ခဲ့ပါတယ်။
အရွယ်ရောက်လာပြီးနောက်မှာ အစ်ကို
ရော၊ စာရေးသူပါ ပန်းတနော်မှာ မနေ
ကြတော့ပါဘူး။ ပန်းတနော်အိမ်မှာတော့
အဖေနဲ့ အမေသာ ကျန်ရှိခဲ့ပါတယ်။

ဆရာတော်နဲ့ အဖေက သူငယ်
ချင်းပါ။ တစ်နေ့မှာ စာရေးသူတို့ ပန်း
တနော်အိမ်ကို ဆရာတော် ကြွလာ
တော်မူပါတယ်။ အဲဒီအချိန်က စာရေး
သူကလည်း ကိစ္စနဲ့ ပန်းတနော်အိမ်ကို
ရောက်နေတဲ့ အချိန်ပါ။

အဖေ့ကို ဆရာတော်က မင်းမှာ
ကြေးပြားတွေ ရှိတယ်မဟုတ်လား။
လေးငါးပြားလောက် ယူခဲ့ဖြစ်မလို့ ပြော
လို့ အဖေက ရှိတဲ့အကြောင်း လျှောက်
တင်ပြီး ကြေးပြား ငါးပြားကို ဆက်ကပ်
ပါတယ်။

အဲဒီမှာ ဆရာတော်က ဒီမှာ
ကြည့်ဆိုပြီး သူ့ဓာတ်လုံးကို ထုတ်ပြခဲ့
တယ်။ စာရေးသူ မြင်တွေ့ခဲ့ရတာက
တော့ ရွှေတုံးကြီးလိုပါပဲ။ ကြေးပြား
တစ်ပြားကို ဆရာတော်က ဓာတ်လုံးနဲ့
ပွတ်တိုက်လိုက်တော့ ကြေးပြားက
အရောင်ပြောင်းသွားတယ်။ နောက်ထပ်
ကြေးပြားနှစ်ပြားကို တိုက်ပြတော့လည်း
အရောင်ပြောင်းကုန်ကြတယ်။ အဲဒီ
ဓာတ်လုံးနဲ့ ပွတ်တိုက်ခံရတဲ့ ကြေးပြား
သုံးပြားရဲ့ အရောင်က ကျန်တဲ့ ကြေး
ပြားနှစ်ပြားရဲ့ အရောင်နဲ့ မတူတော့ဘူး။
တကယ့်ရွှေပြားတွေမှ ရွှေပြားတွေလို့
ထင်ခဲ့ရတဲ့အထိ။

အဖေ၊ အမေနဲ့ စာရေးသူက
အံ့အားတသင့် ကြည့်နေတုန်း ဆရာ
တော်က သတိပေးခဲ့တယ်။

"အဲဒါတွေက ရွှေအစစ်မဟုတ်
ဘူး။ နာရီပိုင်းလောက်ပဲ ရွှေဖြစ်ပြီး
နောက်တော့ မူလအတိုင်း ကြေးပြား
ပြန်ဖြစ်သွားမှာ။ ငါ့ဓာတ်လုံးက ရွှေဖြစ်
ပြီဆိုတာ မင်းတို့ကို ပြတာ။ ဒါပေမယ့်
ဒါတွေကို မမက်မောနဲ့။ ရွှေဖြစ်ဖြစ်၊
ဘာဖြစ်ဖြစ် ရုပ်ရှိရင် ဖြစ်ပြီး ပျက်မှာပဲ။
နာမ်လည်း အတူတူပဲ။ ရုပ်နာမ်ရဲ့ ဖြစ်
ပျက်ဒုက္ခကင်းတဲ့ အဖြစ်ကို ရှုသာ
ကြိုးစားကြ၊ ငါ ဖိုလ်ထိုးတာက ရွှေဖြစ်
ငွေဖြစ်လောက်ကို လိုချင်တာ မဟုတ်
ဘူး။ ထွက်ရပ်ပေါက်ဖြစ်ချင်လို့"
လို့ ပြောပြီး ကြေးပြားသုံးပြားကို

www.burmeseclassic.com

ဝေးဝေးရောက်အောင် လွှင့်ပစ်ခိုင်းပါတယ်။ အဲဒီအချိန်က ပန်းတနော်မြို့ထဲမှာ တောင်ရေတွေ လျှံနေတယ်။ စာရေးသူတို့အိမ်က ခြေတံရှည်အိမ်မြင့်။ အိမ်အောက်မှာ ပတ်ပတ်လည် ရေတွေ တဖွေးဖွေးနဲ့။

အဖေက ကြေးပြားအားလုံးကို နောက်ဖေးက ကျည်းပင်နားရောက်အောင် လွှင့်ပစ်ပါတယ်။ ကြေးပြားတွေက အဝေးကြီးရောက်ပြီး နောက်ဖေးရေအိုင်ကြီးထဲ ကျသွားတော့တာပါပဲ။

အဲဒါ ဆရာတော် ဘဒ္ဒန္တစန္ဒိမာရဲ့ ဓာတ်လုံးနဲ့ ပတ်သက်တဲ့ စာရေးသူရဲ့ ကိုယ်တွေ့။

ဆရာတော်ရဲ့ ဓာတ်လုံးနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တစ်ခုလည်း ရှိပါသေးတယ်။ ဒီအဖြစ်အပျက်ကတော့ ဆရာတော်ပြောပြလို့ သိရတာပါ။

◈◈◈

တစ်ညနေ၊ နေဝင်ရီတရောညီအစ်ကို မသိတသိအချိန်မှာ ခါတိုင်းလိုပဲ ဆရာတော်က ဖိုလ်ထိုးပါတယ်။ ဖိုလ်ထိုးတဲ့နေရာက ခါတိုင်း ထိုးနေကျ ဇရပ်လှကြီးအရှေ့ကျောင်းရဲ့ ကျောင်းခေါင်းရင်းက သိမ်တိုက်ထဲမှာ။

သိမ်တိုက်က တိုက်အဆောက်အအုံ။ သွပ်မိုးနဲ့ ပြတင်းပေါက်တွေနဲ့ ခြေကျော် တံခါးတစ်ပေါက်ရှိတယ်။ အားလုံးက ဘာအပျက်အစီးမှ မရှိပါဘူး။ ဆရာတော် ဖိုလ်ထိုးနေတုန်း လုံထဲက အလင်းရောင်တွေ ပျံ့ထွက်လာတယ်။

အဲဒီအချိန်မှာ သိမ်ရဲ့ ခြေကျော်တံခါးကို ခေါက်တဲ့ အသံနဲ့အတူ…

"ဆရာတော်ဘုရား၊ တံခါး ခဏလောက် ဖွင့်ပေးပါ ဘုရား"

ဆိုတဲ့ အသံကို ဆရာတော်က ကြားခဲ့ရပါတယ်။

အသံရှင်က ဆရာတော်ရဲ့ လက်ရင်း တပည့်ကြီး ဦးတင်ကြည်။ ဦးတင်ကြည်က ဇရပ်လှကြီးရွာသား။ အရှေ့ကျောင်းရဲ့ သာသနာရေးကိစ္စတွေကို ဦးစီးဦးဆောင် ဆောင်ရွက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီး။

လက်ရင်း တပည့်ကြီးဖြစ်တဲ့ ဦးတင်ကြည်ရဲ့ အသံလို့ ထင်လိုက်တာနဲ့ ဆရာတော်က သူ ဖိုလ်ထိုးနေပါလားဆိုတဲ့ အသိကို ခဏမေ့သွားတယ်။ သမုဒယ သံယောဇဉ်ဆိုတာ တကယ် နှယ်မျှင်ပတ်တတ်တဲ့ အမျိုးပဲ။

ဆရာတော်က ခြေကျော်တံခါးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ ဆရာတော် ပထမဆုံး မြင်တာက ဦးတင်ကြည်ရဲ့ ရုပ်ဆင်းသဏ္ဍာန်နဲ့ တူတဲ့သူ။ ဦးတင်ကြည်လို့ ဆရာတော်က ထင်နေတုန်း ဦးတင်ကြည်ပုံသဏ္ဍာန်ပျောက်သွားပြီး လူနီနီရောက်လာတယ်။ နောက်တော့ လူနီနီက လီမွှော်ရောင်ပြောင်း၊ လီမွှော်ရောင်က မီးခိုးရောင်ပြောင်း၊ အပြောင်းအလွဲက တကယ်မြန်တာ။

အပြောင်းအလွဲမြန်သလို၊ အပျံလည်း မြန်တယ်။ ရုပ်ပြောင်းရုပ်လွှဲ မြန်တဲ့သူ။ အဲဒီသူက ငှက်လို ပျံပြီး ဆရာတော့်ရှေ့မှာပဲ ဆရာတော့်လုံထဲက အရောင်တဝင်းဝင်း တောက်နေတဲ့ ဓာတ်လုံးကို နှိုက်ယူပြီး တဟားဟား ရယ်ရင်း ငှက်လို ကောင်းကင်ကို ပျံထွက်သွားတာတဲ့။

◈◈◈

တကယ်တော့ ဆရာတော် အဲဒီလိုဖြစ်တာ ဦးတင်ကြည် လုံးဝ မသိခဲ့ရှာပါဘူး။ ဦးတင်ကြည်မှာ လုံးဝ အပြစ်မရှိပါဘူး။ ဘာလို့ဆိုတော့ ဦးတင်ကြည်က သူ့အိမ်နားနီးချင်းဖြစ်တဲ့ ဦးတင်မြင့်တို့အိမ်ကို ရောက်နေလို့ပါပဲ။

အခုတော့ ကာယကံရှင်ဖြစ်တဲ့ ဆရာတော်လည်း ပျံလွန်တော်မူခဲ့[…] ပြီ။

ဒီကိစ္စနဲ့ ပတ်သက်ပြီး စာရေး[…] က ဘာမှနားမလည်တော့ ဘာမှမ[…] ချင်ပါဘူး။ ဒါပေမယ့် ကြားခဲ့[…] စကားနှစ်ခွန်းတော့ ရှိပါတယ်။ [...] နှစ်ယောက်က တစ်ယောက် တစ[…] ပြောကြတာပါ။

"ဆရာတော်ရဲ့ ဓာတ်လုံ[…] တကယ်အောင်ခဲ့တာကွ။ ထွက[…] ပေါက် အောင်လို့ ဓာတ်လုံးက တ[…] ဝင်း တပြောင်ပြောင်နဲ့ အရောင်[…] ထွက်ခဲ့တာ။ ဒါကို မိုးပျံနိုင်တဲ့ ဣဒ္ဓိ[…] ရှိတဲ့သူက ဆရာတော်ရဲ့ တပည့်[…] ဦးတင်ကြည်ဟန်ဆောင်ပြီး လုံထဲ[…] ဓာတ်လုံးကို ဖြောင်နှိုက်ယူသွားတာ[…]"

လို့ ပြောတယ်။ နောက်[…] ယောက်ကတော့…

"ဓာတ်လုံးဆိုတာ ပြဒါးပါတ[…] ပြဒါးဆိုတာ အပူနဲ့ တွေ့ရင် အင[…] တာပေါ့။ အငွေ့ထွက်တာပေါ့။ အ[…] ထွက်တော့ တဝင်းဝင်း တလက်[…] ဖြစ်ပြီး ပျောက်သွားတာပေါ့။ [...] ဆရာတော်က သူ့ဓာတ်လုံးကို [...] အစွဲအလမ်းကြီးတဲ့သူဆိုတော့ စိတ[…] မှာ မြင်သလိုလို၊ ကြားသလိုလို[…] အာရုံတွေ ဖောက်ပြန်ပြီး ပြောတာ[…] မှာပါ"

တဲ့။ စာဖတ်သူတွေရော ဘ[…] လို ပြောချင်ပါသလဲ ■


* * *

မန်းတနော်နောင်[…]

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ အတာသင်္ကြန်နှင့် ဦးခေါင်းဆေးမင်္ဂလာ




ဦးဇေယျာကို(နတ္တလ်သိဒ္ဓိ)

မြန်မာလူမျိုးတို့သည် သမိုင်းမှတ်တမ်းများစတင်အတည်ပြုနိုင်သည့် ပုဂံအင်ပါယာခေတ်မှစတင်၍ ဦးခေါင်းဆေးခြင်းအမှုကိစ္စအား မင်္ဂလာတစ်ပါးအဖြစ် ဆောင်ရွက်လေ့ရှိကြပါသည်။ဦးခေါင်းဆေးကြရာ၀ယ် ကမ္ဘာပေါ်ရှိလူသားအသီးသီးမှအသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဆေးကြောသန့်စင်သော်လည်း ဗုဒ္ဓဘာသာကိုးကွယ်သည့် အရှေ့တောင်အာရှနိုင်ငံများနှင့်အိန္ဒိယရှိဟိန္ဒူလူမျိုးများမှာ ကား မင်္ဂလာတစ်ပါးအဖြစ်သတ်မှတ်၍ အမြတ်တနိုးတန်ဖိုးထားဆောင်ရွက်လေ့ရှိကြပါသည်။ဘုရားရှင်လက်ထက်တော်မှစတင်၍ ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်မှုများအား တွေ့ရှိရပေရာ သက်တမ်း ထောင်ချီ၍တည်တံ့ခိုင်မြဲနေသည့် အမွေအနှစ်တစ်ရပ်ဖြစ်ပေသည်။ဦးခေါင်းဆေးခြင်းမင်္ဂလာကို မြန်မာ့ မြေပေါ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မင်းဧကရာဇ်မှစတင်၍အောက်ခြေလူတန်းစားများအထိ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ်အစဉ်တစ်စိုက်ဆောင်ရွက်လာခဲ့ကြကြောင်းတွေ့နိုင်ပါ လိမ့်မည်။ သို့သော်လည်း ၂၀ရာစုနောက်ပိုင်း ဆေးရောင်စုံသင်္ကြန်ခေတ်သို့ရောက်ရှိလာချိန်မှ စတင် ၍ ယနေ့ သရုပ်ပျက်သင်္ကြန်ခေတ်အချိန်ထိ တစ်ဖြည်းဖြည်းချင်းပျောက်ကွယ်လုမတတ်လျော့ပါးလာပြီး ဦးခေါင်း ဆေးမင်္ဂလာအား သက်ကြီးရွယ်အိုဘိုးဘွားမိဘများသာဆောင်ရွက်လာခြင်း၊အသက်(၅၀) အောက်လူကြီးပိုင်း၌ဆောင်ရွက်လိုမှုလျော့ပါးလာခြင်း၊အသက်(၃၀)အောက်လူငယ်လူရွယ်များဆောင်ရွက်မှု(လုံး၀)မရှိတော့ခြင်းများကို ၀မ်းနည်းဖွယ်ရာတွေ့မြင်ရပါသည်။ဦးခေါင်းဆေးမင်္ဂလာပြု၍ အမြတ်တနိုးတန်ဖိုးထားရမည့် ဆံကေသာအလှတရားအပေါ်၌ ဖြူ၊နီ၊ပြာ၊၀ါဆေးရောင်စုံများရောက်ရှိလာကြပြီး သင်္ကြန်နှင့်မြန်မာလူမျိုးတို့၏အလှတရားများသည် တဖြည်းဖြည်းချင်း အကျည်းတန်ရုပ်ဆိုးမှုန်၀ါးလာကြောင်း တွေ့နိုင်ပေလိမ့်မည်။

ဦးခေါင်းဆေးမင်္ဂလာတိမ်မြုပ်ပျောက်ကွယ်ရသည့် အဓိကအကြောင်းအချက်တစ်ရပ်ရှိပါသည်။ မြန်မာတို့၏ဦးခေါင်းဆေးမင်္ဂလာများသည် သင်္ကြန်ကာလအတွင်း မိမိကြိုက်နှစ်သက်သည့်အချိန်တွင် ဆောင်ရွက်ခွင့်မရှိပဲသင်္ကြန်စာများ၌ အချိန်နာရီ၊မိနစ်များအားဖော်ပြထားကြောင်းတွေ့နိုင်ပါ


www.burmeseclassic.com

www.burmeseclassic.com


လိမ့်မည်။ထိုသို့ဖော်ပြရာတွင် ကျမ်းဂန်ပါအချက်များကိုတရားသေစွဲကိုင် ဆောင်ရွက်ကြခြင်းကြော
အချို့ကာလဦးခေါင်းဆေးရမည့်အချိန်များသည် ညဖက်ကာလများဖြစ်နေတတ်ကြောင်း တွေ့ရ
သည်။သို့ဖြစ်၍ညဖက်အိပ်စက်နေသောအချိန်များ၌ မည်သူမှဦးခေါင်းဆေးခြင်းအမှုကိစ္စအား မင်္ဂလာ
တစ်ပါးအဖြစ်ဆောင် ရွက်လိုခြင်းမရှိနိုင်တော့ပေ။အလားတူစွာ ဦးခေါင်းဆေးမင်္ဂလာပြုခြင်းသည်
အနာရောဂါဘယကင်းရှင်းပြီး အတိတ်တွင်ဖြစ်ပေါ်ခဲ့သောဝေဒနာဟောင်းများ ပျောက်ကင်းချမ်းသ
စေလို သည့်ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပေရာ ညဖက်အချိန်အခါသမယများ၌ ဦးခေါ
ဆေးမင်္ဂလာဆောင်ရွက်ပါက ကျန်းမာရေးအညံ့ဖြစ်ပွားစေမည့်ဆန့်ကျင်ဖက်ဆိုးကျိုးတရားများလည်
ပေါ်ထွန်းလာနိုင်ပေသည်။သို့ပါ၍ သင်္ကြန်၌ လူငယ်လူရွယ်များမှအစပြု၍ လူကြီးသူမအားလုံး လို
လားလား ဆောင်ရွက်လိုသည့် မင်္ဂလာအချိန်အခါကောင်းများဖြစ်ရန် လိုအပ်ပေလိမ့်မည်။

အထူးသဖြင့် ရှေးကျမ်းဂန်များ၌ချမှတ်ထားသော ဥပဒေသများမှာလည်း များစွာသံသယဖြစ်ဖွယ်မျာ
ပါရှိနေပေ သည်။သင်္ကြန်ကျချိန်ဇာတာခွင်၌ မိဿနှင့်တူလဂ်ဖြစ်ပါက ဗဿျုသင်္ကြန်ခေါ်ဆို
သင်္ကြန်မကျမီ အချိန်၌ ဦးခေါင်းဆေး မင်္ဂလာပြုရမည်ဟု သတ်မှတ်ထားပါသည်။သင်္ကြန်ကျချိ
ကရကဋ်နှင့် မကာရလဂ် ဇာတာခွင်ဖြစ်ပါက အာယာမသင်္ကြန်ဟုခေါ်ဆိုပြီး သင်္ကြန်ကျချိန်၌ ဦးခေါ
ဆေး မင်္ဂလာ ပြုရန် ညွှန်ကြားထားပါသည်။ကျန်သည့်လဂ်များဖြင့်သင်္ကြန်ကျလျှင် သာမန္တသင်္ကြ
ဟုခေါ်ဆိုပြီး သင်္ကြန်ကျပြီး မြန်မာနာရီတစ်နာရီ(၂၄မိနစ်အတွင်း) ဦးခေါင်းဆေးရန် ဖော်ပြထား
သည်။ထိုအခြေခံဥပဒေသများသည် မည်သည့်အကြောင်းကဏ္ဍများကိုအခြေခံ၍ချမှတ်ထားကြော
တိကျသေချာစွာကျမ်းဂန်များ၌ ဖော်ပြထားခြင်းမရှိသည်ကိုလည်းလေ့လာတွေ့ရှိရပါသည်။သင်္ကြန်
သည်နေမင်းမိဿရာသီပြောင်းရွှေ့မှုနှင့်အထွန်းတောက်ဆုံးဥစ်ရာသီအလင်းရောင်အားကို မူတည်
တွက်ချက်ထားခြင်းဖြစ်ပေရာ နေမင်းကိုနက္ခတ်သိပ္ပံပညာရပ်အရ အားအကောင်းဆုံးမွန်းတည့်ဘာ
များ၌ ဖန်တီးပုံဖော်သင့်ပေသည်။ဦးခေါင်းဆေးမင်္ဂလာအမှုကိစ္စများကိုလည်း နေမင်းမြန်မာ့နိုင်
ဧရိယာ အဝန်းအဝိုင်းမှဖြတ်သန်းချိန် မွန်းတည့်ဘာဝရောက်ရှိချိန်(၁၀)တန့်ဘာဝ(သို့)၉တန့်(သို့
၁၁တန့်ဘာဝများတွင်သာ ဖြစ်နေသင့်ပါသည်။ထိုသို့နေမင်း(၉၊၁၀၊၁၁)တန့်ဘာဝများသို့ရောက်
ချိန်ဖြစ်ပါက နံနက်၈နာရီအတွင်းမှနေ့လည်၂နာရီအတွင်းဖြစ်နေသည့်အတွက် အသက်ရှည်၊ကျန်းမ
အနာမဲ့စေရေးအတွက် ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်မှုသည် အထောက်အပံ့ဖြစ်စေပါလိမ့်မည်

မြန်မာ့မြေ၌ ဦးခေါင်းဆေးမင်္ဂလာအခမ်းအနားများ ပြန်လည်နိုးထရှင်သန်သက်ဝင်လှုပ်ရှားလာစေ
ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြို့နယ်အသီးသီး၌ ဦးခေါင်းဆေးမင်္ဂလာစည်ကားစွာ
ကျင်းပနိုင်ရေးအတွက် ရေကစားမဏ္ဍပ်များ၌ အထူးအစီအစဉ်များအဖြစ် ထည့်သွင်းကျင်းပပေးခြ
ဦးခေါင်း ဆေးမင်္ဂလာကျင်းပရမည့်နေ့ရက်အချိန်အခါများအား တစ်နိုင်ငံလုံးစိတ်ဝင်တစားသိရှိနိုင်ရ
မီဒီယာ အသီးသီးမှ တရားဝင်သတင်းထုတ်ပြန်ပေးခြင်း၊သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်များတွင်လည်
ဦးခေါင်း ဆေး မင်္ဂလာကျင်းပရမည့်အချိန်နာရီမိနစ် များ၌ ဖြေဖြေရေးအစီအစဉ်များအား ရပ်တန့်၍
ဦးခေါင်း ဆေးမင်္ဂလာအခမ်းအနားများထည့်သွင်းကျင်းပပေးခြင်း၊နိုင်ငံအတွင်းထုတ်လွှင့်ပြသနေသည်
ရုပ်သံလိုင်းများမှလည်း ဦးခေါင်းဆေးမင်္ဂလာကျင်းပရမည့်အချိန်တွင် ပြသနေသည့်အစီအစဉ်မျာ
ကို ခေတ္တ ရပ်တန့်၍ ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ပုံအဆင့်ဆင့်အား ပညာပေးထုတ်လွှင့်ပြ
ပေးခြင်း၊နိုင်ငံတော်သမ္မတကြီးအပါအဝင်အစိုးရအဖွဲ့အစည်းအကြီးအကဲများမှလည်း ဦးခေါင်းဆေး
မင်္ဂလာ အခမ်းအနားများအား ပါဝင်ဆင်နွှဲပုံဖော်ပေးခြင်းဖြင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအ
ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်မှုများအား ပြန်လည်ထိမ်းသိမ်းစောင့်ရှောက်ပုံဖော်သင့်ပေသည်။


www.burmeseclassic.com

ယခုနှစ် ၂၀၁၄မဟာသင်္ကြန်ပွဲသည် သာမန္တမဟာသင်္ကြန်ဖြစ်သည့်အတွက် ဦးခေါင်းဆေးမင်္ဂလာ ဆောင်ရွက်ရန်အတွက် ကျမ်းဂန်ဥပဒေသများမှ ဖော်ပြထားသောအချိန်နာရီမှာ သင်္ကြန်ကျပြီး ၂၄မိနစ် ဖြစ်သည့်အတွက် ၂၀၁၄၊ဧပြီလ(၁၄)ရက်၊မြန်မာစံတော်ချိန် နံနက်၁၀နာရီ၄၂မိနစ်ဖြစ်ပါသည်။ယင်း အချိန်၌ ဦးခေါင်းဆေးမင်္ဂလာပြုလုပ်ပါက ရာထူးဘုန်းကံရှိသူများကိုကိုယ်စားပြုသည့်စနေဂြိုဟ် အာရီရန်အတိုက်အခံဘာဝတွင် ရက်တည်နေသည့်အတွက် ရာထူးဩဇာထိခိုက်ကျရှုံးမှုများဖြစ်ပေါ် လာတတ်ပါသည်။ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ရန်အတွက်သံနှိုင်းသင်္ကြန်စကားပြေကျမ်း တွက်နည်းအရဇာတာခွင်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။



ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ရန်အတွက်သံနှိုင်းသင်္ကြန်စကားပြေကျမ်းဇာတာခွင်

သို့ပါ၍ အဖက်ဖက်မှအပြစ်ကင်းစင်ပြီး ကောင်းကျိုးမင်္ဂလာတရားများရရှိလာနိုင်သော ၂၀၁၄၊ ဧပြီလ(၁၄)ရက်၊မြန်မာစံတော်ချိန် နေ့လည်၁၁နာရီ၄၀မိနစ်မှနေ့လည်၁၁နာရီ၅၀မိနစ်အတွင်း၊ မေထုန်ရာသီလဂ်ဝဂ္ဂုတ္တမနဝင်းရရှိချိန်သာဖြစ်သင့်ပါသည်။ထိုအချိန်အခါတွင် ဦးခေါင်းခေါင်းမင်္ဂလာ ကျင်းပခြင်းဖြင့် ဦးခေါင်းဆေးခြင်းကြောင့်ရရှိလာမည့်အကျိုးတရားများအား ပြည့်ဝစွာရရှိလာပါလိမ့် မည်။သင်္ကြန်အကျနေ့မြေခံသည် မိတ္တူမြေခံ(သင်္ကြန်စာများပါမြေခံဖြင့်ကွဲလွဲမှုရှိပါလိမ့်မည်)။ယခု စာရေးသူတွက်ချက်ဖော်ပြထားသောမြေခံသည် အမေရိကန်ဂြိုဟ်သွားစနစ်ဖြင့်လမင်း၏အလင်းအား ထိထိကိုတွက်ချက်သည့်အတွက် မြန်မာဂြိုဟ်သွားပြက္ခဒိန်တွက်ချက်မှုများဖြင့် ကွဲလွဲမှုရှိနေပါသည်။ ဦးခေါင်းဆေးမင်္ဂလာအား ဖော်ပြပါနေ့ရက်အချိန်တွင် တနင်္လာနေ့သားသမီးမှလွဲ၍ ကျန်သည့်နေ့ သားသမီးများအားလုံး ဆောင်ရွက်နိုင်ပါသည်။ခေတ်သစ်နက္ခတ်သိပ္ပံတွက်ကိန်းများအရ ဦးခေါင်းဆေး မင်္ဂလာဆောင်ရွက်သင့်သည့်ဇာတာခွင်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။



ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ရန်အတွက်နက္ခတ်သိပ္ပံတွက်ကိန်းများဖြင့်တွက်ချက်ထားသောဇာတာခွင်


www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်အကျနေ့၊ဧပြီ၁၄ရက်၊တနင်္လာနေ့၊နေ့လည်၁၁နာရီ၄၀မိနစ်မှ၁၁နာရီ၅၀မိနစ်အတွင်း
တနင်္လာသားသမီးမှလွဲ၍ ကျန်နေ့သားသမီးများဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ပုံအဆင့်ဆ

| နေ့သားသမီး | သွားရောက်ရမည့်အရပ်(ဂဟာပတိ) | မျက်နှာမူရမည့်အရပ်(ဂြိဟ်ဇာပွင့်ရာအရပ်) | အခင်းပြုလုပ်ရန် | ကိုင်ဆောင်ရန် |
|---|---|---|---|---|
| တနင်္ဂနွေ | အနောက်တောင်ထောင့်အရပ် | အနောက်အရပ် | ဒန်းညွန့်(၁၀) | ကံ့ကော်ညွန့်(၁ |
| အင်္ဂါ | အနောက်မြောက်ထောင့်အရပ် | အနောက်အရပ် | ကံ့ကော်ညွန့်(၁၀) | ရွက်လှ(၁၇) |
| ဗုဒ္ဓဟူး | မြောက်အရပ် | အနောက်အရပ် | နေဇာ(၈) | ပျဉ်းမ(၁၉) |
| ကြာသပတေး | အရှေ့အရပ် | အနောက်အရပ် | ရွက်လှ(၁၇) | သီဟို(၂၁) |
| သောကြာ | တောင်အရပ် | အနောက်အရပ် | ပျဉ်းမ(၁၉) | ဒန်းညွန့်(၁၀) |
| စနေ | အရှေ့မြောက်အရပ် | အနောက်အရပ် | သီဟို(၂၁) | အုန်း(၆) |
| ရာဟု | အရှေ့တောင်အရပ် | အနောက်အရပ် | နေဇာ(၈) | ပျဉ်းမ(၁၉) |

ဥပမာအားဖြင့်တနင်္ဂနွေနေ့သားသမီးတစ်ဦးသည် ဖော်ပြပါနေ့ရက်အချိန်၌မိမိနေအိမ်၊ခြံဝ (သို့)တိုက်ခန်း၏ အနောက်တောင် ထောင့်အရပ်သို့သွားရောက်ပြီး အနောက်ဖက်သို့မျက်နှာမူ ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ရပါမည်။ဆောင်ရွက်ရာတွင် ဒန်းညွန့်(၁၀)ညွန့်ကိုအခင်းပြုလုပ် လက်တွင် ကံကောင်ညွန့်(၁၅)ညွန့်ကိုကိုင်ဆောင်၍ ဦးခေါင်းဆေးမင်္ဂလာအား ဆောင်ရွက်သင့် သည်။ကျန်နေ့သားသမီးများလည်း အထက်ပါဥပမာအတိုင်းဆောင်ရွက်နိုင်ပါသည်။တနင်္လာ သားသမီးများသည် မဟာသင်္ကြန်အကြတ်နေ့၊ဧပြီ(၁၅)ရက်မြန်မာစံတော်ချိန်နေ့လည်၁၁နာရီ မိနစ်မှနေ့လည်၁၁နာရီ၄၅မိနစ်အတွင်း ဦးခေါင်းဆေးမင်္ဂလာအား ဆောင်ရွက်သင့်ပါသည်။ခေ သစ်နက္ခတ်သိပ္ပံတွက်ကိန်းများအရ တနင်္လာနေ့သားသမီးများ မဟာသင်္ကြန်အကြတ်နေ့ ဦးခေ ဆေးမင်္ဂလာဆောင်ရွက်သင့်သည့်ဇာတာခွင်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။



ဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ရန်အတွက်နက္ခတ်သိပ္ပံတွက်ကိန်းများဖြင့်တွက်ချက်ထားသောဇာတာခွ

သင်္ကြန်အကြတ်နေ့၊ဧပြီ၁၅ရက်၊နေ့၊နေ့လည်၁၁နာရီ၃၅မိနစ်မှ၁၁နာရီ၄၅မိနစ်အတွင်း
တနင်္လာသားသမီးများဦးခေါင်းဆေးမင်္ဂလာဆောင်ရွက်ပုံအဆင့်ဆင့်

| နေ့သားသမီး | သွားရောက်ရမည့်အရပ်(ဂဟာပတိ) | မျက်နှာမူရမည့်အရပ်(ဂြိဟ်ဇာပွင့်ရာအရပ်) | အခင်းပြုလုပ်ရန် | ကိုင်ဆောင်ရန် |
|---|---|---|---|---|
| တနင်္လာ | အနောက်အရပ် | အနောက်မြောက်အရပ် | အုန်း(၆) | နေဇာ(၈) |

မြန်မာ့မြေ၌ ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲများဆက်လက်ရှင်သန်ထွန်းကားနေသော်လည်းသင် ဖြင့်ယှဉ်တွဲလုပ်ဆောင်လေ့ရှိသောဦးခေါင်းဆေးမင်္ဂလာအခမ်းအနားများမှာ တစ်ဖြည်းဖြည်းချင်း လျော့ပါးပပျောက်လျက်ရှိနေပေသည်။ဦးခေါင်းဆေးမင်္ဂလာထုံးတမ်းအစဉ်အလာများမပျောက်ပျ ရန်အတွက် တိုင်းပြည့်အုပ်ချုပ်သူတို့တွင်လည်းတာဝန်ရှိသည်....လူကြီးမိဘများတွင်လည်းတာဝန် သည်..မျိုးဆက်သစ်လူငယ်များတွက်လည်းတာဝန်ရှိနေပေလိမ့်မည်......

ဦးဇေယျာ(၀၉၅၃ ၉၃၃



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ ဧပြီလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဣ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ" အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အလုပ်အကိုင်အကြံအစည် အဆင်ပြေ တိုးတက် အောင်မြင်မည်။ လုပ်ငန်းသစ်တစ်ခု စတင်ရမည်။ ...တူရှယ်ယာ လုပ်ကိုင်ရမည်။ အိမ်၊ ဆိုင်ခန်း ပြုပြင်မွမ်းမံရမည်။ နေအိမ်မှ ဘုရားပွဲ၊ အိမ်တွင်းအုန်း အုန်းစို့ထွက်ပါက ...ကောင်းသော နိမိတ်ဖြစ်သည်။ ငွေဝင်သော်လည်း မတည်မြဲဖြစ်နေမည်။ ကားပျက်မည်။ လမ်းသွားရင်း ကားပျက်၊ ဘီးပေါက် ...သည့် နိမိတ်တွေ့က ယတြာကျေသည်။ မိဘဆရာသမားကျေးဇူး အထူးသိ၍ လုပ်ကိုင်ဆောင်ရွက်ပါ။ လောဘ၊ ရမ္မက်ထခြင်း ...န်းပါ။ ငွေ၊ ကား၊ ကျောက်၊ မြေနှင့် ပတ်သက်သောအမှု ဖြစ်တတ်သည်။ အမှုမဖြစ်အောင် နေရာတကာ ဆရာလုပ်၊ ...ဆောင်မှု မပြုသင့်ပေ။ ဖြတ်လမ်း စီးပွားရေး ရှောင်ပါ။

...ကောင်းကျိုးပြုယတြာ - တနင်္ဂနွေ၊ အင်္ဂါနေ့တွင် အုန်းသီးပါသော ဆွမ်း၊ မုန့်လုံးရေပေါ်၊ အုန်းသီးပါသော အာဟာရတစ်ခုခု အလှူဒါနပြုပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ပုံမှန်အလုပ်သာ ဆက်လက်လုပ်ကိုင်နေသင့်ပါသည်။ လုပ်ငန်းသစ် စမည်ဆိုပါက စီမံကိန်းရေးဆွဲ၍ ...စ်တကျ ကြိုတင်ပြင်ဆင်ပြီးမှ စတင်ပါ။ အိုးအိမ်အဆောက်အအုံကိစ္စ အဆင်ပြေမည်။ ဆန်၊ ဆီ၊ ဆေး၊ သား၊ စက်ပစ္စည်း၊ ...ခန်း၊ စိန် စသည့် အင်္ဂါနံများ အရောင်းအဝယ်မှ အကျိုးအမြတ်ခံစားရမည်။ အကြွေးပေး၊ အကြွေးယူ၊ ငွေချေးငှားကိစ္စ ...ကို သတိထား လုပ်ကိုင်ပါ။ လူလိမ်တွေ့တတ်သည်။ အမှုပြဿနာဖြစ်သူကို ငွေချေးငှား၊ အာမခံ၊ သက်သေ မပြုလုပ်ပေးရ။ ...နီးသော မိတ်ဆွေနှင့် လမ်းခွဲရတတ်သည်။ တနင်္လာ+ကြာသပတေးအမည်ပါသူများကို သတိထား ပေါင်းပါ။ လောင်းကစား ... အကျိုးမပေးသေးပါ။

...ကောင်းကျိုးပြုယတြာ - ခွေး၊ နို့၊ ငါး၊ ကြောင်၊ ကြက် စသည့် တနင်္လာနံ သတ္တဝါများကို တနင်္လာနေ့တိုင်း အစာကျွေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ခြင်း၊ ကံစမ်းမဲပေါက်ခြင်း၊ အကြံအစည်အောင်မြင်ခြင်းများ ကြုံတွေ့ရမည်။ ...ကြီးအကဲ၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်တို့ထံ အကူအညီရမည်။ ကျန်းမာရေးမကောင်းသူဖြစ်က ဆေးကောင်း၊ ဆရာကောင်း ...တွေ့မည်။ ဆရာတစ်ဦးထံမှ အဆောင်ကောင်းရရှိမည်။ ငွေချေးငှားခြင်း၊ အာမခံခြင်း အထူးရှောင်ပါ။ ဖြတ်လမ်းစီးပွား ...လောင်းကစား အကျိုးမပေးပါ။ မည်သည့်ကိစ္စမဆို တနင်္လာ၊ ကြာသပတေးနေ့ ရှောင်ပါ။ ထိုနေ့နံအမည်ပါသူများကိုလည်း ...ရှောင်ပါ။ ကြွားဝါခြင်း မပြုလုပ်ဘဲ မှန်ကန်ရိုးသားစွာနေပါ။ ဘုန်းကြီး၊ ဘိုးတော်၊ မယ်တော်အတုအယောင်တွေ တွေ့တတ်သည်။ ...ဒိသနာပါက ၁အစ ၃အဆုံး၊ ၃အစ ၁အဆုံး အောင်ဘာလေထီကြီးထိုးပါ။

...ကောင်းကျိုးပြုယတြာ - မွေးနေ့နှင့် တနင်္ဂနွေနေ့တိုင်း အုန်းဆွမ်း၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်လုံးရေပေါ်၊ အုန်းသီးပါသော အစားအစာများ ဒါနပြုပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် လုပ်ငန်းနှစ်ခုလုပ်ကိုင်ရခြင်း၊ တာဝန်နှစ်ခုယူရခြင်းတို့ ကြုံတွေ့ရမည်။ လူမှုရေး ပရဟိတလုပ်ငန်းများ ပါ
လုပ်ကိုင်ရမည်။ စေတနာသည် ဝေဒနာဖြစ်တတ်သည်။ စိတ်ရှည်သည်းခံပြီး ပြုလုပ်ရမည်။ ဝင်ပြီးပစ္စည်း ပြန်ထွက်၊ ထွက်
ပစ္စည်း ပြန်ဝင်ကိန်းရှိသည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ ကွဲကွာနေသော အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။ အိုး
အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ ငွေရင်းနှီးမြှုပ်နှံရသော လုပ်ငန်းကြီး မပြုလုပ်သင့်သေးပါ။ ဆွေမျိုးသားချင်း ကျန်းမာ
ညံ့တတ်သည်။ ဂရုစိုက် ကုသ ပြုစုပေးပါ။ ပြည်တွင်းပြည်ပ ယာယီ ခရီးသွားရမည်။ ဘာသာရေးအဓိဋ္ဌာန်တစ်ခု မပျက်မကွ
ပြုလုပ်ပါ။ စိတ်မပါဘဲ ဟန်ဆောင် ဘာသာရေး(ဘုန်းကြီးဝတ်)ပြုလုပ်ပါက ကျန်းမာရေးညံ့မည်။

**ကောင်းကျိုးပြု ယတြာ** - မွေးနေ့တိုင်း စံပယ်ပန်း၊ စိန်ပန်း၊ ဆီမီး၊ ဆေးဘူး၊ ဆပ်ပြာ တစ်မျိုးမျိုး အဆင်ပြေသလို
ပေး၏ပါ။

…………………………………………………………

## ကြာသပတေးနံအကျွရာ

(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် လုပ်ငန်း၊ စီးပွား ယာယီရပ်ဆိုင်းနေရမည်။ ဟိုဟာလုပ်ရ ကောင်းနိုးနိုး၊ ဒီဟာလုပ်ရ ကောင်းနိုးနိုးဖြစ်နေ
လောဘတကြီး အလျင်စလို မပြုလုပ်သင့်ပေ။ ဖြတ်လမ်းစီးပွား(လောင်းကစား၊ ဥပဒေနှင့် မကင်းသောအလုပ်)ရှောင်ပါ။ ရ
သော မိတ်ဆွေနှင့် ငွေကြေး၊ ကား၊ မြေ၊ ကျောက်နှင့် ပတ်သက်သောအမှုကြောင့် လမ်းခွဲရမည်။ ဟန်ဆောင်မိတ်ဆွေ လု
အကျင့်ပျက်သူအား သတိထားပေါင်းပါ။ မည်သည့်ကိစ္စမဆို တနင်္လာ၊ ကြာသပတေးနေ့ ရှောင်၍ ပြုလုပ်ပါ။ ငှက်ပျောသီး
ဟင်းခါး၊ ကြက်သား၊ ဘဲသား၊ ချဉ်ပေါင်၊ ကော်ဖီ များများစားသောက်ခြင်း မပြုရ။ ကျန်းမာရေးညံ့တတ်သည်။ အ
အနောက်အရပ်ရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် ဆီးသီး၊ ဆီးယို၊ ဆီးဖျော်ရည်၊ ဆီထမင်း(တစ်မျိုးမျိုး) မကြာခဏ ကပ်လှူ

…………………………………………………………

## သောကြာနံအကျွရာ

(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ကိန်းရှိသည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ ကွဲကွာနေ
မိတ်ဆွေ၊ ဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ ဆေး ဝင်မည်။ အရောင်းအဝယ် ကောင်းကျိုးပြ
ဝင်ငွေနှင့် ထွက်ငွေ မမျှမတဖြစ်နေတတ်သည်။ ရပ်ဝေးနေ သားသမီးထံမှ ကူညီထောက်ပံ့မှု ရရှိမည်။ လူမျိုးခြား နိုင်ငံခြ
ဆက်နွယ်သောအလုပ်တစ်ခု ပြုလုပ်ရမည်။ မိမိနေအိမ်သို့ ဘိုးတော်၊ မယ်တော်၊ ဘုန်းကြီးအတုအယောင်များ ရောက်ရှိလာ
သည်။ အထူးသတိထားပါ။ အလိမ်ခံရတတ်သည်။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။
ဝမ်းနှင့် ပတ်သက်သော ဝေဒနာဖြစ်မည်။

**ကောင်းကျိုးပြုယတြာ** - အရှေ့ဘက်သို့ မျက်နှာမူ၍ တရော်ကင်ပွန်းနှင့် ခေါင်းလျှော်လိုက်ပါ။ အညစ်အကြေးကို အရှေ့
အရပ်သို့ စွန့်ပါ။

…………………………………………………………

## စနေနံအကျွရာ

(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် အကြံအစည် ရည်ရွယ်ချက်များ အပြိုင်အဆိုင် အခက်အခဲကြုံတွေ့ပြီးမှ အောင်မြင်မည်။ အတွင်းရန်
ကပ်ရန် ပေါ်တတ်သည်။ ရတာ မလို၊ လိုတာ မရဖြစ်နေမည်။ ပြည်တွင်းပြည်ပ ခရီးသွားလာရမည်။ အကြီးအကဲ (သို့မ
လက်အောက်ငယ်သားတို့ထံမှ ကူညီထောက်ပံ့ အားပေးမှု ရရှိမည်။ ဆွေမျိုးသားချင်းတို့၏ အကူအညီဖြင့် အောင်မြင်မှု
မည်သည့်ကိစ္စမဆို ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ပါ။ နေအိမ်တွင် မီးချောင်းပျက်၊ ပန်းကန်ကွဲ နိမိတ်တွေ့ပါက ယတြာကျေ
မှတ်ယူပါ။ အကြောရောဂါ၊ ကျောက်ကပ်၊ ကျောက်တည်၊ ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ အစ
ဂရုစိုက်စားပါ။

**ကောင်းကျိုးပြုယတြာ** - သရဏဂုံသုံးပါး နေ့စဉ် ပုတီး ဥပုတ်စိပ်ပါ။ မွေးနေ့တိုင်း သက်သတ်လွတ်စားပြီး မြတ်စွာဘုရ
ဆီမီး ၃တိုင်၊ အမွှေးတိုင် ၃တိုင်၊ သစ်သီး ၃လုံး လှူပေးပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးတွေအကြံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ ...နည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ...ယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ်...န် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျ...ဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရှစ်ရှစ်ဖြစ်ပြီး ...တတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်း...သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ ...ပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ...ရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ...ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ...တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ...ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- ...များတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ...ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ <u>ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား</u>ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ...ယူသောက်လိုက်ပါ။ **<u>ကိန္တရဝတီဆေးတိုက်</u>က ထုတ်တဲ့ <u>ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား</u>ဟာ** ...ချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ...ကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် ...စိမ့်နာ ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ <u>ဆရာ ဦးလှိုင်မြင့်</u>က <u>ကြက်လည်ဆံ ဆီးဆေး</u>ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ ...<u>ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်</u>ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ...နာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ <u>ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ</u> ...<u>...ောင်ပုဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် ··· ကိန္နရီ</u> ···

## ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ...

www.burmeseclassic.com

www.burmeseclassic.com



ဤရပ်ကွက် စတင်၍ မြေကွ
ချထားပေးသည့် ၁၉၅၇ ခုနှစ်မှ ယ
အထိ ဤရပ်ကွက်တွင် ကျွန်တေ
အခြေချ နေထိုင်ခဲ့သည်။ ရပ်ကွ
အမည်က "ရွှေပြည်အေး"ရပ်ကွက်
သည်။ ယခင် ကျွန်တော်တို့ နေထိ
သည့် မန္တလေးရပ်အနီးမှ ကျွန်တေ
ရပ်ကွက် မီးသင့်လောင်ကျွမ်းခဲ့
ရွှေပြည်အေးရပ်ကွက်သို့ ပြောင်း
နေရာချထားပေးခဲ့ခြင်း ဖြစ်သည
ကျွန်တော်တို့ မူလ နေထိုင်ခဲ့သ

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မီးသင့်ခဲ့ နေရာတွင် မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ ပေါ်ပေါက်လာပြီဖြစ်သည်။ ယခု မော်လမြိုင် ပညာရေးကောလိပ်နေရာဖြစ်သည်။ ရွှေပြည်အေးရပ်ကွက်သို့ ပြောင်းရွှေ့လာစဉ်က ကျွန်တော် ကလေးအရွယ်သာ ဖြစ်သည်။ ကျောင်းပင် မနေရသေးပါ။

ရွှေပြည်အေး ရပ်ကွက်ရှိ ကျွန်တော်တို့အိမ်နှင့် မျက်နှာချင်းဆိုင်မြေကွက်တွင် ဦးကျော်ရွှေနှင့် ဦးစံရင်တို့ ခြံချင်းကပ်ရက် နေထိုင်ကြသည်။ ဦးကျော်ရွှေမှာ တရားသမားလည်းဖြစ်သည်။ စိတ်ထား နူးညံ့သိမ်မွေ့ ပြီး သဘောမနောကောင်းသူဖြစ်သည်။

ဦးစံရင်မှာမူ ထိုသို့ မဟုတ်ပေ။ ဦးကျော်ရွှေနှင့် ဆန့်ကျင်ဘက် စိတ်ထားမျိုးရှိသူဖြစ်သည်။ ဦးစံရင်မှာ စိတ်သဘောထား ကောက်ကျစ်စဉ်းလဲသူဖြစ်သည်။ လောဘလည်း ကြီးသူဖြစ်သည်။

ဦးကျော်ရွှေက ကျွန်တော့်ကို တူသားသဖွယ် ချစ်ခင်သူလည်းဖြစ်သည်။ ဦးကျော်ရွှေ ဘုရားသွား ကျောင်းတက်တိုင်း ကျွန်တော် ပါနေကျလည်းဖြစ်သည်။ ဦးကျော်ရွှေမှာ ဇနီးကွယ်လွန်ပြီးနောက်ပိုင်း သမီးငယ်တစ်ဦးနှင့် အတူနေထိုင်သူဖြစ်သည်။

ခြံချင်းကပ်ရက် ဦးစံရင်မှာလည်း မုဆိုးဖိုဖြစ်သည်။ သားတစ်ယောက်ရှိသည်။ သားဖြစ်သူက ထားဝယ်ဘက်တွင် သွားရောက်အလုပ်လုပ်နေသည်။ ဦးစံရင်တစ်ဦးတည်းသာ အိမ်တွင် နေထိုင်သည်။

တစ်နေ့ ကျွန်တော် ဦးကျော်ရွှေ အိမ်သို့ ရောက်ရှိနေစဉ် တစ်ဖက် ခြံချင်းကပ်ရက် ဦးစံရင်က ခြံစည်းရိုးအဟောင်းကို ဖျက်ကာ အသစ်ကရံနေချိန်ဖြစ်သည်။ ကျွန်တော်တို့ ရွှေပြည်အေးရပ်ကွက်သို့ ပြောင်းရွှေ့လာစဉ်ကပင် ခြံစည်းရိုးအမှတ်အသားအဖြစ် သရက်ပင်၊ အုန်းပင်များ စိုက်ပျိုးထားကြသည်။ ဦးစံရင်က ခြံထောင့်တွင် အုန်းပင်စိုက်ထားသည်။ အုန်းပင်သည် ခြံစည်းရိုးတိုင်လည်း ဖြစ်သည်။ ခြံစည်းရိုးနယ်နမိတ်လည်းဖြစ်သည်။ ယခု ဦးစံရင် ခြံစည်းရိုးကာနေသည်မှာ အုန်းပင်ကို ကျော်၍ ဦးကျော်ရွှေခြံဘက်သို့ ရောက်နေခဲ့သည်။ ဦးကျော်ရွှေက ဦးစံရင်ကို မေးလိုက်သည်။

"ကိုစံရင် ခြံခတ်တာ ကျွန်တော့်မြေထဲ ရောက်နေပြီလေ။ ကြည့်ပါဦး"

"မရောက်ပါဘူး။ ဘာဖြစ်လို့လဲ၊ ခင်ဗျားက မကျေနပ်လို့လား"

"ကျွန်တော့်မြေထဲ ရောက်၊ မရောက် ခင်ဗျားသိပါတယ်။ မြေတစ်ထွာတစ်မိုက် ကိုယ်သေရင်လည်း ကိုယ့်နောက် ပါမသွားပါဘူး။ ခင်ဗျား စိတ်ချမ်းသာသလိုသာ လုပ်ပေတော့"

ဦးကျော်ရွှေက တရားရှိသူပီပီ ဦးစံရင်ကို နှုတ်လှန်မပြောတော့ဘဲ နေ၊ နေလိုက်သည်။ ဦးစံရင်က ဆက်လက်ခြံကာနေသည်။ ဦးကျော်ရွှေသမီးက မနေနိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

"အဖေက တော်တော်သည်းခံနေပါလား။ ကိုယ့်ဘက်ကလည်း ခြံစည်းရိုးကာလိုက်ပါလား"

"သူတို့က ခြံစည်းရိုးကာနေပြီပဲလေ"

"သူတို့ ခြံကာတာ ကျွန်မတို့ဘက် ကျော်လာလို့ ပြောတာပါ အဖေရယ်"

"ထားလိုက်ပါ သမီးရယ်။ သူ့စေတနာ သူ့ကို အကျိုးပေးလိမ့်မယ်။ လောဘနဲ့ သေခဲ့ရင် ဘာဖြစ်မလဲဆိုတာ သမီးသိပါတယ်။ အဖေတောင် မပြောတာ သမီးလည်း မပြောနဲ့တော့"

ဤသို့ဖြင့် ဦးစံရင်က ခြံစည်း[illegible]
တစ်ခါပြင်တိုင်း မသိမသာ ဦးကျော်[illegible]
တို့ဘက်သို့ တိုး၊တိုး၍ ခြံခတ်သည်[illegible]
ယခုဆိုလျှင် တစ်တောင်ကျော်ခန့်[illegible]
ခဲ့ပြီဖြစ်သည်။ မူလ စိုက်ပျိုးထားသေ[illegible]
ခြံစည်းရိုးအမှတ်အသားဖြစ်သည့် အု[illegible]
ပင်နှင့် တစ်တောင်ခန့် ကွာလာခဲ့ပြီ[illegible]
သည်။ နောက် သုံးလေးနှစ်အကြာတွ[illegible]
ဦးစံရင် ခြံစည်းရိုးအသစ်ပြန်ကာ[illegible]
သည်။ ဦးစံရင်က အကြံသမ[illegible]
လောဘသမားဖြစ်သည်။ ခြံစည်း[illegible]
ပြန်ကာတိုင်း မြေအနည်းငယ်တိုး၊တို[illegible]
ယူသည်။ ယခု တစ်တောင်ကျော်သ[illegible]
သိသာလာသည်။ တစ်ခါတွင် ဦးစံ[illegible]
ခြံစည်းရိုးကာနေစဉ် ဦးကျော်ရွှေ[illegible]
မပြောစဖူး ပြောလိုက်သည်။

"ခင်ဗျားကာတဲ့ ခြံစည်းရိုး[illegible]
တစ်တောင်လောက် ကျူးမြေ[illegible]
ရောက်နေပြီ"

"မဟုတ်ပါဘူး၊ ခင်ဗျားကြည့်[illegible]
လား"

"ခင်ဗျားခြံထောင့်က အုန်းပင်[illegible]
ကြည့်ပါလား။ အရင်က အုန်းပင်[illegible]
ခြံစည်းရိုးပဲလေ။ အခု ခြံစည်းရိုး[illegible]
အုန်းပင်နဲ့ တစ်တောင်လောက် ကွာ[illegible]
ပြီလေ"

"ဘာလဲ၊ ခင်ဗျား မကျေနပ်[illegible]
ဆိုရင် ဆိုင်ရာကို သွားတိုင်လေ"

"မတိုင်ပါဘူး။ ခင်ဗျားလုပ်[illegible]
သိအောင်လို့ ပြောပြတာ။ အုန်းပင်[illegible]
သက်သေပဲလေ"

"ဒီအုန်းပင်ကြောင့် ခင်ဗျားပြေ[illegible]
နေတာပေါ့"

ထိုသို့ပြောဆိုပြီး နောက်တစ်[illegible]
တွင် ဦးစံရင်က သူ့ခြံထောင့်မှ အုန်း[illegible]
ကို ခုတ်လှဲလိုက်ပါတော့သည်။ [illegible]
ကို ခုတ်လှဲလိုက်သော်လည်း အမြ[illegible]
များက ကျန်နေသည်။ နောက် သုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com

န့်အကြာ ခြံစည်းရိုး ပြန်ကာစဉ်တွင်လည်း ဦးစံရင်က မသိမသာတိုး၍ ကာခဲ့သည်။

ဦးစံရင် ခြံမြေချဲ့ထွင်မှု သိသာလာသည်။ မျက်နှာချင်းဆိုင်မှ ကျွန်တော်တို့အပါအဝင် အိမ်နီးနားချင်းများကလည်း ထိုကိစ္စကို သိလာကြသည်။ ဦးကျော်ရွှေက မပြောသော်လည်း အိမ်နီးနားချင်းများက မခံနိုင်၍ ဦးကျော်ရွှေဘက်မှ လိုက်ပြောကြသည်။ အုန်းပင်အမြစ်များက သက်သေရှိနေသော်လည်း ဦးစံရင်က အင်းမလှုပ် အဲမလှုပ်ဘဲ ဝန်မခံခဲ့ပါ။ မြေပိုင်ရှင်ဖြစ်သော ဦးကျော်ရွှေက မပြောသဖြင့် ကျန်သူများကလည်း မပြောကြတော့ပါ။ မခံချင်လွန်း၍ ဦးကျော်ရွှေကို ပြောကြတိုင်း "သူ့လောဘက သူ့ကို စီရင်သွားလိမ့်မယ်"ဟုသာ ပြောလေ့ရှိသည်။

ယခုတစ်ဖန် မခံချင်သူ အိမ်နီးနားချင်းများက ဦးကျော်ရွှေကို ပြောကြပြန်သည်။

"ဟိုဘက်ခြံက ဦးစံရင် ခြံကာတာ ဦးလေးခြံဘက်ကို ကျော်နေပြီလေ၊ မပြောတော့ဘူးလား။ သည်းခံနေဦးမှာလား"

"ဩော်...မပြောကြပါနဲ့ကွယ်။ ဒီလောက်မြေကလေး သေရင် ပါသွားတာမှ မဟုတ်တာ။ လောဘနဲ့ သေရင် ပြိတ္တာဖြစ်မယ်။ သူ့ကြောင့် ငါ ဒေါသလည်း မဖြစ်ချင်ဘူး။ ဒေါသနဲ့ သေရင် ငရဲရောက်နေဦးမယ်။ ခြံမြေခိုးတာတွေးတောပြီး မောဟလည်း မဖြစ်ချင်ဘူး။ မောဟနဲ့ သေရင် တိရစ္ဆာန်ဘဝရောက်လိမ့်မယ်။ လူ့ခန္ဓာကိုယ် အညစ်အကြေးတွေနဲ့ ညစ်ပေနေရင် ရေနဲ့ဆေးလို့ ရတယ်။ စိတ်ထဲမှာ ညစ်ပေနေရင် သီလနဲ့ ဆေးမှ စင်ကြယ်တာကွယ့်။ စံရင်က သီလရှိသူမှ မဟုတ်တာ။ သူ့စိတ်က မစင်ကြယ်တော့ ခုလိုလုပ်နေတာ မဆန်းပါဘူး"

ဦးကျော်ရွှေက မိမိခြံမြေ ကျူးကျော်ခံရသည်ကို အဖြစ်မှန် သိလျက်နှင့်ပင် တရားနှင့်သာ ဖြေနေခဲ့သည်။ နောက်ဆုံး အိမ်နီးနားချင်းများလည်း လက်လျှော့သွားကြပြီး မည်သူမျှ ဝင်မပြောကြတော့ပါ။ ဦးကျော်ရွှေက တရားအလုပ်သာ ဆက်လုပ်နေခဲ့သည်။ တရားစခန်းဝင်ခြင်း၊ ဆရာတော်များနှင့် ခရီးထွက်ခြင်း၊ ဘုရားဖူးခရီးထွက်ခြင်းများနှင့်သာ အချိန်ကုန်နေခဲ့သည်။

◈◈◈

ပင်စည်ခုတ်လှဲပြီးသော်လည်း အုန်းပင်အမြစ်များက ကျန်နေသေးသည်။ အုန်းပင်အမြစ်များက ခြံစည်းရိုးကို ပြနေသည်။ ထို့ကြောင့် ဦးစံရင်က အုန်းပင်အမြစ်များကို တူးဖော် ထုတ်ယူတော့သည်။ နေပူကျဲကျဲတွင် အုန်းပင်အမြစ်များ တူးဖော်ရသည်။ တစ်ရက်နှင့်လည်း မပြီးပေ။ သုံးလေးရက် ဆက်လုပ်ရသည်။ အမြစ်များ ကုန်စင်သွားသော်လည်း ထိုနေရာတွင် မြေကျင်းကြီး ကျန်နေခဲ့သည်။ မြေကျင်းကိုလည်း ထပ်မံ မြေဖို့လိုက်ပြန်သည်။ အပင်ရော အမြစ်များပါ မရှိတော့ဘဲ ရှင်းလင်းသွားတော့သည်။

နေ့စဉ်ရက်ဆက် မနေမနား နေပူထဲတွင် အုန်းပင်အမြစ်တူးခြင်း၊ မြေဖို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် အပူရုပ်ကာ အပြင်းဖျားပြီး အိပ်ရာထဲ လဲနေပါတော့သည်။ တစ်ဦးတည်းသော သားကလည်း ထားဝယ်ဘက် ရောက်နေသဖြင့် ပြုစုကူညီမည့်သူ မရှိဘဲ ဖြစ်နေသည်။ ထိုအခါ တရားသမား ဦးလေးကျော်ရွှေက ကျွန်တော့်ကို အကူအညီတောင်းလာသည်။

"မောင်မိုးရေ... ကိုစံရင်တစ်ယောက် အပျင်းဖျားပြီး အိပ်ရာထဲ လဲနေပြီ။ ကူညီမယ့်သူ မရှိဘူးဖြစ်နေတယ်။ မောင်မိုးတို့၊ ဦးတို့ကပဲ ပြုစုသင့်တယ်လို့ ထင်တယ်။ ညဘက်ဆိုလည်း တစ်ယောက်တည်းဖြစ်နေတယ်။ နေ့ခင်းဘက် အကြောင်းမဟုတ်ပေမယ့် ညဘက်ကျတော့ စောင့်ကြည့်ပေးဖို့လိုမယ်ထင်တယ်"

"ဦးစံရင်က အဲဒီလောက်ဖြစ်နေလို့လား"

"အိမ်ချင်းကပ်ရက်ဆိုတော့ ညည်းသံတွေ ညဘက်မှာ ကြားနေရတယ်"

"ဦးက ဘယ်လိုဖြစ်ချင်လဲ၊ ပြောပါ"

"မောင်မိုး တစ်ည၊ ဦး တစ်ည စောင့်ကြမယ်လေ"

"ကောင်းပါပြီ ဦးရယ်"

ဦးကျော်ရွှေက အဖော်မဲ့နေသော ဦးစံရင်အတွက် စာနာစိတ်ဖြင့် ကျွန်တော့်ကို မေတ္တာရပ်ခံလာသည်။

ကျွန်တော်တို့နှစ်ယောက် တတ်ကျွမ်းသမျှ ဆေးဝါးများဖြင့် ကုသပြုစုခဲ့သော်လည်း ဦးစံရင်အဖျားမှာ ကျမသွားဘဲ ပို၍ဆိုးလာသည်။

"ကိုစံရင်က ငှက်ဖျားရောဂါထင်တာပဲ"

"အဖျားက မကျဘဲ သတိတောင် လစ်ချင်သလို ဖြစ်ဖြစ်လာတယ်။ ထားဝယ်က ဦးစံရင်သားဆီ အကြောင်းကြားရင် ကောင်းမယ်ထင်တယ်"

"မောင်မိုးပြောတာ ဟုတ်တယ်၊ အဲဒီအတိုင်းလုပ်"

"ဘယ်လိုလုပ်ရမှာလဲ"

"သူ့သားဆီ ကြေးနန်းရိုက်လိုက်လေ"

"ကျွန်တော် သူ့လိပ်စာ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"သူ့သားလိပ်စာ ကိုစံရင်ဆီက ဦးလေး တောင်းပေးမယ်"

ထိုညက ဦးကျော်ရွှေ စောင့်အိပ်ရင်း လိပ်စာတောင်းထားဟန်တူသည်။ နောက်တစ်နေ့နံနက်တွင် ဦးကျော်ရွှေက ကျွန်တော့်ကို လိပ်စာတစ်ခုပေးသည်။ ထားဝယ်မြို့ ဆန်းချီရပ်မှ ဦးစံရင်၏ သားလိပ်စာဖြစ်သည်။ စာတိုက်ကြီးသို့ သွားပြီး ထားဝယ်မြို့သို့ ကြေးနန်းရိုက်လိုက်ပါသည်။ ကြေးနန်းရိုက်ပြီး တစ်ပတ်ခန့်ကြာမှ ဦးစံရင်၏ သားကိုစံသိန်း ရောက်လာသည်။ သူ့သားရောက်လာပြီး နောက်တစ်နေ့မှာပင် ဦးစံရင်ကို မော်လမြိုင်ဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။ သူ့သားရောက်လာပြီဖြစ်၍ ကျွန်တော်နှင့် ဦးကျော်ရွှေတို့ သက်သာသွားကြသည်။ ဆေးရုံတင်ထားသော ဦးစံရင်မှာ အခြေအနေ မကောင်းဟု ကြားသိရသည်။ ငှက်ဖျားပိုးက ဦးနှောက်ထဲ ရောက်သွားပြီဟု သိရသည်။

"ကိုယ့်မြေကို ကျူးကျော် ခြံခတ်ခဲ့ပေမယ့် ဦးလေး သူ့အပေါ် မေတ္တာမပျက်ခဲ့ပါဘူး။ ညဘက် တရားထိုင်၊ ဘုရားရှိခိုးပြီး အမျှပေးဝေတိုင်း ဦးစံရင်ကို မေတ္တာပို့ခဲ့တယ်။ မေတ္တာလက်နက်က အစွမ်းထက်ပါတယ် မောင်မိုးရယ်၊ လောဘနဲ့ သေရင် ပြိတ္တာဖြစ်မှာကွယ့်"

ဦးကျော်ရွှေ ကျွန်တော့်ကို ပြောလေ့ရှိသော စကားဖြစ်သည်။ ကိုယ်ပိုင်တာ ဘာမှမရှိဘူး။ သေသွားရင်လည်း ဘာမှ ယူမသွားနိုင်ဘူးဟု ကျွန်တော့်ဆီကို ခုံမစကားဆိုလေ့ရှိသည်။ ဆေးရုံတင်ထားပြီး သုံးပတ်ခန့်အကြာတွင် ဦးစံရင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ တစ်ဦးတည်းသော သူ့သားလက်ပေါ်မှာပင် ကွယ်လွန်သွားကြောင်း သိရသည်။

ဦးစံရင်၏ အသုဘကိစ္စအဝဝကို ရက်လည်သည်အထိ ကျွန်တော်နှင့် ဦးကျော်ရွှေတို့က ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ရက်လည်ပြီး နောက်တစ်ပတ်ခန့်တွင် ဦးစံရင်၏ သားကိုစံသိန်းက ကျွန်တော်နှင့် ဦးကျော်ရွှေကို သူ့အိမ်သို့ ဖိတ်ခေါ်ပြီး စကားပြောသည်။

"ကျွန်တော့်အလုပ်က ထားဝယ်မှာဆိုတော့ ကျွန်တော်ပြန်ရဦးမယ်။ ဒီအိမ်ကို ဦးတို့ကပဲ ကြည့်ရှု စောင့်ရှောက်ပေးစေချင်ပါတယ်"

"အိမ်က လူမနေရင် ပျက်စီးလွယ်တယ်ကွယ့်"

"လောလောဆယ် ကျွန်တော်လည်း မနေနိုင်သေးဘူးဖြစ်နေတယ်"

"ဒီတော့ ဦး အကြံတစ်ခုပေးချင်တယ်"

"ပြောပါ ဦး"

"မောင်စံသိန်း ထားဝယ်မပြန်ခင် အိမ်ငှားတင်ခဲ့ပါလား။ စပေါ်ငွေ၊ အိမ်လခရမယ်။ ပြီးတော့ အိမ်စောင့်လည်း ရတာပေါ့"

"ဦးလေး ပေးတဲ့ အကြံကောင်းပါတယ်။ အဲဒီလိုပဲ စီစဉ်ပေးပါ။ ဒီရပ်ကွက်မှာ ကျွန်တော်က ဧည့်သည်လို ဖြစ်နေတာ။ ဦးသဘောအတိုင်းသာ လုပ်ပါ"

"ငှားမယ့်သူတွေ ပေါပါတယ်။ အိမ်ငှားစာချုပ် ချုပ်ပြီးမှ ငါ့တူ ထားဝယ်ပြန်ပေါ့"

"ဟုတ်ကဲ့ ဦးလေး ကောင်းမယ်ထင်သလို စီစဉ်ပါတော့"

တစ်ပတ်အတွင်းမှာ အိမ်ငှားသူများ ရောက်လာသည်။ အိမ် စပေါ်ငွေ၊ အိမ်လခကို နှစ်ဦးနှစ်ဖက် သတ်မှတ်ပြီး စာချုပ်ချုပ်ဖြစ်သည်။ ကိုစံသိန်း ထားဝယ်မပြန်မီ ကျွန်တော်တို့နှင့် တွေ့ဆုံ စကားပြောသည်။

"အိမ်လခက လစဉ်ပေးမှာ... တော့ ဦးလေး ကျော်ရွှေကိုပဲ ကိုယ်... လှယ် လွှဲထားခဲ့တော့မယ်။ အိမ်... ဦးလေးစိတ်ကြိုက် ဆောင်ရွက်နိုင်... တယ်။ အိမ်လခတွေလည်း ဦးလေး... သိမ်းဆည်းထားပေးပါ။ လေးငါးခြော... လ တစ်ခေါက်ဆိုသလို ကျွန်တော်... လာခဲ့ပါ့မယ်"

"ငါ့တူ သဘောတူတယ်ဆို... တော့ ရပ်ကွက်လူကြီးတွေနဲ့ စီစဉ်... ပေါ့ကွယ်"

နောက်ဆုံးတွင် ကွယ်လွန်သွား... သူ ဦးစံရင်၏ နေအိမ်ကိစ္စအဝဝ... ဦးကျော်ရွှေက တာဝန်ခံဖြစ်လာခဲ့သည်... အိမ်ငှားများ ရောက်လာပြီဖြစ်၍ ကို... သိန်းလည်း ထားဝယ်သို့ ပြန်သွား... ဖြစ်သည်။

◈◈◈

အိမ်ငှားများက ခြောက်... သက်တမ်းဖြစ်သည်။ သို့သော် နှစ်... ခန့်အကြာမှာပင် ဤအိမ်တွင် မနေ... တော့ကြောင်း၊ ပြောင်းရွှေ့လိုကြောင်း... အိမ်ငှားများက ပြောဆို တင်ပြ... သည်။ ဦးကျော်ရွှေနှင့် စကားပြော... ကြသည်။

"စာချုပ်မပြည့်ခင် မနေချင်တော့... ဘူးဆိုတော့ စပေါ်ငွေ ဆုံးမယ်လေ... ဒါမှမဟုတ် ခြောက်လပြည့်မှ စပေါ်ငွေ... ပြန်ရမယ်။ အိမ်ရှင်က ထားဝယ်မှာ... နေတာ"

"ဒီအိမ်ကိစ္စ ဦးလေးကို လွှဲထား... တယ်မဟုတ်လား။ စပေါ်ငွေကို ခြောက်... လပြည့်မှ ပြန်ပေးလည်း ရတယ်။ ပြ... မပေးလည်း နေနိုင်တာပဲ။ ကျွန်တော်... တို့ဘက်က စာချုပ်ပါ အချက်ကို... ဖောက်ပြန်ခဲ့တာကိုး"

"ဒါနဲ့ မေးပါရစေ၊ နှစ်လအတွင်း...



www.burmeseclassic.com

www.burmeseclassic.com

...လို ပြောင်းချင်ရတာလဲ။ စပေါ်ငွေ ...ောင် အဆုံးခံပြီး ပြောင်းချင်နေတာ ...ကြောင်းထူးရှိလို့လား"

"သိပ်ရှိတာပေါ့။ ခုမှတော့ မထူး ...တော့ပါဘူး။ ဒီအိမ်အကြောင်းပါ ပြော ...လိုက်တော့မယ်"

"ကဲ - ပြောပါဦး။ ဒီအိမ်က ဘာ ...ဖြစ်နေလို့လဲ"

"ညဘက် လူခြေတိတ်ချိန်ဆို ...င်းရင်းဘက် ခြံစပ်က အသံတွေ ...ကြားကြားနေရတယ်"

"ဘယ်လိုအသံတွေ ကြားရတာ ...လဲ လူသံလား"

"လူသံတော့ မဟုတ်ဘူး။ မြေ ...ကြီးကို တစ်ခုခုနဲ့ တူးဆွနေတဲ့ အသံ ...မျိုးပဲ"

"သေချာရဲ့လားကွယ်"

"သိပ်သေချာတာပေါ့။ ပထမ ...တော့ ကျွန်တော်တစ်ယောက်တည်း ...ကြားရတယ် ထင်တာ။ နောက်တော့ ...ကျွန်တော့်မိန်းမပါ ကြားလို့ ထကြည့် ...ကြတာ၊ ပြတင်းပေါက် ဖွင့်ကြည့်တော့ ...အသံပျောက်သွားတယ်။ ဘာမှလည်း ...တွေ့ဘူး။ ပြန်အိပ်တော့ ထပ်ကြားရ ...ပြန်ရော"

"ကြားရတဲ့ အသံကို ထပ်ပြောပါ ...ဦး"

"မြေကြီးကို ပေါက်ပြားနဲ့ ပေါက် ...နေတဲ့ အသံမျိုးပဲ။ ဦးလေးရော ဘယ် ...လိုထင်လဲ"

"ဦးတော့ မထင်တတ်အောင်ဘဲ ...ကွယ်"

"ဒါနဲ့ ကျွန်တော်တို့ အိမ်မငှားခင် ...အိမ်ရှင် ဦးလေး ဆေးရုံမှာ ငှက်ဖျား ...ရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်ဆို"

"အင်း။ ဟုတ်တယ်။ ငါတူတို့ ...ငှားချိန်က ဦးစံရင် ကွယ်လွန်ခဲ့တာ ...တစ်လကျော်လောက်ပဲ ရှိသေးတာ"

"အဲဒီ ဦးစံရင် မကျွတ်မလွတ်ဘဲ ဒီခြံထဲ ရှိနေတယ်ထင်တယ်။ မနေရဲ တော့ဘူး။ ပြောင်းရွှေ့ဖို့ စီစဉ်လိုက် တော့မယ်"

"ပြောင်းတာက ဟုတ်ပါပြီ။ တင် ထားတဲ့ စပေါ်ငွေက လောလောဆယ် နောက်အိမ်ငှားတက်မှ ပြန်ပေးနိုင်မှာ။ အိမ်ရှင်က ထားဝယ်မှာလေ"

"ရပါတယ်။ နောက် အိမ်ငှား တက်မှ စပေါ်ငွေယူတော့မယ်။ ဒီနေ့ပဲ ပြောင်းတော့မယ်"

◈◈◈

ပထမ အိမ်ငှားများ ပြောင်းသွား ပြီး တစ်လခန့်ကြာမှ အိမ်ငှားအသစ် ရောက်လာ နေထိုင်သည်။ ထို ဒုတိယ အိမ်ငှားနှင့်လည်း ခြောက်လသက်တမ်း စာချုပ်ချုပ်ဆိုဖြစ်သည်။ အိမ်စပေါ်ငွေ ကို ယခင် ပထမအိမ်ငှားထံ ဦးကျော် ရွှေက ပေးလိုက်သည်။

ဒုတိယ အိမ်ငှားများ တက် ရောက်နေထိုင်ပြီး တစ်လကျော်ကျော် မှာပင် ပြဿနာတက်လာပြန်သည်။ ဆက်လက်မနေလိုတော့ဘဲ ပြောင်းရွှေ့ ရန် ပြောလာကြပြန်သည်။

"တစ်လကျော်ကျော်ပဲ ရှိသေး တာ၊ ဘာဖြစ်လို့ ပြောင်းချင်တာလဲ"

"ဟာ…ညဘက် မြေကြီးကို တူးဆွနေတဲ့ အသံ၊ မြေကြီးကို ပေါက် ပြားနဲ့ ပေါက်နေတဲ့ အသံမျိုး ကြား ကြားနေရတယ်။ လူနိုပ်လိုလို၊ ဝိညာဉ် လိုလို ရိပ်ခနဲ တွေ့လိုက်ရသလိုပဲ။ ည တိုင်း ကြားရတာ။ ဒါကြောင့် မနေရဲ တော့လို့ပါ"

"ခင်ဗျားတို့ ပေးထားတဲ့ စပေါ် ငွေက ပထမအိမ်ငှားကို ပေးလိုက်ရ တယ်။ ထားဝယ်က အိမ်ရှင်ကို အကြောင်းကြားထားပါတယ်။ တစ်ပတ် အတွင်း ရောက်လာလိမ့်မယ်။ အဲဒီ တော့မှ စပေါ်ငွေ ပြန်ရမယ်"

"အိမ်ရှင် ဘယ်တော့ရောက် ရောက်ပါ။ ဒီအိမ်မှာတော့ မနေရဲတော့ ဘူး။ စပေါ်ငွေ နောက်မှ လာယူတော့ မယ်"

ထိုသို့ပြောပြီးသည်နှင့် ချက်ချင်း ပင် အထုပ်အပိုးပြင်ကာ အိမ်ငှားများ အိမ်ပေါ်မှ ဆင်းသွားပါတော့သည်။ မတတ်သာတော့သည့်အဆုံး လူမရှိ တော့သည့်အိမ်ကို သော့ခတ်၍ ပိတ် ထားလိုက်ရပါတော့သည်။ အိမ်ချင်း ကပ်ရပ် ဦးကျော်ရွှေက ထိုဒဏ္ဍာရီဖြစ်ကို ယခုထက်ထိ မယုံကြည်နိုင်သေးဘဲ ဖြစ်နေသည်။ ညဘက် နားစွင့်နေခဲ့မိ သည်။ သို့သော် မည်သည့်အသံမျှ မကြားခဲ့ရပါ။ ညဘက် မည်သည့်အသံ မျှ မကြားရသဖြင့် အိမ်ငှားများ ပြော သည့်ကိစ္စ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေခဲ့သည်။

◈◈◈

တစ်ည လူခြေတိတ်ချိန် ဦးကျော် ရွှေ အိပ်ပျော်နေစဉ် ခြံစပ်မှ အသံများ ကြောင့် အိပ်ရာမှ နိုးလာရသည်။ နား စွင့်နေလိုက်သည်။ ဘုတ်ဘုတ်…ဘုတ် ဘုတ်…နှင့် အသံများ ကြားလိုက်ရ သည်။ အိမ်ပြတင်းပေါက်တံခါးကို ဖွင့် ၍ ကြည့်လိုက်ချိန်တွင် အသံများ ပျောက်သွားသည်။

ဤသို့ဖြင့် ဦးစံရင်၏ အိမ်သတင်း က ဟစ်ရပ်ကွက်လုံးသို့ ပျံ့နှံ့သွားပါ တော့သည်။ ထိုသတင်းကြောင့် အိမ် ငှားမည့်သူများ မငှားရဲကြတော့ပါ။ အိမ် ငှားအသစ် မလာတော့သဖြင့် စပေါ်ငွေ ပြန်ပေးရေးကိစ္စ ဦးကျော်ရွှေက ထား ဝယ်မြို့နေ ကိုစံသိန်းထံ အကြောင်း ကြားလိုက်ရတော့သည်။ မကြာမီ ကိုစံသိန်း ထားဝယ်မြို့မှ မော်လမြိုင်သို့ ပြန်ရောက်လာသည်။

www.burmeseclassic.com

"ကျွန်တော် အလုပ်က ထွက်ခဲ့ပြီး ထားဝယ်ပြန်သွားစရာမလိုတော့ဘူး။ မိဘဘိုးဘွားပိုင် ဒီအိမ်မှာပဲ နေပြီး လုပ်ကိုင်စားသောက်တော့မယ်"

ကိုစံသိန်း ပြန်ရောက်လာပြီး ပေးရန်ရှိသည့် အိမ်စပေါ်ငွေများ ပြန်ပေးခဲ့သည်။

အိမ်ရှင် ပြန်ရောက်လာပြီး အိမ်တွင် လူရှိနေသဖြင့် မည်သည့်သတင်းမှ မကြားရတော့ပေ။ လေးငါးလအကြာတွင် ကိုစံသိန်းက ဦးကျော်ရွှေကို ထူးဆန်းသည့် စကားတစ်ခုမေးလိုက်သည်။

"ကျွန်တော်တို့ အိမ်ခြံကာတာ ဦးကျော်ရွှေတို့ ခြံဘက်ထဲ ရောက်နေတယ်ဆို"

"ဘာသတင်းတွေ ကြားလို့ ခုလို မေးရတာလဲ"

"ကျွန်တော်က ထားဝယ်မှာသာ နေတော့ ခြံကိစ္စ မသိပါဘူး။ အဖေ ခြံစည်းရိုးကာတိုင်း ဦးရဲ့ မြေဘက်ကို တိုး၊တိုးပြီး ကာခဲ့တယ်မဟုတ်လား"

"မောင်စံသိန်းအဖေ ကွယ်လွန်သွားခဲ့ပြီလေ။ မောင်စံသိန်းလည်း ဒီမှာ မနေဘူး။ ခုကိစ္စ ဘယ်သူပြောပြတာလဲ"

"ဒါဆို အဖေ ခြံကာတာ ဦးတို့မြေကို ခိုး၊ခိုးယူခဲ့တာပေါ့"

"ဟုတ်ပါတယ်ကွယ်။ အမှတ်အသားဖြစ်တဲ့ မင်းတို့ ခြံထောင့်က အုန်းပင်ကို ခုတ်လှဲပြီး အမြစ်ပါ တူးပစ်ခဲ့တာ။ တစ်ကိုက်ကျော်ကျော်လောက် ဦးမြေထဲ ရောက်နေတယ်ကွယ့်"

"ဩော်...ဒါကြောင့်ကိုး"

"အဖေ့ကြောင့် ဦးရဲ့ မြေကို ခိုးပြီး ခြံခတ်ခဲ့တဲ့ကိစ္စ သိခဲ့ရတာ"

"ဘာ...ဘယ်လို၊ မင်းအဖေကြောင့် ခြံမြေခိုးတဲ့ကိစ္စ သိခဲ့တာ၊ ဟုတ်လား"

"ဟုတ်ပါတယ်။ အဖေ့ကြောင့်ပါ"

"ဘယ်လိုသိခဲ့တာလဲ"

"အဖေက ကျွန်တော့်ကို အိပ်မက်ပေးခဲ့တာ"

"ဘာ...ကိုစံရင်က အိပ်မက်ပေးခဲ့တာလား၊ အံ့သြဖို့ ကောင်းလိုက်တာ၊ ပြောပြပါလား"

"အိပ်မက်အကြောင်း ပြောချင်လွန်းလို့ ဦးကို အခုလို အသိပေးရတာ ဦးရဲ့။ ကျွန်တော့်အိပ်မက်က ဒီလိုပါ"

ကိုစံသိန်းက သူ့ဖခင် အိပ်မက်ပေးခဲ့သည့်အကြောင်း စီကာပတ်ကုံး ပြောပြပါတော့သည်။

◈◈◈

"သား...သားလေး၊ ထပါဦး"

"ဟင်...အဖေပါလား။ အဖေ ဘာလာလုပ်တာလဲ"

"သားကို အကူအညီတောင်းချင်လို့ လာခဲ့တာ။ အဖေ့ကို တစ်ခုကူညီပါလား"

"သားက ဘာကို ဘယ်လိုကူညီရမှာလဲ၊ ပြောပါ အဖေ"

"အဖေ မသေခင် ခြံစည်းရိုးကာတိုင်း ဟိုဘက်ခြံက ကျော်ရွှေမြေဘက် တိုး၊တိုးပြီး ခြံကာခဲ့တာ။ သူတစ်ပါးမြေကို ကိုယ်ပိုင်မြေလုပ်ခဲ့မိတယ်။ သူ့မြေကို ခိုး၊ခိုးယူနေတာ ကျော်ရွှေက မပြုစုတဲ့အပြင် အဖေ့ကိုတောင် မေတ္တာပို့ခဲ့သေးတယ်။ ပြုခဲ့တဲ့ မကောင်းမှုကံ ဝဋ်ကြွေးကို အဖေ ပြန်ခံနေရပြီ သား"

"အဖေ ဘယ်လိုခံနေရတာလဲ"

"ညဘက် လူခြေတိတ်ချိန် မြေကြီးကို ပေါက်ပြားနဲ့ ပေါက်ပြီး သူ့ခြံထဲ ပြန်ပို့နေရတယ်။ ညတိုင်း ပို့နေလည်း မပြီးနိုင်ဘူးဖြစ်နေတယ်။ ညတိုင်းဆိုတော့ အဖေ မောနေပြီ သားရယ်။ နေ့ခင်းဘက်ဆို လူတွေ သိမှာစိုးလို့ ညဘက် လုပ်ရတာ။ ဒါကြော... အိမ်ဂုဏ်တွေက ညဘက် မြေကြီး... ပေါက်ပြားနဲ့ ပေါက်တဲ့အသံ ကြား... တယ်လို့ ပြောကြတာပေါ့။ ညတ... ပေါက်ပြားနဲ့ မြေကြီးကို ပေါက်ပေ... နေတဲ့ အသံကြားနေရတော့ ဒီအိမ်... မနေဝံ့တော့ဘဲ စာချုပ်မစေ့ခင် ပြော... ပြောကြတာပေါ့ သားရယ်။ အဖေလ... ကိုကျော်ရွှေရဲ့ မြေတွေကို ပေါက်ပြ... ပေါက်ပြီး သူ့နေရာ ပြန်ပို့နေရတဲ့ ... ခံနေရတယ်။ ဒါကြောင့် သားက အ... ကို ကူညီမှ ဖြစ်တော့မယ်"

"ဘယ်လိုကူညီရမလဲ၊ ပြော... အဖေ"

"အဖေ့ကိုယ်စား ကျော်ရွှေ... တွေ ပြန်ပေးလိုက်ပါ သားရယ်"

"ဘယ်လိုပြန်ပေးရမှာလဲ"

"ခု ကာထားတဲ့ ခြံစည်းရိုး... ဖျက်ပြီး တစ်ကိုက်ကျော်ကျော်လော... နောက်ဆုတ်ပြီး ခြံပြန်ကာလိုက်... ကျော်ရွှေကိုလည်း အဖြစ်မှန် ပြော... လိုက်ပါ။ သူ့မြေလိုချင်တော့ ခြံစည်း... အမှတ်အသားဖြစ်တဲ့ အုန်းပင်ကို ခု... လှဲခဲ့တယ်။ အမြစ်ပါ မကျန်အော... တူးပစ်ခဲ့တယ်။ ဒီလောဘစိတ်ကြော... ပြိတ္တာဘဝရောက်နေတာတော် မြေ... ပေါက်၊ပေါက်ပြီး နေရာပြောင်း ပြ... နေရတယ်။ မပြီးနိုင်အောင် ဝဋ်ကြွေ... ဆပ်နေရတယ်။ သူ့မြေတွေ ပြန်... လိုက်ပါ သားရယ်"

"စိတ်ချ၊ အဖေပြောတဲ့အတိုင်း... ကျွန်တော်လုပ်ပေးပါ့မယ်"

"နေဦး၊ ကျန်သေးတယ်။ အ... လွတ်ရာကျွတ်ရာ သွားနိုင်ဖို့ ဒါနပြ... အမျှအတန်းဝေပေးပါ။ သားက ... လို မလုပ်ပေးရင် အဖေ မကျွ... မလွတ်ဘဲ ညတိုင်း မြေတွေ ပေါက်... ဟိုဘက်ခြံကို ပို့နေဦးမယ်။ ကူညီ...

www.burmeseclassic.com

နော်"

"စိတ်ချပါ အဖေ၊ အဖေမှာတာ တွေအားလုံး သားလုပ်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် သားရယ်၊ အဖေသွားပြီ"

◈◈◈

ကိုစံသိန်းက သူ့အိပ်မက် အကြောင်း အပြည့်အစုံပြောပြလိုက် သည်။

"မင်းရဲ့ အိပ်မက်က ဆန်းကြယ် ပြီး အံ့သြဖို့ကောင်းလိုက်တာကွယ်။ မောင်စံသိန်း ဘယ်လိုဆက်လုပ်မယ် စိတ်ကူးထားလဲ"

"အဖေက သူ့လောဘစိတ် ကြောင့် မကျွတ်မလွတ်နိုင်ဘဲ သူ့ ညောင် ဒီခြံထဲမှာ ရှိနေတာများလား တော့ မပြောတတ်တော့ဘူး။ ခု ချက်ချင်းပဲ ဦးရဲ့ မြေကို ပြန်ပေးပါ့မယ်။ ခြံစည်းရိုးကို ဟိုးအရင်က ဦးရဲ့ မြေရှိ တဲ့အတိုင်း နောက်ဆုတ်ပြီး ပြန်ကာ ပေးပါ့မယ်။ အဖေ့ကိုယ်စားလည်း တောင်းပန်ပါတယ် ဦးရယ်"

"ဦးဟာ အစကတည်းက ခွင့် လွှတ်ထားခဲ့တာပဲ။ မောင်စံသိန်းအဖေ လုပ်ရပ်ကြောင့် အိမ်နီးနားချင်းတွေ ပြောကြတာတောင် ဦး သည်းခံခဲ့တယ်။ သူ့လောဘက သူ့အကျိုးပေးလိမ့်ဆိုပြီး တရားနဲ့ ဆင်ခြင်နေခဲ့တာ။ ခု အိပ်မက် ပေးတယ်ဆိုတော့ ဦးဖြင့် မယုံနိုင် လောက်အောင်ပါပဲကွယ်"

နောက်တစ်နေ့မှာပင် ကိုစံသိန်း က သူ့အဖေ ကာရံထားသည့် ခြံစည်း ရိုးကို ဖျက်လိုက်သည်။ ဦးကျော်ရွှေ ဆန္ဒအတိုင်း အမှန်အတိုင်း ခြံစည်းရိုး ပြန်ကာသည်။ သံဃာတော်များ ပင့် ဖိတ်ပြီး ဆွမ်းကျွေး ဒါနပြုသည်။ ကွယ်လွန်သူ အဖေ့ကို အမျှအတန်း ပေးဝေသည်။ ရောက်ရာဘဝမှ ကွယ် လွန်သူ သူ့ဖခင် ဦးစံရင် သာဓုခေါ်နိုင် မည်ဟု ယုံကြည်နေသည်။

ထိုသို့ သံဃာတော်များအား ဆွမ်းကျွေး ဒါနပြု အမျှအတန်းပေးဝေ ပြီးသည့်နောက်ပိုင်း ညဘက် လူခြေ တိတ်ချိန်၌ ကြား,ကြားနေရသော မြေ ကြီးတူးသွင့် မြေကြီးကို ပေါက်ပြားနှင့် ပေါက်နေသံများကို လုံးဝ မကြားရတော့ ပေ။ လောဘသား ဦးစံရင်တစ်ယောက် လွတ်ရာကျွတ်ရာ သွားနိုင်ခဲ့ပြီ ထင် သည်။■

* * *

မောင်မောင်မိုးအောင်


## သားသမီး မြေးမြစ်ကို ချစ်တတ်သူများအတွက်

- မိမိသားသမီးများ ဆရာမိဘလူကြီးတို့၏ ပြောဆိုဆုံးမစကားကို နားထောင်ဖို့၊ စိတ်မလေဖို့
- လိမ္မာကျိုးနွံယဉ်ကျေးဖို့ ပညာရေး(သို့)အလုပ်အကိုင် စီးပွားရေးကို စိတ်ဝင်စားဖို့
- မိဘသဘောမကျဘဲ ချစ်ခင်/ပေါင်းသင်းနေသူနဲ့ အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်ဖို့
- မိဘသဘောကျသူနဲ့သာ စေ့စပ်လက်ထပ်ဖို့ကိစ္စကို အမြန်ဆုံးသဘောတူလက်ခံစေဖို့
- အင်တာနက်စွဲ / ဂိမ်းစွဲ / လောင်းကစားစွဲ / အရက်ဘီယာစွဲ / မူးယစ်ဆေးစွဲ စသော အစွဲမျိုး အမြန်ဆုံး ပြတ်သွားစေဖို့
- (အစွမ်းထက်ဂမ္ဘီရပညာ ယတြာအစီအရင်ပံ့ပိုးကူညီမှု လိုအပ်လျှင် ယခုပင်လာခဲ့ပါ)။

ရပ်ဝေး နယ်မြို့များမှလည်း ဆက်သွယ်နိုင်သည်။

## ဆရာဦးပိုင်ဇအောင်(ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)

တိုက်(၄၀)၊ (B.1)၊ မြေညီထပ်၊ မဟာမြိုင်အိပ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

- ၀၉-၇၃၁-၄၇၀၂၄၊ ၀၉-၅၀-၉၇၈၉၁




www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ်မင်္ဂလာ လာစဉ်ဖြူ ဘယ်ကြွ

ခေတ္တရာ ဆရာကျော်



**နိဒါန်း**

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ကုန်ဆုံးခဲ့ပါပြီ။

၁၃၇၆ ခုနှစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်ရာ ဂမ္ဘီရဓာန်ကြယ် စာဖတ်ပရိသတ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေဟု နှစ်သစ်မင်္ဂလာ ဆုတောင်းစာ ရေးပြောလိုက်ရပါသည်။

အရိယာ မဖြစ်သေးသမျှ လူသားတိုင်း အနည်းနှင့် အများ အမှားမကင်းနိုင်ကြသည်ဖြစ်ရာ ၁၃၇၅ ခုနှစ်မှာ ရှိသော စိတ်ထားအမှားများ၊ အပြောအဆိုအမှားများ၊ အပြုအမူအမှားများ အားလုံးကို သင်ခန်းစာယူ၍ နှစ်သစ်တွင် အမှားနည်းအောင်၊ အမှားမရှိအောင် ကြံဆောင်ကြရပေလိမ့်မည်။ ပညာရှင်၊ ပညာရှိတို့၏ မိန့်ဆိုစကားများအရ "ကံကောင်းချင်လျှင် စိတ်ကို ပြင်"ဟု ဆိုသည့်အတိုင်း မိမိတို့၏ မကောင်းသော စိတ်ထား၊ အတွေးအမြင်များကို ပြုပြင်၍ ကောင်းသော အတွေး၊ ကောင်းသော အမြင်၊ ကောင်းသော စိတ်ထားဖြစ်အောင် ကြိုးစားကြရမည် ဖြစ်ပါသည်။

တကယ်တမ်းတွင် ကျွန်ုပ်တို့၏ စိတ်တွင် မကောင်းသော လောဘ၊ ဒေါသ၊ မောဟ စိတ်ထားများ ရှိနေကြသည်သာ ဖြစ်ပါသည်။ ထိုအတူ လူတိုင်းတွင် ကောင်း... စိတ်အခြေခံများလည်း ရှိနေကြသည်သာ ဖြစ်ပါသ... မကောင်းသည်ကို မကောင်းမှန်းသိ၍ ပယ်နိုင်အေ... ကြိုးစားသင့်သလို ကောင်းသော စိတ်ထားများ တိုးပွားအေ... လည်း ကြိုးစားအားထုတ်နိုင်ကြရန် လိုပါမည်။ အခြား... ၏ ဆင်းရဲဒုက္ခကို အလိုမရှိဘဲ ကြင်နာတရား၊ မေတ္တာ... လျက် စာနာထောက်ထား ကိုယ်ချင်းစာတရားများ ... ချင်းစီ၊ တစ်ယောက်ချင်းစီတွင် ရှိသင့်လှပါသည်။ ထို... သည် အပြောလွယ်သလောက် လက်တွေ့ကျင့်ဆော... လွယ်ကူလှသည် မဟုတ်ပါ။ သို့သော် တကယ်တမ်း ... ယူ၍ ကျင့်ဆောင်နိုင်သော် တဖြည်းဖြည်းချင်း စိတ်ထာ... ဖြူစင်လာကာ ကောင်းသော စိတ်ထားများ အဖြစ်မှ... နိုင်ပါသည်။

မကောင်းမှုများ မိမိမှာ ရှိနေသည်ကို သတိပြု... အောင်ရှာပါ။ ကောင်းမှု ဟူသော အပြုစွမ်းအင်ဖြင့် ... ထိုးပါ။ မေတ္တာနှင့် ကရုဏာသည် အမုန်းတရားကို ပယ်... နိုင်ပါသည်။ စိတ်နှလုံးကောင်းခြင်းသည် ညှို့ဓာတ်များ ...




www.burmeseclassic.com

www.burmeseclassic.com


...စေပြီး အပြုဆောင် စွမ်းအင်တစ်ရပ်ကို ဖြစ်စေကာ၊ ...တွက်လမ်းအတွက် အောင်မြင်မှုများ ဖြစ်စေပါသည်။ ...စိတ်ထားကို အတတ်နိုင်ဆုံး အကောင်းဘက်သို့ ရောက် ...အောင် ကျွန်တော်တို့ ကြိုးစားအားထုတ် ထိန်းသိမ်းကြပါစို့ ... ၁၃၇၆ ခုနှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယမှာ အမိတ္တာန် ... "ကံကောင်းချင်လျှင် စိတ်ကို ပြင်ပါ"ဟု ရေးပြလိုက်ရ ...လေသည်။

## မဟာသင်္ကြန်


မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ...ရက်၊ ခရစ်နှစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ရက်၊ တနင်္လာ ... မြန်မာစံတော်ချိန် နံနက် ၁၀နာရီ ၁၈ မိနစ်၊ ၃၉ စက္ကန့် ...ချိန်တွင် မဟာသင်္ကြန်ကျ၍ ၁၃၇၅ ခု၊ နှောင်းတန်ခူးလ ...ပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၅ရက်၊ ...နေ့တွင် မဟာသင်္ကြန်ကြတ်ပြီး ၁၃၇၅ ခု၊ နှောင်းတန်ခူး ...ပြည့်ကျော် ၂ရက်၊ ခရစ်နှစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၆ရက်၊ ...ဟူးနေ့၊ မြန်မာစံတော်ချိန် မွန်းလွဲ နေ့ ၂နာရီ ၂၃မိနစ်၊ ... စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်သည်။




၁၃၇၆ခုနှစ်၊ နှစ်သစ်ဆုံးချိန် အတက်နေ့ဇာတာ (သာသနာတော်နှစ် ၂၅၅၈)




တန်ခူးလပြည့်ဇာတာ (၁၄-၄-၂၀၁၄)




တန်ခူးလကွယ်ဇာတာ (၂၈-၄-၂၀၁၄)

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

မဟာဘုတ်အိမ်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

၁၃၇၆ ခုနှစ်၊ မဟာဘုတ်ဖြိုပ်အနေ

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ရက်၊ ခရစ်နှစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၇ရက်၊ ကြာသပတေးနေ့သည် နှစ်ဆန်းတစ်ရက်နေ့ဖြစ်ကာ၊ ၁၃၇၆ ခုနှစ်အစ ဖြစ်ပါလေသည်။

◈◈◈

တနင်္ဂနွေမှ စနေအဆုံး မည်သည့်နေ့နံဖွား သားသမီးများမဆို ၁၃၇၆ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့မှ စကာ ရှေ့တစ်နှစ်တာလုံး တစ်လတစ်ကြိမ် ပြုလုပ်သင့်သော ယတြာကောင်းတစ်ချိုးကို ရေးပြောပေးပါမည်။

### အကျိုးကျေးဇူး

* မိမိရဲ့ ဇာတာအညံ့ရှိနေတယ်ဟု ပညာရှင်များက အဟောထုတ်ထားလျှင် ဤယတြာကို လစဉ်ပြုပါ။ အညံ့ဘေး လွတ်လိမ့်မည်။

* မိမိ၏ စိတ်ထဲတွင်လည်း ဘာလုပ်လုပ် အဆင်မပြေ ညံ့နေပါလားဟု အလိုလို စိတ်လေးလံ ထိုင်းမှိုင်းနေလျှင်လည်း ဤယတြာကို လစဉ်ပြုပါ။ ထူးခြားစွာ လန်းဆန်းလာပါမည်။

* ဘာကိုပဲ လုပ်လုပ် အထစ်အငေါ့တွေ များ၊ အခက်အခဲတွေ ကြုံ၊ ထော်လော်ကန့်လန့်တွေ ဖြစ်၊ အဆင်မပြေမှုများသာ ဆက်တိုက်ကြုံနေပါကလည်း ဤယတြာကို ပြုပါ။ ပြေလည်လာပါမည်။

* ကျန်းမာရေးကလည်း ခဏပဲ ကောင်း၊ ဟိုဟာဖြစ်လိုက်၊ သည်ဟာ ဖြစ်လိုက်၊ ဘာဖြစ်နေမှန်းကို မသိ၊ အဖြေမရှိ ဆေးမတိုး၊ အနာနဲ့ ဆေး မတည့်ဖြစ်နေလျှင်လည်း ဤယတြာကို ပြုပါ။ ထူးခြားလာပါမည်။

* ၁၃၇၆ ခုနှစ်အတွင်း နှစ်ကူးယတြာအဖြစ် လစဉ်ပြုလုပ်သွားနိုင်ပါလျှင် ကောင်းကျိုးဝေဖြာ အောင်ပန်းတွေ သေချာ၍ ကျန်းမာရေးအတွက်၊ စီးပွားရေးအတွက်၊ ငွေရေးကြေးရေးအတွက်၊ လူမှုရေးနဲ့ အိမ်ထောင်ရေးအတွက်ပါ ကံပွင့်လန်းကာ တစ်နှစ်တာလုံး ပြုံးပန်းဝေဆာ၍ မိမိကမ္ဘာဟာ အလုပန်းတွေ ဝေဝေဆာဆာနှင့် မင်္ဂလာရှိနေနိုင်မှာ ဖြစ်ပါတယ်။

(ဤယတြာကို ကျွန်ုပ်ရေးသော အောင်မြင် ကြီးပွား ယတြာများစာအုပ်တွင် ဖော်ပြထားပါသည်။)

မည်သူမဆို လိုအပ်လျှင် သုံးစွဲကြည့်ပါ။ သုတေသနပြုကြည့်ပါ။ ကေန် အကျိုးရှိပါမည်။

### အစီအရင်ပြုပုံ

နည်းစနစ်မှာ အပိုင်းနှစ်ပိုင်းပါသည်။

(၁) အစီအရင်ပိုင်း။

www.burmeseclassic.com



(၂) ကျင့်စဉ် အားထုတ်မှုပိုင်း ဖြစ်သည်။

**(၁) အစီအရင်ပိုင်း**

မည်သည့်နေ့ဖွား သားသမီးမဆို မိမိမွေးနံ၏ "ဆပွတ်" နှင့် "တြိရန်"ကို တစ်နေ့တည်း တန်ခိုးကြီးဘုရား ဆိုင်ရာ အရပ်တွင် လိုရာဆုတောင်း ဆန္ဒပြု လှူဒါန်းပေးရန် ဖြစ်ပါသည်။

လှူဒါန်းရန်နေ့မှာ မိမိမွေးနေ့၏ နံနက်ပိုင်း ၉နာရီမှ ၁၀နာရီ ၃၀မိနစ်အတွင်း (အင်္ဂလိပ်တိုင်အရ) မွေးနံပေါ်ချိန် ဖြစ်ပါသည်။

**တနင်္ဂနွေသားသမီးများ** သောကြာအရပ်တွင် သစ်သီး (၆)မျိုး လှူဒါန်းပါ။ လိုရာဆုတောင်းပြီး ကျင့်စဉ်ဂါထာ (၁၀၈)ခေါက်ရွတ်ပါ။ ပြီးသော် အင်္ဂါထောင့်ကို သွားပါ။ ဆီးယိုနှင့် ဆွမ်းကပ်ပြီး ငွေ (၃)ညွန့် (သို့မဟုတ်) စံပယ် (၃)ကုံးလှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ထပ်ရွတ်ပါ။ ဖော်ပြပါ နှစ်နေရာပြီးလျှင် မေတ္တာပို့ အမျှအတန်းဝေခဲ့ပါ။

**တနင်္လာသားသမီးများ** နာနတ်ယိုဖြင့် ဆွမ်း (၇)ပွဲ ထီးနီ (၇)လက်လှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ ပြီးသော် ဗုဒ္ဓဟူးအရပ်သို့ သွားပါ။ ဘုရားကို ရေသပ္ပာယ်ပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ ထိုအစီအစဉ်များ ပြီးသည်နှင့် မေတ္တာပို့ အမျှဝေပါ။

**အင်္ဂါသားသမီးများ** တနင်္ဂနွေထောင့်သို့ သွားပါ။ အုန်းဆွမ်း (၆)ပွဲလှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ လိုရာ ဆုတောင်းပါ။ ပြီးသော် ကြာသပတေးအရပ်သို့ သွားပါ။ မေမြို့ပန်း (၅)ပွင့်နှင့် ပဲထမင်းဆွမ်း (၅)ပွဲလှူပေးပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ အစီအစဉ်များပြီးသော် မေတ္တာပို့ အမျှဝေပါ။

**ဗုဒ္ဓဟူးသားသမီးများ** တနင်္လာအရပ်တွင် ကံ့ကော်ပန်း၊ ကံ့ကော်ညွန့် ရရာ (၁၅)ညွန့်လှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ ပြီးသော် သောကြာအရပ်တွ သစ်သီး (၆)မျိုး ကပ်လှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေ ရွတ်ပွားပါ။ အစီအစဉ်များ ပြီးလျှင် မေတ္တာပို့ အမျှဝေ

**ကြာသပတေးသားသမီးများ** အင်္ဂါထောင့်သို့ သွား ဆီးယိုနှင့် ဆွမ်း(၃)ပွဲ ကပ်လှူပါ။ ငွေပန်း (၃)ညွန့်ထည့် ပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ ပြီးသေ စနေထောင့်သို့ သွားပါ။ ထီးနီ (၇)လက်၊ နာနတ်ယိုဖြ ဆွမ်း(၇)ပွဲ ကပ်လှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက်ရွတ် ပြီးသော် တနင်္ဂနွေထောင့်တွင် အုန်းဆွမ်း(၆)ပွဲ ကပ်လှူ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွတ်ပွားပါ။ အစီအစဉ်မျာ လျှင် မေတ္တာပို့ အမျှ

**စနေသားသမီး** ကြာသပတေးထောင့် သွား ပဲဆွမ်း(၅)ပွဲ ကပ်လှူပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါက် ရွ ပါ။ ပြီးသော် တနင်္လာထောင့်တွင် ကံ့ကော်ပန်း (၁၅)ညွ လှူပါ။ လိုရာဆုတောင်းပါ။ ကျင့်စဉ်ဂါထာ (၁၀၈)ခေါ ရွတ်ပွားပါ။ အစီအစဉ်ပြီးလျှင် မေတ္တာပို့ အမျှဝေပါ။

**(၂) ကျင့်စဉ်ပိုင်းမှ ရွတ်ရန် ဂါထာ**

ဂါထာအမည်မှာ "ပွဲတိုင်းအောင်၊ အောင်ဆုတော ဂါထာ"ဟု အမည်ရပါသည်။

**နမောဗိ တေ ဝိဇေတုံ မေ၊**
**ဇယတော ဒဒတော ဇယံ၊**
**နင္ဂထမ္ဘံ သဗ္ဗသတ္တံ၊**
**ကရမေ ဇယမင်္ဂလံ။ ။**

ဤတွင် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တစ်နှစ်တ အတွင်း တစ်လလျှင် တစ်ကြိမ်၊ မွေးနေ့နှင့် တိုက်ဆိုင် ရွက်ဆောင်သွားနိုင်ခြင်းဖြင့် ထူးခြားသော ကောင်းကျိုး လက်တွေ့ ရနိုင်မှာ ဖြစ်ပါကြောင်း ညွှန်းဆိုရင်း···■

နှစ်သစ်မှာ ကံကောင်းကြပါ

* * *

ဓမ္မာရာမဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

## ဆေးစွမ်းကောင်းများ

- ဂျပန်နားသန့်ဆေးကြီး
- ဂျပန်နားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် ဆေး ၁၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၄၅၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီး ဦးပေါ်ထင်သည် စာပေဝါသနာပါရှင်တစ်ယောက်ဖြစ်သည်။ စက်မှုလုပ်ငန်းရှင်ဖြစ်သော ဦးပေါ်ထင်သည် "ဣတ္ထိယ"အမျိုးသမီးမဂ္ဂဇင်းကို ထုတ်ဝေရာ၌ မရီရီဌေးကို တာဝန်ခံ အယ်ဒီတာအဖြစ် ခန့်ထားပြီး ပုံနှိပ်ရေးနှင့် စာအုပ်ဖြန့်ချိရေးတာဝန်ကို ဦးမျိုးနိုင်အား တာဝန်ပေးသည်။

မရီရီဌေးသည် ယခင်က အမျိုးသမီး မဂ္ဂဇင်းတစ်စောင်၌ လက်ထောက်အယ်ဒီတာအလုပ်ကို လုပ်ခဲ့ဖူး၏။ စာပေဗဟုသုတ နှံ့စပ်၏။

ဣတ္ထိယ မဂ္ဂဇင်း၏ အပြင်အဆင်ကောင်းခြင်း၊ ဖတ်စရာ များစွာပါခြင်းနှင့် ကြော်ငြာအားကောင်းခြင်းကြောင့် စ,ထွက်သောလ၌ပင် စာဖတ်သူများ၏ အားပေးမှုကို ရရှိသွား၏။

နောက်လများတွင် မဂ္ဂဇင်းစောင်ရေ တိုးလာသည်။

မဂ္ဂဇင်း စထွက်ပြီး ခြောက်လအကြာ မရီရီဌေးက ဦးပေါ်ထင်အား "လက်ထောက် အယ်ဒီတာတစ်ယောက်ခန့်မှ ဖြစ်မယ်"ဟု ပြောရာ "မင်းကြိုက်တဲ့သူကို ခန့်ပါ"ဟု ဦးပေါ်ထင်က ခွင့်ပြုလိုက်သည်။

၍တွင် မရီရီဌေးသည် သူမ၏ အသိမိတ်ဆွေတစ်ယောက်ဖြစ်သော မအေးနွယ်ကို ခန့်လိုက်သည်။

အသစ်ခန့်ထားခြင်း ခံရသော လက်ထောက် အယ်ဒီတာသည် မရီရီဌေးထက် သုံးလေးနှစ်ခန့် ငိုယ်၏။ မရီရီဌေး၏ အသက်မှာ သုံးဆယ်ဖြစ်၏။

မအေးနွယ်သည် စကားပြောသွက်၏။ စာပေလောကသူတစ်ယောက်ဖြစ်၏။ ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာဘာသာရပ်ဖြင့် ဘွဲ့ရသူဖြစ်သည်။

သူဌေး ဦးပေါ်ထင်သည် မုဆိုးဖိုတစ်ယောက်ဖြစ်၏။ မအေးနွယ် မရောက်မီက ဦးပေါ်ထင်သည် မရီရီဌေးနှင့် အသွားအလာများပြီး မအေးနွယ်ရောက်လာပြီး တစ်လခန့်အကြာတွင် မအေးနွယ်နှင့် အတွဲများသွား၏။

တစ်နေ့တွင် မရီရီဌေး ပယ်ထားသော စာမူတစ်ခုကို မအေးနွယ်က မဂ္ဂဇင်းတွင် သုံးရန် စာစီဌာနသို့ ပို့လိုက်ရာ မရီရီဌေးက အချိန်မီ သိသွား၍ တားဆီးလိုက်ပြီး မအေးနွယ်ကိုလည်း အပြစ်တင်လိုက်သည်။

ထိုနေ့မှစ၍ သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ ခပ်တန်းတန်းဖြစ်သွားသည်။ မအေးနွယ်သည် မရီရီဌေးကို မကျေနပ်သော အကြည့်ဖြင့် ကြည့်လေတော့၏။ သူ့အကြည့်မှာ စူးရှလွန်းကြောင်း ကျွန်မ သတိပြုမိသည်။

ကျွန်မ မိမော်သည် မရီရီဌေးလက်အောက်၌ အမှုထမ်းရသော စာရေးမ ဖြစ်သည်။ စာမူများ ထိန်းရသည်။ စာမူခများကို မရီရီဌေးပြောသည့်အတိုင်း တွက်ချက်ပေးပြီး ငွေစာရင်းဌာနသို့ ပို့ပေးရသည်။ အယ်ဒီတာ ဌာနနှင့် အခြားဌာနများ ဆက်သွယ်ရေးကို ဆောင်ရွက်ပေးရသည်။

နောက်ပိုင်းတွင် ဦးပေါ်ထင်သည် မရီရီဌေးနှင့် အသွားအလာများလာပြန်၏။

ဦးပေါ်ထင်သည် သူ့အပေါ် ဆက်ဆံရေးမှာ ရှေးကလို မဟုတ်တော့ဆိုသည်ကို သိလာသော မအေးနွယ်သည် မရီရီဌေးကို မုန်းတီးသောအကြည့်များဖြင့် အကြည့်များလာကြောင်း ကျွန်မ သိ၏။

တစ်ညနေ ရုံးဆင်းခါနီးတွင် ကျွန်မသည် အလုပ်ကိစ္စဖြင့် မအေးနွယ်၏ အခန်းထဲဝင်သွားရာ မအေးနွယ်သည် "စိတ်ခွန်အား"စာအုပ်ဖတ်နေသည်ကို တွေ့ရ၏။ ကျွန်မသည် မအေးနွယ်နှင့် အလုပ်အကြောင်းပြောပြီးသောအခါ မအေးနွယ်က…

"မိမော်…စိတ်ခွန်အားကို နင်ယုံသလား"

ဟု မေးသည်။ ကျွန်မက…

"စိတ်မှာ ခွန်အားရှိတာကို ယုံပါတယ်"

ဟု အလိုက်သင့် ဖြေလိုက်သည်။

လကုန်ခါနီး မဂ္ဂဇင်းဖောင်ပိတ်ရတော့မည့်အချိန်။ မရီရီဌေးနှင့် မအေးနွယ်တို့ ရှေ့ဆင့်နောက်ဆင့် ရုံးဆင်းသွားပြီး ခဏအကြာတွင် ပုံနှိပ်စက်ဌာနမှ စက်သမားတစ်ယောက် ကျွန်မထံ ရောက်လာပြီး…

"ကြော်ငြာတစ်ခု ရိုက်ခွင့်ပြုဖို့ မအေးနွယ်ဆီ ပို့ထားတာ ပြန်မရသေးဘူး"

ဟု ပြောသည်။

၎င်းကြော်ငြာကို မအေးနွယ်ထံတင်ပြထားသည်ကို ကျွန်မ မှတ်မိသည်။ ထို့ကြောင့် ကျွန်မသည် မအေးနွယ်အခန်းထဲသို့ ဝင်သွားရာ မအေးနွယ်ကို ရုတ်တရက် တွေ့လိုက်ရသောကြောင့် ကျွန်မ ထိတ်လန့်သွားပါသည်။

"ဟင်…မမအေးနွယ်၊ ခုနကပဲ ရုံးဆင်းသွားတာ ကျွန်မ တွေ့ရတယ်။ အခု ကျွန်မ ကြော်ငြာတစ်ခုလာရှာတာပါ"

ဟု အံ့သြသောအသံဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်၊ ငါလည်း စာအုပ်တစ်အုပ်ကျန်ခဲ့တာ လာပြန်ယူတာ။ ကြော်ငြာကို ဟိုရှေ့က စားပွဲပေါ်မှာ ရှာယူသွား"

www.burmeseclassic.com

ဟု မအေးနွယ်က ပြောသည်။

ကျွန်မသည် သူမ ညွှန်ပြသော စားပွဲသို့ သွား၍ ကြော်ငြာကို ရှာယူပြီး ပြန်အလာတွင် မအေးနွယ်ကို မတွေ့ရတော့ပေ။ မအေးနွယ်သည် အသံမမြည်အောင် သွားလာနိုင်သည်ကို ကျွန်မ အံ့သြမိသည်။ မျက်လုံးပုံသဏ္ဌာန်နှင့် မျက်လုံးအကြည့် သွားလာဟန်တို့မှာ မြွေနှင့် တူသည်ဟု ကျွန်မ ကောက်ချက်ချမိ၏။

◈◈◈

ယခုတစ်လော မရီရီငွေနှင့် မအေးနွယ်တို့၏ ဆက်ဆံရေးသည် ရှေးကလို မဟုတ်တော့။ မအေးနွယ်သည် မရီရီငွေကို ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံလာ၏။ တစ်ခါတစ်ရံ ရုံးဆင်းချိန်၌ အတူတူဆင်းလေ့ရှိကြ၏။

ကျွန်မသည် မအေးနွယ်ကို သံသယဝင်မိသည်။ မအေးနွယ်သည် မရီရီငွေအပေါ် အကောက်ကြံနေသလော။

◈◈◈

တစ်နေ့ နေ့လယ်၊ နေ့လယ်စာစားချိန်တွင် မအေးနွယ်သည် မရီရီငွေနှင့် အတူတူ ထမင်းစားနေသည်ကို ကျွန်မ သတိပြုမိသည်။ ကျွန်မသည်လည်း နေ့လယ်စာစားပြီးနောက် ချိုင့်ကို ဆေးရန် သူတို့ ထမင်းစားနေသည့် အခန်းရှေ့မှ ဖြတ်လျှောက်သွားစဉ် မအေးနွယ်သည် ပုလင်းတစ်လုံးထဲမှ အရည်များကို ပန်းကန်လုံးငယ်ထဲ လောင်းထည့်နေသည်ကို တွေ့ရ၏။ ကျွန်မသည် အပေါက်ဝမှ နေ၍ ရပ်ကြည့်နေမိသည်။ ကျွန်မ ရပ်ကြည့်နေသည်ကို မအေးနွယ် မမြင်ပါ။

မအေးနွယ်သည် ဆေးရည်ပါသောခွက်ကို မရီရီငွေ၏ လက်ထဲ



ထည့်ရင်း "သောက်လိုက်…သောက်လိုက်"ဟု အမူအရာလုပ်ပြနေသည်။

မရီရီငွေသည် မအေးနွယ်လက်ထဲမှ ဆေးပန်းကန်ကို ယူပြီး မော့သောက်လိုက်၏။ ထို့နောက် မအေးနွယ်သည် မရီရီငွေ၏ လက်ထဲမှ ဆေးပန်းကန်ကို ပြန်လုပ်မ်းယူလိုက်သည်။

ကျွန်မသည် သူတို့ကို ဆက်မကြည့်တော့ဘဲ ချိုင့်ဆေးရန် ထိုနေရာမှ ထွက်ခဲ့သည်။

ထိုနေ့ ရုံးဆင်းခါနီး၌ ကျွန်မသည် အလုပ်ကိစ္စဖြင့် မရီရီငွေအခန်းထဲသို့ ဝင်သွားရာ မရီရီငွေသည် သူမ အနားယူနေကျ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်နေသဖြင့် ကျွန်မသည် သူ့အနားကပ်သွားပြီး "ရုံးမဆင်းသေးဘူးလား"ဟု မေးနေစဉ် မရီရီငွေသည် ငြိမ်နေသောကြောင့် ကျွန်မက သူ၏ လက်ကောက်ဝတ်ကို လှုပ်လိုက်ရာ လုံးဝ မလှုပ်ဘဲ ရှိနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်မသည် မအေးနွယ်အပါအဝင် ရုံးတွင်းရှိ လူများအား

အော်ခေါ်၍…

"မမ ရီရီငွေကို လာကြည့်ကြ[…]ဦး"

ဟု ပြောလိုက်ပါသည်။

လူအများ ရောက်လာကြသည်[…]

"နှလုံးတော့ ခုန်နေတယ်။ သတိ[…]တော့ မရဘူး"

ဦးမျိုးနိုင်က မရီရီငွေကို [...] သပ်ပြီး ပြောပါသည်။

"ဆေးရုံကြီးကို ပို့ရအောင်"

ဦးမျိုးနိုင်သည် မဂ္ဂဇင်းတိုက်[…]ကားဖြင့် မရီရီငွေကို ဆေးရုံကြီးသို့ ပို့လိုက်သည်။

ထိုအကြောင်းကို သူဌေး ဦးပေါ်[…]ထင်ကို အကြောင်းကြားသောကြောင့် ဦးပေါ်ထင်လည်း ဆေးရုံသို့ ရောက်လာသည်။ ဆရာဝန်များက ကြိုးစားကုသော်လည်း ထိုည ၈နာရီသာသာ၌ မရီရီငွေ သေဆုံးသွား၏။

မရီရီငွေ သေဆုံးမှုကို ရဲများက စစ်ဆေး၏။ သူမ သောက်သော ဆေး[…]မှာလည်း သောက်နေကျ ဆေးဟု[…] မအေးနွယ်က အစစ်ခံသည်။ ကျွန်မ[…]သည်လည်း ကျွန်မ တွေ့ရှိချက်ကို ရဲ[…]တို့အား ထွက်ဆိုချက်ပေး၏။

အလောင်းကို စစ်ဆေးသော ဆရာဝန်ကြီးက မရီရီငွေသည် ဆေး[…]ကို ပိုသောက်မိ၍ နှလုံးက ဒဏ်မခံနိုင်ဘဲ ရုတ်တရက် နှလုံးရပ်၍ သေဆုံးသွားခြင်းဖြစ်သည်ဟု ဆေးမှတ်ချက်ပေး၏။

ကျွန်မသည် မအေးနွယ်ကို မယုံ[…]ပါ။ သူသည် စိတ်ခွန်အားကို သုံး၍ မရီရီငွေကို ဆေးပိုတိုက်လိုက်သည်ဟု မှတ်ယူထားလိုက်၏။

◈◈◈

မရီရီငွေ၏ တာဝန်ခံ အယ်ဒီတာရာထူးကို ဦးပေါ်ထင်သည် မအေးနွယ်

www.burmeseclassic.com

အား ပေးလိုက်၏။

နောက်သုံးလအကြာ၌ ဦးပေါ်ထင်နှင့် မအေးနွယ်တို့ တရားရုံးတစ်ရုံးတွင် လက်မှတ်ရေးထိုးပြီး လက်ထပ်လိုက်ကြ၏။

သူတို့ လက်ထပ်ပြီး လေးလအကြာ၌ ဦးပေါ်ထင်သည် နလုံးရပ်ပြီး ညဘက်တွင် သေဆုံးသွားသည်။

ကျွန်မသည် မအံ့ဩတော့ပါ။ မအေးနွယ်သည် စိတ်အင်အားကို အစွမ်းကုန် ထုတ်သုံး၍ ဦးပေါ်ထင်ကို လမ်းဆုံးသို့ ပို့လိုက်ပြီး ဦးပေါ်ထင်၏ ပိုင်ဆိုင်မှုအားလုံးကို ရယူလိုက်သည်ဟု ကောက်ချက်ချမိသည်။

မအေးနွယ်သည် စာအုပ်လုပ်ငန်း အရှုံးမပျက်ရန် ပုံနှိပ်ရေးနှင့် ဖြန့်ချိရေးတာဝန်ခံ ဦးမျိုးနိုင်နှင့် ခွေးခွေးတိုင်ပင်မှု များလာ၏။ အသက် ၄၀ အရွယ် ဦးမျိုးနိုင်သည် လူပျိုကြီးဖြစ်သည်။

ကျွန်မကိုလည်း သူဌေးမ မအေးနွယ်က လက်ထောက် အယ်ဒီတာအဖြစ် ခန့်လိုက်သည်။

ဦးမျိုးနိုင်၏ လက်အောက်တွင် ငွေစာရင်းနှင့် ဖြန့်ချိရေးမှူး မလှလှသန်းရှိ၏။ ရုပ်ချောပြီး အသက် ၂၅နှစ်အရွယ် မလှလှသန်းကို ဦးမျိုးနိုင်သည် မျက်နှာသာပေး၏။

ဦးမျိုးနိုင်ကို သူဌေးမက မျက်နှာသာပေးသော်လည်း ဦးမျိုးနိုင်ကမူ ပုံမှန်အတိုင်းသာ ဆက်ဆံသည်။ ဦးမျိုးနိုင်သည် မလှလှသန်းကို သံယောဇဉ်ရှိသည်ဟု ကျွန်မ တွက်ဆထားသလို၊ မအေးနွယ်ကလည်း တွက်ဆထားပုံရသည်။

မလှလှသန်းသည် အနေအထိုင်တည်ကြည်၍ သူဌေးမကို ပုံမှန်အတိုင်းသာ ဆက်ဆံ၏။

တစ်ခါတစ်ရံတွင် သူဌေးမသည် မလှလှသန်းကို ကြည့်သော အကြည့်မှာ မုန်းတီးသော အကြည့်ဟု ကျွန်မ ခန့်မှန်း၍ရ၏။

◈◈◈

ပူအိုက်သောနေ့တစ်နေ့၏ နေ့လယ်ပိုင်း။

ကျွန်မတို့၏ ပုံနှိပ်တိုက်မှာ အထပ်သုံးထပ်တိုက်ဖြစ်၏။ အပေါ်ဆုံးတွင် အယ်ဒီတာများအခန်းနှင့် သူဌေးရုံးခန်း။ ဒုတိယထပ်တွင် ဖြန့်ချိရေးနှင့် ငွေစာရင်းရုံးခန်း။ အောက်ဆုံးထပ်၌ ပုံနှိပ်စက်များ ထား၏။

နေ့လယ်စာစားပြီးချိန်၊ လူရှင်းချိန်ဖြစ်သည်။

ကျွန်မသည် ဝရန်တာအနီးရှိ ညှိခန်းတွင် ခေတ္တ အနားယူရင်း သတင်းစာများ ဖတ်နေစဉ် ဝရန်တာတွင် ရပ်နေသော သူဌေးမ မအေးနွယ်သည် မလှလှသန်းကို အခေါ်ခိုင်းပြီး ငွေစာရင်းအကြောင်း မေးနေသံကို ကျွန်မ ကြားနေရသည်။

မအေးနွယ်သည် မလှလှသန်းကို စူးစူးရှရှကြည့်နေကြောင်းကိုလည်း ကျွန်မ လှမ်းမြင်နေရသည်။ မလှလှသန်းကလည်း ပြန်ကြည့်၏။ သူဌေးမသည် ခါးသာသာခန့်သာ မြင့်သော ဝရန်တာ လက်တန်းကို ကိုင်ရင် မလှလှသန်းကို အောက်သို့ ညွှန်ပြနေ၏။ သူမသည် စိတ်စွမ်းအားကို အပြည့်သုံး၍ မလှလှသန်းကို အောက်သို့ ခုန်ချခိုင်းနေသည်ဟု ကျွန်မ တွေးမိသည်။

ကျွန်မသည် ထိုင်ရာမှ ထ၍ သူတို့နှင့် ငါးပေခန့်အကွာ နေရာသို့ သွားပြီး သူတို့ မမြင်သောနေရာ၌ ရပ်နေမိသည်။

မလှလှသန်းသည် သူဌေးမကို ရဲရဲဝံ့ဝံ့ ပြန်ကြည့်ရင်း…

"ကျွန်မတို့နှစ်ယောက်ဟာ ကင်းကင်းရှင်းရှင်းပါ"

ဟု ပြန်ပြောသံ ကြားရ၏။

ထို့နောက် သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက်၊ စူးစူးစိုက်စိုက်ကြည့်နေကြ၏။ စိတ်စွမ်းအားချင်း အားပြိုင်နေသည်ဟု ကျွန်မ ယူဆသည်။

ခဏအကြာတွင် သူဌေးမ မအေးနွယ်သည် မျက်လွှာချလိုက်ပြီး မျက်လုံးများကို မှိတ်လိုက်ကြောင်း ကျွန်မ သတိပြုမိသည်။

ထိုအခိုက် မအေးနွယ်သည် ဝရန်တာတန်းကို ကိုင်ရင်း ရုတ်တရက် ဝရန်တာလက်တန်းပေါ် တက်ပြီး အောက်သို့ ခုန်ချလိုက်၏။

ကျွန်မသည် လန့်ဖျပ်၍ အသံကုန် ဟစ်အော်လိုက်မိပါတော့သည်။

သူဌေးမ မအေးနွယ်သည် သူ့ထက် စိတ်စွမ်းအား ကောင်းပြီး ညို့အားပြင်းသော မလှလှသန်းကို အရှုံးပေးပြီး တိုက်ပေါ်မှ ခုန်ချသွားခြင်းဖြစ်၏။

မအေးနွယ်သည် မရှိရှိငွေနှင့် ဦးပေါ်ထင်တို့အပေါ် အနိုင်ရခဲ့သော်လည်း၊ သူ့ထက် အသက်ငယ်ပြီး သူ့ထက် စိတ်စွမ်းအား ကောင်းသော မလှလှသန်းကိုမူ အရှုံးပေးလိုက်ရကာ၊ နိဂုံးချုပ်သွားခြင်းသာ ဖြစ်သည်ဟု ကျွန်မ သိလိုက်ပါ၏ ■

* * *

ဦးဆိမ်း



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၄၊ဧပြီလ၊ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ဧပြီ၏ကောင်းကင်ထက်၌မိန်ရာသီရောက်တနင်္ဂနွေဂြိုဟ်ဧပြီ၁၅ရက်နေ့တွင်မိဿရာသီ သို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီးကန်ရာသီမှအင်္ဂါဂြိုဟ်ဂြိုဟ်ပတ်လမ်းကြောင်း၌ဖေါက်ပြန်သွားလာနေပါမည်။ ကုမ်ရာသီမှဗုဒ္ဓဟူးဂြိုဟ်ဧပြီ၅ရက်နေ့၌မိန်ရာသီသို့ပြောင်းရွှေ့ဝင်ရောက်ပြီးဧပြီ၂၀ရက်နေ့၌မိဿရာသီသို့ပြောင်း ရွှေ့ရပ်တည်ပါမည်။မေထုန်ရာသီ၌ ကြာသပတေးဂြိုဟ်ရပ်တည်နေပြီး မကာရရာသီမှသောကြာဂြိုဟ် ဧပြီ၂၈ရက်နေ့၌ကုမ်ရာသီသို့ပြောင်းရွှေ့ရပ်တည်ပါမည်။တူရာသီရှိစနေဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်း အတွင်း ဖေါက်ပြန်ရပ်တည်နေပြီး ရာဟုနှင့်ကိတ်ဂြိုဟ်များတူနှင့်မိဿရာသီများ အတွင်း တည်ရှိနေပါမည်။ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ၊ပလူတိုဂြိုဟ် ဓနုရာသီအတွင်းဖေါက်ပြန်၍ တည်ရှိနေပါလိမ့်မည်။


ဧပြီလ၄ရက်နေ့၊မြန်မာစံတော်ချိန်နံနက်၀နာရီ ၉မိနစ်၌ ကြာသပတေးဂြိုဟ်ကမ္ဘာ့ဘေးဖက်ဂြိုဟ်ပတ်လမ်း ကြောင်းအတွင်းရောက်ရှိပြီးကမ္ဘာဖြင့် တစ်တန်းတည်းကျရောက်သောဖြစ်စဉ်ဖြစ်ပေါ်လာပါလိမ့်မည်။ အရှေ့လောင်ဂျီတွဒ်၀၆ဒီဂရီ၀၂မိနစ်နှင့်မြောက်လတ္တီတွဒ်၂၃ဒီဂရီ၁၁မိနစ်နိုင်ဂျာနိုင်ငံပေါ်၌ဖြစ်ပေါ်ပြီးအာဖရိက အလယ်ပိုင်းနိုင်ငံများအတွက်ငလျင်ဖြစ်စဉ်များဖြစ်ပေါ်လာနိုင်သည်။ဧပြီလ၉ရက်၊မြန်မာစံတော်ချိန်နံနက်၄နာရီ ၂၅မိနစ်၌ အင်္ဂါဂြိုဟ်ကမ္ဘာဖြင့်တစ်တန်းတည်းကျရောက်သောဖြစ်စဉ်ဖြစ်ပေါ်လာပါမည်။ဖြစ်စဉ်ဖြစ်မည့်နေရာ အရှေ့လောင်ဂျီတွဒ်၃၂ဒီဂရီ၃၅မိနစ်နှင့်တောင်လတ္တီတွဒ်၀၅ဒီဂရီ၀၇မိနစ်တန်ဇန်းနီးယားနိုင်ငံအတွင်း၌ဖြစ်ပေါ်လာ ပါမည်။အာဖရိကနိုင်ငံအချို့၌ နိုင်ငံရေးမငြိမ်သက်မှုများဖြစ်ပေါ်လာတတ်သည်။ဧပြီလ၁၄ရက်၊မဟာသင်္ကြန်အတာ နေ့၌ အင်္ဂါဂြိုဟ်ကမ္ဘာနှင့်အနီးဆုံးဆုံမှတ်သို့ရောက်ရှိသောဖြစ်စဉ်ဖြစ်ပေါ်ပါမည်။အင်္ဂါဂြိုဟ်ဖေါက်ပြန်နေချိန်ဖြစ် သည့်အတွက် ယခုနှစ်မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲ၌ အတိုက်အခံပဋိပက္ခပြဿနာများကြီးမားစွာဖြစ်ပေါ်တတ်ပြီး သွေးထွက်သံယိုဖြစ်စဉ်များဖြစ်ပွားတတ်သည်။

ဧပြီ၁၅ရက်၊နေ့လည်၁၂နာရီ၃၀မိနစ်၌ လမင်းအားစိတြနက္ခတ်ကြယ်မှထွင်းဖေါက်သောဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ မြန်မာမှမမြင်တွေ့နိုင်ပါ။ဧပြီ၁၅ရက်၊နေ့လည်၁နာရီတိတိ၌ မြန်မာမှမမြင်နိုင်သောလအပြည့်ကြတ်ဖြစ်စဉ်ဖြစ်ပေါ် ပြီးညနေ၅နာရီ၅မိနစ်၌ လကြတ်ခြင်းဖြစ်စဉ်ပြီးဆုံးပါမည်။ဖြစ်စဉ်အားဧပြီ၇ရက်၊မြန်မာ စံတော်ချိန်နေ့လည်

www.burmeseclassic.com


…နာရီ၄၉မိနစ်၌လမင်းအားစနေဂြိုဟ် နီးကပ်စွာပူးယှဉ်သောဖြစ်စဉ်ဖြစ်ပေါ်ပါမည်။မြန်မာမှမမြင်တွေ့နိုင်ပါ။ ဧပြီ၁၈ရက်၊ နံနက်၁၀နာရီ၄၂မိနစ်၌လမင်းအားStar Graffiasကြယ်မှ နီးကပ်စွာပူးယှဉ်သောဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ဖြစ်စဉ်အားမြန်မာမှမမြင်တွေ့နိုင်ပါ။ဧပြီ၂၆ရက်၊နံနက်၈နာရီ၄မိနစ်၌ ဗုဒ္ဓဟူးဂြိုဟ်နေ၏အနောက်ဖက်ဂြိုဟ်ပတ်လမ်းကြောင်းထဲရောက်ရှိပြီးအတ္တမိသောဖြစ်စဉ်ဖြစ်ပေါ်လာပါမည်။ဧပြီ၂၉ရက်၊မြန်မာစံတော်ချိန်နံနက်၁၀နာရီ၂၁မိနစ်၌ နေအရစ်ကြွတ်သောဖြစ်စဉ်ဖြစ်ပေါ်ပြီး နေ့လည်၁၁နာရီ၅၈မိနစ်၌ဖမ်းလယ်ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။နေ့လည်၂နာရီ၄၄မိနစ်၌နေအရစ်ကြွတ်ခြင်းပြီးဆုံးပါမည်။မြန်မာမှနေမင်းအား ထင်းလင်းစွာတွေ့မြင်ရသော်လည်း ဖြစ်စဉ်အားမမြင်တွေ့နိုင်ပါ။ဖြစ်စဉ်အားအင်ဒိုနီးရှား၊ဩစတြေးလျနှင့်အန္တာတိကဒေသများမှမြင်တွေ့ရှုလာနိုင်ပါမည်။

**Map showing the area of Visibility of the Partial Solar Eclipse 2014 April 29**





In PALE BLUE region of partial eclipse, YELLOW sun rises or sets in eclipse

**ဧပြီ၂၉ရက်၊နေအရစ်ကြွတ်ခြင်းပြမြေပုံ**




**ဧပြီ၂၉ရက်၊နေအရစ်ကြွတ်ခြင်းအား ဩစတြေးလျနိုင်ငံမှတွေ့မြင်ရမည့်ပုံ**




**ဧပြီ၁၅ရက်၊လအပြည့်ကြွတ်ခြင်းသရုပ်ပြပုံစံ**



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ဧပြီလ(၁၂)ရာသီလဂ်ပိုင်ရှင်တို့၏နက္ခတ်ကံကြမ္မာ

## ARIES



## မိဿလဂ်

ငွေကြေးကံ၊လုပ်ငန်းကံဆက်လက်ကောင်းမွန်သော်လည်း လုပ်ငန်းကိစ္စများတွင် မောင်နှ
သားချင်း၊လုပ်ဖော်ကိုင်ဖက်များကြောင့် ပြဿနာကြုံမည်။ထိကံစမ်းသင့်သောကာလဖြစ်ပြီ
မထင်မှတ်ပဲငွေကြေးအများအပြားရရှိသုံးစွဲရမည်။လုပ်ငန်းကိစ္စ၊စီးပွားရေးကိစ္စများအတွ
စကားပြောအဆင်မပြေဖြစ်ရတတ်သည်။ခရီးသွားလာမှုများအတွက်စိတ်အနှောင့်အယှ
တွေ့ကြုံတတ်သည်။စိတ်ပင်ပန်းဖိစီးမှုများပြားပြီး ဆုံးဖြတ်သုံးသပ်ချက်များအတွက် လွဲချော်
များ ယှဉ်တွဲနေတတ်သည်။လုပ်ငန်းတွင် အောင်မြင်မှုများရရှိသော်လည်း ပြင်းထန်သေ
လုံ့လစိုက်ထုတ်မှုများဖြင့် ကြိုးစားဆောင်ရွက်ရမည်။ မိသားစု၊မောင်နှမသားချင်းအရေးကိ
များ အတွက်ခေါင်းစားနေမည်။အိမ်ခြံမြေကိစ္စများကြောင့်အကျိုးအမြတ်ရရှိမည်။အိမ်ထော
ရှင်များငွေကြေးကိစ္စများနှင့် ပတ်သက်၍အဆင်လွဲအမြင်လွဲမှုများ တွေ့ကြုံတတ်သည်။ချစ်သ
များ မိမိချစ်ရသူအတွက် ငွေကြေးအကုန်အကျများပြားမည်။

## TAURUS



## ပြိဿလဂ်

ကြိုးပမ်းကြံစည်ဆောင်ရွက်မှုများပြည့်ဝအောင်မြင်လုနီးမှ ပြန်လည်၍အခွင့်အရေးမျာ
ဆုံးရှုံးသွားတတ်သည်။လူမှုရေးပိုင်းထင်ပေါ်ကျော်ဇော၍ မျက်နှာပွင့်လန်းသောကာလဖြ
သည်။ကျန်းမာရေးပိုင်းအသေးအဖွဲ့အညံ့ရှိတတ်ပြီး ခရီးသွားလာမှုများအတွက်စိတ်အနှော
အယှက်များတွေ့ကြုံတတ်သည်။ကံအသင့်တင့်ကောင်းမွန်သောကာလဖြစ်သော်လည်း မိမိရည
မှန်းချက်ပန်းတိုင်ဆီရောက်ရှိရန်အတွက် လိုအပ်သည်ထက်ပိုမိုလုံ့လ စိုက်ထုတ်ကြိုးပမ်းရမည
လုပ်ငန်းရှင်များ ပုံမှန်လည်ပတ်နိုင်ပြီး အဆက်အသွယ်သစ်များရရှိမည်။ပညာသင်ယူသူမျ
ဖြည်းဖြည်းနှင့်မှန်မှန်မိမိကြိုးပမ်းမှုများ အဆင်ပြေအောင်မြင်လာမည်။လုပ်ငန်းကိစ္စအမျိုးမျ
အား ဆောင်ရွက်ရန်အတွက် အခွင့်အရေးသစ်များ တွေ့ကြုံပေါ်ပေါက်လာမည်နိုင်ငံရပ်ခြားနှ
ပတ်သက်သောကိစ္စရပ်များအတွက် အတိုက်အခံကြုံမည်။အိမ်ထောင်ရှင်များ စိတ်လေလွင့်
များပြီး မိသားစုဖြင့်ပဋိပက္ခတွေ့ကြုံမည်။ချစ်သူများ ရန်ဖြစ်လိုက်ပြန်ချစ်လိုက်ဖြင့် စိတ်သော
များပြားသောကာလဖြစ်သည်။

## GEMINI



## မေထုန်လဂ်

ကံဇာတာကောင်းမွန်သောအခြေအနေတွင်ရပ်တည်နေပြီး လုပ်ငန်းကိစ္စများအတွက်ခရီးဝေ
များသွားလာရပြီး အကျိုးရှိမည်။လုပ်ငန်းကိစ္စများတွင်အထူးအခွင့်အရေးများရရှိပြီးအော
မြင်သောလမ်းကြောင်းထက် ဆက်လက်ရပ်တည်နိုင်မည်။မိမိနှင့်မိသားစုအတွင်း ကြီးပွ
အောင်မြင်တိုးတက်မည်။အိမ်ခြံမြေယာဉ်တို့နှင့်ပတ်သက်၍အကျိုးရှိမည်။ငွေကြေး ရှာဖွေ
လွယ်ကူပြီးနိုင်ငံခြားငွေကြေးရရှိမှုကံကောင်းမွန်မည်။ဘာပဲလုပ်လုပ်အဆင်ပြေနေသည
ကာလဖြစ်သည်။လူမှုရေးအနှောင့်အယှက်ကိစ္စများအတွက်ခေါင်းစားနေမည်ခရီးဝေးသွ
လာရပြီးနိုင်ငံရပ်ခြားဒေသများကောင်းကျိုးရမည်။နိုင်ငံခြားနှင့်ပတ်သက်သည့်ငွေကြေ
အကျိုးခံစားခွင့်များရရှိမည်။အဆက်အသွယ်သစ်များရရှိနိုင်သည့်ကာလဖြစ်သည်။ငွေကြေ
အများအပြားရရှိမည့်အခွင့်အရေးတစ်ရပ်လက်ဝယ်ရောက်ရှိလာမည်။အိမ်ထောင်ရှင်မျ
အိမ်ထောင်ရေးအတိုက်အခံပဋိပက္ခများပြားသောကာလဖြစ်သည်။ချစ်သူများ အစ
အရာရာသဘောထားယူဆချက်များဆန့်ကျင်ဖက်ဖြစ်နေတတ်သည်။

## CANCER



## ကရကဋ်လဂ်

ရွှေရတနာအသုံးအဆောင်ပစ္စည်းကောင်းများပျောက်ရှပျက်စီးဆုံးရှုံးတတ်သည့် ကာလဖြ
သည်။နိုင်ငံရပ်ခြားခရီး၊ ခရီးဝေးများသွားလာရတတ်ပြီး ခရီးဝေးသွားလိုစိတ်များ ပြင်းထ
နေတတ်သည်။လုပ်ငန်းရှင်များ လုပ်ငန်းနှင့် ပတ်သက်၍ အကျိုးအမြတ်ကောင်းများရရှိမည
ဝန်ထမ်းတာဝန်ထမ်းရွက်သူများ ကောင်းမွန်သောနေရာဌာနအပြောင်းအရွှေ့များ ပေါ်ပေါ
တွေ့ကြုံနိုင်သည်။ရွှေရတနာအသုံးအဆောင်ပစ္စည်းကောင်းများ ငွေကြေးနှင့်ဆက်နွယ်သေ
ကိစ္စများကြုံမည်။ပညာသင်ကြားနေသူများ ပညာရေးကံမြင့်မားတိုးတက်မည်။ ကံဇာတာအသ
တင့်ကောင်းနေမည်။လုပ်ငန်းကိစ္စများအတွက် တိုးတက်ကြီးပွားမှုအမျိုးမျိုး လက်ဝယ်ရော
ရှိလာမည်။အကောင်းဆုံးအခွင့်အရေးများအတွက် လိုအပ်သလိုပုံဖော်ကြိုးပမ်းခွင့်ရှိမည
တိုးချဲ့ဆောင်ရွက်သောလုပ်ငန်းကိစ္စများ၌ အောင်မြင်မှုဂုဏ်သတင်းသင်းပျံ့နေမည်။အိမ်
ထောင်ရှင်များ အိမ်ထောင်ဖက်ထံမှအကူအညီကောင်းများ ရရှိတတ်သည်။ချစ်သူများ
ကြံစည်ကြိုးပမ်းမှုများပြည့်ဝအောင်မြင်အဆင်ပြေမည်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

စကားပြောအဆင်မပြေမှုများကိုအကြောင်းပြု၍ ခိုက်ရန်ဒေါသဖြစ်ပွားရတတ်သည်။ရွေးချယ်ဆုံးဖြတ်ရန်ခက်ခဲမည့် အခွင့်အရေးနှစ်မျိုးနှစ်ခွတွေ့ကြုံပေါ် ပေါက်လာတတ်သည်။အခြားသူတို့၏လူမှုရေးပြဿနာများကြားဝင်ရောက်ဖြေရှင်းရပြီး အကျိုးမရှိဖြစ်ရတတ်သည်။လုပ်ငန်းရှင်များ သာမန်တိုးတက်မှုများတွေ့ကြုံသော်လည်း စိတ်ဖိစီးပင်ပန်းမည်။ပညာသင်ယူသူများလုံ့လ၏အကျိုး ကျေးဇူးခံစားရမည်။အိမ်ထောင်ရှင်များ မောင်နှမသားချင်းပြဿနာများကြောင့်သဘောထားကွဲလွဲမည်။ချစ်သူများအချစ်အတွက် အရာရာကိုရင်ဆိုင်တိုက်ပွဲ ဝင်ရသောကာလဖြစ်သည်။စီးပွားရေးပိုင်းအကျိုးရှိအဆင်ပြေ၍ ငွေကြေးရရှိမှုကံကောင်းမွန်နေမည်။မိသားစုအရေးကိစ္စများအတွက်ငွေကြေးသုံးစွဲဝါန်ကျမှုများပြားသောကာလဖြစ်သည်။လုပ်ငန်းကိစ္စများနှင့်ပတ်သက်၍မောင်နှမသားချင်းများပြင့်အတိုက်အခံတွေ့ကြုံတတ်သည်။အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သော မိသားစုမေတ္တာတရားများ ရရှိမည်။ချစ်သူများ မိသားစုအသိုင်းအဝန်းကိစ္စများကြောင့်အတိုက်အခံဖြစ်ရသော်လည်းနားလည်မှုပြန်လည်ရရှိမည်။

## VIRGO



## ကန်လဂ်

ကျန်းမာရေးအညံ့နှင့်မတော်တဆဘေးအန္တရာယ်ဖြစ်စဉ်များ အထူးသတိပြုပါ။ဦးခေါင်းပိုင်းဆိုင်ရာနှင့်ဆီးကျောက်ကပ်နှင့်ဆိုင်သောရောဂါများကိုသတိပြုပါ။စိတ်ဖိစီးမှုလေလွင့်မှုများကြားမိမိဘဝတည်ငြိမ်မှုအတွက် ပြန်လည်တည်ဆောက်ရန်ခက်ခဲနေတတ်သည်။မိမိယုံကြည်အားထားလေးစားသူများ၏သစ္စာဖေါက်ခြင်းခံရလိမ့်မည်။ဘာသာရေးကိစ္စများအထူးအလေးအနက်ထားဆောင်ရွက်ပါ။အတိုက်အခံဆန့်ကျင်ဖက်ဆောင်ရွက်လိုသောစိတ်ဓါတ်မကြာခဏတွေ့ကြုံပေါ် ပေါက်လာတတ်သည်။အခြားသူတို့နှင့်အသွင်မတူသော၊ရှုထောင့်အမြင်မှအရာရာကိုပုံဖေါ်ဆောင်ရွက်မှုများကြောင့်လွဲချော်မှုအမှားအယွင်းများပေါ် ပေါက်တွေ့ကြုံလာမည်။စီးပွားရေးလုပ်ငန်းများတွင်အောက်လက်ကြောင့်ဆုံးရှုံးနစ်နာမှုများတွေ့ရမည်။လူမှုရေးအကြောင်းကိစ္စများကြောင့်ငွေကုန်ကြေးကျများပြားမည်။လုပ်ငန်းပိုင်း၊ရာထူးပိုင်းအတိုက်အခံများကြောင့်နစ်နာမှုများအထူးသတိပြုပါ။အိမ်ထောင်ရှင် များသံသယအတွေးများဖြင့်ပြဿနာရှာလိုသောကာလဖြစ်သည်ချစ်သူများယုံကြည်မှုမေတ္တာတရားများလျော့ပါး၍သံသယများဖိုးမိုးနေမည်။

## LIBRA



## တူလဂ်

ကံကောင်းကြီးပွားမည့် အခွင့် အရေးကောင်းများ လက်ဝယ်ရောက်ရှိ၍ မိမိ၏ဘုန်းကံအရှိန်အဝါတိုးတက်မြင့်မားသောကာလဖြစ်သည်။မိမိနှင့်မိသားစုအတွင်းစီးပွား ဥစ္စာတိုးတက် ကြီးပွားမည့်ကာလဖြစ်သည်။ရွှေရတနာနှင့်အသုံးအဆောင်ပစ္စည်းအသစ်အဆန်းများ စိတ်တိုင်းကျရရှိပိုင်ဆိုင်သုံးစွဲရမည်။အိမ်ခြံမြေယာဉ်တို့နှင့်ပတ်သက်၍ကံကောင်းအကျိုးရှိမည်။ကောင်းသောအဆက်အသွယ် ကောင်းများရရှိ၍တိုးတက်အောင်မြင်မည်။အဆင့်မြင့်ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပတ်သက်၍ ငွေကြေးရရှိမှုကံကောင်းမွန်ချိန်။အကြောင်းအမျိုးမျိုးကြောင့်ငွေကုန်ကျမှုများပြားနေမည်။လုပ်ငန်းရှင်များကြီးပွားအောင် မြင်တိုးဘက်မှုများ အလွယ်တကူ တည်ဆောက်နိုင်မည်။ပညာသင်ကြားသူများကံဇာတာအထူးမြင့်မားသည့် ကာလဖြစ်သည်။အိမ်ထောင်ရှင်များငွေကြေးကိစ္စများကြောင့်ပဋိပက္ခကြုံမည်။ချစ်သူများ၊အချစ်အတွက်အရာရာ၌စိတ်တူ၊ကိုယ်တူ၊ ဆန္ဒသဘောထားများထပ်တူညီချိန်။

## SCORPIO



## ဗြိစ္ဆာလဂ်

အတိုက်အခံအချို့ရှိနေသော်လည်းကံကောင်းကြီးပွားတိုးတက်မှုများရယူပိုင်ဆိုင်ခွင့်ရှိမည်။စီးပွားရှာဖွေမှု၌ အခွင့်အရေးကောင်းများရရှိမည်။လုပ်ငန်းတာဝန်များ၌ ဘုန်းကံဩဇာအရှိန်အဝါမြင့်မားသောကာလ။ဂုဏ်သိက္ခာမြင့်မားတိုးတက်၍အကြံဉာဏ်ကောင်းများမွေးဖွားဖြစ်တည်လာမည်။မထင်မှတ်ပဲငွေကြေးအများအပြားရရှိတတ်ပြီး လုပ်ငန်းတွင်အကျိုးအမြတ်ကောင်းများရယူပိုင်ဆိုင်ခွင့်ရှိမည်။ဗုဒ္ဓဟူးနေ့တွင်စပ်တူစပ်ဖက်ထိကံစမ်းပေးပါ။မတော်တဆအသေးအဖွဲ့ထိခိုက်ဒဏ်ရာရရှိမှုများတွေ့ကြုံတတ်သည်။လူမှုရေးပဋိပက္ခများ တွေ့ကြုံဖြစ်ပွားတတ်သည်။လုပ်ငန်းရှင်များ ငွေကြေးအကျိုးပေးကံ မြင့်မားတိုးတက်သောကာလဖြစ်သည်။ပညာသင်ကြားနေသူများအဖက်အဖက်မှအောင်မြင်မှုများဆီးကြိုနေမည်။အိမ်ထောင်ရှင်များအိမ်တွင်းရေးကိစ္စများ၌ နားလည်မှုလွဲချော်နေချိန်။ချစ်သူများစိတ်ကူးဆန္ဒထပ်တူကျ၍သံယောဇဉ်နှောင်ကြိုး ခိုင်မြဲနေမည်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



ဓနုလဂ်

ကံဇာတာဆက်လက်မြင့်မားတိုးတက်၍ စီးပွားကံ၊ငွေကြေးကံအထူးကောင်းမွန်မည်။မှန်ကန်သောသူ့ဆဆုံးဖြတ်ချက်များဖြင့် လုပ်ငန်းပိုင်းအောင်မြင်မှုဂုဏ်သိက္ခာများဆက်လက်ထိန်းသိမ်း နိုင်မည်။အပင်ပန်းခံကြိုးပမ်းဆောင်ရွက်ရသောကိစ္စရပ်များ မျှော်လင့်ချက်လမ်းဆုံးရောက် ရှိပြီးမှ အောင်မြင်မှုများရယူပိုင်ဆိုင်ခွင့်ရှိမည်။အဆင့်မြင့်ကုမ္ပဏီအဖွဲ့အစည်းများနှင့် စပ်တူ စပ်ဖက်လုပ်ငန်းများမှ ငွေကြေးအကျိုးရှိမည်။အိမ်ခြံမြေယာဉ်တို့နှင့်ပတ်သက်၍ ပြဿနာအနှောင့်အယှက်တွေ့ကြုံတတ်သည်။လုပ်ငန်းပိုင်းအကြီးအကဲများနှင့်ပတ်သက်၍ နစ်နာမှုများတွေ့ကြုံရတတ်သည်။လုပ်ငန်းရှင်များ ကောင်းသောအကျိုးအမြတ်များရရှိပြီး လုပ်ငန်းလည်ပတ်မှုအားကောင်းမည်။ပညာသင်ကြားသူများ အတိုက်အခံယှဉ်၍ အခွင့်အရေး ကောင်းများ ရရှိမည်။အိမ်ထောင်ရှင်များအေးချမ်းတည်ငြိမ်သော မိသားစုမေတ္တာတရားများ ရရှိမည်။ချစ်သူများ မိသားစုအသိုင်းအဝန်းကိစ္စများကြောင့် အတိုက်အခံဖြစ်ရသော်လည်း နားလည်မှုပြန်လည်ရရှိအဆင်ပြေသွားမည်။

---

## CAPRICORN



မကာရလဂ်

ပြင်းထန်သောအခက်အခဲများကြားမှ ကြီးပွားတိုးတက်ပြောင်းလဲမှုများ တွေ့ကြုံပေါ်ပေါက်လာမည်။ငွေကြေးကိစ္စများအတွက် ကောင်းသောအကူအညီကောင်းများရရှိမည်။လုံ့လဝီရိယအကျိုးခံစားရပြီး အောင်မြင်သောလမ်းကြောင်းထက်ကောင်ပေါ်ကျော်ဇောမည်။မိသားစုအိမ်ခြံမြေယာဉ်တို့နှင့်ပတ်သက်၍ ငွေကြေးအကျိုးရှိမည်။ဝန်ထမ်းတာဝန်ထမ်းရွက်သူများအဆက်အသွယ်ကောင်းများတွေ့ကြုံ၍ ကောင်းသောနေရာဌာနအပြောင်းအရွှေ့ကိစ္စများအောင်မြင်မည်။ဦးခေါင်းကိုက်ခဲမှုရောဂါဝေဒနာနှင့်လေထိုးလေအောင့်၊အစာအိမ်ရောဂါများသတိပြုပါ။အတိုက်အခံယှဉ်၍ မိမိကံဇာတာတိုးတက်မြင့်မားမည်။မိသားစု၌ ရွှေရတနာအသုံးအဆောင်ပစ္စည်းကောင်းများ လက်ဆောင်ရရှိမည်။လုပ်ငန်းရှင်များငွေကြေးအကျိုးအမြတ်များရရှိပြီး စိတ်ပင်ပန်းမှုအကျိုးခံစားရမည်။ပညာသင်ယူနေသူများ ကံဇာတာကောင်းမွန်သောကာလဖြစ်သည်။အိမ်ထောင်ရှင်များနှင့် ချစ်သူများအတွက် အရင်ထက်ပိုမိုသော မေတ္တာတရားများရရှိမည်။

---

## AQUARIUS



ကုမ်လဂ်

လူမှုရေးအကြောင်းကိစ္စများကြောင့် စိတ်ပင်ပန်းမှုများရင်ဆိုင်တွေ့ကြုံရသောကာလဖြစ်သည်။ငွေကြေးအခက်အခက်အခဲနှင့်လုပ်ငန်းအဆင်မပြေမှုများကြောင့် စိတ်အလိုမကျမှုများပြားမည်။အတိုက်အခံပြဿနာများကြောင့် မိမိလုပ်ငန်းများဆုံးရှုံးနစ်နာတတ်သည်။မိမိသုံးစွဲသော အသုံးအဆောင်ပစ္စည်းကောင်းများ ပျောက်ရှပျက်စီးဆုံးရှုံးတတ်သည်။အခက်အခဲ၊အတိုက်အခံ အနှောင့်အယှက်အချို့လျော့ပါးသက်သာသွားပြီး ကံဇာတာအကောင်းဖက်သို့ဦးတည်နေမည်။စီးပွားရေးပိုင်း အခက်အခဲများရှိနေသော်လည်း ဖြေရှင်းရလွယ်ကူမည့် နည်းလမ်းကောင်းများပေါ်ပေါက်တွေ့ကြုံလာမည်။လူမှုရေးကိစ္စများအတွက် သောကများရတတ်သည်။လုပ်ငန်းတွင်အောင်မြင်တိုးတက်မှုအချို့ပြန်လည်ရယူပိုင်ဆိုင်ခွင့်ရှိမည်။ပညာသင်ကြားသူများ ပညာရေးတိုးတက်ကောင်းမွန်၍ အခွင့်အရေးထူးများရရှိမည်။အိမ်ထောင်ရှင်များ အိမ်တွင်း ရေးပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ချစ်သူများ အချစ်ကံခေနေသောကာလဖြစ်ပြီး ပဋိပက္ခပြဿနာများဆက်လက် ရင်ဆိုင်ဖြေရှင်းရမည်။

---

## PISCES



မိန်လဂ်

အပူ-အဖျားနှင့်ပတ်သက်သည့်ကျန်းမာရေးပိုင်းအညွှံများ သတိပြုပါ။ငွေကြေးအကျိုးအမြတ်နည်းပါးပြီး ငွေကြေးဆုံးရှုံးမှုများ တွေ့ကြုံရတတ်သည်။လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်း မျှော်မှန်းသလောက်အဆင်မပြေနိုင်သောကာလဖြစ်သည်။ပညာသင်ယူသူများ လုံ့လစိုက်ထုတ်မှုနည်းပါးမှု ကြောင့်အရာရာဆုံးရှုံးနစ်နာမည်။ဆုံးဖြတ်ယူဆချက်များလွဲချော်နေပြီးပြဿနာ ဖန်တီးလိုမှုများသတိပြုရှောင်ကြဉ်ပါ။စပ်တူစပ်ဖက်ဆောင်ရွက်ကြိုးပမ်းမှုများတွင် အဆင်မပြေဆုံးရှုံးနစ်နာမှု များတွေ့ကြုံပေါ်ပေါက်လာနိုင်သည်။ရည်မှန်းချက်များဖြင့်လက်တွေ့အခြေအနေပြင်လွဲချော် နေတတ်ပြီးစီးပွားရေးပိုင်း အနှောင့်အယှက်ကြုံမည်။မိမိကံအဆိုးဖက်သို့ဦးတည်နေပြီးငွေကြေး အနှောင့်အယှက် ပြဿနာများသတိပြုပါ။လုပ်ငန်းရှင်များအမှုပြဿနာ ပဋိပက္ခများဖြင့်ထိပ်တိုက်ရင်ဆိုင်ရတတ်သောအချိန်ကာလ။အိမ်ထောင်ရှင်များအိမ်ထောင်ရေးသာယာမှုနည်းပါး မည်။ချစ်သူများ ကြားလူနှောင့်ယှက်မှုကြောင့် အဆုံးသတ်ပြီးဆုံးမှုဖြစ်စဉ်များ ရင်ဆိုင်ရတတ်သည်။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊မတ်လမွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ်(၁၂)လဂ်ဖြင့်လူတန်းစား(၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန်ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက် သော နက္ခတ်(၁၂)လုံးဖြင့် မိမိတို့၏အရေးကြီးကိစ္စများစီရင်ဆောင်ရွက်လျှင်ထူးခြားစွာ အကျိုးဖြစ်လာ လိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ဓနသိဋ္ဌိနက္ခတ်တစ်လုံးထဲ အား လူသားအားလုံးမှအသုံးပြု ဆောင်ရွက်နေခြင်းသည်အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့်တူနေပါ သည်။အဘိဇိနက္ခတ်အပါ အဝင်နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများဖန်တီး ပေး နိုင်ပြီး မိမိတို့မွေးဖွားချိန်အတိ အကျဖြင့်စစ်ဆေး တွက်ချက်ပါက လူအသီးသီးအတွက်နက္ခတ်(၂၈)လုံးအား တန်ဖိုးရှိရှိအသုံးချ နိုင်ပါလိမ့်မည်။ယခု ဖော်ပြချက် တွင် မွေးဖွားချိန်(၂)နာရီကိုလဂ်တစ်လဂ်အဖြစ်သတ်မှတ်၍ လဂ်(၁၂)လဂ်အတွက် နက္ခတ်(၁၂) လုံးဖြင့် တွက်ကိန်း ဆင်ထားပါသည်။နက္ခတ်(၁၂)လုံးသည် လဂ်တစ်ခုချင်းအလိုက်စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ **(Modern Astrology)**နက္ခတ်ပညာရပ်စနစ်တွင်ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ ညွှန်းပြုထားသည့် အလင်းအားကိုစံပြုထားပါသည်။နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ဒီဂရီ၂၀မိနစ် သတ်မှတ်ထား သော်လည်း ခြွင်းချက်အနေဖြင့်အဆိုပါ နက္ခတ်၏ရှေ့နောက်၄ဒီဂရီအတွင်းကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ဝင်ချိန်ထွက်ချိန်များ အဖြစ်သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လဂ်အလွယ်တကူရှာဖွေနိုင်ရန် အတွက် လဂ်ရှာဖွေနည်း ဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက်ပျှမ်းမျှ နေထွက်ချိန်များအပေါ်မူတည်၍ နှစ်နာရီလျှင်လဂ်တစ်လဂ် နှုန်းဖြင့် လဂ်(၁၂)လဂ်အတွက် အလွယ်တကူကောက်ယူနိုင်ပါသည်။ဥပမာဧပြီ ၁၃မှ မေ၁၃အတွင်း နံနက်၅း၄၅မှ၇း၄၅နာရီအတွင်း မွေးဖွားသူ တစ်ဦး သည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက်၉း၄၅မှ ၁၁း၄၅အတွင်း မွေးဖွားပါကမေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။လဂ်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှမိန်အထိအစဉ်အတိုင်းသတ်မှတ် ထားပါသည်။

မိမိတို့၏မွေးဖွားချိန်လဂ်များအားလဂ်ကောက်ယူမှုဇယားတွင်ဦးစွာရှာဖွေ၍ မွန်းတည့်နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များ တွင် လောကီ၊လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများရရှိလာပါလိမ့်မည်။လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ)ဖြတ်သန်းသည့်နေ့များအား ညွှန်းတားပေးထားပြီး အဆိုပါနေ့ရက်တို့သည်လတစ်လအတွင်း အနည်းဆုံးတစ်ရက်မှအများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။လဂ်အသီးသီးအတွက်မွန်းတည့်နက္ခတ်များမွန်းတည့်ချိန်နှင့် စန်း(တနင်္လာ)မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံးနေ့ရက် အချိန်အခါ များဖြစ်ကြသည်အဆိုပါ နေ့ရက်အချိန်အခါများ၌ထီကံစမ်းခြင်း၊လုပ်ငန်းသစ်များစတင်ခြင်း၊ အရေးကြီးကိစ္စစီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကားဝယ်ယူရန်စာချုပ်များချုပ်ဆိုခြင်း. . . . . . တို့အားဉာဏ်ရှိသလို အကျိုးရှိရှိအသုံးပြုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၃ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | တန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၈ : ၂၇ | ၀၈ : ၅၉ | ၁၀ : ၀၅ | ၁၀ : ၃၅ | ၁၂ : ၂၆ | ၁၂ : ၅၆ | ၁၄ : ၁၄ | ၁၄ : ၄၆ | ၁၅ : ၀၂ | ၁၅ : ၃၅ | ၁၈ : ၅၀ | ၁၉ : ၂၃ |
| ၂ | ၀၈ : ၂၃ | ၀၈ : ၅၅ | ၁၀ : ၀၁ | ၁၀ : ၃၁ | ၁၂ : ၂၂ | ၁၂ : ၅၂ | ၁၄ : ၁၀ | ၁၄ : ၄၂ | ၁၄ : ၅၈ | ၁၅ : ၃၁ | ၁၈ : ၄၆ | ၁၉ : ၁၉ |
| ၃ | ၀၈ : ၁၉ | ၀၈ : ၅၁ | ၀၉ : ၅၇ | ၁၀ : ၂၇ | ၁၂ : ၁၈ | ၁၂ : ၄၈ | ၁၄ : ၀၆ | ၁၄ : ၃၈ | ၁၄ : ၅၄ | ၁၅ : ၂၇ | ၁၈ : ၄၂ | ၁၉ : ၁၅ |
| ၄ | ၀၈ : ၁၅ | ၀၈ : ၄၇ | ၀၉ : ၅၃ | ၁၀ : ၂၃ | ၁၂ : ၁၄ | ၁၂ : ၄၄ | ၁၄ : ၀၂ | ၁၄ : ၃၄ | ၁၄ : ၅၀ | ၁၅ : ၂၃ | ၁၈ : ၃၈ | ၁၉ : ၁၂ |
| ၅ | ၀၈ : ၁၂ | ၀၈ : ၄၃ | ၀၉ : ၄၉ | ၁၀ : ၁၉ | ၁၂ : ၁၀ | ၁၂ : ၄၀ | ၁၃ : ၅၈ | ၁၄ : ၃၀ | ၁၄ : ၄၆ | ၁၅ : ၁၉ | ၁၈ : ၃၄ | ၁၉ : ၀၈ |
| ၆ | ၀၈ : ၀၈ | ၀၈ : ၃၉ | ၀၉ : ၄၅ | ၁၀ : ၁၅ | ၁၂ : ၀၆ | ၁၂ : ၃၆ | ၁၃ : ၅၄ | ၁၄ : ၂၆ | ၁၄ : ၄၂ | ၁၅ : ၁၅ | ၁၈ : ၃၀ | ၁၉ : ၀၄ |
| ၇ | ၀၈ : ၀၄ | ၀၈ : ၃၅ | ၀၉ : ၄၁ | ၁၀ : ၁၁ | ၁၂ : ၀၂ | ၁၂ : ၃၂ | ၁၃ : ၅၀ | ၁၄ : ၂၃ | ၁၄ : ၃၈ | ၁၅ : ၁၁ | ၁၈ : ၂၆ | ၁၉ : ၀၀ |
| ၈ | ၀၈ : ၀၀ | ၀၈ : ၃၁ | ၀၉ : ၃၇ | ၁၀ : ၀၇ | ၁၁ : ၅၈ | ၁၂ : ၂၈ | ၁၃ : ၄၆ | ၁၄ : ၁၉ | ၁၄ : ၃၄ | ၁၅ : ၀၇ | ၁၈ : ၂၂ | ၁၈ : ၅၆ |
| ၉ | ၀၇ : ၅၆ | ၀၈ : ၂၇ | ၀၉ : ၃၃ | ၁၀ : ၀၃ | ၁၁ : ၅၄ | ၁၂ : ၂၄ | ၁၃ : ၄၃ | ၁၄ : ၁၅ | ၁၄ : ၃၀ | ၁၅ : ၀၃ | ၁၈ : ၁၈ | ၁၈ : ၅၂ |
| ၁၀ | ၀၇ : ၅၂ | ၀၈ : ၂၄ | ၀၉ : ၂၉ | ၀၉ : ၅၉ | ၁၁ : ၅၀ | ၁၂ : ၂၀ | ၁၃ : ၃၉ | ၁၄ : ၁၁ | ၁၄ : ၂၆ | ၁၅ : ၀၀ | ၁၈ : ၁၄ | ၁၈ : ၄၈ |
| ၁၁ | ၀၇ : ၄၈ | ၀၈ : ၂၀ | ၀၉ : ၂၅ | ၀၉ : ၅၅ | ၁၁ : ၄၇ | ၁၂ : ၁၆ | ၁၃ : ၃၅ | ၁၄ : ၀၇ | ၁၄ : ၂၂ | ၁၄ : ၅၆ | ၁၈ : ၁၀ | ၁၈ : ၄၄ |
| ၁၂ | ၀၇ : ၄၄ | ၀၈ : ၁၆ | ၀၉ : ၂၂ | ၀၉ : ၅၁ | ၁၁ : ၄၃ | ၁၂ : ၁၂ | ၁၃ : ၃၁ | ၁၄ : ၀၃ | ၁၄ : ၁၈ | ၁၄ : ၅၂ | ၁၈ : ၀၆ | ၁၈ : ၄၀ |
| ၁၃ | ၀၇ : ၄၀ | ၀၈ : ၁၂ | ၀၉ : ၁၈ | ၀၉ : ၄၇ | ၁၁ : ၃၉ | ၁၂ : ၀၈ | ၁၃ : ၂၇ | ၁၃ : ၅၉ | ၁၄ : ၁၄ | ၁၄ : ၄၈ | ၁၈ : ၀၂ | ၁၈ : ၃၆ |
| ၁၄ | ၀၇ : ၃၆ | ၀၈ : ၀၈ | ၀၉ : ၁၄ | ၀၉ : ၄၃ | ၁၁ : ၃၅ | ၁၂ : ၀၅ | ၁၃ : ၂၃ | ၁၃ : ၅၅ | ၁၄ : ၁၁ | ၁၄ : ၄၄ | ၁၇ : ၅၈ | ၁၈ : ၃၂ |
| ၁၅ | ၀၇ : ၃၂ | ၀၈ : ၀၄ | ၀၉ : ၁၀ | ၀၉ : ၃၉ | ၁၁ : ၃၁ | ၁၂ : ၀၁ | ၁၃ : ၁၉ | ၁၃ : ၅၁ | ၁၄ : ၀၇ | ၁၄ : ၄၀ | ၁၇ : ၅၅ | ၁၈ : ၂၈ |
| ၁၆ | ၀၇ : ၂၈ | ၀၈ : ၀၀ | ၀၉ : ၀၆ | ၀၉ : ၃၆ | ၁၁ : ၂၇ | ၁၁ : ၅၇ | ၁၃ : ၁၅ | ၁၃ : ၄၇ | ၁၄ : ၀၃ | ၁၄ : ၃၆ | ၁၇ : ၅၁ | ၁၈ : ၂၄ |
| ၁၇ | ၀၇ : ၂၄ | ၀၇ : ၅၆ | ၀၉ : ၀၂ | ၀၉ : ၃၂ | ၁၁ : ၂၃ | ၁၁ : ၅၃ | ၁၃ : ၁၁ | ၁၃ : ၄၃ | ၁၃ : ၅၉ | ၁၄ : ၃၂ | ၁၇ : ၄၇ | ၁၈ : ၂၀ |
| ၁၈ | ၀၇ : ၂၀ | ၀၇ : ၅၂ | ၀၈ : ၅၈ | ၀၉ : ၂၈ | ၁၁ : ၁၉ | ၁၁ : ၄၉ | ၁၃ : ၀၇ | ၁၃ : ၃၉ | ၁၃ : ၅၅ | ၁၄ : ၂၈ | ၁၇ : ၄၃ | ၁၈ : ၁၇ |
| ၁၉ | ၀၇ : ၁၇ | ၀၇ : ၄၈ | ၀၈ : ၅၄ | ၀၉ : ၂၄ | ၁၁ : ၁၅ | ၁၁ : ၄၅ | ၁၃ : ၀၃ | ၁၃ : ၃၅ | ၁၃ : ၅၁ | ၁၄ : ၂၄ | ၁၇ : ၃၉ | ၁၈ : ၁၃ |
| ၂၀ | ၀၇ : ၁၃ | ၀၇ : ၄၄ | ၀၈ : ၅၀ | ၀၉ : ၂၀ | ၁၁ : ၁၁ | ၁၁ : ၄၁ | ၁၂ : ၅၉ | ၁၃ : ၃၁ | ၁၃ : ၄၇ | ၁၄ : ၂၀ | ၁၇ : ၃၅ | ၁၈ : ၀၉ |
| ၂၁ | ၀၇ : ၀၉ | ၀၇ : ၄၀ | ၀၈ : ၄၆ | ၀၉ : ၁၆ | ၁၁ : ၀၇ | ၁၁ : ၃၇ | ၁၂ : ၅၅ | ၁၃ : ၂၇ | ၁၃ : ၄၃ | ၁၄ : ၁၆ | ၁၇ : ၃၁ | ၁၈ : ၀၅ |
| ၂၂ | ၀၇ : ၀၅ | ၀၇ : ၃၆ | ၀၈ : ၄၂ | ၀၉ : ၁၂ | ၁၁ : ၀၃ | ၁၁ : ၃၃ | ၁၂ : ၅၁ | ၁၃ : ၂၄ | ၁၃ : ၃၉ | ၁၄ : ၁၂ | ၁၇ : ၂၇ | ၁၈ : ၀၁ |
| ၂၃ | ၀၇ : ၀၁ | ၀၇ : ၃၂ | ၀၈ : ၃၈ | ၀၉ : ၀၈ | ၁၀ : ၅၉ | ၁၁ : ၂၉ | ၁၂ : ၄၈ | ၁၃ : ၂၀ | ၁၃ : ၃၅ | ၁၄ : ၀၈ | ၁၇ : ၂၃ | ၁၇ : ၅၇ |
| ၂၄ | ၀၆ : ၅၇ | ၀၇ : ၂၉ | ၀၈ : ၃၄ | ၀၉ : ၀၄ | ၁၀ : ၅၅ | ၁၁ : ၂၅ | ၁၂ : ၄၄ | ၁၃ : ၁၆ | ၁၃ : ၃၁ | ၁၄ : ၀၄ | ၁၇ : ၁၉ | ၁၇ : ၅၃ |
| ၂၅ | ၀၆ : ၅၃ | ၀၇ : ၂၅ | ၀၈ : ၃၀ | ၀၉ : ၀၀ | ၁၀ : ၅၁ | ၁၁ : ၂၁ | ၁၂ : ၄၀ | ၁၃ : ၁၂ | ၁၃ : ၂၇ | ၁၄ : ၀၀ | ၁၇ : ၁၅ | ၁၇ : ၄၉ |
| ၂၆ | ၀၆ : ၄၉ | ၀၇ : ၂၁ | ၀၈ : ၂၆ | ၀၈ : ၅၆ | ၁၀ : ၄၈ | ၁၁ : ၁၇ | ၁၂ : ၃၆ | ၁၃ : ၀၈ | ၁၃ : ၂၃ | ၁၃ : ၅၇ | ၁၇ : ၁၁ | ၁၇ : ၄၅ |
| ၂၇ | ၀၆ : ၄၅ | ၀၇ : ၁၇ | ၀၈ : ၂၃ | ၀၈ : ၅၂ | ၁၀ : ၄၄ | ၁၁ : ၁၃ | ၁၂ : ၃၂ | ၁၃ : ၀၄ | ၁၃ : ၁၉ | ၁၃ : ၅၃ | ၁၇ : ၀၇ | ၁၇ : ၄၁ |
| ၂၈ | ၀၆ : ၄၁ | ၀၇ : ၁၃ | ၀၈ : ၁၉ | ၀၈ : ၄၈ | ၁၀ : ၄၀ | ၁၁ : ၁၀ | ၁၂ : ၂၈ | ၁၃ : ၀၀ | ၁၃ : ၁၆ | ၁၃ : ၄၉ | ၁၇ : ၀၃ | ၁၇ : ၃၇ |
| ၂၉ | ၀၆ : ၃၇ | ၀၇ : ၀၉ | ၀၈ : ၁၅ | ၀၈ : ၄၄ | ၁၀ : ၃၆ | ၁၁ : ၀၆ | ၁၂ : ၂၄ | ၁၂ : ၅၆ | ၁၃ : ၁၂ | ၁၃ : ၄၅ | ၁၆ : ၅၉ | ၁၇ : ၃၃ |
| ၃၀ | ၀၆ : ၃၃ | ၀၇ : ၀၅ | ၀၈ : ၁၁ | ၀၈ : ၄၀ | ၁၀ : ၃၂ | ၁၁ : ၀၂ | ၁၂ : ၂၀ | ၁၂ : ၅၂ | ၁၃ : ၀၈ | ၁၃ : ၄၁ | ၁၆ : ၅၆ | ၁၇ : ၂၉ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | မနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၂၀ : ၀၉ | ၂၀ : ၄၁ | ၂၁ : ၁၈ | ၂၁ : ၄၉ | ၀၀ : ၄၃ | ၀၁ : ၁၃ | ၀၀ : ၄၄ | ၀၁ : ၁၄ | ၀၃ : ၁၄ | ၀၃ : ၄၈ | ၀၆ : ၁၈ | ၀၆ : [illegible] |
| ၂ | ၂၀ : ၀၅ | ၂၀ : ၃၇ | ၂၁ : ၁၄ | ၂၁ : ၄၅ | ၀၀ : ၃၉ | ၀၁ : ၀၉ | ၀၀ : ၄၀ | ၀၁ : ၁၀ | ၀၃ : ၁၀ | ၀၃ : ၄၄ | ၀၆ : ၁၄ | ၀၆ : [illegible] |
| ၃ | ၂၀ : ၀၁ | ၂၀ : ၃၃ | ၂၁ : ၁၀ | ၂၁ : ၄၁ | ၀၀ : ၃၅ | ၀၁ : ၀၅ | ၀၀ : ၃၆ | ၀၁ : ၀၆ | ၀၃ : ၀၆ | ၀၃ : ၄၀ | ၀၆ : ၁၀ | ၀၆ : [illegible] |
| ၄ | ၁၉ : ၅၇ | ၂၀ : ၂၉ | ၂၁ : ၀၆ | ၂၁ : ၃၇ | ၀၀ : ၃၁ | ၀၁ : ၀၁ | ၀၀ : ၃၂ | ၀၁ : ၀၂ | ၀၃ : ၀၂ | ၀၃ : ၃၆ | ၀၆ : ၀၆ | ၀၆ : [illegible] |
| ၅ | ၁၉ : ၅၃ | ၂၀ : ၂၆ | ၂၁ : ၀၃ | ၂၁ : ၃၃ | ၀၀ : ၂၇ | ၀၀ : ၅၇ | ၀၀ : ၂၈ | ၀၀ : ၅၈ | ၀၂ : ၅၈ | ၀၃ : ၃၂ | ၀၆ : ၀၂ | ၀၆ : [illegible] |
| ၆ | ၁၉ : ၅၀ | ၂၀ : ၂၂ | ၂၀ : ၅၉ | ၂၁ : ၂၉ | ၀၀ : ၂၃ | ၀၀ : ၅၃ | ၀၀ : ၂၄ | ၀၀ : ၅၄ | ၀၂ : ၅၅ | ၀၃ : ၂၈ | ၀၅ : ၅၈ | ၀၆ : [illegible] |
| ၇ | ၁၉ : ၄၆ | ၂၀ : ၁၈ | ၂၀ : ၅၅ | ၂၁ : ၂၅ | ၀၀ : ၁၉ | ၀၀ : ၄၉ | ၀၀ : ၂၀ | ၀၀ : ၅၀ | ၀၂ : ၅၁ | ၀၃ : ၂၄ | ၀၅ : ၅၄ | ၀၆ : [illegible] |
| ၈ | ၁၉ : ၄၂ | ၂၀ : ၁၄ | ၂၀ : ၅၁ | ၂၁ : ၂၁ | ၀၀ : ၁၅ | ၀၀ : ၄၅ | ၀၀ : ၁၆ | ၀၀ : ၄၇ | ၀၂ : ၄၇ | ၀၃ : ၂၀ | ၀၅ : ၅၀ | ၀၆ : [illegible] |
| ၉ | ၁၉ : ၃၈ | ၂၀ : ၁၀ | ၂၀ : ၄၇ | ၂၁ : ၁၇ | ၀၀ : ၁၁ | ၀၀ : ၄၁ | ၀၀ : ၁၃ | ၀၀ : ၄၃ | ၀၂ : ၄၃ | ၀၃ : ၁၆ | ၀၅ : ၄၆ | ၀၆ : [illegible] |
| ၁၀ | ၁၉ : ၃၄ | ၂၀ : ၀၆ | ၂၀ : ၄၃ | ၂၁ : ၁၃ | ၀၀ : ၀၇ | ၀၀ : ၃၇ | ၀၀ : ၀၉ | ၀၀ : ၃၉ | ၀၂ : ၃၉ | ၀၃ : ၁၂ | ၀၅ : ၄၂ | ၀၆ : [illegible] |
| ၁၁ | ၁၉ : ၃၀ | ၂၀ : ၀၂ | ၂၀ : ၃၉ | ၂၁ : ၀၉ | ၂၃ : ၅၉ | ၀၀ : ၃၃ | ၀၀ : ၀၁ | ၀၀ : ၃၅ | ၀၂ : ၃၅ | ၀၃ : ၀၈ | ၀၅ : ၃၈ | ၀၆ : [illegible] |
| ၁၂ | ၁၉ : ၂၆ | ၁၉ : ၅၈ | ၂၀ : ၃၅ | ၂၁ : ၀၅ | ၂၃ : ၅၅ | ၀၀ : ၂၉ | ၂၃ : ၅၇ | ၀၀ : ၃၁ | ၀၂ : ၃၁ | ၀၃ : ၀၄ | ၀၅ : ၃၄ | ၀၆ : [illegible] |
| ၁၃ | ၁၉ : ၂၂ | ၁၉ : ၅၄ | ၂၀ : ၃၁ | ၂၁ : ၀၂ | ၂၃ : ၅၁ | ၀၀ : ၂၅ | ၂၃ : ၅၃ | ၀၀ : ၂၇ | ၀၂ : ၂၇ | ၀၃ : ၀၀ | ၀၅ : ၃၀ | ၀၆ : [illegible] |
| ၁၄ | ၁၉ : ၁၈ | ၁၉ : ၅၀ | ၂၀ : ၂၇ | ၂၀ : ၅၈ | ၂၃ : ၄၇ | ၀၀ : ၂၁ | ၂၃ : ၄၉ | ၀၀ : ၂၃ | ၀၂ : ၂၃ | ၀၂ : ၅၇ | ၀၅ : ၂၇ | ၀၆ : [illegible] |
| ၁၅ | ၁၉ : ၁၄ | ၁၉ : ၄၆ | ၂၀ : ၂၃ | ၂၀ : ၅၄ | ၂၃ : ၄၄ | ၀၀ : ၁၈ | ၂၃ : ၄၅ | ၀၀ : ၁၉ | ၀၂ : ၁၉ | ၀၂ : ၅၃ | ၀၅ : ၂၃ | ၀၅ : [illegible] |
| ၁၆ | ၁၉ : ၁၀ | ၁၉ : ၄၂ | ၂၀ : ၁၉ | ၂၀ : ၅၀ | ၂၃ : ၄၀ | ၀၀ : ၁၄ | ၂၃ : ၄၁ | ၀၀ : ၁၅ | ၀၂ : ၁၅ | ၀၂ : ၄၉ | ၀၅ : ၁၉ | ၀၅ : [illegible] |
| ၁၇ | ၁၉ : ၀၆ | ၁၉ : ၃၈ | ၂၀ : ၁၅ | ၂၀ : ၄၆ | ၂၃ : ၃၆ | ၀၀ : ၁၀ | ၂၃ : ၃၇ | ၀၀ : ၁၁ | ၀၂ : ၁၁ | ၀၂ : ၄၅ | ၀၅ : ၁၅ | ၀၅ : [illegible] |
| ၁၈ | ၁၉ : ၀၂ | ၁၉ : ၃၄ | ၂၀ : ၁၁ | ၂၀ : ၄၂ | ၂၃ : ၃၂ | ၀၀ : ၀၆ | ၂၃ : ၃၃ | ၀၀ : ၀၇ | ၀၂ : ၀၇ | ၀၂ : ၄၁ | ၀၅ : ၁၁ | ၀၅ : [illegible] |
| ၁၉ | ၁၈ : ၅၈ | ၁၉ : ၃၀ | ၂၀ : ၀၇ | ၂၀ : ၃၈ | ၂၃ : ၂၈ | ၂၃ : ၅၈ | ၂၃ : ၂၉ | ၂၃ : ၅၉ | ၀၂ : ၀၃ | ၀၂ : ၃၇ | ၀၅ : ၀၇ | ၀၅ : [illegible] |
| ၂၀ | ၁၈ : ၅၄ | ၁၉ : ၂၇ | ၂၀ : ၀၄ | ၂၀ : ၃၄ | ၂၃ : ၂၄ | ၂၃ : ၅၄ | ၂၃ : ၂၅ | ၂၃ : ၅၅ | ၀၂ : ၀၀ | ၀၂ : ၃၃ | ၀၅ : ၀၃ | ၀၅ : [illegible] |
| ၂၁ | ၁၈ : ၅၀ | ၁၉ : ၂၃ | ၂၀ : ၀၀ | ၂၀ : ၃၀ | ၂၃ : ၂၀ | ၂၃ : ၅၀ | ၂၃ : ၂၁ | ၂၃ : ၅၁ | ၀၁ : ၅၆ | ၀၂ : ၂၉ | ၀၄ : ၅၉ | ၀၅ : [illegible] |
| ၂၂ | ၁၈ : ၄၇ | ၁၉ : ၁၉ | ၁၉ : ၅၆ | ၂၀ : ၂၆ | ၂၃ : ၁၆ | ၂၃ : ၄၆ | ၂၃ : ၁၇ | ၂၃ : ၄၈ | ၀၁ : ၅၂ | ၀၂ : ၂၅ | ၀၄ : ၅၅ | ၀၅ : [illegible] |
| ၂၃ | ၁၈ : ၄၃ | ၁၉ : ၁၅ | ၁၉ : ၅၂ | ၂၀ : ၂၂ | ၂၃ : ၁၂ | ၂၃ : ၄၂ | ၂၃ : ၁၄ | ၂၃ : ၄၄ | ၀၁ : ၄၈ | ၀၂ : ၂၁ | ၀၄ : ၅၁ | ၀၅ : [illegible] |
| ၂၄ | ၁၈ : ၃၉ | ၁၉ : ၁၁ | ၁၉ : ၄၈ | ၂၀ : ၁၈ | ၂၃ : ၀၈ | ၂၃ : ၃၈ | ၂၃ : ၁၀ | ၂၃ : ၄၀ | ၀၁ : ၄၄ | ၀၂ : ၁၇ | ၀၄ : ၄၇ | ၀၅ : [illegible] |
| ၂၅ | ၁၈ : ၃၅ | ၁၉ : ၀၇ | ၁၉ : ၄၄ | ၂၀ : ၁၄ | ၂၃ : ၀၄ | ၂၃ : ၃၄ | ၂၃ : ၀၆ | ၂၃ : ၃၆ | ၀၁ : ၄၀ | ၀၂ : ၁၃ | ၀၄ : ၄၃ | ၀၅ : [illegible] |
| ၂၆ | ၁၈ : ၃၁ | ၁၉ : ၀၃ | ၁၉ : ၄၀ | ၂၀ : ၁၀ | ၂၃ : ၀၀ | ၂၃ : ၃၀ | ၂၃ : ၀၂ | ၂၃ : ၃၂ | ၀၁ : ၃၆ | ၀၂ : ၀၉ | ၀၄ : ၃၉ | ၀၅ : [illegible] |
| ၂၇ | ၁၈ : ၂၇ | ၁၈ : ၅၉ | ၁၉ : ၃၆ | ၂၀ : ၀၇ | ၂၂ : ၅၆ | ၂၃ : ၂၆ | ၂၂ : ၅၈ | ၂၃ : ၂၈ | ၀၁ : ၃၂ | ၀၂ : ၀၅ | ၀၄ : ၃၅ | ၀၅ : [illegible] |
| ၂၈ | ၁၈ : ၂၃ | ၁၈ : ၅၅ | ၁၉ : ၃၂ | ၂၀ : ၀၃ | ၂၂ : ၅၂ | ၂၃ : ၂၃ | ၂၂ : ၅၄ | ၂၃ : ၂၄ | ၀၁ : ၂၈ | ၀၂ : ၀၂ | ၀၄ : ၃၁ | [illegible] |
| ၂၉ | ၁၈ : ၁၉ | ၁၈ : ၅၁ | ၁၉ : ၂၈ | ၁၉ : ၅၉ | ၂၂ : ၄၉ | ၂၃ : ၁၉ | ၂၂ : ၅၀ | ၂၃ : ၂၀ | ၀၁ : ၂၄ | ၀၁ : ၅၈ | ၀၄ : ၂၈ | ၀၅ : [illegible] |
| ၃၀ | ၁၈ : ၁၅ | ၁၈ : ၄၇ | ၁၉ : ၂၄ | ၁၉ : ၅၅ | ၂၂ : ၄၅ | ၂၃ : ၁၅ | ၂၂ : ၄၆ | ၂၃ : ၁၆ | ၀၁ : ၂၀ | ၀၁ : ၅၄ | ၀၄ : ၂၄ | ၀၄ : [illegible] |



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"အုန်း…အွမ်…အုန်း…အွမ်"

လယ်ကွင်းထဲမှ ဖားအော်သံများက ညိုကြီးနှင့် မြမောင်တို့ရဲ့ ခြေလှမ်းကို ပိုမိုသွက်စေခဲ့သည်။ ညနေ နေဝင်ချိန်လောက်က ရွာထားသည့်မိုးကြောင့် ယနေ့ညအဖို့ ဖားများ ပျော်မြူးနေကြသည်။ တစ်ကောင်နှင့် တစ်ကောင် ညာသံပေးကာ အော်မြည်နေကြသဖြင့် လယ်ကွင်းတစ်ခုလုံး ဆူညံလို့နေ၏။

ညိုကြီးက ညနေကတည်းက ဖားရိုက်ရန် အသေအချာ ချောထားသော ဝါးစိမ်းတုတ်ကလေးကို မြှောက်ကာ မြှောက်ကာဖြင့် မပြေရုံတစ်မယ် လယ်ကွင်းဆီသို့ သုတ်ခြေတင်နေ၏။ မြမောင်ကတော့ ကြောက်တတ်သူပီပီ နောက်ကျန်ခဲ့မည်စိုး၍ ညိုကြီးနောက် အမီလိုက်ရပါသည်။ ညိုကြီးကတော့ တံငါအလုပ်ဝါသနာပါသူဖြစ်၍ ဖားရိုက်၊ ငါးရှာ အလွန်အကျိုးပေးသူဖြစ်သည်။

မြမောင်က ညိုကြီးမိန်းမ၏ မောင်။ ညိုကြီး၏ ယောက်ဖဖြစ်သည်။ အသက် ၁၇နှစ်အရွယ်ရှိပြီဖြစ်ပြီး ညိုကြီးကဲ့သို့ တံငါအလုပ်တွင် ဝါသနာပါသူဖြစ်၍ ညိုကြီးနှင့် အလွန်တည့်သူဖြစ်သည်။ အမြဲတမ်း ညိုကြီး၏ အိမ်တွင် ရှိနေတတ်ပြီး ညိုကြီး ငါးရှာ၊ ဖားရှာသွားတိုင်း အဖော်အဖြစ် ဒိုင်ခံလိုက်ပေးလေ့ရှိ၏။ ယခုသည်လည်း ညိုကြီး၏ ဖားရိုက်ခေါ်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ပြန်ပါသည်။

◈◈◈

ပတ်ဝန်းကျင်တစ်ခုလုံး မိုးရိပ်ကြောင့် မှောင်မဲနေ၍ ကြောက်တတ်သူ မြမောင်အဖို့ လိုက်လာခဲ့မိသည့်အတွက် နောင်တရမလိုလို ဖြစ်နေသည်။ သို့သော် ဘာကိုမှ မကြောက်တတ်သော ကိုညိုကြီး ပါနေသည့်အတွက် စိတ်အေးရပါ၏။

ယခုလို မိုးဦးကာလ ဝါဆိုလဆန်းအချိန်အခါများ၌ ညိုကြီးတို့ဒေသတွင် ဖား၊ ငါး အလွန်ပေါများ၏။ ထိုအချိန်၌ တစ်နွေလုံး အခြောက်ခံထားသော လယ်ကွက်များကို ထွန်ယက်စိုက်ပျိုးရန် ရေသွင်း၍ မြေနူးအောင် ထား,ထားတတ်ကြသည်။ ထိုအခါ လယ်ကွက်များထဲတွင် ဖားများ၊ ငါးများ ပေါများစွာရှိနေတတ်သည်။

ထိုဖားများ၊ ငါးများကို ညအခါ ဓာတ်မီးဖြင့် ဟင်းစားရှာခြင်းသည်လည်း ညိုကြီးတို့အဖို့ ဓလေ့ထုံးစံသဖွယ်ဖြစ်နေ၏။

ဤသို့လျှင် ညိုကြီးတို့ နှစ်ယောက်မှာ လယ်ကွင်းများဆီသို့ ရောက်ရှိလာခဲ့ကြသည်။ ညိုကြီးတို့ရွာ လယ်ကွင်းမှာ လွန်စွာကျယ်ပြောလှ၏။ အစနှင့် အဆုံးမှာ မှုန်ဝါးဝါးသာ မြင်ရပါသည်။ ဤမျှ ကျယ်ပြောလှသော လယ်ကွင်းကြီးထဲဝယ် ညိုကြီးတို့နည်းတူ ငါးရှာ၊ ဖားရိုက်သူများ များပြားစွာရှိသော်လည်း လယ်ကွင်းထဲတွင် လူချင်းဆုံမိဖို့က နည်း၏။ သို့သော်လည်း ဓာတ်မီးရောင်များကိုတော့ မြင်ရပါသည်။

ညိုကြီးတို့ လယ်ကွင်းထဲသို့ ရောက်ချိန်တွင် လယ်ကွင်းများထဲ၌ ညိုကြီးတို့ကဲ့သို့ ငါးရှာ၊ ဖားရိုက်သူများ ရောက်ရှိနေကြပြီဖြစ်၏။ ညနေက မိုးရွာထား၍ ဖားများ၊ ငါးများ ရှာရလွယ်မည်မှာ သေချာပါသည်။ အားလုံးမှာ ထိုသို့ တွက်နွှန်းဖြင့် လာခဲ့ကြခြင်းဖြစ်သည်။

ညိုကြီးက ဓာတ်ခဲအားကောင်းသော ဓာတ်မီးဖြင့် လယ်ကန်သင်းပေါ်မှ တောက်လျှောက်ထိုးကြည့်သွား၏။ ထိုသို့ မီးထိုးရှာခြင်းမှာ လယ်ကန်သင်းပေါ်တွင် ဖားများရှိနေတတ်ပြီး ကန်
စပ်မှ ရေထဲတွင် ငါးရှဉ့်များ တ
တတ်သောကြောင့် ဖြစ်သည်။
တစ်ရဲ ငါးများပါ တွေ့တတ်သေ
ဖားများတွေ့ပါက လက်တစ်ဖက်
အသင့်ကိုင်ထားသော ခပ်
တောင့် ဖားရိုက်တုတ်ဖြင့် ရိုက်ပြီ
များ၊ ငါးရှဉ့်များကို တွေ့ပါက ခါ
ပါလာသော ပေါက်ချပ် (ဓားထည်
သစ်သား၊ ဝါး စသည်တို့ဖြင့် ကိုယ်
ထွင်းလုပ်ထားသော ဓားထည့်
အရာတစ်မျိုး)ထဲမှ ဓားကို ထု
ခုတ်မည်ဖြစ်သည်။

ညိုကြီးက ဓာတ်မီးဖြင့် ထိ
ရင်း လယ်ကန်သင်းပေါ်တွင် အ
အမ လိုက်နေသော ဖားနစ်ကေ
အား အသင့်ပါလာသောတုတ်
ဖျန်းခနဲ ရိုက်လိုက်၏။ ဖားနစ်ကေ
မှာ ညိုကြီး၏ ပြင်းထန်လှသော
ချက်ကြောင့် တိမ်းရှောင်နိုင်စွမ်း
ပေါင်တန်စင်း၍ နေရာမှာပင် သေ
ခဲ့ရပါတော့သည်။ ထိုအခါ နော
လိုက်လာသော မြမောင်က အသ
လာသော ပလိုင်းထဲသို့ ဖားနစ်ကေ
အား တခြားသူများ လုကောက်
သကဲ့သို့ လျင်မြန်စွာ ကောက်ထ
လိုက်၏။ ဖားနစ်ကောင်မှာထ
အားရလောက်စရာ အတော်ပင်ကြီ
သည်။

ဤသို့ဖြင့် ညိုကြီးက ဓာ
ထိုးရင်း ဖားရှာ၍ ရိုက်လိုက်၊ ငါးရှဉ့်
ငါးများတွေ့လျှင် ဓားဖြင့် ခုတ်လိုက်
မြမောင်က ကောက်လိုက်ဖြင့် တ
ဖြည်းရှာခဲ့ကြရာ ငါးနှင့် ဖား
အတော်ပင်ရရှိပြီးဖြစ်ပါသည်။
အဖို့ ဖားများ အလွန်ပေါ၏။ ည
တစ်ယောက် လက်မလည်အေ
ဖားရိုက်နေရ၍ စိတ်ထဲဝယ် ကျေ
လို့ နေလေသည်။ မြမောင်က

www.burmeseclassic.com

www.burmeseclassic.com

ာနိုင်အောင် ဖားကောက်နေရ၍
ရှင်လို့ နေလေသည်။

လယ်ကန်သင်း မြက်ပင်များပေါ်
မိုးရေစက်များ တင်နေ၍ သူတို့
ပုဆိုးအနားများ ရွှဲစိုကုန်၏။ ဖိနပ်
မစီးလာသဖြင့် အောက်မှ မြက်
မှာ ခြေထောက်ကို ခဏခဏစူး
သော်လည်း နှစ်ဦးသား ကြည့်ဖို့ပင်
မရကြပါ။ ခြေလှမ်းများကို
သွက်လှမ်းကာ လျှောက်လာခဲ့ကြ
ရွာနှင့် ဝေးသထက် ဝေးလို့
ခဲ့ပါသည်။ ဖားများ ရိုက်ရင်း
ောက်နေရသဖြင့် မည်မျှအဝေးသို့
က်ရှိနေကြသည်ကိုပင် သိကြဟန်
ပါ။

◈◈◈

ကောင်းကင်ထက်ဝယ် တိမ်ညို
ကြီးများက တလိပ်လိပ်ပြေးလွှား
၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ
မှောင်သထက် မှောင်လာသလို
သည်။ တိမ်ညိုမည်းကြီးများပေါ်
ထွက်ကျဆင်းလာသည့် အေး
သော မိုးရေစက်များ၏ အထိ
ကို ရမှ နှစ်ဦးသား ကောင်းကင်
မော့ကြည့်၍ ပြိုင်တူ ပြောမိကြ

"ဟာ···မိုးရွာတော့မှာပဲ"

ထို့နောက် တစ်ဦးမျက်နှာ
ကြည့်၍ ညိုကြီးက မြမောင်
···

"ဘယ်နနာရီရှိပြီလဲ ညီလေး"

မြမောင်က လက်တွင် ပတ်ထား
နာရီကို ဓာတ်မီးဖြင့် အသေ
ထိုးကြည့်၍ ဖြေလိုက်သည်။

"၁၁နာရီတောင်ခွဲနေပြီ ကိုညို

"ဟုတ်လား၊ အချိန်တောင်
လင့်နေပြီပဲ။ ငါလည်း ဖားတွေ
တော့ သတိမထားမိလိုက်ဘူးကွ"

"အင်း၊ ဟုတ်တယ်။ ကျွန်တော်
ရောပဲ"

နှစ်ဦးသား ပြောပြောဆိုဆို
ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ကြ
သည်။ ညိုကြီးတို့ လာစဉ်က ညိုကြီး
တို့နည်းတူ ဟင်းစားရှာနေကြသော
ရွာသားများ၏ ဓာတ်မီးရောင်များကို
မမြင်ရတော့။ ပတ်ဝန်းကျင်တစ်ခုလုံး
မှောင်အတိလွှမ်းလို့နေပါသည်။ ဖား
အော်သံများက မှောင်မဲသော ပတ်ဝန်း
ကျင်ကြီးဝယ် ဆူညံလို့ နေပါသည်။
သူတို့ မည်သည့်နေရာသို့ပင် ရောက်ရှိ
နေကြသည်ကိုပင် မသိတော့။ ပတ်ဝန်း
ကျင်ကို ဓာတ်မီးဖြင့် ထိုးကြည့်သော်
လည်း များပြားလှသော ရေသွင်းထား
သည့် လယ်ကွင်းများကိုသာ မြင်ရပါ
သည်။ သူတို့ မည်သည့်နေရာသို့
ရောက်ရှိနေကြသည်ကို မသိတော့၍
နှစ်ဦးသား အနည်းငယ် တုန်လှုပ်သွား
ကြသည်။ သူတို့ ခန့်မှန်းခြေ ရွာနှင့်
အဝေးဆုံး တစ်နေရာမှာ ရောက်ရှိနေ
ကြသည်မှာ သေချာပါသည်။

နှစ်ဦးသား ရွာရှိနိုင်မည့် နေရာကို
ခန့်မှန်း၍ ဆက်လက်လျှောက်လာခဲ့ကြ
သည်။ လမ်းတွင် ဖားများ မြောက်မြား
စွာ တွေ့နေသော်လည်း ရိုက်ချင်စိတ်
မရှိကြတော့။ ယခုအချိန်၌ အိမ်သို့သာ
အမြန်ပြန်ရောက်လိုသော စိတ်သည်
ကြီးစိုးလို့နေပါသည်။

ကောင်းကင်ထက်ဝယ် မိုးမင်း
ကြီးက ချုန်းသံပေး၍ သဲကြီးမဲကြီးရွာချ
ရန် ဟန်ပြင်နေ၏။ တစ်ချက်တစ်ချက်
လျှပ်စီးရောင်ကြောင့် ပတ်ဝန်းကျင်
တစ်ခုလုံး လင်းလက်သွား၏။ ထိုအခါ
ညိုကြီးတို့နှစ်ယောက် လယ်ကွင်းများ
အလယ်တွင် ရောက်ရှိနေကြောင်း သိ
လိုက်ရသည်။ ဤသို့လျှင် ရွာရောက်ဖို့
အခွတ်ပင် လိုဦးမည်ကို တွေးရင်း
နှစ်ဦးသား လွန်စွာစိုးထိတ်သွားရသည်။

ရွာချတော့မည့်မိုးပင်။ လွတ်နိုင်တော့
မည်မဟုတ်ပါ။

ညိုကြီးက ရှေ့က ဓာတ်မီးဖြင့်
ထိုး၍ မပြေးရုံတစ်မယ် လှမ်းနေသော
ခြေလှမ်းကို မြမောင်က အမီလိုက်ရပါ
သည်။ ကန်သင်းသေးသော နေရာများ
တွင် လယ်ကွက်ထဲ ခဏခဏ ခြေ
ချော်ကျ၏။ လယ်ကွက်ထဲမှ ရေများ
ကြောင့် ပုဆိုးများလည်း ရွှဲစိုကုန်ကြ
သည်။ ခြေထောက်ကို စူးသည့် ဆူးများ
မှာလည်း အချောင်းပေါင်း မရေတွက်
နိုင်တော့။ မိုးမကျခင် တိုက်ခတ်လာ
သော လတ်ဆတ်လွန်းသည့် လေအေး
များကြောင့် နှစ်ဦးလုံး ခိုက်ခိုက်တုန်
အောင် ချမ်းလို့နေပါသည်။

နှစ်ဦးသား မပြေးရုံတစ်မယ်
လျှောက်လာသည်မှာ နာရီဝက်ပင်
ကျော်လာသည်။ ယခုထိ လယ်ကွင်း
များထဲမှ မထွက်လာနိုင်ကြသေး။ မိုး
များသည်လည်း တဖြည်းဖြည်းကျဆင်း
လို့လာ၏။ နာရီကို ကြည့်လိုက်တော့
ည ၁၂နာရီပင် ကျော်လေပြီ။ မြမောင်
က ကြောက်ရွံ့သော လေသံဖြင့်···

"ကိုညိုကြီး··· ဒီည အိမ်ရော
ပြန်ရောက်ပါဦးမလားဗျာ"

"ရောက်မှာပေါ့ မြမောင်ရာ။ ရွာ
က ဘယ်ဘက်မှာမှန်း မသိလို့ ခက်နေ
တာပေါ့"

"ကျွန်တော်တို့ မျက်စိလည်နေ
တာလား မသိဘူးနော် ကိုညိုကြီး"

ဟုတ်ပါ၏။ ထိုအခါမှ ညိုကြီး
သတိထားမိသည်။ သူတို့ မျက်စိလည်
နေတာ ဖြစ်နိုင်၏။ ဤမျှ သုတ်ခြေတင်
သွားနေသော်လည်း သူတို့ လမ်းစကို
ရှာမတွေ့။ လယ်ကွင်းထဲတွင်သာ
ချာချာလည်၍နေပါသည်။

မိုးကလည်း တဖြည်းဖြည်းဖွဲရာ
မှ သည်းလာ၏။ နှစ်ဦးစလုံး ဆောင်း
ထားသော ခမောက်များသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

မလုံနိုင်တော့ဘဲ ရွှဲစိုကုန်လေသည်။ တဲများတွင် ဝင်ခိုရန်လည်း အနီး၌ မည်သည့်တဲများမှ မရှိပေ။

ဤသို့ ကူရာမဲ့ဖြစ်နေခိုက် အဝေးမှ ညောင်ပင်ကြီးတစ်ပင်ကို ဝမ်းသာဖွယ် တွေ့လိုက်ရပါသည်။ မိုးရေများကြားတွင် နှစ်ယောက်သား ဝမ်းသာအားရ မိုးခိုရန် ညောင်ပင်ကြီးဆီသို့ လျှောက်ခဲ့ကြပါသည်။ သို့သော် ညောင်ပင်ကြီးဆီသို့ မရောက်မီ တွေ့လိုက်ရသော မြင်ကွင်းကြောင့် နှစ်ဦးသား ဟာခနဲဖြင့် အာမေဋိတ်သံထွက်ကာ လှမ်းနေသည့် ခြေလှမ်းများ ရပ်တန့်သွားကြသည်။

ထိုညောင်ပင်ကြီးသည်ကား မြေအောက် လဲကျမတတ် ယိုင်သွားလိုက်၊ ပြန်ထောင်လာလိုက်ဖြင့် ယိမ်းယိုင်နေလေသည်။ လေတိုက်နေ၍ ယိမ်းယိုင်နေသည်ဆိုသော်လည်း ထိုအချိန်၌ လေ လုံးဝမတိုက်ပါ။ မိုးစက်များ အဆက်မပြတ် ငြိမ်သက်စွာ ကျဆင်းနေပြီး လေငြိမ်နေပါသည်။ ညီကြီးနှင့် မြမောင်တို့မှာ မယုံကြည်စွာဖြင့် မျက်လုံးကို ပွတ်သပ်၍ အသေအချာကြည့်လိုက်ကြပြန်သည်။

ညောင်ပင်ကြီးမှာ လေမတိုက်ဘဲ ယိုင်နေသည့်အပြင် အပင်ပေါ်မှ သရက်သီးမှည့်များ ကြွေကျသကဲ့သို့ လူဦးခေါင်းအရွယ်အလုံး မဲမဲသဏ္ဍာန် အသီးများ တဖုတ်ဖုတ်မြည်ကာ ကြွေကျနေပါသည်။ မြမောင်က ကြောက်လွန်းသဖြင့် ညီကြီး၏ လက်မောင်းအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။ ထို့နောက ညီကြီးမှာ မှင်သက်မိကာ ရပ်ကြည့်နေရာမှ အသင့်ပါလာသော ဓာတ်မီးဖြင့် ညောင်ပင်ကြီးအား အသေအချာ ထိုးကြည့်လိုက်သော် ညောင်ပင်ကြီးမှာ သူ့မဟုတ်သလို ငြိမ်သက်သွား၏။ မိုးရေများကြား အရုပ်ကြိုးပြတ် ငြိမ်သက်လျက် အရွက်များမှ မိုးရေစက်များ တွဲကျ၍နေပါသည်။

ညီကြီးတို့မှာ ထပ်မံ အံ့သြသွားရပြီး အတော်ပင် တုန်လှုပ်သွားသည်။ ထို့နောက် အေးနေသည့်ကြား ကြက်သီးဖျန်းဖျန်းထလာသည်။ မြမောင်ကတော့ ကြောက်စိတ်များဖြင့် တဆတ်ဆတ်တုန်လို့ နေပါသည်။ ညီကြီးက မျက်စိများသည်အထင်ဖြင့် ဓာတ်မီးကို ပိတ်၍ ညောင်ပင်ကြီးအား ကြည့်လိုက်ပြန်ရာ ညောင်ပင်ကြီးမှာ နဂိုကကဲ့သို့ ယိမ်းယိုင်နေပြီး လူဦးခေါင်းအရွယ် မည်းမည်းသဏ္ဍာန် သစ်သီးများ ထပ်မံ ကြွေကျနေပြန်သည်။

သုံးကြိမ် သုံးခါ ဓာတ်မီးကို မိတ်လိုက်၊ ထိုးကြည့်လိုက် ပြုလုပ်ကြည့်သော်လည်း ထိုပုံစံအတိုင်းပင် ဖြစ်၏။ ထိုအခါ မြမောင်က ကြောက်အားလန့်အားဖြင့်…

"သ…သရဲ…သရဲခြောက်တာ ကိုညီကြီး"

ဟု အော်လိုက်သဖြင့် မကြောက်တတ်သော ညီကြီးပင် ကြက်သီးဖျန်းဖျန်းထကာ ကြောက်ရွံ့လာ၏။ ထိုစဉ် ထိုညောင်ပင်ကြီးထံမှ ညငှက်ဆိုး၏ အော်သံသဖွယ် ကြောက်စရာ အလွန်ကောင်းသော အသံများ ထွက်ပေါ်လာရာ ညီကြီးတို့နှစ်ယောက်မှာလည်း ကြောက်အားလန့်အားဖြင့် ခြေဦးတည့်ရာ ပြေးပါတော့သည်။

ညီကြီးတို့နှစ်ယောက်မှာ ပြေးရင်း မောဟိုက်၍သာ လာခဲ့၏။ ထိုညောင်ပင်ကြီး၏ ပတ်ဝန်းကျင်မှ ရုန်းမထွက်နိုင်ခဲ့ပေ။ တဝဲဝဲတလည်လည် ထိုညောင်ပင်ကြီးနှင့် မလှမ်းမကမ်း နေရာတွင်သာ ရောက်ရှိလို့ နေပါသည်။ အော်ခေါ် အကူညီတောင်းသော်လည်း မည်သူမှ ပေါ်မလာ။ အချိန်အတော်ကြာ ပြေးလွှားရင်း နှစ်ဦးသား မောဟိုက်လွန်းသဖြင့် လယ်ကွင်းများ
ပစ်လဲကျသွားတော့သည်။ ကိုယ်၌
လာသော ဓာတ်မီးများ၊ ဖားရိုက်တ
ဓားနှင့် ပလိုင်းများသည်လည်း က
ကလျားသို့ ထွက်ကျကုန်ကြသည်။

နှစ်ဦးလဲကျရာ နေရာမှ မထ
ကြတော့ဘဲ ညောင်ပင်ကြီးရှိရာ
ကြောက်ရွံ့စွာ လှည့်ကြည့်လိုက်ကြ
ဘေးပတ်ဝန်းကျင်၌ မည်သည့်ညော
ပင်ကြီးမှ မတွေ့ရတော့ဘဲ ပြောင်
နေသော လယ်ကွင်းပြင်ကြီးများသာ
၏။ ညောင်ပင်ကြီး ဝေးစွ၊ အပင်
တစ်ပင်လောက်ပင် မရှိပေ။ ညီ
တို့နှစ်ယောက်မှာ လွန်စွာ ကြော
သွားရပြီး မိမိတို့အား သရဲခြော
ကြောင်း သိခဲ့ရသည်။ မောပန်း
သဖြင့် ခြေထောက်များပင် မထော
နိုင်ကြတော့ပေ။

ထိုအချိန်တွင် သည်းထ
ရွာသွန်းနေသော မိုးမှာလည်း
သွားပြီး ကောင်းကင်ကြီးမှာ ကြည်
နေ၍ ကြယ်ကလေးများ မိုတ်
မိုတ်တုတ် လင်းလက်နေ၏။ လ
ပိုင်း လမင်းကြီးက သာချိန်ပင်
လိုက်ဘဲ ဓောစီးစွာ ကွယ်ဝင်သွား
ဖြစ်သည်။ ညီကြီးတို့နှစ်ယောက်
များ ဆူညံစွာ အော်မြည်နေ
ပတ်ဝန်းကျင်ကြီးကို ဝေကြည်
လမ်းစရှာ၍ မရနိုင်သေး။ သရဲခြေ
သော ညောင်ပင်ကြီး မရှိတော့
လည်း မျက်စိလည်နေခြင်း
မပျောက်သေး။

သူတို့ မည်သည့်အရပ်သို့
ရမည်မှန်း မသိတော့ပါချေ။ ထပ
သွားလျှင်လည်း ဤနေရာတွင်သာ
ရောက်နေမည်ဖြစ်သည်။ ထို့
ညီကြီးက ကြောက်လွန်း
တဆတ်ဆတ်တုန်နေသော မြ
အား မြေနေရာလက်တစ်ခုပေါ်

www.burmeseclassic.com

၍ နေရာမှာပင် ငြိမ်သက်စွာ ထိုင် ...ထိုက်သည်။

မိမိကိုယ်တိုင် ကြောက်ရွံ့နေမိ ...သော်လည်း အငယ်ဖြစ်သော မြမောင် ... တစ်ခုခုမဖြစ်ရန် ဂရုစိုက်ရင်း နှုတ် ... တတ်သလောက် မှတ်သလောက် ...ဘုရားဂုဏ်တော်များ ရွတ်ပွားနေရာ ...ချိန်အတော်ကြာသောအခါ ပင်ပန်း ...ပင်ပန်းဟိုက်လွန်းသည့် ဒဏ်ကြောင့် ...နေရာမှာပင် နှစ်ဦးသား အိပ်ပျော်သွား ...ကြပါတော့သည်။

◈◈◈

"လွင်မောင်ရေ . . . ဗျို့ . . . လွင် ...မောင်"

"အေး"

"လယ်ထဲ သွားမယ်ဟေ့၊ အချိန် ...ကိုက် လုံ့လစိုက်တဲ့ကွ။ အပျင်းမကြီး ...သူငယ်ချင်းရေ၊ အချိန်မီ စိုက်ပျိုးနိုင် ...အောင် ထွန်ယက်ထားမှ ရမှာကွ"

"အေးပါ၊ ငါနိုးနေပါပြီ အောင် ...ဘော်ရာ"

လွင်မောင်က ပြောပြောဆိုဆို ...နွားနှစ်ကောင်ဆွဲ၍ ထွက်လာခဲ့သည်။ ...ကျွန်တော်သည်လည်း အသင့် မောင်း ...လာသော နွားနှစ်ကောင်ကို ဆွဲ၍ ...လွင်မောင့်ရှေ့မှ ထွက်ခဲ့ပါသည်။ နေ့ခင်း ...တွင် နွား နေပူမည်စိုးသဖြင့် မနက် ...စောစောကတည်းက ထွန်ယက်ကြမည် ...ဖြစ်သည်။

နွားနှစ်ကောင်ကို ရှေ့က ...နှစ်ကောင်မောင်း၍၊ နောက်က တစ် ...ကောင်ဆွဲပြီး လယ်ကွင်းရှိရာ ခပ်သွက် ...သွက်လျှောက်လာခဲ့ကြသည်။ လွင် ...မောင်ကလည်း နောက်မှ သီချင်း ...အေးအေးဖြင့် နွားနှစ်ကောင်ဆွဲကာ ...လိုက်လာ၏။ ယခုနှစ်သည် မိုးဦး ...ကောင်း၍ ကျွန်တော်တို့ တောင်သူများ ...အဖို့ ပျော်စရာတစ်ခုပါပေ။

လယ်ကွင်းများဆီသို့ ရောက် သောအခါ လွင်မောင်နှင့် ကျွန်တော် လမ်းခွဲလိုက်ကြသည်။ လွင်မောင်၏ လယ်က အနောက်ဘက်အစွန်တွင် ရှိပြီး ကျွန်တော်၏ လယ်က ရွာအစပ်တွင် ဖြစ်ပါသည်။

"ကဲ - လွင်မောင်ရေ၊ ၁၀နာရီ လောက်မှ နွားဖြုတ်ပြီး ထမင်းပြန်စား ကြတာပေါ့၊ သွားပြီဟေ့"

ကျွန်တော်သည်လည်း ပြောပြော ဆိုဆို နွားနှစ်ကောင်ကို မောင်း၍ ထွန် ရှိရာ လယ်ကွက်ထဲသို့ သွားလိုက်သည်။ မနေ့က လယ်ထွန်ပြီးသည့် အကွက် ထဲတွင် ထွန်သွားကို ထားခဲ့သော ကြောင့် ထိုအကွက်ထဲ သွားပြီး နွား နှစ်ကောင်ကို ထွန်တပ်ကာ ထယ်ထိုးရ မည်ဖြစ်ပေသည်။

ကျွန်တော် လယ်ထဲသို့အရောက် တွင် မလင်းမကမ်း၌ လင်းမြင်နေရ သော မြင်ကွင်းကြောင့် ခြေလှမ်းများကို တုံ့ခနဲရပ်ကာ ကြည့်လိုက်သည်။ ကျွန်တော်၏ လယ်အစပ်၊ ချောင်းရိုး လေးဘေးမှ ကုန်းမြေကွက်လပ်တစ်ခု ပေါ်တွင် လူနှစ်ယောက် လဲနေသော ကြောင့်ဖြစ်၏။ ထို့ကြောင့် နွားနှစ် ကောင်ကို ဘေးမှ သစ်ငုတ်တိုတွင် ခဏချည်ထားခဲ့ပြီး ထိုသူနှစ်ယောက် ထံသို့ အရောက်သွားခဲ့သည်။

ကျွန်တော်တို့ရွာသား ညိုကြီး နှင့် မြမောင်တို့နှစ်ယောက်ဖြစ်နေ၍ ကျွန်တော် လွန်စွာအံ့သြသွားရသည်။ နှစ်ယောက်စလုံးမှာ နှစ်ခြိုက်စွာ အိပ် ပျော်နေကြပါသည်။ ထို့ကြောင့် ကျွန်တော် အလျင်စလို လှုပ်နှိုးလိုက် သည်။ ထိုအခါမှ နှစ်ယောက်သား ဇဝေဇဝါဖြင့် နိုးလာကြသည်။ ထို့ နောက် မြမောင်က ကယောင်ကတမ်း ဖြင့် . . .

"သရဲ . . . သရဲ . . ."

ဟု ကြောက်လတန့်တကြား ထအော်၏။ ညိုကြီးကလည်း ယောင် အမ်းအမ်းဖြစ်၍ စကားမေးမရပေ။ ကျွန်တော် အသေအချာလှုပ်မေးသော အခါမှ . . .

"ဟာ . . . ငါတို့ မနေ့ညက မျက်စိလည်နေခဲ့တာ ရွာအစပ်တင်ပဲ။ နောက်ပြီး သရဲလည်း အခြောက်ခံခဲ့ရ တယ်။ သရဲက ညောင်ပင်က ခြောက် တာ။ ဒီနားမှာ ဘာညောင်ပင်မှလည်း မရှိပါလား"

ညိုကြီးက ပြောပြောဆိုဆို တုန် လှုပ်စွာဖြင့် ပတ်ဝန်းကျင်ကို မယုံသလို ကြည့်နေ၏။ ပတ်ဝန်းကျင်တွင် ကျွန်တော် ထွန်ယက်ထားသော လယ် ကွင်းပြောင်ပြောင်များသာ ရှိပါသည်။

မြမောင်က တဆတ်ဆတ်တုန် ကာ ကြောက်နေသောကြောင့် အိမ်ကို ခေါ်သွားကာ ရွာဦးကျောင်းဆရာတော် အား ပင့်လျှောက်၍ ပဌာန်းရေများ တိုက်လိုက်မှ အကြောက်ပြေသွားတော့ သည်။

ထို့နောက် ညိုကြီးမှ သူ မနေ့ ညက တွေ့ကြုံခဲ့သော အတွေ့အကြုံ များကို ပြောပြ၍ နောင်အခါ၌ တငါ အလုပ် မလုပ်တော့ဟု ဆရာတော် အား ကတိပေးနေ၏။ ဆရာတော်က လည်း ကျေနပ်စွာဖြင့် သာဓုခေါ်လေ သည်။

ထိုနေ့ ညိုကြီးတို့ကိစ္စ လုပ်ကိုင် ပေးရင်း ကျွန်တော် လယ်မထွန်ဖြစ် တော့ပါ။ သို့ပါသော်လည်း ညိုကြီးတို့ မနေ့ညက တွေ့ကြုံခဲ့သည့် သရဲ ခြောက်သော ညောင်ပင်ကြီးနှင့် မျက် စိလည်ခဲ့သော ညတစ်ညအကြောင်း သိခဲ့ရ၍ ကျေနပ်ခဲ့ရပါသည်။ ထူးခြား ဆန်းကြယ်လှသည့် ထိုအကြောင်းကို လည်း ကျွန်တော် မေ့နိုင်တော့မည် မဟုတ်ပါ■

* * *

www.burmeseclassic.com

၁၃၇၆ ခုနှစ်၊
နှစ်ဆန်းတစ်ရက်နေ့

# တစ်နှစ်တာ ကံကောင်းစေရန် မဟာဘုတ်နှင့် နဝင်းချေခြင်း

■ သစ္စာဝါဒီ ဆရာ မြတ်မောင်ကျော် ■



လောကီလူသားအားလုံးတို့တွင် ကံကောင်းလိုသော ဆန္ဒရှိ၏။ အတိတ်ကံကောင်းသော ပုဂ္ဂိုလ်တို့၌ မွေးသည်မှစ၍ သေသည့်အဆုံး ကံကောင်းမှုနှင့်သာ ကြုံစေ၏။ သို့သော် ထိုလူမျိုးကား ရှားလှ၏။ လူအတော်များများသည် ကံမကောင်းကြပေ။ အချို့သောသူတို့၌ အချစ်ရေး အိမ်ထောင်ရေး ကျန်းမာရေး ပညာရေး စီးပွားရေး စသော အရေးကိစ္စတို့တွင် အချို့ . . အချို့သော အကြောင်းကိစ္စတို့၌ ကံကောင်းစေ၍ အချို့ . . . အချို့သောကိစ္စ၌ ကံဆိုးစေ



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်၏။ ထို့ကြောင့် သက္ကရာဇ်အားဖြင့် လည်းကောင်း၊ ဂြိုဟ်အိမ်အားဖြင့် လည်းကောင်း၊ ကောဇာဂြိုဟ်စီး ဂြိုဟ်နင်း ရသော် လည်းကောင်း၊ သရေဒယ ပညာအရ နာမနက္ခတ်၊ ကြခြင်း၊ မတကြခြင်း စသည်တို့ဖြင့် လည်းကောင်း၊ တို့ ကျွမ်းကျင်ရာ တွက်ကိန်းတို့ဖြင့် ယတြာချေကြ၏။

တစ်လ၏ လဆန်း ၁ရက်နေ့၌ ပြုသော ယတြာ၊ နှစ်၏ နှစ်ဆန်း ၁ရက်နေ့၌ ပြုသော ယတြာ၊ မိမိအသက် ၏ သက်ဆန်း ၁ရက်နေ့၌ ပြုသော ယတြာ စသည်ဖြင့် ယတြာပြုဖွယ်ရာများ ရှိ၏။ ထိုလဆန်း၊ နှစ်ဆန်း၊ သက်ဆန်း သော ဆန်းစကာလ မင်္ဂလာပြုဖွယ်တို့၌ ၁၃၇၆ခုနှစ်သည် ၄-ကြွင်းနှစ်ဖြစ်၏။

ဗုဒ္ဓဟူးသားသမီးများ၊ စနေသားသမီးများ၊ ကြာသပတေး သားသမီးများသည် ထိုနှစ်၏ မဟာဘုတ်တွင် အောက်တန်း များ ဖြစ်ကြ၏။ ထိုအောက်တန်းရောက် နေ့သားသမီးများ

| | ၁ | |
|---|---|---|
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

ထူး ယတြာပြုသင့်ကြပေသည်။

ထိုနေ့သားသမီးများအတွက် ကျရောက်လာမည့် ဘေး ဥပါဒ်အန္တရာယ်များနှင့်တကွ အချစ်ရေး၊ အိမ်ထောင်ရေး၊ များရေး၊ ကျန်းမာရေး၊ လူမှုရေးတို့၌ အနှင့်အသဘော ဖြစ်စေ သည်များကို မဖြစ်လာရန်၊ မကျရောက်ရန် မဟာဘုတ် ခင်ချေ ယတြာများ ပြုသင့်ကြသလို၊ အထက်တန်းရောက် သော တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ တနင်္ဂနွေသားသမီးများ သည်လည်း ကောင်းကျိုးများ ကျိန်းသေရရှိရန်နှင့် ကောင်းကျိုးများ ပိုမိုရရှိနိုင်ရန်အတွက် မဟာမင်္ဂလာကျက်သရေဆောင်၍ ကံအားဖြင့် ယတြာပြုသင့်ကြပေသည်။

ပြုလုပ်ဖွယ် နည်းစနစ်မှာ မခဲယဉ်းလှပါ။ ကောဇာ မဟာဘုတ်နှင့် မိမိမူလ မဟာဘုတ်၏ မရဏနှင့် ပုတိ ပေါင်းစပ်၍ ယတြာချေခြင်းပင် ဖြစ်ပါသည်။ ကောဇာ မဟာဘုတ်၌ မရဏအိမ်တွင် စနေရှိ၏။ ဥပမာ - ၁-ကြွင်းသမားများ၏ မဟာဘုတ်တွင် ဗုဒ္ဓဟူးရှိ၏။ ထိုကောဇာ မရဏ စနေနှင့် မိမိမူလ မဟာဘုတ် ၄-ဟူးနှင့် နှစ်ခုပေါင်း၍ရသော လက်ထုပ်ပန်းကို ဂြိုဟ်သက်စေ့ (၁၀+၁၇=၂၇)ညွန့်ကို မိမိတို့ မွေးနံ့အလိုက် အောင်ဓာတ်ပေါ်သောအချိန်တွင် လည်းကောင်း၊ နဝင်းဗေယျဓာတ်ကျသော ဘုရားသို့ သွား၍ လှူဒါန်းခြင်းပင် ဖြစ်ပါသည်။ လှူဒါန်းသောအခါ မိမိတို့ လိုရာဆုတောင်း၍ လှူဒါန်းရန်ပင် ဖြစ်ပါသည်။

အထက်ဖော်ပြထားသော မိမိတို့၏ မွေးဖွားခဲ့သော မူလ မဟာဘုတ်ဇယားအရ အောက်တွင် ပန်းတွဲများကို ဖော်ပြလိုက်ပါသည်။

၁-ကြွင်း မဟာဘုတ်ပိုင်ရှင်များ လက်ထုပ် (၂၇)ညွန့်၊
၂-ကြွင်း မဟာဘုတ်ပိုင်ရှင်များ ပိတောက် (၂၉)ညွန့်၊
၃-ကြွင်း မဟာဘုတ်ပိုင်ရှင်များ လောက်သေ (၃၀)ညွန့်၊
၄-ကြွင်း မဟာဘုတ်ပိုင်ရှင်များ နာနတ် (၂၀)ညွန့်၊
၅-ကြွင်း မဟာဘုတ်ပိုင်ရှင်များ ဝင်အုံ (၂၃)ညွန့်၊
၆-ကြွင်း မဟာဘုတ်ပိုင်ရှင်များ လက်ခုပ် (၂၂)ညွန့်၊
၇-ကြွင်း မဟာဘုတ်ပိုင်ရှင်များ လက်ဆက် (၂၅)ခု
တို့ပင် ဖြစ်ပေသည်။

တွက်ပြီး မူလ မဟာဘုတ်ဇယား

| မွေးဖွားခဲ့သော ကောဇာသက္ကရာဇ်များ | | | | | | | | | | | အကြွင်း ဂဏန်း | မဟာဘုတ်တိုင် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၂၉၅ 33 | ၁၃၀၂ 40 | ၁၃၀၉ 47 | ၁၃၁၆ 54 | ၁၃၂၃ 61 | ၁၃၃၀ 68 | ၁၃၃၇ 75 | ၁၃၄၄ 82 | ၁၃၅၁ 89 | ၁၃၅၈ 96 | ၁၃၆၅ 03 | ၀ | ၄ / ၆ ၂ ၅ / ၃ ၀ ၁ |
| ၁၂၉၆ 34 | ၁၃၀၃ 41 | ၁၃၁၀ 48 | ၁၃၁၇ 55 | ၁၃၂၄ 62 | ၁၃၃၁ 69 | ၁၃၃၈ 76 | ၁၃၄၅ 83 | ၁၃၅၂ 90 | ၁၃၅၉ 97 | ၁၃၆၆ 04 | ၁ | ၅ / ၀ ၃ ၆ / ၄ ၁ ၂ |
| ၁၂၉၇ 35 | ၁၃၀၄ 42 | ၁၃၁၁ 49 | ၁၃၁၈ 56 | ၁၃၂၅ 63 | ၁၃၃၂ 70 | ၁၃၃၉ 77 | ၁၃၄၆ 84 | ၁၃၅၃ 91 | ၁၃၆၀ 98 | ၁၃၆၇ 05 | ၂ | ၆ / ၁ ၄ ၀ / ၅ ၂ ၃ |
| ၁၂၉၈ 36 | ၁၃၀၅ 43 | ၁၃၁၂ 50 | ၁၃၁၉ 57 | ၁၃၂၆ 64 | ၁၃၃၃ 71 | ၁၃၄၀ 78 | ၁၃၄၇ 85 | ၁၃၅၄ 92 | ၁၃၆၁ 99 | ၁၃၆၈ 06 | ၃ | ၀ / ၂ ၅ ၁ / ၆ ၃ ၄ |
| ၁၂၉၉ 37 | ၁၃၀၆ 44 | ၁၃၁၃ 51 | ၁၃၂၀ 58 | ၁၃၂၇ 65 | ၁၃၃၄ 72 | ၁၃၄၁ 79 | ၁၃၄၈ 86 | ၁၃၅၅ 93 | ၁၃၆၂ 00 | ၁၃၆၉ 07 | ၄ | ၁ / ၃ ၆ ၂ / ၀ ၄ ၅ |
| ၁၃၀၀ 38 | ၁၃၀၇ 45 | ၁၃၁၄ 52 | | ၁၃၂၈ 66 | ၁၃၃၅ 73 | ၁၃၄၂ 80 | ၁၃၄၉ 87 | ၁၃၅၆ 94 | ၁၃၆၃ 01 | ၁၃၇၀ 08 | ၅ | ၂ / ၄ ၀ ၃ / ၁ ၅ ၆ |
| ၁၃၀၁ 39 | ၁၃၀၈ 46 | ၁၃၁၅ 53 | ၁၃၂၂ 60 | ၁၃၂၉ 67 | ၁၃၃၆ 74 | ၁၃၄၃ 81 | ၁၃၅၀ 88 | ၁၃၅၇ 95 | ၁၃၆၄ 02 | ၁၃၇၁ 09 | ၆ | ၃ / ၅ ၁ ၄ / ၂ ၆ ၀ |



www.burmeseclassic.com

တွဲပြထားသည်များကို ကြည့်၍ မိမိဒေသအလိုက် လွယ်ကူ ဆီလျော်သည့် ပစ္စည်းများကို မိမိဦးနှောက်ဖြင့် ကြံဆ၍သော်လည်းကောင်း၊ ဗဟုသုတဉာဏ်ကြီးသူများနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေး၍သော်လည်းကောင်း ပြုလုပ်စေလိုပါသည်။

## ခုနစ်ရက်သားသမီးများ မိမိတို့မွေးနေ့အလိုက် အောင်ဓာတ်ပေါ်သော အချိန်များ

၁၃၇၆ ခုနှစ်၊ တန်ခူးလဆုတ် ၃ရက်၊ (၁၇-၄-၂၀၁၄) နေ့သည် နှစ်ဆန်း ၁ရက်နေ့ဖြစ်၏။ ၎င်းနေ့သည် ကြာသပတေးနေ့ဖြစ်၏။ ထို့ကြောင့် ၎င်းနေ့၏ အင်္ဂဝိဇ္ဇာတိုင်များမှာ အောက်ပါအတိုင်း ရရှိလာ၏။

နေ့၏ အင်္ဂဝိဇ္ဇာတိုင် ဇယား

| ၆း၀၀ ၇း၃၀ | ၇း၃၀ ၉း၀၀ | ၉း၀၀ ၁၀း၃၀ | ၁၀း၃၀ ၁၂း၀၀ | ၁၂း၀၀ ၁း၃၀ | ၁း၃၀ ၃း၀၀ | ၃း၀၀ ၄း၃၀ | ၄း၃၀ ၆း၀၀ | အခေါ် | ဆောင်ရွက်ခြင်းများ | ယနေ့ခေတ် |
|---|---|---|---|---|---|---|---|---|---|---|
| ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ဇေယျံ | အောင်မြင် | နဝင်း |
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | သုခံ | ချမ်းသာ | စီးပွား |
| ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | လာဘံ | လာဘ်ရ | ရုတ် |
| ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ကတ္တား | ပိုင်ခြားမှု | အသုပ် |
| ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ဓားအတ် | ဓားသင့် | နာ |
| ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ဒုက္ခံ | ဆင်းရဲ | ဒိုက် |
| ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | မရဏံ | ရပ်ဆိုင်း | ပျက် |

## နှစ်ဆန်း ၁ရက်နေ့တွင် ခုနစ်ရက်သားသမီးများ ယတြာပြုရန် အချိန်များ

တနင်္ဂနွေသားသမီးများ — နေ့ ၁၂နာရီမှ ၁နာရီ ၃၀မိနစ်အတွင်း။
တနင်္လာသားသမီးများ — နံနက် ၆နာရီမှ ၇နာရီ ၃၀မိနစ်အတွင်း။
အင်္ဂါသားသမီးများ — နေ့ ၁၁နာရီမှ ၁၂နာရီအတွင်း။
ဗုဒ္ဓဟူးသားသမီးများ — ညနေ ၃နာရီမှ ၄နာရီ ၃၀မိနစ်အတွင်း။
ကြာသပတေးသားသမီးများ — နံနက် ၉နာရီ ၃၀မှ ၁၀နာရီ ၃၀မိနစ်အတွင်း။
သောကြာသားသမီးများ — ညနေ ၁နာရီ ၃၀မိနစ်မှ ၃နာရီအတွင်း။
စနေသားသမီးများ — နံနက် ၇နာရီ ၃၀မိနစ်မှ ၉နာရီအတွင်း။


စိန္တိတံမိ ဝိနသသတိ ■


ကျေးဇူးရှင်အား ရှိခိုးပါ၏။

* * *

သစ္စာဝါဒီဆရာမြတ်စောလင်း







www.burmeseclassic.com



# ကိုရေမြသန်း

## သစ်တံခါးဆရာတော်ချီးမြှင့်တော်မူသည့် ကျောင်းသား/ကျောင်းသူများအတွက် အောင်ပွဲအစီအရင်



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခေါက် သစ်တံခါးဆရာတော်ထံအရောက်တွင်တော့ ရာသီစာနှင့်အညီ ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲအောင်မြင်စေရန် အောင်ပွဲဝင်အစီအရင်ကို ချီးမြှင့်လိုက်ပါသဖြင့်...

**စာမေးပွဲအအောင်မြင်လိုသော**
**ကျောင်းသား၊ ကျောင်းသူများအတွက်**
**အောင်ပွဲဝင် အစီရင်**

နံနက် ၅နာရီ စာကျက်၊ စာလုပ်ပါက ပိုရလွယ်ပါသည်။ စာမေးပွဲဖြေဆိုမည်ဆိုပါက "အောင်" ပါသော စေတီတစ်ဆူဆူကို သွားပြီးလျှင် အဖြူရောင်တံခွန် (၉)လုံးကို ကိုင်၍ အောင်မြေကို နင်းရပါမည်။ အောင်မြေနင်းစဉ် အောက်ဖော်ပြပါ ဂါထာကို ရွတ်ဆိုရပါမည်။

**အောင်မြေနင်းစဉ် ရွတ်ဆိုရန် ဂါထာ**

***ဗုဒ္ဓေါ ဗုဒ္ဓသ ဘဏောယျ ဝဏ္ဏံ၊***
***ကပ္ပါ ပိစေ အညမအာ သမာနော၊***
***ခိယေ တကပ္ပေါ် ဓိရ ဒီဃမန္တရော၊***
***ဝဏ္ဏော န ခိယေထ တထာဂတဿ။***

ဟု ဆို၍ မွေးနံထောင့်တွင် တံခွန် (၉)လုံးနှင့် အောင်သပြေပန်းတို့ကို လှူပြီး၊ ထိုမွေးနံထောင့်၌ပင်လျှင် "ဝိဇ္ဇာစရဏ သမ္ပန္နော" ဂုဏ်တော် ပုတီး(၁)ပတ်စိပ်ရပါမည်။

စာမေးပွဲ ဖြေဆိုသောနေ့တွင် အိမ်ရှိ ဘုရားပန်းအိုး၌ ခုနစ်နေ့ ခုနစ်နံပန်းများကို ဝေနေအောင် ထိုးထားရပါမည်။ စာမေးပွဲသွားရောက် မဖြေဆိုမီ ဝိဇ္ဇာ စရဏ သမ္ပန္နော" ဂုဏ်တော်ပုတီး(၁)ပတ်စိပ်ပါ။ စာမေးပွဲမပြီးမချင်း ပြုလုပ်ရပါမည်။

တံခွန်ဆိုတာ အောင်လံပါ။ ဒါကြောင့် တံခွန်ကို ကိုင်ပြီး အောင်မြေနင်းခြင်းဟာ မဟာရည်မှန်းချက် ဟူသမျှကို အောင်မြင်စေခြင်းဖြစ်ပါသည်။ အလွန်မြင့်မြတ်တဲ့ သစ်ပင်ကို ခက်ခက်ခဲခဲ ဖက်တွယ်တက်နေမယ့်အစား လှေကားထောင်တာက ပိုလွယ်ပါတယ်။ အဆင်လည်း ပြေပါတယ်။

**ဂါထာ၏ အနက်**

ဗုဒ္ဓေါ - မြတ်စွာဘုရားရှင်တစ်ဆူသည်လည်း အညံ့တစ်ပါးသော၊ ဗုဒ္ဓဿ - မြတ်စွာဘုရားတစ်ဆူ၏၊ ဝဏ္ဏံ - ဂုဏ်ကျေးဇူးတော်ကို၊ ကပ္ပံပိ - တစ်ကမ္ဘာလုံးကာလသော်လည်း၊ စေဘဏေယျ - အကယ်၍ ပြောဆိုဟောကြားအံ့ဝံ - ဤသို့၊ အာသမနော - ပြောဆို ဟောကြားသည် ... သော်၊ စိရံဒီဃ မန္တရော - ရှည်မြင့်စွာသော ကာလပိုင်း... သည်၊ ခိယေထ - ကုန်ဆုံးရ၏။ တထာဂတဿ-ထိုမြတ်... ဘုရားရှင်တစ်ဆူ၏၊ ဝဏ္ဏော - ဂုဏ်ကျေးဇူးတော်သည်ကား... နခိယေထ - မကုန်နိုင်ရာသတည်း။

**စာမေးပွဲအောင်မြင် အစီအရင်**
**နောက်တစ်မျိုး ဆောင်ရွက်နည်း**

အောင်ဂါထာတော် ရှိခိုးပါ။ ရွတ်၍ အမွှေးတိုင်... ဖယောင်းတိုင် ပူဇော်ပေးပါ။ သောက်တော်ရေလှူပါ။

**အောင်ဂါထာတော်**

***ယေစကော ယေတောယော၊ ယေတိမွေ ယောသ...***
***ယောပေသိ ယေသိန့်၊ ယေဒေတု ယေဟုတ္တရော။***

ယခု စာမေးပွဲဖြေသည့်ထိ၊ ၁၀တန်းဖြေဆိုသည့်အထိ... တက္ကသိုလ်ရောက်သည့်ထိ၊ သွန်သင်ဆုံးမခဲ့သော အနန္တ... ဂိုဏ်းဝင် ကျေးဇူးရှင် အာစရိယ ဆရာသခင်များကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိခဲ့သမျှ ရည်မှန်းကန်တော့ပါ။

သူရဿတီ မယ်တော်ကြီးအား ပန်း၊ ဆီမီး ပူဇော်၍ ဘော့လ်ပင်များ၊ ပေတံများ၊ ခဲဖျက်များ ကပ်ကာ အောက်ပါဂါထာရွတ်ပွားပေးပါ။

***ဥုံ ပိဋကတ္တယ သမ္ဘူနှံ***
***သဗ္ဗ သိဒ္ဓိ သုခါဝဟံ။***
***ဇိဝှဂ္ဂေ မေနိသီဒိတွာ***
***မံ ဓာရေတု။***

သူရဿတီဂါထာကို (၇)ကြိမ် ရွတ်ပွားပေးပါ။ စာဖြေမည့် ရက်တစ်ပတ်ကျော်အလိုမှစ၍ တညင်းသီး၊ လက်ဖက်၊ အုန်းနို့ခေါက်ဆွဲ၊ ငါးသလောက်ပေါင်း၊ ဝက်သား၊ အမဲသား စားမှုတွေ ရှောင်ထားပါက ကောင်းပါသည်။

ဆက်လက်၍ ဆောင်ရွက်စေလိုသည်မှာ (သို့မဟုတ်) ဆောင်ရွက်ရမည်မှာ အောက်ဖော်ပြပါ သစ်ရွက် စသည့် အရွက်များကို ကျောင်းသား/သူ စာကျက်သော နေရာစားပွဲ ထိုင်ခုံ အခင်း စသည့်ပေါ်တွင် ခင်းထားပေးရပါမည်။ အရွက်အခက်များကို မျက်နှာမူရာသို့ လှည့်ထားပြီး ခင်းရပါမည်။

**သစ်ရွက်အစီအရင် ဆောင်ရွက်ပုံ**

၁။ တနင်္ဂနွေသားသမီးများအတွက် ဇောင်းလျား... (၂၅)ရွက်။ ခင်းချိန် အင်္ဂါနေ့ည ၁၀နာရီခွဲမှ ၁၂နာရီကြား စွန့်ရမည့်အရပ် တောင်အရပ်။

၂။ တနင်္လာသားသမီးများအတွက် ရွက်လှ (၁၇)



www.burmeseclassic.com

www.burmeseclassic.com



ရွက် အရင်ခင်းပါ။ ထိုပေါ်မှ ပျဉ်းမ (သို့မဟုတ်) ပေါက်ရွက် ရွက်ထပ်ခင်းပါ။ ခင်းချိန်က ဗုဒ္ဓဟူးနေ့ ည ၁၀နာရီခွဲမှ ၁၂ နာရီကြား။ စွန့်ရမည့်အရပ်မှာ အနောက်တောင်အရပ်။

၃။ အင်္ဂါသားသမီးများအတွက် ပေါက် (သို့) ပျဉ်းမ (၁၉)ရွက်ခင်းပါ။ ထိုပေါ်မှ သီဟိုဠ် (သို့) သီး(၂၁)ရွက် ထပ်ခင်းပါ။ ခင်းချိန် ကြာသပတေးနေ့ ည ၁၀နာရီခွဲမှ ၁၂ နာရီကြား။ စွန့်ရမည့်အရပ်မှာ အနောက်အရပ်။

၄။ ဗုဒ္ဓဟူးသားသမီးများအတွက် သနပ်ရွက်၊ သီဟိုဠ်ရွက် (သို့) သီး(၂၁)ရွက်ကို အရင်ခင်းပါ။ ထိုအပေါ်မှ ဆနွင်းမနှတ် (သို့) ထန်း (၁၀)ရွက် ထပ်ခင်းပါ။ ခင်းချိန် သောကြာနေ့ည ၁၀နာရီခွဲမှ ၁၂နာရီကြား။ စွန့်ရမည့်အရပ်က အနောက်မြောက်အရပ်၊ (ညနေပိုင်းမွေးသူ အနောက်တောင်)။

၅။ ကြာသပတေးသား/သမီးများအတွက် ထန်း(သို့) ဆနွင်းမနှတ် (၁၀)ရွက် အရင်ခင်း၊ ထိုအပေါ်မှ အုန်း (၆)လက် ထပ်ခင်းပါ။ ခင်းချိန်က စနေနေ့ ည ၁၀နာရီခွဲမှ ၁၂နာရီကြား။ စွန့်ရန်အရပ်မှာ အရှေ့မြောက်။

၆။ သောကြာသား/သမီးများအတွက် အုန်း(၆)လက် ခင်း၊ ထိုပေါ်မှ ကြံရွက်တစ်ထွာခန့် (၁၅)ရွက်ထပ်ခင်းပါ။ ခင်းချိန်မှာ တနင်္ဂနွေနေ့ ည ၁၀နာရီခွဲမှ ၁၂နာရီကြား။ စွန့်ရန်အရပ်က အနောက်အရပ်။

၇။ စနေသားသမီးများအတွက် ကန်စွန်းရွက် (၂၃) ရွက် (သို့) ကြံရွက်တစ်ထွာခန့် (၁၅)ရွက် အရင်ခင်းပါ။ ထိုပေါ်မှ ငှက်ပျောခက်တစ်ထွာခန့် တစ်ထပ်ခင်းပါ။ ခင်းချိန်က တနင်္လာည ၁၀နာရီခွဲမှ ၁၂နာရီကြား။ စွန့်ရန်မှာ မြောက်အရပ်။

စာမေးပွဲဖြေဆိုပြီးသည်နှင့် တတ်နိုင်သူများ သံဃာတော်များ လိုအပ်သော စာအုပ်စာပေပေးလှူပါက ပိုကောင်းပါ၏။ လက္ခဏာရှားပါးသူများက စေတီပုထိုးများ၌ အမှိုက်လှည်းခြင်း၊ စေတီတော် ရောင်တော်ဖွင့်ခြင်းများ ဆောင်ရွက်ပါ။ အထူးကောင်းမွန်ပါ၏။ ဘုရားရှိခိုး ဝတ်ပြုတိုင်း စာမေးပွဲအဖြေလွှာ စစ်ဆေးမည့် ဆရာ၊ ဆရာမများထံ ရည်မှန်း၍ မေတ္တာပို့လွှတ်ပေးပါ။ ထူးခြားပါ၏။

အနီးကပ် အထူးအစီအစဉ် အဆောင်လမ်းညွှန်မှုများ လိုအပ်ပါကလည်း အောက်ဖော်ပြပါ လိပ်စာအတိုင်း ဆရာတော်ထံ သွားရောက်ဖူးမြော်ကြည်ညို၍ အကူအညီတောင်းခံနိုင်ကြောင်း သတင်းစကားပါးရင်းဖြင့်...

စာမေးပွဲအောင်မြင်အောင် ဆောင်ရွက်သော အစီအရင်အားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေ ဟူ၍သာ။

ဆရာတော် သီတင်းသုံးရာဌာနမှာ "သစ်တံခါးတောင်ဘဒ္ဒန္တမဏိဇောတ(ယော) အောင်မြေဝေယျာ မဏိဇောတ ရာမကျောင်းတိုက်၊ စစ်ကိုင်းလမ်း၊ ၁၀ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး" ဖြစ်ပါကြောင်း လမ်းညွှန်လိုက်ပါသည်။ -

* * *

ကိုရွှေမြသန်း



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက် မှတ်ကျောက်

# အသံဝင်၊ အသံပျက်အတွက် အလွယ်ဆေးနည်း

တစ်ခါတစ်ရံ၌တွင် ရေချိုးမှား၍ လည်းကောင်း၊ ခြေဆေးလက်ဆေးမှား၍ လည်းကောင်း၊ ရုတ်တရက် ရာသီဥတု အပြောင်းအလဲတွင် အပူအအေးမမျှတဘဲ လွန်ကဲမှုကြောင့် လည်းကောင်း၊ လူတို့တွင် အသံဝင်၊ အသံပျက်၊ အသံနာ၊ အသံပျောက်သွားသည်အထိ ဖြစ်တတ်ပါသည်။

စာရေးသူလည်း အသံဝင်ဖူးပါသည်။ စာရေးပြီး မေးရ ပြောရသည်အထိ ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူ၏ ဦးကြီး ဆေးဆရာကြီး ဦးညွန့်မောင်မှ လက်တွေ့အမြန် အရေးပေါ် နည်း ပြုလုပ်ပေးရာ သုံးနာရီခန့်အချိန်အတွင်း အသံပြန် ထွက်လာသဖြင့် ယခုမှ အမှတ်တရ ရေးသားတင်ပြပါသည်။

ဦးကြီး၏ ဆေးနည်းမှာ အလွန်လွယ်လှပါသည်။ ၎င်း ဆေးမှာ နေအိမ်တိုင်းတွင် ရှိပါသည်။ မီးဖိုချောင်ထဲမှာ အလွယ်တကူ ရရှိနိုင်ပါသည်။

"ကြက်သွန်နီဥကြီးကြီးတစ်လုံးကို အခွံသင်လိုက်ပါ။ ထို့နောက် ရေမဆေးဘဲ ဆားနှင့် တို့ပြီး အစိမ်းအတိုင်း ဝါးစားရပါသည်။ စပ်၊ ငန်၊ မွှန်လာပါမည်။

ထို့နောက် ကြက်ဥတစ်လုံးကို ဖောက်ပြီး အဝါနှစ်ခဲကို ဖယ်လိုက်ပြီး အကာအဖြူရည်ကို အစိမ်းအတိုင်း သောက် စားပေးရပါသည်။

ထိုသို့ စားသုံးပြီးပြီဆိုလျှင် တစ်နာရီမှာ အသံ စ,ထွက် ပါသည်။ သုံးနာရီခန့်ကြာလျှင် မူလအသံ ပြန်ထွက်လာပြီး စကားကောင်းစွာ ပြောဆိုနိုင်လာပါမည်။ လက်တွေ့နည်း ဖြစ်ပြီး မည်သည့် ဘေးထွက်ဆိုးကျိုးမှ မရှိပါ။ တိုက်ဆိုင်ကြုံ တွေ့လျှင် ယုံကြည် စိတ်ချစွာ လက်တွေ့ သုံးစားပါ။

* * *

နတ်မောက်မှတ်ကျောက်




www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ်ကူးမှာ ယတြာချေပါ

ဆရာ အောင်ကျော်ဇော (မြောက်ဒဂုံ)





၁၃၇၆ ခုနှစ်သို့ မကြာမီ ရောက်တော့မည်ဖြစ်ပါ၍ သစ်ကို ကြိုဆိုသောအနေနှင့် မင်္ဂလာရှိသော နှစ်သစ် စ်နှစ်အဖြစ် ကောင်းမှုများကို ပြုရင်း မြန်မာလူမျိုးများ ထူးပင် အတိတ်နိမိတ်ယူကြပါတယ်။ ဒီလို အတိတ် တ်များစွာယူသော မြန်မာတို့ရဲ့ ကောင်းမွန်သော အယူ ဆလေးများမှာ လူကြီးမိဘများ၊ ပညာရှိများ၊ အထူးသဖြင့် က်ကြီးရှယ်အိုများ၏ အယူမင်္ဂလာဖြစ်၍ ကောင်းမှုပြုတာ း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာတွေမှာ ချစ်ဖို့ ာင်းတာလေးတွေကို ပြောရင် အများကြီးပဲ ရှိပါတယ်။ ချို့က ယတြာပြု၍ ကုသိုလ်ယူကြတယ်။ ဒီကုသိုလ်ဟာ စ်နှစ်လုံးအတွက် ပါသွားတယ်လို့ ယူဆကြပါယ်။ မိမိရဲ့ ာင်းသောအယူအဆ အတိတ်နိမိတ်များသာလျှင် မိမိကို ကောင်းအောင် ပြုလုပ်ပေးမည်ဆိုတာကို လက်ခံသူများ ရှိကြတာ များပါတယ်။ ဒီ နှစ်သစ်ရဲ့ ကောင်းမှုကို ဆောင်၊ မကောင်းမှုကို ရှောင်၍ ပြုလုပ်ကြတာတွေကို မြန်မာမှုရဲ့ အလုပ်ပါလို့ နိုင်ငံနှင့်အဝန်း သိခဲ့ကြပါတယ်။ ကောင်းမှု ပြုလုပ်ပုံအမျိုးမျိုးရှိပါတယ်။ စာရေးသူရဲ့ ဗဟုသုတလေးတစ်ခုကို တင်ပြပါမယ်။

၁၃၇၆ ကို တည်ကိန်းပြု၍ ၇-ဂဏန်းဖြင့် စားပါက ၄-ဂဏန်းကြွင်းပါမယ်။ ထိုသို့ ကျန်ရှိသော ကိန်းဂဏန်းကိုပင် ယတြာပြုလာသောသူများမှာ ထိုနှစ်အဖို့ တော်ရုံတန်ရုံ အညံ့များကို ကျော်လွှားနိုင်ပါတယ်။

မဟာဘုတ်မှာ အရေးကြီးသော အချက်ကို ပြောပါဆိုရင် အများကြီးရှိပါတယ်။ တစ်ယောက်ရဲ့ ယူဆပုံနှင့် အခြား

www.burmeseclassic.com

တစ်ယောက် ယူဆပုံချင်း မတူညီတာ အမှန်ပါ။ ကျွန်တော့် ဆရာသခင်က ပညာကို သိရုံနဲ့ မပြီးသေးပေ။ လိုက်၍ လုပ်ကြည့်မှသာ ပညာ၏ တန်ဖိုးကို သိပေမည်ဟု ဆုံးမခဲ့ ပါတယ်။ ထိုကဲ့သို့ ဆုံးမ ဩဝါဒကို ခံ၍ ဒီပညာလေးကို လက်ကမ်းပေးလိုက်ပါမယ်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

၁၃၇၆ ခုနှစ်၊ မဟာဘုတ်ပုံ

လွယ်ကူသော ကိစ္စဆိုသော်လည်း ပညာရဲ့ တန်ဖိုးကို လေးစားရမည်ဟု ခံယူပါတယ်။ ထို့အတူ ကံညံ့သည်ဟု ယူဆထားသောလူများအဖို့ ကံကောင်းအောင် ပြုလုပ်ရသည်မှာ ပညာသာဖြစ်သည်ဟု သိရပါတယ်။ ထို့အတွက်ကြောင့် ကံကောင်းအောင် ဘာတွေ လုပ်ရမလဲ၊ မကောင်းတာတွေကို ဘာတွေ ရှောင်ရမလဲ သိလာရင် ကောင်းမှာပဲဟု ယူဆရပေမယ်။ ကောင်းတာတွေက လောကကြီးမှာ အများကြီး ရှိပါတယ်။ ထိုသို့သော ကောင်းတာနှင့် ဆိုးတာတွေ ရော၍ နေသော လောကကို ပညာကသာ ခွဲခြား၍ သိနိုင်ကြောင်း ပြောချင်ပါတယ်။ မဟာဘုတ်ပညာနှင့်ပင် လူတစ်ယောက်မှာ ရှိတဲ့ ကံကို ပြင်နိုင်ပါတယ်။ မဟာဘုတ်မှာ နှစ်မျိုးရှိတယ်။ တစ်မျိုးကို သိရင် ကျန်တစ်မျိုးကို အလိုလျောက် မြင်နိုင်ပါတယ်။ ဒီလိုမျိုးကို တစ်ဦးတည်း လက်ကိုင်မထားဘဲ အများသူငါတို့ သိမြင်ကြအောင် ရေးပြောပေးလိုက်ပါတယ်။

| | | | |
|---|---|---|---|
| | ၁ | | ← ကောင်း |
| ၃ | ၆ | ၂ | ← သင့် |
| ၀ | ၄ | ၅ | ← ညံ့ |

မဟာသင်္ကြန်ရဲ့ ဖြစ်ပုံနှင့် မဟာဘုတ်တွင် ရောက်ရှိသော ဂဏန်းများဟာ အပြင် မဟာဘုတ်ဖြစ်နေပါတယ်။ ထိုသို့ဖြစ်နေခြင်းကို မည်သူမဆို အကြံကိုင်ဆောင် အသုံးချ၍ ပြုလုပ်လျှင် မိမိကံကောင်းနိုင်ပါတယ်။ ၄-ကြွင်းသော လူများက အထူးကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ထိုအထဲတွင် အင်္ဂါသားသမီးများရဲ့ ကံလည်း ပါပါတယ်။ ထို့အတူ တနင်္လာနှင့် တနင်္ဂနွေသားသမီးများလ ပါပါတယ်။

| | | |
|---|---|---|
| | ၁ | |
| ၃ | | ၂ |
| | ၄ | |

မဟာဘုတ်၏ အပြင်ဂြိုဟ်အနေအထား

ထိုနေ့သားသမီးများဟာ မဟာဘုတ်ရဲ့ ပညာအရ ရလျှင် မိမိ၏ကံသည် ကောင်းသောကံများ ရှိသလို သောကံများလည်း ပါတယ်။ ထိုနေ့သားသမီးများ ၁၃၇၆ ခုနှစ်တွင် ဘာသာရေးကို အထူးလုပ်၍ သက် လွတ်စားလျှင် ပို၍ကောင်းပါတယ်။ မိမိ၏ အခွင့်အ တွေကို မလွတ်စတမ်း ရယူပါလို့ ပြောခြင်းဖြင့် ပညာ ပြုပါရစေ။

အပြင်ပိုင်းဆိုင်ရာ ဆက်သွယ်မှုရခြင်း၊ အိမ်တွင် စီးပွားရှာ၍ ကောင်းခြင်း၊ အိမ်တွင် လူဝင်လူထွက်များ မိမိသည် ငွေနှင့် နေ့နံလေးပါးလုံး ပါသော နာမည်များ လျှင် ပို၍ကံကောင်းခြင်းနှင့် ကြံခြင်း၊ မိမိကို အကြေ ပြု၍ စီးပွားတက်ခြင်း၊ မိမိကို လူချစ်လူခင်ပေါ်ခြင်း၊ အဆော အအုံများ ပိုင်ဆိုင်ခြင်း၊ ရွှေဝင်ခြင်းနှင့် လူဝင်ခြင်း၊ စက် များကို ပိုင်ဆိုင်ခြင်း၊ စက်သစ်များကို ဝယ်ယူခြင်းများ လုပ်ရသောသူဖြစ်ခြင်းတို့ ကြုံတတ်ပါတယ်။

ထိုနေ့ပိုင်ရှင်တို့သည် မဟာသင်္ကြန်ရက်များတွင် သ သတ်လွတ်များ စားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းနှင့် ဂုဏ် ပွားခြင်း၊ မိမိနှစ်သက်သော တရားစခန်းများကို ဝင်ခြ ပြုလုပ်ပေးသင့်ပါတယ်။

သင်္ကြန်၏ အစအဆုံးကို မလုပ်ဖြစ်ရင်တောင် မွေးနေ့မှာတော့ ပြုလုပ်ပါလို့ အကြံပြုပါရစေ။ အောင် နှင့် ကျော်စောမှု ဆိုသည်မှာ အတူတကွ ပါလာတ ဖြစ်ပါတယ်။ ဤစာမူဖြင့် နှစ်သစ်ရဲ့ မင်္ဂလာကို ပိုင်ဆို သောသူများ ဖြစ်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

* * *


ဆရာအောင်ကျော်ဇော(မြောင်

www.burmeseclassic.com

www.burmeseclassic.com

# အင်းခွေးငါးကောင်ပုံပြင်

ရဲရဲထွန်း
(ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုသည် ခွေးများကို အလွန်ချစ်တတ်သူတစ်ယောက်ဖြစ်သည်။ သို့သော် ခွေးတိုင်းကိုတော့ မဟုတ်။ မြန်မာခွေးအမျိုးအစားထဲက အင်းခွေးများကို ပို၍နှစ်သက် သဘောကျ မွေးမြူလေ့ရှိသည်။

"တို့မြန်မာခွေးတွေထဲမှာတော့ အင်းခွေးက အကောင်းဆုံးပဲ။ အမွေးနဲ့နဲ့ မျက်စိက အညိုရောင်၊ ခြေတံလက်တံရှည်ပြီး ထွားကျိုင်းတယ်။ အမိကအချက်ကတော့ သတ္တိရှိပြီး သခင်အပေါ်မှာ သစ္စာရှိတာပဲကွ"

အစ်ကိုသည် အင်းခွေးအမျိုးအစားများကို အမွှမ်းတင် ပြောပြလေ့ရှိသည်။ ၎င်း၏ အိမ်တွင်လည်း ရွယ်တူဆိုက်တူ အင်းခွေးအမျိုးအစား အထီးငါးကောင်ကို မွေးထားသည်။ နေ့စဉ်အမဲရိုးနှင့် ဆန်ကျိုပြီး ကျွေးသည်။ အင်းခွေးကြီးများမှာ နားရွက်ဖားလျားကျလျက် အမြီးဖွားဖွားဖြင့် ရွယ်တူကြီးထွားကြသည်။

"ညဆို ခြံလုံတယ်။ မယောင်မလည်နဲ့တော့ လာမကပ်နဲ့ မောင်၊ တစ်စစီဖြစ်သွားမယ်"

အစ်ကိုက သူ့ခွေးများအကြောင်းကို စကားစပ်မိတိုင်း ပြောပြတတ်သည်။ အစ်ကို သူ့ခွေးများကို ချစ်သလို၊ ထိုခွေးများကလည်း အစ်ကို့ကို ချစ်ကြသည်။ အစ်ကိုတို့အိမ်သည် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသော "ဒေါင့်ကြီး"ဟူသည့် ရွာကြီးတစ်ရွာဖြစ်သည်။ အစ်ကိုသည် ဒေါင့်ကြီးသူနှင့် အိမ်ထောင်ကျပြီး ခြံကျယ်ကြီးထဲတွင် အိမ်ဈေးဆိုင်ဖွင့်ထားသည်။ စီးပွားရေးအဆင်ပြေပြီး လူမှုရေးနှင့် ဘာသာရေးကို ဝါသနာပါသည်။ ဝါတွင်း ဆွမ်းလောင်းအသင်းမှစ၍ ကိုယ်တိုင်လိုက်ပါသည်။ အစ်ကို ဆွမ်းလောင်းအသင်းနှင့် အလှူခံထွက်သည့်နေ့တွင် ထိုအင်းခွေးငါးကောင်လည်း လိုက်ပါလာသည်။ ထူးခြားသည်မှာ ရန်လိုတတ်သော အင်းခွေးများသည် အလှူခံထွက်သောနေ့တွင် အခြားခွေးများအား တွေ့သော်လည်း ဟောင်ခြင်း၊ မာန်ဖီခြင်းများ မပြုလုပ်ဘဲ ကိုယ့်လမ်းကိုယ်တည့်တည့်လိုက်ပါလေ့ရှိကြသည်။

ထိုခွေးများသည် အစ်ကို့စကားကိုလည်း နားလည်၏။ အစ်ကို အပြင်ခရီးအပြင်သို့ ထွက်မည်ဆိုလျှင် လိုက်ဟန်ပြင်သည်။ အစ်ကိုက "ဟေ့ကောင်တွေ…မလိုက်နဲ့"ဟု လှည့်ပြောလိုက်သည်နှင့် အိမ်ထဲ ပြန်ဝင်သွားကြသည်။ အိမ်သို့ ဈေးဝယ်လာသူဟူသမျှ ဖြူဖြူမည်းမည်း လှည့်၍ပင် မကြည့်။ ကိုယ့်နေရာကိုယ် ငြိမ်သက်စွာ နေသည်။ သို့သော် ပုံစံမကျသည့်အနေအထားဖြင့် ဝင်လာပါက ပထမအဆင့် ဟောင်၍ သတိပေးသည်။ ဒုတိယအဆင့် မာန်ဖီသည်။ ထိုသို့ တားမြစ် သတိပေး၍ မရပါက နောက်ဆုံးအဆင့် ဝင်ကိုက်တော့သည်။

အင်းခွေးများမှာ အယ်လ်ဇေးရှင်းခွေးများကဲ့သို့ ကိုက်လျှင် လည်မျိုကိုမှ ဝင်ခဲတတ်ကြသည်။ တစ်ခါက အမူးသမားတစ်ယောက်၊ တုတ်တစ်ချောင်းကိုင်၍ ခြံထဲ ဝင်လာသည်။ ခွေးများက ဆီးဟောင်သည်။ အမူးသမားက တုတ်ကို မြှောက်၍ ရိုက်ဟန်ပြင်သည်။ ထိုအချိန် အနီးဆုံးတွင် ရှိနေသည့် ခွေးတစ်ကောင်က ထိုအမူးသမားကို ရုတ်တရက် ခုန်အုပ်လိုက်တော့သည်။ ကျန်ခွေးလေးကောင်ကလည်း အနီးသို့ ချက်ချင်းရောက်လာကြသည်။ ထိုအချိန် အပြင်မှ ပြန်ရောက်လာသော အစ်ကိုက ထိုမြင်ကွင်းကို မြင်တွေ့လိုက်သည်

"ဟေ့ကောင်တွေ…အခုရပ်စ

အမူးသမားသည် ပက်လ

အနေအထားတွင် ခွေးတစ်ကောင်

သူ၏ လည်မျိုကို ခဲရန်ဆဲဆဲ အချိန်

အစ်ကို၏ ဟန့်တားမှုကြောင့် ထို

မှာ သက်သာရာရသွားသည်။ ကျန် ခွေး

လေးကောင်ကလည်း ဝိုင်း၍ အမဲဖျက်

တော့မည့်အနေအထားကြောင့် အမူး

သမား တစ်စစီဖြစ်သွားနိုင်သည်။ ထို

လည်း တစ်ချီတည်း လစ်တော့သည်

ခွေးများသည် အစ်ကို့ဟန့်တား

သံကြောင့် ချက်ချင်းရပ်၍ အစ်ကို့

ခရီးဦးကြိုပြုသည်။ တအီအီမြည်သံ

၍ ဖက်တွယ် နမ်းရှုံ့ကြသည်။ အစ်ကို

နှင့် သူ၏ အင်းခွေးငါးကောင်တို့သည်

အတိတ်ဘဝ တစ်နေရာက အထ

ရေစက်ပါလာသည်ဟု ထင်မိသည်။

အစ်ကိုသည် တစ်လ တစ်ကြိမ်

ရန်ကုန်သို့ ရေဝတီသင်္ဘောပတ်ဖြင့်

ဈေးဆိုင်အတွက် ကုန်စည်များ သွား

ရောက် ဝယ်ယူလေ့ရှိသည်။ အစ်ကို

ပြန်လာချိန် သင်္ဘောသည် ဒေါင့်ကြီး

ဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီး ဥသြဆွဲ

လိုက်သည်နှင့် အင်းခွေးငါးကောင်တို့

သည် တစ်ပြိုင်တည်း ဒုန်းစိုင်း၍

သင်္ဘောဆိပ်သို့ ပြေးကြိုလေတော့

သည်။

အစ်ကိုကလည်း သင်္ဘောပေါ်မှ ဆင်းလျှင် ဆင်းချင်း၊ သူ့ခွေး ငါးကောင်ကို ပွတ်သပ် ချော့ကာစားပြီးနောက် ရန်ကုန်မှ ဝယ်လာသော ကိတ်မုန့်များကို ကျွေးသည်။ ခွေးများကလည်း ကိတ်မုန့်ကို နှစ်သက်စွာ စားသောက်တတ်ကြသည်။ ထို့နောက် ခွေးများကို ထန်းလျက်ခဲတစ်လုံးစီ ကျွေးပြီးနောက် လူတစ်ယောက်နှင့် အင်းခွေးငါးကောင်တို့ ပြန်လာသည့် မြင်ကွင်းသည်

www.burmeseclassic.com

ဒေသခံတို့အဖို့ မြင်နေကျဖြစ်နေ၏။ အထူးအဆန်းတော့ မဟုတ်တော့ချေ။ သို့သော် ထူးဆန်းသော မြင်ကွင်းသည် မကြာမီ ဖြစ်ပေါ်လာခဲ့တော့သည်။

◈◈◈

ညသည် တိတ်ဆိတ် မည်းမှောင်နေ၏။ လေပြင်းများ တိုက်ခတ်နေသဖြင့် သစ်ပင်တို့၏ ယိမ်းထိုးလှုပ်ရှားသံကို ကြားနေရသည်။ သန်းခေါင်ကျော်ပြီဖြစ်သည်။

အစ်ကိုဇနီးဖြစ်သူ မဝင်းသည် သန်းခေါင် ကြက်တွန်သည်ထိ အိပ်မပျော်။ အိပ်ရာထက်တွင် လူးလိမ့်နေရသည်။ အဒေါ်၏ ချောင်းဟန့်သံကိုလည်း ကြားလိုက်သည်၊ တူမဖြစ်သူ၏ ဟောက်သံကိုလည်း ကြားနေရသည်။

ထိုအချိန် လေပြင်းတစ်ချက်အဝှေ့တွင် ခြံဝင်းတံခါးဆီမှ ဝုန်းခနဲမြည်သံနှင့်အတူ ခြံဝင်းအတွင်းရှိ အင်းခွေးငါးကောင်တို့သည် ထိတ်လန့်တကြား ဆွဲဆွဲငင်ငင် အူလိုက်သံကြောင့် မဝင်း ကြက်သည်းထမိသည်။ အိပ်ရာမှ ထလိုက်သည်၊ ခင်ပွန်းဖြစ်သူ ကိုသိန်း ရန်ကုန်သို့ ယနေ့နံနက် သင်္ဘောဖြင့် ထွက်သွားသည်ကို သတိရလိုက်သည်။

"အဒေါ်···အဒေါ်···ကြားလား၊ ဘာသံတွေလဲ"

မဝင်းက အဒေါ်ကို အသံပြုရင်း မေးလိုက်သည်။

"အေး၊ ကြားတယ်။ လေတိုက်လို့ ခြံဝင်းတံခါး လဲသွားတာလား မသိဘူး။ ဒီညမှ ခွေးတွေကလည်း အူလိုက်တာ"

မဝင်းသည် ပရိတ်တရားတော်များကို ရွတ်ဖတ်နေသည်။ ခွေးများကလည်း အူလိုက်၊ တစ်ခြံလုံး ပတ်ပြေးလိုက်နှင့် ဆူညံနေသည်။ တစ်ညလုံး အိပ်မပျော်တော့။ အဒေါ်၏ ပရိတ်ရွတ်သံကိုလည်း ကြားရသည်။ ဒီလိုနှင့် ချောက်ချားဖွယ်ရာညကို ကုန်ဆုံးခဲ့သည်။

◈◈◈

နံနက်မိုးလင်းလျှင် လင်းချင်း ခြံဝင်းတံခါးကို လှမ်းကြည့်သည်။ ညဦးက ပိတ်ထားသည့်အတိုင်း မြင်ရသည်။ ခွေးများကလည်း မဝင်းကို တွေ့သည်နှင့် တအီအီမြည်သံပြု၍ မငြိမ်မသက်ဖြစ်နေကြသည်။ အဒေါ်သည် ခွေးများကို အစာကျွေးသော်လည်း အစာမစားဘဲ ခြံအတွင်း ပတ်ပြေးနေကြသည်။

ဆိုင်ဖွင့်ချိန်တွင် စိတ်ထဲ၌ လေးလံနေသည့်အတွက် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဒေါင့်ကြီးဈေးသို့ လာကြသော ဈေးသည်၊ ဈေးဝယ်တို့ဖြင့် စည်ကားစ ပြုနေသည်ကို တွေ့ရသည်။

ထိုအချိန် ရေဝတီသင်္ဘောဆိပ်မှ ဆိပ်ခံမှူးနှင့်အဖွဲ့ ရောက်လာကြသည်။

"မဝင်း··· ညက ရန်ကုန်မြစ်ထဲမှာ နန်းဝင်းကြည်သင်္ဘောနစ်လို့တဲ့။ အသေအပျောက်တွေ ရှိကြတယ်။ ကိုသိန်း ရန်ကုန်ကို နန်းဝင်းကြည်သင်္ဘောနဲ့ ပါသွားတာ တွေ့လိုက်လို့ လာပြောတာ"

ထိုစကားသည် မဝင်း၏ နားတွင် မိုးကြိုးပစ်လိုက်သည့်အလား။ ဝုန်းခနဲ ကျယ်လောင်သော ပေါက်ကွဲသံကြီး တစ်ခုကို ကြားလိုက်ရသည့်ပမာ လူတစ်ကိုယ်လုံး တုန်လှုပ်သွားတော့သည်။

"ဘုရား···ဘုရား···ညက အဖြစ်အပျက်တွေက အတိတ်နိမိတ်တွေလား။ ကိုသိန်း ဘာမှမဖြစ်ပါစေနဲ့"

မဝင်းသည် ချက်ချင်းပင် တူမကို ခေါ်၍ စက်လှေတစ်စီးငှားပြီး ရန်ကုန်သို့ လိုက်ခဲ့သည်။ မဝင်း ဆုတောင်း မပြည့်ခဲ့ချေ။ ဆယ်ယူရရှိသော သေဆုံးသူများစာရင်းတွင် ကိုသိန်းပါလာသောကြောင့်ဖြစ်သည်။

"ဒီလူက သူ့ရဲ့ ပိုက်ဆံအိတ်ကို သံကြိုးနဲ့ ပတ်ပြီး သူ့လက်မှာ ချည်ပြီး သော့ခတ်ထားတာဗျ။ ဒါကြောင့် ခရီးသည်တွေ အိပ်ပျော်နေချိန်မှာ သင်္ဘောနစ်တော့ သူလည်း သင်္ဘောထဲက မထွက်နိုင်ဘဲ အသက်ဆုံးရတာပေါ့ဗျာ"

ဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ မဝင်းသည် ကိုသိန်းကို ရန်ကုန်မှာတင် သင်္ဂြိုဟ်ပေးခဲ့ပြီး မျက်ရည်စက်လက်ဖြင့် ဒေါင့်ကြီးသို့ ပြန်လာခဲ့သည်။

ဒေါင့်ကြီးသင်္ဘောဆိပ်သို့ ရေဝတီသင်္ဘောဆိုက်ကပ်ပြီး ဥသြဆွဲလိုက်သည်နှင့် အစ်ကို၏ အင်းခွေးငါးကောင်သည် တစ်ပြိုင်တည်း ထကာ သင်္ဘောဆိပ်သို့ ပြေးသွားကြသည်။ ဆိပ်ကမ်းတွင် တန်းစီ၍ ငုတ်တုတ်ထိုင်ပြီး ခရီးသည်များ ဆင်းနေသည်ကို ငြိမ်သက်စွာ ကြည့်သည်။ သင်္ဘောပြန်ထွက်သွားတော့မှ ၎င်းတို့ ငါးကောင်သည် ခေါင်းငိုက်စိုက်ဖြင့် အိမ်ပြန်ကြလေသည်။

ထိုမြင်ကွင်းကို မြင်တွေ့ရသူများက စိတ်မကောင်းဖြစ်မိကြသည်။ တစ်ခေါက်တည်းလည်း မဟုတ်။ ရေဝတီသင်္ဘော ဒေါင့်ကြီးဆိပ်၌ ဥသြဆွဲသံကြားတိုင်း အင်းခွေးငါးကောင်သည် မပျက်မကွက်ပြေးထွက်၍ သင်္ဘောဆိပ်သို့ သွားမြဲဖြစ်သည်။ ဆိုက်ရောက်လာခြင်းမရှိတော့သည့် သခင်ဖြစ်သူအား ကြိုမြဲ စောင့်မြဲဖြစ်သည်။

တစ်နှစ်တာဆိုသော ကာလသည် သဘာဝတရားနှင့်အတူ ပြောင်းလဲခဲ့ကြသည်။ မဝင်းသည် ခင်ပွန်းဆုံးတော့သည့်အတွက် ယခင်ကကဲ့သို့

www.burmeseclassic.com

ဈေးရောင်းဝယ်ခြင်း မလုပ်ကြောဘဲ ရှိသည့် အရင်းအနှီးလေးနှင့် လုပ်ကိုင်စားသောက်ပြီး အင်းခွေးငါးကောင်ကို ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

◈◈◈

နှင်းတို့ ဝေနေသော ဆောင်းရာသီ၏ နံနက်ခင်းတစ်ရက်ဖြစ်သည်။ ထိုနေ့က ရောဝတီသင်္ဘောသည် ဒေါင့်ကြီးသို့ ဥသြဆွဲ၍ ဆိုက်ကပ်လာသည်။ ထုံးစံအတိုင်း အစ်ကို၏ အင်းခွေး ငါးကောင်တို့သည် ပြိုင်တူဆ၍ သင်္ဘောဆိပ်သို့ ပြေးလေတော့သည်။

ထိုနေ့က ဒေါင့်ကြီးသင်္ဘောဆိပ်တွင် ကုန်တင်ကုန်ချ များသဖြင့် သင်္ဘောသည် နေ့လယ်မှ ဟင်္သာတသို့ ဆန်တက်နိုင်ခဲ့သည်။

အင်းခွေးငါးကောင်သည် သင်္ဘောမထွက်မချင်း ကမ်းနားတစ်နေရာတွင် ငြိမ်သက်စွာ သခင်ကို စောင့်လျက်ရှိသည်။ ရာသီဥတု၏ ဒဏ်ကို အန်တုလျက် အချိန်များစွာ သခင်ကို မျှော်ရင်းနှင့်ပင် ထိုခွေးများမှာ ကိုင်းတောစပ်တွင် လဲကျသွားတော့သည်။

သင်္ဘောကြီးထွက်ခွာသွားသည်အထိ စောင့်ကြိုနေရာမှ နောက်ဆုံး မျှော်လင့်ချက်များ ကုန်ဆုံးသွားသည့်အချိန်တွင် ရင်ကွဲနာကျ၍ သေဆုံးသွားခြင်း ဖြစ်ပေလိမ့်မည်။

မဝင်းသည် ထိုအင်းခွေး ငါးကောင်ကို ရောဝတီဆိပ်ကမ်း ကိုင်းတောစပ်တွင် ကောင်းစွာ မြှုပ်နှံပေးခဲ့သည်။

ရောဝတီသင်္ဘောသည် တစ်ခါတစ်ရံ ဒေါင့်ကြီးဆိပ်ကမ်းသို့ ညဉ့်နက်ချိန်ရောက်မှ ဥသြဆွဲ၍ ဆိုက်ကပ်တတ်သည်။

ထိုအချိန်တွင် ညသည် မှောင်မည်း တိတ်ဆိတ်နေတတ်၏။ အ... ခရီးသည်များနှင့် သင်္ဘောသားများက... ကမ်းစပ်တွင် ခွေးကြီး ငါးကောင်... ထိုင်နေသည့် ပုံရိပ်သဏ္ဍာန်ကို မ... မရှား ဝိုးတဝါးတွေ့မြင်ရလေ့ရှိသည်... ပြောစမှတ်ပြုကြပါသည်။ ■


* * *

ခဲ့ခဲ့ဆွန်း(ဟင်္သာ...

(မှတ်ချက်။ အစ်ကိုဆိုသူမှာ... စာရေးသူ၏ အစ်ကိုဝမ်းကွဲတော်စပ်... ဖြစ်ပါသည်။ ဖြစ်ရပ်မှန် ဖြစ်ပါ၏။)


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း...**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရွှေမှ...
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ...
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်...
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ...
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေး...
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀...
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်...
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်...
နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီး...
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာ...
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော...
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရ...
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံ...
စုံတွဲဇာတာစစ်ဆေးခြင်းအကြေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်...
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချော...
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်...
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအ...
ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်...
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတ...
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေ...
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေ့ရပ်လိပ်စာဖော်ပြ၍မေးမြန်း...
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာ...
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတောင်ညွန့်မြို့...

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-515252...

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွင့်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် မေမြို့ (၁၉)ညွန့်နှင့် ထီးဖြူ (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် ဆီမီး (၉)တိုင် သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော် (၂၇)ခေါက် ပုတီးစိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် သစ်စိမ်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံး လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်းပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော င့်တွင် ထီးဖြူ (၉)လက်နှင့် နှင်းဆီ (၉)ပွင့်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်ကို ရွှေချ၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော င့်တွင် အင်ကြင်း (၉)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော င့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော င့်တွင် ဩဇာ (၉)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော င့်တွင် နာနတ်ယို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်းကာ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော င့်တွင် ဆီးယို (၉)ကျပ်သားခန့်ကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါး (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၀)ထိပ်စီး (၀)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှမ်းဆီ (၉)ကျပ်သား၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၁)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၁၀)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၆)ညွန့်နှင့် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာ ထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ် တစ်ဦးကို နို့ဆီတစ်ဘူးနှင့် ဆန်(၉)လုံး လှူပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့ နှင်းဆီပန်း(၉)ပွင့် လှူဒါန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး (၇)နောက်ပိတ်နှင့် (ဆ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွှန့်လှူဒါန်းပြီး မေတ္တာသုတ် (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွှန့်လှူဒါန်းပြီး အဘိဓမ္မဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၉)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွှန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွှန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၄)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၁၀)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထော တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆို

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၇)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်း

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆို

အိမ် / ကား ရောင်းလိုသော - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၈)ညွန့်ဖြင့် ရိုက်ပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး (၁)နောက်ပိတ်နှင့် (ည)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွ ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆို

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်း

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွ ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

* * *




www.burmeseclassic.com

www.burmeseclassic.com

# လာဘ်ဖွင့်လက်ဆောင်

သက်နှင်းဆွေ (မုံရွာ)



(၁)

လွန်ခဲ့သည့် ငါးနှစ်လောက်က ဖြစ်သည်။

ထိုနှစ်က အောက်တိုဘာလကတည်းက ကျွန်တော် ကျန်းမာရေး ရက်တရက် ညှံ့သွားခဲ့သည်။ တစ်လခွဲလောက် ဘာအလုပ်မှ မလုပ်နိုင်တော့။ အလုပ်မလုပ်နိုင်၍ ဝင်ငွေမရှိရုံသာမက၊ ဆေးဖိုးဝါးခက ကုန်သေးသည်။ ထို့ပြင် ကျန်းမာရေး ညှံ့သွားတာကလည်း မစားနိုင်၊ မသောက်နိုင်လောက်အောင် အိပ်ရာထဲ လဲသွားတာ မဟုတ်။ အလုပ် မလုပ်နိုင်ရုံ နေထိုင်မကောင်းဖြစ်နေခဲ့ခြင်းသာ ဖြစ်သည်။ နဂိုကတည်းက အစားအသောက်တွင် ဇီဇာကြောင်လှသည့် ကျွန်တော်က နေမကောင်းထိုင်မသာဖြစ်နေချိန်တွင် ပိုပြီး ကဂျီကဂျောင် ကျမိသေးသည်။ ဟိုဟာ မစားဘူး။ သည်ဟာ စားမယ် စသည်

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် နှုတ်မြိန်မည်ထင်တိုင်း စိတ်ကူးတည့်ရာ ဝယ်ခိုင်းနေမိသည်။ ချက်ပြုတ်ကြော်လှော်ခိုင်းနေမိသည်။ သည်လို တစ်လခွဲလောက် ထိုင်စား၊ ထိုင်သုံးနေရုံနှင့်ပင် ကျွန်တော့် ငွေကြေးကိစ္စက သိသိသာသာ ကျပ်တည်းသွားရတော့၏။ ငွေလိုတိုင်း မိဘတွေဆီ လှမ်းတောင်းပြီး သုံးလာရတာကိုလည်း ကြာတော့ အားနာလာသည်။ နေကောင်းစဉ်က ရေးထားသည့် စာမူလေးတွေအတွက် စာမူခ တချို့တော့ ရနေပေမယ့် ပြောပလောက်သည်မဟုတ်။ သို့သော် ထို စာမူခ ရတာလေးတွေနှင့် လက်ကျန်ငွေလေးတွေကိုပင် ချွေချွေတာတာ ချိုးချိုးငုံငုံ သုံးနေခဲ့ရတော့သည်။

တကယ်တော့ ကျွန်တော့်ဘဝတစ်လျှောက်လုံး ငွေကို အလေးထားခဲ့သည်မဟုတ်။ လူ့ဘဝမှာ ငွေရှိမှ ဖြစ်တာ ဆိုသည့် အမြင်ကိုလည်း လုံးဝ လက်ခံခဲ့သူမဟုတ်။ ဘဝတွင် ကဗျာကိစ္စ စာပေကိစ္စတို့နှင့် ပတ်သက်သည့် ကိုယ့်ယုံကြည်ချက်တွေနှင့်သာ ဦးမည့်တည့်တမ်း လျှောက်လှမ်းနေခဲ့သူဖြစ်သည်။

အမှန်ကို ဝန်ခံရလျှင် ယခုတိုင်လည်း "ဘဝမှာ ငွေရှိမှ၊ ငွေသာ အဓိက" ဆိုသည့် အတွေးအခေါ်မျိုး ကျွန်တော့် ရင်ထဲတွင် ရှိမနေသေးတာ သေချာပါသည်။ အထိုက်အလျောက် လိုအပ်သည်ဟုတော့ နားလည်လာရ၏။ အထူးသဖြင့် နေ့စဉ် ရှင်သန်သုံးစွဲဖို့အတွက်သာမက၊ မကျန်းမမာဖြစ်ချိန်မျိုးအတွက်ပါ ကြိုတင်စဉ်းစားထားသင့်ပါလားဟု တွေးဖြစ်လာပါသည်။

(၂)

အလုပ်ကိစ္စ၊ ငွေကြေးကိစ္စ ဆိုတာမျိုးကလည်း (ဝင်ငွေနည်းတာ များတာ အပထား) ပုံမှန်လည်ပတ်နေချိန်မှာ ဘာမှ မသိသာလှ။ သို့သော် ပုံမှန်လည်ပတ်တာ ရပ်တန့်သွားသည်နှင့် ပြန်လည် စီးဆင်းလည်ပတ်နိုင်ဖို့ တော်တော် အားစိုက်ရတော့သည်။ ကျွန်တော်သည် ဆရာကောင်းတို့ထံမှ ပညာကောင်းတို့ ရထားခဲ့သော်လည်း ကြီးကြီးမားမား အခက်အခဲမရှိသေးလျှင် ဘာမှ ထ,မလုပ်တတ်ခဲ့ပါ။ ရပ်တည်လို့ ရနေသေးသရွေ့ ကဗျာလေးဖတ်လိုက်၊ စာလေးဖတ်လိုက်၊ စိတ်ပါမှ စာလေးရေးလိုက်ဖြင့်သာ နေတတ်ခဲ့၏။

ယခုလို အခက်အခဲကြုံလာမှ အားကိုးရာ ရှာရပြန်တော့သည်။ ကျွန်တော့်ဆရာ သင်ပြခဲ့သည့် "နှင်းဆီပန်းလှူတာမျိုး" "လက်ဖက်ပွဲလေးလှူတာမျိုး" တွေကိုလည်း ထလုပ်ရတော့သည်။ ထိုက်သင့်သလောက်လည်း ထူးခြားပါသည်။ ထိုရက်ထဲမှာပင် ညီမလေးတစ်ယောက်က ငွေနှစ်သောင်းနှင့် စားဖို့သောက်ဖို့ ပစ္စည်းတွေဝယ်ပို့ပြီး ကန်တော့သွားသည်။ ကျန်းမာရေးသိပ်မကောင်းသေးသည့်ကြားမှပင် "သပြေကိုးသိန်း ငွေကိုးသိန်း" အဓိဋ္ဌာန်ကိုပါ ဝင်ဖြစ်သည်။ အဓိဋ္ဌာန်ဝင်ပြီး သုံးရက်လောက်အတွင်းမှာပင် ကျွန်တော့်အလုပ်ကို တချို့ ပြန်လုပ်နိုင်ခဲ့၏။ ရစရာရှိသည့် ငွေတချို့လည်း ပြန်လာသည်။

(၃)

"အဲဒါကြောင့်ပြောတာပေါ့ကွယ်။ ကျန်းမာရေးကောင်းတုန်းမှာ အလုပ်ကိုလည်း ဖိဖိစီးစီး ကြိုးစားထားရမယ်။ ထိုက်သင့်တဲ့ "စရဏ" ကုသိုလ်လေးတွေကိုလည်း ပုံမှန်ဆော ဖြည့်ကျင့်ထားသင့်တယ်ဆိုတာ။ နေထိုင်မကောင်းဖြစ်ချိန်မှ စိတ်သွားတိုင်း ကိုယ်ပါတော့တာ မဟုတ်ဘူးကွယ့်"

နေပြန်ကောင်းစတွင် ကျွန်တော် အဓိဋ္ဌာန်ဝင်နေတာ တွေ့တော့ ဆရာ ကျေနပ်သွားဟန်တူ၏။ ဆရာ့မျက်နှာပြုံး နေသည်။ ကျွန်တော့်ဘုရားကျောင်းဆောင်ထက်မှ "သပြေ ကိုးသိန်း" လှူထားသည့် ငွေအိုးလေးကို ကြည့်သည်။ ကန် တော့ပွဲလှူထားတာတွေကို ကြည့်သည်။ ပြီးလျှင် ကျွန်တော့် စာဖတ်ခန်းထဲမှ ဝိုက်ဘုတ်ကို ဘုရားကျောင်းဆောင်ရှေ့တွင် ချိတ်ခိုင်းပါသည်။ ဖိုက်ဘာပြားကို အလူမီနီယံဘောင်ကွပ် ထားသည့် ဝိုက်ဘုတ်ကြီးတွင် ဆော့ပင်အနီဖြင့် စမပုံတော် တစ်ဆူကို ဆရာရေးဆွဲလေသည်။ ရေးဆွဲနေရင်းနှင့်လည်း ပါးစပ်မှ ဂါထာတွေ ရွတ်နေသေး၏။

ဝိုက်ဘုတ်ပေါ်တွင် အနီရောင် စမပုံက လှပခန့်ထည် နေသည်။ ပြီးလျှင် သိဒ္ဓိတင်ခြင်း၊ အသက်သွင်းခြင်းတို့ ပြု ပြန်၏။ မေတ္တာသုတ်ပရိတ်တော်ကြီးကိုလည်း အထပ်ထပ် ရွတ်ပွားနေတာ သတိထားမိပါသေးသည်။

"အဲဒါ ငွေကြေးကိစ္စအတွက် အလွန်လာဘ်ရှင်စေတဲ့ စမကြီးပဲကွဲ့။ ခနသိဒ္ဓိနက္ခတ်နဲ့ ကြုံတဲ့ အချိန်မျိုးမှာ ထိထိ မိမိ စီရင်နိုင်ရင် ခနသိဒ္ဓိတောင် ပေါက်စေနိုင်တယ်။ အခု လည်း အဝင်နက္ခတ်နဲ့ ကြုံတုန်း စီရင်ပေးလိုက်တာပဲ။ အမွှေး နံ့သာနဲ့ အမြဲပူဇော်ပေး။ မေတ္တာသုတ်နဲ့ သမ္ဗုဒ္ဓေ မင်္ဂလာ ဂါထာတွေကိုလည်း နေ့စဉ် မွမ်းထုံပေး။ ထူးလိမ့်မယ်"


ထို့နောက် ဆရာက ကျွန်တော့်စာရေးစားပွဲပေါ်မှ စက္ကူ ဖြူတစ်ရွက်ကို ဆွဲယူကာ ခဲတံဖြင့် စမပုံဆွဲပြန်၏။ ပြီးလျှင် သိဒ္ဓိတင်သည်။ ဝိုက်ဘုတ်ပေါ်မှ ပုံနှင့် စာရွက်ပေါ်မှ ပုံမှာ တစ်ပုံတည်းဖြစ်လေသည်။

"ရော့…၊ ဒါကိုတော့ မိတ္တူကူးပြီး ဖယောင်းတိုင်မှာ ပတ်။ တစ်နေ့ တစ်တိုင်လောက် မီးထွန်းပြီး ပူဇော်ပေး။ ဖယောင်းတိုင်မှာ ပတ်ပြီး မီးထွန်းခိုင်းတယ်ဆိုပြီး သာမန် တော့ မထင်နဲ့ကွဲ့။ လူအများ ပြောဆိုနေသလို "အင်း ဖယောင်းတိုင်" လည်း မဟုတ်ဘူး။ ဆေးဖယောင်းတိုင်လည်း မဟုတ်ဘူး။ သီလရဲ့ စွမ်းအား၊ သစ္စာရဲ့ စွမ်းအား၊ မေတ္တာရဲ့ စွမ်းအားတွေနဲ့ လောကီပညာရဲ့ လျှို့ဝှက်ချက်နှစ်ကောင်း တစ်ခုကို ပေါင်းစပ်ထားတာ။ လုပ်ငန်းတွေ ရပ်သွားတဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



နေသွားတဲ့ အချိန်မျိုးမှာ အဓိက သုံးရတယ်။ ငွေဝင်တာ နေသွားချိန်၊ လာဘ်ပိတ်သွားချိန်မျိုးမှာ သာမန် ယတြာ ောက်နဲ့ ပြန်ပွင့်လန်းဖို့ မလွယ်တော့ဘူး။ အဲဒီအချိန်မျိုး ာ ပညာစွမ်းအား၊ သစ္စာစွမ်းအားတွေနဲ့ လာဘ်ပြန်ဖွင့်ရ ယ်။ လုပ်ငန်းအရှိန် ပြန်မြှင့်ပေးရတယ်။ ဒီအစီအမံက ာ၊ ယ၊ ဏ၊ ဌ" ဆိုတဲ့ စမကြီးလေးလုံး။ "စ၊ မ၊ ဗ၊ ဝ" ဆိုတဲ့ စမကြီးလေးလုံးတွေကို "စ"ကာရောစ ဗုဒ္ဓရူပံကုသလံ နဲ့ နမောဗုဒ္ဓါ ယျ "စ"ဆိုပြီး ရတနာသုံးပါးကို ပူဇော်သမှု ပြီးစီမံထားတာ။ ဘာမှ ထွေလီကာလီ မထွေးနဲ့။ ရတနာ သုံးပါးဂုဏ်ကို "စမ"နဲ့ ပူဇော်တာလို့ပဲ မှတ်။ အလွန်စွမ်းအား ကြီးတယ်။ ပုထုဇဉ်တို့ရဲ့ ဘဝမှာ ရံဖန်ရံခါ ကြုံတတ်တဲ့ မြင်အပ်တဲ့ အနှောင့်အယှက် အတိုက်အခိုက် ဘေးရန် တွေ၊ မြင်အပ်တဲ့ ဘေးရန်တွေကို ရှင်းလင်းပေးနိုင်စွမ်းတယ်။ အထူးသဖြင့်တော့ လာဘ်ပွင့်စေတယ်"

စာရွက်လေးကို မိတ္တူကူးစေကာ ဖယောင်းတိုင် ခြောက်တိုင်ထုတ်မှ တစ်တိုင်တွင် ကော်နှင့် သုတ်ပြီး ပတ် ာ ထွန်းပေးလေသည်။ ကျွန်တော်သည် ဆရာကိုယ်တိုင် ိမ်တိုင်ယာရောက်လာပြီး လိုအပ်တာတွေ စီမံပေးနေသဖြင့် အားတက် ဝမ်းမြောက်နေမိ၏။

"ဒါနဲ့ ဆရာရယ်။ ဒီလို "စမ"တွေကို မိတ္တူကူးပြီး ထွန်းပေးတာကရော ထိထိရောက်ရောက် အာနိသင်ရှိပါ့ သား"

ကျွန်တော့်စကားကြောင့် ဆရာက ကျွန်တော့်မျက်နှာ ကို စူးစူးနစ်နစ်ကြည့်သည်။

"စပြီး စီရင်ပေးတဲ့ ဆရာရဲ့ သီလသမာဓိအစွမ်း၊ စေတနာအစွမ်းက အရေးကြီးဆုံးပဲကွယ့်။ ပြီးတော့ ကူးပြီး သုံးပါဆိုတဲ့ နှုတ်မိန့်ကလည်း အရေးကြီးတယ်။ မောင်သက် နှင်းဆွေတင် မကပါဘူး။ တခြားသူတွေလည်း ကူးသုံးနိုင်ပါ တယ်ကွယ်။ ဆောင်းပါးထဲမှာ ထည့်ရေးပြီး လက်ဆောင် ထည့်ပေးချင်ရင်လည်း ပေးနိုင်ပါတယ်။ ထိုက်သင့်တဲ့ အကျိုး အာနိသင် တကယ်ပဲ ဖြစ်စေပါတယ်ကွယ်။ မယုံရင် လက်တွေ့စမ်းကြည့်ပါ။ ဒါဟာ ဆရာ့ရဲ့ "လက်ဆုပ်ပညာ" တစ်ခုကွယ့်။ လျှို့ဝှက်ချက်တစ်ခုပဲ။ အဲဒါကို အခုဖွင့်ပေး နေတာ"

ဆရာက ထိုမျှသာ ပြော၏။ တချို့ကိစ္စတို့တွင် ကျွန်တော်တို့ ဉာဏ်မမီသည့် ပညာခန်းတို့ကို အသေးစိတ် ပြောပြမနေတော့ဘဲ ဆရာကိုယ်တိုင် သည်လိုပင် စီရင် ပေးတတ်လေသည်။ ထို့ကြောင့် ကျွန်တော်လည်း ဘာမှ ထပ်မမေးဖြစ်တော့။ ဆရာ စီရင်ပေးတာကိုပဲ ဝမ်းသာ ကျေနပ်နေရတော့၏။

"ပြီးတော့ ဟိုတစ်ခါ "နေထွက် လထွက် စီးပွား တက်"ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပြောဖို့ ကျန်သေးတယ်။ စီးပွားရေးလုပ်ငန်းမှာ ကြီးကြီးမားမား အောင်မြင်ချင်ရင်၊ အနု ပညာကိစ္စ၊ စာပေကိစ္စတွေမှာ အောင်မြင်ကျော်ကြားချင်ရင်၊ မိသားစုသိုက်သိုက်ဝန်းဝန်းနေထိုင်ပြီး ပါရမီဖြည့်သွားချင်ရင် ဆောင်သင့်တဲ့ အဆောင်တစ်ခုကတော့ ဒီစမပဲကွဲ့ အဲဒီ စမရဲ့ ထိပ်မှာ ပါတဲ့ "စ၊ မ၊ ဗ၊ ဝ"ဆိုတာရယ်က "နေဓာတ်" "လဓာတ်"ကို စီမံထားတာ။ ကတ်ကင်းသဘော၊ ဗိုဓာတ် မဓာတ်သဘောတွေနဲ့ ဘက်ညီအောင် စီမံထားတာကွယ့်။ ဒီအစီအရင်မှာ လျှို့ဝှက်ချက်တွေ ပါတယ်။ ဒီလို ပုံကြီးကြီးနဲ့ပဲ ဖြစ်ဖြစ်၊ ပုံသေးသေးလေးကို မှန်ဘောင်သွင်းပြီးဖြစ်ဖြစ် ကျကျနန ဆောင်ထားသင့်တယ်"

ဆရာပြောသမျှ ကျွန်တော်နားထောင် မှတ်သားနေ ဖြစ်၏။

"ပြီးတော့ နေနဲ့ လနဲ့ ပါတဲ့ ပုံတစ်ပုံကိုလည်း ဘုရား ကျောင်းဆောင်ရဲ့ ထိပ်မှာ ကပ်ထားသင့်တယ်။ အဲဒါက တော့ နေလဘုရားရဲ့ မှန်ဦးက ပုံကို ဆရာအကြိုက်ဆုံးပဲ။ ဆရာကတော့ ဟောဒီပုံကို ပုံကြီးချဲ့ပြီး ကပ်ထားတယ်"

ဆရာထုတ်ပေးသည့်ပုံမှာ သာသနာ့အလံပေါ်တွင် "နေမင်း" နှင့် "လမင်း" ပုံ ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။ မှတ်မှတ်ရရ နေလဂျာနယ် အယ်ဒီတာချုပ် ဆရာ နွယ်ဦး လှိုင်က ထိုပုံမျိုးလေး လက်ဆောင်ပေးဖူး၏။ ကျွန်တော့် မှတ်စုစာအုပ်ထဲတွင် အဆောင်တစ်ခုအဖြစ် ညှပ်ထားခဲ့ဖူး တာ ပြန်သတိရလိုက်၏။

"ဂမ္ဘီရ ဆရာကြီးတစ်ဦးက ဆရာ့ဓာတ်ခန်းအတွက် လက်ဆောင်ပေးသွားတာကွယ့်။ ဆရာ့အခန်းအတွက် တစ်ပေလောက်ရှိတဲ့ ပုံကြီး "ဓာတ်ပုံ"နဲ့ ကူးပြီး ချိတ်ထား တယ်။ မောင်သက်နှင်းဆွေအတွက်တော့ နေလဘုရားမှန်ဦး က ပုံကိုပဲ ရအောင်ရှာပြီး ဆောင်ထားစေချင်တာကွယ်။

www.burmeseclassic.com

စာပေအနုပညာလောကမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်စေချင်လို့ပါ။ တစ်လက်စတည်း ပြောလိုက်ဦးမယ်။ အခုကျန်းမာရေးပြန်ကောင်းလာပြီပဲ၊ စာရေးတာကို ဇောက်ချပြီး ရေးတော့ကွယ်။ အရွယ်ကောင်းတုန်း တွန်းတိုက်ပြီး ရေးလိုက်စမ်းပါ"

ထိုနေ့က ကျွန်တော်တို့ စာပေအနုပညာလုပ်ငန်းအတွက် "နေ"နှင့် "လ" ၏ဆောင်အကြောင်းကိုပါ ဆရာက အသေးစိတ် ညွှန်ပြသွားပြန်၏။ လာဘ်ပွင့် ငွေဝင်စေသည့် "စမ"ပုံတော်ကိုလည်း "ဆောင်ရန်"အတွက်ရော၊ "မီးထွန်းပြီး ပူဇော်ခြင်း" ပြုနိုင်ရန်ပါ အထပ်ထပ်ညွှန်ကြားသွားလေသည်။

"ဒါကိုရော ဆောင်းပါးထဲ ရေးထည့်လို့ ရမလား ဆရာ"

"ရေးချင်ရင်တော့ ရေးပေါ့ကွယ်။ တစ်ခုတော့ ထပ်မှာလိုက်ဦးမယ်ကွယ်။ "ဂါထာပေး ဖေးဖြစ်"ဆိုတဲ့ စကားလိုတော့ မဖြစ်စေနဲ့။ တကယ့်စွမ်းအားရှိတဲ့ အဆောင်တစ်ခုကွယ်။ တကယ်လည်း အကျိုးရှိလို့ စီမံပေးခဲ့တာ။ ဆောင်းပါးထဲမှာ ထည့်ရေးလိုက်လို့ အပေါ်စား အဆောင်ယတြာတစ်ခုလို့ မှတ်ယူမသွားမိအောင်တော့ အထပ်ထပ် သတိပေးပြီး ရေးလိုက်ပါ"

ထိုနေ့က ဆရာပြန်ခါနီးတွင် ကျွန်တော့်လက်ထဲသို့ ငွေသုံးသောင်းထည့်ပေးသွား၏။

"ကန်တော့ပွဲအတွက် လိုတာ သုံးပါကွယ်။ မောင်သက်နင်းဆွေလည်း စားချင်တာလေးတွေ ဝယ်စား"

ဟု မှာသွား၏။ ဆရာ့စေတနာကို မငြင်းသာခဲ့။ လိုအပ်တိုင်း ဆရာထုတ်ပေးနေကျဖြစ်သည်။

(၄)

ထိုနေ့မှစကာ ကျွန်တော့်ငွေဝင်လမ်းလေး ပြန်လည်ပွင့်လင်းလာခဲ့တာ သိသိသာသာပင်ဖြစ်သည်။ တစ်ပတ်အတွင်းမှာပင် ထူးခြားမှုလေးတွေ ထပ်ဖြစ်လာပြန်၏။ အထူးသဖြင့် ကျွန်တော်နှင့် အဆက်အသွယ်ပြတ်နေတာ ကြာခဲ့ပြီဖြစ်သည့် "ကောင်းကျော်"စာပေတိုက်မှ ကျွန်တော့်မိတ်ဆွေကြီး "ကိုခင်မောင်"က ကျွန်တော့်အိမ်သို့ ရောက်လာသည်။ ကျွန်တော်လိုအပ်တာ သုံးဖို့ဆိုပြီး ငွေတစ်သိန်းတိတိပေးသွား၏။ ပြီးနောက် ကျွန်တော်ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည့် "ချမ်းသာခြင်းဆီသို့ ခြေလှမ်းများ" "အောင်မြင်ချမ်းသာ"နှင့် "အောင်အတိတ် အောင်နိမိတ်" စာအုပ်သုံးအုပ်ကို ပေါင်းချုပ်အဖြစ် ထုတ်ဝေဖို့ တောင်းဆိုပြန်သည်။ ကျွန်တော်ကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ခွင့်ပြုလိုက်ပါသည်။

ထို့ပြင် ကျွန်တော့် ဂမ္ဘီရဆောင်းပါးစုစည်းမှု ပဌမအုပ်ဖြစ်သည့် "နေထွက် လထွက် စီးပွားတက်" စာအုပ်ကို စာအုပ်တိုက်ကြီးတစ်တိုက်မှ စိတ်ဝင်စားသည်ဆို... ကိုခင်မောင်ကပင် စာမူပိုင်ကြီး တောင်းယူသွား၏။ တစ်... အတွင်း အကြောင်းပြန်မည်ဟုလည်း ပြောသွားသည်။ ထို... ထဲမှာပင် ကျွန်တော့်တပည့်လေး စိုင်းငွေလင်းဦးကလ... ကျွန်တော်ထွက်ထားသည့် ဂမ္ဘီရဆောင်းပါး စာအုပ်တွေ... အချစ်ဂမ္ဘီရဝတ္ထုလေးတွေကို ကုမ္ပဏီတစ်ခုနှင့် ဆက်သွ... ကာ အင်တာနက်ဈေးကွက်တွင် တင်ပေးမည်ဟု ဆို... စာမူပိုင်တွေ ယူသွားပြန်၏။

ဤကိစ္စတို့ကို တိုက်ဆိုင်မှုဟုဆိုလျှင် ပညာရပ်အ... ကျေးဇူးကန်းခြင်းသာ ဖြစ်ပေမည်။ အဓိဋ္ဌာန် စရဏကုသ... တွေကိုလည်း ကျေးဇူးကန်းရာရောက်ပေလိမ့်မည်။ လော... ကြီးတွင် အကြောင်းရှိမှသာ အကျိုးဖြစ်ခြင်းသည်... အကြောင်းတရားကင်း၍ဖြစ်သော လောကအကျိုးဟူ၍... ဤသို့ ကျွန်တော် စွဲမှတ်ယုံကြည်ပါသည်။ ဤအဓိ... ကျင့်စဉ်၊ အဆောင်ယတြာတို့သည်လည်း အမှန်ပင် ထ... တစ်ရာ အထောက်အပံ့ဖြစ်စေသည်ဟု ကောင်းစွာ ယုံကြ... ပါသည်။ ကျွန်တော့်ဆရာညွှန်ပြခဲ့သည့် စီမံပေးခဲ့သည့် "... နှင့် လ"အဆောင်ကို ဖြစ်စေ၊ "လာဘ်ပွင့် စမအဆောင်... ဖြစ်စေ၊ "လာဘ်ပွင့် ဆီမီးပူဇော်ခြင်းကို ဖြစ်စေ၊ ယုံကြ... သုံးစွဲလိုသူတို့အတွက် စေတနာရှေ့ထား၍ လက်ဆောင်... လိုက်ပါသတည်း။

(၅)

အလင်းတိုင် ပူဇော်လိုသူများ ပုံကို မိတ္တူကူးပြီး ... ဆောင်၏ အပြင်ဘက်မှ စာရွက်ပိုတွေကို ဖြတ်ထုတ်ပ... အရွယ်အစားအနေတော် ဖယောင်းတိုင်မှာ ပတ်ပါ။ ... အပြင်ဘက်မှ ထားပြီးပတ်ပါ။ ပြီးက လင်ပန်းထဲမှာ ထည့်... မောရသုတ်ပရိတ်ကို ရွက်ကာ သိဒ္ဓိတင်ပါ။ သုံးခေါက်... ပါ။ မကြာခဏ အလင်းတိုင် ထွန်းညှိပူဇော်ပေးပါ။ ... လာဘ်ပွင့်ပါလိမ့်မည်။ ထို့အပြင် ဂန္ဓာရီအကျင့်ကို သက်... ယုံကြည်သော ပုဂ္ဂိုလ်တို့၏ ဘုရားဆောင် စာတ်ခ... တွင် နေစာတ်၊ လစာတ်ပုံများကို ပုံစံမျိုးမျိုးဖြင့် ထားရှိ... ကြပါ၏။ လောကီမှု အဆောင်ယတြာစာတ်သဘောတ... သုံးစွဲသူတို့၏ နေအိမ် ဘုရားကျောင်းဆောင်၊ ဘုရားခ... တွင်လည်း နေမင်း၏ အမှတ်တံဆိပ်၊ လမင်း၏ အမှ... တံဆိပ်တို့ကို ထားရှိတတ်ကြ၏။ နေလဘုရားမှ ပုံကို ... စေ၊ အခြား နေနှင့် လအမှတ်တံဆိပ်ကို ဖြစ်စေ အောင်မြ... ထင်ရှားမှု ပြည့်စုံမှု အမှတ်တံဆိပ်အဖြစ် ဆောင်လိုသ... ဆောင်ထားနိုင်ရန် တင်ပြအပ်ပါသတည်း။■

အားလုံးသတ္တဝါချမ်းသာပါ...

* * *

သက်နှင်းဆွေ-ထူး...

www.burmeseclassic.com

www.burmeseclassic.com



# ဂါထာအစွမ်းဖြင့် သေလမ်းမှလွဲဖယ်

မောင်တင်ကြွယ် (ပြည်)

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ဒီးကုန်းမြို့နယ်အစ (ရန်ကုန်ဘက်မှ အဝင်) နေရာ၌ လူစီး ကုန်တင်ယာဉ် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့ပါသည်။ ထိုကားမှာ ရန်ကုန်မြို့ ကီလီ(ယခု ဝါးတန်းလမ်း)ဂိတ်မှ ည ၉နာရီခွဲသာသာလောက်တွင် ထွက်၍ လမ်း၌ လူတင်လူချ ကုန်တင်ကုန်ချလုပ်ရင်း နံနက် ၃နာရီခန့်မှာ ဒီးကုန်းမြို့နယ်အစသို့ ရောက်ခဲ့သည်။ အချိန်မှာ ယာဉ်သွားယာဉ်လာ ကင်းရှင်းချိန်ဖြစ်သော်လည်း လမ်းက မကောင်း။ ခရီးသည်နှင့် ကုန်က အပြည့်မို့ ယာဉ်မောင်းမှာ ဂရုစိုက် မောင်းနှင်နေရသည်။

ထိုအချိန်မှာပင် မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသည့်ယာဉ်အား တိမ်းရှောင် လမ်းပေးရာက လမ်းပခုံးသားကျွံကာ တိမ်းမှောက်သွားခဲ့သည်။ အချိန်မှာ လူများ အိပ်မောကျချိန်ဖြစ်၍ ယာဉ်တိမ်းမှောက်သည့် "ဝုန်း" ဟူသောအသံက တာလမ်းနံဘေးရှိ အိမ်များမှ ရွာသားများအား လန့်နိုးစေခဲ့သည်။

ခပ်သွက်သွက် ရွာသားတစ်ဦးက "ကားမှောက်တာဟေ့၊ ကားမှောက်တာ"ဟု အော်ဟစ်လိုက်သဖြင့် အခြားရွာသားများပါ အိမ်ပြင်ထွက်ကြည့်ကြသည်။ ဘတ်စ်ကားကြီးက လမ်းဘေး၌ တုံးလုံးလဲကျနေသည်။ ရွာသားများ ကားအနီးသို့ အရောက်တွင် ခရီးသည်အမျိုးသား သုံးလေးဦး ကားတွင်းမှ တိုးဝှေထွက်လာသည်။ ခရီးသည်အချို့က ကားတွင်းရှိ ကုန်များနှင့် ပိညက်၍ ထွက်မရ။

www.burmeseclassic.com

ရွာသားများက ကုန်ပစ္စည်းများအား ဖယ်ရှားရှင်းလင်းကာ ခရီးသည်များအသက်ကို ကယ်တင်ပေးသည်။ သို့သော်လည်း အချို့ခရီးသည်များမှာ ကုန်ပစ္စည်းများနှင့် ပိညှက်နေဆဲ။ ကြက်သွန်အိတ်၊ အာလူးအိတ်များမှာ အိတ်လိုက်ဆွဲထုတ်မရ။ ထိုးခွဲဖောက်၍ အလျဉ်းသင့်သလို အပြင်ရောက်အောင် လုပ်ယူရသည်။ ခရီးသည် ၁၀ဦးခန့် အပြင်သို့ ရောက်လာသည်။

ထိုင်ခုံနှင့် ကုန်များအကြား ညပ်လျက် သတိလစ်နေသော ကိုလှိုင်ကြည်မှာ ရွာသားများ၊ ခရီးသည်များ၏ ဆူညံစွာ ပြောဆိုနေသည့် စကားသံများကြောင့် သတိပြန်လည်ရလာသည်။ သူ့ဘေး၌ မိခင်ကြီးမှာ အိတ်ကြီးတစ်အိတ်နှင့် ညပ်လျက် သတိမေ့မြောနေသည်ကို စမ်းမိသည်။ သူကိုယ်ပေါ်၌ ပိနေသည့် ကုန်အိတ်အား တွန်းဖယ်ကြည့်တော့ လွတ်သွားသည်။ မိခင်ကြီး၏ ကိုယ်ပေါ်မှ အိတ်ကို ဖယ်ဖို့ ကြိုးစားသည်။ မရ၊ ဟိုတွန်း ဒီဖယ်လုပ်ရင်း သူ့ခေါင်းပေါ်၌ ကားပြတင်းတစ်ချပ်ကို စမ်းမိသွားသည်။ ထိုတံခါးကိုပင် သုံးလေးချက် လှုပ်တွန်းလိုက်၍ တံခါးပွင့်သွားသဖြင့် ကားတွင်းမှ ထွက်နိုင်ခဲ့သည်။

"ဟာ··· ဒီမှာ ခရီးသည်တစ်ယောက် ထွက်လာတယ်။ လာတွဲကြပါဦး"ဟု ဆိုပြီး ရွာသားနှစ်ဦးက သူ့အားဖေးကူတွဲခေါ်သည်။ သူက ကားထဲ၌ သူ့အမေ သတိလစ်ပြီး ပိညပ်နေသေးကြောင်း ပြောပြသည်။ သူ ထွက်လာခဲ့သည့် တံခါးပေါက်မှ ရွာသားတစ်ဦးက ဝမ်းလျားထိုး ဆင်းသွားသည်။

တွေ့သည့် ကုန်အိတ်ကြီးအား ခွဲဖွင့်လိုက်သဖြင့် အိတ်ထဲမှ အာလူးများ တဖြောဖြောထွက်ကျသွားသည်။ အလားတူပင်၊ တွေ့ရာ ကြက်သွန်အိတ်၊ အာလူးအိတ်တို့ကို ဖောက်ခွဲလိုက်၍ ဖိတ်ကျသည်က ကျ၊ သယ်ထုတ်ရသည်ကို သယ်ထုတ်လိုက်နှင့် သတိလစ်နေသော အမျိုးသမီးကြီးတစ်ဦး၊ လက်ကျိုးသွားသည့် အမျိုးသမီးတစ်ဦး၊ သေဆုံးနေသည့် အမျိုးသမီးတစ်ဦးတို့ကို ထပ်မံ သယ်ထုတ်နိုင်ခဲ့သည်။ မြို့နယ်မှ တာဝန်ရှိသူများလည်း လာရောက်၍ သတိလစ်နေသူ၊ ဒဏ်ရာရသူများအား ဆေးကုန်းဆေးရုံသို့ ပို့ကာ ကုသစေသည်။

ကားမှောက်၍ သေသူသေ၊ ကျိုးပဲ့ဒဏ်ရာရသူကရသည့်အထဲတွင် ပွန်းပဲ့ထိရှမှုပင် မရခဲ့သော စာရေးသူ၏ အမေနှင့် ညီအား စာရေးသူက "အမေတို့ ကံကောင်းတယ်နော်"ဟု ပြောမိရာ မိခင်ကြီး ဒေါ်ကြင်ထွေးက···

"အဲဒါကတော့ ဘုရားတန်ခိုးပေါ့ သားရယ်။ အမေ ကီလီဂိတ်ကနေ ကားဘီး စလိမ့်ကတည်းက "အဓွာန တံ" ဂါထာကိုပဲ ရွတ်ပွားရင်း စီးခဲ့တာ။ လမ်းတစ်လျှော မအိပ်ဘူး။ ကားလှူးသွားတော့လည်း ဂါထာရွတ်လျက် ကားစောင်းပြီး ဝုန်းခနဲ လဲသွားမှ အမေ သတိလစ်သွား ကွဲ"

ဟု ပြောပါသည်။

ထိုဂါထာတော်ကြီးအား မိခင်ကြီးက ပါဠိရော၊ အန အဓိပ္ပာယ်ပါ ရွတ်ဆို ရှင်းပြပါသည်။ စာရေးသူက စာရွ ဖြင့် ရေးမှတ်၍ ပါဠိပါဒ်သား ဌာန်ကရိုဏ်းကျကျ အသံထွ မှန်သည်အထိ လေ့ကျင့် အာဂုံဆောင်ပြီး နေ့စဉ် ရွတ် ခဲ့ပါသည်။ ဂါထာတော်ကြီးအစွမ်းကြောင့်ပင် ထူးခြားသော အကျိုးတရားတစ်ခု စာရေးသူ ရရှိခဲ့ဖူးပါသည်။

စာရေးသူတို့ဌာနမှ ပန်းတောင်းမြို့ လူထုအစည်းအဝေး ပွဲတစ်ရပ်သို့ သွားရောက်စဉ်က ဖြစ်ပါသည်။ အစည်းအဝေး ပွဲတွင် လူအင်အား စာရင်းအတိအကျဖြင့် တက်ရောက် သည်ဖြစ်ရာ စာရေးသူလည်း သွားရမည့် စာရင်း၌ ပါဝင် သည်။ စာရေးသူကလည်း လိုက်ချင်ခဲ့ပါသည်။ သို့သော် လည်း အကြောင်းတစ်ခုကြောင့် စာရေးသူ မလိုက်ခဲ့ စာရေးသူကိုယ်တိုင်ပင် လူစားရှာ အစားထိုး ထည့်ပေး ဌာန၌ ကျန်ခဲ့ရပါသည်။

အစည်းအဝေးပွဲအပြီး အပြန်ခရီးစဉ်တွင် ဆင်တဲ မှ ကားသုံးစီးအနက် တစ်စီး လမ်းဘေးထိုးကျ တိမ်းမှော ခဲ့သည်။ လူ ၆ဦး နေရာ၌ပင် သေဆုံး၍ အများအပြ ဒဏ်ရာရကြသည်။ အကယ်၍ စာရေးသူ လိုက်ဖြစ်ခဲ့လျှ စီးရမည့်ကားမှာ ထိုကားပင်ဖြစ်သဖြင့် ထူးခြားလွန်းလှသ ဟု ဆိုချင်ပါသည်။

စာရေးသူအနေဖြင့် ဤခရီးတွင် မလိုက်ပါဖြစ်ခဲ့ရသ မှာ သက်တော်မြဲ ဂါထာ အမြဲရွတ်ဆိုပွားများနေခြင်းကြော ပင် ဖြစ်ရမည်ဟု ယနေ့တိုင် စွဲမြဲယုံကြည်လျက် ရှိပါသည်

* * *

မောင်တင်ကြွယ်(ဆ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်း၏ စာရေးသက်တစ်လျှောက်တွင် ကိုယ်တိုင်တွေ့ကြုံကြားများသည်ပင် ပုဒ်ရေ သုံးရာအောက်မနည်းရှိ၏။ ထိုအထဲတွင် ကိုယ်တွေ့ကြုံခဲ့ဖူးသည်ကို ရေးခြင်းဖြင့် ပို၍ပင် လက်အရသာတွေ့သည်ကို ခံစားရသည်။ ထို့ကြောင့်လဲ ကိုယ်တွေ့အကြောင်းအရာများကို ရေးသားသည်က ပုဒ်ရေ ပိုများလေသည်။

ထိုအချိန်က မောင်အေးချမ်းသည် အဖေ အမွေဆက်ထားခဲ့သော လယ်ယာနှင့် ဆေးရွက်ကြီးခင်းများအပြင် အဖေ မကွယ်လွန်မီ တောပြန်းတောင်ယာနှင့် ဒီရေတော တာတမံနှစ်မျိုးကိုလည်း တိုးချဲ့ပြီးထားခဲ့၍ ထိုနှစ်မျိုးလုံးကိုပါ လူငှားနှင့်တစ်ဖုံ၊ ကိုယ်တိုင်တစ်မျိုး ကြိုးစားပြီးလုပ်ကိုင်ခဲ့ရသည်။

တောပြန်း တောင်ယာကို လုပ်ရင်းဖြင့် ယခုရေးသားမည့် အကြောင်းအရာကို တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ တောပြန်း တောင်ယာဟူသည်မှာ သစ်တော ဝါးတောများကို ခုတ်ထွင်ရှင်း လင်း မီးရှို့ပြီး သီးပင်စားပင်များကို စိုက်ပျိုးရခြင်းပင်ဖြစ်သည်။ ထိုအချိန်က မောင်အေးချမ်း၏ အသက် ၁၇နှစ်မျှသာ ရှိသေးသည်။

တောပြန်း တောင်ယာလုပ်ကိုင်ရသည်က ရိုးမတောထဲမှာ ဖြစ်၍ မောင်အေးချမ်းနှင့် တောင်ယာလုပ်ဖော်ကိုင်ဘက်များမှာ တောင်ပေါ် စိုင်ဘောင် ချင်းတိုင်းရင်းသားဖြစ်ကြသည်။ တောင်ပေါ် စိုင်ဘောင် ချင်းတိုင်းရင်းသားများသည် အလုပ်ကို စူးစိုက်ပြီး ကြိုးစားကြ၏။ ရိုးသားပြီး ပွင့်လင်းကြသောကြောင့် ချစ်ခင်နှစ်လိုဖွယ်လည်းကောင်းသည်။

သူတို့သည် မုဆိုးအလုပ်ကိုလည်း ဝါသနာပါကြ၏။ အားလပ်ရက်များတွင် စုပေါင်းပြီး အမဲလိုက်ကြသည်။ အမဲလိုက်၍ရလျှင် ရွာလယ်တွင် မီးကြီးဖိုပြီး ခေါင်ရေများဖြင့် သောက်စားကခုန်ကြသည်။ သူတို့၏ လုပ်ခင်းလယ်ယာအနီးအနားတွင်လည်း တစ်ပိုင်တစ်နိုင် ကျုံးထောင်ခြင်း၊ သုတ်ကိုင်းထောင်ခြင်းများကို ပြုလုပ်ထားကြသည်။

မောင်အေးချမ်း တွေ့ကြုံခဲ့ဖူးသော ထူးဆန်းသည့်အကြောင်းသည်လည်း ကျုံးထောင်ခြင်းမှ စသည်။ ကျုံးဟူသည်မှာ ဆင်ကျုံးများကဲ့သို့ သစ်သားကျုံးမျိုးမဟုတ်ဘဲ မြေထဲကို ကျင်းတူးပြီး အပေါ်က ဝါးကပ်အုပ်ထားသော မြေကျုံးသာဖြစ်သည်။ ထိုအချိန်သည်ကား မိုးရာသီတွင် ဖြစ်၏။

◈◈◈

မိုးဦး မိုးရေကြောင့် မီးလောင်ပြာများ ကုန်စင်သွားသည်နှင့် တာတမံကို စပါးကြဲရသည်။ ထို့နောက် မိုးမှန်လာသည်နှင့် လယ်ထွန်ရင်း ဆေးရွက်ကြီးခင်းအတွက် တောင်ကျချောင်းကြီးကို ကျောက်တုံးများဖြင့် ပိတ်ဆို့ဆည်ခတ်ထားသော ကျောက်ဆည်ကိုလည်း ကျောက်ထပ်ဖြည့်ရသည်။ ထို့နောက် လယ်စိုက်ရင်းဖြင့် တောင်ယာခင်းများကို ပေါင်းခုတ်ရသည်။

ကိုရင် လူထွက်ဖြစ်သော မောင်အေးချမ်းမှာ ထိုအလုပ်များကို လူငှားနှင့် တစ်ဖုံ၊ ကိုယ်တိုင်တစ်မျိုး အတော်လေးပင် ကြိုးစားပြီး လုပ်ကိုင်နေရ၏။ အဖေကွယ်လွန်သွား၍ ဂိလာနဖြစ်နေသော မိခင်ကြီးအား လုပ်ကျွေးရန် မောင်အေးချမ်း ကိုရင်ဘဝမှ လိင်ပြန်ခဲ့ရသည်။ ထို့ကြောင့် မည်သည့်လုပ်ငန်းကိုမျှ မကျွမ်းကျင်သဖြင့် ပိုပြီးလည်း ပင်ပန်းသည်။

လယ်စိုက်ပြီးသောအခါ နှမ်းခင်းလုပ်ရန် ခုတ်ထားသော တောင်ယာကို ပေါင်းခုတ်ပြီး နှမ်းကြဲခြင်းလုပ်ငန်းကို ဝင်ရပြန်သည်။ တောပြန်း တောင်ယာသည် တောနက်ထဲတွင်ဖြစ်၍ ရွာမှ လက်လှမ်းမမီသောကြောင့် တဲဝင်ပြီး ပေါင်းခုတ်၊ နှမ်းကြဲခြင်းကို လုပ်ရသည်။ စားနပ်ရိက္ခာများကိုလည်း တစ်ပတ်ဆယ်ရက်စာခန့် သယ်ယူသွားရသည်။ ရွာမှ လေးနာရီခန့် ပြင်းပြင်းလှမ်းမှ တောင်ယာကို ရောက်ပေမည်။

တောင်ယာနှင့် နီးလာ၍ မောင်အေးချမ်း၏ ခြေလှမ်းများ ပိုသွက်လာသည်။ တောင်ယာကို စောစောရောက်လျှင် လုပ်ငန်းခွင်ဝင်၍ ရနိုင်သည်။ မောင်အေးချမ်းက လုပ်ငန်းကို မကျွမ်းကျင်သဖြင့် အခြားလူများထက် ပိုကြိုးစားရမည်။ အချိန်ကို မလစ်စေရအောင် အကျိုးရှိရှိ အသုံးချနိုင်မှ တော်ပေလိမ့်မည်။

"ဝေး • • •ဆန်ထုပ်ကြီးနဲ့ဟာ မောင်အေးချမ်းလား၊ ခဏရပ်ပါဦး"

အသံတစ်ခုကြား၍ ကြည့်လိုက်ရာ မုဆိုးကြီး ဦးမောင်နီကို တွေ့လိုက်ရ၏။ မုဆိုးကြီး ဦးမောင်နီသည် လေးနှင့် မြားဆူးဘူးကို နောက်ကျောမှာ လွယ်ပြီး ဓားတစ်ဖက်၊ လှံတစ်ဖက် ကိုင်ကာ တောစပ်တွင် ရပ်နေသည်။ ထို့ကြောင့် အကြောင်းထူး တစ်စုံတစ်ရာရှိမည်ဟု ထင်၍ မောင်အေးချမ်းက မေးလိုက်၏။

"ဘာများလဲ ဦးမောင်နီ၊ ခဏရပ်ပါဦးဆိုတော့• • •"

ဦးမောင်နီက ဘာမှမပြောဘဲ လက်နှင့် လှမ်းပုတ်သည်သာ လုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com

ဦး လျှောက်လာနေ၏။ ရပ်နေပါဟု ဆိုသည့်သဘောဖြစ်သည်။ ဦးမောင်နီက နာမည်ကြီး မုဆိုးကြီးတစ်ယောက်လည်း ဖြစ်၏။ တောင်ယာကိုမူ အဖြစ်ကလေးမျှသာ ခုတ်လုပ်ပြီး သူ၏ အဓိကပင်ကို ဝမ်းကျောင်းရေးမှာ သားသတ်ခြင်း စသော မုဆိုးလုပ်ခြင်းသာ ဖြစ်သည်။

"ကဲ - ဆိုစမ်းပါဦး"

မောင်အေးချမ်းက ဦးမောင်နီ အနားသို့ ရောက်လာ၍ မတိုးမကျယ် ပြောမေး မေးလိုက်သည်။ ဦးမောင်နီက မောင်အေးချမ်း၏ ပခုံးက ဆန်ထုပ်ကြီးကို ချခိုင်းသည်။ ထို့ကြောင့် မောင်အေးချမ်းလည်း ဆန်ထုပ်ကြီးကို လမ်းဘေးမှာ ချပြီး သစ်မြစ်ဆုံတွင် ထိုင်လိုက်သည်။ ကိုယ်က ခွေးကိုလည်း ပုဆိုးစွန်ဖြင့် သုတ်လိုက်သည်။

"တောဝက်သားအုပ် သုံးကောင် စမ်းပေါက် တောကျွန်ထဲမှာ ရှိနေတယ်။ ဒါ ကြောင့် နင် တောင်ယာကို သွားနဲ့ဦး။ နင်သွားရင် တောဝက်တွေ ထွက်ပြေး သွားမှာစိုးရတယ်။ ငါ အဲဒီ တောဝက်တွေကို တစ်ကောင်မကျန် အောင် ကျုံးထောင်ပြီး ဖမ်းမလို့။ နင် ငါ့တဲမှာ ခဏဝင်ပြီး နားနေလိုက်ဦး"

စမ်းပေါက် တောကျွန်သည် မောင်အေးချမ်း၏ တောင်ယာကို သွားသော လမ်းဘေးတွင် ရှိနေ၏။ စမ်းပေါက်ရှိနေသောကြောင့် မြေပုတ်ဘီလူး ... လည်း ရှိနေနိုင်သည်ဟု ခန့်မှန်းမိကြ၍ တောင်ယာ မခုတ်လုပ်ရဲကြသဖြင့်လည်း တောကျွန်ဖြစ်နေရ၏။

ဦးမောင်နီက တောင်ယာကို မသွားနှင့်ဦးဟု တားထားသဖြင့် မောင်အေးချမ်း၏ စိတ်ထဲတွင် အတော်လေးပင် ကသိကအောက်ဖြစ်သွားရ၏။ ... ယ်ကို လုပ်ကိုင်နေခဲ့ရ၍ နှမ်းကြဲ နောက်ကျနေရသည့်အထဲ ယခု ဦးမောင်နီက တားမြစ်နေပြန်သဖြင့် ပိုပြီး ကြန့်ကြာ နှောင့်နှေးရမည့်ကိန်း ဆိုက်နေပြန်လေသည်။

သို့သော်လည်း တောဝက်များ တောင်ယာအနီးအနားသို့ ရောက်လာကြခြင်းမှာ မကောင်းသော လက္ခဏာကြီးတစ်ရပ်သာ ဖြစ်ချေ၏။ ဝေ.၁ဝက်ဟူသည်မှာ တောင်ယာပင်များကို အမြစ်ပါ မကျန်အောင် တူးဆွ စားသောက် ဖျက်ဆီးတတ်၏။ ထို့ကြောင့် အကာသိုလ်ကို ကြောက်၍ တောဝက်များကို ကိုယ်တိုင် မသတ်ရဲလျှင်ပင် သတ်ဖြတ်မည့် မုဆိုးအား မတားသင့်ဟု ဆိုရမည်ဖြစ်၏။

ထို့နောက် မောင်အေးချမ်း တောင်ယာကို သွားလျှင် စမ်းပေါက် တောကျွန်နားမှသာ ဖြတ်သွားရမည် ဖြစ်၍ တောဝက်များ မောင်အေးချမ်းကို မြင်ပြီး ထွက်ပြေးသွားကြလျှင် မုဆိုးကြီး ဦးမောင်နီ၏ ရလဒ်ကို နှောင့်ယှက်ရာလည်း ရောက်သွားနိုင်သည်။ ထို့အပြင် မောင်အေးချမ်းက ကျုံးထောင်ပြီး မုဆိုးများ သားကောင်ဖမ်းကြသည်ကိုလည်း တစ်ခါမျှ မမြင်ဘူးပေ။ ထို့ကြောင့် မုဆိုးကြီး ဦးမောင်နီတို့ သားအဖက တောဝက်များအား ကျုံးထောင်ပြီး ဖမ်းကြသည်ကိုလည်း လေ့လာကြည့်ချင်နေသဖြင့် မုဆိုးကြီး ဦးမောင်နီ ပြောသည့်အတိုင်း နားနေ (စောင့်ကြည့်)ရန် ဆုံးဖြတ်လိုက်ပြီးနောက် ဖက်ကြမ်းတစ်လိပ်ကို မီးညှိ ဖွာရှိုက်လိုက်သည်။

"ဘယ်လိုလဲ၊ ငါ့တဲကို သွားနေမယ်မဟုတ်လား။ ညနေစာကို ငါ တောဝက်သားဟင်းနဲ့ ကျွေးမယ်။ မနက် မိုးသောက်မှ နင့်တောင်ယာကို သွားပ။ အခုလို နင် အလုပ်သွားတာကို တားမြစ်ရတာတော့ အားနာပါတယ်။ ကိုယ်ချင်းလည်း စာပါတယ်။ ဒါပေမယ့် အဆင်ပြေမယ်မဟုတ်လား"

"ရပါတယ်။ ကျွန်တော်လည်း ကြုံတုန်း မုဆိုးကြီးတို့ တောဝက်ကို ကျုံးထောင်ပြီး ဖမ်းကြတာ လေ့လာကြည့်ချင်ပါတယ်။ ကိုယ်တိုင်တော့ (အကာသိုလ်ကို ကြောက်လို့) မလုပ်ရဲဘူး"

"ဟုတ်ပြီ၊ ဒါဆိုရင် ငါ့တဲကို သွားမယ်။ ပြီးတော့မှ ငါ့သားနှစ်ယောက်ကို ခေါ်ပြီး ကျုံးဆီကို သွားကြတာပ"

သည်နေရာနှင့် မုဆိုးကြီး ဦးမောင်နီ၏ တဲက သိပ်ပြီး မဝေးပေ။ တစ်ကုန်းကျော်လိုက်သည်နှင့် ရောက်သည်။ မုဆိုးကြီး ဦးမောင်နီသည် စိုင်ဘောင်စကားဖြင့် သူ့သားနှစ်ယောက်တို့အား ပြောနေ၏။ မောင်အေးချမ်းက သူတို့၏ စကားကို တစ်လုံးမျှ နားမလည်ပေ။ ကျုံးထောင်ပြီး တောဝက်များကို ဖမ်းသတ်ကြမည့်အကြောင်းသာ ဖြစ်ပေလိမ့်မည်။

အသက် ဆယ့်ရှစ်၊ နှစ်ဆယ်ခန့် ရှိကြမည့် သားနှစ်ယောက်တို့သည်လည်း သူတို့ဖခင် မုဆိုးကြီး၏ စကားအဆုံးမှာပင် ဓား၊ လှံ၊ ပေါက်တူး၊ သံချိတ်ကြီးတစ်ခုနှင့် တောင်းတစ်လုံးကို ယူကာ သူတို့တဲ၏ မြောက်ဘက် လျှိုကြီးဆီကို အပြေးတစ်ပိုင်းထွက်သွားကြလေသည်။

မုဆိုးကြီးနှင့် မောင်အေးချမ်းတို့လည်း နောက်မှ ခပ်သုတ်သုတ်လိုက်ကြ၏။ လျှိုကြီးအဆုံးနားကို ရောက်လျှင် မြေကျင်းကြီးတစ်ခုကို တွေ့ရ၏။ မြေကျင်းကြီးသည် အလျား ၁၀ လံ၊ အနံ ၃လံ၊ အနက် ၁၀တောင်ခန့်ရှိသည်။ မြေတွင်းကြီး ကမ်းပြိုနေ၍ မြစာနှင့် အမှိုက်သရိုက် အတော်များများ

www.burmeseclassic.com

လည်း ရှိနေသည်ကို တွေ့ရသည်။

"ဝက်ထောင်ကျုံးဆိုတာ ဒါပဲဝေး မောင်အေးချမ်းရေ။ ယာစပါး လယ်စပါးမှည့်ချိန်မှာ ရခိုင်ရိုးမထဲက တောဝက်တွေ အုပ်လိုက်ဆင်းလာကြရင် အနည်းဆုံး ဒီကျုံးမှာ တစ်ဝက်လောက်တော့ သေကြရတယ်။ ငါကလည်း ဒီအနားမှာ လယ်ကလေးတည်ပြီး ပတ်ဝန်းကျင် တောတောင်တွေကို တောင်ယာလုပ်ပြီး နေတယ်ဆိုတာ တကယ်တော့ ဒီဝက်ကျုံးကိုသာ အဓိကထားနေတာပါပဲ။ လယ်နဲ့ ယာကလည်း ပြောလောက်အောင် မရပါဘူး။ ထမင်းစားဖို့တောင် အနိုင်နိုင်ရယ်။ ဒါပေမယ့် ဒီဝက်ကျုံးကတော့ အနည်းဆုံး တစ်နှစ်ကို သုံးထောင်လောက် ပေးတယ်"

မုဆိုးကြီး ဦးမောင်နီက သူ့တောဝက်ကျုံး တန်ဖိုးရှိပုံ၊ အကျိုးကြီးပုံများကို မောင်အေးချမ်းအား ရှင်းပြနေ၏။ သူ့သားနှစ်ယောက်တို့ကမူ ဝက်ကျုံးထဲက မြေစာများကိုသာ တောင်းနှင့် ကျုံးတင်နေကြလေသည်။ မြေစာများကို ကျုံးတင်ပြီးနောက် မြေကျုံးပေါ်တွင် ဝါးလုံးများကို စီခင်းပြီး အပေါ်က ဝါးကပ်ခင်းကာ သစ်ရွက်၊ ဝါးရွက်ခြောက်များဖြင့် ဖုံးအုပ်နေကြ၏။ ထို့နောက် ဝါးကပ်အောက်က စီခင်းထားသော ဝါးလုံးအချို့ကို ဆွဲနုတ်လိုက်သောအခါ ရွက်ခြောက်များဖြင့် ဖုံးအုပ်ထားသော ကျုံးပေါ်က ဝါးကပ်ကြီးသည် ညွတ်ပတ် ညွတ်ပတ်ဖြစ်နေလေသည်။

"ကဲ - ဟုတ်ပြီ၊ တို့ စမ်းပေါက် တောကျွန်က တောဝက်သားအုပ်ကို သွားခြောက်ရအောင်။ အငယ်ကောင် တဲကို ပြန်သွား။ အမဲလိုက်ခွေးတွေကို သွားခေါ်ပြီး လိုက်လာခဲ့၊ တို့ ရှေ့ကသွားနှင့်မယ်"

ဟု ပြောလိုက်၍ မုဆိုးကြီး၏ သားငယ်သည် တဲဘက်ဆီကို ဒုန်းစိုင်းပြီး ပြေးသွားလေ၏။ မောင်အေးချမ်းတို့က စမ်းပေါက် တောကျွန်ဘက်ကို သွားကြသည်။

တအောင့်အကြာမှာပင် မုဆိုးကြီး၏ သားငယ်သည် အမဲလိုက်ခွေး သုံးကောင်နှင့် ရောက်ချလာ၏။ မုဆိုးကြီးက သူ့သားနှစ်ယောက်တို့အား စိုင်ဘောင်စကားဖြင့် ပြောဆို သင်ပြလိုက်သည့်အဆုံးတွင် သားနှစ်ယောက်သည် အမဲလိုက် ခွေးနှစ်ကောင်ကို ခေါ်ပြီး စမ်းပေါက် တောကျွန်ထဲသို့ ဝင်သွားကြလေ၏။

ခဏအကြာတွင် ဆူဆူညံညံဖြင့် ခွေးဟောင်သံများကို ကြားရပြီး တစ်ဆက်တည်းပင် တောဝက်ဟိန်းဟောက်သံများကိုပါ ကြားလာရသည်။ မုဆိုးကြီးက မောင်အေးချမ်းအား ပြုံးကြည့်ကြည့်ပြီး ခွေးဟောင်သံ၊ တောဝက် ဟိန်းဟောက်သံများဘက်ကို မေးထိုးပြသည်။ မောင်အေးချမ်းက မျက်စိအနည်းငယ် ကျယ်သွားပြီး မေးလိုက်သည်။

"မုဆိုးကြီး ကျွန်တော်တို့က ဘာလုပ်ရမလဲ"

"ဘာမှ လုပ်စရာမလိုပါဘူး။ ဒါလောက်တော့ ငါ့သားနှစ်ယောက်နဲ့ ခွေးနှစ်ကောင်က အေးဆေးပ။ နားထောင်ကြည့်ပါလား။ ခွေးဟောင်သံနဲ့ တောဝက် ဟိန်းဟောက်သံတွေက ကျုံးဘက်ဆီ တန်းသွားနေတာကို။ ဒီတော့ နင်နဲ့ ငါက လာလမ်းအတိုင်း ကျုံးဘက်ကို ပြန်လျှောက်ရုံပဲ။ ကျုံးနားကို ရောက်တဲ့အခါ တောဝက်တွေ ကျုံးထဲ ကျနေကြတာကို နင် မြင်တွေ့ရပါလိမ့်မယ်"

"တောဝက်တွေက ဒီအတိုင်း ကျုံးထဲကို ခုန်ဆင်းကြတာပဲလား"

"ဒီအတိုင်းတော့ ဘယ်ခုန်ဆ ပါ့မလဲ။ ကျုံးနားကို ရောက်တဲ့အ လူတွေနဲ့ ခွေးတွေက တအားအေ ခဲတွေ သစ်ပိုင်းတွေနဲ့ ပစ်ပေါက် ဖိလိုက်ပစ်ရတာပ။ ဒါမှ တောဝက် က လန့်ဖျပ်ပြီး တစ်ဟုန်ထိုး ထွက် ကြလို့ ကျုံးကို မသိနိုင်ဘဲ တစ်ပြု ကျသွားရတာလေ။ ကဲ - လာ ကျုံးဘက်ကို သွားကြရအောင်"

မောင်အေးချမ်းနှင့် မုဆိုး ဦးမောင်နီတို့ လာလမ်းအတိုင်း ဝက်ကျုံးဘက်သို့ မနှေးမမြန် လျှောက်လာကြ၏။ ခွေးဟောင်သံ မုဆိုးလေး နှစ်ယောက်တို့၏ မ မကျယ် အသံပြုပြီး တောဝက် နောက် လိုက်ပါနေကြသံကိုလ အတိုင်းသား ကြားနေရ၏။ ရံခါ ဝက်၏ ပြန်လည် ဟိန်းဟောက်သံ လည်း ကြားရသည်။

ထို့နောက် ပိုမိုဆူညံသော မု လေးများ၏ အော်ကြသံ၊ မြေကို တ နှင့် ရိုက်သံ၊ ခွေးဟောင်သံနှင့် တော ဝက်များ၏ အော်သံအဆုံးတွင် "ဝုန်း ဟူသော ဆူညံသံကြီးကို ကြားလိုက် လေသည်။ ထို့ကြောင့် မုဆိုး ဦးမောင်နီက တစ်ချက်ပြုံး မောင်အေးချမ်း၏ ပခုံးကို လက် ပုတ်ပြီး ပြောသည်။

"ကြားလိုက်တယ် မဟုတ်လ ဝုန်းဆိုတဲ့ အသံကြီး။ အဲဒါ တောဝ တွေ ကျုံးထဲသို့ ကျသွားကြတဲ့ အ ပဲ"

မောင်အေးချမ်း ဆတ်ခနဲ ခေါ ညိတ်လိုက်၏။ ခပ်သုတ်သုတ်သွား ကျုံးနားသို့ ရောက်၍ ကြည့်လိုက် ခြောက်ဆုပ်ခန့် ဝက်ကြီးတစ်ကော နှင့် သုံးဆုပ်ခန့် ဝက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

ကောင်တို့ကို တွေ့လိုက်ရ၏။ ဝက်မကြီးသည် မြေကျုံးကြီး၏ ထောင့်နားသို့ပြီး ဝက်ပေါက်လေးများကို သူ့နောက်မှာ ထားကာ တဝုန်းဝုန်းဖြင့် ဖိပြီး ရန်မူနေလေသည်။

လူများက ဝိုင်းအုံလာကြလေ၏။ ဝက်မကြီး၏ ရန်မူပြီး ဟိန်းဟောက်သံကလည်း ကျယ်လောင်လာလေဖြစ်၏။ ဝက်မများသည် ဝက်တောင်းများကဲ့သို့ အစွယ်မရှည်ကြသော်လည်း ဝက်မကြီး၏ အစွယ်သည်ကား ဖွေးပြီး အတော်လေးပင် အပြင်သို့ ထွက်နေသည်ကို တွေ့နေရသည်။ လုံးများသည်လည်း ဝင်းဝင်းတောက်ပြီး ပြူးကျယ်နေ၏။ အတော်ကြီးပင် ဒေါသပြင်းထန်နေသော ကျွဲကာမျိုးဖြစ်၏။

ဝက်ကလေးများ ဖရိုဖရဲဖြစ်ပြီး ကွက်ပြေးနေကြလျှင် နှုတ်သီးနှင့် ချက်ချင်းပြန်စုကာ ယောင့်မှာ ကပ်ထား တဝုန်းဝုန်းဖြင့် ရန်မူ ဟိန်းဟောက် လွတ်လမ်းမရှိတော့သော သေတွင်းထဲသို့ ကျရောက်နေရသည့်အဖြစ်ကို ဝက်မကြီး သိနေဟန်ရှိသည်။ ထို့ကြောင့်ပင် သူ၏ ဝက်ပေါက်ကလေးများကို နောက်မှာ ကာကွယ်ထားပြီး ရဲရဲကြီး တင်းခံနေပုံရသည်။ တကယ့်ရဲရဲတောက် ဝက်မကြီးပင်ဖြစ်၏။

တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိခင်စိတ်အပြည့်ရှိလေ၏။ သားပေါက်များကို နောက်မှာ ထားပြီး မုဆိုးများအား စူးစူးရဲရဲကြီး စိုက်ကြည့်ကာ လည်ချောင်းသံကြီးဖြင့် တဝေါဝေါ ဟိန်းဟောက်နေလေ၏။ ကြောက်စိတ်ကို ဝက်မကြီး၌ လုံးဝ မတွေ့ရပေ။ ထို့ကြောင့် မောင်အေးချမ်းသည် ဝက်မကြီးအား ကြည့်ရင်းဖြင့် သနားလာမိ၏။ မိခင်စိတ်ကြီးသော ဝက်မကြီးကိုလည်း နားလည်လာမိသည်။ သို့သော်လည်း မောင်အေးချမ်းက ဝက်မကြီးအား သနားစိတ်ဖြင့် နားလည်နေမိသော်လည်း မုဆိုးများမှာမူ မုဆိုးစိတ်သာ ရှိကြလေ၏။ မုဆိုးတို့၏ စာရိတ္တအတိုင်းသာ ပြုကြလေ၏။

ဦးစွာ သံချိတ်ကြီးဖြင့် ဝက်ပေါက်ကလေးတစ်ကောင်ကို ချိတ်ဆွဲပြီး တင်ကြလေသည်။ ထို့ကြောင့် ဝက်ပေါက်ကလေး၏ အော်သံ၊ ဝက်မကြီး၏ ဟိန်းဟောက်သံများဖြင့် တောလုံး ဆူညံသွားလေသည်။ ဝက်မကြီးက သံချိတ်ကို လိုက်ကိုက်ရင်းဖြင့်ပင် ဘာမျှမတတ်နိုင်လိုက်ဘဲ ဝက်ပေါက်ကလေး ကျုံးနှုတ်ခမ်းကို ရောက်လာသည်နှင့် အပေါ်မှ လှမ်းပြီး ထုသတ်လိုက်ကြရာ ဝက်ပေါက်ကလေးသည် တအော်အော်ဖြင့် အသက်ပျောက်သွားရလေ၏။

ဝက်မကြီးသည် သားပေါက်တစ်ကောင် သေဆုံးလိုက်ရပြီးနောက်၊ ထိုအဖြစ်ဆိုးသည် နောက် ကျန်သော သားပေါက်တစ်ကောင်သို့ ကျရောက်လာနိုင်သည်ကိုလည်း ကြိုသိနေပုံရ၏။ မုဆိုးများက သံချိတ်ကြီးကို ထိုးချလိုက်သည်နှင့် ထိုသံချိတ်ကြီးကို ဝက်မကြီးက အပြင်းအထန် ခံကိုက်လေသည်။ သို့သော် ဘာမျှမတတ်နိုင်ဘဲ နောက် ဝက်ပေါက်ကလေးတစ်ကောင်သည်လည်း သံချိတ်ဖျားမှာ ပါသွားရပြန်သည်။

ထိုအခါ ဝက်မကြီးသည် သံကုန်ဟစ်အော်လျက် ကျုံးနံရံ မြေကမ်းပါးကြီးကိုသာ နှုတ်သီးဖြင့် ပြင်းပြင်းထန်ထန် ဆောင့်ထိုးလေသည်။ မြေကမ်းပါးသည်လည်း၊ တဝုန်းဝုန်းဖြင့် ပြိုဆင်းလေ၏။ မုဆိုးများ ထိုးချလိုက်သော သံချိတ်ကြီးကိုလည်း နှုတ်သီးဖြင့် ဆတ်ခနဲ ဆတ်ခနဲ ဆက်ထုတ်ထား၍ ဝက်မကြီးအား ချိတ်မရဖြစ်နေသည်။

ထို့နောက် ဝက်မကြီးသည် လည်ချောင်းသံကြီးဖြင့် တဝုန်းဝုန်း ဟိန်းဟောက်လျက် ကျုံးနံရံ မြေကမ်းပါးကြီးကို နှုတ်သီးဖြင့် ဆောင့်၍ ဆောင့်၍ ထိုးနေလေသည်။ ဝက်မကြီး ဆောင့်ထိုးလိုက်တိုင်းလည်း မြေကမ်းပါးကြီးသည် တဝုန်းဝုန်းဖြင့် ပြိုဆင်းလေ၏။

"ဟိုက်ကောင်တွေ···သံချိတ်နဲ့နဲ့ ချိတ်လို့ အဆင်မပြေရင် လုံတွေနဲ့ လှမ်းထိုးကြပါလား။ တော်ကြာ မြေပြိုတွေ ပုံလာပြီး မြေပြိုအတိုင်း ဝက်မကြီး လျှောက်တက်ပြီး အပေါ်ကို ရောက်လာလို့ ဒုက္ခရောက်လိမ့်မယ်"

ဟု မုဆိုးကြီးက သားနှစ်ယောက်အား အော်ပြော၏။

မုဆိုးကြီးပြောသည့်အတိုင်းပင် တကယ်ဖြစ်လာလေ၏။ ဝက်မကြီးက တအားထိုးနှက် တိုက်ခိုက်နေသောကြောင့် ကျုံးကမ်းပါးမြေသည် တဝုန်းဝုန်းပြိုသဖြင့် ထိုမြေပုံအတိုင်းပင် ဝက်မကြီး လျှောက်တက်လာလေ၏။ ထို့နောက် ကျုံးမြေကမ်းပါးကို တဝုန်းဝုန်းဖြင့် ထိုး၍ ဖြို၏။ ထိုးဖြိုလိုက်တိုင်းလည်း ကျုံးမြေကမ်းပါးသည် တဝုန်းဝုန်းဖြင့် ပြိုဆင်းလေသည်။

မုဆိုးလေးများကလည်း ဆန်ဖွပ်သကဲ့သို့ပင် အားကောင်းမောင်းသန် လုံကိုယ်စီဖြင့် ဝက်မကြီးအား ဆောင့်ထိုးချကြလေ၏။ ဆောင့်ထိုးလိုက်တိုင်းလည်း ဝက်မကြီးသည် အောက်သို့ ပြုတ်ကျသွား၏။ သို့သော်လည်း ဝက်မကြီးသည် အလျှော့မပေးဘဲ တစ်ဟုန်ထိုး ပြေးတက်လာကာ ကျုံးနံရံကို နှုတ်သီးဖြင့် ဆောင့်ထိုးပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝက်မကြီး၏ ကိုယ်မှာလည်း လုံချက်များဖြင့် ရဲရဲနီနေလေပြီ။

ဝက်မကြီးသည် သည်းအူများ ထွက်ပြီး မျက်စိနှစ်ဖက်မှာလည်း ကန်းလျက် အပြင်ကို ထွက်နေလေပြီ။ ဝက်နှင့် မတူတော့ဘဲ သားတစ်တုံးကြီး ကဲ့သို့ပင် ဖြစ်နေလေပြီ။

အဖြစ်အပျက်သည် ယုံနိုင်ဖွယ်ပင် မရှိအောင် ဖြစ်နေ၏။ ထူးဆန်းလွန်းလှ၏။ ဝက်မကြီးသည် အားကောင်းမောင်းသန် မုဆိုးလေး နှစ်ယောက်တို့၏ လုံဖြင့် ဆောင့်ထိုးနေကြသည့်ကြားကပင် ကျူးကမ်းပါးပြိုအတိုင်း ကြောက်ခမန်းလိလိ မာန်ဖီပြီး လျှောက်တက်လာနေ၍ အပေါ်သို့ ရောက်ရန်ပင် နီးလာလေပြီ။ ထို့ကြောင့် မုဆိုးကြီးက စိုးရိမ်ပြီး အော်ပြောလေ၏။

"ဟိုက်ကောင်တွေ ဘယ်လိုဟာလဲ။ ထူးဆန်းလှချည့်လား။ မင်းတို့ ဝက်မကြီးက သေလည်း မသေပါလား။ မသေတဲ့အပြင် ပိုပြီးတောင်မှ ကြမ်းလာနေသေးတယ်။ ဒီအတိုင်း ဆက်ပြီးလုပ်နေကြလို့ ဖြစ်နိုင်ပါတော့မလား။ ဒါကြောင့် ဆက်မလုပ်ကြနဲ့တော့။ သစ်ပင်ပေါ်ကို ပြေးတက်ကြ။ ဝက်မကြီး ကျူးနှုတ်ခမ်းပေါ်ကို ရောက်လာနေပြီ။ သစ်ပင်ပေါ်ကို မြန်မြန်ပြေးတက်ကြတော့"

မောင်အေးချမ်းလည်း မုဆိုးများနည်းတူ သစ်ပင်ပေါ်ကို ပြေးတက်ရလေသည်။ မောင်အေးချမ်းတို့ သစ်ပင်ပေါ်ကို ရောက်သည်နှင့် ဝက်မကြီးသည်လည်း ကျူးနှုတ်ခမ်းကို ရောက်လာပြီး အပေါ်သို့ တက်ကာ မုဆိုးများအား ဒေါသဖြင့် ဟိန်းဟောက်ပြီး လိုက်ရှာနေလေသည်။ မုဆိုးများလည်း သစ်ပင်ပေါ်ကို အရောက်မြန်၍ တော်ပေသေး၏။ သို့မဟုတ်ပါက တွေးဝံ့စရာပင် မရှိပေ။

ဝက်မကြီးသည် ရှူးရှူးရဲရဲဖြင့် ရန်မူလျက် မုဆိုးများ တက်နေကြသော အပင်များကိုသာ တစ်ပင်ပြီး တစ်ပင် အစွယ်နှင့် ပက်လိုက်၊ ခေါင်းနှင့် တိုက်လိုက်ဖြင့် အကြိမ်ကြိမ်တိုက်ခိုက်နေလေ၏။ တစ်ကိုယ်လုံးမှာလည်း ကြည့်မကောင်း မြင်မကောင်းလောက်အောင် သွေးနှင့်ရဲရဲဖြစ်နေပြီး မျက်လုံးများထွက်၊ သည်းအူများ တန်းလန်းကျနေသည့်တိုင်အောင် ဝက်မကြီးသည် သေလည်း မသေ၊ ဇွဲမာန်လည်း မလျော့ဘဲ မုဆိုးများကို အကြိမ်ကြိမ် ရန်မူတိုက်ခိုက်ခဲ့ပြီးမှ ကျယ်လောင်စွာဖြင့် အော်လျက် တောထဲသို့ ပြေးဝင်သွားလေသည်။

သို့မှ မုဆိုးများလည်း သစ်ပင်ပေါ်မှ ဆင်းလာရဲကြ၏။ မုဆိုးကြီး ဦးမောင်နီက သက်မတစ်ချက်ကို ချလိုက်ပြီး ပြောသည်။

"သောက်ကျိုးနည်း။ ဒီလိုဝက်မျိုးကို ငါ့တစ်သက်မှာ တစ်ခါမှတောင် မတွေ့ဖူးဘူး။ သေလောက်တဲ့ ဒဏ်ရာတွေ တစ်ကိုယ်လုံး ရနေတာတောင် မသေနိုင်ဘဲ လူတွေကို လိုက်ပြီး တိုက်ခိုက်နေသေးတယ်။ မျက်လုံးနှစ်လုံးဟာလည်း မရှိတော့ဘူး။ ဒါတောင် လူတွေကို ဘယ်လိုလုပ်ပြီး မြင်သလဲ မသိဘူး။ ဟူး..."

မုဆိုးကြီးသည် ပြောရင်းက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။ ထို့နောက် မောင်အေးချမ်းဘက်ကို ကြည့်ပြီးလည်း ပြောသည်။

"တကယ် မောင်အေးချမ်း။ ငါ့တစ်သက်မှာ ဒီလို တောဝက်မျိုး တစ်ကောင်မှ မတွေ့ဖူးဘူး။ ပြောလို့တောင် ယုံနိုင်စရာမရှိဘူး။ တစ်ကိုယ်လုံးမှာ သေလောက်တဲ့ ဒဏ်ရာတွေ ဗရပွဖြစ်နေတာတောင် မသေတဲ့အပြ
လူတွေကို ရန်မူပြီး တိုက်ခိုက်နေသေး
တယ်။ တကယ်ဆန်းကြယ်တာပဲ"

ထို့နောက် မုဆိုးကြီးသည
ကိုယ်က ချွေးကို လက်နှင့် သပ်
လိုက်ပြီး...

"ရှိစေတော့။ မိုးချုပ်တော့မယ
ဒီဝက်ကလေးနှစ်ကောင်ကို ထမ်း
ပြန်ကြရအောင်။ မနက်ဖြန်မှ ဝက်
ကြီးနောက်ကို ခြေရာခံပြီး လိုက်ကြ
ဦးမယ်"

◈◈◈

မောင်အေးချမ်း တောင်ယာ
ရောက်ပြီး နောက်နေ့မှာပင် မိုး
အဆက်မပြတ်ရွာလာသည်။ မိုးလ
ရာသီသို့ ရောက်လာ၍ မိုးက ပိုကော
သည်။ အအေးလည်း ပိုသည်။
မပြတ်ရွာနေသဖြင့် တောင်ကျရေသ
လည်း ဒလဟောဆင်းပြီး ကမ်းပြ
ကမ်းလျှံဖြစ်နေခဲ့သည်။

တောင်ကျရေ ကြီးသောကြော
အခြားတောင်ယာလုပ်သားများ ရွာ
ပြန်ပြီး ဆန်မယူနိုင်ကြ၍ မောင်အေ
ချမ်း၏ ဆန်ကိုသာ ဝိုင်းချေးပြီး
လိုက်ကြရာ သုံးရက်နှင့် ပြောင်
သွားလေသည်။ ထို့ကြောင့် သည်
တွင် မိုးပြတ်၍ တောင်ကျရေ
သဖြင့် တောင်ယာလုပ်သားများ ဆ
ယူရန် ရွာကို ဆင်းခဲ့ကြ၏။

သူများနည်းတူ မောင်အေးချ
လည်း ဆန်ယူရန် ရွာကို ဆင်းရ
ဖြစ်၏။ ချေးယူထားကြသောလူမျာ
က ဆန်ကို စောင့်မျှော်နေ၍ မဖြစ်
မိုးထပ်ရွာလာ၍ တောင်ကျရေဆ
လျှင် ဆန်ချေးထားသူများ ရောက်
နိုင်ကြမည်မဟုတ်သောကြောင့်
ဆန်ကိုသာ မရလျှင် အခွေ
သည်။ သူ့မှာလည်း သည်မန

www.burmeseclassic.com

…စ်နပ်စားပြီးလျှင် ညနေစာအတွက် …န်မရှိတော့ပေ။

ထို့ကြောင့် မောင်အေးချမ်းလည်း …ကို ဆန်ယူရန် ဆင်းရမည်ဖြစ်၍ …ပြန် လက်ဆောင်အဖြစ် မျှစ်ချိုးရန် …လိုင်းကြီးကို လွယ်ပြီး စမ်းပေါက် …တာကျန်ဘက်ကို ထွက်လာခဲ့သည်။ …မ်းပေါက် တောကျန်က မောင်အေး …ချမ်း၏ တောင်ယာနှင့် နီးပြီး မျှစ်လည်း …ပါသည်။

မောင်အေးချမ်း ပလိုင်းကြီးကို …ယ်ပြီး စမ်းပေါက် တောကျန်ထဲကို …င်လိုက်သည်နှင့် အပုပ်နံ့ကို ရှူရှိုက် …၏။ ထို့ကြောင့် မျှစ်ချိုးရင်း အပုပ်နံ့ …လာသည့် လေညာဘက်ကို မျှော်ကြည့် …ိုက်ရာ တအံ့တသြဖြစ်ပြီး မျက်လုံး …ပြူးသွားမိ၏။ တစ်နေ့က ကျုံးထောင် …ပြီး မုဆိုးများ လှံနှင့် ထိုးသတ်ကြသော် …လည်း မသေဘဲ လွတ်ထွက်သွားသော …ဝက်မကြီးဖြစ်နေလေ၏။

မောင်အေးချမ်း နှာခေါင်းကို …လက်နှင့် ပိတ်ပြီး အနားသို့ ကပ်ကြည့် …၏ နား၊ နှာခေါင်း၊ ပါးစပ်၊ မျက်စိပေါက် …နှင့် ဒဏ်ရာ အမာဝတို့မှ လောက် …ကောင်များ တဖွားဖွားထွက်ကျနေ၏။ …ယင်ရိုင်းမများလည်း အုံခဲ၍နေသည်။ အပုပ်နံ့သည်လည်း ဆိုးဝါးလွန်းသည်။ ထို့ကြောင့် မောင်အေးချမ်းသည် မျှစ် တစ်ပလိုင်းရအောင် မြန်မြန်ချိုးပြီး စမ်း ပေါက်တောထဲမှ ထွက်လာခဲ့လေ သည်။

သည့်နေ့တွင် နေကလေးပွင့်၍ သာတော့်သာယာရှိသည်။ သွား၍ လာ၍လည်း အဆင်ပြေသည်။ တောင် ကျရေအားနည်းနေချိန်ဖြစ်သောကြောင့် တောင်ကျချောင်းများကို ဖြတ်ကူးရာ တွင်လည်း သိပ်ပြီး အခက်အခဲမရှိပေ။

“ဟာ…မောင်အေးချမ်းကြီး ရွာ ကို ဆင်းတာထင်တယ်”

မုဆိုးကြီး ဦးမောင်နီက မေးခြင်း ဖြစ်၏။ မုဆိုးကြီးတို့ သားအဖသုံး ယောက်သည်လည်း မိုးလေသာသဖြင့် ဓား၊ လှံ လက်နက်ကိုယ်စီဆောင်ပြီး ခွေးတစ်အုပ်နှင့် အမဲလိုက်ရန် ထွက် လာခြင်းပင် ဖြစ်ပေမည်။

“ဟုတ်ပါတယ်။ ကျွန်တော် ရွာ ကို ဆန်ယူမလို့ ဆင်းတာပါ။ ဆန် ၁၀ရက်စာယူလာတာ အခြား တောင် ယာသမားတွေက မိုးရေကြီးနေတုန်း ချေးယူပြီး စားလိုက်ကြလို့ ကုန်ပြီဗျ။ ဒါကြောင့် သူတို့ဆီက ချေးစားဆန်ကို မစောင့်နိုင်တော့ဘဲ ကိုယ်တိုင် ရွာကို ဆင်းတာပါ”

“အေး၊ အခုလို နေလေး ပူနေ တုန်း ရွာဆင်းပြီး ရိက္ခာစုဆောင်းထား ရင် အကောင်းဆုံးပဲ။ အခု တို့သား အဖတွေလည်း နေလေးပွင့်နေတုန်း အမဲလေးဘာလေး ရမလားဆိုပြီး ထွက် လာကြတာလေ”

“သြော်…ဒါနဲ့ မုဆိုးကြီး၊ တစ်နေ့ က ကျုံးကနေ လွတ်ထွက်သွားတဲ့ ဝက်မကြီးဟာ စမ်းပေါက် တောကျန် ထဲမှာ သေပြီး ပုပ်ရောင်နေတာကို ကျွန်တော် မျှစ်ချိုးရင်းနဲ့ တွေ့ခဲ့တယ်ဗျ”

“သြော်…”

ဟုဆိုကာ မုဆိုးကြီးသည် ပါးစပ် အဟောင်းသားဖြင့် မောင်အေးချမ်းအား တစ်ချက်ငေးကြည့်နေပြီး ခေါင်း တစ်ချက်နှစ်ချက်ညိတ်ကာ…

“တို့သားအဖတွေ နောက်နေ့ မနက် အဲဒီဝက်မကြီးကို လိုက်ရှာကြ သေးတယ်။ ဒါပေမယ့် မိုးက နင်လား ငါလားကြီးနေတော့ ခြေရာပျောက် သွားလို့ လက်လျှော့ပြီး ထားခဲ့ကြရ တာ။ အခု နင် စမ်းပေါက် တောကျန် ထဲမှာ သေနေတာကို တွေ့ခဲ့သလား”

“ဟုတ်ပါတယ်။ ဒါပေမယ့် စား လို့ ရမယ်တောင် မထင်တော့ဘူး။ အကောင်လေး ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး အနံ့ဆိုးတွေ ထွက်နေပြီ”

“သုံးလေးရက်တောင် ကြာသွား မှတော့ ဘယ်စားလို့ ရတော့မှာလဲ။ ပုပ်ပြီပေါ့။ ဒါပေမယ့် အဲဒီ ဝက်မကြီးမှာ အစွမ်းတစ်ခုတော့ ရှိလိမ့်မယ်လို့ ထင်တယ်။ နင်လည်း ကိုယ်တိုင်မြင် လိုက်တာပဲ။ ဘယ်လောက်ပဲ လှံနဲ့ ထိုးထိုး၊ အသည်းတွေ အူတွေထွက်ပြီး မျက်လုံးနှစ်ဖက် ကန်းသွားတာတောင် ဘာမှမဖြစ်သလိုပဲ လူတွေကို ခုခံ တိုက်ခိုက်ပြီး ထွက်သွားတာလေ။ ဒါ ကြောင့် အဲဒီ ဝက်မကြီးကို ငါလေ့လာ ကြည့်ချင်တယ်။ နင် လိုက်ပြနိုင်မလား”

မောင်အေးချမ်း စဉ်းစား၏။ မုဆိုး ကြီးတို့ သားအဖများကို စမ်းပေါက် တောကျန်ရောက်အောင် လိုက်ပြနေ လျှင် အသွားအပြန် တစ်နာရီလောက် ကြာသွားနိုင်၏။ ရွာကိုလည်း စောစော ရောက်ချင်နေ၏။

“နင်က ဝက်သားစားတဲ့ အကောင်လည်း မဟုတ်တော့ လိုက် မပြချင်လည်း နေပါ။ တို့ဘာသာပဲ သွားရှာပြီး ကြည့်လိုက်ပါ့မယ်”

“အဲလိုလည်း မဟုတ်ပါဘူး မုဆိုးကြီးရာ။ မုဆိုးကြီးက လိုက်ပြပါ ဆိုရင် ကျွန်တော် ပြမှာပေါ့”

ဟု မောင်အေးချမ်းက ကတိ ပေးလိုက်၏။ သူတို့၏ ဝန်းကျင်တွင် တောင်ယာလုပ်ကိုင်နေရ၍ သူတို့နှင့် ဆန့်ကျင်သလိုဖြစ်မည်ကိုလည်း မလို လားပေ။ သူတို့၏ စိတ်သဘောက လည်း ကွက်သွားလျှင် အပြင်ရခက် သော သဘောရှိသည်။

ထို့ပြင် မုဆိုးကြီးပြောသလို မောင်အေးချမ်းက ဝက်သားကို မစား


www.burmeseclassic.com

www.burmeseclassic.com

သူလည်း မဟုတ်ပေ။ ထိုနေ့က မုဆိုးကြီးပေးသော ဝက်သားများကို မယူခဲ့ခြင်းမှာ ဝက်ကလေးနှစ်ကောင်နှင့် ဝက်မကြီးတို့၏ အဖြစ်ကို ကြည့်ပြီး စိတ်မကောင်း၍သာ ဖြစ်၏။

မောင်အေးချမ်းသည် မျက်နှာလိုင်းကြီးကို လမ်းဘေးတွင် ချထားခဲ့ပြီး စမ်းပေါက် တောကျွန်ဘက်ကို မုဆိုးကြီးတို့ သားအဖသုံးယောက်တို့အား ခေါ်လာခဲ့၏။ တောင်ခြေသို့ ရောက်လျှင် ဝက်မကြီး သေနေသည့်နေရာကို မှန်းပြီး လျှောက်တက်ကြသည်။ သို့သော် အနားသို့ ရောက်၍ ကြည့်လိုက်ကြရာ ဝက်မကြီးမှာ မောင်အေးချမ်း တွေ့ခဲ့စဉ်ကကဲ့သို့ မဟုတ်တော့ဘဲ ပြန်ရှင်ပြီး ရပ်လျက် ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် မုဆိုးများကိုသာ စိုက်ကြည့်နေလေသည်။

ထို့ကြောင့် မောင်အေးချမ်း တအံ့တသြဖြစ်သွားရသလို၊ မုဆိုးကြီးတို့ သားအဖသုံးယောက်သည်လည်း မျက်လုံးများ ပြူးကျယ်သွားကြလေသည်။ ထို့နောက် မုဆိုးကြီးကလည်း အံ့သြသံဖြင့် ပြော၏။

"ဟဲ့ - မောင်အေးချမ်း။ နင်ပြောတုန်းက ဝက်မကြီး သေပြီး ပုပ်ပွနေပြီဆို၊ အခုတော့ ဘယ်မှာသေလို့လဲ။ နင်ပြောတာနဲ့ တခြားစီပါလား"

"ဟုတ်ပါတယ် မုဆိုးကြီး။ ကျွန်တော်တွေ့ခဲ့တုန်းက ဝက်မကြီးဟာ သေပြီး ပုပ်ပွနေတာ အမှန်ပါ။ မမှန်တဲ့ စကားကို ကျွန်တော် မပြောပါဘူး"

"ဒါဆိုရင် ဘယ်မှာလဲဝေး၊ နင်တွေ့ခဲ့တဲ့ ဝက်သေ"

မောင်အေးချမ်းမှာ ဝက်သေကို မပြနိုင်၍ အခက်တွေ့ရလေ၏။ ထို့ကြောင့် ဘာပြောရမှန်းမသိဖြစ်ကာ လက်ရာခြေရာများကိုသာ ထောက်ပြရလေသည်။

"ကျွန်တော်ပြောတာ အမှန်ပါ မုဆိုးကြီး။ မယုံရင် ကျွန်တော် ချိုးထားခဲ့တဲ့ မှတ်တိုင်တွေကို ကြည့်ပါ။ မဟုတ်ဘဲ ကျွန်တော်ပြောပါ့မလား။ အဲဒီအချိန်က ဝက်မကြီးဟာ သေပြီး ပုပ်ပွနေတာ အမှန်ပါပဲ"

မုဆိုးကြီးသည် ဝက်မကြီးအား စိုက်ကြည့်နေရင်းက သက်မတစ်ချက်ကို ချ၏။ ပတ်ဝန်းကျင်များကိုလည်း ကွက်ခနဲ ကွက်ခနဲ ကြည့်လိုက်၏။ ထို့နောက် ပြူးကျယ်သော မျက်လုံးများဖြင့် သက်မတစ်ချက်ကို ထပ်ချလိုက်ပြီး ပြောသည်။

"ဒါဆိုရင် ထူးတော့ ထူးနေပြီဝေး၊ ကျူးမှာ လုံနဲ့ ထိုးသတ်ကြလို့ မသေကတည်းက အတော်လေးပဲ ထူးဆန်းနေတယ်လို့ ထင်နေခဲ့တာ။ အခုတော့ ပိုပြီးတောင်မှ ထူးဆန်းတာကို တွေ့နေကြရပြီ။ ဒီတော့ တို့ကလည်း အထူးဂရုစိုက်ကြမှ ဖြစ်လိမ့်မယ်။ အကြီးကောင်... ဝက်မကြီးကို လေးနဲ့ ပစ်သတ်လိုက်စမ်း"

သားကြီးဖြစ်သော မုဆိုးလေးသည် သူ့ဖခင် မုဆိုးကြီး အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် နောက်ကြောမှာ လွယ်ထားသော လေးကို ရှေ့ဘက်သို့ ပြောင်းကိုင်လိုက်ပြီး ဘူးထဲမှ မြားဆူးကို ဆွဲနုတ်ရုံ ရှိသေး၏။ ဝက်မကြီးသည် ကျယ်လောင်စွာဖြင့် တစ်ချက် ဟိန်းဟောက်လိုက်ပြီး လေကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် မုဆိုးလေးအား ပြေးဆောင့်ပက်လိုက်လေသည်။ ထို့ကြောင့် မုဆိုးလေးမှာ ဘာမျှလုပ်ချိန်မရလိုက်ဘဲ ဝက်မကြီး၏ နှုတ်သီးအစွယ်ဖျားမှာ ငြိပါသွားပြီး ဗိုက်တစ်ပြင်လုံး ဟင်းလင်းပွင့်လျက် ချောက်ထဲသို့ လွင့်စဉ်ကျသွားလေသည်။

ထို့နောက် ဝက်မကြီးသည် ရှေ့နည်းတူပင် အငယ် မုဆိုးလေးအား ပြေးထိုးဆောင့်ပြန်လေသည်။ ဖခင် မုဆိုးကြီးမှာလည်း သားနှစ်ယောက်တို့၏ အဖြစ်ကို မည်ကဲ့သို့ ဝင်ကူရမှန်း မသိဖြစ်နေစဉ်တွင် ဝက်မကြီး၏ နှုတ်သီးဖျားမှာ ပါသွားပြန်၏။

မောင်အေးချမ်း ဘာလုပ်၍ ဘာလုပ်ရမှန်းမသိ။ ထွက်ပြေးရမလား။ သစ်ပင်ပေါ်ကိုပင် ပြေးတက်ရမလား။ အကြောက်လွန်ပြီး ဝေခွဲမရဖြစ်ကာ ငေးတောင့်ရပ်နေမိ၏။ ဝက်မကြီးသည်ကား မောင်အေးချမ်းကို ဘာမျှမထိပေ။ ရန်မူခြင်း စောင်းမြောင်းခြင်း အလျဉ်းမရှိဘဲ မုဆိုးကြီးတို့သားအဖသုံးယောက်တို့ကိုသာ သဲသဲမဲမဲ တိုက်ခိုက် သတ်ဖြတ်နေလေသည်။

မောင်အေးချမ်းလည်း တောင်တောင့်ကြီး ရပ်နေမိရာမှ သတိဝင်လာကာ လာလမ်းအတိုင်း တစ်ချိုးတည်း လှည့်ပြေးလေသည်။ ဦးစွာ တောင်မင်းကြီး၏ စံရာ အိမ်တော်ဘက်ကို ပြေးသည်။ အရေးက ကြီးနေပြီဖြစ်၍ တောင်မင်းကြီးမှတစ်ပါး အခြားသော ပုဂ္ဂိုလ်သည် ဤကိစ္စကြီးကို လိုက်ပါ ဖြေရှင်းပေးနိုင်လိမ့်မည်မဟုတ်။

စိုင်ဘောင် ချင်းလူမျိုးများမှာ ယနေ့တိုင်အောင်ပင် ကိုယ့်မင်းကိုယ့်ချင်းဖြင့် အုပ်ချုပ်ပြီး နေထိုင်လျက်ရှိသည်။ နိုင်ငံပိုင် မင်းအစိုးရကိုလည်း အခွန်ဘဏ္ဍာဆက်မြဲ ဆက်ကြသည်။ သူတို့၏ အုပ်ချုပ်ပုံမှာ ဘုရင်စနစ်ဖြစ်သည်။ တောင်မင်းကြီး နတ်ရွာစံလျှင် သားတော်ကြီးကပင် အမွေဆက်ခံ၍ တောင်မင်းအဖြစ် အုပ်ချုပ်ရသည်။

မောင်အေးချမ်း တောင်မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို ရောက်သွားလျှင် ဖြစ်ကြောင်း ထုန်စင်ကို တောင်မင်းကြီးအား လျှောက်တင် ပြောပြလိုက်သည်။ တောင်မင်းကြီးလည်း တအံ့တသြဖြစ်သွားရပြီး ချက်ချင်းပင် မင်္ဂလာမောင်းတော်ကြီးကို ထုပြီး လူစုလိုက်လေသည်။

လေးပြင်လေးရပ်တွင် တောင်ယာအလုပ်ခွင် ဝင်နေကြသော စိုင်းဘောင်များသည်လည်း တစ်အောင့်အကြာမှာ လေး၊ လုံ လက်နက်ကိုယ်စီ စွဲကိုင်လျက် တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြလေသည်။ တောင်မင်းကြီးက လူစုံလျှင် စမ်းပေါက်တောဘက်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်၊ မောင်အေးချမ်းကို လက်ညှိုးထိုးပြလိုက်နှင့် စိုင်ဘောင်စကားဖြင့် ပြောပြလိုက်လေသည်။

ထို့ကြောင့် နားထောင်နေကြသော စိုင်ဘောင်အားလုံး "ဟင်း ဟာ" ဖြစ်ကုန်ကြလေသည်။ ထို့နောက် တောင်မင်းကြီးက မောင်အေးချမ်းအား ပြော၏။

"ကဲ - လူလေး၊ အခင်းဖြစ်ပွားတဲ့ နေရာကို နင်ကိုယ်တိုင် လိုက်ပြပေးစမ်း။ နင် ဘာမှမစိုးရိမ်နဲ့။ ကြောက်ရောလည်း မလိုဘူး။ နင့်အနားမှာ အမြဲတမ်း လက်နက်အပြည့်အစုံနဲ့ သက်တော်စောင့် လေးယောက်ထားပေးမယ်။ ကိုင်း...သွားကြစို့"

မောင်အေးချမ်း မျက်လုံး ကျယ်သွား၏။ ကြောက်စိတ်မှ မပြေသေး။ ယခုတစ်ဖန် ထိုနေရာကို သွားရပေဦးမည်ဟုဆို၍ ကြက်သီးမွေးညင်းများပင် ထောင်ထသွားမိသည်။ သို့သော်လည်း လက်နက်ကိုင် လေးယောက် ထားပေးမည်ဟု ဆို၍ အနည်းငယ်မျှတော့ ကြောက်စိတ်လျော့သည်။

ထို့နောက် ခပ်သုတ်သုတ်ပင် စမ်းပေါက် တောကျန်ဘက်ကို ထွက်လာခဲ့ကြ၏။ တောင်မင်းကြီးအပါအဝင် လူဦးရေ ၃၅ယောက် ပါလာ၏။ မောင်အေးချမ်းနှင့် တောင်မင်းကြီးမှ တစ်ပါး ကျန်သောလူအားလုံးမှာပင် ဓား၊ လုံ လက်နက်များ ပါလာကြ၏။ တောင်ခြေသို့ ရောက်လျှင် စမ်းပေါက် တောကျန်ကို လူကျဲကျဲဖြင့် ဝိုင်းထားလိုက်ကြသည်။ ထို့နောက် တောင်မင်းကြီးက မောင်အေးချမ်းအား ပြောသည်။

တောင်မင်းကြီးသည် ကျောက်ဖျာကြီးပေါ် တက်ထိုင်ကာ မောင်အေးချမ်း နားမလည်နိုင်သော စကားများဖြင့် သာ ရွတ်ဖတ်သရဇ္ဈာယ်နေလေသည်။ မောင်အေးချမ်းလည်း တောင်မင်းကြီး ထည့်ပေးလိုက်သော လူလေးယောက်ကို ဦးဆောင်ပြီး စမ်းပေါက် တောကျန် ထဲသို့ ဝင်လာခဲ့၏။

◈ ◈ ◈

တောထဲကို ဝင်၍ တောင်ခါးပတ်သို့ ရောက်လျှင်ပင် မောင်အေးချမ်းက ချောက်ကမ်းပါးယံ၌ အသက်ကင်းနေသော မုဆိုးလေးတစ်ယောက်၏ အလောင်းကို အသံတိတ် လက်ညှိုးထိုးပြလိုက်သည်။ ထို့ကြောင့် မုဆိုးများလည်း အလောင်းကို လှမ်းကြည့်ပြီး မျက်စိမျက်နှာ ပျက်သွားကြ၏။ အလောင်းက ယင်အုံစပင် ပြုနေချေပြီ။

မုဆိုး လေးယောက်တို့သည် အလောင်းကို ဘာအောင့်လေး ကြာအောင် ငေးစိုက်ကြည့်လိုက်ကြပြီးနောက် အသက်ကြီးဟန်တူသော မုဆိုးက အသံတိတ် မေးဆတ်ပြပြီး မောင်အေးချမ်းအား ရှေ့ကို ဆက်သွားခိုင်းသည်။

ထို့နောက် သားယယ်ဖြစ်သော မုဆိုးလေး၏ အလောင်းကို တွေ့ရပြီး နောက်ဆုံးတွေ့ရသည်မှာ ဖခင် မုဆိုးကြီး၏ အလောင်းပင် ဖြစ်သည်။

အလောင်းသုံးလောင်းလုံးသည် ကြည့်ရက်စရာမရှိ။ ဗိုက်များလည်း ဟင်းလင်းပွင့်ပြီး သည်းအူများ ပြန့်ကျဲလျက် အမြင်ဆိုးစွာဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြလေသည်။ ညှီစို့စို့အနံ့ဆိုးများထွက်ပြီး ယင်ကြီးများလည်း အုံနေကြလေပြီ။

အလောင်းသုံးလောင်းကို ရှာဖွေတွေ့ပြီးနောက် ဝက်မကြီးကို လိုက်ရှာကြ၏။ ထိုအခါ မောင်အေးချမ်း မျှစ်ချိုးစဉ်က တွေ့ခဲ့ရသော နေရာမှာပင် ဝက်မကြီးကို ပုပ်ပွလျက် တွေ့ရပြန်လေသည်။ ထို့ကြောင့် မောင်အေးချမ်းမှာ အလွန်အမင်း တအံ့တသြဖြစ်သွားရလေ၏။ ထူးဆန်းလွန်းဘိသည်။ ပြော၍ပင် ယုံနိုင်စရာမရှိပေ။

"ကျွန်တော်တစ်ယောက်တည်း မျှစ်ချိုးလာတုန်းကလည်း ဝက်မကြီးသေပြီး ပုပ်ပွနေတာကို တွေ့ရလို့ မုဆိုးကြီးတို့သားအဖကို သွားပြောတာဗျ။ ဒါပေမယ့် မုဆိုးကြီးတို့ သားအဖနဲ့ အတူပြန်လာကြတဲ့အခါ ဝက်မကြီးဟာ ပြန်ရှင်နေပြီး မုဆိုးကြီးတို့ သားအဖကို ပက်သတ်လိုက်တာပဲ။ ပြီးတော့ အခု ပြန်သေနေပြန်ပြီလေ"

မုဆိုး လေးယောက်တို့သည် နှာခေါင်းများကို လက်နှင့် ပိတ်ကာ ပုပ်ပွနေသော ဝက်မကြီးကို ဘာအောင့်ကြာအောင် စိုက်ကြည့်နေကြပြီးနောက် တောင်မင်းကြီးနှင့် တောင်ကို ပတ်ဝိုင်းပြီး စောင့်ကျန်နေခဲ့ကြသော လူအားလုံးတို့အား ခေါ်လိုက်လေသည်။ ထို့နောက် တိုးဝှေ့ရောက်ရှိလာကြပြီး ဝိုင်းအုံကြည့်ကြသည်။ လူသေအလောင်းများကိုလည်း သွားစစ်ကြည့်ကြသည်။

"ဟုတ်ပါတယ်။ သုံးယောက်လုံး

www.burmeseclassic.com



ဝက်ပက်လို့ သေသွားကြတာ အမှန်ပဲ။ ဒဏ်ရာတွေကလည်း ဝက်ပက်တာချည်းပဲ။ ဒါပေမယ့် ဝက်သေက ဘယ်လိုလုပ်ပြီး ထပက်ရတာလဲ။ အဲဒါ စဉ်းစားစရာပဲ"

ဟု ပြောပြီး တောင်မင်းကြီးသည် နှုတ်ခမ်းမွေးကို လက်နှင့် ပွတ်ပြီး တအောင့်ကြာအောင် စဉ်းစားနေလေသည်။ ထို့နောက်မှ မောင်အေးချမ်းအား မေးသည်။

"လူကလေး…မုဆိုး မောင်နီတို့ သားအဖတွေဟာ တောဝက်ကို ကျုံးထောင်ပြီး သတ်ကြတုန်းက နင် အဲဒီအနားမှာ ရှိသလား"

"ဟုတ်ကဲ့၊ တောင်မင်းကြီး။ ကျွန်တော်ရှိပါတယ်"

"ဒီတော့ ဝက်ကလေးနှစ်ကောင်ကိုသာ ရလိုက်ကြပြီး ဝက်မကြီး လွတ်ပြေးသွားတယ်ဆိုတော့ အဲဒီတုန်းက နင် မြင်လိုက်ရတဲ့ အတွေ့အကြုံလေး ပြောပြပါ"

"ဟုတ်ကဲ့၊ ဝက်ပေါက်ကလေး နှစ်ကောင်ကို အရင် သံချိတ်ကြီးနဲ့ ချိတ်ဆွဲတင်ယူပြီး သတ်လိုက်ကြပါတယ်။ ဝက်မကြီးအလှည့်ကို ရောက်တဲ့အခါ သံချိတ်နဲ့ ချိတ်လို့ မရလောက်အောင် ကာကွယ်ထားရင်းက ကျုံးကမ်းပါးကို နှုတ်သီးနဲ့ ဆောင့်ထိုးလို့ ပြိုကျလာတဲ့ မြေပြိုအတိုင်း လျှောက်တက်လာတာကို လှံတွေနဲ့ ထိုးချကြပေမယ့် မသေဘူးဗျ။ သည်းအူတွေထွက်ပြီး မျက်လုံးတွေလည်း ကန်းသွားပေမယ့် မသေတဲ့အပြင် အပေါ်ကို ရောက်လာလို့ ကျွန်တော်တို့ သစ်ပင်ပေါ်ကို တက်ပြေးကြရတယ်။ ဒီတော့မှ ဝက်မကြီးလည်း တောထဲကို ဝင်သွားတာပါ"

တောင်မင်းကြီးသည် မောင်အေးချမ်း ပြောပြသည်ကို တစ်လုံးချင်း နားထောင်နေပြီးနောက် ခေါင်းတစ်ချက် နှစ်ချက်ညိတ်ကာ …

"အဲဒါ သားဇောကြောင့်ပဲကွယ်တို့။ သားတွေကို သူ့ရှေ့မှာ တစ်ကောင်ပြီး တစ်ကောင် သတ်နေတာကို မြင်လိုက်ရတော့ မိခင်ပဲကွယ်၊ ဘယ်လိုလုပ်ပြီး ခံစားနိုင်ပါ့မလဲ။ ဒါကြောင့် ဒေါသလွှမ်းကဲပြီး သဲသဲမဲမဲ ခံတိုက်တာ ဖြစ်မယ်။ ခုခံတိုက်ရင်းက အသက်ထွက်သွားပြီးနောက် ချက်ချင်း တစ်ပြိုင်နက်ဆိုသလို ဖုတ်ဝင်သွားပြီးမှ ဆက်လက် ခံတိုက်နေတာလည်း ဖြစ်မယ်။ ဖုတ်ဝင်တာကို အပမှီတယ်လို့လည်း ခေါ်တယ်"

ဟု တောင်မင်းကြီးက ရှင်းပြ၏။ ထို့နောက် မောင်အေးချမ်းအား…

"လူကလေး…နင်ရော ဝက်သတ်တာမှာ မပါဝင်ဘူးလား"

မောင်အေးချမ်းက ချက်ချင်း ခေါင်းခါငြင်းလိုက်ပြီး…

"မပါပါဘူး တောင်မင်းကြီး။ ကျွန်တော် မုဆိုးတွေဆီက ဝက်သားပေးတာတောင် မယူလိုက်ပါဘူး"

ဟု အမှန်အတိုင်းပြောပြလိုက်သည်။

"တော်သေးတာပ။ နင်လည်း မုဆိုးများနည်းတူ ဝက်သတ်၊ ဝက်သား စားတဲ့အထဲမှာသာ ပါဝင်ရင် ခုလောက်ဆို မုဆိုး မောင်နီတို့သားအဖနည်းတူ ယင်ကောင်တွေ အုံနေတော့မှာပ"

မောင်အေးချမ်း ကြက်သီးထသွားမိ၏။ တောင်မင်းကြီးပြောသည့်အတိုင်းသာဆိုလျှင် ဝက်မကြီး သေနေသည်ကို မောင်အေးချမ်းက စတွေ့သောကြောင့် ဦးစွာ ဝက်မကြီး၏ ကလဲ့စားချေခြင်းကို ခံရနိုင်သည်။ ငရဲကို ကြောက်၍ ဝက်များကို မသတ်ရဲသဖြင့် အကုသိုလ်မှ လွတ်[...]သော်လည်း၊ မုဆိုးကြီးတို့ သားအ[...]သော ဝက်ကလေးများ၏ အသာ[...]စားခဲ့မိလျှင်ပင် မလွဲမသွေ ဝက်[...]၏ လက်စားချေ တိုက်ခိုက်[...]ခံရပေလိမ့်မည်။

"ဒီတော့ နင်တို့ လူငယ်[...]မှတ်ထားကြပ။ အစွဲဆိုတာ အဲ[...]အစွဲတွေအားလုံးထဲမှာ သားသ[...]က အကြီးဆုံးပါပဲ။ ဒီဝက်မကြီး[...]သူ့သားပေါက် နှစ်ကောင်ကို သူ့[...]ရက်ရက်စက်စက်ကြီး အသတ်ခံ[...]ရတာကို မြင်လိုက်ရတော့ [...]ကျယ်ကျယ် နာကြည်းပြီး ဒေါသ[...]သွားလိမ့်မယ်။ ဒါကြောင့် ကိုယ့်အသ[...]ကိုယ် မငဲ့ဘဲ ရဲရဲကြီး ခံတိုက်ရင်း[...]အသက်ထွက်သွားတာနဲ့ တစ်ပြိုင်[...]ဖုတ်ဝင်သွားတာကို မုဆိုး မောင်နီ[...]မသိလိုက်တာ ဖြစ်မယ်။ လူငယ်[...]က မသိရင် တော်သေးတယ်။ [...]မောင်နီ မသိလိုက်တာက ဆိုးတာ[...]မုဆိုး မောင်နီသာ သိလိုက်ရင် အ[...]အဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာမဟုတ်[...]အခုတော့ အားလုံး ကြည့်မကောင်[...]ရှုမကောင်းဖြစ်ကုန်ကြပြီ"

ဟု ပြောပြီး တောင်မင်းကြ[...]ညည်းရှာသည်။

ထို့အပြင် ဘာမျှလည်း မတ[...]နိုင်ကြတော့ပေ။ ထို့နောက် မုဆိုးကြ[...]တို့သားအဖ အလောင်းသုံးလောင်းနှ[...]ပုပ်ပွနေသော ဝက်မကြီးအသေကောင်[...]ကိုပါ မြေမြှုပ် သင်္ဂြိုဟ်ပြီး ဆုတောင်[...]အမျှဝေကာ ထိုနေရာမှ ပြန်လာခဲ့ကြ[...]လေသတည်း ■

* * *

မင်း[...]

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာသင်္ကြန် ၁၃၇၆ ခုနှစ် နှစ်ဆန်းအခါ အထူးယတြာ

ဝဇ္ဇိရ ဆရာလှမျိုး (B.Sc)

မကြာမီကာလတွင် မဟာသင်္ကြန်ကာလ ကျရောက်မည်ဖြစ်ပါသည်။ မဟာသင်္ကြန်ကာလမှာ မြန်မာနက္ခတ်အရ နေ့ရက်အပြောင်းအလဲရှိသော်လည်း အင်္ဂလိပ်ပြက္ခဒိန်အရ ဧပြီ ၁၃ရက် အကြိုနေ့ စတင်ယူထားသည်။ ယခုနှစ် ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ရက်(၁၄-၄-၁၄)နေ့တွင် မဟာသင်္ကြန်ကျသည်။ တနင်္လာနေ့တွင် သင်္ကြန်ကျ၍ ဧပြီလ ၁၆ရက်၊ ဗုဒ္ဓဟူးနေ့၌ သင်္ကြန်တက်သည်။ အတက်နေ့နှင့် တိုက်ဆိုင်သော ဗုဒ္ဓဟူးသားသမီးများ အတာစားသည်။ အတာစားလျှင် ကျန်းမာရေးညံ့တတ်သည်ဟု သင်္ကြန်စာက ဆိုသည်။ ၁၇-၄-၂၀၁၄ ရက်နေ့သည် မြန်မာနှစ်ဆန်း ၁ရက်နေ့ဖြစ်သည်။ ကြာသပတေး ဆန်းသောကြောင့် ပညာရှင်၊ ပညာရေး၊ ပညာတတ်တွေ တိုးတက်လာမည်။ ပညာဦးစီး ဆောင်ရွက်သူတွေ အောင်မြင်မှု ရမည်။ ပညာဘုတ်မှာ ၄-ကြွင်းဖြစ်၍ ၅တေး-ပုတိဖြစ်သည်။ ပုတိကို ဖော်ထုတ်ရမည်။ မိမိ သိ/တတ်ထားသော ပညာများကို လူများအကျိုး၊ နိုင်ငံ့အကျိုးအတွက် ဖော်ထုတ်အသုံးပြုသင့်သည်။

သင်္ကြန်ကာလမတိုင်မီ ကြိုတင်ထုတ်ဝေသော ဂမ္ဘီရ ပညာရပ်ဆိုင်ရာ မဂ္ဂဇင်း၊ ဂျာနယ်များတွင် သင်္ကြန်နှင့် ပတ်သက်သော အထူးဆောင်းပါးများ ရေးသားဖော်ပြပေးလေ့ရှိသည်။ စာရေးသူလည်း ၁၀နှစ်ကျော်ကာလ မဂ္ဂဇင်းသုံးလေးခု၊ ဂျာနယ်သုံးလေးဆောင်တွင် ရေးပေးရပါသည်။

ထို့ကြောင့် အကြောင်းအရာလည်း မထပ်၊ စာဖတ်သူသိသင့်လည်း အကျိုးရှိစေမည့် ဆောင်းပါးများကို ဦးစားပေးရေးသားဖော်ပြပေးပါသည်။

ယခု ၁၃၇၆ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ရက်အတွက် ဆောင်းပညာလာ အထူးဓာတ် ယတြာကို ရေးသားဖော်ပြပေးလိုက်ပါသည်။ ကိုယ်တိုင်ပြုလုပ်နိုင်ကြစေရန် ရည်ရွယ်ပါသည်။ စာရေးသူ ဟောခန်းတွင် နှစ်စဉ် ပြုလုပ်ပေးနေကျဓာတ်ယတြာဖြစ်သည်။ တစ်နှစ်စာ ကျန်းမာရေး၊ ဘေးဥပါဒ်အန္တရာယ်ကင်း၊ အနှောင့်အယှက် ပယောဂအမျိုးမျိုးကင်းပြီး ကျန်းမာစေသော ယတြာဖြစ်သည်။ စီးပွားရေး တိုးတက်စေသော ယတြာမဟုတ်ပါ။ ထိုယတြာချေပြီးသူ (၁၀)ယောက်တွင် (၈)ယောက် ကျန်းမာသည်။ ရာနှုန်းပြည့်ကောင်းပါသည်။ အသက်မသေစေရ၊ ဖျားနာရောဂါဝေဒနာ မဖြစ်စေရဟု အာမခံခြင်း မပြုနိုင်ပါ။ ဆရာအစဉ်အဆက် ပြုလုပ်လာသော နှစ်ဆန်းအခါ အထူးဓာတ်ယတြာဖြစ်၍ ယုံကြည်စွာ ပြုလုပ်သင့်ပါသည်။

ဤယတြာကို "အုန်းသီး ပါးစပ်ဖွင့် ယတြာ"ဟူ၍လည်း ခေါ်သည်။ နှစ်တစ်နှစ်၏ အစပိုင်းတွင် စတင်ပြုလုပ်သောကြောင့် တစ်နှစ်စာ ကျန်းမာရေးအတွက် ရည်ရွယ်ထားပါသည်။ လိုအပ်သော ပစ္စည်းများမှာ -

(၁) အုန်းသီးတစ်လုံး၊

(၂) မွေးနံ့ကိုင်းတစ်ကိုင်း၊

(၃) ချည်မန်းကွင်းနှစ်ကွင်း၊

(၄) အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း၊

(၅) ဆံပင်၊ လက်သည်း၊ ခြေသည်း တို့ဖြစ်သည်။

(၁) အုန်းသီးတစ်လုံးဆိုသည်မှာ အခွံချွတ် အုန်းသီးဖြစ်သည်။ ပါးစပ်နေရာကို ဖွင့်၍ အုန်းဆံအဆို့ဖြင့် ပြန်ပိတ်ထားရမည်။




(ပန်းကန်လုံးမှာ အုန်းသီးငြိမ်အောင် ခံထားခြင်းသာ ဖြစ်သည်။ အခြားခွက်နှင့်လည်း ထည့်၍ရသည်။)




www.burmeseclassic.com

www.burmeseclassic.com

(၂) မွေးနံကိုင်းဆိုသည်မှာ တနင်္ဂနွေ-အုန်း၊ တနင်္လာ-ကံ့ကော်ကိုင်း၊ အင်္ဂါသားသမီးဆိုပါက ဆီး (သို့မဟုတ်) ဇော်စိမ်းပင်၊ ဗုဒ္ဓဟူး- ဝါး/ရွက်လှ၊ ကြာသပတေး - ပျဉ်းမကိုင်း၊ သောကြာ - သီဟိုဠ်၊ စနေ-ထန်း/ဒါန်း(လက်တစ်တောင်ခန့်၊ အနည်းဆုံး တစ်ပေခန့်)။


(၃) ချည်မန်းကွင်းဆိုသည်မှာ ကိုးပင်၊ ကိုးထုံး နှစ်ကွင်းဘယ်ညာ လက်တစ်လံအထက်၊ တစ်ထွာခန့် ပိုဆွဲပြီး ဇခေါက်အပြန်အလှန်ဆွဲပြီး ဖြတ်လိုက်ပါ။ တစ်ထွာခန့်အကွာမှာ တစ်ထုံးထုံးပါ။ ချည်သော အစနှစ်စသည် တစ်ထုံးမှတ်ယူပါ။


အပ်ချည်အဖြူရောင်ဖြင့် ချည်မန်းကွင်းပြုလုပ်ရာတွင် ဘုရားဂုဏ်တော်၊ ဂါထာ လုံးဝ မရွတ်ဆိုရပါ။ ခြေဖြင့်ကျော်ရသဖြင့် အပြစ်ကြီးသည်။ ဤနည်းမှာ လောကီနည်းသက်သက်ဖြစ်သည်။ လူမျိုး၊ ဘာသာမရွေး ပြုလုပ်နိုင်သည်။ ဘာသာရေးနှင့် မဆက်နွယ်ပါ။ ဝါသနာပါ၊ ယုံကြည်လျှင်ပြုလုပ်နိုင်သည်။ အချို့ ယတြာမချေခင် ဘုရားရှိခိုး ပူဇော်ကြသည်။ မိမိကိုးကွယ်ရာ ဘာသာအလိုက် ကိုးကွယ်ပူဇော်တာ အပြစ်မရှိပါ။ ယတြာတွင် ဂါထာ၊ မန္တန်ရွတ်ဖတ်ခြင်းလုံးဝ မပါရှိပါ။ ရောနှောမပြုလုပ်ရ။ မဟာဘုတ် ပါရဂူ (ဆရာကြီး ဦးကြာမြင့်)၏ ဝါဒဖြစ်သည်။


(ချည်မန်းကွင်း)

(၄) အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းမှာ အရေးကြီးသည့် မိမိကိုယ်ပိုင် နဝင်းတွဲ အထက်/အောက် သိထားရမည်။ မူလမဟာဘုတ် မရဏနှင့် ရာဇဖွား အမြစ်အညွန့်တွဲ။ မူလမဟာဘုတ် ပုတိနှင့် သိုက်ဖွား ပန်းယတွဲ။ မူလမဟာဘုတ်နှင့် ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား သစ်စိမ့်တွဲ။

တနင်္ဂနွေ-မရဏနှင့် ရာဇဖွား ဆိုပါက အထက်ဆောင်ပန်း ကံ့ကော် ၁၅ညွန့်၊ အောက်နင်းကြမ်း ထန်း ၁၀ ညွန့်ဖြစ်သည်။ ပုတိနှင့် သိုက်ဖွားဆိုပါက အထက်ဆောင်ပန်း ပျဉ်းမ ၁၉ရွက်၊ နင်းကြမ်း ရွက်လှ ၁၇ရွက်၊ ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွားဆိုပါက အထက်ဆောင်ပန်း သီဟိုဠ် ၂၁ရွက်၊ နင်းကြမ်း ဇော်စိမ်း ၈-ရွက် ပြုလုပ်ရမည်။




ကျန်နေ့များလည်း ထိုပုံစံအတိုင်း ဖြစ်ပါသည်။


အထက်ဆောင်ပန်းကို သန့်ရှင်းအောင် ပြု... ဘုရားစင်ရှေ့(သို့မဟုတ်) အမြင့်တစ်နေရာတွင် ... အောက်နင်းကြမ်းကို ခြေဖြင့် နင်းပြီး ဘုရားစင်... မဟုတ်) အဆင်ပြေသော အရပ်မျက်နှာဘက်(... ဘက်)လှည့်၍ မတ်တတ်ရပ်ပါ။ ထိုရပ်နေသောသူကို ... မန်းကွင်းနှစ်ကွင်းစွပ်ပါ။

အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း ဥ... တစ်ခု ထပ်ရှင်းပြပါမည်။


၁၃၂၆ ခု၊ တနင်္လာသား

၁၃၂၆ ÷ ၇ = ၃-ကြွင်း

မွေးနံ (၂)ဂဏန်း အထွန်းအိမ်တွင်ရှိ၍ အထ... ဖွားဟု မှတ်ယူပါ။ အထွန်းဖွားသည် သစ်စိမ့်တွဲဟု ဆို... သောကြောင့် မွေးနံ့တိုင်ထူကြည့်ပါ။



(မူလ မဟာဘုတ်)




အထက်ဆောင်ပန်းအဖြစ် သိန်း၊ ခနီ၊ အုန်း ...



www.burmeseclassic.com

www.burmeseclassic.com

### မရဏနှင့် ရာဇဖွားများ

| မွေးနံ | အထက်ဆောင်ပန်း | အောက်နှင်းကြမ်း |
|---|---|---|
| ၁-နွေ | ကံ့ကော် (၁၅) | ထန်း (၁၀) |
| ၂-လာ | ဇော်စိမ်း (၈) | အုန်း (၆) |
| ၃-ဂါ | ရွက်လှ (၁၇) | ကံ့ကော် (၁၅) |
| ၄-ဟူး | ပျဉ်းမ (၁၉) | ဇော်စိမ်း (၈) |
| ၅-တေး | သိဟိုဠ် (၂၁) | ရွက်လှ (၁၇) |
| ၆-ကြာ | ထန်း (၁၀) | ပျဉ်းမ (၁၉) |
| စနေ | အုန်း (၆) | သိဟိုဠ် (၂၁) |

### ပုတိနှင့် သိုက်ဖွားများ

| မွေးနံ | အထက်ဆောင်ပန်း | အောက်နှင်းကြမ်း |
|---|---|---|
| ၁-နွေ | ပျဉ်းမ | ရွက်လှ |
| ၂-လာ | သိဟိုဠ် | ပျဉ်းမ |
| ၃-ဂါ | ထန်း | သိဟိုဠ် |
| ၄-ဟူး | အုန်း | ထန်း |
| ၅-တေး | ကံ့ကော် | အုန်း |
| ၆-ကြာ | ဇော်စိမ်း | ကံ့ကော် |
| စနေ | ရွက်လှ | ဇော်စိမ်း |

### အထွန်း၊ ဘင်၊ အဓိပတိဖွားများ

| မွေးနံ | အထက်ဆောင်ပန်း | အောက်နှင်းကြမ်း |
|---|---|---|
| ၁-နွေ | သိဟိုဠ် | ဇော်စိမ်း |
| ၂-လာ | ထန်း၊ ဒန်း | ရွက်လှ |
| ၃-ဂါ | အုန်း | ပျဉ်းမ |
| ၄-ဟူး | ကံ့ကော် | သိဟိုဠ် |
| ၅-တေး | ဇော်စိမ်း | ထန်း |
| ၆-ကြာ | ရွက်လှ | အုန်း |
| စနေ | ပျဉ်းမ | ကံ့ကော် |

နှစ်၊ တောင်ထန်း စသည့် စနေနံတစ်မျိုးမျိုး ပြုလုပ်ရည်။ ဂြိုဟ်သက်အရ ၁၀ညွှန့် ရေမှာ ထားပါ။ အထက်ဟုဆိုသောကြောင့် မြင့်ရာမှာ တင်ထားပါ။ ရွက်လှ ၁၇ရွက်ကို အပ်ချည်ကြိုးဖြင့် ချည်၍ ခြေထောက်အောက်တွင် ထားပါ။

မွေးနံကိုင်းကို ကိုင်ပြီး ချည်မန်းကွင်းနှစ်ကွင်းစွပ်ပါ။ အထက်ဆောင်ပန်းနှင့် တစ်ရွက်ချင်း ရိုက်ချပေးပါ။

မွေးနံအပေါ်တွင် ရှိသော စနေ၊ အင်္ဂါ၊ သောကြာသားသမီးတစ်ဦးဦးမှ ပြုလုပ်ပေးရမည်။ ခုနစ်နေ့သားသမီးများအားလုံးအတွက် ဇယားဖြင့် ဖော်ပြပေးလိုက်ပါသည်။


အရေအတွက်မှာ ဂြိုဟ်သက်အရဖြစ်၍ ကျန်တာအားလုံး အတူတူမှတ်ယူပါ။

(၅) ဆံပင်၊ လက်သည်း၊ ခြေသည်းတွင် ယတြာချေမည့်သူ၏ ဆံပင်အနည်းငယ်ကို ဖြတ်ယူပြီး စက္ကူဖြင့် နှစ်ထုပ်ထုပ်ပါ။ ထို့အတူ လက်သည်းနှစ်ထုပ်၊ ခြေသည်းနှစ်ထုပ်




ပြုလုပ်ပါ။ မွေးနံကိုင်းတွင် တစ်ထုပ်စီချည်ပါ။

၁-နွေသားသမီးများ အုန်းသားအစား အုန်းညွှန့်အသုံးပြုနိုင်သည်။ ကျန်တစ်ထုပ်စီကို ရေထဲတွင် အစဉ်လိုက်ချထားပါ။ ယတြာချေပြီးပါက ချည်မန်းကွင်းကို အောက်သို့ချွတ်ချရမည်။ ကာယကံရှင်မှ ကြိုးကို ကျော်ထွက်သွားရမည်။




လှကျော်ထွက်သွားပြီး နောက်ပြန်လှည့်မကြည့်ရ။ ပြုလုပ်ပေးသူမှ ချည်မန်းကွင်းတစ်ကွင်းကို ဆောင်ပန်း၊ နှင်းကြမ်းကို ကြိုးတစ်ကွင်းဖြင့် ချည်ပါ။ မွေးနံကိုင်း ရော ချည်ပါ။ ကျန်တစ်ကွင်းကို ဘေးဖယ်ထားပါ။ အုန်းသီးထဲသို့ ခြေသည်း၊ လက်သည်း၊ ဆံပင် တစ်ထုပ်စီတို့အား ထည့်ပြီးလျှင် ချည်မန်းကွင်းတစ်ကွင်းလုံး ထည့်ပါ။ ပြီးလျှင် အုန်းသီးပါးစပ်ပေါက်ကို အုန်းဆံသားအဆို့ဖြင့် ပြန်ပိတ်လိုက်ပါ။ ဆောင်ပန်း၊ နှင်းကြမ်း၊ မွေးနံကိုင်း သုံးမျိုးတစ်စည်းအား


www.burmeseclassic.com

www.burmeseclassic.com

အိမ်အပြင်သို့ စွန့်ထားလိုက်ပါ။

အုန်းသီးတစ်လုံးကို မိသားစုတစ်စုလုံး အသုံးပြုနိုင်သည်။ အားလုံးပြီးပါက အစည်းများနှင့် အုန်းသီးကို ရော၍ ရေစီးရှိသော ချောင်း၊ မြောင်းထဲသို့ စွန့်ပစ်လိုက်ပါ။ မရှိပါက ဘုမ္မိအရပ်၊ အမှိုက်ပုံ၊ အမှိုက်လှည်းတို့တွင် စွန့်ပစ်ပါ။ ကာကယကံရှင်ကိုယ်တိုင် ကိုင်တွယ် စွန့်ပစ်ခြင်း မပြုလုပ်ရ။ အဓိက နေ့တူ နံတူ မကိုင်ရပါ။ တနင်္ဂနွေသားသမီးအတွက် တနင်္ဂနွေသားသမီးမှ ကိုင်တွယ်ပြုလုပ်ပေး၍ မရပါ။

အဆင့် ၅ဆင့်စလုံး ရှင်းပြီးသွားပါပြီ။ စာဖတ်ပရိသတ်များ သဘောပေါက်မည်ဟု ယုံကြည်ပါသည်။ နဝင်းစီး သဘောပေါက်မည်ဟု ယုံကြည်ပါသည်။ နဝင်းစီး ယတြာ ပညာရှင်နှင့် တိုင်ပင်ဆွေးနွေး ပြုလုပ်နိုင်သည်။ မရှင်းပါက စာရေးသူထံ ဆက်သွယ်မေးမြန်းနိုင်သည်။ နဝင်းချေသော အခါ မွေးနံကိုင်းကို ရေမှာ ချထား (သို့မဟုတ်) ကိုင်ထားနိုင်သည်။ အရွက်ကို ဦးနှခါင်းမှ ခြေဖျားထိ တစ်ရွက်စီ ရိုက်ပြီး နောက်သို့ စွန့်ပစ်ရမည်။ နဝင်းချေမှုသူများ သဘောပေါက်မည်။ နဝင်းယတြာ စနစ်တကျပြုလုပ်တတ်သူ ရှားပါး လာ၍ ကိုယ်တိုင်ပြုလုပ်နိုင်ရန် နှစ်ဆန်း ၁ရက် အထူးစာတ် ယတြာကို ရေးသားဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ ■

* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com



# အာရုံဆန္ဒပြည့်ဝခြင်း

သက်လုံ

www.burmeseclassic.com



တွေ့ကြုံသမျှ လူများကို "အလိုပြည့်ပါသလား"ဟူ၍ မေးလျှင် လူတစ်ရာတွင် တစ်ရာစလုံးပင် "ဟုတ်ကဲ့၊ အလိုပြည့်ပါသည်"ဟု ဖြေကြလိမ့်မည် ထင်မိသည်။ လူမှန်လျှင် "အားလုံး အလိုပြည့်နေပြီ၊ အလိုရှိစရာ ဘာမျှမကျန်တော့" ဟူ၍ ပြောနိုင်သောလူ မရှိနိုင်ဟု ယူဆရ၏။ ရေးလိုသောအကြောင်းအရာကို တောက်လျှောက် မရေးသားမီ မဟာယန ဗုဒ္ဓဘာသာဝင်တို့တွင် အသက်တမျှ အရေးကြီးလှသော စကားတစ်လုံးအကြောင်းကို ရေးသား ဖော်ပြလိုပေ၏။

ယင်းစကားလုံးသည်ကား "ယုံ့နျတာ"ဟူသောစကားလုံးပင်ဖြစ်ပေသည်။ မဟာယန ဗုဒ္ဓဘာသာဝင်တို့ သင်္ဂါယနာမှာ သသ်ကရိုက်ဘာသာဖြင့် တင်၍ ကျွန်ုပ်တို့၏ ဟီနယန(ခေါ်) ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ သင်္ဂါယနာမှာ ပါဠိဘာသာဖြင့် တင်လေသည်။ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော "ယုံ့နျတာ"ဟူသော စကားမှာ သသ်ကရိုက်အသံထွက်ဖြစ်၍ ပါဠိစကားလုံးဖြင့် ဖလှယ်ရလျှင် "သုညတာ" ဖြစ်ပြီး မြန်မာလို အဓိပ္ပာယ်သော်ကား "ဆိတ်သုဉ်းသည်၏အဖြစ်"ဟူ၍ ဘာသာပြန်ရပေလိမ့်မည်။ "ဆိတ်သုဉ်းသည်၏အဖြစ်"ဟူ၍ ဘာသာပြန်ပြန်၊ "ဘာမှမရှိသည်၏ အဖြစ်"ဟူ၍ပင် ဘာသာပြန်ပြန်၊ မဟာယန ဗုဒ္ဓဘာသာဝင်တို့ နားလည်သော အဓိပ္ပာယ်ကိုကား ပြည့်စုံ ကုံလုံစွာ ငုံမိအောင် ပြန်ဆိုနိုင်ခြင်း မဟုတ်ချေ။

သို့ဖြစ်သောကြောင့် မြန်မာဘာသာဖြင့် မပြန်ဆိုဘဲ ပါဠိဘာသာဖြင့် "သုညတာ"ဟူ၍ ဖလှယ်ခြင်းကိုပင် ပြုပါတော့အံ့။ သသ်ကရိုက်ဘာသာအတွက် မြန်မာအက္ခရာများ ရှိပါ၏။ သို့သော် ယခုခေတ်တွင် အသုံးနည်းလှသဖြင့် စာလုံးပေါင်း၊ သတ်ပုံသတ်ညွှန်း၊ အခက်အခဲရှိသောကြောင့် ပါဠိဘာသာဖြင့်ပင် ဖလှယ်ရေးသားရပါတော့မည်။ "သုညတာ"ကို ကျွန်ုပ်တို့၏ ဘာသာရေးကျမ်းစာများတွင် အရေးတကြီးအဓိကထား၍ အသုံးပြုထားသည်ကို မတွေ့ရချေ။ သို့သော် သုညတာဖလသမာပတ် ဟူ၍ကားရှိသည်ဟု သတိပြုမိ၏။ ကျွန်ုပ်တို့၏ အယူအဆအရ ဈာန်၊ သမာပတ်ကိစ္စများတွင်သာ ကျွန်ုပ်တို့၏ ထေရဝါဒသည် မဟာယနနှင့် တော်တော်ကြီးဆက်စပ်၍ရနိုင်သည်ဟုထင်သည်။ မည်သို့ပင်ဖြစ်စေ ဤအကြောင်းအရာများသည် ယခု ကျွန်ုပ်ရေးလိုသည်ကား၊ မဟာယန ဗုဒ္ဓဘာသာဝင်တို့၏ "သုညတာ"အကြောင်း ဖြစ်ချေ၏။

မဟာယနဗုဒ္ဓဝင်တို့၏ နှလုံးသည်းပွတ်သဖွယ်ဖြစ်သော "ဟရိဒယစူတြ" ခေါ် "ဟာဒယသုတ်တော်" တွ ဣဟာသာရိပုတြ···ရူပံသုညတာ၊ သုညတေဝရူပံ" အ သော စာပိုဒ်တစ်ပိုဒ်ရှိ၏။ ယင်းစာပိုဒ်၏ အဓိပ္ပာယ် အောက်ပါအတိုင်းဖြစ်လေသည်။

"အို···သာရိပုတြာ···ရုပ်ဟူသမျှသည် သုည ဖြစ်၏။ သုညတာသည်ပင်လျှင် ရုပ်များဖြစ်သည်။ ရုပ်သ သုညတာမှ ကွဲပြားခြားနားခြင်း မရှိ၊ သုညတာသည် ရု ကွဲပြားခြားနားခြင်းမရှိ၊ အကြင်တရားသည် ရုပ်ဖြစ်၏ တရားသည် သုညတာဖြစ်သည်။ အကြင်တရားသည် သု တာဖြစ်၏။ ထိုတရားသည် ရုပ်ပင်တည်း။ ဤအတိုင်း လျှင် ဝေဒနာသည် လည်းကောင်း၊ သညာသည် လည်း ကောင်း၊ သင်္ခါရသည် လည်းကောင်း၊ ဝိညာဏသည် လည်းကောင်း သုညတာ ဖြစ်ကြကုန်၏။

ဤသုတ်တော်မှာ ဘုရားအလောင်းတော် ဗောဓိသ အဝလောကိတအရှင် ဟောကြားတော်မူသော သုတ်တော ဖြစ်သည်။ ဤသုတ်တော်၏ အထက်ဖော်ပြပါ အပိုဒ်အ ခန္ဓာငါးပါးသည်၊ သုညတာ (ဘာမျှ မရှိသည်၏အဖြစ်) ဖြစ် အပြန်အလှန်အားဖြင့် သုညတာသည်ပင် ခန္ဓာငါးပါးဖြ ကြောင်းကို ဟောတော်မူထားခြင်းဖြစ်၏။ မရှိထဲမှ အ တရား၊ အရှိတရားသည်ပင် မရှိခြင်းဟူသော စေ့စေ့တွေး ရေးရေးပေါ်နိုင်သော သဘောတရားတစ်ခုကို ဟောကြားထား ခြင်းဖြစ်၏။ ဤသည်ကိုပင် အချို့သော ပညာရှိများက "လောကဓာတ် စကြဝဠာတစ်ခုလုံးကား ဘာမျှမရှိသည့် သုညတာပင်တည်း"ဟု ပြောကြားကြခြင်းဖြစ်၏။ ဤသို သော ဟောကြား မိန့်မြွက်ချက်များထဲမှ စိတ်တန်ခိုး သုတေသီတို့သည် အလိုပြည့်ရာ လမ်းကြောင်းတစ်ခုကို ရှာဖွေကောက်ယူ ရရှိကြတော့သည်။

"အလို"ဟူသော မြန်မာစကားမှာလည်း လွန်စွာမှ သင့်လျော် ကောင်းမွန်နေပေသေးသည်။ "အလို"ဆိုသည် နှင့် တစ်ပြိုင်နက် လိုအပ်နေခြင်းကို သိနိုင်၏။ ဥပမာဆိုရ သော် အားလုံးပြည့်နေသော သွားများတွင် တစ်ချောင်းကျိ နေသည်ဆိုကြပါစို့၊ ဤနေရာတွင် သွားတစ်ချောင်း "လို" နေ၏။ ဤ "အလို" သွားတစ်ချောင်းထပ်ဖြည့်ဆည်း ခြင်းဖြင့် "အလိုပြည့်"ရတော့သည်။ ထို့ကြောင့် "အလို"ရှိမှ "ပြည့်ခြင်း" ဖြစ်နိုင်၏။

ဤသည်မှာ သဘာဝ၏ ဥပဒေသနှင့်လည်း ကိုက်ညီ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ သဘာဝ၏ ဥပဒေသတစ်ခုမှာ လစ်ဟာသွားသောနေရာ၌ ထပ်ဖြည့်ခြင်းပင် ဖြစ်၏။ ဥပမာအားဖြင့် လွယ်လွယ်ဖြင့် လွယ်လွယ်ကြည့်လျှင် အပူရှိန်ကြောင့် လေများ ပေါ့၍ အပေါ်တက်သွားလျှင် ထိုနေရာသို့ လေအေးများ တိုးဝှေ့ဝင်လာရခြင်းမျိုးပင် ဖြစ်ပေသည်။ "အလို"ကို ဖြည့်ခြင်းကား သဘာဝ၏ လုပ်ဆောင်ချက်ပင် ဖြစ်ချေ၏။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့၏ အလိုများ အဘယ်ကြောင့် မပြည့်ခြင်းများ ရှိနေပါသနည်း။ မှန်ပါသည်၊ ကျွန်ုပ်တို့တွင် မပြည့်သော အလိုများ မြောက်မြားစွာရှိနေပါသည်။ ဤကိစ္စကို ရှင်းပါတော့အံ့။

ကျွန်ုပ်တို့၏ အလိုများသည် များသောအားဖြင့် စိတ်တွင်သာ ရှိနေသည့်အလိုများ ဖြစ်ကြလေ၏။ စိတ်ဟူသည်မှာ သဘာဝ၏ အကိုင်းအခက်တစ်ခုမျှသာ ဖြစ်၍ သဘာဝ၏ ပင်မအကြောမဟုတ်ချေ။ သဘာဝ၏ ဥပဒေသများသည် ပင်မအကြောများနှင့်သာလျှင် ဆက်သွယ်နေကြလေသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင် သဘာဝ၏ ပင်မကြောအဖြစ် ရှိသည်ကား မနောသာလျှင် ဖြစ်ပေတော့၏။ (အချို့သော ပညာရှင်များ၏ အသုံးအနှုန်း၊ အယူဝါဒအားဖြင့် သဘာဝ၏ ဥပဒေများသည် သင်္ခါရက္ခန္ဓာဖြစ်ပြီး၊ မနောသည် ဝိညာဏက္ခန္ဓာဟု ဆိုကြသည်။ ဆက်လက်၍ သုတေသနပြု စရာရှိချေသေး၏။)

မနောက လိုသော အလိုမှသာ သဘာဝ ဥပဒေသများနှင့် ဆက်ဆံနိုင်၏။ စိတ်က လိုသော အလိုကား မဆက်ဆံနိုင်သေးချေ။ ထို့ကြောင့် အလိုပြည့်စေရန်မှာ စိတ်က လိုနေသော အလိုကို မနောက လိုနေသော အလိုအဖြစ် ပြောင်းလဲပစ်နိုင်ဖို့ လိုပေ၏။ မည်သို့ ပြောင်းလဲပါအံ့နည်း။ ခံစားမှုသည် စိတ်နှင့် မနောကို ဆက်သွယ်ပေးသော တံတားတစ်ခု ဖြစ်သည်နှင့်လျော်ညီစွာ ဤနေရာ၌ စိတ်မှာ အလိုကို ခံစားမှုတည်းဟူသော တံတားအားဖြင့် မနောသို့ ပို့ဆောင်ပေးခြင်းဖြင့် မနော၏အလိုအဖြစ် ပြုလုပ်ရမည်ဖြစ်၏။

ခံစားမှုနှင့် ယှဉ်သော အလိုကို ပုံစံအားဖြင့် ပြရလျှင် ကျွန်ုပ်တို့လက်တွင် နေ့စဉ်ပတ်ထားသော လက်ပတ်နာရီနှင့် ပမာပြုရတော့မည်။ ကျွန်ုပ်တို့သည် လက်ပတ်နာရီကို နေ့စဉ်ပတ်နေရာမှ တစ်နေ့တွင် ချွတ်ထားကြည့်လိုက်သော်၊ ကျွန်ုပ်တို့၏လက်တွင် လစ်ဟာသော ခံစားမှုသည် ဖြစ်ပေါ်နေ၏။ ဤခံစားမှုကား လစ်ဟာမှုတစ်စုံတစ်ခု လိုအပ်နေမှုကို ခံစားနေရသော ခံစားမှုမျိုးဖြစ်၏။

ဤနည်းတူစွာပင် ကျွန်ုပ်တို့၏ စိတ်တွင် ရှိသော



အလိုကို ခံစားမှုဖြစ်စေရပေမည်။ လိုနေမှု၊ လစ်ဟာနေမှုကို ခံစားမိရမည်ဖြစ်၏။ ထိုသို့ ခံစားမိမှ သင်၏အလိုသည် တကယ်လိုသော အလိုဖြစ်လေသည်။ ယင်းခံစားမှုကို အာရုံစူးစိုက်၍ ကြာကြာခံစားခြင်းပြုလေလေ၊ စိတ်မှ အလိုသည် မနောထဲသို့ နစ်ဝင်လေလေဖြစ်၏။ မနောထဲသို့ ပိုင်ပိုင် ရောက်သွားသောအခါ မနော၏ အလို (ဝါ) မနောတွင် ကွက်ခနဲ ပေါ်လာသော အဲယားပေါ့ကတ် (ခေါ်) လေ မရှိသော သုညကွက်ကွက်နေရာကလေးများကဲ့သို့ လပ်ဟာခြင်းသည် ဖြစ်ပေါ်လာ၏။ ထိုအခါတွင် သဘာဝ၏ ဥပဒေသသည် လုပ်ငန်းကို လုပ်ဆောင်လေတော့၏။ ထိုအခါတွင်ကား သင်၏ အလိုပြည့်ရလေတော့ပေသည်။

သို့ဖြစ်သောကြောင့် မည်သည့်အရာကိုပင် လိုလို၊ လိုသည့်အရာကို စိတ်တွင် တကယ်လစ်ဟာမှုအဖြစ်၊ ထင်မြင်လာအောင် အာရုံဖြင့် ကမ္ဘာ့တန်းထိုင်သကဲ့သို့ ဇိုင်၍ ပွားများရ၏။ ပွားများဖန်များသော် လပ်ဟာနေသည့် ခံစားမှုသည် ပေါ်ပေါက်လာ၏။ မည်သည့် ခံစားမှုမျိုးပင် ဖြစ်စေ၊ ခံစားမှု ဖြစ်ပေါ်လာပြီဆိုလျှင် နှလုံးသားတွင် ဝေဒနာပေါ်ပေါက်လာစမြဲဖြစ်၏။ ယခုကိစ္စတွင်လည်း လပ်ဟာနေသည့် ခံစားမှုဖြစ်ပေါ်လာပြီဆိုလျှင် နှလုံးသားတွင် ကျဉ်ခနဲလိုလို၊ သိမ့်ခနဲလိုလိုနှင့် လစ်ဟာသော ခံစားမှုကို သတိပြု သိ[illegible] နိုင်လေသည်။ ဤကဲ့သို့ ခံစားမှု ပေါ်ပေါက်လာပြီ[illegible]ရှိနှင့်

www.burmeseclassic.com

လုပ်ငန်းသည် မပြီးစီးသေးချေ။

ဥပမာအားဖြင့် မနီးမဝေးမှ တိုင်တစ်တိုင်ကို ခဲလုံးများနှင့် ပစ်သည် ဆိုကြပါစို့။ တစ်ချက်တလေ ထိရုံဖြင့် လက်မှန်းတည့်ပြီဟု မဆိုနိုင်သကဲ့သို့ပင်တည်း။ ဤသို့ပင်လျှင် ခံစားမှု တစ်ချက်တစ်ချက် ဖြစ်ပေါ်လာခဲ့သော် ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာအောင် လေ့ကျင့်ပေးရသည်။ ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာသော် ဖြစ်ပေါ်ချိန် ကြာလာအောင် ထိန်းသိမ်းပေးရပြန်၏။ စိတ်ပျက်စရာတော့ မဟုတ်ချေ။ လေ့ကျင့်နေခြင်းကပင်လျှင် မနောသို့ တွန်းပို့နေခြင်းနှင့် တူသဖြင့် လေ့ကျင့်နေသည့် အခိုက်အတန့်များသည် အလဟဿတော့ မဖြစ်ပေ။ မနောတွင် တံဆိပ်ခတ်နှိပ်မှု မေးမိန်သဖြင့်သာ အလိုပြည့်သည့်အချိန် ကြာမြင့်တတ်ခြင်းသာ ထူး၏။ အလကားတော့ မဖြစ်။ ထို့ပြင် လေ့ကျင့်လာလျှင် အားတက်စရာလေးတွေကိုလည်း တွေ့ရတတ်၏။ တွေ့ရတတ်ပုံမှာ ပုံသေမဟုတ်သည့်အပြင်၊ တွေ့ပုံတွေ့နည်းတို့သည် ရာထောင်မက များလှသဖြင့် အသေးစိတ်ဖော်ပြ၍ အကြောင်းထူးမည် မဟုတ်သောကြောင့် ချန်လှပ်ထားခဲ့ပါရစေ။

ဤသို့ လေ့ကျင့်ရာတွင် စိတ်ကြောင့်ဖြစ်သော အနှောင့်အယှက်တို့ကိုလည်း တွေ့ရသေး၏။ ဥပမာအ ဖြင့် ကျွန်ုပ်သည် ပညာတစ်ခုကို လို၍ ကျင့်သည် ဆို ထိုအခါတွင် စိတ်၌ မာနအခိုးအငွေ့သည် စင်ကြယ် ဖြစ်၏။ ထို့ပြင် အလိုကို အာရုံပြုသောနည်းဖြင့် "ငါ အ မတတ်သေး။ ငါ ဘာမှ မတတ်သေး"ဟု ရွတ်၏။ ပါးစ သာ ရေရွတ်သည်။ စိတ်အထင်ကမူ "ငါတတ်တာတွေ ရှိသားပဲ၊ ဟိုဟာ...ဒီဟာတော့ ငါတတ်ပါသေးက စသည်ဖြင့် အတွေးကို ဖြစ်ပေါ်စေ၏။ ဤသို့ဖြစ် မရှိတာကို (ငါ) အလိုကို ဖန်တီးပြုစုကာမှ ရှိခြင်း ( မလိုခြင်းကို ကြေညာရာ ရောက်နေတော့၏။ ဤကား မ သို့ ပို့ဆောင်ရန်ဝေးစွ၊ စိတ်တွင်ပင် အလိုကို မပေါ်ပေါက် ခြင်းဖြစ်၏။

ဤသို့ဖြင့် အလိုတကယ်ရှိလျှင် အလိုပြည့်တတ် ကြောင်းနှင့် စိတ်တန်ခိုးရှုထောင့်မှ နေ၍ မံသ စက္ခု မမြင်ရသော ကြယ်ပွင့်ကို တင်ဆက်လိုက်ရပါတော့ သတည်း။

* * *

သတ်


ဗေဒ

သိဒ္ဓိ

ဣန္ဒြိတံ

ခုနစ်ရက်သားသမီးများအားလုံးအတွက်

# ဆရာအောင်ကျော်ဇော

(မြန်မာ့ရိုးရာ ဗေဒင်ပညာနှင့် ဓာတ်ရိုက်ဓာတ်ဆင် စိတ်မနောပညာရှင်)

▶ သင့်စီးပွားရေးနှင့် အလုပ်အကိုင် ▶ အိမ်ထောင်ရေးနှင့်အချစ်ရေး ▶ ငွေရေးကြေးရေးကံကြမ္မာ

▶ ဘဝကံအနိမ့်အမြင့် အတက်အကျကို ဇာတာအရ ဆန်းစစ်အကြံပေးသည်။

လိုအပ်သော အစီအမံယတြာပြုပေးသည်။

ကလေးနာမည်ပေး။ ဟောစာတမ်း။ အိမ်အရောက်ပို့ပေးသည်။

ဆက်သွယ်ရန် - ဖုန်း - ၀၉ ၂၅၄၁၀၃၄၆၅




www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု

၅ တေး ၆ ကြာ ၇ နေ

၂၀၁၄၊ ဧပြီလအတွက်

# ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢ တနင်္ဂနွေသားသမီးများ

ဤလအတွင်း သင်ကြံစည်စိတ်ကူးထားသည့်လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်ဟု ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ အလုပ်အတွက် စိတ်ညစ်စရာ အနည်းငယ်ကြုံမည်။ နိုင်ငံရပ်ခြားခရီးတစ်ခုသွားရောက်ရတတ်၏။ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။ အမှုအခင်းနှင့် ရင်ဆိုင်နေရသူဖြစ်ပါမူ အမှုမပြီးပြတ်ဘဲ တိုးလိုးတန်းလန်းဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံး သူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင်ရပြီးနောက် သင့်တွင် အောင်မြင်မှုတွေ မလွဲမသွေ ရရှိလာစေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏ စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာအနည်းငယ်ညံ့နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ်ပြောဆိုခံရတတ်သည်။ ဘာပြဿနာမှ မဖြစ်အောင်နေပါ။ ငွေသုံးတာ၊ ချေးငှားတာ၊ အာမခံတာ၊ ထားတာသိုတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

**ယတြာ။** ။ မိမိမွေးနေ့တစ်ရက်တွင် (သို့မဟုတ်) ဘုရားတစ်ဆူဆူသို့သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ ကြုံတဲ့ ဂဏန်းကို(ရွေးချယ်မနေဘဲ) ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာစိပ်ပါ။ ကုသိုလ်ကံ ဖွင့်ပေးပါ။ နေ့စဉ် အရဟံဂုဏ်တော်ကို ပုတီး (၇)ပတ်စိပ်ပါ။ မုချ ထူးပါလိမ့်မည်။

www.burmeseclassic.com



## ➢တနင်္လာသားသမီးများ

ဤလအတွင်း သင် ကြံစည် စိတ်ကူးထားသည့် လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်ဟု ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းလုပ်သူများအဖို့ စိတ်ညစ်စရာ အနည်းငယ် တွေ့ကြုံနေရတတ်၏။ နိုင်ငံရပ်ခြားခရီး(သို့မဟုတ်) ပညာတော်သင်(ပြည်တွင်းသင်တန်း)ခရီးတစ်ခုသွားရောက် သင်ကြား လုပ်ကိုင်ရတတ်၏။ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။ ကျန်းမာရေးတွင် တစ်ခါတစ်ရံ၌ နလုံးသွေးအားနည်းသော ဝေဒနာများ ဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံး သူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင်ရ ပြီးနောက် သင် စိုးရိမ်ပူပန်နေသောအလုပ်များ မလွဲမသွေ အောင်မြင်မှု ရရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏ စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာ အနည်းငယ် မှေးမှိန်နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ်ပြောဆိုခံရလျှင် ဘာပြဿနာမှ မဖြစ်အောင်နေပါ။ ငွေသုံးတာ ချေးငှားတာ၊ အာမခံတာ၊ ထားတာသိုတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

**ယတြာ။** ။ မိမိမွေးနေ့တစ်ရက်တွင် သီလရှင်တို့ကို ဆန်နှင့်ဆီဘူး(၉)လုံး လှူဒါန်းလိုက်ပါလေ။ ထို့အပြင် ဘုရား တစ်ဆူဆူသို့ သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ အညှိုးများ ပြေပျောက်၍ လိုအင်ဆန္ဒ များ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ ကြုံတဲ့ ဂဏန်းကို (ရွေးချယ်မနေဘဲ) ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာ စိပ်၍ ကုသိုလ်ကံဖွင့်ပေးပါ။ နေ့စဉ် ပုတီး (၇)ပတ်စိပ်ပါ။ ထူးပါလိမ့်မည်။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

## ➢အင်္ဂါသားသမီးများ

ဤလတွင် ဘဝအတွက် ကံကြမ္မာရေစီးမှ အခွင့်ကောင်းကြုံနေပါပြီ။ တိုးတက်သော ပြောင်းလဲမှု ကြုံမည်။ ဘဝ အတွက် စီမံကိန်းအသစ်တွေချပြီး လုပ်ဖြစ်မည်။ အပြိုင်အဆိုင်၊ ရန်တွေတော့ ရှိသည်။ ရဲရဲလုပ်ပါ။ အခွင့်ထူးတွေ ရမည်။

အလုပ်တိုးတက်မည်။ အခွင့်ထူးတွေ ရမည်။ မုချ တိုးတက်မည်။ ငွေဝင်မည်။ ငွေကြေးပေါများစွာ သုံးရမည်။ အခက်အခဲတွေ ပြေပျောက်သွားမည်။ ဆုံးရှုံးထားသောငွေတွေ ဝင်လာမည်။ သူတစ်ပါးကို ငွေမချေးမိဖို့ဘဲ သတိထားပါ။ ငွေအာမခံတာ ရှောင်ပါ။

ဒေါ်မ်ထောင်ရှင်များအဖို့တော့ အနှောင့်အယှက်ရှိသည်။ ဘေးစကားတွေ ကြုံမည်။

ငယ်ရွယ်သူများ အချစ်ရေးကြား စကားဝင်မည်။ ချစ်သူအပေါ် သစ္စာရှိပါ။ ဤလတွင် ချစ်သူအပေါ် စိတ်မကောက်မိပါ စေနှင့်။ စိတ်ကောက်မိက ပြတ်စဲသွားပြီး ဘဝတွင် လွမ်း၍မဆုံးဖြစ်သွားတတ်သည်။ သို့အတွက် ချစ်သူအပေါ် ဇံမေတ္တာစစ် မေတ္တာမှန်ဖြင့် သစ္စာရှိပါ။

ဤလတွင် တိုးတက်ပါမည်။ အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ပါ။ စက်ပစ္စည်းတစ်ခုဝင်မည်။ ထီကံလည်း ပွင့်သည်။ (၄)များများပါသော ထီလက်မှတ်ကို ထိုးပါ။ ဤကာလတွင် ဘာမှပြဿနာမဖြစ်အောင်နေပါ။ ပြဿနာဖြစ်က ကြီးမားသွား တတ်၏။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ ဤလတစ်လလုံး အနက်ရောင် လုံးဝ မသုံးမိပါစေနှင့်။

**ယတြာ။** ။ နှင်းဆီအနီသုံးပွင့်ဝယ်၍ လမ်းမှာ ချပြီး နင်းချေပစ်လိုက်ပါ။ ငါ့ဒုက္ခ နင်ခံဟုလည်း ပြောခဲ့ပါ။ ထို့အပြင် ယခုတစ်လလုံး မေတ္တာဘာဝနာ များများပွားပါ။ မနက်-ည အိပ်ရာဝင်၊ အိပ်ရာထ မေတ္တာပို့သပါ။

**ထီကံစမ်းရန်။** ။ (၁၊ ၆) ဂဏန်းတွေနှင့် ထီကံစမ်းပါ။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ယခုလတွင် စိတ်ဒွိဟဖြစ်စရာတွေ ကြုံမည်။ ဆုံးဖြတ်ရခက်တာတွေ ကြုံမည်။ သူတစ်ပါးစကားတွေ နားယောင်မိမည်။ ကိုယ်ပိုင်စိတ်ကူးနှင့်ပဲ ဆုံးဖြတ်ပါ။ ဘာပဲဖြစ်ဖြစ် အလုပ်အကိုင်ကောင်းမွန်သည်။ ဘုရားကျောင်းကန်၊ အလှူအတန်းတစ်ခုခု သို့သွားရင်း (သို့မဟုတ်) မိတ်ဆွေနှစ်ယောက်နှင့် စကားပြောရင်း အကြံဉာဏ်ကောင်းတွေ ပွင့်မည်။ ရပ်ဝေးအဆက်အသွယ်တွေ ရမည်။

အလုပ်အကိုင် တိုးတက်သလို၊ ငွေဝင်လမ်းဖြောင့်မည်။ သူတစ်ပါးကို ကူညီရင်း ငွေဝင်မည်။ ထို့အတူ သူတစ်ပါးကို ငွေကြေးထောက်ပံ့သည့်အတွက်လည်း စေတနာအကျိုးပေး ခံစားရမည်။ ဘစ်ခုတော့ရှိသည်၊ အလွန်ရှိသေ ကျိုးနွံသော ဟန်ပြပြီး ပြောဆိုကာ ငွေလိမ်မည့်သူကို တွေ့မည်။ ရှောင်ပါ။ လာဘ်ရွှင်မည်၊ အဖိုးတန်ပစ္စည်းဝင်မည်။ ရတ်တရက် ခရီးထွက်ရမည်။

အိမ်ထောင်ရှင်များ အိမ်ထောင်ရေးတွင် ကြားလူ အနှောင့်အယှက်ပေါ်မည်။ ကိုယ်က အနေအထိုင် ဆင်ခြင်ပေးရမည်။ ငယ်ရွယ်သူများ ချစ်သူနှစ်ဦးကြား ဗျာများရမည်။ ယခင်က ပတ်သက်ခဲ့ဖူးသော ချစ်သူဟောင်း၊ အဆက်ဟောင်းနှင့် ထင်မှတ်ဘဲ ပြန်ဆုံမည်။ ကျန်းမာရေးကတော့ ကောင်းပါမည်။ သွားကိုက်သွားနာ၊ ခေါင်းကိုက်တာမျိုးလောက်ပဲ ကြုံမည်။

ယတြာ။ ။ သင့်အိမ်မှ အပျက်အဟောင်းတချို့ကို စွန့်ထုတ်လိုက်ပါ။ ဘုရားပုံတော်၊ စေတီပုံတော်တွေ ရှိပါလိမ့်မည်။ စနစ်တကျ ပူဇော်ပေးပါ။ အချစ်ရေး အိမ်ထောင်ရေး ချက်ချင်းသာယာသွားပါလိမ့်မည်။ အလုပ်ကိစ္စအတွက် အရေးတကြီးဆောင်ရွက်ရန်ရှိသူများ ဘုန်းကြီးတစ်ပါးကို စာအုပ် (၃)အုပ်လှူလိုက်ပါ။

ထီကံစမ်းရန်။ ။ မွေးနေ့တွင် (၅)ထိပ်စီး၊ (၅)များများပါသော ထီလက်မှတ်ရာပြီး ထိုးပါ။

အဓိဋ္ဌာန်ကျင့်စဉ်။ ။ ပဌာန်းရွတ်ပါ။ တစ်လလုံး ပဌာန်း(၂၄)ပစ္စည်း ဥဒ္ဒေသတော်ကြီးကို နံနက်၊ ည တစ်ခေါက်စီ ပွားထုံခြင်းဖြင့် ကောင်းကျိုးထူးပါအံ့။

## ကြာသပတေးသားသမီးများ

ဤလအတွင်း စိတ်ညစ်စရာများ ပြဿနာတချို့ ဖြေရှင်းပေးရတတ်၏။ မိသားစုတွင် မြေဝယ်ခြင်း၊ နေရာသစ်တစ်ခု အပ်မံတိုးတက်ခြင်းများ ပြုလုပ်ရတတ်၏။ မိမိလုပ်ငန်းနှင့် ပတ်သက် ဆက်နွယ်သော သင်တန်းတစ်ခု တက်ရောက်သင်ကြားခွင့်ရရှိတတ်၏။

ငယ်ရွယ်သူများ မိမိချစ်သူ၏ အသိုင်းအဝိုင်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာဖြင့် ဆက်ဆံလာတတ်၏။ ပညာရေးတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည့်သူတစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာတွေ ဖြစ်ပေါ်နေပါစေ၊ သင်၏ စေတနာတရားက သင့်အား အကူအညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ စိတ်ရှည်ပေးရမည့်ကာလပါ။ အတတ်နိုင်ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီးဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ ကုသိုလ်ကံဆက်ပြုပေးသင့်သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ဘာသာရေး ဦးစားပေးပါ။

ယတြာ။ ။ ဘုန်းတော်ကြီးကျောင်းသို့ တံမြက်စည်းနှစ်ချောင်း လှူဒါန်းလိုက်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။ အရဟံဂုဏ်တော်ကို နေ့စဉ် ပုတီး (၇)ပတ် ပွားထုံသင့်သည်။

ထီကံစမ်းရန်။ ။ (၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ➢ သောကြာသားသမီးများ

ဤလအတွင်း မြေဝယ်ခြင်း၊ နေရာသစ်တစ်ခု ထပ်မံတိုးတက်ခြင်းများ ပြုလုပ်ရတတ်၏။ မိမိလုပ်ငန်းနှင့် ပတ်သက် ဆက်နွယ်သော သင်တန်းတစ်ခု တက်ရောက် သင်ကြားခွင့်ရရှိတတ်၏။

ငယ်ရွယ်သူများ မိမိချစ်သူ၏ အသိုင်းအဝိုင်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာဖြင့် ဆက်ဆံလာတတ်၏။ ပညာရေး တွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည့်သူတစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာများ ဖြစ်ပေါ်နေပါစေ၊ သင်၏ ကံတရား သင့်အား အကူအညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ စိတ်ရှည်ပေးရမည့် ကာလပါ။ အတတ် နိုင်ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီးဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ ကုသိုလ်ကံဆက်ပြု သင့်သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ကုသိုလ်ကံ မေးမှိန်နေသည်။ ဘာသာရေး ဖိလုပ်ပါလေ။

ယတြာ။ ။ ဘုန်းတော်ကြီးကျောင်းကို တံမြက်စည်းနှစ်ချောင်း လှူဒါန်းလိုက်ပါ။ အညံ့များ ပြေပျောက်၍ လိုအင် ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။ အရဟံဂုဏ်တော်ကို နေ့စဉ် ပုတီး (၇)ပတ် ပွားထုံသင့်သည်။

ထီကံစမ်းရန်။ ။ (၁၊ ၆)ဂဏန်းများဖြင့် ထီကံစမ်းပါ။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

## ➢ စနေသားသမီးများ

ဤလတွင် ကောင်းစာတွေ ဘယ်လောက်ပဲလုပ်လုပ်၊ သူတစ်ပါးရဲ့ မကောင်းပြောခြင်း အကြောင်းမဲ့ ခံရတတ် သည်။ အလုပ်အကိုင်မှာလည်း ထိခိုက်တတ်သည်။ ငွေကတော့ ဝင်မည်။ စည်းနှင့် ကမ်းနှင့် သုံးပါ။ ခရီးတိုလေးတွေ သွားရမည်။ ခရီးသွားလျှင် နှစ်ဆင့်ခရီးဖြစ်လိမ့်မည်။ ယခုလ သင့်ကံဇာတာ အနည်းငယ် မေးမှိန်နေသည်။

အိမ်နားတွင်လည်း သူခိုးအခိုးခံရခြင်းသတင်း ကြားရတတ်သည်။ ငွေတွေ ဘယ်လောက်ရရ အကုန်အကျ များနေဦးမည့်အချိန်ပါ။

ငယ်ရွယ်သူများ ယခုလ အချစ်ရေးတွင် စိတ်သောက ကြုံတွေ့ရတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် သဘောထားကွဲလွဲနေတတ်သည်။

အိမ်တွင် အနေအထားပြောင်းလဲ ပြင်ဆင်ပေးသင့်သည်။ ဘုရားဖူးထွက်လိုက်ပါ။ စိတ်ချမ်းသာမှုများ ရရှိပါလိမ့်မည်။ ယခုလသည် ကုသိုလ်ကောင်းမှုတွေ များများလုပ်သင့်သည့် လပါ။ ဘာသာရေးဖိလုပ်ပါ။

ယတြာ။ ။ သပြေပန်း (၇)ညွန့်ကို တန်ခိုးကြီးဘုရား၏ တနင်္ဂနွေထောင့်တွင် တနင်္ဂနွေနေ့ နံနက်စောစော သွားလှူဒါန်းပါလေ။ ပြီးလျှင် သရဏဂုံသုံးပါးကို ပုတီး (၇)ပတ်စိပ်ပါ။ အညံ့များ ပြေပျောက်၍ ကောင်းကျိုးချမ်းသာများ ရရှိလာပါလိမ့်မည်။

ထီကံစမ်းရန်။ ။ (၆၊ ၀၊ ၁)ဂဏန်းများဖြင့် ထီကံစမ်းပါ။ ထီလက်မှတ်တွေကို သေတ္တာထဲ ထည့်ထားပါ။

*အားလုံးသတ္တဝါ ချမ်းသာပါစေ*

*ဆောင်အဝိုင် ဆောင်နိမိတ်ဆရာ*

(၀၉-၇၃၀-၂၅၈၇၁ / ၀၁-၅၅၉-၇၇)

* * *



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော စဉ်းတီတုံး နှင့် ကျွန်တော်

မျိုးမောင်မောင်

လူ့ဘဝ သံသရာတစ်လျှောက်လုံးတွင် နေရာဒေသ အသီးသီး၌ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ လူ့လောကဌ် ကြားနေကျ စကားရပ်များ၊ မြင်တွေ့နေကျ အဖြစ်အပျက်များဆိုလျှင် စိတ်ဝင်စားမှု မရှိကြချေ။ အကြားအာရုံတွင် ထူးဆန်းစွာ ကြားနေရခြင်း၊ မမြင်တွေ့နိုင်သော အကြောင်းအရာများအား မြင်တွေ့နေရခြင်းတို့ကိုသာလျှင် လူသားတို့က ပို၍ စိတ်ဝင်စားကြ၏။ စိတ်ဝင်စားဖွယ်ကောင်းသည်နှင့်အတူ လျှို့ဝှက်၍ ခက်ခဲနက်နဲသော အကြောင်းအရာတို့သည် လူ့လောကဌ် အမှန်ပင် ဖြစ်ပျက်နေကြသည်သာ ဖြစ်၏။

ထိုအကြောင်းအရာများကား လူသားတို့ ဖန်တီး၍ ဖြစ်ပေါ်လာသည့် အဖြစ်အပျက်များ မဟုတ်ကြချေ။ အကြောင်းအကျိုးဖြစ်တည်မှုများအပေါ် အမှီပြု၍ ဖြစ်ပေါ်လာသော အဖြစ်အပျက်များသာလျှင် ဖြစ်ကြ၏။ ထိုအကြောင်းတရားများအား မျှော်လင့်ခြင်းများ ထား၍ စောင့်ကြည့်မရပေ။ မမျှော်လင့်သော အချိန်ကာလအတွင်း လာရောက်ဖြစ်ပျက်ကြသည်က များသည်။ ထိုအဖြစ်အပျက်များသည် မယုံကြည်နိုင်လောက်အောင် ထူးဆန်းနေသည်ကို တွေ့ရတတ်၏။

ထိုဖြစ်ရပ်ဆန်းများနှင့် စပ်လျဉ်း၍ ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းတစ်ခုအား ရေးသားဖော်ပြမှာ ဖြစ်သည်။

ကျွန်တော်သည် ရန်ကုန်မှ ပြည်တစ်ဖက်ကမ်းရှိ မြို့လေးတစ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ဝန်ထမ်းအိမ်ရာတွင် နေစရာ အိမ်တစ်လုံးရပါသည်။ ထိုရရှိသော အိမ်နှင့် ဈေးတန်းမှာ သိပ်မဝေးပါ။ တစ်နေ့သောအခါ ကျွန်တော်၏ ဇနီးဖြစ်သူသည် ဈေးထဲမှ အသားတင်၍ ခုတ်ရန် မန်ကျည်းသား စဉ်းတီတုံးတစ်တုံး ဝယ်လာပါသည်။ ရန်ကုန်မှာဆိုလျှင် ထိုမန်ကျည်းသား စဉ်းတီတုံးမှာ ဈေးကြီးပေးဝယ်ရပါသည်။ ထိုဈေးတန်းတွင် တန်ဖိုးမကြီးသောကြောင့် ဝယ်လာခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ထိုအချိန်မှစ၍ မိသားစုအတွက် ဝယ်လာသော အသားငါးများကို ထိုစဉ်းတီတုံးပေါ် တင်၍ ခုတ်ထစ်ခြင်းပြုခဲ့ပါသည်။ ဟင်းလျာအတွက် အသားငါးများ ခုတ်ထစ်ပြီးလျှင် မီးဖိုချောင်၏ တစ်နေရာတွင် ထောင်ထားလိုက်ပါသည်။ ဤသို့ဖြင့် တစ်နှစ်ခန့်ကြာသောအခါ ကျွန်တော်တို့သည် အသားငါးမစားဘဲ အသီးအရွက်များ စား၍ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ စဉ်းတီတုံးအားလည်း အသုံးမပြုခဲ့သည်မှာ တစ်နှစ်ကျော် ကြာခဲ့ပေပြီ။ ထိုကဲ့သို့ အသားနှင့် စဉ်းတီတုံး ဝေး

www.burmeseclassic.com

ကွာလာခဲ့ရာမှ ထူးခြားသော ဖြစ်ရပ်ဆန်းများ စတင်ဖြစ်ပေါ် ခဲ့သည်။

◈◈◈

ညတစ်ည ၁၂နာရီအချိန်တွင် ကျွန်တော်တို့မိသားစု အိပ်ပျော်နေစဉ် မီးဖိုချောင်ထဲမှ "ဂျွိ…ဂျွိ" ဟူသော သွား အံကြိတ်သံ ထွက်ပေါ်လာပါသည်။ မည်မျှကြာအောင် မြည် နေသည် မသိပါ။ ကျွန်တော် အိပ်ရာမှ လန့်နိုးလာပါသည်။ အသံလာရာ မီးဖိုခန်းဆီသို့ သွားရောက်ကြည့်ရှုသောအခါ အသံပျောက်သွားပါသည်။ ကျွန်တော်လည်း ကြွက်မြည်သံ ဟု ယူဆကာ ပြန်၍အိပ်လိုက်ပါသည်။

နောက်တစ်လကြာသောအခါ ည ၁၂နာရီ လူအိပ်ချိန် တွင် ထပ်မံ ကြားရပြန်ပါသည်။ အိပ်ရာမှ လန့်နိုးပြီး အသံ လာရာသို့ သွားကြည့်သော်လည်း အသံပျောက်သွားပြန်ပါ သည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ ထူးခြားဆန်းကြယ် သော အကြောင်းတစ်ရပ်တော့ ရှိနေပြီ။ ဘာအကြောင်းများ ပါလိမ့်ဟူ၍။ တစ်ပတ်ခြား၊ နှစ်ပတ်ခြား လေးငါးကြိမ်မျှ အသံကြားပြီး ပျောက်သွားရာမှာ လမ်းစ ပျောက်နေ၏။

တစ်နေ့သော ညအချိန်မှာတော့ အဖြေပေးချင်ဟန် တူသည်။ အသံမပျောက်ဘဲ ဆက်၍အော်နေ၏။ ထိုအခါ ကျွန်တော်လည်း အိပ်ရာမှ ထချိန်နှင့် တစ်ထပ်တည်းဖြစ် နေပါသည်။ အသံလာရာသို့ ကြည့်လိုက်သောအခါ ကျွန်တော် တို့ အသားငါးတင်၍ ခုတ်သော စဉ်းတီတုံးကြီးမှ ဖြစ်နေ ကြောင်း တွေ့ရပါသည်။ ကျွန်တော်လည်း ထိုစဉ်းတီတုံးကြီး ကောက်ယူကြည့်လိုက်သောအခါ ပါးစပ်ပုံကြီး ပြဲဟ အက် ကွဲနေပြီး အံကြိတ်သံကြီး ထွက်နေပါသည်။ ကျွန်တော် လည်း ကြောက်လန့်ပြီး ထိုတုံးကြီးကို ပစ်ချလိုက်ပါသည်။

ကျွန်တော်လည်း ဘာမျှ စဉ်းစားမနေတော့ဘဲ ထို စဉ်းတီတုံးပေါ်သို့ ဓာတ်ဆီလောင်းချပြီး မီးနှင့် ရှို့လိုက်ပါ သည်။ မီးရှို့လိုက်သောအခါ အော်မြည်သံမှာ ပို၍ကျယ် လောင်လာသဖြင့် ကျွန်တော်လည်း အိမ်အပြင်သို့ ထုတ် ထားလိုက်ပါသည်။ သန်းခေါင်ယံအချိန်တွင် ထိတ်လန့်ဖွယ် ရာအဖြစ်နှင့် ကြုံတွေ့ရပြီး စိုးရိမ်စိတ်ဖြင့် အဆုံးသတ်လိုက် ခြင်းဖြစ်သည်။ ကျွန်တော့်ခန္ဓာကိုယ်မှာလည်း ချွေးများဖြင့် စိုရွှဲနေပြီး မောဟိုက်နွမ်းလျစွာ ခံစားလိုက်ရပါသည်။ ထိုည တွင် အတွေးများစွာဖြင့် မိုးလင်းခဲ့ရပါသည်။

◈◈◈

နံနက်မိုးလင်းသောအခါ အလုပ်ဝင်ရန် ပြင်ဆ… တော့သည်။ ညက မီးရှို့ထားသော စဉ်းတီတုံးကြီးအား … တစ်ခုတွင် ထည့်လိုက်ပါသည်။ စဉ်းတီတုံးကြီးမှာ မီးလေ… ထားသောကြောင့် မည်းနေပြီး အက်ကွဲကြောင်းများမှာ… ပါးစပ်ဟနေသည့် ပုံသဏ္ဌာန်ဖြစ်နေပါသည်။ ထိုအိတ်… အတူ အလုပ်ရုံသို့ ထွက်လာရာ လမ်းခုလတ်တွင် ရှိ… ရေချောင်းထဲသို့ စဉ်းတီတုံးအိတ်အား ပစ်ချ၍ မျော… ပါသည်။ ကျွန်တော်လည်း တာဝန်တစ်ရပ် ပြီးဆုံး၍ … လန်းဆန်းစွာဖြင့် အလုပ်ရုံသို့ ထွက်လာခဲ့ပါသည်။

လုပ်ငန်းခွင်သို့ ရောက်သောအခါ အတွေ့အကြုံရှိ … ဆရာကြီးများအား ပြောပြရာ အားလုံး အံ့ဩနေကြပါသ… သူတို့လည်း တစ်ခါမျှ မကြုံဖူးကြောင်း ပြောကြပါသ… ထိုဆရာကြီးများ၏ သုံးသပ်ချက်မှာတော့…

"မင်း စဉ်းတီတုံးက ဘီလူးစောင့်တဲ့အပင်က ဖြစ်… မယ်ကွ။ အဲဒီအပင် ခုတ်လှဲလိုက်တော့ စဉ်းတီတုံးတွေ… ကပ်လိုက်လာတာပဲ ဖြစ်မယ်"

ဟု ယူဆကြသည်။

ထိုတုံးပေါ်တွင် သားငါးမခုတ်တာ ကြာတော့ အ… ငတ်၊ ရေငတ်ဖြစ်လာ၍ အော်ခြင်းဖြစ်နိုင်ကြောင်း ပြော… ပါသည်။

ထိုဖြစ်ရပ်ဆန်းနှင့် ပတ်သက်၍ ကျွန်တော် လက်… ရသွားခြင်းပင် ဖြစ်သည်။ သို့မဟုတ်ပါက မိသားစု သွေး… သံယိုမှုဖြစ်၍ အသက်အန္တရာယ် စိုးရိမ်စရာရှိကြောင်း … လာရသောကြောင့် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ထိုဖြစ်စဉ်နောက်တွ… ကျွန်တော့်အား အိပ်မက်ပေးပါသည်။ အိပ်မက်ထဲတွ… အသံဖြင့် ပြောပါသည်။

"မင်း လက်ဦးသွားလို့ပေါ့ကွာ။ မင်းတို့ မိသားစု… အကုန်စားပစ်မလို့ကွ"

ဟု ပြော၍ အသံပျောက်သွားပါသည်။ ကျွန်တေ… လည်း အိပ်ရာမှ လန့်နိုးပြီး စိတ်ထဲမှ ပြန်ပြောလိုက်မိပါသည်…

"အခုတော့ မင်းလည်း ဒုက္ခရောက်ပြီး ဘဝဆုံးသွား… ပေါ့ကွာ"

ဟူ၍သာ… ■

* * *

မျိုးမောင်မောင်…



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်ရေးလမ်းကြောင်း

အောင်ဘုန်းမြင့်(ကချင်မြေ)

### လက္ခဏာလမ်းကြောင်း

ဗေဒင်လောကတွင် လူတစ်ဦးတစ်ယောက်ကို ကံကြမ္မာဟောကြားရာတွင် လက္ခဏာဟောခြင်းသည် အခြေခံ အကျဆုံး၊ အမှန်ကန်ဆုံးနှင့် အနာဂတ်အတွက် စိတ်အချရဆုံး ပညာရပ်ဖြစ်လေ၏။

အခြေခံကျသော အဓိက Major Line များတွင် အာယုလေခ (ခေါ်) အသက်လမ်းကြောင်း။ ဉာဏလေခ (ခေါ်) ဉာဏ်လမ်းကြောင်း၊ ဟဒယလေခ (ခေါ်) နှလုံးလမ်းကြောင်း(အိမ်ထောင်ရေးလမ်းကြောင်း)၊ ကမ္မလေခ (ခေါ်) ကံလမ်းကြောင်း၊ ဇေယျလေခ (ခေါ်) အောင်မြင်ရေးလမ်းကြောင်းဟူ၍ နဒီလမ်းကြောင်းကြီး ငါးကြောင်းရှိပါသည်။

အဆိုပါ လမ်းကြောင်းကြီး ငါးကြောင်းသည် လူတစ်ယောက်အတွက် အရေးပါသော အဓိက လမ်းကြောင်းကြီးများ ဖြစ်သောကြောင့် လွန်စွာအရေးကြီးပြီး ဘဝတစ်ခုကို ကောင်းစွာ စိုးမိုးထိန်းချုပ်ထားနိုင်သော လမ်းကြောင်းများ ဖြစ်သည်။ ထိုလမ်းကြောင်းကြီးများ သန့်ရှင်းကောင်းမွန်နေပါက ဘဝတွင် အောင်မြင်မှုအပြည့်အဝရရှိနိုင်၍ လိုရာဆန္ဒအဝဝ ပြည့်စုံစေနိုင်မည်ဖြစ်သော်လည်း ညံ့လျှင် ညံ့သည့်အပိုင်း၌ ကျဆုံးစေတတ်ပါသည်။

အသက်လမ်းကြောင်း ကောင်းလျှင် ကျန်းမာ အသက်ရှည်မည်။ မကောင်းလျှင် မကောင်းသည့်အပိုင်းတွင် အန္တရာယ်ဥပဒ်ဘေး ကြုံတွေ့ရတတ်သည်။ ဉာဏ်လမ်းကြောင်း ကောင်းမွန်နေလျှင် ဉာဏ်ပညာကြီးမားမည်။ ကြံတိုင်းအောင် ဆောင်တိုင်း ပြီးမြောက်စေနိုင်မည်။ ညံ့နေပါက အတွေးအမြင်မှားယွင်းတတ်သည်။ စိတ်ဝေဒနာမျိုး စွဲကပ်လာတတ်သည်။ ပညာသင်ကြားရ ခက်ခဲပေလိမ့်မည်။ နှလုံးလမ်းကြောင်းကောင်းသော ပုဂ္ဂိုလ်များသည် ကျန်းမာရေး၊ အိမ်ထောင်ရေး ကောင်းမည်။ မေတ္တာရေး၌ စန်းပွင့်ကံကောင်းတတ်ပြီး ချစ်သူခင်သူ မိတ်ဆွေသင်္ဂဟ ဒေပါများလိမ့်မည်။ ဓာတ်လေးပါး ကောင်းမွန်ပြီး ကျန်းမာ အသက်ရှည်သူများ ဖြစ်ရပါလိမ့်မည်။

ကံကြမ္မာလမ်းကြောင်း ထင်ထင်ရှားရှား ပါရှိကြသူများသည် ကံအား ကောင်းတတ်ကြပြီး မပါသူများဖြစ်လျှင် ကံအား နည်းတတ်သည်။ ဉာဏ်နှင့် ဝီရိယ အားထုတ်ကြိုးစားမှုကို အားကိုးပြုရလိမ့်မည်။ ကံလမ်းကြောင်း ပါရှိသော်လည်း၊ မထင်မရှား အကျိုးအပဲ့များနေပါက အကောင်းအဆိုး ရောထွေးနေတတ်သည်။ ဘဝတစ်ခုလုံးအတွက် ကံကြမ္မာလမ်းကြောင်း (သို့မဟုတ်) ထီးရိုးလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သည် အရေးဖြစ်လေ၏။ အခြားလမ်းကြောင်းများ မည်သို့ပင် ကောင်းမွန်နေစေကာမူ ကံကြမ္မာလမ်းကြောင်း၏ ဦးဆောင်မှု မကောင်းလျှင် အောင်မြင်ရေးအတွင့်အထိပ်သို့ ရောက်ရန် မလွယ်ပါ။ ကံကြမ္မာလမ်းကြောင်းသည် ဒေါက်တိုင်များ အားလုံးအတွက် အဓိက စွမ်းအားမဏ္ဍိုင်ဖြစ်ပါသည်။

အခြား အဓိက လမ်းကြောင်းများ အားနည်းနေပေမယ့် ကံကြမ္မာလမ်းကြောင်း ကောင်းနေမည်ဆိုပါက ကံကို ကယ်မ လက်တွဲသွားနိုင်မည်ဖြစ်ပြီး ကံကြမ္မာလမ်းကြောင်းနှင့်အတူ အခြားလမ်းကြောင်းများကပါ ရောညှဲ့နေမည်ဆိုပါက ဘဝ အောင်မြင်မှုအတွက် ခက်ခဲကြမ်းတမ်းမှုမျိုးနှင့် တွေ့ကြုံရ တတ်ပါသည်။

ဧယျလေခ ခေါ် အောင်မြင်ရေးလမ်းကြောင်းသည် လက္ခဏာရှင်၏ အောင်မြင်မှုအပေါင်းကို ညွှန်ပြနေသော မီတာတိုင်ဖြစ်သည်။ ကံကြမ္မာလမ်းကြောင်း ပါရှိပြီး ကောင်းမွန်သော အောင်မြင်ရေးလမ်းကြောင်း ပူးနေသည့် လက္ခဏာရှင်ဖြစ်နေပါက အောင်မြင်မှုများအတွက် ကြိုးစား အားထုတ်ရန် မလိုဘဲ၊ အလိုလို ကံကောင်း အောင်မြင်တတ်သည်။ ကံကြမ္မာလမ်းကြောင်း မပါရှိသော်လည်း သန့်ရှင်းကောင်းမွန်သော အောင်မြင်ရေးလမ်းကြောင်းပိုင်ရှင်ဖြစ်နေပါမူ ကြိုးစား အားထုတ်ခြင်းဖြင့် အောင်မြင်ကြီးပွား ချမ်းသာနိုင်ပြီး လိုရာ ဆန္ဒ ပြည့်ဝနိုင်မည်။

အဓိကကျသော Major Line များဖြစ်သည့် အသက် လမ်းကြောင်း၊ ဥာဏ်လမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ ကံကြမ္မာလမ်းကြောင်းနှင့် အောင်မြင်ရေးလမ်းကြောင်းများ ပေါ်တွင် ကျွန်းခံခြင်း၊ အဆက်ပြတ်နေခြင်း၊ မှေးမှိန်အားနည်း နေခြင်း၊ အန္တရာယ်ဥပဒ်လမ်းကြောင်းများက ဖြတ်ထား၊ တိုက်ခိုက်ထားခြင်းများ ဖြစ်နေပါက ထိုအပိုင်းအခြားကာလ ပိုင်း၌ အညံ့အပျက်အစီးများ ကြုံရတတ်သည်။ အခြေခံ လမ်းကြောင်းကြီးများ၏ အားသာချက်၊ အားနည်းချက်များ အပေါ် မူတည်၍ ဘဝအောင်မြင်မှု အတက်အကျကို ဖြစ်ပေါ်စေနိုင်ပါသည်။

အခြေခံ လမ်းကြောင်းကြီးများအားလုံး ကောင်းမွန်နေ မည်ဆိုပါက လက္ခဏာရှင်သည် ရာထူးဌာနန္တရရှိသူဖြစ်က ရာထူးဌာနအလျောက်၊ အနုပညာသမားဖြစ်က အနုပညာ သမားအလျောက်၊ ကုန်သည်ပွဲစား စီးပွားရေးသမားဖြစ်က စီးပွားရေးအလျောက်၊ အသိပညာရှင်, သိပ္ပံပညာရှင်ဖြစ်က ပညာအလျောက်၊ နိုင်ငံရေးသမားဖြစ်က ရောက်ရှိနေသည့် နယ်ပယ်အလျောက်၊ လုပ်ငန်းရှင်, ကုမ္ပဏီပိုင်ရှင်ဖြစ်က လုပ်ငန်းများအလျောက်၊ ကျောင်းကစား ဝိသမလောဘ ဖြစ်က လောဘအလျောက်၊ ဒုစရိုက်သမားဖြစ်သည်ဆို လည်း ဒုစရိုက်လုပ်ငန်းအလျောက်၊ ဝိဇ္ဇာ တပသီဖြစ် လည်း ဝိဇ္ဇာလမ်းအလျောက်၊ ဝိနည်းမဲ့ ပုဂ္ဂိုလ်မျိုးဖြစ် လည်း ဝိနည်းအလျောက် အတိုင်းအဆမရှိ အောင်မြင် ဩဇာတိက္ကမ အလွန်ကြီးမားသူ၊ အကျိုးပေး အားကောင်း အဖြစ် အောင်မြင်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သ

မည်သို့ပင် ဆိုစေကာမူ၊ အဓိက အခြေခံ ကြောင်းကြီး ငါးခုစလုံး ကောင်းမွန်သော ပုဂ္ဂိုလ်မျိုး လွန်စွာရှားပါးလှ၏။ ယေဘုယျအားဖြင့် လမ်းကြောင်း ကြောင်း၊ လေးကြောင်း ကောင်းသူများကိုသာ တွေ့ရတ သည်။ အကျိုးပေးအားဆိုရာ၌လည်း လူပုဂ္ဂိုလ်တစ်ဦးချင် လုံ့လ၊ ဝီရိယ မျှော်မှန်းတွေးခေါ်မှု၊ ကြိုးစားအားထုတ်မှ အခြေခံ အထောက်အပံ့ရှိမှု၊ မရှိမှုများပေါ် မူတည်၍ အ အများ ကွာခြားနိုင်ပါသေးသည်။

## အောင်မြင်ရေးလမ်းကြောင်း

ဘဝအောင်မြင်ရေးအတွက် လွန်စွာအရေးပါ အောင်မြင်ရေးလမ်းကြောင်းသည် တနင်္ဂနွေဂြိုဟ်ခုံ သူ့ကြွယ်ဘက်သို့ ထောင်တက်သွားသော လမ်းကြောင်း သောကြောင့် နေမင်းအလင်းရောင် လမ်းကြောင်းဟု တင်စားခေါ်ဆိုကြ၏။ သို့ဖြစ်၍ နေမင်း၏ အလင်း ကြောင်းမပါရှိလျှင် ဘဝသည် မှောင်အတိကျသွားနိုင် ဟူ၏။ အောင်မြင်ရေးလမ်းကြောင်းသည် ဘဝ၏ အောင် ဖြစ်သည်။

အောင်မြင်ရေးလမ်းကြောင်း ကောင်းစွာ ပေါ်ထွန်း လျှင် ထိုပုဂ္ဂိုလ်သည် ရာထူးဂုဏ်ရှိန် ကြီးမားခြင်း၊ ထိ အမွေဆက်ခံနိုင်ခြင်း၊ လုပ်ကိုင်သမျှ အလုပ်အကြံအစည် အောင်မြင်နိုင်ခြင်း၊ သူတစ်ပါးကို အောင်မြင် ဆွဲ စည်းရုံးနိုင်ခြင်း၊ ပစ္စည်းဥစ္စာပေါများ တိုးပွားစေခြင်း၊ ဂုဏ် ဘွဲ့များ ချီးမြှင့်ခံရခြင်း၊ အကြီးအကဲများ၏ ကူညီစောင့်ရှော ချီးမြှောက် မ,စခံရခြင်းများကို ရရှိခံစားနိုင်ပါလိမ့်မည်။

အကယ်၍သာ အောင်မြင်ရေးလမ်းကြောင်းသ မထင်မရှားဖြစ်ကာ ကျိုးပြတ်နေပါက ထိုကာလအတွ အလုပ်အကိုင် အပြောင်းအလဲဖြစ်တတ်သည်။ သို့မဟု ယာယီ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရတတ်သည်။ အောင်မြ လမ်းကြောင်းသည် လက်ဖနောင့်မှ အစပြု၍ တနင်္ဂနွေ လက်သူ့ကြွယ်ဘက်သို့ အနာအဆာကင်းစွာဖြင့် ထင်



www.burmeseclassic.com

www.burmeseclassic.com

ရှား ထောင်တက်သွားပါက လက္ခဏာရှင်သည် ကုသိုလ်ကံတရား အလွန်ကောင်းသူ ဖြစ်ရပါလိမ့်မည်။

အောင်မြင်ရေးလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံမှ စတင် အစပြုလျှင် အရောင်းအဝယ်၊ အနုပညာ၊ စာပေ၊ ဂီတ၊ ရေနှင့် ဆိုင်သော လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများဖြင့် အောင်မြင် ကြီးပွားမည်။ အင်္ဂါဂြိုဟ်ခုံမှ အစပြု ထွက်လာပါက အတိုက်အခံအမျိုးမျိုးကို ကျော်ဖြတ်နိုင်ပြီးမှ အောင်မြင်မှု ရှုတ်ခူးနိုင်မည်။ အသက်လမ်းကြောင်းမှ အစပြုလျှင် မိမိတို့ ကိုယ်တိုင် ကြိုးစားအားထုတ်မှုဖြင့် အောင်မြင် ထွန်းတောက်နိုင်မည်။ ကံကြမ္မာလမ်းကြောင်းပေါ်မှ အစပြုပါက မကြိုးစားဘဲ ထီပေါက် အမွေရခြင်းမျိုးကဲ့သို့ အလိုအလျောက် ကံတရားဖြင့် ကြီးပွားချမ်းသာ အောင်မြင်မည်။ လက်ဝါးအလယ်လောက်မှ စတင်လျှင် ဒုတိယအရွယ်ရောက်မှ အောင်မြင် ပြည့်စုံနိုင်မည်။

အောင်မြင်ရေးလမ်းကြောင်းသည် ဥာဏ်လမ်းကြောင်းမှ အစပြုပါက အသိပညာ၊ အတတ်ပညာဖြင့် တိုးတက်ကြီးပွားမည်။ နှလုံးလမ်းကြောင်းခေါ် အိမ်ထောင်ရေးလမ်းကြောင်းပေါ်မှ အခြေခံ၍ စတင်လျှင် အိမ်ထောင်ပြုပြီးမှ အောင်မြင် ကြီးပွားမည်။ တနင်္ဂနွေဂြိုဟ်ခုံမှ အစပြုသော အောင်မြင်ရေးလမ်းကြောင်းဖြစ်သော် အသက်ကြီးမှ ကြီးပွားအောင်မြင်မည်။ အိုဇာတာ ကောင်းစားမည်။ အောင်မြင်ရေးလမ်းကြောင်း အစကောင်းပြီး အဆုံး၌ မကောင်းလျှင်၊ သို့မဟုတ် လက်သူကြွယ်သို့ မရောက်နိုင်ဘဲ ရပ်တန့်နေလျှင် လက္ခဏာရှင်သည် ငယ်ရွယ်စဉ်က ကောင်းစားပြီး ကြီးဇာတာ၌ ရုန်းကန်ရတတ်သည်။ အောင်မြင်ရေးလမ်းကြောင်း နှစ်ကြောင်း သုံးကြောင်းပေါ်လျှင် အလုပ်အကိုင် အမျိုးမျိုး၌ အောင်မြင်တတ်ပြီး အလုပ်သုံးလေးမျိုး လုပ်ကိုင်ရလိမ့်မည်။ အောင်မြင်ရေးလမ်းကြောင်း လေးမျိုးမက များလွန်းပါက အောင်မြင်ပြီးမှ ကျဆုံးသွားတတ်ပါသည်။

**အောင်မြင်ရေးလမ်းကြောင်း၏ အကောင်းအဆိုး**

အောင်မြင်ရေးလမ်းကြောင်းပေါ်တွင် ကျွန်းခံနေပါက ထိုအသက်အပိုင်းအခြားတွင် စီးပွားအလုပ် ပျက်ကပ်ဆိုက်တတ်သည်။ အထူးသတိပြုရမည့် ကာလဖြစ်သည်။ အောင်မြင်ရေးလမ်းကြောင်းပေါ်တွင် ကောင်းသောကြယ် အမှတ်အသားပွင့်ပါက အလုပ်၊ စီးပွား၊ အိမ်ထောင်ရေး၊ ကျန်းမာရေး ပညာရေး ကောင်းမည်။ ကြယ်ပွင့်မဟုတ်ဘဲ ကြက်ခြေခတ်နေပါမူ အလုပ်၊ စီးပွား၊ ရာထူးဂုဏ်ရှိန် ကျဆင်းတတ်သည်။ ဆင်ခြင်ရမည့် ကာလဖြစ်သည်။

အောင်မြင်ရေး လမ်းကြောင်းပေါ်တွင် တြိဂံ သုံးထောင့်ပုံ (သို့မဟုတ်) စတုဂံ လေးထောင့်ပုံ ပေါ်ထွန်းနေမည်ဆိုပါက လက္ခဏာရှင် ကံကောင်းလိမ့်မည်။ ဆုံးရှုံးထားသော ငွေကြေး၊ ကုန်ဆုံးထားသော ဥစ္စာပစ္စည်းများနှင့် ရသင့်ရထိုက်သော အခွင့်အရေးများကို ပြန်လည်ရရှိနိုင်မည်။ ဥပဒ်အဖျက်လမ်းကြောင်းများက ဖြတ်ထား၊ ကိုက်ထားမည်ဆိုပါလျှင် အတိုက်အခံ၊ အပြိုင်အဆိုင်၊ ရန်သူ လက်သီးပုန်းမျိုး ပေါ်ပေါက်တတ်သဖြင့် လွန်စွာသတိထားပြီး ဆင်ခြင်တိုင်းထွာ၍ လုပ်ကိုင်ရမည့် ကာလဖြစ်လိမ့်မည်။ အောင်မြင်ရေးလမ်းကြောင်း ကောင်းမွန် ထင်ရှားစွာ ပါရှိသူများသည် ဘဝတစ်လျှောက်လုံး၌ ကျန်းမာချမ်းသာ လိုရာဆန္ဒပြည့်ဝကြသူများ မုချဖြစ်ရပါလိမ့်မည်။■

* * *

အောင်ဘုန်းမြင့်(ကချင်မြေ)


**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

မဂ္ဂဇင်း

www.burmeseclassic.com





# ဆယ့်နှစ်ရာသီပင်

စိုးစိုး

Item Name - Exile Oleander ,Yellow Oleander (ဆယ့်နှစ်ရာသီပင်)
Category - Raw Material
Botany Term - Impatiens balsamina
Species Family - Apocynaceae

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။ သဘာဝအလျောက်ပေါက်ရောက်သည်။

* အပင်

ပင်လတ်မျိုးဖြစ်၏။ ပေ ၂၀ ခန့်အထိမြင့်၏။ အခေါက်ထူသည်။ ကိုင်းဖြာသည်။ အခေါက် အညိုရောင်ပေါ်တွင် အဖြူကွက်များရှိ၏။

* အရွက်

အကိုင်းထိပ်ဘက်တွင် စုပြုံ၍ ရွက်လွှဲထွက်သည်။ ရွက်ပြားကျဉ်း၍ သွေးသွယ်ပြီး ကြိုးပြားသေးပုံရှိသည်။ ထိပ်နှင့်အရင်းပိုင်းချွန်သည်။ ရွက်ညှာအလွန်တိုသည်။ ရွက်ပြားပြောင်ချောပြီး ရွက်လယ်ကြောထင်ရှား၍ ရွက်နားညီသည်။

* အပွင့်

အဝါရောင်ရှိ၍ ခေါင်းလောင်းပုံဖြစ်သည်။ ဝတ်ဆံများပွင့်ချပ်များတွင်ကပ်နေ၏။ အမွှေးနုကလေးများလည်းရှိ၏။ ပွင့်ဖတ်ပြွန်ပိုင်း စိမ်းဝါရောင်ရှိ၏။

* အသီး

အချင်း ၁၁/၂ လက်မခန့်ရှိ၏။ အတွဲလိုက်သီး၏။ ပြောင်ချော၍ တောက်ပပြီး အစိမ်းရောင်ရှိသည်။ အလယ်တွင် လုံးပိုင်း၍ ထိပ်နှစ်ဖက်သို့ ချွန်သွယ်သွားသည်။

* အသုံးဝင်ပုံ

အပွင့်၊ အရွက်၊ အမြစ်၊ အခေါက်။

* အာနိသင်

မြန်မာဆေးကျမ်းများ အလိုအရ ဖန်၊ စပ်၊ ခါး သောအရသာရှိ၏။ ပူသောသတ္တိရှိ၏။ လေကိုနိုင်၏။ ယားနာ အရေပြားနာ၊ အနာပေါက်ခြင်းတို့ကိုပျောက်ကင်းစေသည်။ မျက်စိကို အကျိုးပြု၏။ အဖျားရောဂါ၊ နူနာ၊ မြင်းသရိုက်နာတို့ ကိုနိုင်၏။ ၎င်းချည်းသက်သက် စားသုံးလျှင် အဆိပ်ဖြစ် စေ၏။

* အပွင့်နှင့် အရွက်အသုံးပြုပုံ

၁။ အပွင့် (သို့) အရွက်ကို ရေနှင့်နယ်ပြီး ၎င်းရေကို သံလွင်ဆီနှင့် ဆီသက်သက်ကျန်အောင်ချက်၍ ယားနာ အရေပြားနာများကို လိမ်းပေးပါက ပျောက်ကင်း၏။

၂။ အရွက်ကိုပြုတ်၍ကြိတ်ပြီး ဆီနှင့် ရောလိမ်းပါက အဆစ်အမြစ် ကိုက်ခဲခြင်းပျောက်၏။

* အမြစ်အသုံးပြုပုံ

၁။ အမြစ်ကို သွေး၍ မုန့်ညင်းဆီနှင့် ရောချက်လိမ်းလျှင် အရေပြားနာ ပျောက်စေ၏။

၂။ အမြစ်ကို ရေနှင့် သွေးလိမ်းလျှင် ပွေးနာပျောက်၏။

* အခေါက်အသုံးပြုပုံ

အဖျားကျဆေးအဖြစ်လည်းကောင်း၊ အပူလောင်ခြင်း နှင့် ပွေး၊ ယားနာများအတွက်လည်းကောင်းသုံး၏။

* * *

စိုးစိုး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ရွာလယ် ဦးထွန်းမောင်အိမ်ရှေ့ ပိတောက်ပင်အောက် ကွပ်ပျစ်တွင် လူတစ်စုထိုင်နေကြသည်။

"အစ်ကို ထွန်းမောင်၊ မအောင်ချောင်းကို မသွားတာ အကောင်းဆုံးပဲဗျာ"

သာအောင်က ရေနွေးကြမ်းသောက်ရင်း ပြောသည်။

"ဟုတ်တယ် ထွန်းမောင်။ သာအောင်ပြောတာ မှန်တယ်ကွာ။ လူကို စားတာ သုံးနှစ်မှာ တစ်ယောက်။ ဒီနှစ် သုံးနှစ်ရှိနေပြီ"

ဦးသာရင်က ကြားက ဝင်ပြောသည်။

မအောင်ချောင်းသည် ဂွင်ကြီးချောင်း၏ လက်တက်ဖြစ်သည်။ ဂွင်ကြီးရွာ၏ ချောင်းဖျားက စီးဆင်းလာသည်။ ချောင်းကို ဂွင်ကြီးချောင်းဟု ခေါ်သည်။

ဟုတ်ပါသည်။ မအောင်ချောင်းလေးတွင် ကယုကမာတွေ ပေါများသည်။ ကယုကမာဆိုသည်မှာ ကျောက်ဆောင်တွင် ကပ်ပြီး မျိုးပွားကြသည်။ ကယုကမာကောင်ဆိုသည့် ကျောက်အိုင်၊ ထုံးအိုင်မျိုး၌သာ ရှိသည်။ မအောင်ချောင်းမှာ ကယုကမာကောင်ရှာဖွေရင်း သုံးနှစ်မှာ တစ်ယောက်သေသည်ဟု အစွဲရှိကြသည်။ တစ္ဆေသရဲရှိသည်ဟု ယူဆကြသည်။

ခုလည်း ဘဝတူ သာအောင်က တားတော့ ထွန်းမောင် ဝေခွဲမရဖြစ်နေသည်။ ထွန်းမောင်က လက်တွေ့သမား။ အစွဲဥပါဒါန်မထား။

"တိုက်ဆိုင်လို့ ဖြစ်တာပါ သာအောင်ရာ။ မင်းကလည်း အစွဲကြီးလိုက်တာ"

ထွန်းမောင်က သာအောင်မျက်နှာကို တစ်ချက်စိုက်ကြည့်ရင်း ပြောသည်။

"လူသမုတ် သစ်ငုတ်က ကျားဖြစ်တယ်လို့ ပြောကြတယ်ကွာ။ လူတိုင်း ပါးစပ်က ပြောတော့ နိမိတ်မကောင်းဘူး မောင်ရာ"

ထွန်းမောင်ကို ရေနွေးငှဲ့ပေးရင်း ဦးသာရင်က တားနေသည်။

"ခုတစ်လော ကယုကမာတွေကို ဟိုတယ် စားသောက်ဆိုင်က ဈေးကြီးပေးဝယ်ကြတယ်။ ကျွန်တော် စမ်းကြည့်ချင်တယ် ဦးလေးရာ။ ဒီမယ် သာအောင် မင်းမလိုက်ရဲလည်း နေကွာ၊ ငါဟာငါ သွားမယ်"

ထွန်းမောင်က သာအောင်ကို ဆက်ပြီးပြောလိုက်သည်။

သာအောင် ထွန်းမောင်၏စကားကို စဉ်းစားကြည့်မိသည်။ ထွန်းမောင်ကို ရေမှုဆိုး၊ ရေဘုရင်တစ်ဆူဟု ပြောရမည်။

ငါးရှာ၊ ကယုကမာငုပ်လျှင် သူများထက် ရတတ်သည်။ ထွန်းမောင်က သူ့လက်အောက်ငယ်သား ဘဝတူတွေကို သနားကြင်နာသည်။ အနစ်နာခံတတ်သည်။

သာအောင်မှာ ခုတစ်လော အကြွေးတွေကလည်း ပေးဆပ်စရာရှိသည်။

"ကိုသာအောင် . . . ကလေးကျောင်းစရိတ်လည်း လိုတယ်။ ဒေါ်ရွှေအေးကိုလည်း ဆပ်ရမယ်တော်"

ဟု သူ့မိန်းမ မအေး ပြောသည့်စကား နားထဲက မထွက်သေး။

ကိုသာအောင် စွန့်စားရမည်။ စိုးရိမ်မိတာတော့ အမှန်ပင်။ မအောင်ချောင်း စားသည်ဟု သမုတ်ကြသည်မှာ သုံးနှစ် တစ်ယောက်နှုန်းဖြစ်နေသည်။ လက်ချိုးရေတွက်ရင် မှတ်မိသလောက် လူပေါင်း ၁၀ယောက်လောက်တော့ ရှိမည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ အစ်ကိုနဲ့ဆို လိုက်မယ်ဗျာ"

သာအောင် ဆုံးဖြတ်ချက်ချ လိုက်ပါတော့သည်။

"ဒါမျိုး ကြားချင်တာကွာ။ လုပ်ရဲရင် ခံရဲရမှာပေါ့ သာအောင်ရာ"

ထွန်းမောင်စကားကြောင့် ဦးသာရင် ပါးစပ်အဟောင်းသားနဲ့ ကြည့်နေမိသည်။

◈◈◈

ဆောင်းအကုန် နွေဦးကို ရောက်တော့ ရေမှုဆိုး ထွန်းမောင်တို့လို ကယုကမာရှာဖွေသည့်လူတိုင်း အကြိုက်ဖြစ်သည်။ ဆောင်းတွင်းဆိုလည်း ဆောင်းအအေးဒဏ်က အေးတော့ ရေထဲကို မဆင်းနိုင်။ ကျောက်ဆောင်တွင် တွယ်ကပ်နေသည့် ကယုကမာကောင်ကို ငုပ်လျှိုးပြီး မရှာဖွေနိုင်။ ရေထဲကို သဘာဝအတိုင်း ငုပ်လျှိုးပြီး ရှာရသည်။ ရေငုပ်ကိရိယာရှိသည့် လူတွေလို မတွင်ကျယ်။ ပစ္စည်းဝယ်ယူဖို့ကိုထား၊ စိတ်ထဲတောင် မထည့်တွက်နိုင်ရှာ။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဘဝမျိုးဖြစ်သည်။

သုံးနှစ် တစ်ယောက် သေဆုံးသည်ဟု ယူဆကြသည်။ မအောင်ချောင်းကို ထွန်းမောင်တို့ ရောက်လာကြသည်။

အကြီးဆုံး ကျောက်ဆောင်ဖြစ်သော၊ ဒီရေအတက်အကျတွင် အမြဲတမ်း ရေမနစ်သည့် ကျောက်ဆောင် ရောက်တော့ လှေကလေးကို ရပ်လိုက်သည်။

"အဲဒီနေရာပဲ အစ်ကိုနားတင်ပဲ လူတွေ သေတာဗျ"

သာအောင်က ရှင်းပြလိုက်သည်။

"ဒီမယ် သာအောင်၊ လူတိုင်း မှာရဲတော့ တို့အတွက် အကောင်းဆုံးပေါ့ကွာ"

ထွန်းမောင်၏ စကားကြောင့် သာအောင် တအံ့တသြနဲ့ ထွန်းမောင် မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ဘာလဲ၊ မင်းက မယုံဘူးလား။ တို့ စွန့်စားရမယ်လေ။ မင်း ရေထဲကို မဆင်းရဲတော့ဘူးလား၊ သာအောင်"

"ဗျာ..."

"မဗျာနဲ့၊ မင်းကို မေးနေတာ။ သရဲရှိသလားလို့ မင်းကို စုံစမ်းခိုင်းတာ"

ထွန်းမောင်က ပြုံးရင်း မေးလိုက်သည်။

"အစ်...အစ်ကို ကျွန်တော် မဆင်းရဲဘူးဗျာ"

"မင်းကတော့ သတ္တိနည်းလိုက်တာ။ ယောက်ျားလို ကျားကျားနေပြစမ်းပါကွာ။ ဒီမယ် လူဆိုတာ သမ္မာအာဇီဝကျကျ သူများပစ္စည်းကို မခိုးမဝှက်ဘဲ လုပ်စားရဲရမယ်။ အဲဒါမှ သတ္တိရှိတာကွ၊ ဟားဟားဟား..."

"ဒါနဲ့ အစ်ကို ဆင်းကြည့်မလို့လား"

"ဟုတ်တယ်လေ၊ မင်း မဆင်းရဲရင် ငါဆင်းကြည့်ရတာပေါ့။ အဲ - ဘယ်အနားမှာ သရဲတွင်းရှိသလဲ။ ချောင်းစောင့်နတ်ကိုပဲ မပ,သ မပူဇော်လို့ သတ်တာလား။ ဒါ အဖြေရှာရမယ်။ ပြောရရင် စုံစမ်းရမယ် သာအောင်။ ဇ သုပ်တစ်ခုကို စေ့စပ်သေချာမှ လုပ်တာ အကောင်းဆုံးကွာ"

ထွန်းမောင်က ကွမ်းကို ဝါးပြီး ရေပြင်ကို ပျစ်ခနဲ ထွေးထုတ်ရင်း ပြောနေသည်။

အတွေ့အကြုံရှိလှသည့် ထွန်းမောင်ကို သာအောင် အမြဲတမ်း



လေးစားမိသည်။

"အစ်ကို ထွန်းမောင်၊ သတိတော့ ထားပါဦး"

သာအောင်က စိုးရိမ်ပြီး သတိပေးနေသည်။

"အေးပါကွာ၊ ငါဟာငါ သိပါတယ် သာအောင်"

ထွန်းမောင်က ပြောရင်း ကျောက်ဆောင်အောက် ငုပ်သွားပါတော့သည်။

သာအောင်တစ်ယောက် စိုးရိမ်ပြီး ရေပြင်ကို မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

မိနစ် ၂၀လောက်အကြာ ဘွမ်းခနဲ ရေပြင်သို့ ထွန်းမောင် ပြန်တက်လာမှ သာအောင် သက်ပြင်းချနိုင်တော့သည်။

"သာအောင်ရေ... အဖြေမှန်ကို တွေ့ခဲ့ပြီကွ"

ထွန်းမောင်က လှေပေါ်သို့ တက်ရင်း ပြောလိုက်သည်။

"ဟုတ်လား အစ်ကို။ သရဲလား။ ချောင်းစောင့်နတ်များလားဗျာ"

သာအောင်က သိချင်တော့ မေးစမ်းလိုက်သည်။

"အေးကွာ၊ တော်တော်ကြီးတာပဲ။ ဒီကောင်ကြီးကို ရှင်းထုတ်လိုက်မှ လွတ်လွတ်ကျွတ်ကျွတ် ကမာကောင်တွေကို ရှာဖွေလို့ ရမှာကွ"

"သရဲလား အစ်ကို"

"ဟုတ်တယ်။ သရဲတွင်းက ကျောက်ဆောင်အောက်မှာ ရှိတာ"

"ဗျာ"

ထွန်းမောင် စကားကြောင့် သာအောင် တအံ့တသြဖြစ်သွားပြန်သည်။

◈◈◈

မအောင်ချောင်းက သရဲကြီးကို ထွန်းမောင်ဖမ်းမည့်သတင်းက တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်ဖြစ်သွားသည်။

"ဒီကောင် မနိုင်ပါဘူးကွာ။ သူ့ဟာသူ လေကြွားနေတာ ဖြစ်မှာပေါ့"

ဦးသာရင်က လူတွေကို ပြောနေသည်။

"ဟုတ်တယ်ကွ။ ဒီချောင်းက ကြမ်းတယ်။ လူကို သုံးနှစ် တစ်ယောက် စားတာ။ လူပေါင်း ၁၀ယောက်လောက် ရှိနေပြီ။ အင်း...ထွန်းမောင်ကလည်း အစားခံချင်လားမှ မသိတာ။ တယ်ခက်တာပဲ"

ဦးချက်ကြီးက ထောက်ခံ စကားပြောလိုက်သည်။

တစ်ရွာလုံး ဟိုနေရာမှာလည်း ထွန်းမောင်တစ်ယောက် သရဲကို ဖမ်းမည်၊ ဒီနေရာမှာလည်း သရဲကို ဖမ်းမည်နဲ့။ ထွန်းမောင်ကတော့ ဘာမှ မပြောတော့ပေ။ သူ့အလုပ်ကိုပဲ သူလုပ်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။

တစ်ကျပ်သား သံလုံး တစ်တောင့်တစ်ထွာလောက်ကို ဦးမိုးအောင် ပန်းပဲဖိုမှာ နှစ်ဖက်လုံးသဖွယ် ထုနေသည်။

တပည့်ကျော် သာအောင်က ကူပြီး ဝိုင်းထုပေးနေသည်။ လူတွေကလည်း သရဲကို သတ်မည့် ထွန်းမောင်ကို စိတ်ဝင်စားနေကြသည်။

တစ်ကျပ်သား သံချောင်းကို လုံးလုပ်ပြီး ကြိုးခွေတွေကို လိုက်စုနေသည်။

သာအောင်က ထွန်းမောင်ကို ယုံကြည်သည်။ လူရွယ်တွေကလည်း ထွန်းမောင်လုပ်သမျှကို အားပေးနေကြသည်။

ထွန်းမောင်က မပိုင်ရင် မလုပ်။ မှဆိုးဘုရင်တစ်ဆူဖြစ်သည်။ တောဝက်၊ ကျီ ဆတ် ထောင်ဖမ်းမလား၊ ထွန်းမောင် ရတတ်သည်။

ရေမှုဆိုး တံငါအလုပ်ကိုလည်း သူများထက် ကျွမ်းကျင်သည်။ ဂြင်ကြီးချောင်းလက်တက် ပိန်နဲ့ချောင်းမှာဆို ကယုကမာကောင်တွေ ထွန်းမောင်ကြောင့် မျိုးပြုတ်မတတ်။ ခုလည်း လူတွေ စိတ်ကူးထဲ မထည့်ဝံ့သည့် မအောင်ချောင်းကိုလည်း ထွန်းမောင် စိတ်ဝင်စားသည်။

ဦးသာရင်တို့၊ ဦးချက်ကြီးတို့ ဘယ်လောက်ပဲ တားတား၊ ထွန်းမောင်က တစ်ငွတ်ထိုး လုပ်ချင်သည်။ စိတ်ထဲကလည်း "ဒီလူတွေ ဒီလောက်တောင် အစွဲကြီးတာ၊ သက်သေပြမှ ယုံကြမှာ"ဟု တွေးရင်း ဦးသာရင်နှင့် လူကြီးတွေကို အမြင်ကတ်နေသည်။

"ကိုထွန်းမောင်…တော့်ကို ကန့်ကွက်တာတော့ မဟုတ်ဘူးတော်။ တော်ကြာ မနိုင်ရင် ဒီက ကလေးတွေဘက်ကို…"

"ဒီမယ် မိရင်လှ၊ ထွန်းမောင်ဆိုတဲ့ လူက မပိုင်ရင် ဘာမှမလုပ်ဘူး။ မင်းလည်း ငါနဲ့ ပေါင်းလာတာ နှစ်ကနည်းတာမှမဟုတ်တာ။ ဒါတွေကို အစွဲမထားပါနဲ့ မိန်းမရာ"

ထွန်းမောင်စကားကြောင့် မိရင်လှ ပါးစပ်ပိတ်သွားပါတော့သည်။

◈◈◈

သည်နေ့ မအောင်ချောင်းတွင် လှေနှင့် တချို့ ကမ်းစပ်က တစ်ဖုံ၊ လူတွေ စုနေသည်။ ပွဲလမ်းသဘင်အလား။

ထွန်းမောင်နှင့် သာအောင်ကတော့ လှေပေါ်တွင် အလုပ်များနေသည်။ အထူးသဖြင့် သာအောင်က သရဲကို မြင်ချင်နေသည်။ မယုံရခက်၊ ယုံရခက် ဖြစ်နေသည်။ တစ်တောင်ကျော်လောက် လုံးကို ကြိုးနှင့် ကျကျနနတုပ်နေသည်။ ထွန်းမောင် လုပ်နေသမျှအား ရွာသားတွေက မျက်တောင်မခတ်ကြည့်နေကြသည်။ ဦးသာရင်နှင့် ဦးချက်ကြီးကတော့…

"ဒီလောက်ကြမ်းတဲ့ သရဲကို ဘယ်လိုဖမ်းမလဲ။ သရဲဆိုတာ ကိုယ်ဖျောက်ပတတ်တာ၊ တော်ကြာ သရဲဖမ်းစားခံရရင်…"

ဦးချက်ကြီးက စ,လိုက်သည်။

"သိပ်မှန်တာပေါ့။ ဒီနှစ် တစ်ယောက်ယောက် အစားခံရမှာလေ။ ဒီကောင်ကတော့ အေးအေးဆေးဆေးကို မနေချင်ဘူး။ ဟိုဟာလေ…အဲ၊ သေမယ့်ကျား တောပြောင်းဆိုသလို ဖြစ်နေပြီ ဦးချက်ကြီးရာ"

ထွန်းမောင်နှင့် တပည့် သာအောင်တို့မှာ သရဲဖမ်းရာတွင် လိုအပ်သည့် ကြိုးတွေ၊ လုံးတွေကို အဆင်သင့် လုပ်ထားသည်။

"ဗျို့…ကိုကြီး ထွန်းမောင် ဘယ်မှာလဲဗျာ၊ သရဲကို မဖမ်းရဲတော့ဘူးလား"

လူရွယ်တွေက စ,ကြသည်။ ထွန်းမောင်က ကွမ်းကို ဝါးလိုက်သည်။ ပြီးတော့ ရေပြင်သို့ ပျစ်ခနဲ ထွေးလိုက်သည်။

"ကဲ - အချိန်ကျနေပြီ။ ငါ ရေထဲ ဆင်းတော့မယ်။ ဒီတော့ ဟိုကောင် ကြိုးကို ဆွဲတင်ဖို့ လူနှစ်ယောက် သုံးယောက်ခေါ်ထား"

ထွန်းမောင်က သာအောင်ကို မှာသည်။

"အစ်ကိုကလည်း စိတ်ချစမ်းပါ။ အစ်ကိုသာ သတိထားပြီး ဆင်းပါ။ အခြေအနေမကောင်းရင် ပြန်တက်လာပေါ့"

"အေးပါ။ ငါ့အကြောင်း ငါသိပါတယ်။ မင်း သတိပေးတာကိုလည်း ကျေးဇူးတင်ပါတယ် သာအောင်"

ထွန်းမောင်က သူ၏ … လဲကြိုးတစ်ခု ချည်နှောင်ထားသည်။

"မင်းတို့အားလုံး ငါ ကြိုးကို ဆွဲပြီး သတိပေးလိုက်တာနဲ့ ငါ့ကို ဆွဲတင်ကြ"

"စိတ်ချစမ်းပါ အစ်ကို။ ဒါကို သိပ်မပူပါနဲ့။ အဲဒီ သရဲကိုသာ အစ်ကို အပိုင်ဖမ်းပြလိုက်စမ်းပါဗျာ။ ဒါမှ ရွာသားတွေ ယုံကြမှာဗျ"

သာအောင့်စကားကြောင့် ထွန်းမောင် ပြုံးလိုက်သည်။ သရဲဖမ်းရာတွင် သုံးသည့် တစ်တောင်ကျော်လောက် လုံးကိုပါ ကြိုးနှင့် ချည်နှောင်ပြီး လှေမှာ တစ်ခါ ကြိုးကို တုပ်ထားသည်။

ရွာသားတွေ ကြည့်နေတုန်း ထွန်းမောင်တစ်ယောက် ရေထဲ ငုပ်လျှိုးဆင်းသွားသည်။ ရွာသားတွေ စိတ်လှုပ်ရှားကြသလို၊ သာအောင်က ပိုပြီးစိတ်

www.burmeseclassic.com

လှုပ်ရှားနေမိသည်။ လေ့ပေါ်မှာ လူရှယ်နှစ်ယောက်ခေါ်ထားသည်။

ထွန်းမောင် ကျောက်ချောင်းထဲကို ငုပ်လျှိုးပြီး သရဲတွင်းဝကို ကြည့်တော့ ငါးသရဲကြီးထွက်လာပြီး ထွန်းမောင်ကို စားမည်အလုပ်၊ ထွန်းမောင်က မိမိလက်တွင် ပါလာသည့် လှံချောင်းကို အလယ်က ကိုင်ပြီး ကန့်လန့်ထောင်လိုက်သည်နှင့် သရဲငါးကြီး ထွန်းမောင်ကို မကိုက်လိုက်ရဘဲ၊ လှံက သူ့ပါးစပ်ကြီးကို ဟိုဘက်ဒီဘက် ထုတ်ချင်းဖောက်သွားသည်နှင့် ခါးတွင် ချည်နှောင်ထားသည့်ကြိုးကို လှုပ်၍ အပေါ်မှ လူများကို သတိပေးလိုက်သည်။ သာအောင်တို့ လူစုကလည်း အချက်ပေးလိုက်သည်နှင့် ချက်ချင်း ဆွဲတင်လိုက်ကြသည်။

လေ့ပေါ်သို့ ရောက်တော့ သရဲ ဲ့ လူတွေပြောကြသည့် ကျောက်ငါးကြီးက ရုန်းနေသည်။

"ဟုတ်တယ်ကွ၊ သရဲကြီးကို ဆွဲနေပြီဗျို့"

ကာလသားတွေက ဆူညံနေကြသည်။ ထွန်းမောင်က စကားမပြောနိုင်သေး။ အမောဆို့နေသည်။

သာအောင်တို့ လူတစ်သိုက်မှာ တအံ့တသြဖြစ်နေကြသည်။ လေ့ကို ချောင်းအတိုင်း စုန်ပြီး ငါးသရဲကြီးက ရုန်း၍ဆွဲသွားတော့သည်။

"ဒီကောင်ကြီးကို မဆွဲပါနဲ့ဦးကွာ။ ဒီကောင် အားကုန်သွားမှ အသာကလေး ဆွဲတင်ရုံပဲကွ"

ထွန်းမောင်က အမောဖြေရင်း ပြောနေသည်။

ရွာသားတွေက အားပေးနေကြသည်။ ဦးသာရင်နှင့် ဦးချက်ကြီးကတော့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး အံ့အားသင့်နေကြသည်။

မိနစ် ၃၀ကျော် ကြာသွားသည်။ လေ့ကို ဆွဲအားမရှိတော့။

"ကဲ - သာအောင်၊ အဲဒီကောင်ကြီးကို ဆွဲတင်ကြကွာ။ အဲ - သတိတော့ထား"

ထွန်းမောင်က သတိပေးပြီး လေ့ပေါ်သို့ ဆွဲတင်ခိုင်းသည်။

သာအောင်တို့ လူသိုက်မှာ သရဲကို မြင်ချင်တော့ ကြိုးကို ဆွဲကြသည်။ မကြာလိုက်၊ ငါးကြီး ပေါ်လာသည်။

"အားပါးပါး…ကျောက်ငါးကြီးပါလား"

ငါးကြီးလည်း ဘာမှမတတ်နိုင်တော့။ ရုန်းကန်အား သိပ်မရှိတော့ပေ။ ငါးကြီးကို မနည်းဆွဲတင်ကြပြီး ရွာသားတွေ စုဝေးနေသည်။ ကျောက်ဆောင်ဘက်ကို လေ့ဖြင့် လော်ခတ်ယူလာကြသည်။

"အစ်ကို…သရဲဆို"

သာအောင်က ငါးကြီးကို ကိုင်ကြည့်ပြီး စ,လိုက်သည်။

"ဟုတ်တယ် သာအောင်၊ ငါးသရဲကြီးကွ"

ထွန်းမောင်က ပြောလိုက်သည်။

"စကားမစပ်၊ သရဲကြီးက ငါးကို ခဝင်းဖမ်းတာလား မောင်ထွန်းမောင်"

ဦးချက်ကြီးက ငါးကြီးကို တစ်ချက်စိုက်ကြည့်ရင်း မေးလိုက်သည်။

"သရဲအစစ်မဟုတ်ဘူး ဦးလေးရယ်။ ကျောက်ငါး(ငါးကောက်တူ)ကြီးပါ။ မိကျောင်းတို့လို အသားစား ငါးကြီးပေါ့။ ဒီကောင့်ပါးစပ်ကြီးက အကြီးကြီး။ လူတစ်ယောက်ကို ချက်ချင်းမျိုလို့ရတယ် ဦးလေး"

"အင်း…ကယုကမာကောင်ငုပ်တဲ့လူတွေ သုံးနှစ် တစ်ယောက်နှုန်းသေတာ ဒီကောင်ကြီးလက်ချက်ကိုး"

ဦးသာရင်က ကျောက်ချက်ချလိုက်သည်။ ရွာသားတွေက ထွန်းမောင်ရှင်းပြလိုက်မှ သဘောပေါက်လာကြသည်။

ထွန်းမောင်နှင့် သာအောင်တို့မှာ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပီတိဖြစ်နေကြသည်။

မအောင်ချောင်းတွင် သုံးနှစ်တစ်ယောက်နှုန်း ဖမ်းစားခံနေရသည့် ငါးကြီးအန္တရာယ်ကို သူတို့ သုတ်သင်နိုင်ခဲ့ပြီမဟုတ်ပါလား။ မကြာခင် မအောင်ချောင်းတွင်း ကျောက်ဆောင်မှာ တွယ်ကပ်နေသည့် ကယုကမာကောင်တွေကို အလွယ်တကူ ရှာဖွေလို့ ရသွားနိုင်ပြီမဟုတ်လား။

တစ်ရွာလုံး သရဲစားသည်ဟု ပြောနေကြသည့်အစွဲကို ထွန်းမောင်က ဖျက်ဆီးလိုက်ပါတော့သည်။

မအောင်ချောင်းသည် လေပြည်လေညင်းတွေနဲ့အတူ သာယာလျက်ရှိနေတော့မည်မဟုတ်ပါလား ■

* * *

ရွှေပြည်သာထွန်း



www.burmeseclassic.com


www.burmeseclassic.com


# ၁၃၇၆ ခုနှစ်၊ မြန်မာနိုင်ငံ၏ ကံကြမ္မာ


## ဆရာ မြတ်ထွဋ်ခေါင်

(မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

၁၃၇၆ - မြန်မာနိုင်ငံ၏ ကံဇာတာမှာ စနေဂြိုဟ် မာရဏခတ်ထားသောကြောင့် မီးဘေးမီးခတ် ကြီးစိုးနေပါသည်။ စနေဂြိုဟ်အား ဗုဒ္ဓဟူးဂြိုဟ် လာရောက်ပူးနေသောကြောင့် မြန်မာနိုင်ငံ၏ တောင်ဘက်အရပ်များ မီးအန္တရာယ် စိုးရိမ်ရပါသည်။ နေရာအနှံ့အပြား လူဆိုးသူခိုးများပေါ်ပေါက်လာနိုင်ပါသည်။ ထင်ပေါ်မှု အားကြီးသောသူများ အသက်အန္တရာယ် စိုးရိမ်ရပါသည်။





| | | |
|---|---|---|
| ၅ | ၄ | ၃ |
| ၇ | ၃ | ၆ |
| ၆ | ၂ | ၂ |
| ၅ | ၁ | ၅ |
| ၄ | ၇ | ၁ |
| ၃ | ၆ | ၄ |
| ၂ | ၅ | ၀ |

| | | |
|---|---|---|
| ၁ | ၆ | ၂ |
| ၅ | ၃ | ၆ |
| ၂ | ၀ | ၃ |
| ၄ | ၂ | ၅ |
| ၀ | ၅ | ၁ |
| ၃ | ၁ | ၄ |
| ၆ | ၄ | ၀ |





www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေဂြိုဟ်အား ဗုဒ္ဓဟူး မာရဏနှင့် ယှဉ်နေသောကြောင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အတွင်းပိုင်း ခြစားမှုကြောင့် ပြဿနာများ ပေါ်ပေါက်လာနိုင်ပါသည်။ လယ်ယာမြေကိစ္စများကြောင့် နိုင်ငံတွင်း ဆူပူမှုများ ပိုမိုများပြားလာနိုင်ပါသည်။ ပညာရေးဝန်ထမ်းများ အပြောင်းအရွှေ့များမည်။ ရွှေနှင့် ပတ်သက်၍ အရောင်းအဝယ်လုပ်သူများ မီးအန္တရာယ် အထူးသတိပြုရန် လိုအပ်ပါသည်။

ခရီးသွားလုပ်ငန်းများ အောင်မြင်မှု ရရှိမည်။ အနုပညာလုပ်ငန်းများ၊ မော်ဒယ်အေဂျင်စီများ အောင်မြင်မှု အထူးရရှိမည်။

**ဆန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို**

ငှင်းလများတွင် ဆန်၊ ဆီ၊ ဆား၊ ဆေး ထန်းလျက်နှင့် အလှကုန်ပစ္စည်းများ ဈေးကောင်းမည်။ အိမ်၊ ခြံ၊ မြေ တိုက်ခန်းများ ဈေးအေး၍ အရောင်းအဝယ်မဖြစ်သေးပါ။ ချက်သီးဈေးကျမည်။ ကားအရောင်းအဝယ်များ အေးမည်။ မြေအရောင်းအဝယ်များ အေးမည်။ ရွှေဈေးနှုန်းများ ပုံမှန်ဖြစ်နေမည်။

**ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း**

ငှင်းလများတွင် ရွှေဈေးများ တက်မည်။ အိမ်၊ ခြံ၊ မြေ တိုက်ခန်းများ ဈေးတက်မည်။ ဆီ၊ ဆန်၊ ဆားနှင့် အလှကုန်များ ဈေးကျမည်။ ကားဈေးများ ကျမည်။ ထင်ပေါ်ကျော်ကြားသူအား အသက်အန္တရာယ်ရှိမည်။ အထည်အလိပ်နှင့် ပတ်သက်၍ ဈေးတက်မည်။ မြေဈေးများ ပုံမှန်ဖြစ်နေမည်။

**နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း**

ငှင်းလများတွင် ရွှေဈေး အဆမတန် တက်မည်။ သို့သော် အရောင်းအဝယ်မဖြစ်ပါ။ အိမ်နှင့် တိုက်ခန်းများ ဈေးတက်မည်။ မြေကွက်ဈေးများ ပုံမှန်ဖြစ်နေမည်။ ကားဈေးများ အောက်ဆုံးသို့ ကျရောက်နေသဖြင့် အရောင်းအဝယ်ဖြစ်တော့ပါ။ ရွှေနှင့်ပတ်သက်သော အမှုအခင်းမြောက်မြားစွာဖြစ်မည်။ ရွှေဆိုင်များ အထူးသတိပြုရန် လိုအပ်ပါသည်။ အလှကုန်ပစ္စည်းများ ဈေးကျမည်။

ယခုနှစ်အတွင်း အန္တရာယ်အပေါင်းတို့ ကာကွယ်ရန် အလို့ငှာ အောက်ပါ ယတြာများကို ပြုလုပ်ရန် လိုအပ်ပါသည်။

**တနင်္ဂနွေသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ ကြာသပတေးထောင့်တွင် ဒန်းကြီး (၉)ညွှန့်နှင့် ရေသက်စေ့ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

**တနင်္လာသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ ဗုဒ္ဓဟူးထောင့်တွင် ဩဇာ (၄)ညွှန့်နှင့် ရေသက်စေ့ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

**အင်္ဂါသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ သောကြာထောင့်တွင် ခရေ (၆)ညွှန့်နှင့် ရေသက်စေ့ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ တနင်္လာထောင့်တွင် စပယ် (၈)ညွှန့်နှင့် ရေသက်စေ့ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ တနင်္ဂနွေထောင့်တွင် လောက်သေ(၁၀)ညွှန့်နှင့် ရေသက်စေ့ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

**သောကြာသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ အင်္ဂါထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် ရေသက်စေ့ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး (၉)ပတ်စိပ်ပါ။

**စနေသားသမီးများ**

နှစ်ဆန်းတစ်ရက်နေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားရောက်ကာ ရာဟုထောင့်တွင် သဲအိုးတစ်လုံးအတွင်း ဒန်း (၆)ညွှန့်ကို ထည့်ပြီး ဘုရားရှင်အား ရည်မှန်းကာ လှူဒါန်းပြီးလျှင် ရေသက်စေ့၊ အမွှေးတိုင် (၉)တိုင်တို့ကိုပါ လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးနှင့် ပုတီး (၉)ပတ်စိပ်ပါ။

* * *

ဆရာမြတ်ထွဋ်ခေါင်

မြန်မာ့ရိုးရာဗေဒင်ပညာရှင်

www.burmeseclassic.com

www.burmeseclassic.com

# ပေါက်ကုံးရှင်ကြီး ထီးနဲ့ပျောက်ဟု တွင်ခဲ့သည့်

# စည်ပတုံးချောင်း

## နန်းပွင့်စံ (အင်းတော်လေး)

မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင်းရှိ မဟာမြိုင်တောထဲတွင် နေထိုင်သည့် ကတူးမရွာသို့ ရောက်ရှိခဲ့ပါသည်။ ထိုရွာမှ အနည်းငယ်သွားလျှင် ရွှေကျင်ချောင်းနှင့် စည်ပတုံးချောင်းနှစ်ချောင်း ပေါင်းဆုံနေရာသို့ စာရေးသူ လုပ်ငန်းကိစ္စဖြင့် သွားခဲ့ရသည်။

ချောင်းနှစ်ချောင်းဆုံရာတွင် ရွှေများ ကျင်နေကြလေသည်။ ရွှေကျင်နေသူ အမျိုးသမီးတစ်ဦးက စည်ပတုံးချောင်း၏ ရာဇဝင်ကို ပြောပြသဖြင့် ကျွန်မ အံ့ဩခဲ့မိသည်။ အံ့ဩထူးဆန်းဖွယ်ရာ ဖြစ်ရပ်ကလေးမို့ ကျွန်မကဲ့သို့ စာဖတ်ပရိသတ်များ သိစေရန် တင်ပြအပ်ပါသည်။

အနော်ရထာမင်းကြီးလက်ထက်တွင် သလ္လာဝတီမြစ်၏ အရှေ့ဘက် မဟာမြိုင်တောကြီးတွင် "သံဝရ ရာဇာ" အမည်ရှိသော ကတူးမင်းသည် မင်းပြုလေ၏။

ထို ကတူးမင်း၏ မိဖုရားကြီးသည် ဆင်ပြောင်ကြီးအားနိုင်သည်ဟု ဆိုကြ၏။ မဟာမြိုင်တောကြီး၌ နေကြသော သူတို့သည် အများအားဖြင့် ရှမ်းကတူးနှင့် ချင်းအနည်းငယ်မျှသာ ရှိသည်။ ထိုအချိန်က ဤဒေသသည် မြတ်စွာဘု... သာသနာတော် မထွန်းကားသေးပေ။ ဓားလှီးသွေးခံ၍ ယ... နတ်ကို ပူဇော် ပ,သလေ့သာ ရှိကြသည်။

တစ်နေ့ သံဝရ ရာဇာ၏ နယ်မြေအတွင်းတွင် နွ... လောက် ကြီးမားသော ပုတ်သင်ကောင်တစ်ကောင်ကို ... ၍ ထိုပုတ်သင်သားရေကို ကဗျည်း(ယခု ကင်မလင်း)သ... ကို ထွင်းသော ဗဟိုရ်စည်၌ ကျက်၍တီးလျှင် အလွန်သ... ယာသော အသံမြည်လေ၏။ စည်သံတန်ခိုးကြောင့် ရန်... များ မလုပ်ကြံနိုင်။ လုပ်ကြံလာသသမျှ ရှုံးနိမ့်ရပြီး လက်ဆော... ပဏ္ဏာဖြင့် သံဝရ ရာဇာထံ ဒူးထောက် ခစားရလေ၏။

ဝေသာလီပြည်မှ မင်းမျိုး ဘသူကြွယ်သည် အနေ... ရထာမင်း ခွင့်ပြုချက်ဖြင့် ဗဒုံမြို့ကို တည်ထောင် စိုးစံနေ... သည်။ ဗဒုံနယ်နှင့် မဟာမြိုင်တောကြီးသည် ထိစပ်နေ... သည်။

ထို့ကြောင့် ဗဒုံနယ်ကို စိုးစံနေသော ဘသူကြွယ်သ... ကဗျည်းသားစည်ကြီးသတင်းကို အနော်ရထာမင်း...



www.burmeseclassic.com

www.burmeseclassic.com

လျှောက်တင်လေသည်။ ဤစည်ကြီးကို ဖျက်ဆီးနိုင်မှသာလျှင် သူ၏ နယ်ပယ် စိတ်ချရမည်ကို လျှောက်တင်လေ၏။

ထိုအခါ အနော်ရထာမင်းသည် သံဝရ ရာဇာ၏ စည်ကြီးကို ဖျက်ဆီးရန် လောကီအတတ်ပညာ၌ ကျွမ်းကျင်လှသော ဝဏ္ဏအမတ်ကြီးကို မဟာမြိုင်သို့ စေလွှတ်လေ၏။

ဝဏ္ဏအမတ်ကြီးလည်း ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍ ရွှေငွေရတနာတို့ကို ယူပြီးလျှင် နောက်ပါ သူလျှိုတို့နှင့် မဟာမြိုင်တောကြီးသို့ သွားလေ၏။ ရောက်လေသော်မြို့ပတ်ဝန်းကျင်၌ ရွှေငွေတို့ကို မြေတွင် အနှံ့အပြားမြှုပ်စေသည်။ မည်သည့်အရပ်၌ ရွှေမည်မျှ ရှိသည်၊ မည်သည့်အရပ်၌ ငွေမည်မျှရှိသည်တို့ကို စာအုပ်တွင် ရေးမှတ်ထား၏။

ထို့နောက် ရောက်ရှိနေသော ကျေးရွာရှိ လူများကိုဖူးဖော်စေသည်။ ဤသို့ဖြင့် မှန်ကန်ကြောင်း ကျေးရွာသားများထံမှ ပြောကြရာ တစ်မုဟုတ်ချင်း သံဝရ ရာဇာမင်းကြီးထံ သတင်းရောက်ရှိသွားလေသည်။ ဘုရင်မင်းမြတ်သည် ဝဏ္ဏအမတ်ရှင်ကြီးယောင်ဆောင်သူကို ကျောင်းဆောက်၍ ကြီးကြီးကျယ်ကျယ် ကိုးကွယ်ထားလေသည်။

ရှင်ကြီးယောင်ဆောင် အမတ်သည် ရာဇဝလ္လဘဖြစ်၍ သင် မင်းကြီး၏ စည်ကို အနည်းငယ် ဖြစ်ရသော်၊ သည့်ထက် ဘုန်းကြီး၍ သုနာပရန္တတိုင်းအားလုံးကို အုပ်စိုးရတွံ့ဟု အကြံပေးလေ၏။

ထိုအခါ သံဝရ ရာဇာမင်းသည် မိဖုရားနှင့် တိုင်ပင်၍ စည်ကြီးကို လက်လေးသစ် ဖြစ်စေသည်၊ စည်ကြီးသည် ရှေးကထက် ပိုမို၍ မြည်ဟိန်းလာ၏။ စည်သံကြားရာ အရပ်ဒေသများက လက်ဆောင်ပဏ္ဏာတို့ဖြင့် လာရောက် ဆက်သသူများလာခဲ့သည်။

စည်ကြီး ရှေးကထက် ပိုမြည်၍ တန်ခိုးကြီးလာသည်ကို ရှင်ကြီးယောင်ဆောင်အမတ် သိသော် မသိမသာ စိတ်ပျက်မိလေသည်။ နောက်တစ်ကြိမ် ပြန်ဖြတ်ရလျှင် ကျူပျက်လတ္တံ့။ စည်ကို ဖြတ်ရန် အချိန်အား မျှော်လင့်စောင့်စားကာ နေရလေ၏။

အချိန်ကာလအတန်ကြာသော် နန်းတော်သို့ ဆွမ်းစားသွားသောအခါ မင်းနှင့် မိဖုရားတို့ကို ဤသို့ ဆိုပြန်၏။ စည်တော်ကြီးကို ထပ်မံ၍ ဖြတ်ခြင်းဖြင့် မင်းကြီးနှင့် မိဖုရားတို့သည် ရှေးကထက် ပိုမို ဘုန်းတန်ခိုးကြီးလာပြန်ဦးမည်ဟု ဆိုပြန်လေသည်။

သံဝရ ရာဇာနှင့် မိဖုရားတို့သည် အားရဝမ်းသာဖြင့် စည်ကြီးကို ဖြတ်လေသည်။ ရှင်ကြီးယောင်ဆောင်သော ဝဏ္ဏအမတ်သည် ကျောင်းသို့ အမြန်ပြန်ပြီး မိမိနှင့် အတူပါလာသော သူလျှိုများအား ပုရာဂါမ(ပုဂံ)သို့ အမြန်ပြန်စေလိုက်သည်။

ရှင်ကြီးသည် သူ၏ ပယောဂ အင်းကို စီမံ၍ ထီးတွင်ညှပ်ထားကာ သံဝရ ရာဇာမင်းတို့၏ အခြေအနေကို စောင့်ဆိုင်းနေ၏။

သံဝရ ရာဇာမင်းနှင့် မိဖုရားကြီးသည် ရှင်ကြီးယောင်ဆောင် ဝဏ္ဏအမတ်စကားကို နားထောင်၍ ဗဟိုစည်ကြီးကို လက်လေးသစ်မျှ ပြန်ဖြတ်စေပြီး တီးကြည့်သောအခါ မမြည်ဟိန်းတော့ပေ။ မိဖုရားကြီးသည် စည်ကြီးကို ရွက်၍ ရှင်ကြီးယောင်ဆောင်ထားသော အမတ်ကြီးနေသောကျောင်းသို့ သွားလေ၏။

မိဖုရားကြီး စည်ကြီးရွက်လာသည်ကို ရှင်ကြီးယောင်ဆောင်ထားသောအမတ်ကြီး မြင်လျှင် ထီးကို ယူ၍ ကျောင်းမှ ထွက်သွားလေ၏။ မိဖုရားကြီးသည် စည်ကြီးကို ပိုး၍ လိုက်လာရာ ချင်းလူမျိုး လေးမုံ၏ တောင်ယာအနီး ရေဝေတောင်သို့ ရောက်လျှင် ရှင်ကြီးယောင်ဆောင်ထားသော အမတ်သည် ကွယ်ပျောက်လေတော့၏။

မိဖုရားကြီးသည် ဗိုလ်ခြေများ စုရုံးစေပြီး တစ်တောလုံးအနှံ့ရှာသော်လည်း ရှင်ကြီးယောင်ဆောင်သော အမတ်ကို မတွေ့။ ဝ-လေးထောက် အင်းချထားသော သိမ်ဝင်သပိတ်ကွဲကိုသာ တွေ့ရလေသည်။

ထိုအချိန်မှစ၍ "ကရဏီယအောက်၊ ဝလေးထောက်၊ ပေါက်ကွဲရှင်ကြီး ထီးနှင့် ပျောက်"ဟုဆိုသော စကားနှင့် အင်းတည်ရှိခဲ့သည်။ မိဖုရားကြီးက ဒေါသအမျက် တလက်လက်ထွက်ကာ ခြေဖျားသွက်သွက်ဖြင့် စည်ကြီးကို အားကုန်ကန်ထည့်ပစ်လိုက်သည်။

စည်လိမ့်ဆင်းသော နေရာသည် ရေစီးချောင်းဖြစ်၍ လာသည်။ ထိုချောင်းကို "စည်ပတုံးချောင်း"ဟူ၍ ယခုတိုင်ခေါ်တွင်လျက်ရှိ၏ ■

* * *

နန်းပွင့်စံ(အင်းတော်လေး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

“လိုက်ဟေ့…လိုက်…လိုက်၊ မီအောင် လိုက်”

ရုတ်တရက် နောက်ကျောဘက် ဆီမှ ပေါ်ထွက်လာသည့် အသံများ ကြောင့် ဖိုးချစ် ဆွဲလာသည့် နွားကို အနီးရှိ ချုံကြီးထဲသို့ ဝှက်ထားပြီး ပုန်း နေလိုက်မိသည်။ ဆက်တိုက်ကြားနေ ရသည့် အသံများနှင့်အတူ လက်နှိပ် ဓာတ်မီးအလင်းရောင်များက ဝါးရုံတော ကြီးထဲတွင် ဟိုမှ သည်မှ အဆက် မပြတ်ပေါ်လာသည်။

“ဒီဘက်ကို နွားဆွဲသွားတာ သေသေချာချာတွေ့လိုက်တာကွ”

လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ဝါးတောကြီးထဲသို့ တိုးဝင်ပြီး မကျေ နပ် ထွက်ပေါ်လာသည့်အသံကို ကြား လိုက်ရ၍ ဖိုးချစ် နွားနဖားကြိုးကိုင်ရင်း ကြက်သီးမွေးညင်းထသွားမိသည်။

နွားပျောက်ရှာဖွေသူများက နွား ဆွဲသွားသည်ကို တွေ့လိုက်ရပြီး ရုတ်တရက် ပျောက်သွား၍ တောနင်း ရှာနေသည့် အသံများကို ဆက်တိုက် ကြားနေရဆဲဖြစ်သည်။ ဖိုးချစ် ဗျာများ သွားမိသည်။ ဖိုးချစ် လောလောဆယ် နွားပျောက်သူများလက်မှ လွတ်ရန် နွား ကို ဆက်ဆွဲရမည်လား။ ဒါမှမဟုတ် နွား ကို ထားပြီး ဖိုးချစ်တစ်ယောက် တည်း လက်လွတ်ပြေးရမည်လား။ အတွေးနှင့်အတူ ဇောချွေးများက အလိုလိုပြန်လာမိသည်။

“တောက်…၊ နွားသူခိုးတော့ ရှင် မလွယ်ဘူး။ မတွေ့တွေ့အောင် တောနင်းရှာကြကွာ”

ထပ်မံ ထွက်ပေါ်လာသည့် နွား ပိုင်ရှင် ကိုဒိုး၏ ဒေါသတကြီးထွက်လာ သည့် အသံကို ကြားလိုက်ရ၍ ဖိုးချစ် ပို၍တုန်လှုပ်သွားမိသည်။ နွားပိုင်ရှင် ကိုဒိုး ဒေါသထွက်လည်း ထွက်ချင် စရာ။ ကိုဒိုးက နွားလေးငါးကောင်ပိုင် သော်လည်း ခြံပေါက်ဖြစ်သည့် ဒီနွား လေးကို အလွန်ယုယစွာ ပြုစုကျွေးမွေး ခဲ့သည်။

ဒါကြောင့်လား မသိ၊ နွားလေးက တိရစ္ဆာန်ဖြစ်သော်လည်း လိမ္မာသည်။ သခင်ဖြစ်သူ ကိုဒိုးကို ခင်သည်။ ကိုဒိုး ဘယ်နေရာသွားသွား လိုက်သည်။ ပို၍ ထူးခြားသည်က ကိုဒိုးက “ညိုလေး ရေ”ဟု အသံပေးလျှင် ဘယ်နေရာ ရောက်ရောက် အပြေးပြန်လာပြီး ကိုဒိုးကို ခေါင်းငွေ့ပြီး ပွတ်သပ်သည်။

သည်တော့ ကိုဒိုး နွားလေးကို အခြားနွားများထက် သံယောဇဉ်ပိုခဲ့ သည်။ နွားလေး အရွယ်ရောက်သော် လည်း နိုင်းဖို့ ထမ်းပိုးပင် ကျင့်မပေးခဲ့။ လွတ်လပ်စွာ ထားသည်။ ခုတော့ ကိုဒိုး အလွန်တွယ်တာသည့် နွားလေး က နွားသူခိုးလက်ထဲသို့ ပါသွားခဲ့ခြင်း ဖြစ်သည်။

ဖိုးချစ် မိမိဘေးတွင် ရပ်ပြီး ငြိမ် သက်နေသည့် နွားကလေး၏ ပွတ် သပ်ပြီး ချော့နေရသည်။ ကိုဒိုး အသံ ပြုလိုက်လျှင် နွားကလေး ရုန်းကန် ထွက်ပြေးမည်မှာ သေချာသည်။ တဖြည်းဖြည်း ဝါးရုံတောကြီးထဲသို့ ချဉ်းနင်းပြီး လက်နှိပ်ဓာတ်မီးတဝင်းဝင်း က ပေါ်နေသည်။

ဖိုးချစ် မလှုပ်သာတော့။ နောက် ဆုံး အခြေအနေမကောင်းလျှင် နွား ကလေးကို ထားပြီး ကိုယ်လွတ်ရုန်း ပြေးဖို့သာ ရှိသည်။ ခက်နေသည်က ဖိုးချစ် မိမိအဖြစ်ကို ပြန်စဉ်းစားမိရင်း နွားကလေးကို မထားရက်နိုင်ခဲ့။ ဒါ ကြောင့်လည်း ဖိုးချစ် စွန့်စွန့်စားစားဖြင့် နွားကလေးကို ခိုးယူခဲ့ခြင်းဖြစ်သည်။

ဖိုးချစ်လက်ထဲ နွားကလေး ပါ လာခဲ့လျှင် နွားပွဲစား ကိုလုံးထံ ပို့ပေးရ မည်။ ဒါမှလည်း ဖိုးချစ် ဖဲရှုံးကြွေးဆပ် နိုင်မည်ဖြစ်သည်။

“ဒီနွားသူခိုးကွာ၊ အတော့်ကို လျှင်တယ်။ နွားဆွဲသွားတာ တွေ့ရက် နဲ့ ဒီနားမှာ ပျောက်သွားတာ အံ့သြစရာ ကွာ”

နွားရှာဖွေနေသည့် ရွာသားများ ထံမှ ကြားလိုက်ရသော စကားသံများ ကြောင့် ဖိုးချစ် ချုံကြီးထဲမှ နွားလေး ကို ပွတ်သပ်ပြီး ချော့နေရသည်။ နွား ကလေးက နားရွက်ပင် မလှုပ်။ ငြိမ် သက်စွာ ရပ်နေ၍ ဖိုးချစ် အံ့သြသွားမိ သည်။ တကယ်ဆို နွားလေးအကျင့်ကို ဖိုးချစ်သိသည်။ နွားလေးက သခင်ဖြစ် သူ ကိုဒိုးမှလွဲ၍ ဘယ်သူမှ အနားကပ် မခံ။ သူစိမ်း အနားသို့ကပ်လျှင် ဝေ့ တတ်၊ ခတ်တတ်သည်။ ခု ဖိုးချစ် နွား လေးဆွဲလာကတည်းက ဖိုးချစ်ကို မဝေ့မခတ်ဘဲ အသာတကြည် လိုက် ပါလာခဲ့ခြင်းဖြစ်သည်။

“ကဲဟေ့…အတော်ညဉ့်နက်နေ ပြီ၊ ဒီအတိုင်းဆို နွားသူခိုး ကွင်းကျော် သွားပြီနဲ့ တူတယ်။ မနက်ကျမှ လူပြန် စုပြီး အနီးအနားက ရွာတွေကို စုံစမ်း ကြမယ်”

နွားရှာသူများက နွားရှာမတွေ့၍ နောက်ဆုံး လက်လျှော့သွားဟန်တူ သည်။ နွားရှာသူများ၏ လက်နှိပ်ဓာတ် မီးအရောင်များက ဝါးတောကြီးအပြင် ဘက်သို့ တရွေ့ရွေ့ ပြန်သွားမှ ဖိုးချစ် ပျော်သွားမိသည်။

◈◈◈

“ကိုလုံး… ဟောဒီမှာ ကျွန်တော်ပြောထားတဲ့ နွား”

www.burmeseclassic.com

ဖိုးချစ်က မောင်ကြီးပန်းကြီးနှင့် ဆွဲယူလာသည့် နွားလေးကို ကိုလုံးကို ပြလိုက်သည်။ ကိုလုံးက ဖိုးချစ် ဆွဲလာသည့် နွားကလေးကို ကြည့်ပြီး သဘောကျသွားသည်။ နွားကလေးက နုနယ်ပြီး သန်မာဖွံ့ဖြိုးသည်။

"မင်းပြောတဲ့ ဈေးကို ငါ မပေးနိုင်ဘူး ဖိုးချစ်"

"ဗျာ…၊ ကျွန်တော်ပြောထားတဲ့ ဈေးကို ဘာဖြစ်လို့ မပေးတာလဲ ကိုလုံး။ နွားကို မကြိုက်လို့လား"

"ဟုတ်တယ် ဖိုးချစ်။ ငါလိုချင်တဲ့ နွားအမျိုးအစားမဟုတ်ဘူးကွ"

ကိုလုံးက နွားပွဲစားပီပီ နွားကလေးကို တွေ့ပြီးကတည်းက အမြတ်အစွန်းရမည် သိသော်လည်း ဖိုးချစ်ပြသည့် နွားလေးက ခိုးလာမှန်း သိ၍ တမင်ပင် ဈေးနှိမ်ပြောလိုက်ခြင်း ဖြစ်သည်။

"ကဲပါကွာ၊ မင်းနဲ့ ငါ ဈေးမညီညီအောင် ညှိရမှာပေါ့ကွာ။ လောလောဆယ် မင်းလည်း ပင်ပန်းနေပြီမဟုတ်လား"

ကိုလုံးက ပြောပြောဆိုဆို အသင့်ရှိနေသည့် အရက်ပုလင်းကို ငှဲ့ထည့်ပေးလိုက်ပြီး အမြည်းပန်းကန်ပါ ချပေးလိုက်သည်။ ဖိုးချစ် တစ်ညတစ်နေ့ ပင်ပန်းလာ၍ ကိုလုံး ငှဲ့ထားသည့် အရက်ခွက်ကို မော့သောက်လိုက်သည်။

"ခုတစ်လော နွားဈေးက အရင်လို မကောင်းတော့ဘူးကွ။ မင်းစကားခံရှိလို့သာ ငါ လက်သင့်ခံရတာ"

"ဟာဗျာ…ကိုလုံးကလဲ၊ ကျွန်တော် စွန့်စားပြီး ဆွဲလာခဲ့ရတာဗျ။ တန်ရာတန်ကြေးရမှ ဖြစ်မှာ"

"အေးပါကွာ။ မင်းအဖြစ်ကိုလည်း ငါသိပါတယ်။ ဒီတော့ ဒီလိုလုပ်



ကွာ၊ မင်း စရန်ငွေယူသွား။ ကျန်တာ နွားဈေးပြီးမှ လာယူ"

"ဒါတော့ မဖြစ်နိုင်ဘူး ကိုလုံးရယ်။ ကျွန်တော် ဒီနွားကို ကိုလုံးဆီမှာပဲ အပြတ်ရောင်းပြီး ပိုက်ဆံလိုချင်တာ"

ဖိုးချစ်စိတ်ထဲမှ တွက်ချက်လာခဲ့သည့် ဖဲရှုံးကြွေးက နွားလေးရောင်းရမှ ဆပ်နိုင်မည်ဖြစ်သည်။ ဖိုးချစ် မိမိအဖြစ်ကို ပြန်တွေးမိရင်း စိတ်ဘဝင်မကျဖြစ်သွားမိသည်။ ကိုလုံး တိုက်သည့် အရက်ခွက်ကို တစ်ခွက်ပြီး တစ်ခွက်သောက်လိုက်၍ မူးသွားသည်။

"ဖိုးချစ်… မင်း သိပ်လွန်နေပြီကွ။ သတိလည်း ထားပါဦးကွာ၊ မင်းနဲ့ ငါ အရောင်းအဝယ် အဆင်မပြေပေမယ့် မင်းပင်ပန်းခအတွက် ငါ ပိုက်ဆံပေးပါ့မယ်"

ကိုလုံးစကားကြောင့် ဖိုးချစ်စိတ် ထဲ အလိုလိုခံပြင်းသွားမိသည်။ ဖိုးချ ခဲလေသမျှ အဆင်က မပြေ။

"ဒါဆို ကျွန်တော် ကိုဖိုးညီဆီ သွားမယ်ဗျာ။ နွားချောနွားလှဆို ကိုဖိုးညိုက လက်မနှေးဘဲ ယူတယ်"

"အေးလေ၊ မင်း ဖိုးညိုဆီ သွား လို့ အဆင်မပြေရင် ငါ့ဆီ ပြန်လာ ဖိုးချစ်"

ကိုလုံးက ဖိုးချစ်အကြောင်း သိထား၍ အလျှော့ပေးလိုက်သည် ကိုဖိုးညိုအခြေအနေကိုလည်း ကို သိသည်။ ကိုဖိုးညိုက နွားချောနွား ဆိုလျှင် လိုချင်သော်လည်း သူ ကျန်းမာရေးမကောင်း၍ ငွေကုန်ကြေး ကျများနေ၍ ငွေမလွယ်မှန်း သိသ

"ကျွန်တော် ကိုဖိုးညီဆီ သွား မယ်။ ကိုလုံး ပုလင်းပေးပါဦး"

ဖိုးချစ်စကားကြောင့် အရ ပုလင်းယူရင်း ကိုလုံး အပြ လှမ်းကြည့်လိုက်သည်။ ညကို အ ထုက ပိုင်ပိုင်ကြီး လွှမ်းခြုံနေပြီ သည်။

"ဖိုးချစ်… ညဉ့်နက်နေပြီ မင်းသွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဗျာ။ ဒီလမ်း ကျွန်တော်သွားနေကျ လာနေကျ ပါ"

◈◈◈

ဖိုးချစ်က နွားလေးကို ဆွဲ ညအမှောင်ထဲသို့ ထွက်သွားသ ဖိုးချစ် နွားလေးကို ဆွဲရင်း စိတ်ထဲ တင်းကျပ်စွာ ခံစားနေမိသည်။ ကိုလုံးကို ဒေါသလိုလိုဖြစ်သွားမိသ သေသေချာချာ ဈေးပြောပြီးမှ ဈေးနှိမ်ပြောမှန်း ဖိုးချစ် သိသည် ဖိုးချစ် နွားလေးကိုဆွဲရင်း လိုက်မိသည်။ နွားလေးက ရုန်းကန်

www.burmeseclassic.com

www.burmeseclassic.com

ရှိဘဲ အသာတကြည့် လိုက်ပါနေဆဲဖြစ်သည်။ ဖိုးချစ် ရှေ့တူရူသို့ ကြည့်လိုက်မိသည်။ ညအမှောင်ထုက ပို၍နက်ရှိုင်းနေတတ်သည်ဟု ထင်လိုက်မိသည်။ ဖိုးချစ် ကိုလုံးထဲမှ သောက်ခဲ့သည့် အရက်အရှိန်က လေတဖြူးဖြူးကြောင့် ပို၍ရီဝေလာသည်။

ဖိုးချစ် ဘယ်လိုပဲ ရီဝေရီဝေ ကိုဖိုးညိုထံ ရောက်မှ အဆင်ပြေမည်။ ထို့ကြောင့် ဖိုးချစ် သွားနေကျလမ်းအတိုင်း မသွားဘဲ အမြန်ဆုံးရောက်ရန် လယ်ကွင်းထဲမှ ဖြတ်ပြီး နွားလေးကို ဆွဲလိုက်မိသည်။ လယ်ကွင်းထဲက ဖြတ်ဆွဲလာမှ နွားလေးက ဘာဖြစ်သည် မသိ။ နှာတဖူးဖူးမှုတ်ရင်း ရုန်းကန်နေသည်ကို တွေ့လိုက်ရ၍ ဖိုးချစ် ဒေါသဖြစ်သွားမိသည်။

နွားဈေးမတည့်၍ နွားလေးကို ပြန်ဆွဲလာရ၍ စိတ်ထဲတွင် ဒေါသဖြစ်နေစဉ် နွားလေးကို ကြည့်ပြီး ဒေါသကို မထိန်းနိုင်တော့။ လက်ထဲမှ ကြိမ်လုံးဖြင့် နွားလေးခန္ဓာကိုယ်အနှံ့ တရှမ်းရှမ်းရိုက်လိုက်မိသည်။ နွားကလေးက ဖိုးချစ် ဘယ်လိုရိုက်ရိုက်၊ ဆဲဆဲ ပေခဲနေသည်။

"တောက်… ဒီနွားတော့ကွာ၊ ငါသတ်လိုက်ရင် သေတော့မှာပဲ"

ဖိုးချစ်က ကြိတ်မနိုင်ခဲမရ ပြောရင်း နွားလေးကို ဒေါသတကြီး ရိုက်ခဲ့၍လား မသိ၊ ကြာတော့ နွားလေးက ရုန်းကန်နိုင်ဘဲ ဖိုးချစ်ဆွဲခေါ်ရာနောက်သို့ လိုက်ခဲ့သည်။ ဖိုးချစ် နွားလေးကို ဆွဲလာရင်း မြန်းစားကြီး အချိန်အခါမဟုတ်၊ ရွာချလိုက်သည့် မိုးကြောင့် နဂိုက ဝိုးတဝါးတွေ့ မြင်နေရသည့် လမ်းကို မတွေ့ရတော့။

"အရေးထဲကွာ၊ မိုးက ရွာပြန်ပြီ"

ဖိုးချစ်က သဲသဲမဲမဲရွာနေသည့် မိုးကို မော့ကြည့်ပြီး စိုးရိမ်သွားမိသည်။ ဖိုးချစ် ကွင်းသုံးလေးကွင်းခြားသည့် ကိုဖိုးညိုရွာသို့ ဖြတ်လမ်းက မှန်းပြီး လာခဲ့သော်လည်း လမ်းက ပျောက်နေသည်။ ဖိုးချစ် ချမ်းစိမ့်စိမ့်ဖြစ်လာ၍ ခါးကြားမှ ထိုးထားသည့် အရက်ပုလင်းကို သတိရပြီး မော့သောက်သည်။ ပြီး တဟူးဟူးတိုက်နေသည့် ကွ ်းလေကြောင့် ဖိုးချစ် ဘယ်နေရာကြည့်ကြည့် ဝိုးတဝါးအမြင်များ ဖိစီးလာသည်။

◈◈◈

ဖိုးချစ် မူးနေသော်လည်း သတိမလွတ်အောင် ခန္ဓာကိုယ်ကို ထိန်းရင်း နွားလေးကြိုးကို ဆွဲပြီး လယ်ကွင်းထဲမှ ဖြတ်မောင်းနေမိသည်။ မိုးက ဆက်ရွာနေဆဲဖြစ်သော်လည်း ဖိုးချစ်ကိုယ်တွင် ဇောချွေး မောချွေးများ ထွက်နေဆဲဖြစ်သည်။ ရုတ်တရက် မိုးသံလေသံကြားမှ ကြားလိုက်ရသောအသံကြောင့် ဖိုးချစ် တုန်လှုပ်သွားမိသည်။

> ဖိုးချစ် အလိုလို
> ကြောက်ရွံ့သွားမိသည်။
> ရေတွင်းပျက်ပေါ်သို့
> အားကိုးတကြီး
> မော့ကြည့်လိုက်မိသည်။
> ညအမှောင်ထု
> ဖုံးလွှမ်းနေသည့်အပြင်
> တိတ်ဆိတ်ငြိမ်သက်နေ၍
> ဖိုးချစ် ကြောက်ရွံ့တကြီး
> ထွက်ပေါ်သွားမိသည့်အသံက
> ဟိန်းသွားသည်

ဖိုးချစ် နွားလေးပိုင်ရှင် ကိုဖိုး မျက်နှာကို ကွက်ခနဲ မြင်ယောင်သွားမိရင်း ရင်တဒိန်းဒိန်းခုန်သွားမိသည်။ ထို့ကြောင့် နွားလေးကို အမြန်မောင်းလိုက်သည်။ နွားလေးက နှာတဖူးဖူးမှုတ်ရင်း ရုန်းကန်နေဆဲဖြစ်သည်။ ဖိုးချစ် ဒေါသဖြင့် နွားလေးကို ကြိုးဆွဲပြီး ရှေ့က အပြေးဆွဲလိုက်မိသည်။ ဖိုးချစ် ရုတ်တရက် လစ်ဟာသွားသောအသံနှင့်အတူ ထိတွေ့လိုက်သည့် အေးစိမ့်နေသည့် အရာ။

"ဟာ… ငါ…ငါ ရေတွင်းပျက်ထဲ ကျ…ကျနေပါလား"

ဖိုးချစ် ကျခဲ့သည့် ရေတွင်းပျက်က ရေခါးလယ်သာသာရှိ၍ အသက်မသေ။ ဖိုးချစ် ကမန်းကတန်း ရေတွင်းပျက်ပတ်လည်သို့ လက်ဖြင့် စမ်းကြည့်လိုက်မိသည်။ ရေတွင်းပျက်က အုတ်ရေတွင်းဖြစ်သော်လည်း ရေညှိများ တက်၍ ပြောင်ချောနေသည်။ ဖိုးချစ် ဘယ်လိုပဲ ကြိုးစား ကြိုးစား ရေတွင်းပျက်ပေါ်သို့ ပြန်တက်ဖို့ မလွယ်မှန်းသိသည်။

ဖိုးချစ် အလိုလိုကြောက်ရွံ့သွားမိသည်။ ရေတွင်းပျက်ပေါ်သို့ အားကိုးတကြီး မော့ကြည့်လိုက်မိသည်။ ညအမှောင်ထု ဖုံးလွှမ်းနေသည့်အပြင် တိတ်ဆိတ်ငြိမ်သက်နေ၍ ဖိုးချစ် ကြောက်ရွံ့တကြီး ထွက်ပေါ်သွားမိသည့်အသံက ဟိန်းသွားသည်။

"ကယ်ကြပါဗျို့ ကျွန်တော်… ကျွန်တော် ရေတွင်းပျက်ထဲ ကျနေလို့ပါ"

ဖိုးချစ် အားကုန်အော်လိုက်သည့် အသံနှင့်အတူ ရုတ်တရက်ကြားလိုက်

www.burmeseclassic.com

ရသည့် နွားလေး နှာမှုတ်သံသဲ့သဲ့က ဖိုးချစ်ကို အံ့အားသင့်သွားစေသည်။

"ဟင်··· နွားလေး ပြန်မသွားသေးပါလား"

ဖိုးချစ် နွားလေးအဖြစ်ကို သိလိုက်ရ၍ တုန်လှုပ်ချောက်ချားသွားမိသည်။ မကြာမီ အရဏ်ဦးအလင်းရောင် ထွက်လာသည်ကို ရေတွင်းပျက်ကြီးထဲမှ တွေ့လိုက်ရ၍ ဖိုးချစ် အားတက်သွားမိသော်လည်း မိမိအဖြစ်ကို ဘယ်သူမှ မတွေ့ခဲ့လျှင်တော့ မလွယ်။

"ကယ်ကြပါဗျို့ ကျွန်တော်··· ကျွန်တော် ရေတွင်းပျက်ထဲ ကျနေလို့ပါခင်ဗျာ"

"ဟာ··· ရေတွင်းပျက်ထဲ လူကျနေတယ် ထင်တယ်"

ရေတွင်းပျက်ထဲသို့ ထိုးကျနေသည့် အလင်းရောင်နှင့်အတူ အသံသဲ့သဲ့ကို ကြားလိုက်ရ၍ ဖိုးချစ် အားကုန်အော်လိုက်မိသည်။ ဖိုးချစ်အသံကို ကြားလိုက်ရ၍ ရေတွင်းပျက်ဘေးဆီမှ လူလေးငါးယောက် ငိုင်းကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ရေတွင်းထဲ ကျတဲ့သူရဲ့ အော်သံပဲ"

ဖိုးချစ် အသံကို ကြားလိုက်ရ၍ ရေတွင်းပျက်ပေါ်မှ ဆီးကြည့်နေသူများကို ကြည့်ရင်း ကြက်သေသေသွားမိသည်။ နွားလေးပိုင်ရှင် ကိုဒိုးနှင့် ရွာသားများ။ ဖိုးချစ် ခိုက်ခိုက်တုန်နေသည့်ကြားမှ ရင်တဒိန်းဒိန်းခုန်သွားမိသည်။ မကြာမီ ရေတွင်းပျက်ထဲသို့ ကြိုးတစ်ချောင်းကျလာသည်။

"ဟေ့လူ··· ကြိုးကို ခါးချည်ထား။ ကျုပ်တို့ ဆွဲတင်မယ်"

ကိုဒိုးနှင့် ရွာသားများ စကားကြောင့် ဖိုးချစ် ဇောချွေးများ အလိုလိုပြန်သွားမိသည်။ ကိုဒိုးတို့ နွားလေးရှာရင်း ရေတွင်းပျက်နား ရောက်ခဲ့ခြင်းဖြစ်သည်။ ဖိုးချစ် မစဉ်းစားနိုင်တော့။ လောလောဆယ် ကယ်တင်သူနှင့် တွေ့၍ ကြိုးကို ခါးချည်ပြီး အချက်ပြလိုက်သည်။ ရေတွင်းပျက်ပေါ်မှ ကိုဒိုးနှင့် ရွာသားများ ဖိုးချစ်ကို ဆွဲတင်ပြီး ရေတွင်းပျက်အပေါ်ရောက်မှ အားလုံးကြက်သေသေသွားပြီး အံ့သြသွားကြသည်။

"ဟာ···ဖိုး···ဖိုးချစ်၊ မင်း ဘယ်လိုကြောင့် ဒီရေတွင်းပျက်ထဲ ကျတာလဲ၊ ပြောစမ်း"

ကိုဒိုးက ဖိုးချစ်ကို မမျှော်လင့်ဘဲ ရေတွင်းပျက်ထဲမှာ တွေ့လိုက်ရ၍ အံ့သြတကြီး မေးလိုက်သည်။ ဖိုးချစ် ရုတ်တရက် မဖြေနိုင်ဘဲ ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိသည်။ တွေ့လိုက်ပါပြီ၊ နွားကလေးက မြက်စားနေသည်။

"ကျွန်···ကျွန်တော် ကိုဖိုးညိုရွာသွားရင်း အရက်မူးမူးနဲ့ ကျခဲ့တာ"

"အေးကွာ၊ တို့လည်း နွားလေးပျောက်လို့ ရှာနေတာ။ ကွင်းတွေလည်း နှံ့နေပြီကွ။ ဒီနားရောက်မှ နွားလေး နှာမှုတ်သံကြားလို့ ငါ့နွားလေးပဲ ထင်ပြီး ခေါ်တော့ နွားလေးက အပြေးလာတာကွ။ ငါဆွဲခေါ်တာ မလိုက်ဘဲ ရုန်းကန်ပြီး ဒီရေတွင်းပျက်ဆီ ပြန်ပြေးလာတာတွေ့လို့ ငါတို့ လိုက်ဖမ်းရင်း ရေတွင်းပျက်ထဲက အသံကြားရတာ။ မင်းမှန်း မသိဘူး ဖိုးချစ်"

ဖိုးချစ် ကိုဒိုး စကားကို ကြားလိုက်ရ၍ မိမိအဖြစ်ကို ဆက်မညာချင်တော့။ တကယ်တော့ နွားလေးက တိရစ္ဆာန်ဖြစ်သော်လည်း ထူးထူးခြားခြား မိမိအသက်ကို ကယ်တင်ခဲ့ခြင်း ဖြစ်သည်။ နွားလေးသာ ဖိုးချစ်အသက်ကို မကယ်ခဲ့လျှင် ဖိုးချစ်အဖြစ်က တွေးဝံ့စရာမရှိတော့။ ဖိုးချစ် နွားလေးကို အပြေးဖက်လိုက်သည်။

"ကျွန်··· ကျွန်တော် အ

အတိုင်းပြောပါ့မယ် ကိုဒိုးရ

ကျွန်တော် ဖဲကြွေးမဆပ်နိုင်လို့

နွားလေးကို ရောင်းဖို့ ခိုးလာတာ

"ဘယ်လို ဖိုးချစ်၊ မင်း ငါ့နွား

လေးကို ခိုး···ခိုးသွားတာ"

"ဟုတ်တယ် ကိုဒိုး။ အဲဒါကြော

ကျွန်တော့်ကို ပေးချင်တဲ့ အပြစ်ပေး

ဗျာ။ ကျွန်တော်ခံပါ့မယ်"

ဖိုးချစ်က ဖြေမဆည်နိုင်ဘဲ

ကြွေးသံနှင့်အတူ ထွက်ပေါ်လာသည်

"အေးပါကွာ။ ငါ မင်းကို

လွှတ်ပါတယ်ကွာ။ ငါ့နွားလေးကလည်

မင်းအသက်ကို ကယ်တင်ခဲ့တာ အံ့

စရာကွာ။ ဒီတော့ မင်း မကောင်းမှု

မလုပ်ပါနဲ့ကွာ။ မကောင်းမှုလုပ်ရ

မကောင်းကံက တုံ့ပြန်ပြီး အကျိုးပေး

ပါတယ်။ ကဲ - ပြန်ကြစို့ ဖိုးချစ်"

ကိုဒိုးက နွားလေးကို အသက်

မသေဘဲ ပြန်တွေ့ရ၍ ဝမ်းသာအား

ဖြင့် ပွတ်သပ်ရင်း ပြောနေသံကြောင်

ဖိုးချစ် ဖြေမဆည်နိုင်အောင် ခံစားမိရင်

ဖိုးချစ် ကျခဲ့သည့် ရေတွင်းပျက်ဆီသို့

အကြည့်ရောက်သွားမိသည်။

လယ်ကွင်းထဲမှ ရေတွင်းပျက်

ကြီး။ ရေတွင်းနှုတ်ခမ်းသား မရှိတော့

အကယ်၍သာ ဖိုးချစ်ကို ကယ်တင်

မည့်သူ မရှိခဲ့လျှင် ဖိုးချစ် တွေးမိရင်

ကြက်သီးမွေးညင်း အလိုလိုထသွားမိ

လေတော့သည်။


* * *

သန့်ခင်မွှေး



www.burmeseclassic.com

www.burmeseclassic.com



# တစ်ခါကအမှား

## ပြောင်းမြင့်ဆိုင်

ယခုအခေါက်နှင့်ဆို ဒီရွာလေးကို ကျွန်တော်ရောက်တာ နှစ်ခါရှိပြီ။

ပထမအခေါက်ကို အလယ်တန်းကျောင်းသားဘဝက ရောက်ဖြစ်ခဲ့တာ။ ရောက်တယ်ဆိုတာကလည်း ဒီရွာမှာ ဆွေမျိုးသားချင်းရှိလို့တော့ မဟုတ်ဘူး။ ကျောင်းက အတန်းဖော် သူငယ်ချင်း ထွန်းဇော်မှ သူ့ရွာကို အလည်ခေါ်လို့ ရောက်ဖြစ်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

လိုက်တုန်းကတော့ တော်တော်စည်စည်ကားကားရှိမယ်အထင်နဲ့ လိုက်သွားတာ။ ဟိုရောက်တော့ ဘယ်ဟုတ်လိမ့်မတုန်း၊ အိမ်ခြေရှိလှမှ လေးငါးဆယ်နဲ့ ရွာမည် ကာမတ္တပဲ။ ကျောင်းမရှိ၊ ရုံးမရှိ၊ ဆေးပေးခန်း မရှိ၊ ဗီဒီယိုရုံမရှိ။ အဲ - တောအရက်ဆိုင်လေးတော့ရှိတယ်။ အဆိုးဆုံးက ကျွန်တော်တို့လူငယ်တွေအတွက် လက်ဖက်ရည်ဆိုင်မရှိတာပဲ။ မဖြစ်မနေ သောက်ချင်တယ်ဆိုရင် ရွာနဲ့ တစ်မိုင်ခွဲ၊ နှစ်မိုင်လောက်ဝေးမယ့် ဂုန်နီစက်ရုံကို စက်ဘီးရှိ စက်ဘီးနဲ့ သွား၊ မရှိရင်တော့ ခြေလျင်သာ လျှောက်ပေတော့ပဲ။

ရွာနာမည်က လက်ပံကုန်း တဲ့။ ဘယ်သူက စပြီး နာမည်ပေး ကင်ပွန်းတပ်တော့ မသိဘူး။ တစ်ရွာလုံး လက်ပံပင်နဲ့ တူတာဆိုလို့ ရွာအဝင် ချောင်းကူး တံတားလေးနားမှာ ခပ်ကြီးကြီးတစ်ပင်လား ရှိတယ်။ ဒါကိုပဲ လက်ပံကုန်းလုပ်လေရော့သလားတော့ မဆိုနိုင်ဘူး။

အခု အနှစ် ၂၀ကျော်ကြာပြီးမှ ဒီရွာကို တစ်ခေါက်ပြန်ရောက်တော့ ယခင် ကျွန်တော်ရောက်ခဲ့တဲ့ လက်ပံကုန်းနဲ့ လားလားမှ မတူတော့ဘူး။ အင်းလေ၊ နှစ်ပရိစ္ဆေဒတွေ ကြာလာတာနဲ့အမျှ ခေတ်ကာလအခြေအနေတွေကလည်း လောကဓမ္မတာအတိုင်း ပြောင်းလဲ တိုးတက်နေကြတာကိုး။

သွားတုန်းကတော့ ဒီရွာကို တကူးတကသွားတာ မဟုတ်ဘူး။ ကိစ္စတစ်ခုနဲ့ မြောင်းမြကို ခဏပြန်ရင်း လစာလာထုတ်တဲ့ သူငယ်ချင်း ထွန်းဇော်နဲ့ အမှတ်မထင် ပြန်တွေ့တာနဲ့ ဒီရွာလေးကို ဒုတိယမ္ပိ ရောက်ခဲ့ပြန်တယ်။

ထွန်းဇော်က ခု သူ့ရွာလေးမှာပဲ မူ/အုပ်အဖြစ် တာဝန်ထမ်းဆောင်နေရပြီကိုး။ ပြီးတော့ သူ့ရွာလေးက ယခင်ကလို ရွာသိမ်ရွာငယ်လေး မဟုတ်တော့ဘူး။ အိမ်ခြေ ၂၀၀ ကျော်လောက်ရှိနေပြီ။ ကျောင်းတွေ၊ ကျန်းမာရေးဌာနတွေ၊ ဗီဒီယိုရုံတွေ၊ လက်ဖက်ရည်ဆိုင်တွေနဲ့ အတော်လေး စည်ကားနေပြီ။ ရွာဦးက ဆရာတော် ကျောင်းလေးတောင် ယခင်လို ခနော်နီ ခနော်နဲ့ ဝါးကျောင်းလေး မဟုတ်တော့။ သွပ်မိုးပျဉ်ကာနဲ့ တိုက်ခံကျောင်းလေး ဖြစ်နေပြီ။ မြို့ပေါ်နဲ့ မိုင် ၂၀ နီးပါးဝေးတယ်။ ကျွန်တော်ရောက်တဲ့ အချိန်ထိတော့ ရွာထဲအထိ ကားလမ်းမပေါက်သေးဘူး။ မြို့ပေါ်ကနေ လိုင်းကားစီးပြီး လက်ပံကုန်းပါတယ်ဆိုရင် ရွာထိပ်က ချောင်းကူး တံတားလေးထိပ်မှာပဲ ရပ်ပေးတယ်။

ကျွန်တော်ရောက်တဲ့နေ့ ညနေစောင်းလောက် ထမင်းစားသောက်ပြီး ကျွန်တော်ရယ်၊ ထွန်းဇော်ရယ်၊ ထွန်းဇော်အမေ ဒေါ်လေး ဒေါ်ငွေစိန်ရယ်၊ အိမ်ရှေ့ ခရေပင်အောက်က ညောင်စောင်းလေးမှာ ရေနွေးကြမ်းထိုင်သောက်ရင်း ရောက်တတ်ရာရာ စကားပြောနေကြတယ်။ ဒီအချိန်မှာ ရွာလမ်းဘက်က ခွေးပေါင်းစုံတွေက နားကွဲလုမတတ် ဟိန်းဟိန်းညံအောင် အူသံ၊ ဟောင်သံတွေ ခြိမ်းပြီး အကျီဗလာ၊ ဘောင်းဘီပွပွတိုတိုနဲ့ အသက် ၆၀ လောက်ရှိမယ် ထင်ရတဲ့ အဘိုးကြီးတစ်ယောက်၊ ပါးစပ်ကလည်း ဘာရယ်လို့ သိရခက်တဲ့ ဗလုံးဗထွေးစကားတွေ ပြောလို့။ မျက်လုံးကလည်း ကျီးကြည့် ကြောင်ကြည့်နဲ့ ဂနာမငြိမ်ဘူး။ လည်ပင်းမှာလည်း နို့ဆီခွက်တွေ သီတွဲလို့ ဆွဲထားတယ်။ လေးငါးလှမ်းလောက် ပြေးလိုက်၊ ပြီးတော့ မှန်မှန်ပြန်လျှောက်လိုက်နဲ့ ရွာလမ်းအတိုင်း ခွေးတစီစီနဲ့ ထွက်
တယ်။ လူကလည်း အရိုးပေါ် အ
တင် ပိန်လှီလွန်းလှတယ်။ မြင်
တိုင်း အရူး၊ စိတ်မနှံ့သူလို့ ခန့်မှန်း
တယ်။ ဒါနဲ့ . . .

“ဟေ့ . . . ထွန်းဇော်၊ ဒီအဘ
က ဘာလဲကွ၊ မင်းတို့ရွာလူကြီး
လည်ပင်းမှာလည်း ခွေစလွယ်
ဘာတွေနဲ့”

လို့ ထွန်းဇော်ကို လှမ်းမေး
လိုက်တယ်။ ထွန်းဇော်က ဟက်
တစ်ချက်ရယ်လိုက်ပြီး . . .

“ဟုတ်တယ် ဟေ့ကောင်
ဟုတ်တယ်ကွ၊ အခုတော့ မဟုတ်
မယ့် ခပ်ငယ်ငယ်တုန်းကတော့ ဒီရွာ
လေးမှာ သူလည်း ရွာလူကြီး
တစ်ယောက်နီးပါးတော့ ဩဇာ
ခဲ့ဖူးတယ်။ သူ အခုလိုဘဝကို ဘာ
လို့ ရောက်သွားတယ်ဆိုတာကိုတော့
ဘယ်သူမှ အပ်ကျမတ်ကျ မပြော
ဘူး။ ရွာက လူအများစုကတော့ အ
ကိုးမြို့ရှင် ဒဏ်ခတ်ထားလို့ အခု
ရူးသွားတာလို့ ပြောကြတာပဲကွ”

“ဟ . . . ထွန်းဇော်ရ၊ မင်းစကား
က ဆန်းပါလား။ ငါတောင် စိတ်ဝင်စား
လာပြီ။ ငါ့ကို ဇာတ်ရည်လည်လည်အောင်
လင်းစမ်းပါဦး”

လို့ ကျွန်တော် တောင်းဆိုလိုက်တယ်။

ထွန်းဇော်က ရေနွေးကြမ်း
တစ်ခွက်ကို တဖူးဖူးမှုတ်သောက်နေ
တယ်။ ဒီအချိန်မှာ လိမ္မော်ရောင်
အဆင်းနဲ့ နေဝန်းကြီးကလည်း
အနောက်မိုးကုတ်မှာ မေးတင်စ ပြု
ပြီ။

တစ်ချက်တစ်ချက် ကလူကျီ
စယ် တိုက်ခတ်နေတဲ့ ဆောင်းဦးလေ
ထဲမှာ နှင်းမှုန်ငွေ့တို့က ရေယုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဘာတယ်။ အင်္ကျီဗလာ၊ ခွေးတစာစာနဲ့ ရွာလယ်လမ်းအတိုင်း ချီတက်သွားတဲ့ လူကြီး ဘယ်လိုနေမယ် မသိပေမယ့် ကျွန်တော်တို့ကတော့ ရေနွေးပူပူသောက်နေသည့်တိုင် ချမ်းစိမ့်စိမ့်ခံစားနေကြရတယ်။

"ဒီလိုကွ မြဲ့လှိုင်ရ၊ ဒီအကြောင်းကို မင်း ဇာတ်ရည်လည်အောင် ရှင်းပြနိုင်ရင် ငါ့ထက်စာရင် ငါ့အမေပြောတာက ပိုပြီးပြည့်စုံလိမ့်မယ်။ အမေ…ဒီကောင့်ကို ဦးထွေးမောင်အကြောင်း ပြောပြလိုက်စမ်းပါ အမေရာ"

ဆိုတော့ ဒေါ်လေး ဒေါ်ငွေစိန်က မီးသေနေတဲ့ သူ့ရဲ့ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးတို့ရင်း တစ်ချက်နှစ်ချက်ဖွာလိုက်တယ်။ ပြီးတော့ မီးခိုးငွေ့နဲ့အတူ အတိတ်ရေပြင်ဆီ လူးလွန့်သွားတော့တယ်။

◈◈◈

ဒီလက်ပံကုန်းရွာလေးမှာ ကိုထွေးမောင်ဆိုရင် မသိတဲ့လူ တော်တော်ရှားတယ်။ လက်ပံကုန်းမှ မဟုတ်ပါဘူး၊ ဒီရွာလေးနဲ့ အနီးဝန်းကျင်ရွာတွေကပါ သိကြတယ်။ သိတယ်လို့ဆိုရလောက်အောင်လည်း ကိုထွေးမောင်က ဒီရွာတွေ အားကိုးအမှီပြုရလောက်တဲ့ လက်သမားဆရာကြီးကိုး။

လက်ပံကုန်းရွာရဲ့ အိမ်ခြေတစ်ရာမှာ ကိုးဆယ်လောက်က ကိုထွေးမောင်လက်ရာတွေချည်းပဲ။ ဝါးနဲ့ တတ်နိုင်တဲ့သူကို ဝါးနဲ့၊ သစ်နဲ့ တတ်နိုင်တဲ့သူကို သစ်နဲ့၊ လိုချင်တဲ့ ပုံစံသာပြော၊ ဖြစ်အောင် ဆောက်ပေးနိုင်တယ်။ ဒီအကြမ်းထည်တွေပဲ လုပ်တတ်တာလားဆိုတော့ မဟုတ်ဘူး။ အနုစိတ် ပရိဘောဂတွေလည်း နိုင်နင်းတယ်။

ဒီရွာက လူတွေဆိုတာကလည်း အိမ်ဆောက်တာပဲ ဖြစ်ဖြစ်၊ ပရိဘောဂလုပ်ချင်တာပဲ ဖြစ်ဖြစ်၊ ဘယ်သူမှ မြို့ပေါ်က လက်သမားဆရာကို တကူးတက ငှားတယ်လို့ မရှိပါဘူး။ သူနဲ့ပဲ ညှိညှိနှိုင်းနှိုင်းလုပ်ကြတာ များတယ်။

ဒီအနီးအနားဝန်းကျင်မှာလည်း လက်သမားဆရာဆိုလို့ သူနဲ့ သူ့တပည့် လေးငါးယောက်က လွဲရင် ဘယ်သူမှ မရှိဘဲကိုး။ လက်ခ အဖိုးစားနားနဲ့ ပတ်သက်ပြီးလည်း ကိုထွေးမောင်က ဖုတ်ပူမီးတိုက် မရှိဘူးလေ။ စပါးပေါ်မှပေး ရတယ်။ ပဲပေါ်မှ ပေးဆိုလည်း မငြင်းဘူး။ ကိုထွေးမောင်က ဒီလိုလူမျိုး။

ရွာရဲ့ သာမှု နာမှုတွေဆိုလည်း သူ့လက်သူ့ခြေ၊ သူ မပါရင် ပွဲမစည်သလောက်။ သူကြီးခေတ် မဟုတ်ပေမယ့် ကျေးရွာရဲ့ ကာလသားခေါင်းနေရာမှာ ရပ်တည်နေရတယ်။ ရွာရဲ့ အကြောင်းကြီးငယ်ကိစ္စတွေကို ရွာလူကြီးတွေနဲ့ အိမ်ဦးခန်းမှာ ရောထိုင်ပြီး ဖြေရှင်းခွင့်ရတဲ့သူ။ ပြီးတော့ ရွာက အပျိုကြီးတွေရဲ့ အရေးပေးမှုကိုလည်း ခံရသူ။ သူကိုယ်တိုင်ကလည်း တစ်ကိုယ်ရေ တစ်ကာယ လူပျိုကြီးကိုး။ နောက်ဆံတင်းစရာ မရှိသလို အပူအာပင်လည်း မရှိဘူး။ ဒါပေမယ့် လူဆိုတာ ပြောရတော့ ခက်သားလား။ ဘယ်လို ပုထုဇဉ်မှာဖြစ်ဖြစ် အကောင်းတွေချည်းပဲ စုမနေတတ်တာဆိုတော့ ကိုထွေးမောင်ကလည်း ပုထုဇဉ်ထဲက တစ်ယောက်ဆိုတော့ ဆိုးကွက်လေးတွေတော့ ရှိတာပဲ။

အရက်ကို စွဲစွဲလမ်းလမ်းသောက်တတ်တာ မဟုတ်ပေမယ့် အပေါင်းအသင်းတွေ အဆွယ်ကောင်းတဲ့ အခါဆိုရင်တော့ ခေါင်းမထောင်နိုင်အောင် သောက်တတ်တယ်။ ဖဲဝိုင်းကို လိုက်ရှာပြီးရိုက်တာ မဟုတ်ပေမယ့်၊ တည့်တည့်တိုးတဲ့အခါဆိုရင် ထမင်းမေ့ဟင်းမေ့ပဲ။ လက်ထဲ ငွေမရှိရင် အိမ်ပေါင်ပြီးတော့ကို ရိုက်တာ။ ထားပါတော့။

◈◈◈

တစ်နေ့ မြောင်းမြက အပေါင်းအသင်းတစ်ယောက်က အလုပ်ကိစ္စရှိလို့ ကိုထွေးမောင်ကို လာခေါ်သွားတယ်။ နှစ်ရက်သုံးရက် ရွာမှာတောင် ပြန်မအိပ်ဘူး။ အလုပ်ကိစ္စပြီးတော့ သူ့အပေါင်းအသင်းတွေနဲ့ မြို့မှာပဲ သောက်ဖြစ် စားဖြစ်ကြတယ်။ အရှိန်လေး ရလာတော့ အပျင်းပြေ ဖဲလေးပါ ရိုက်ဖြစ်ကြတယ်။ ရိုက်ဖြစ်တော့ ကိုထွေးမောင် ပါလာတဲ့ ပိုက်ဆံကုန်တဲ့အပြင် အကြွေးနှစ်ထောင်လောက် တင်ခဲ့တယ်။

ဒီတုန်းက ငွေနှစ်ထောင်ဆိုတာလည်း အတော်လေးကို ခရီးရောက်တဲ့ အချိန်ကိုး။ သူ အကြွေးပေးရမယ့် အပေါင်းအသင်းကလည်း ဒီငွေ နှစ်ထောင် ပြန်မပေးနဲ့၊ သူညီတစ်ယောက် မင်္ဂလာဆောင်ကို လက်ဖွဲ့ဖို့ နှစ်ထပ်ဗီရိုတစ်လုံးသာ လုပ်ပေးလို့ ပြောလိုက်တယ်။ သူကလည်း ရတယ်၊ ဖြစ်တယ်ပေါ့။ မှူးမှူးနဲ့ အာမခံလိုက်တယ်။

ရွာပြန်ရောက်ပြီး နှစ်ရက်သုံးရက်လောက်နေတော့ ကိုထွေးမောင် သူ အာမခံခဲ့တဲ့ ဗီရိုအတွက် ဟော်တော်လေး ခေါင်းစားသွားတယ်။ ဗီရို မရိုက်တတ်လို့တော့ မဟုတ်ဘူး။ ရိုက်ဖို့ သစ်ရှာလို့ မရလို့။ ဟိုလူက သေသေချာချာမှာလိုက်တယ်။ တောသစ်အရိုင်းသားတွေနဲ့ဆို မယူဘူးတဲ့။ ကျွန်းနဲ့ စရွေးဖောက် ကောင်းကောင်းလေး ရိုက်ပေးပါလို့ မှာလိုက်တာ။ ပေးရမယ့် ရက်ချိန်းကလည်း နီးနေပြီ။ ခက်တာက သူ့ရွာမှာ ကျွန်းသစ်လည်း မရှိဘူး။

www.burmeseclassic.com

ကျွန်းပင်လည်း မရှိဘူး။ သစ်ပင်ကြီးကြီးမားမားဆိုလို့ ညောင်ပင်တွေပဲ ရှိတယ်။ ရွာက လူတွေ ပရိဘောဂမှာရင်တောင် သူကိုယ်တိုင် တောသစ်အရိုင်းတွေနဲ့ပဲ လုပ်ပေးခဲ့တာ။ ကျွန်းဆိုတာ မြို့ပေါ် တက်ဝယ်ရင်တော့ ရတာပေါ့၊ ဒါပေမယ့် လတ်တလော သူ့မှာ ငွေမရှိတာ။ အချေးအငှားလည်း သူ မလုပ်ချင်ဘူး။

ဒါနဲ့ ဂုန်နီစက်ရုံက သူ့အသိ လက်သမားတစ်ယောက်ဆီ အကူအညီသွားတောင်းတယ်။ ကျွန်းသားလေး ဗီရိုတစ်လုံးစာလောက် ရှိမလားပေါ့။ ဗီရိုတစ်လုံးစာ မပြောနဲ့ အံဆွဲတစ်လုံးစာတောင် မရခဲ့ဘူး။ သူ စိတ်ညစ်ညစ်နဲ့ ရွာပြန်လာတော့ ဂုန်နီစက်ရုံနဲ့ သူတို့ရွာကြား၊ ကားလမ်းမကြီးဘေးနားမှာ နတ်ကွန်းခပ်ကြီးကြီးတစ်ခု သွားတွေ့တယ်။ တွေ့တုန်းကတော့ အမှုမဲ့ အမှတ်မဲ့ပဲ။ နေပူလို့ နတ်ကွန်းဘေး အရိပ်ဝင်ခိုရင်း ခဏဝင်ထိုင်တာ။ ထိုင်ရင်းက နတ်ကွန်းကို သေသေချာချာကြည့်မိတယ်။

ဟိုတုန်းကလည်း ဖြတ်သွားဖြတ်လာတော့ တွေ့တွေ့နေတာပဲ။ ဒါပေမယ့် အခုလိုတော့ နီးနီးကပ်ကပ် တစ်ခါမှ မကြည့်မိဘူး။ နတ်ကွန်းက နှစ်ရှည်လများ ခံအောင် ထုထည်ကောင်းကောင်း သစ်တွေနဲ့ ဆောက်ထားပြီး ၆ပေပတ်လည်လောက်ကို ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ သူလည်း ဘာရယ်လို့ မဟုတ်ဘူး၊ ခါးကြားမှာ ထိုးထားတဲ့ လက်သမားသုံး ရဲခင်းလေးနဲ့ နတ်ကွန်းတိုင်ကို ဆွဲခြစ်ကြည့်လိုက်တယ်။

သစ်က အပေါ်ယံသာ ရေညှိတက်နေပေမယ့် အထဲသားက ဝင်းပြီး အကွက်လည်နေတယ်။ သူလည်း



လက်သမားလုပ်လာတာ နှစ်တွေမှ မနည်းပဲ။ ဒါ ဘာသားနဲ့ ဆောက်ထားတယ်ဆိုတာ တန်းသိတယ်။ နတ်ကွန်းက ဆက်မယ်၊ သမယ့်လူ အရောက်အပေါက်နည်းလို့ ပန်းအိုးတွေတောင် အလဲလဲ အကွဲကွဲဖြစ်နေတယ်။ ပင့်ကူအိမ်တွေကလည်း သီလို့ တန်းလို့ပေါ့။

ကိုထွေးမောင်က နတ်ကွန်းကို သေသေချာချာ လှည့်ပတ်ကြည့်ရင်း သူ့အတွေးနဲ့သူ တစ်ချက်ပြုံးလိုက်တယ်။ ပြီးတော့ ရွာကို သုတ်ခြေတင် ပြန်ခဲ့တယ်။ အဲဒီညက လပြည့်ကျော် တစ်ရက် နှစ်ရက်ဆိုပေမယ့် တိမ်သားတိမ်လိပ်တွေက ထူထူထပ်ထပ်။ သက်ကြီးခေါင်းချ သန်းခေါင် ကြက်တွန်ချိန်လောက်ရောက်တော့ လေရော မိုးပါ တဖျောဖျောရွာချလာတယ်။ တစ်ရွာလုံးကတော့ ငြိမ်ချက်သားကောင်းကောင်းနဲ့ အိပ်မောကျနေကြ

တယ်။ ဒါပေမယ့် လေနဲ့ မိုးကို အ
နေတဲ့ လူတစ်ယောက်ကတော့
လမ်းကို ခပ်သုတ်သုတ်လျှောက်
ရွာပြင် ကားလမ်းမ ရှိရာကို ဦး
သွားနေလေရဲ့။ ရွာထဲက
တစ်ကောင်က စူးစူးဝါးဝါး တစ်
ထိုးဟောင်ပြီး ညဟာ မိုးသံလေ
အတူ ပြန်လည်အိပ်မောကျသွား
တယ်။

◈◈◈

"ဂီး…ဂီး…"

"အောင်းမလေးဗျ…အော
မလေးဗျ။ ကယ်ကြပါဦး၊ ကြောက်
ဗျ။ ပူလို့ပါဗျ။ နာလို့ပါဗျ"

လက်ပံကုန်းရွာလေးပေါ်က ဖြ
ပျံသွားတဲ့ ငှက်စုန်းတစ်ကောင်ရဲ့
အမင်္ဂလာသံနှင့် မရေးမနှောင်
ထွက်ပေါ်လာတဲ့ လူတစ်ယော
အော်ဟစ် ညည်းညူသံဟာ အိပ်
ကျနေတဲ့ လက်ပံကုန်းရွာလေး
ပုတ်ခတ် လှုပ်နှိုးလိုက်တယ်။ အိမ်
ဆီမှ အလင်းရောင်ပျပျဟာလည်
အပြင် အမှောင်ထုကို မလွှမ်းမိုးနိုင်
ဘူး။

ရွာသားကြီး ဆယ့်လေး
ယောက် ရွာလမ်းမပေါ် တတ်မီးတ
ဝင်းနှင့် စုရုံးရောက်ရှိလာချိန်မှာတေ
ရွာလမ်းမကြီးအတိုင်း ဝက်လစ်စေ
နဲ့ ပြေးလိုက်၊ မြေကြီးပေါ် တလူးလူ
တလိမ့်လိမ့်ဖြစ်လိုက်နဲ့ ဖြစ်နေတဲ့
တစ်ယောက်ကို အံ့သြစွာ တွေ့လိုက်
ကြရတယ်။ ပထမတော့ ဘယ်
ဘယ်ဝါမှန်း မသိ၊ ဘာဖြစ်လို့ ဖြစ်
မှန်း မသိလေတော့ ဘယ်သူမှ အန
မကပ်ဝံ့ကြဘူး။ မြေပြင်မှာ လူးလိမ့်
တဲ့ လူရဲ့ မျက်နှာကို တတ်မီးလင်
ရောင်နဲ့ မြင်တွေ့မိချိန်မှာတော့…

"ဟာ…ဟ…ဒါ ကိုထွေ

www.burmeseclassic.com

www.burmeseclassic.com

မောင် မဟုတ်လား"

"ဟုတ်ပါရဲ့ကွာ၊ ရွံ့တွေဗွက်တွေပေကျံနေတော့ မနည်း ရုပ်ဖမ်းယူရတယ်။ အဝတ်မပါ ဘာမပါနဲ့ ဘယ်လိုဖြစ်ရတာလဲ၊ မေးစမ်းကြည့်ကြပါဦး"

ရွာသားတွေက တစ်ယောက်တစ်ပေါက် မေးကြ မြန်းကြပေမယ့် ကိုထွေးမောင်ခမျာ တုံဏှိဘာဝေ ဘာမှ စကားမေး မရခဲ့ဘူး။

"ကဲ - ကဲ၊ လူမြင်လို့ မကောင်းဘူး။ လာ…လာ၊ သူ့အိမ်ကို တွဲခေါ်သွားရအောင်"

အိမ်ရောက်လို့ ကိုထွေးမောင်ကို အဝတ်အစားပေးကြပေမယ့် ကိုထွေးမောင်ခမျာ…

"ပူတယ်…ပူတယ်"

လို့ အော်ဟစ်ပြီး အကုန်ဆွဲချွတ်ရှာတယ်။

ဒီအချိန်မှာ အရှေ့ကျွန်းက ရောင်နီပျို့လာလို့ လက်ပံကုန်းရွာလေး အပေါ် အလင်းရောင်တွေ ယှက်ဖြာနေပြီ။

ကိုထွေးမောင်က နဂိုကတည်းက လူချစ်လူခင်များတဲ့သူဆိုတော့ သတင်းကြားကြားချင်း ကိုထွေးမောင်ရဲ့ အိမ်ဟာ ဆက်ရက်တွေ အိပ်တန်းဝင်တဲ့ လက်ပံပင်လို ဖြစ်နေတော့တာပဲ။ အတွေ့အကြုံရှိတဲ့ လူကြီးသူမတွေကတော့ ဒီကိစ္စကို သွေးရိုးသားရိုးတောင် ဟုတ်ပါ့မလားလို့ သံသယရှိနေကြတယ်။

ဒီသံသယကို ပိုခိုင်မာစေတဲ့ အကြောင်းက…

"ဘကြီးကောင်း… ဘကြီးကောင်း။ ဒီမှာ တစ်ချက်လောက် လာကြည့်စမ်းပါဗျ"

အိမ်ရှေ့က ရေးကြီးသုတ်ပျာခေါ်သံကြောင့် ကိုထွေးမောင်အခြေအနေကို စောင့်ကြည့်နေတဲ့ ရွာလူကြီးဦးကောင်းစံ အိမ်ရှေ့ထွက်လာတယ်။ ပြီးတော့…

"ဟေ့ကောင် သံချောင်း။ ဘယ်လိုဖြစ်လို့ ဒီလောက်တောင် အော်နေရတာတုန်းကွ"

"ဒီမှာကြည့်စမ်း ဘကြီး၊ ဒီသစ်တွေ ကိုထွေးမောင် အိမ်ခေါင်းရင်းမှာ ပုံထားတာ တွေ့လို့"

သံချောင်း လက်ညှိုးထိုးပြလိုက်တဲ့ သစ်ပုံကို ဦးကောင်းစံ တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ အပေါ်ဆုံးက သစ်ပြားထူထူမှာ အရောင်မှိန်နေပြီး ပတ်ကြားအက်တွေ ထနေတဲ့၊ သဘော်ဆေးနဲ့ ရေးထားတဲ့ စာတန်းတစ်ခုကို ဦးကောင်းစံ ခပ်တိုးတိုးရေရွတ်လိုက်တယ်။

"အဘ ကိုးမြို့ရှင် နတ်နန်း"

"ဟင်…ဘုရား…ဘုရား"

ဦးကောင်းစံ့ သူ့ရှေ့မှာ အဆိပ်ပြင်းပြင်း မြွေတစ်ကောင်ကို တွေ့လိုက်ရသည့်အလား ဘုရားတ,ရင်းက နောက်ကို ခြေတစ်လှမ်းပြန်ဆုတ်လိုက်တယ်။ ပြီးတော့မှ…

"တယ်ခက်တဲ့ ထွေးမောင်ကွာ။ ဒါကို သူ ဖျက်ယူလာမိပြီထင်တယ်။ မကြံကောင်းမစည်ရာ၊ ဖြစ်မှဖြစ်ရလေကွာ"

◈◈◈

ဒေါ်လေး ဒေါ်ငွေစိန်က အာခြောက်သွားဟန်နဲ့ ရေနွေးကြမ်းတစ်ကျိုက် မော့လိုက်တယ်။ ပြီးတော့ ဆေးပေါ့လိပ်ကို ဖွာရင်း…

"နောက်ပိုင်း သူ့တပည့်တွေနဲ့ ရွာက လူတွေ ဆရာမျိုးစုံ ခေါ်ပြီး ကုပေးကြပါတယ်။ အဘ ကိုးမြို့ရှင်နတ်နန်းကိုလည်း အင်တောနဲ့ အနိုင်အမာ ပြန်ဆောက် လှူဒါန်းပေးတယ်။ ဒါပေမယ့် ကိုထွေးမောင်အခြေအနေကတော့ စောစောက မင်းမြင်တဲ့အတိုင်းပါပဲ ငါ့တူရယ်။ အော်ဟစ် ညည်းညူမနေတော့ပေမယ့် လူကောင်း တစ်ယောက်တော့ ပြန်ဖြစ်မလာတော့ဘူး"

ဒေါ်လေး ဒေါ်ငွေစိန် ပြောပြတဲ့ ဦးထွေးမောင်အဖြစ်ကို ကြားရတာ စိတ်မကောင်းစရာလို့ ဆိုခြင်းထက် စိတ်မချမ်းမြေ့စရာလို့ ဆိုလျှင် ပိုမှန်လိမ့်မယ်ထင်တယ်။ အဲဒီညက ကျွန်တော် အိပ်ရာဝင် နောက်ကျပေမယ့် တော်တော်နဲ့ အိပ်မပျော်ခဲ့ဘူး။

ဦးထွေးမောင်ရဲ့ ဘဝတိုတိုမှာ နောင်တ သံဝေဂ တရားတွေက ရည်လျှားလွန်းလှပါတယ်။ ကိုယ် မယုံကြည်လို့ မကိုးကွယ်တာ အန္တရာယ်မရှိပေမယ့်၊ အခုလို စော်ကားသလို ဖြစ်သွားတဲ့ အပြုအမူမျိုးကတော့ မလုပ်သင့်တာ အမှန်ပဲလို့ ထင်တယ်။ မမြင်ရ၊ မတွေ့ရတာနဲ့ မယုံကြည်ဘူးလို့တော့ မဖြစ်သင့်ဘူး။ ကိုယ်က မဆောင်နိုင်ရင် ရှောင်နေတာ အကောင်းဆုံးပါပဲ။

ဦးထွေးမောင်ခမျာတော့ သူ ပြုမိခဲ့တဲ့ အမှားနောင်တကို ကာလအလျားဘယ်လောက်ထိ လေးလံစွာ လွယ်ပိုးထားရဦးမယ်ဆိုတာကိုတော့ ကျွန်တော်တို့ သာမန် ပုထုဇဉ်တွေ သိနိုင်ဖို့ ခဲယဉ်းလှပါတယ် ■

* * *

မြောင်းမြမြင့်သိုက်



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ - ဧပြီလအတွက် ကံကောင်းစေမည့် အကြံပြုစာမျက်နှာ

## ခေတ္တရာ ဆရာကျော်

မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာမှာ ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်များအားလုံး ဘေးကင်းရန်ကွာ စိတ်ချမ်းသာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သပေးလိုက်ရပါတယ်။

ဒီစာမျက်နှာဟာ ပင်လယ်ပြင်မှာ မှန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသ သင်တို့ရဲ့ ဘဝကံအခွင့်အလမ်းများ ပွင့်လန်းဖို့ကို တစ်ထောင့်တစ်နေရာက အကြံပြုပေးမယ့် စာမျက်နှာဖြစ်ပါတယ်။

"ကံဟူသည် စေတနာပင်ဖြစ်၏။ စေတနာကောင်းလျှင် ကံကောင်း၍ စေတနာဆိုးလျှင် ကံဆိုးရ၏။ စေတနာတို့ တွင် တန်ရာတန်ကြေးသည့် သတ်မှတ်ပြီးသားပင် ဖြစ်တော့၏။ အကုသိုလ်စိတ်နှင့် ယှဉ်သော စေတနာတို့သည် မည်သည့် နည်းနှင့်မျှ ကောင်းနိုင်မည်မဟုတ်"

*(ပဋ္ဌာန်းတရားတော်-ကမ္မပစ္စယော)*

### ၂၀၁၄၊ ဧပြီလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၃၀ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၇၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ နေ့အလိုက် စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်သည်။ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။ စန်းပွင့်ထောင့်အရပ်သို့ မျက်နှာမူပြီး အကြံအစည်ပြုပါ။ ဂါထာ မန္တန်များ ရွတ်ပွားပါက ကံကောင်းမှုအများအတွက် အထောက်အပံ့ဖြစ်ပါမည်။ ပြီးခဲ့သည့်လများက အသုံးအစွဲပြုပုံများကို ရေးပြောပေးထားပြီးဖြစ်ရာ ရှာဖွေဖတ်ရှုနိုင်ပါသည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။

### လာဘ်နေ

- ✱ ဧပြီ ၁ရက်နှင့် ၁၅ရက် - အရှေ့တောင် (လာဘ်)
- ✱ ဧပြီ ၂ရက်နှင့် ၁၆ရက် - တောင် (လာဘ်)
- ✱ ဧပြီ ၃ရက်နှင့် ၁၇ရက် - မြောက် (လာဘ်)
- ✱ ဧပြီ ၄ရက်နှင့် ၁၈ရက် - အရှေ့ (လာဘ်)
- ✱ ဧပြီ ၅ရက်နှင့် ၁၉၊ ၂၉ရက် - အနောက်တောင် (လာဘ်)

www.burmeseclassic.com

www.burmeseclassic.com

* ပြီ ၆ရက်နှင့် ၂၀၊ ၃၀ရက် - အရှေ့မြောက် (လာဘ်)
* ပြီ ၇ရက်နှင့် ၂၁ရက် - အနောက် (လာဘ်)
* ပြီ ၈ရက်နှင့် ၂၂ရက် - အရှေ့တောင် (လာဘ်)
* ပြီ ၉ရက်နှင့် ၂၃ရက် - တောင် (လာဘ်)
* ပြီ ၁၀ရက်နှင့် ၂၄ရက် - မြောက် (လာဘ်)
* ပြီ ၁၁ရက်နှင့် ၂၅ရက် - အရှေ့ (လာဘ်)
* ပြီ ၁၂ရက်နှင့် ၂၆ရက် - အရှေ့တောင် (လာဘ်)
* ပြီ ၁၃ရက်နှင့် ၂၇ရက် - အရှေ့မြောက် (လာဘ်)
* ပြီ ၁၄ရက်နှင့် ၂၈ရက် - အနောက် (လာဘ်)

အထက်ဖော်ပြပါ လာဘ်နေ့ အရပ်နေ့များတွင် ဆိုင်ရာထောင့်၌ လာဘ်ရှိကြောင်း သိပါ။ ထို့ကြောင့် ဥာဏ်ရှိသလို သုံးပါ။ ဥပမာ - ဈေးရောင်းသူများ လာဘ်နေထောင့်သို့ မျက်နှာမူ ရောင်းပါ။ လှည့်လည်ရောင်းချသူများ လာဘ်နေ အရပ်ထောင့်သို့ သွားရောင်းပါ။

## ရတနာအဆောင်

* တနင်္ဂနွေသားသမီးများ - ပတ္တမြားကို အဆောင်ပြုပါ။
* တနင်္လာသားသမီးများ - ရွှေကို အဆောင်ပြုပါ။
* အင်္ဂါသားသမီးများ - သတ္တုကို အဆောင်ပြုပါ။
* ဗုဒ္ဓဟူးသားသမီးများ - ဒန်ကို အဆောင်ပြုပါ။
* ကြာသပတေးသားသမီးများ - ဥဿဖရားကို အဆောင်ပြုပါ။
* သောကြာသားသမီးများ - စိန်ကို အဆောင်ပြုပါ။
* စနေသားသမီးများ - ရွှေကို အဆောင်ပြုပါ။

ဆိုင်ရာ ရတနာများကို တစ်လလုံး အဆောင်ပြု၍ အကြံအစည်ပြုသင့်ပါသည်။

## ငွေကြေးကံပွင့်လန်းရန်

နေအိမ်အနီး ပတ်ဝန်းကျင်ရှိ ခုနစ်ရက်သားသမီးများကို လက်ဖက်ရည်တိုက်ပါ။ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့များတွင် ဝေငှပါ။ အလှူခံပုံးများထဲသို့ ငွေကြေးလှူပါ။ ပုံသကူစွန့်ပါ။

## ဖြေဆေး ယတြာ

မိမိမွေးနေ့ရောက်တိုင်း မွေးနံထောင့် ဂြိုဟ်တိုင်တွင် ထုံးကို ရေဖျော်ပြီး "သန" ကျေပါစေဟု ပြော၍ ပက်ပေးပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။


## အကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး မိဘများအား ငွေကြေးထောက်ပံ့ပါ။ ရေသန့်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

## တန်ခူးလ အထူးယတြာ




အထက်ပါအတိုင်း အင်းချ၍ ဖယောင်းတိုင်တွင် ပတ်ကာ ရှင်သီဝလိ ရဟန္တာမထေရ်အား ပင့်ဖိတ်၍ နေ့စဉ် ဆွမ်းကပ်ပါ။ အလင်းထွန်းညှိ ပူဇော်ပါ။ လိုရာဆုတောင်းပါ။ ထီထိုးပါ။ တန်ခူးလတစ်လလုံး လုပ်နိုင်ပါက ကေန်ထူးခြား လိမ့်မည်။

* * *

ဓေတ္တရာ စိန်ရာဇော်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မိုးက ဖြိုင်ဖြိုင်ရွာနေသည်။ ရွာလယ်ရှိ ပယ်လမ်းတစ်လျှောက် ရေများ ပြေးနေ၏။ ထိုပယ်လမ်းထဲရှိ လှည်းလမ်းကိုပင် မတွေ့ရတော့ဘဲ ရေမြုပ်နေပြီဖြစ်သည်။

ထိုမိုးကြောင့် လယ်ကွက်များထဲတွင် ရေတင်မည်မှာ မုချမလွဲနိုင်ပေ။ လယ်ကွင်းများက တစ်နွေလုံး အပူဒဏ်ကို ခံနေရကာ မြေများပင် ပပ်ကြားအက်ခဲ့ကြသည်။ ကျွဲနွားများအား အစာအလို့ငှာ ထိုလယ်ကွင်းများထဲ လွှတ်ကျောင်းထားရပေမယ့် ကန်သင်းရိုး၌ ပေါက်နေသော မြက်၊ ဆူးပင်၊ ကောက်ရိုးနွယ်ကလေးများကိုသာ ရှားရှားပါးပါး ရှာဖွေစားသောက်နေကြရသည်။

ယခုတော့ မိုးက ဖြိုင်ဖြိုင်ရွာလာခဲ့သဖြင့် လယ်ကွက်များထဲ ရေတင်၊ ရေပြည့်ရုံမျှမကဘဲ ရေများ ဖောင်းလန်နေသေပြီ။ များမကြာမီအချိန်တွင် လယ်ကွင်းများထဲ မြက်နုများ ပေါက်ထွက်လာကြတော့မည်။ ထိုအချိန်တွင် တစ်နွေလုံး ရှားပါးစွာ စားသောက်ခဲ့ကြရသော ကျွဲ၊ နွားတို့ မြက်နုများကို စိတ်ကြိုက် စားသောက်နိုင်ကြတော့မည်ပင်။

မောင်ကြင်နှင့် ဌေးဝင်းတို့က ကျောင်းစုရွာကလေး၌ နေထိုင်ကြကာ လယ်သမားမိသားစုမှ မွေးဖွားလာခဲ့ကြသူများဖြစ်သည်။ ဌေးဝင်းက အစ်ကိုဖြစ်သူ၏ သားဖြစ်သလို၊ မောင်ကြင်က နှမဖြစ်သူ၏ သားဖြစ်ကာ ညီအစ်ကိုဝမ်းကွဲတော်စပ်ကြလေသည်။ အရွယ်ကလေးတွေ ရလာကြသောအခါ မိဘများနှင့် လယ်ဆင်းကြရာမှ နောက်တော့ စိုက်ပျိုးထွန်ယက်ရေး ကျွမ်းကျင်လာကြကာ မိဘများအား လယ်မဆင်းစေတော့ဘဲ သူတို့ဘာသာ ဦးစီး၍ လုပ်ကိုင်လာခဲ့ကြသည်။

"မောင်ကြင်ရေ…ငါတို့နွားတွေ အစာစိမ်း စားရအောင် ပဲခင်း၊ ကြံစိုက်ခင်းတွေထဲမှာ ပေါက်တဲ့ မြက်ပင်တွေကို လိုက်နုတ်ကျွေးကြမယ်ကွာ"

"ဟုတ်တယ် အစ်ကိုဌေးဝင်း။ ကျွဲနွားတွေက အစာစိမ်းစားကြရမှ အားအင်တိုးပွားကြမှာလေဗျာ"

"အေးကွာ။ သူတို့ခမျာ လူတွေ မနိုင်နင်းတဲ့ ထွန်တွေ၊ ထယ်တွေကိုလည်း ရုန်းကြရ၊ လှည်းဝန်လေးတွေလည်း ရုန်းကြရ၊ သစ်တုံးကြီးတွေကိုလည်း တောင်ပေါ်ကနေ လှည်းစခန်းရောက်တဲ့အထိ ဆွဲချပေးရနဲ့ ဆိုတော့ သူတို့ အားအင်ပြည့်ဖြိုးမှ ဖြစ်မှာလေကွာ"

ထိုအသိကြောင့် ရွာပတ်လည်တွင် စိုက်ထားသော ပဲခင်း၊ ကြံခင်းများထဲသို့ တိုးဝင်ကာ ပေါက်နေကြသော မြက်အစိုများကို နုတ်၍ မြွေရည်ခွံအိတ်နှင့် ထည့်ထမ်းလာခဲ့ကြသည်။ အိမ်ရောက်လျှင် ရေတွင်းမှ ရေတစ်ပုံးခပ်တည်ကာ ထိုမြက်များအား နှစ်၍ ခါဆေးကြသည်။ မြက်၏ အမြစ်တွင် ကပ်ပါလာသော သဲများ၊ မြေကြီးများ ကင်းစင်သွားမှ နွားစာကျင်းထဲ ထည့်ကျွေးပေးကြသည်။ တစ်နွေလုံး မနက်တစ်ခေါက်၊ ညနေ တစ်ခေါက် အပင်ပန်းခံကာ နုတ်ကျွေးပေးခဲ့ကြသဖြင့် သူတို့ပိုင်သော ကျွဲ၊ နွားတို့မှာ ဝဖြိုးနေကြသည်။ အခြားလူများ၏ ကျွဲနွားတို့က ထိုသို့ မကျွေးပေးကြသဖြင့် နွေဘက်တွင် ပိန်နေကြလေသည်။

◈◈◈

ယခု မိုးဦးကျလာ၍ မိုးဖြိုင်ဖြိုင်ရွာလာသောအခါ လယ်ကွက်… အိုင်တွေ၊ ချောင်းမြောင်းတွေထဲ၌ … ပုစွန်များ ပေါက်ဖွားလာကြသဖြင့် … တို့ အလွယ်တကူ ရှာဖွေစားသော… နိုင်လာကြသည်။

တစ်ညနေစောင်းတွင် လယ်… သင်းပေါက်ပြီးသောအခါ အိမ်သို့ … မပြန်သေးဘဲ ဟင်းချက်စရာအတွ… ကန်သင်းများမှ ငါးရှဉ့်များယူသွားကြ… ပြင်ဆင်ကြ၏။

"ဟင်… ခမောက်မှာ ထိုး… တဲ့ ငါးရှဉ့်မျှားတဲ့ ကြိမ်တံ ဘယ်ရော… သွားပါလိမ့်။ ကြိမ်တံမရှိဘဲနဲ့ ငါး… ဘယ်လိုမျှားနိုင်တော့မှာလဲ"

မောင်ကြင်က သူ့ခမောက်၌ ထိုး… ညှပ်ထားသော ငါးရှဉ့်မျှားသည့် ကြိ… တံ ပျောက်နေ၍ ညည်းပြောပြော… လေသည်။

"နေဦးကွ၊ ငါ့ညီရ။ အစ်… ခမောက်မှာ ကြိမ်တံကြည့်ကြည့်… မယ်"

"ဟာ…ရှိနေတယ်ဟေ့။ … ရော့၊ ဒီအတံနဲ့ မျှားပေါ့ကွာ"

ငါးရှဉ့်မျှားလျှင် ကြိမ်တံ… အသုံးပြုရသည်။ ကြိမ်တံကလေး န… တောင်ရှည်ခန့်ကို ဓားဖြင့် ချွန်အောင်… သပ်ရသည်။ ပြီးလျှင် အလယ်မှ ထ… ဝက်ခေါက်ထားရသည်။ ငါးရှဉ့်များတော့… မည်ဆိုလျှင် လယ်ကန်သင်းမှ ကင်းခြေ… များ၊ ဒေါင်းပဆိပ် တစ်ကောင်ကောင်… ကို ရှာဖွေပြီး ကြိမ်တံထဲ ထိုးသွင်း… သည်။ ခေါက်ထားသော ထိပ်တစ်ဝက်… ရောက်လျှင် ကြိမ်တံနှစ်ပင်ကို ထိ… ထားရသည်။ ပြီးလျှင် ကန်သင်းများ… ငါးရှဉ့်တွင်းရှာ၍ အစာတပ်ထားသော ကြိမ်တံကလေးကို အသာ…ယာထိုး သွင်းပေးရသည်။ ထိုအခါ တွင်းထဲက ငါးရှဉ့်က အစာ…တွေ့ပြီး လာဟပ်





www.burmeseclassic.com

www.burmeseclassic.com

ကာ ငုံထားသည်။ တအောင့်အကြာတွင် ထိုငုံထားသော အစာကို လိမ်လေတော့သည်။ တွင်းထဲမှ ငါးရှဉ့်လိမ်သည်နှင့် တွင်းအပြင်သို့ ဆွဲထုတ်ကာ ရိုက်ယူရခြင်းဖြစ်သည်။ ငါးရှဉ့်အစာကို လာငုံစဉ်တွင် ဆွဲထုတ်၍ မရပါ။ ငါးရှဉ့်ကိုယ်လုံးကို တွင်းထဲ၌ ကောက်ကွေးထား၍ဖြစ်သည်။ လိမ်သောအခါမှ ကိုယ်လုံးကို ဖြောင့်စင်းပြီး လိမ်ခြင်းဖြစ်၍ ဆွဲထုတ်လိုက်သည်နှင့် လျှောခနဲ အပြင်သို့ ပါလာလေသည်။

သူတို့ညီအစ်ကို လယ်ကွင်းတစ်လျှောက် ငါးရှဉ့်များရင်း ပြန်လာကြရာ တစ်ယောက်လျှင် ငါးရှဉ့်လေးငါးဆယ်ကောင်ကို တွဲ၍ ဆွဲလာကြသည်။

မိုးဖြိုင်ဖြိုင်ရွာလာခဲ့ပြီးနောက် လယ်သမားများ လယ်ထဲ ဆင်းကာ ပျိုးထောင်ရန် ထွန်ယက်ကြလေပြီ။

"ဟား‥အစ်ကိုကြီး ဒွေးဝင်းရေ ဒီညနေ မိုးကြီးသည်းသည်းရွာခဲ့တာဆိုတော့ ညဘက်ရောက်ရင် လယ်တွေထဲ ဖားတွေကျမှာ သေချာတယ်ဗျ"

"ဟုတ်တယ်ဟေ့။ ဒီညမှာ ငါတို့ညီအစ်ကို ဖားရိုက်ထွက်ကြမယ်လေကွာ။ မင်း မနှစ်က မီးအုပ်နဲ့ မီးခွက်ကြီးရှိသေးတယ်မဟုတ်လားကွ"

"ရှိတယ်လေ အစ်ကို။ ကျွန်တော် သေသေချာချာသိမ်းထားခဲ့တာပဲဗျ"

"ဒါဆိုရင် ဒီဇယ်ဆီအပြည့်ထည့်ပြီး အဆင်သင့်ပြင်ထားဟေ့။ ဖားတွေ ဖြိုင်ဖြိုင်အော်တာနဲ့ ထွက်ရိုက်ကြတာပေါ့"

"ဟုတ်တယ် အစ်ကိုကြီးရေ။ လမိုက်ရက်ကလည်း ဖြစ်နေပြန်တော့ ဖားရိုက်ထွက်ရမှာ တော်တော်အဆင်ပြေကြမယ်ဗျ"

အတော်ကလေး ညဉ့်နက်လာသောအခါ လယ်ကွင်းတွေထဲမှ ဖားအော်သံများ ကြားလာကြတော့သည်။

"မောင်ကြင်ရေ‥သွားကြမယ်ဟေ့"

"မင်း ဆေးလိပ်တွေ၊ မိုးကာတွေရော ပါရဲ့လားကွ"

"ပါပါတယ် အစ်ကိုကြီးရေ။ မီးခြစ်အပိုတစ်လုံးတောင် လိုလိုမယ်မယ် ယူလာခဲ့သေးတယ်လေ"

"အေးအေး၊ ကောင်းတယ်။ လယ်ကွင်းထဲမှာ လေတိုက်နေတော့ မီးငြိမ်းသွားရင် ပြန်ထွန်းနိုင်တာပေါ့ကွာ"

"ဟာ‥‥လယ်ကွင်းထဲမှာ ဖားရိုက်တဲ့ မီးပုံးတွေ မနည်းပါလားဟေ့"

"ဟုတ်ပ အစ်ကိုကြီးရာ။ ဘယ်အချိန်ကတည်းက ထွက်လာခဲ့ကြတယ် မသိဘူး"

"ငါတို့ လယ်ကျင်းတွေဘက်ရောက်အောင် သွားရိုက်ကြတာပေါ့"

"ဟင်‥‥အစ်ကိုကြီးကလဲ၊ အဲဒီဘက် သွားမလို့လား"

"အေးလေကွာ၊ ငါတို့ညီအစ်ကို နှစ်ယောက် အဖော်ရှိနေတာပဲဥစ္စာ"

"ညဘက်ကြီး အဲဒီဘက် သွားရိုက်ရမှာ နည်းနည်းတော့ ထိတ်တယ် အစ်ကိုကြီးရ"

"လာပါကွာ၊ ငါတို့က နှစ်ယောက်ကြီးတောင်ပဲဥစ္စာ။ ဘာကြောက်ရမှာလဲ"

တကယ်တော့ ညီဖြစ်သူ မောင်ကြင် ကြောက်မည်ဆိုလည်း ကြောက်လောက်ပေသည်။ သူတို့ လယ်ကျင်းက ကျောက်ကြီး ချောင်းကမ်းပါးဘေးတွင် တည်ရှိနေသည်။ သူတို့အဖေတွေ လယ်လုပ်ကြစဉ်က ထိုလယ်ကျင်းဘေးရှိ ချောင်းကမ်းဘေးကုန်းမြင့်ပေါ်၌ လယ်တဲဆောက်ထားကြသည်။ လယ်လုပ်ချိန်၌ လူရောနွားများပါ တဲမှာပင် နေကြပြီး လယ်လုပ်ကြသည်။ ထွန်းတုံးပိတ်မှသာ ရွာပြန်နေကြသည်။

ထိုအချိန်က မြန်မာ့တော်လှန်ရေး ပြောက်ကျားတပ်များက ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်နေချိန်ဖြစ်သည်။ ဂျပန်များ အကျအခဲများစွာနှင့် တပ်ဆုတ်နေချိန်ဖြစ်သည်။ မကြာခဏလည်း ရင်ဆိုင်တိုက်ပွဲများ၊ ချောင်းမြောင်း ချုံခိုတိုက်ပွဲများ ဖြစ်ခဲ့လေသည်။

တစ်နေ့တွင် ဂျပန်များသည် တပ်ဆုတ်လာရင်း ချောင်းကမ်းဘေးရှိ လယ်တဲသို့ ရောက်ရှိလာခဲ့ကြသည်။ ရွာထဲသို့ ဂျပန်တွေ ဝင်လာလျှင် ထွက်ပြေးတိမ်းရှောင်ကာ၊ နေထိုင်စားသောက်နိုင်ရန် ရည်ရွယ်ပြီး ထိုတဲတွင် ဆန်၊ ငါးပိ၊ ငါးခြောက်၊ ဆီ၊ ဆားအပြည့်အစုံ ကြိုတင် သိုလှောင်ထားရှိခဲ့သဖြင့် တဲသို့ ရောက်လာကြသော တပ်ဆုတ် ဂျပန်တို့မှာ ရေငတ်တုန်း ရေတွင်းထဲ ကျဆိုသလို စားသောက်စရာအပြည့်အစုံ ရှိနေသော တဲတွင် စခန်းချနေခဲ့ကြတော့သည်။

ဂျပန်များ ထိုတဲထဲတွင် ရှိနေကြောင်း သက်ဆိုင်ရာမှ ပြောက်ကျားတပ်သို့ သတင်းပေးခဲ့၏။ ပြောက်ကျားတပ်ကလည်း ထိုတဲသို့ တိတ်တဆိတ်ဝိုင်းကာ တိုက်ခိုက်ကြသဖြင့် ဂျပန်တချို့ ကျဆုံးခဲ့သည်။ တဲပေါ်၌ ဂျပန်ဗိုလ်နှင့် ငယ်သားများ ငါးယောက်လောက် ကျန်နေသေးကာ၊ ရန်သူ့လက်ချက်နှင့်တော့ အသေမခံလိုသဖြင့် တဲပေါ်တွင် ငါးယောက် ဝိုင်းထိုင်ကာ အလယ်မှ လက်ပစ်ဗုံးတစ်လုံးကို ဖွင့်ဖောက်ကာ ဝပ်ချလိုက်သဖြင့် ဂျပန်ငါးယောက်စလုံး





www.burmeseclassic.com

www.burmeseclassic.com

တစ်စစီ ပြန့်ကျဲကာ သေဆုံးခဲ့ကြလေသည်။

နောက်တစ်ညတွင် အဖေတို့ ညီအစ်ကိုမှာ တဲဆီသို့ လာခဲ့ကြပြီး အရက်မူးအောင် သောက်၍ တဲပေါ်မှ ဂျပန်အလောင်းများကို ကျောင်းချကာ ချောင်းကမ်းဘေး၌ မြေတွင်းတူး မြှုပ်ခဲ့ကြလေသည်။

ထိုဖြစ်ရပ်များက အဖေတို့က ပြန်ပြောပြခဲ့သဖြင့် မောင်ကြင်ရော၊ ဌေးဝင်းပါ သိခဲ့ကြသည်။ နှစ်တွေ အတော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

◈◈◈

"ဟော···ဟော···ကြားရဲ့လား ဟေ့၊ အဲဒါ ဖားမကြီးအော်တဲ့ အသံပဲကွ။ တော်တော်ကြီးမယ်ဟေ့"

"ဟုတ်တယ် အစ်ကို။ ဒီလယ်ကျင်းဘက်ကို ဘယ်သူမှ လာမရိက်သေးလို့ ဖားတွေ တော်တော်ကျနေတာပဲဗျ"

ထိုဖားများကို ရှာဖွေရိက်ယူခဲ့သဖြင့် ကြောက်စိတ်များ လွင့်ပျောက်ခဲ့ကြသည်။ လယ်ကျင်းထဲ ရှာဖွေကာ ရိက်လာခဲ့ကြရင်း ချောင်းကမ်းဘေးနား ရောက်လာကြကာ ချောင်းကမ်းဘေး ကုက္ကိုပင်အောက်တွင် ဂျပန်စစ်သား ဝတ်စုံနှင့် ဂျပန် ၅ယောက်ရပ်နေသည်ကို မမျှော်လင့်ဘဲ တွေ့ မြင်ခဲ့ကြရသည်။

"ဟာ···အစ်ကိုကြီး၊ ဟိုရှေ့က ကုက္ကိုပင်အောက်မှာ ဂျပန် ၅ယောက် ဘယ်က ရောက်လာကြသလဲ မသိဘူးဗျ"

"အေး၊ ဟုတ်ပါ့ကွာ။ ထူးဆန်းလိုက်တာ"

"ဟာ···ဒါဟာ ဂျပန်အစစ်တွေ မဟုတ်ဘူးလေကွာ။ ဗုံးဖောက်ခွဲပြီး ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့တဲ့ ဂျပန်ငါးယောက် မကျွတ်မလွတ်ဖြစ်နေကြလို့ ငါတို့ကို ခြောက်လှန့်ပြတာပဲကွ"

"ဟာ···ဟုတ်တာပေါ့။ အခုခေတ်ကောင်းနေချိန်မှာ ဘယ်က ဂျပန်တွေ ရောက်လာရမှာလဲ။ သူတို့ စစ်ရှုံးလို့ မြန်မာနိုင်ငံကို စစ်လျော်ကြေးတွေတောင် ပေးခဲ့တာ ကြာနေပြီပဲ"

ထိုဂျပန်ငါးယောက်ကို မီးရောင်နှင့် တစ်ခဏသာ တွေ့ခဲ့ရပြီး ပျောက်ကွယ်သွားခဲ့ကြလေသည်။

"လာပါကွာ ဖားဆက်မရိက်တော့ဘဲ ရွာကို ပြန်ကြမယ်ဟေ့"

ညီအစ်ကိုနှစ်ယောက်လည်း နောက်ကြောင်းပြန်လှည့်ကာ ရွာအရောက် မပြေးရုံတစ်မယ် သွက်သွက်လှမ်းလာခဲ့ကြလေသည်။

"မင်းတို့ ညက ရိက်ယူလာတဲ့ ဖားတွေက အကြီးသားပါလားကွာ"

"ကြီးဆို အဖေရာ၊ ကျွန်တော်တို့ လယ်ကျင်းထဲအထိ သွားရိက်ခဲ့ကြတာကိုးဗျ"

"ဟင်···ဟုတ်လား။ မင်းတို့ နှစ်ယောက် တဲလယ်ကျင်းထဲထိ သွားကြတာ၊ မကြောက်ဘူးလားကွ"

"အို···ကြောက်ကြပြီပေါ့ အဖေရာ။ ချောင်းကမ်းဘေးက ကုက္ကိုပင်အောက်မှာ ဂျပန်ဝတ်စုံနဲ့ ဂျပန်ငါးယောက် ရပ်နေတာတောင် တွေ့မြင်ခဲ့ကြသေးတယ်လေ"

"ဟင်···အဲဒါ ဂျပန်တွေ မဟုတ်ဘူးကွ။ သေသွားတဲ့ ဂျပန်တွေ မကျွတ်မလွတ်သေးလို့ မင်းတို့ကို ပြခဲ့တာပဲ။ မင်းတို့ လန့်ရော လန့်ခဲ့ကြသေးလား"

"တွေ့စကတော့ တကယ့်ဂျပန်တွေ ရောက်နေတယ် ထင်မိခဲ့ကြတာလေ။ နောက်တော့မှ ခေတ်ကြီးက ပြောင်းလဲခဲ့တာ ကြာပါပြီ။ ဂျပန်စစ်စစ်တွေ မဟုတ်နိုင်ဘူး၊ ဗုံးခွဲသေခဲ့တဲ့ ဂျပန်ငါးယောက် ခြောက်လှန့်ပြတာ ဖြစ်မယ်လို့ တွေးသိပြီး ပြန်လာခဲ့ကြတာ အဖေရ"

"ဩော်··· ဒီဂျပန်တွေဟာ သေခဲ့ကြတာပဲ နှစ်တွေ ကြာခဲ့ပြီ၊ အခု ထိ မကျွတ်မလွတ်ကြသေးပါလား။ ဒါဆို အဲဒီဂျပန်တွေ ဘဝကူးပြောင်းနိုင်အောင် အဖေတို့ လယ်တဲမှာ သံ ငါးပါးပင့်ဖိတ်ပြီး ဆွမ်းကျွေး ကုသိုလ် ပြုပေးပြီး အမျှအတန်းဝေပေးလိုက်မယ် ကွာ။ အဲဒါဆိုရင်တော့ ကောင်း ကုသိုလ်ရဲ့ အကျိုးကို သူတို့ရရှိကြ ကျွတ်လွတ်သွားကြမှာ သေချာတယ် တကယ်တော့ အဲဒီလို ပြခဲ့တာ သူတို့အတွက် ကုသိုလ်လိုချင်ကြ ပြခဲ့ကြတာပဲကွယ့်"

ဂျပန်ခေတ်ကတည်းက သူတို့ အတွက် ကောင်းမှုပြုပေးမည့်သူ မ ခဲ့၍ မကျွတ်လွတ်ဖြစ်နေခဲ့သည်မှာ နှစ်တွေ ကြာခဲ့ပြီဖြစ်သည်။ ဖခင် ကောင်းမှုပြုပေးခဲ့လျှင်တော့ ထိုဂျပန် များ ကျွတ်လွတ်သွားနိုင်ကြမည်ဟု ယူဆရပေသည်■

* * *

တင့်ထွေး(ဇေယျခေ



www.burmeseclassic.com

www.burmeseclassic.com

# စုတ်လာဘ်များ ရမလား

**ဦးအုန်းမြင့် (ဝေဒသုတေသီ)**

တစ်နေ့သောအခါ ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးမောင်အေး ဆိုသူတစ်ယောက် အိမ်သို့ ရောက်ရှိလာပါသည်။ မတွေ့တာ ကြာပြီဖြစ်၍ ရေးဖြစ်နောက်ကြောင်းများကိုလည်း အားပါး တရ ပြောနေပြန်သည်။ တစ်ခုခုအကြောင်းကိစ္စရှိတိုင်း ကျွန်ုပ်ထံသို့ ရောက်ရောက်လာတတ်စမြဲ။ ယခုလည်း ကျွန်ုပ် မှ စတင်၍…

"ဆိုစမ်းပါဦး၊ ကိစ္စက…"

ဟု မေးလိုက်ရာ…

"ငါလာတာ ကိစ္စရှိလို့ရယ် မဟုတ်ပါဘူးကွာ။ မရောက် တာ ကြာလို့ သတိရတာနဲ့ လှည့်ဝင်ခဲ့တာပါ"

ဟု ပြောပါသည်။

"ကဲ - ဒါဆိုရင် လက်ဖက်ရည်သောက်ဦး။ ကျွန်တော် ရေချိုးလိုက်ဦးမယ်"

ဟု ကျွန်ုပ်မှ ပြောသောအခါ…

"နေစမ်းပါဦး ဆရာသမားရယ်၊ ဟဲဟဲ…ကိစ္စက မရှိဘူးဆိုပေမယ့် ငါသိချင်တာလေးကိုတော့ ပြောပြပါဦး"

"ဘာများလဲဗျာ"

"တခြားမဟုတ်ပါဘူး။ ဒီနှစ်ထဲမှာ ငါ့အနေနဲ့ စုတ်၊ လာဘ်များ ရနိုင်ပါ့မလားဆိုတာပေါ့ကွာ"

ဟု ပြော၍…

"ထင်သားပဲ၊ လာရင် မေးတော့မယ်ဆိုတာ"

ဟု ကျွန်ုပ်မှ ပြန်ပြောသောအခါ ၎င်းက ရယ်ကျဲကျဲ လုပ်ပြီး…

"စိတ်မရှိပါနဲ့ကွာ၊ ငါသိချင်လို့ပါ"

ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံစံ -

ကောဇာသက္ကရာဇ် - ၁၃၆၆
မွေးသက္ကရာဇ် - ၁၃၁၄

၂၆၇၀

ရောက်သက် - ၅၂ | ၂၆၈၀
၂၀၈
၆၀၀
၄၆၈
၁၃၂
၄ +
၁၃၆

၁၇
၈ | ၁၃၆
၈
၅၆
၅၆
၀ ကြွင်း (စုတ်၊ လာဘ်ရမည်)

ရောက်သက် ၅၂
+ ၃
၇ | ၅၅ | ၇
၄၉
၆ ကြွင်း (သောကြာနေ့)

၄
၁၂ | ၅၂ ရောက်သက်
၄၈
၄ ကြွင်း -

"ကျွန်တော်တို့ ဗေဒင်ပညာမှာ စုတ်တွေ၊ လာဘ်တွေ ရနိုင်မယ့် နှစ်၊ လ၊ ရက်တွေ ရှိပါတယ်။ အဲဒီမှာ လက်ဆော နည်းထဲက နှစ်တစ်နှစ်မှာ စုတ်၊ လာဘ်များ ရနိုင်, မရနိုင် ဆိုတဲ့ နည်းတစ်ခုကို ပြောပြပါ့မယ်"

"သိပ်ကောင်းတာပေါ့ လုပ်စမ်းပါဦး"

"ပြောမယ်ဆိုကာမှ လောနေပြန်ပြီ။ သေသေချာချာ နားထောင်နော်၊ ဖြတ်မမေးနဲ့"

ဟု ပြောရင်း ကျွန်ုပ်မှ နှစ်တစ်နှစ်တွင် စုတ်၊ လာဘ် ရနိုင်,မရနိုင် တွက်နည်းကို ပြောပြလိုက်ပါတော့သည်။

◈◈◈

"ရောက်ဆဲ ကောဇာသက္ကရာဇ်နဲ့ မွေးသက္ကရာဇ် ပေါင်းပြီး ရောက်သက်နဲ့ စားပါ။ အကြွင်းကို ၄နဲ့ ထပ်ပေါင်း ပြီး ၈နဲ့ စားပါ။ ၅/၀ တစ်ခုခုကြွင်းရင် ဒီနှစ်ထဲမှာ စုတ် လာဘ်ရပြီသာ မှတ်။

နောက်တစ်ခါ ဘယ်လမှာ ရမလဲ သိချင်ရင် ရောက် သက်ကို ၃နဲ့ ပေါင်းပြီး ၇ဖြင့် စားပါ။ ကြွင်းတဲ့နေ့မှာ ရမည် မှတ်ပါ။ နောက်တစ်ခါ ဘယ်လတွင် ရနိုင်မလဲဆိုတာ သိ အောင် ရောက်သက်ကို ၁၂နဲ့ စားပြီး အကြွင်းကို ကဆုန် မှစ၍ ရောက်သက်လအထိ ရေအတွက်ပါ။

၄-ကြွင်း၍ ကဆုန်လမှစပြီး ရေတွက်လျှင် ဝါခေါင် သို့ ရောက်ပြီး ဝါခေါင်လတွင် ရမည်။ ထို့ကြောင့် စုတ် လာဘ်များကို ဝါခေါင်လ၊ သောကြာနေ့တွင် ရမည်ကို သိပါ။

စုတ်လာဘ်များ ရရှိကြွင်း

* * *

ဦးအုန်းမြင့်(ဗေဒသုခတော်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သဲကုန်းကျေးရွာနှင့် ဆင်အိုင်ကျေးရွာကို နွားလှည်းတစ်စီးသာ သွားလာနိုင်သော တာလမ်းမကြီးနှင့် ဆက်သွယ်ထားလေသည်။ လယ်ကွင်းပြင်ကို ဖြတ်သန်း ဖောက်လုပ်ထားသော ဂဝံလမ်းမကြီးဖြစ်သည်။ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများဖြင့် စိမ်းစိုစွာ အစီအရီပေါက်လျက်ရှိသည်။ ဆင်အိုင်ရွာထိပ်တွင် ၅ကေခန့် ကျယ်ဝန်းသော ခြံကြီးတစ်ခြံရှိသည်။ ခြံရှေ့မှာ "ကိုသာအောင်အမိန့်ရ ထန်းရည်ဆိုင်"ဆိုသော ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားလေသည်။

ခြံထဲရှိ အရှေ့မျက်နှာစာတွင် နှစ်ရှည်ခံ အပင်များဖြစ်ကြသော သရက်၊ ပိန္နဲ၊ မာလာကာ၊ အုန်း၊ ငှက်ပျောပင်နှင့် ဝါးရုံပင် အစရှိသည့် နှစ်ရှည်ခံ အပင်များနှင့် အုပ်ဆိုင်းလျက်ရှိပြီး ခြံအလယ်တွင် ထန်းလက်မိုး၊ ထန်းလက်ကာ မြေစိုက်တဲတစ်လုံးရှိသည်။ ခြံအနောက်တွင်မူ ထန်းတောကြီးရှိသည်။ အရိပ်ရ နှစ်ရှည်ပင်ကြီးများအောက်တွင် ကွပ်ပျစ်များ ဟိုတစ်စုဒီတစ်စုနှင့် ဆယ်ဝိုင်း၊ ဆယ့်ငါးဝိုင်းစာလောက်ရှိ၏။ ဤနယ်တစ်ဝိုက်တွင် ကိုသာမောင် ထန်းရည်ဆိုင်မှာ အလွန်နာမည်ကြီး၏။

ကိုသာမောင် ထန်းရည်ဆိုင်တွင် ထန်းရည်စစ်စစ်ရပြီး အမြည်းများမှာလည်း ကြို့သား၊ ယုန်သား၊ မျောက်သား၊ တောကြောင်သား၊ လယ်ကြွက်သားများပင် ရရှိလေသည်။ ကိုသာမောင် ထန်းရည်ဆိုင်မှာ ရွာနီးချုပ်စပ်များမှသာမက၊ မြို့ပေါ်မှပင် တကူးတက လာရောက်သောက်သုံးသူများ ရှိ၏။ ထို့ကြောင့်လည်း ကိုသာမောင် ထန်းရည်ဆိုင်မှာ နေ့ညမပြတ် လူစည်ကားလျက်ရှိလေသည်။

ကိုသာမောင် ထန်းရည်ဆိုင်တွင် နွေမိုးဆောင်း နေ့ညမပြတ် အားပေးသူ နှစ်ယောက်ရှိသည်။ သူတို့နှစ်ယောက်မှာ သဲကုန်းရွာသား အောင်မင်းနှင့် သန်းထွဋ်တို့နှစ်ယောက်ပင် ဖြစ်၏။ အောင်မင်းရဲ့ မိဘများမှာ လယ်ယာချောင်းမြောင်းများနှင့် ဆန်စက်၊ ဆီစက်များကို ပိုင်ဆိုင်ထားကြသော ကြေးရတတ်များ ဖြစ်ကြ၏။ မောင်နှမလေးယောက်တွင် အငယ်ဆုံးလည်းဖြစ်၊ တစ်ဦးတည်းသော သားယောက်ျားလေးလည်းဖြစ်ပြီး မိဘများက အလိုလိုက်ထားသဖြင့် ဆိုးချင်တိုင်းဆိုးနေ၏။ မိဘများက ပညာတတ်တစ်ယောက်ဖြစ်စေချင်သော်လည်း အောင်မင်းမှာ ဆယ်တန်း ၂နှစ်ကျကာ၊ ကျောင်းစာတွင် စိတ်မပါသဖြင့် မိဘများမှာ လက်လျှော့ထားခဲ့ရသည်။

သန်းထွဋ်မှာလည်း ဆယ်တန်း ၂နှစ်ကျပြီး ကျောင်းထွက်ထားသူလည်းဖြစ်သဖြင့် နှစ်ယောက်သား အတွဲညီညီဖြင့် ပုလင်းတူ ဘူးစို့များ ဖြစ်နေကြသည်။

ယခုလည်း နံနက် ရှစ်နာရီကတည်းက ကိုသာမောင် ထန်းရည်ဆိုင်သို့ ရောက်ရှိနေသည်မှာ မွန်းတည့်နေပြီဖြစ်သည်။ သို့ပေမယ့် မပြန်ကြသေး။ ထန်းရည်ပုလင်းတွေသာ တစ်ပုလင်းပြီး တစ်ပုလင်း လဲသွားသည်၊ သူတို့နှစ်ယောက်က သောက်ကောင်းဆဲ။

ထိုစဉ် ရွာသစ်ကုန်းရွာသား ကိုကြည်ခိုင်နှင့် မောင်သိန်းတို့နှစ်ယောက် ကိုသာမောင် ထန်းရည်ဆိုင်ခြံထဲသို့ ဆိုင်ကယ်နှင့် ဝင်ရောက်လာကြသည်။ ကိုကြည်ခိုင်က ဆိုင်ကယ်ကို ဒေါက်ထောက်လိုက်ရင်း အောင်မင်းကို လှမ်း၍…

"အောင်မင်း . . . ဘယ်လို ရေချိန်ကိုက်နေပြီလား"

"ဆိုပါတော့ဗျာ။ မနက်ကတည်းက ချနေတာဆိုပါတော့။ ရေချိန်ကိုက် နေပြီပဲ ပြောရတော့မှာပေါ့ ကိုကြည်ခိုင်။ လာလေဗျာ၊ ကျွန်တော်တို့နဲ့ ဝိုင်းလှည့်"

"နေပါစေ အောင်မင်းရာ။ မောင်သိန်းနဲ့ အလုပ်စကားလေး နည်းနည်းဆွေးနွေးစရာရှိလို့ ဟိုဘက် ဝိုင်းမှာပဲ ထိုင်လိုက်တော့မယ်"

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ ကိုကြည်ခိုင် အရင်မိန်းမနဲ့ပဲလား"

"ဟဲ့ကောင်ရ… ငါက အရင်မိန်းမမဟုတ်လို့ ဘယ်မိန်းမရှိရဦးမှာလဲ"

"မသိဘူးလေဗျာ။ ကိုကြည်ခိုင်ကို အရှုံးမ မိစုနဲ့ အသံသဲ့သဲ့ကြားလို့"

"ဟာ…ဒီကောင်၊ မင်းတို့က တော့ကွာ လူတွေ့ရင် စဖို့ နောက်ဖို့ပဲ စဉ်းစားနေတယ်။ ကိုသာမောင်ရေ… ကျုပ်တို့ကို ထန်းရည်တစ်လုံး၊ ကြွက်ခြောက်ကြော်တစ်ပွဲပေးဗျာ"

◈◈◈

အောင်မင်းနှင့် သန်းထွဋ်မှာ ထန်းရည်လေး သောက်လိုက်၊ အမြည်းလေး စားလိုက်၊ စကားလေး ပြောလိုက်၊ တွေ့ရာလူကို စ,လိုက် နောက်လိုက်နှင့် မူးတူးတူး ရီတီတီဖြင့် လယ်ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးလေးများကို ရှူရှိုက်ရင်း ဆက်ရက်မင်းစည်းစိမ်ကို အပြည့်အဝ ခံစားနေကြသည်။

ကိုကြည်ခိုင်က ပုစွန်ဆိတ် နေသော ချိုခါး ထန်းရည် ကို ကောက်မော့လိုက်ပြီး ကြွက်ခြောက်ကြော်တစ်ဖတ်ကို ကောက်ဝါးရင်း


www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ဝိုင်းမှာ ထိုင်နေသော အောင်မင်းအား…

"အောင်မင်း… ဒီနေ့ညနေ ၃ နာရီ ငါတို့ရွာမှာ ကြက်ဝိုင်းရှိတယ်။ ပွဲကတော့ ပွဲကြီးပွဲကောင်းပဲ မောင်၊ လောင်းကြေး မ,တည်ကြေးက သုံးသိန်း။ အောက်ဆွဲ ဘေးလောင်းတွေလည်း အများကြီးရှိတယ်။ မင်းတို့ လာခဲ့ပါလား"

"ဟုတ်လား၊ ဘယ်သူ့ကြက်ကို တိုက်မှာလဲ"

"မင်းတို့ရွာက အောင်ထွန်း ကြက်ဖျာကြီးနဲ့ ငါတို့ရွာက အေးကို ကြက် တိုက်မှာ။ မင်းတို့ရွာက အောင်ထွန်း ကြက်ဖျာကြီးက ဆယ်ပွဲခွပ်တာ ဆယ်ပွဲလုံးနိုင်ထားတဲ့ ကြက်။ အတက်လည်း ဘာချူးသလဲ မပြောနဲ့။ ဆယ်ပွဲတိုက်တာ ငါးပွဲ ပြိုင်ဘက်ကြက်တွေကို မျက်လုံးဖောက်ပစ်လိုက်နိုင်တယ်။ တစ်ပွဲက စည်းဝိုင်းထဲမှာပဲ တစ်ဖက်ကြက်ကို သေအောင် အသေခွပ်ထားတဲ့ ကြက်။ ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီး ငါတို့ရွာက အေးကိုရဲ့ ကြက်ရွှေနီကတော့ ရှစ်ပွဲတိုက်တာ ရှစ်ပွဲလုံးနိုင်ထားတယ်။ ကြက်နှစ်ကောင်လုံး အလုံးတူပေမယ့် ငါတို့ရွာက အေးကိုကြက်ကတော့ ဒေါက်(အရပ်)တော့ နည်းနည်းပိုမြင့်တယ်။ မင်းတို့ လာရင်လာခဲ့၊ ငါတို့ရွာသစ်ကုန်း သင်္ချိုင်းဇရပ်အနောက်က မြေကွက်လပ်မှာ တိုက်မှာ"

"ဟုတ်ကဲ့ ကိုကြည်ခိုင်၊ ကျွန်တော်တို့ လာခဲ့မယ်"

"ကဲ-ဒါဆို ငါတို့သွားတော့မယ်"

"အိုကေ၊ ကျွန်တော်တို့ လာဖြစ်အောင် လာခဲ့မယ်"

◈◈◈

အောင်မင်းနှင့် သန်းထွင်ရ်တို့



နှစ်ယောက် ဆင်အိုင်ရွာကို ဖြတ်၍ ရွာသစ်ကုန်းသို့ ဆိုင်ကယ်တစ်စီးကို နှစ်ယောက်စီးကာ ထွက်လာခဲ့ကြ၏။ ရွာသစ်ကုန်းရွာထိပ် ညောင်ပင်ကြီးအောက် ရောက်တော့ ကျောင်းနေဖက် သူငယ်ချင်း ထွန်းနိုင် ညောင်ပင်ကြီးအောက်ရှိ ညောင်မြစ်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရသဖြင့် အောင်မင်းက ဆိုင်ကယ်ကို ရပ်လိုက်ရင်း…

"ထွန်းနိုင်… မင်း ဘာလုပ်နေတာလဲ"

ထွန်းနိုင်က ဘာမှပြန်မဖြေဘဲ ဆိုင်ကယ်ပေါ် ကားယားခွထိုင်နေသော အောင်မင်းတို့နှစ်ယောက်ကို မော့ကြည့်ပြီး မျက်ရည်များ သွင်သွင်စီးကျကာ ခေါင်းငုံ့သွား၍ အောင်မင်းက…

"သန်းထွင်ရ်… ဆင်း…ဆင်း။ ဟိုမှာ ထွန်းနိုင် ငိုနေတယ်ကွ။ ငါတို့ သူငယ်ချင်း ဘာဖြစ်လို့လဲ မသိဘူး"

နှစ်ယောက်သား ဆိုင်ကယ် ဒေါက်ထောက်ပြီး ထွန်းနိုင်အနားသို့ ရောက်သွားကြသည်။

"ထွန်းနိုင်…သူငယ်ချင်း၊ မင်း ဘာဖြစ်လို့လဲ။ ငါတို့ကို ပြောပြလေကွာ။ ငါတို့ ကူညီနိုင်တာရှိရင် ကူညီမှာပေါ့"

ထွန်းနိုင်က စီးကျနေသော မျက်ရည်ကို လက်ခုံနဲ့ သုတ်လိုက်ပြီး…

"မင်းတို့ ကူညီနိုင်မှာ မဟုတ်ပါဘူး။ ငါ အသည်းကွဲနေတာကွ။ ငါ တစ်ဖက်သတ် ချစ်ရတဲ့ ချိုပေါ့လေးက ငါ့ကို ပြန်မကြိုက်ဘဲ နေလှုင်းဦးကို ပြန်ကြိုက်သွားလို့ ငါ အသည်းကွဲနေတာကွ"

"ဟင်…ချိုပေါ့ဆိုတာ ဘယ်သူလဲ၊ ငါတို့လည်း မသိပါလား"

"ချိုပေါ့ဆိုတာ ဦးကြီးမြင့်ရဲ့ သမီး မော်မော်ကို ပြောတာကွ။ သူက လက်ဖက်ရည်သောက်ရင် ချိုပေါ့ပဲ သောက်လို့ ငါက ချစ်စနိုးနဲ့ ချိုပေါ့လို့ ခေါ်တာ"

"မင်းကလည်း ခုမှ ကဗျာဆန်နေပြန်ပြီ"

"မင်းတို့ ပြောချင်သလို ပြောပါကွာ။ ဒါပေမယ့် ငါ အသည်းကွဲနေတာကိုတော့ ကူညီကြပါကွာ။ သူ့ကိုသာ ရမယ်ဆိုရင် ငါ ဘာလုပ်ရလုပ်ရ၊ အသက်ပဲ ပေးရပေးရပါကွာ…နော်၊ ငါ့ကို ကူညီကြပါနော်။ အောင်မင်းနော် …နော်…"

"ဟာကွာ…ရုပ်ကြမ်းကြီးနဲ့ နွဲ့နေပြန်ပြီ။ ကဲ - မျက်ရည်သုတ်လိုက်၊ လာ-သွားမယ်၊ ဆိုင်ကယ်ပေါ် တက်"

"ဘယ်သွားမလို့လဲ"

"မင်း အသည်းကွဲနေတာ ပျောက်အောင် ကုပေးမလို့"

"ချိုပေါ့လေး…အဲ…မော်မော် ငါ့ကို ပြန်ချစ်အောင် သွားပြောပေးမလို့



www.burmeseclassic.com

www.burmeseclassic.com

လား"

"မဟုတ်ဘူး၊ မင်းကို အရက်ဆိုင် ခေါ်သွားမလို့။ အသည်းကွဲရင် အရက်က ဆေးပဲ။ အဲဒီဆေးနဲ့ ကုရတယ်။ ပြီးရင် ကြက်ဝိုင်းသွားမယ်။ ကြက်ဝိုင်းက ပြန်လာရင် ကိုသာမောင် အမိန့်ရ ထန်းရည်ဆိုင်ကို သွားမယ်။ အဲဒီမှာ ဂစ်တာတီးမယ်။ အဲဒါဆို မင်းရဲ့ ကွဲနေတဲ့ အသည်း ပြန်စေ့သွားလိမ့်မယ်။ ကဲ···လာ"

◈◈◈

ထွန်းနိုင်ကို အရက်တိုက်ပြီး ကြက်ဝိုင်းသို့ ရောက်တော့ ကြက်ဝိုင်းက ပွဲကြီးပွဲကောင်းစ,နေပြီ။

အောင်မင်း ကြက်ဝိုင်းကြည့်နေသော ပရိသတ်ကြားထဲသို့ အတင်းတိုးဝင်သွားပြီး အိတ်ကပ်ထဲမှ ငွေငါးသောင်း ထုတ်ယူ···ကာ ကိုအောင်ထွန်း ကြက်ဖျာကြီးဘက်မှာ လောင်းလိုက်၏။ ကြက်နှစ်ကောင်မှာ တစ်ကောင်နဲ့ တစ်ကောင် သဲကြီးမဲကြီး ဘတစ်ပြန် ဏှားတစ်ပြန် ခွပ်နေကြသည်။ နှစ်ကောင်စလုံးမျက်နှာမှာ သွေးတို့ဖြင့် ချင်းချင်းနီရဲလို့။ ဒါပေမယ့် အနိုင်မခံ အရှုံးမပေး အားရပါးရ ခွပ်နေဆဲ။ ဘေးမှ ကြည့်နေကြသော ကြက်ပွဲကြည့် ပရိသတ်တွေကလည်း ဖျာကြီးကွ၊ ရွှေနီကွနဲ့ လိပ်ခေါင်းထွက်မတတ် ကုန်းအော်၍ အားပေးနေကြသည်မှာ အမိန့်ရ ကြက်ဝိုင်းကဲ့သို့ စိတ်ချလက်ချ အားပေးနေကြသည်။ စိတ်ချပေမှာပေါ့ သင်္ချိုင်းဝက ကုက္ကိုပင်ကြီးပေါ်မှာ ကင်းသမားတစ်ယောက်က ရှိနေတာကိုး။

ဒီတစ်ချီမှာတော့ ဖျာကြီးက မောမောနှင့် ရွှေနီအတောင်ပံအောက် ခေါင်းတိုးဝင်ပြီး အမောဖြေနေ၏။ ရွှေနီကလည်း တောင်ပံကြား ခေါင်းအတင်းတိုးဝင်နေသော ဖျာကြီးဦးခေါင်းကို မမီမကန်းနှင့် လှမ်းဆိတ်နေသည်။ ထိုအခါ ဖျာကြီးမှာ အတောင်ကြားက ခေါင်းကို ပြန်ထုတ်၍ ရွှေနီခေါင်းကို အားနှင့် ခွပ်ချလိုက်၏။ ဖျာကြီး၏ အတက်နှစ်ချောင်းမှာ ရွှေနီ၏ နားထင်တွင် စိုက်ဝင်ပြီး ဝိုင်းထဲမှာပင် ရွှေနီ အသက်ကုန်သွားတော့၏။

"ဖျာကြီးကွ···ဖျာကြီးကွ၊ ဟေး···"

ဖျာကြီးဘက်မှ လောင်းကြေး ထပ်ထားသူတို့ အော်ကြဟစ်ကြ ကခုန်ကျူမ်းထိုးကြနှင့် ပျော်ရွှင်နေကြတော့သည်။ အောင်မင်းကလည်း ကြက်ပွဲမှ အနိုင်ရလိုက်သော ငွေငါးသောင်းကို ယူပြီး ကိုသာမောင် ထန်းရည်ဆိုင်သို့ သွားရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ် ရှုံးနိမ့်သွားသော ကြက်ရွှေနီ ပိုင်ရှင် အေးကိုက···

"အခု ကြက်ပွဲနိုင်သွားတဲ့ကောင်တွေ ညကျရင် မြအေးတို့ အသုဘ အိမ်မှာ ပြန်ဆုံကြမယ်။ သတ္တိရှိတဲ့ကောင်တွေ ···ကြ"

အောင်မင်းက အသည်းကွဲ သူငယ်ချင်း ထွန်းနိုင်အား···

"ထွန်းနိုင်···မင်းတို့ရွာမှာ အသုဘ ရှိလို့လား"

"ရှိတယ်ကွ၊ မနေ့က မြအေး မိန်းမ ကလေးမွေးရင်း မီးတွင်းထဲမှာ ဆုံးသွားတယ်"

အောင်မင်းက ဆိုင်ကယ်စက် နှိုးရင်း···

"သူငယ်ချင်းတို့··· တက်ကြ ကိုသာမောင် ထန်းရည်ဆိုင်ကို ချီတက်ကြစို့"

◈◈◈

သုံးယောက်သား ထန်းရည် သောက်လိုက်၊ အမြည်းစားလိုက်နှင့် တော်တော်လေး မူးနေကြသည်။ ထွန်းနိုင်မှာ မူးမူးနှင့် ခံစားချက်တွေကို ··· ထုတ်နေတော့သည်။

"အောင်မင်း၊ သန်းထွင့် သူ··· ချင်းတို့ရာ···မင်းတို့ပဲ စဉ်းစား··· ကွာ၊ ငါ ချိုပေါ့ကို သိပ်ချစ်တာ··· သူ့ကို အရိပ်တကြည့်ကြည့် မ··· မပန်ရက်နဲ့ ချစ်နေတာပါကွာ။ ငါ ··· ကို ဘယ်လောက်ချစ်တယ်ဆိုတာ ··· အသိဆုံးပါ။ ခုတော့ ငါ့အချစ်ကို ··· မခံဘဲ ဟိုခွေးဝဲစားကောင် နေလင်··· ရဲ့ အချစ်ကို လက်ခံလိုက်တယ်··· ငါ ဘယ်လောက် ခံစားရမယ်ဆို··· မင်းတို့ စဉ်းစားကြည့်ပါကွာ။ ··· အသည်းတွေ တစ်စစီ ကျိုးပဲ့ကုန်··· ငါ့ကို ကူညီကြပါဦး သူငယ်ချင်းတို့··· အီး···ဟီး···အီးဟီးဟီး···"

ခံစားချက်ကို ရင်ဖွင့်လိုက်၊ မျက်··· ရည်ကျလိုက်၊ ငိုလိုက်နှင့် ဖြစ်နေ···

"သူငယ်ချင်းရာ···ငါ ချိုပေါ့··· အချစ်ကိုသာ ရမယ်ဆိုရင် ဘာ···လုပ်··· လုပ်ရပါကွာ။ ငါ ဘာလုပ်ရမလဲ၊ အကြ··· ဉာဏ်လေး ပေးပါဦး"

ပြောရင်း မျက်ရည်ကျလာပြ··· သည်။ ထိုအခါ သန်းထွင့်က···

"ထွန်းနိုင်··· မင်း ဒီလောက် ···ဘောင်ဖြစ်နေရင် ဆိုင်ကယ်နဲ့ တင်··· ပြေးမလား။ မင်းကို ငါတို့နှစ်ယောက် ကူညီမယ်"

ထွန်းနိုင်က···

"အဲဒီလိုလုပ်ရင် အဖမ်းခံရမှာ··· ပေါ့ကွ၊ ငါကြောက်တယ်"

"ခွေးထဲမှာပဲ၊ မင်းဟာကလဲ။ ထို··· လည်း လိုချင်သေး၊ ကြောက်လည်း ကြောက်သေး။ ဟင်း···ဟိုစကားပုံလို··· ဖြစ်နေပြီ"

အောင်မင်းက မေးစေ့ကို လက်··· ညှိုးနှင့် ထောက်ကာ စဉ်းစားနေရင်းမှ···

"ဟာ···ဟုတ်ပြီ၊ ဟေ့ကောင်···

www.burmeseclassic.com

www.burmeseclassic.com

ထွန်းနိုင်၊ မင်းတို့ရွာက မြအေးမိန်းမ ဖြူဖြူက မီးဖွားရင်း မီးတွင်းထဲမှာ ဆုံးသွားတာဆိုတော့ အစိမ်းသေပေါ့။ ငါ အကြံရပြီ။ ထွန်းနိုင် မင်းကို ငါ ဝီယ ဆေးဖော်ပေးမယ်။ မင်း ဝမ်းသာပေတော့။ မင်း ချိုပေါ့တင်မကဘူး၊ ချိုကျပါ လိုချင်ရင် ရစေရမယ်။ စိတ်သာချပေတော့"

"ဟုတ်လား သူငယ်ချင်းရာ၊ ဝမ်းသာလိုက်တာကွာ။ မင်း ငါ့ကို ဘယ်လို ဝီယဆေးဖော်ပေးမှာလဲ"

"ညကျရင် မြအေးမိန်းမ မီးနေသည့်အလောင်းဆီကို ငါတို့ သုံးယောက်သွားမယ်။ ပြီးရင် သူ့မျက်နှာကို ရွှေပြည့်နမ်းသနပ်ခါးလိမ်းပေးလိုက်မယ်။ ခြောက်သွားရင် အဲဒီ သနပ်ခါးကို တုတ်နဲ့ ခြစ်ယူ၊ အဲဒီ သနပ်ခါးမှုန့်က ဝီယဆေးပဲ။ အဲဒီ သနပ်ခါးမှုန့်နဲ့ ခင်းကောင်မလေးကို တို့လိုက်တာနဲ့ မင်းနောက်ကို တန်းတန်းစွဲပဲ"

"မင်းဟာက ဟုတ်ကော ဟုတ်ရဲ့လား။ ငါကြောက်တယ်ကွ"

"ငါလည်း လူကြီးသူမတွေ ပြောတာ ကြားဖူးတာပဲ၊ ဟုတ်,မဟုတ် စမ်းကြည့်တာပေါ့ကွာ"

ထိုအခါ သန်းထွင့်က···

"ဖြစ်ပါ့မလားကွာ။ ငါလည်း ကြောက်တယ်ကွ"

"ဖြစ်ပါတယ်ကွာ။ ငါ ဦးဆောင်ပြီး လုပ်ပါ့မယ်။ မင်းတို့က ငါ့နောက်က ကူညီရုံပဲ။ ဒါပေမယ့် ဘယ်သူမှ သိလို့တော့ မဖြစ်ဘူးနော်။ ကဲ - မူး အောင် သောက်ကြ။ မူးရင် ဘာမှ မကြောက်တော့ဘူး။ ကဲ - ငါတို့ရဲ့ အကြံအစည်အတွက် ချီးယားလုပ်ကြမယ်။ အားလုံး ခွက်ကို မြှောက်ကြ။ တစ်၊ နှစ်၊ သုံး···ချီးယား···"

ခွက်သုံးခွက်ဆိုင် တိုက်လိုက်ကြပြီး···

"အကြံအစည် အောင်မြင်ပါစေ" ဟု ပြိုင်တူ အော်လိုက်ကြ၏။

◈◈◈

ညက မှောင်မည်းတိတ်ဆိတ်လို့နေ၏။ ကျေးလက်ဒေသ၏ ထုံးစံအတိုင်း မိုးချုပ်သည်နှင့် အိမ်ကိုင်းလိုလို တံခါးတွေ ပိတ်လို့ အိပ်ယာဝင်နေကြလေပြီ။ အိမ်တချို့တလေကတော့ မီးခွက်လေး၊ ဖယောင်းတိုင်မီးလေး မှိတ်တုတ် မှိတ်တုတ်ဖြင့် ရှိနေကြ၏။

အချိန်က ည ၁၀နာရီခန့် ရှိနေပြီ။ လမိုက်ညဖြစ်သဖြင့် လိုသည်ထက်ပင် ပို၍မှောင်နေသည်။ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသော ကြယ်ကလေးများက ကောင်းကင်ထက်တွင် မဓိုတရိုလေး လင်းလက်နေကြသည်။ ပုဇဉ်းရင်ကွဲ အော်မြည်သံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လို့နေသည်။

အဝေးတစ်နေရာမှ အသံရှည်ဆွဲ၍ အူလိုက်သော ခွေးအူသံက တစ်ချက်တစ်ချက် ထွက်ပေါ်လာ၏။ ထိုစဉ် လေပြင်းတစ်ချက် ဆောင့်တိုက်လိုက်သဖြင့် သစ်ကိုင်းချင်း ပွတ်တိုက်သံ၊ သစ်ရွက် လေတိုးသံတို့က တိတ်ဆိတ်လွန်းသောညတွင် ချောက်ချားစရာပင်။

နာရေးဖြစ်နေသော မြအေး၏ အသုဘအိမ်မှာ အောက်လင်းမီးအလင်းရောင်ကြောင့် ထိန်ထိန်ညီးလျက်ရှိသည်။ လူကြီးတချို့မှာ ဧည့်ခန်း ဘုရားစင်ရှေ့တွင် ရေနွေးကြမ်းလေး သောက်လိုက်၊ ပဲကြီးလှော်လေး ဝါးလိုက်၊ လက်ဖက်သုပ်လေး စားလိုက်၊ ဆေးလိပ်ဖွာလိုက်၊ ကွမ်းဝါးလိုက်နှင့် စကားပြောနေကြသည်။ လူငယ်အချို့မှာလည်း ဖဲရိုက်သူ ရိုက်၊ ဘေးမှ ထိုင်ကြည့်သူ ကြည့်ဖြင့် ဖဲဝိုင်းလေး ငါးဝိုင်းခန့် ဝိုင်းဖွဲ့နေကြပြီး ကိုယ့်အာရုံနှင့်ကိုယ် ရှိနေကြသည်။ မီးတွင်းထဲတွင် သေဆုံးသွားသော ဖြူဖြူ၏ အလောင်းမှာ တောရွာကျေးလက်တို့၏ ထုံးစံအတိုင်း အိမ်ရှေ့ခြံစည်းရိုးအပြင်ဘက်တွင် အခက်အလက်များဖြင့် အုပ်ဆိုင်းနေသော ပိတောက်ပင်ကြီးအောက် အလောင်းစင်တွင် အခေါင်းထဲ ထည့်၍ အခေါင်းဖုံးဖွင့်ကာ တင်ထားလေသည်။ ညမှောင်မှောင်ထဲတွင် ပိတောက်ပင်အရိပ်ကြီးမှာ မကောင်းဆိုးဝါး တစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ ရှိနေသည်။

တိတ်ဆိတ်မှောင်မဲနေသောညကို အခွင့်ကောင်းယူ၍ လူသုံးယောက် အလောင်းစင်နားသို့ တိတ်တဆိတ် ဖြည်းဖြည်းချင်း တိုးကပ်လာလေသည်။ အလောင်း၏ ခေါင်းရင်းဘက်တွင် ရပ်လိုက်ကြ၏။ အလယ်မှ တစ်ယောက်က အလောင်းကောင်၏ မျက်နှာကို ငုံ့ကြည့်လိုက်သည်။ ဘေးမှ တစ်ယောက်က လေသံတိုးတိုးဖြင့်···

"ဟေ့ကောင်. အောင်မင်း ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ်ကွာ။ ဘာမှ မကြောက်နဲ့။ ဟေ့ကောင် သန်းထွင့်၊ သနပ်ခါးဘူးရော···"

"ရှိပါတယ်ကွ။ ဒီမှာ ရေနဲ့ အသင့်ဖျော်ပြီးသား ရော···"

"ဟိုကောင် ထွန်းနိုင်ကို ပေးလိုက်၊ ထွန်းနိုင် သနပ်ခါးကို အလောင်းရဲ့ မျက်နှာမှာ လိမ်းပေးလိုက်။ ထူထူလေး လိမ်းပေးနော်"

"ငါ မလုပ်ရဲဘူးကွ"

"မင်းက ချိုပေါ့ကို ချစ်တယ်ဆို။ ချိုပေါ့ကို ရမယ်ဆိုရင် ဘာပဲလုပ်ရ လုပ်ရဲဆို။ ကြာတယ်ကွာ၊ မြန်မြန်လေး

www.burmeseclassic.com

လိမ်းလိုက်"

ထွန်းနိုင်မှာ ကြောက်ကြောက်နှင့် အလောင်း၏ မျက်နှာပေါ်ကို သနပ်ခါး လိမ်းပေးလိုက်၏။ အောင်မင်းက လေသံဖြင့်...

"ဟေ့ကောင် သန်းထွင်၊ သနပ်ခါး မြန်မြန်ခြောက်အောင် ယပ်ခတ်ပေးကွာ"

"ယပ်တောင် မပါဘူးကွ"

"ငါ့ခါးကြားထဲမှာ ပါတယ်၊ ရော့...ရော့"

သန်းထွင်က အလောင်း၏ မျက်နှာကို ယပ်ခတ်ပေးလျက်ရှိသည်။

ယပ်ခတ်ပေးရင်း အလောင်း၏ မျက်နှာကို ငုံ့ကြည့်လိုက်၏။ ကြည့်နေရင်း အလောင်းကောင်မှာ မျက်လုံး ဖြည်းဖြည်းချင်း ပွင့်လာသည်ကို မြင်လိုက်ရ၏။ သန်းထွင်မှာ ထိတ်လန့်သွားပြီး...

"အား..."

ဟု အသံထွက်အော်ပြီး နောက်နှစ်လှမ်းခန့် ဆုတ်သွား၏။

"ဟေ့ကောင်...ဘာဖြစ်တာလဲ"

"အလောင်းကောင်က မျက်လုံးကြီး ပွင့်လာပြီကွ"

"မင်းကလဲ၊ မဟုတ်တာကွာ။ မသာက မျက်လုံးပွင့်ပါ့မလား။ အမှောင်ထဲမှာ စိတ်ထင်လို့ ဖြစ်မှာပါ"

"ငါ အမြင်မှားတာလား မသိဘူးကွ။ သနပ်ခါးခြောက်သွားပြီကွ၊ ခြစ်ယူတော့"

"ဟေ့ကောင် ထွန်းနိုင်၊ မင်း ခြစ်ကွာ"

"ငါ မခြစ်ရဲဘူးကွ"

"လုပ်စမ်းပါကွာ၊ မင်း ဒီဘက်က ခြစ်၊ ငါက ဟိုဘက်အခြမ်းက ခြစ်မယ်။ သန်းထွင်...မင်းက ဓာတ်မီးကို အဝတ်ပါးပါးနဲ့ အုပ်ပြီး ထိုးပြပေး။ လုပ်...လုပ်...ဓာတ်မီးထိုး။ ထွန်းနိုင်... မင်းက ဒီဘက်က သနပ်ခါး အမြန်ခြစ်။ ငါ ဟိုဘက်က ခြစ်မယ်။ ဒါပြီးရင် မင်း ချိုပေါ်နဲ့ ညှားပြီး မြန်မြန်လုပ်"

တစ်ယောက်က ဓာတ်မီးထိုးပြပေးထားပြီး နှစ်ယောက်က သနပ်ခါးကို ဝါးခြမ်းပြားခပ်သေးသေးဖြင့် ခြစ်ယူနေကြသည်။ ထိုစဉ် အလောင်းကောင်မှာ မျက်လုံးတဖြည်းဖြည်းချင်း ပွင့်လာပြီး ဝေါက်ခနဲ ထထိုင်လိုက်၏။

"အား...အမလေး..."

ထွန်းနိုင်၊ အောင်မင်းနှင့် ဆန်းထွင်တို့မှာ ရုတ်တရက် လန့်ပြီး "အား...အမလေး၊ ကယ်ကြပါဦး"ဖြင့် အလန့်တကြား အားကုန် အော်ဟစ်ကာ အသုဘအိမ်ထဲသို့ ပြေးဝင်လေတော့သည်။ ကြောက်လန့်တကြားပြေးရင်း ခြေဝကျဉ်းကျဉ်းမှာ သုံးယောက်သား တစ်နေကြ၏။ ထို့နောက် အသုဘအိမ်ထဲသို့ တဝုန်းဝုန်းနှင့် အလုအယက် ပြေးတက်လာကြလေတော့သည်။ ဖဲထိုင်ရိုက်နေသူများအပေါ်သို့ တက်နင်းမိသူ တချက်နင်း တိုက်မိ၍ ချော်လဲသူလဲ၊ ဖဲသမားများကိုယ်ပေါ်သို့ မှောက်လဲသူလဲနှင့် ပါးစပ်မှလည်း "သရဲ...သရဲ"ဟု ကြောက်လန့်တကြား အော်နေကြသည်။ ဖဲဝိုင်းထိုင်နေသော ဖဲသမားများမှာလည်း အလန့်တကြား ထပြေးကြသဖြင့် ဝရုန်းသုန်းကားဖြစ်ကာ အသုဘအိမ်မှာ ကမ္ဘာပျက်သလို ဖြစ်ကုန်တော့၏။

ခေါင်းရင်းဘက် ရေနွေးကြမ်းဝိုင်းတွင် ရေနွေးထိုင်သောက်နေကြသော ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်က မတ်တတ်ရပ်ပြီး အသံကျယ်ကျယ်ဖြင့်...

"ဟေ့ကောင်တွေ ဘာဖြစ်နေကြတာလဲ၊ အခုရပ်စမ်း"

ဆိုပြီး ကြိမ်းမောင်းတော့မှ ရုတ်ရုတ်သဲသဲဖြစ်နေသည်များ ငြိမ် ၏။

ရေနွေးကြမ်းသောက်နေ လူကြီးသူမများ ထ,လာကြပြီး...

"ဟေ့...မင်းတို့ ဘာဖြစ်ကြ လဲ"

ဟု မေးတော့ အောင်မင်းက...

"ဟို...ဟို...သရဲ... ခြောက်လို့ ဥက္ကဋ္ဌကြီး"

"ဘယ်မှာ ခြောက်တာလဲ"

ထိုအခါ အောင်မင်းက ကြောင်းကုန်စင်ကို ရှင်းပြလိုက် ဥက္ကဋ္ဌကြီး ဦးတင်မောင်က...

"ကဲ - အားလုံး ဓာတ်မီး ယူခဲ့ကြ၊ အလောင်းကို သွားကြည့် မယ်"

ဟု ဆိုသဖြင့် ရွာသားများ ဓာတ် မီးများယူပြီး အလောင်းစင်ရှိရာ ထွက်လာခဲ့ကြသည်။ အလောင်းစင် ဓာတ်မီးထိုးကြည့်လိုက်တော့ မီးတွင် ထဲ အစိမ်းသေသေဆုံးသွားသော ဖြ မှာ ငုတ်တုတ်ထထိုင်နေသည်ကို လိုက်ရသဖြင့် ဘယ်သူမှ အနားမက ရဲဘဲ ဖြစ်သွား၏။ ထို့နောက် သူ ယောက်ျားဖြစ်သူ ကိုမြအေးနှင့် ဥက္က ဦးတင်မောင်တို့အဖွဲ့ အနားကပ်သွား ကြည့်လိုက်တော့ ဖြူဖြူမှာ အသ မသေသေးကြောင်း သိရ၍ အိမ်ပေါ် ပြန်ခေါ်လာခဲ့ပြီး ဝိုင်းဝန်းပြုစုကြသ ပြန်လည်၍ ကျန်းမာလာလေတော့ သည်။ ထိုနေ့မှစ၍ အောင်မင်းသည် လည်း "ပီယဆေး အောင်မင်း"ဟု နာမည်တွင်သွားလေတော့သည်■

* * *

အောင်မင်း(ခဂုံ/

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

နေ့တစ်နေ့က ကျွန်ုပ် တောင်ပို့တွေ.၍ မှိုများ ရှိလေမလားထင်ပြီး ရှာမိခဲ့တယ်။ ဒီလ ဒီရာသီက မှိုပေါက်တဲ့ အချိန်ဆိုတော့ ငှက်စိုမှို၊ ဝါဆိုမှို၊ မှိုဖြူတို့က တောင်ပို့တွေမှာ ပေါက်တတ်ကြပါတယ်။ ဒါနဲ့ တောင်ပို့မြင်တော့ သွားသတိရမိတယ်။ တောင်ပို့တိုင်း မှိုပေါက်လေ့ မရှိဘူးတဲ့။ ခြရှိမှ တောင်ပို့ဖြစ်တာတဲ့။ ခြဆိုတာလည်း ဇောင်းခြ၊ ခြကြီးနဲ့ ခြဘုရင်မတို့ ရှိတယ်တဲ့။ တချို့က အဝတ်၊ သစ်သားတို့၊ စက္ကူတို့ဆို ချက်ချင်း စားပစ်လေ့ရှိတယ်။ အိမ်တွေ၊ အဆောက်အအုံတွေမှာ ခြတက်ရင်တော့ သံက လွဲလို့ ကျန်တာ အကုန်စားပစ်တော့တာပဲ။ ဒီတော့ ခြတွေ တစ်ကောင်စီရဲ့ ခြအိမ်ဖွဲ့တဲ့ ခြအမျိုးအနွယ်ကနေ ပေါက်ဖွားတော့ ခြအုံကြီးကနေ တောင်ပို့ကြီးဖြစ်လာတဲ့အထိ ကြီးကျယ်လာတော့ ရောမ တောင်ပို့ကြီးဖြစ်လာတယ်။ ရှေးစကားပုံမှာ ရှိတယ်။ ခြလို စုရင် တောင်ပို့ဖြစ်မယ်ဆိုတာ။ တချို့ ခြကျတော့ ဘာပစ္စည်းကိုမှ မစားဘဲ တောင်ပို့ဖြစ်တာလည်း မြင်ဖူးကြမှာပါ။ ဒီတော့ ခြတောင်ပို့ ခြံထဲမှာ ပေါက်ရင် စီးပွားတက်တယ်လို့ ပြောတယ်။ နောက်တချို့ကျတော့ ခိုက်တတ်တယ်လို့ ပြောတတ်ကြတယ်။ ဒီတော့ တောင်ပို့ပေါက်တဲ့ အဟောကို ကြည့်မိပါတယ်။

* အရှေ့တောင်ခွင်၊
တောင်ပို့ထင်၊
မီးလျှင်လောင်တတ်စွ။
* အနောက်ပေါက်ဖြား၊
အောက်လူများ၊
ဖျားနာဘေးဒဏ်ရ။
* အနောက်တောင်ခွင်၊
တောင်ပို့မြင်၊
သူလျှင် နိုးတတ်စွ။
* ကြွင်းငါးရပ်မှာ၊
ပေါက်ရောက်လာ၊
မှန်ပင် ချမ်းကြည်မြ။
* မကောင်းရပ်လော၊
ပေါက်လာပေ။
ရွှေရေလောင်းလေကြ။
* ဤသို့ ယတြာ၊
ပြုသောအခါ၊
ရောဂါ ရန်ကွယ်ပ။ ။

ဒီတော့ တောင်ပို့ပေါက်လျှင် အရပ်မျက်နှာအလိုက် ဖြစ်တတ်သော အကြောင်းအချက်များကို ဤကျမ်းက လင်္ကာနှင့် ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါဖြင့် ဆောင်သင့်တာနှင့် ရှောင်သင့်တာတွေကို ကျွန်ုပ်တို့ နေ့စဉ် ကြုံတွေ့နေရတာတော့ အမှန်ပင် ဖြစ်ပါတယ်။

တောင်ပို့ပေါက်လို့ စီးပွားဥစ္စာ ပြည့်စုံ ကြွယ်ဝသူကိုတော့ "ဒီလူတွေ အဲဒီ တောင်ပို့ကြီးက ချမ်းသာအောင် မ,တာ"တဲ့။ တချို့ တောင်ပို့ပေါက်ပြီးမှ ရှိတဲ့ ပစ္စည်းကုန်သွားပြန်လျှင် "ဆင်းရဲတာပေါ့၊ ဒီတောင်ပို့က ဒုက္ခပေးတာ"တဲ့။ လူ့အလို နတ် မလိုက်နိုင်သလို၊ သိကြားမင်း ကျွဲယောင်ဆောင်လည်း ချိုတော့ တိမ်နေဦးမှာပဲ။

တောင်ပို့ပေါက်လာရင် ရာဇမတ်ကွက်ကာ၊ ငှက်ပျောပင်စိုက်၊ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်း ပူဇော်ကြတာလည်း ရှိပါတယ်။ ဂမ္ဘီရလိုက်စားသူကတော့ ဘိုးတော်ကြီး စောင့်တယ်၊ သိုက်နန်းရှင် စောင့်တယ်ဆိုပြီး ခမ်းခမ်းနားနားထားတဲ့ လူတွေလည်း ရှိပါတယ်။

နောက်ပြီး သူတို့နဲ့ ဆန့်ကျင်ဘက်၊ တောင်ပို့ရှိလို့ ဒီအိမ်နဲ့ ဒီခြံကို လူတွေက ရှောင်နေတာ၊ အဝယ်

မတည့်ဘူးတဲ့။ ဒီတောင်ပို့ကြီး
ကြောက်လို့ ဖြိုပေးပါလို့ ပြောတဲ့
တွေလည်း ရှိကြပြန်ပါတယ်။

ကျွန်ုပ်ကိုယ်တွေ့အကြောင်း
ပြောပါဦးမယ်။ အိမ်ထောင်ပြု
၁၉၇၄ ခုနှစ်မှာ ယခင်မြို့က ကျွန်
နေခဲ့တဲ့ အိမ်ကလေးမှာ အိမ်ရှေ့ခြံ
တံခါးဝနား တောင်ပို့လေးတစ်ခု
လာပါတယ်။ နောက်တော့ အနှံပင်
မှိုပြီး တောင်ပို့ကြီး ဖြစ်လာပါတ
ခြံပေါက်ဝဘက်ကိုတော့ သိပ်မကြီး
ကျွန်ုပ်အိမ်ရှေ့တစ်လျှောက် ခြတော
လေးတွေ တက်လာပါတယ်။ ထုံး
အတိုင်း အမွှေးတိုင်ထွန်း၊ ရာဇမတ်
ပါတယ်။ ထူးခြားတာက အိမ်ပေါ်
ညဆိုရင် ဖားခုန်သလို တဖတ်ဖတ်
လာတာ အမြဲတမ်း ကြားရတယ်။ အိ
ခန်းနားအဝဆို ပျောက်သွားပြန်ရော
ဒီလို အသံတွေ ကြားနေရသ
ကျွန်ုပ်တို့ ခရီးသွားတဲ့အခါ အိမ်ထဲ
စကားပြောနေတဲ့ လူသံတွေ ကြား
တယ်လို့ ဘေးအိမ်မှ လူတွေက ပြေ
ကြတယ်။ ခြံထဲမှာလည်း ဘိုးသူတော်
ကြီး လမ်းလျှောက်နေတာ မြင်ရတ
တဲ့။ နောက်တော့ ကျွန်ုပ်အိမ်
ညှော်သည်ရောက်လာရင် အိမ်ကို
မြောက်သလို ဝုန်း…ဒိုင်းနဲ့ အသံတွေ
ကြားလာရတယ်။ အဲဒါ ကျွန်ုပ်အ
ကိုယ်တိုင် အိမ်မှာ တစ်ယောက်တည်
နေစဉ်က မနေရဲအောင် လုပ်ပြ
စျေးဆိုင်မှာပဲ လိုက်နေတော့တယ်။
ကိုလည်း ကျွန်ုပ်တို့လင်မယား အမှတ်
သိပ်မထားမိ။

လပြည့်၊ လကွယ်လို ညမျိုးမှာ
ကျွန်ုပ်တို့အိမ်က ခွေးဟောင်တာ သိ
ထူးတယ်။ တစ်ညမှာ ကျုပ် အိမ်
ကို အပေါ်အပါးထသွားမိတယ်။ ပြ
တက်လာတော့ တစ်ကိုယ်လုံး အ

www.burmeseclassic.com

www.burmeseclassic.com

အပိန့်တွေ ထွက်ပြီး ယားလိုက်တာ မနေနိုင်အောင် ဖြစ်လာတယ်။ ဒီလိုနဲ့ ကျွန်ုပ်တို့အိမ်ကို အစောင့်အရှောက်ရှိတယ်လို့ လူပြောများလာတယ်။

ဖြစ်ပုံက သူခိုးမှုတဲ့အချိန် ခြံထဲမှာ ပုဆိုးတွေ၊ လုံချည်တွေ လှန်းထားသူများအိမ်မှာ ပါသွားတယ်။ ကျွန်ုပ်တို့အိမ် တစ်ခါမှ အခိုးမခံရဘူးဆိုတော့ ထူးခြားတာတော့ အမှန်ပါ။

ကျွန်ုပ် စားသောက်ဆိုင်ဖွင့်စဉ်က အိမ်မှာ ပြည်တွင်းဖြစ် အရက်ပုလင်းများနဲ့ အအေးပုလင်းတွေ ရှိပါတယ်။ အရင်းနှီးဆုံး၊ အခင်မင်ရဆုံး ဆိုက်ကားသမား ဦးလှမြင့်ကို အိမ်သော့ပေးပြီး သွားသယ်စေခဲ့ပါတယ်။ . အိမ်ခန်းထဲဝင်ပြီး ပစ္စည်းသယ်မည်အလုပ်တွင် ဦးလှမြင့်ရဲ့ ဂျာကင်အင်္ကျီကြီးကို နောက်က တစ်ခုခုနဲ့ ငြိနေသလို တင်းနေပါတယ်။ နှစ်ကြိမ် သုံးကြိမ်အထိဖြစ်တော့ သူ ဘာမှ သယ်လို့မရဘဲ ပြန်လာပါတယ်။ မင်းတို့အိမ် ငါ မသွားရဲတော့ဘူးလို့ ပြောပါတယ်။

တစ်ညမှာတော့ အထူးအဆန်း တစ်ခု ကြုံရတယ်။ အဲဒါလည်း ခုနက ဦးလှမြင့်ပါပဲ။ သူ့ဆိုက်ကားစီးပြီး ဈေးသိမ်းလို့ အိမ်အပြန်၊ ကျွန်ုပ်တို့ ဇနီးမောင်နှံနဲ့ အတူပေါ့။ အိမ်ရှေ့က အစ်ကိုကြီး ကိုမြဝင်းနဲ့ မချိုတို့အိမ်ကို ကျွန်ုပ်တို့ လင်မယား ဝင်စကားပြောနေတုန်း။ ဦးလှမြင့်က ကျွန်ုပ်တို့ခြံထဲ အမှတ်တမဲ့ဝင်ပြီး အပေါ့သွားလိုက်တာ ဝုန်း…ရှဲရှဲ…ရှဲ…ဆိုတဲ့ အသံကြားပြီး ကြည့်လိုက်တော့ ခြံဝမှာ လဲနေပါတော့တယ်။

အဲဒါနဲ့ အတင်းပြေးကြည့်တော့ သူ့တစ်ကိုယ်လုံးမှာ ကုတ်ထားတဲ့ အစင်းကြောင်းကြီးတွေက သွေးချင်းချင်းနီနေတယ်။ တစ်ကိုယ်လုံး ဒဏ်ရာဗရပွနဲ့ သူ တော်တော်နဲ့ သတိမရတော့ဘူး။ နောက်တော့မှ သူ ပြန်ပြောပြတာက "ငါ့ကို အကောင်တစ်ကောင်က တွန်းလှဲပြီး ကိုင်ဆောင့်လိုက်လို့" တဲ့။

အဲဒီက စပြီး ညဘက် သူ ဘယ်တော့မှ ကျွန်ုပ်တို့အိမ်ကို မလာတော့ဘူး။ အခုတော့လည်း သူ ကွယ်လွန်သွားရှာပါပြီ။

ကျွန်ုပ်တို့ အိမ်နဲ့ ခြံကို ရောင်းမယ် ပြောတော့ တချို့က တောင်ပို့ကြီးနဲ့ အိမ်မို့ ရောင်တယ်။ ဒါပေမယ့် အယူမရှိတဲ့သူတွေကတော့ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တာပါလို့ ပြောကြပါတယ်။ အိမ်ခြံဝယ်တဲ့သူတွေက ဒီတောင်ပို့ကို ရာဇမက်ကာထားလိုက်မယ်လို့ ပြောကြပါတယ်။

နောက် ၅နှစ်လောက်ကြာတော့ အဲဒီ ခြံတွေက တစ်အိမ်လုံးတက်ပြီး သစ်သားတွေ စားသွားလို့ အိမ်ပျက်တဲ့အထိ ပျက်စီး ဆွေးမြည့်ကုန်ပါတော့တယ်။ ခြစားတယ်ဆိုတာ တော်တော်ကြောက်စရာကောင်းပါတယ်။

◈◈◈

လွန်ခဲ့သော နှစ် ၂၀ လောက်ကလည်း ရန်မျိုးအောင် ရပ်ကွက်ထဲက ဘကြီး ဦးမောင်ထွန်းအိမ်ကို စက်ဘီးဝယ်ဖို့ ကျွန်ုပ်ရောက်သွားခဲ့ဖူးတယ်။ အိမ်ကြီးက သွပ်မိုး၊ ပျဉ်ထောင်၊ နှစ်ထပ်အိမ်ကြီး။ အမြင့်က အတောင် ၂၅ တောင်လောက် ရှိမယ်။ ကျွန်ုပ် အိမ်အောက်ထပ် ဝင်လိုက်တော့ တောင်ပို့ကြီးက တစ်အိမ်လုံး ပြည့်နေတယ်။ အပေါ်ထပ်ကိုလည်း တက်ပြီး ခေါင်မိုးထိလုမတတ် တွေ့ရတယ်။ မြင်ဖူးတဲ့တောင်ပို့ထဲမှာ ဒီတောင်ပို့ကြီးက ရောမ အကြီးဆုံးကြီးပဲဗျ။ ခန့်မှန်းဆိုတောင်ပို့ပေါ်က လိမ့်ကျရင် သေနိုင်လောက်တယ်။ နောက် ကျွန်ုပ်က ဘကြီး ဦးမောင်ထွန်းကို မေးကြည့်ပါတယ်။

"ဘကြီး တောင်ပို့ကြီးက မနည်းကြီးတာ၊ ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး၊ အံ့ရောဗျာ"

"အေးကွာ၊ ခု ကြီးသထက် ကြီးလာတာ၊ နှစ်ပေါင်းကလည်း ကြာပြီကွ"

"ဘယ်လောက်ကြာပြီလဲ ဘကြီးရဲ့"

"ခုဆို ငါ့သမီး မခင်ရီအသက်လောက် ရှိမယ်။ နှစ် ၄၀ ကျော်ပြီကွ"

"ဘကြီး… မသိလို့ မေးတာနော်၊ ဘာကောင်းကျိုးပေးလဲ ဘကြီး"

"အေး ငါကတော့ ပထမ ပေါက်လာတုန်းက ဖယ်သေးတယ်။ မရတဲ့အဆုံး ထားလိုက်တာပါကွာ။ ပြောရရင်တော့ ငါ့မိန်းမသေတာပဲ ငါမှတ်မိတယ်။ သူပေါ်လာမှ စီးပွားတက်တာတို့ ဘာတို့ မရှိပါဘူး။ တောင်ပို့က ခြတက်လို့ ဖြစ်လာတာပါကွာ။ ကိုယ်လုပ်မှ ကိုယ်စားရမှာ။ ငါက ဟိုတုန်းက ပွဲစားလုပ်တယ်။ ခုတော့ ထိုင်စားပေါ့ကွာ။ ငါ စီးပွားရေးလုပ်တုန်းက ခုလို သွပ်မိုးအိမ်နဲ့ ပြည့်ပြည့်စုံစုံ နေနိုင်တယ်။ ခု ငါ မလုပ်နိုင်တော့ ငွေမဝင်ဘူးပေါ့ကွာ။ ဒါကြောင့်လည်း ငါ့စက်ဘီး မင်းကို ရောင်းတာပေါ့"

အဲဒီလို သူ့အတွေ့အကြုံနှင့် ခံစားချက်ကို ပြောပြပါတယ်။ အခုအချိန်မှာတော့ ဘကြီး ဦးမောင်ထွန်း ကွယ်လွန်သွားခဲ့ပါပြီ။

ဒီနောက်မှာတော့ အဲဒီ အိမ်ဟောင်းကြီးက ဇရာသဘောအရ အိုမင်းပျက်စီးလို့ သားသမီးတွေက ဖျက်ပြီး အိမ်သစ်ပြန်ဆောက်ထားတာ တွေ့ရပါတယ်။ ဒီ ခြတောင်ပို့ကြီးက အိမ်ကြီးတစ်ခုလုံး ပြည့်နေခဲ့အောင်

www.burmeseclassic.com

အမြင့်က အတောင် ၂၀ လောက်ရှိတော့ ရောမ ကြီးတဲ့ တောင်ပို့ကြီးတစ်လုံးတော့ ဖြစ်နေပါတယ်။ အခုတော့ မရှိတော့ပါဘူး။ ခြတွေ စုလို့ တောင်ပို့ဖြစ်တယ်ဆိုသော ဘကြီးဦးမောင်ထွန်း၏ ယုံကြည်ချက်က ကေန် အမှန်လားပင် တွေးထင်စရာ။

ဒီတော့ အကောင်းဘက်က ကြည့်ရင်တော့ သုသမင်္ဂလာပဲ ဖြစ်ပါတယ်။ မကောင်းတဲ့ နိမိတ်နဲ့ ကြည့်ပြန်ရင် ဒုသနိမိတ်ဖြစ်ပါတယ်။ ဒီလို တောင်ပို့များ ပေါ်လာလျှင်တော့ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်တွေကို ပွားများ ရွတ်ဆို၊ ပရိတ်ကြီး ၁၁သုတ်၊ ပဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်၊ ဆီမီး ထွန်းညှိ ပူဇော်တာ အကောင်းဆုံးပါပဲ။ ဘယ်ပုဂ္ဂိုလ်ပဲ စောင့်စောင့်၊ မေတ္တာ ဘာဝနာပွားကြရင် သူတို့ရဲ့ မေတ္တာက ရောင်ပြန်ဟပ်လာမှာပါ။ မကောင်းတဲ့ နာနာဘာဝဆိုရင်လည်း ပြုစားနှောင့်ယှက် ဖမ်းစားတာတွေ မလုပ်နိုင်၊ မကပ်နိုင်တော့ပါဘူး။ တောင်ပို့အနီးဝန်းကျင်မှာ အမှိုက်တို့၊ မြက်ပင်တို့ ရှင်းလင်းထားပြီး ရာဇမတ်ကာ၊ စည်းသတ်မှတ်ပြီး စေတီအမှတ်ထား ကိုးကွယ်စေရပါမည်။ မိမိ၏ စိတ်၌ စေတီတော်မြတ်တစ်ဆူ ကိုးကွယ် ပူဇော်ရသည်ဟု သဘောပိုက်၍ အနေကဇာတင် ဂါထာတော်ဖြစ်သော -

အနေကဇာတိသံ သာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ၊ -
ဂဟာကာရံ ဂဝေသန္တော၊
ဒုက္ခာဇာတိ ပုနပ္ပုနံ၊
ဂဟာကာရကာ ဒိဋ္ဌောသိ၊
ပုန ဂေဟံန ကာဟသိ၊
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊
ဂဟာကူဋံ ဝိသင်္ခတံ ဝိသင်္ခါရ ဂတံ စိတ္တံ
တဏှာနံ ခယ မဇ္ဈဂါ။ ။

စသည်ဖြင့် ရွတ်ဖတ် ပွားများပါက ဘေးကင်း ရန်ကွာ၍ စီးပွားလာဘ်လာဘများ တိုးပွားလာပါလိမ့်မယ်။ ပွားများ ရွတ်ဖတ်စေလိုပါတယ်။ မြတ်ဗုဒ္ဓ၏ ပဌာန်းတော်၊ ပရိတ်တော်၊ ဂါထာတော်များဖြစ်ပြီး အစွမ်းထက်၍ မကောင်းမှုမှန်သမျှ ကာကွယ်စောင့်ရှောက်စေပါတယ်။

တောင်ပို့ပေါက်ခြင်း၏ အတိတ်နိမိတ်သည် သုသနိမိတ်နှင့် ကောက်ယူ၍ ယုံကြည်စွာ စောင့်ရှောက်ထားခြင်းမှာ မကောင်းမှုများ ပပျောက်၍ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံစေပါတယ်။ ထို့အတူ ဒီတောင်ပို့ပေါက်လာမှ စီးပွားပျက်၊ ရောဂါဖိစီး နှိပ်စက်တယ်၊ အလုပ်အကိုင် အဆင်မပြေဘူး ရာထူးကျတယ်လို့ ဒုသနိမိတ်ကောက်ယူမိလျှင် ထိုအတိတ်နိမိတ်က ဆိုးကျိုးပေးနေမည် ဖြစ်ပါ၏။

တောင်ပို့၏ အရင်းခံသည် ခြကောင်များ စုဝေးရာမှ ဖြစ်ပါတယ်။ ခြအုံကြီးများ ကြီးထွားလာလျှင် ခြအိမ်များ ဖွဲ့၍ နန်းအဖြစ် တည်ဆောက်ပါတယ်။ နှစ်ပရိစ္ဆေဒ ကြာမြင့်လာသောအခါ ၎င်းမြေကြီးများမှ အလွန်မာကျောသော သံအဖြစ်သို့ ပြောင်းလဲလာပါတယ်။ ထိုသံကို ခြသံဟု ခေါ်ပါတယ်။ ၎င်းသံသည် အင်္ဂရတ်ထိုးရာတွင် အလွန်အရာရောက်သည့် သံတစ်မျိုး ဖြစ်ပါတယ်။ ထို ခြသံရှိသော တောင်ပို့များသည် နေရောင်နှင့် ထိတွေ့နိုင်ရန် မြေကြီးပေါ်သို့ ရောင်စဉ်များ ထွက်ပေါ်လာတာကို စိုးသက်တန့်ဟု ခေါ်ကြပါတယ်။ ထိုတောင်ပို့များသည် ခြများ မဖြစ်မီ ပလူကောင်များအဖြစ်နှင့် ရပ်တည်ချိန်၊ မိုးဦးကျလျှင် ပုံသန်းလေ့ရှိရာ ငှက်များက ထိုပလူကောင်များကို စားကြပါတယ်။ ဤသို့ဖြင့် ခြများရဲ့ သံသရာလည်နေခြင်းဖြစ်ပါတယ်။

◈◈◈

သုသနိမိတ်အယူရှိကြသူမ... အကြောင်း ပြောပြချင်ပါတယ်။

ရန်ကုန်မြို့ ဗဟန်းမြို့န... ရေတာရှည်ရပ်ကွက်၊ အောင်သိဒ္ဓိ... မှာ နေတဲ့ ဆရာကြီး ဦးခွန်သ... မိသားစုဖြစ်တဲ့ ဦးလှဦး-ဒေါ်ကျင်ဖု... အိမ်မှာ ဖြစ်ပါတယ်။ ဆရာကြီး ဦး... သန်း လက်ထက်ကတည်းက ဒီခြံ... အိမ်ကို ဝယ်ကြစဉ်၊ အိမ်၏ ခြေရ... ဘက် ဒုတိယခန်းမှစ၍ တောင်ပို့ပေ... ပေါက်လာရာ ကောင်းမွန်သော... လက္ခဏာရှိသည်ဟု ဆိုကာ ဆရာကြီး... က ရာဇမတ်ကာ၊ အမွှေးတိုင်ထွန်းပြီး... စောင့်ရှောက်ထားတယ်။ ပရိတ်ကြီး... ၁၁သုတ်နှင့် ပဌာန်းဒေသနာတော်... ရွတ်ပွားပူဇော်ခဲ့ပါတယ်။ ထိုအချိန်မှ... စ၍ ဆရာကြီး၏ အခုံးအမကြောင်... ယခု သားသမီး ဦးလှဦး၊ သမီး... ဒေါ်ကျင်ဖုတို့ကလည်း သစ်သား... ဝရန်တာ ကာထားပြီး၊ တောင်ပို့အား... ရွှေချ၊ အမွှေးတိုင်၊ ဖယောင်းတိုင်နှင့်... ငွေဖလားထဲတွင် သပြေပန်းများ ထား... ကာ တရိုတသေ ထားကြပါတယ်။ ထိုအချိန်မှစ၍ အလုပ်အကိုင် အဆင်ပြေလာပြီးနောက် သစ်သားအိမ်မှ တိုက်အိမ်အဖြစ် ပြောင်းလဲလာပါတယ်။ ထိုတောင်ပို့၏ ထူးခြားပုံမှာ ကာရံထားသော သစ်သားများကို တစ်ချက်မှ ခြစားခြင်း မရှိဘဲ၊ တောင်ပို့သည် အချွန်အတက်များနှင့် လှပစွာ ရှိနေပါတယ်။ ထို ကာရံထားသော သစ်သားဘောင်အတွင်းသာ ရှိပြီး အခြားသော အိမ်တိုင်များကို ခြစားခြင်း တက်ခြင်း လုံးဝ မရှိပါဘူး။

ဒါကြောင့် ရှေးလူကြီးများက တောင်ပို့ပေါက်လာလျှင် အရှေ့တောင်

www.burmeseclassic.com

အရပ်၊ အနောက်အရပ်နှင့် အနောက် တောင်အရပ်က တောင်ပို့များ မကောင်းဟု ဆိုပါတယ်။ ကျန်အရပ် က ပေါက်လာလျှင်တော့ ယခု ပြုအပ် သော ယတြာကိစ္စများ ဆောင်ရွက်ရ မှာဖြစ်ကြောင်း အဆိုရှိပါတယ်။

ပေါက်လာသော တောင်ပို့အား ပီတောက်သား တစ်တောင့်ထွာခန့် လေးပိုင်းကို ပိန္နဲသား လက်ရိုက်ဖြင့် မြေတွင်းသို့ တစ်ထွာဝင်အောင် ရိုက်၊ မြေပေါ်မှာ တစ်တောင် ပေါ်နေပါစေ။ ပြီးလျှင် ထိုလေးထောင့်အား ရာဇမတ် ကာပါ။ ဝင်ပေါက်တား။ ထိုဝန်းထဲ သဲ အပြည့်ခင်းပါ။ ထို့နောက်မှာ အနေ ကဇာတိ သံသာရံ ဂါထာတော်ကို ဥခေါက်ရွတ်ပွားပါ။ နောက် မေတ္တာသုတ် နှင့် ပရိတ်ကြီး ၁၁သုတ်အား ရွတ်ဖတ် ပူဇော်ပါ။ ထိုသို့ပြုလုပ်လျှင် ကျီးမနိုး ခင် နံနက် ၄နာရီ အရဏ်လာချိန် ပြု လုပ်ရပါမယ်။ ရွှေရည် ငွေရည်လောင်း ပြီး မေတ္တာပို့ ဆုတောင်းပါ။

ထိုသို့ ပြုလုပ်ဆောင်ရွက်လျှင် ပေါက်လာသော တောင်ပို့သည် သာမန် မဟုတ်ဘဲ၊ စေတီတစ်ဆူဖြစ်လာတော့ ၏။ ထိုစေတီသည် ဓာတု၊ ဓမ္မ၊ ပရိ ဘောဂနှင့် ဥဒ္ဒိဿစေတီထိုက်သဖြင့် မကောင်းသော နာနာဘာဝ၊ ဝိနာဘာဝ တို့ မကပ်နိုင်။ သမာဓေဝ နတ်ကောင်း နတ်မြတ်နှင့် အထက်ပုဂ္ဂိုလ်ကြီးများ စောင့်ရှောက်သည့် စေတီဖြစ်လာပါ တယ်။ ထို့ကြောင့် ကောင်းသော အတိတ်နိမိတ်ကို ဆောင်၍၊ မကောင်း သော အတိတ်နိမိတ်ကို မဆောင်နိုင် တော့သဖြင့် ကျရောက်လာသော ဘေး ဥပဒ်အန္တရာယ်များကို ဖယ်ရှား ပျောက်စေပါတယ်။

◈◈◈

ယခု ကျွန်ုပ် တင်ပြခဲ့သော အကြောင်းအရာများသည် ကိုယ်တွေ့ ဖြစ်ရပ်မှန်များ ဖြစ်ပါတယ်။ တောင်ပို့ ပေါက်တိုင်း ကြောက်စရာမလိုပါ။ စိုးရိမ် စရာလည်း မရှိပါ။ အရပ်ဒေသအလိုက် ပေါက်လာလျှင် မြတ်စွာဘုရား၏ အာဏာစက်ဖြစ်သော ပရိတ် ပဋ္ဌာန်း ဒေသနာတော်များ ရွတ်ပွားပါက ကေန် ကောင်းကျိုးပေးပါတယ်။

အခြားသော အထက်ပုဂ္ဂိုလ် မဟုတ်သောသူများအား ကိုးကွယ်မည် ဆိုပါက ဒုသနိမိတ်ကောက်ယူခြင်း ကြောင့် မိစ္ဆာဒိဋ္ဌိအယူ ဖြစ်နိုင်ပါတယ်။ ထို့ကြောင့် မိစ္ဆာများသာ လွှမ်းမိုးနေနိုင် ပါတယ်။ ဒါကြောင့် အယူမလွဲ၊ နိမိတ် ကောက် မမှားစေရန် အထူးသတိချပ် ရမှာ ဖြစ်ပါတယ်။ စေတီအမှတ်ဖြင့် ကိုးကွယ်၍ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေး တိုင်များ ထွန်းညှိပူဇော်ပါ။

ယခုတော့ ကျွန်ုပ်တို့ မြို့က တောင်ပို့ကြီးနဲ့ အိမ်ကို အရောင်း အဝယ်ပြုလုပ်ပြီးပါပြီ။ ဝယ်သူက သုဿနိမိတ် အောင်အတိတ်၊ အောင် နိမိတ်ယူထားပြီး မြတ်ဗုဒ္ဓရဲ့ ပဋ္ဌာန်း တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ကြတော့ ကေန် အကျိုးပေးပါတယ်။

ဒါကြောင့်လည်း ဒီလို ဒီလို တောင်ပို့ကြီးနဲ့ အိမ်များ တွေ့ရင် ရှောင်ဖို့ မလို၊ ဆောင်ဖို့သာ လိုပါတယ် လို့ . . . ■

* * *


မင်းတိုင်ပင်(မြရောင်မြေ)

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၉၊ ... (ဝ)(၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၃၀။

www.burmeseclassic.com

# တင်မောင်မောင်

(ပေါက်ကုန်း)



ခေါင်းတစ်လုံးနှင့်
အလောင်းနှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ည လူခြေတိတ်ချိန် ရွာထဲမှ ခွေးဟောင်သံတို့ကို ကြားနေရသည်။ မကြာလိုက်၊ အိမ်ရှေ့ တာလမ်းပေါ်မှ ခွေးဟောင်သံ စူးစူးဝါးဝါးကို ကြားလိုက်ရသည်။ ခွေးက သဲသဲမဲမဲ ထိုးဟောင်နေသည်။ ထို့ကြောင့်ပင် စံရွှေ တစ်ယောက် အိပ်ရာထဲမှ ထွက်လာခဲ့ပြီး အိမ်ရှေ့ ကဲလားတံခါးကို မပွင့်တပွင့် အသာမ,ကြည့်လိုက်သည်။

ဆန်းစ လရိပ်မှုန်မှုန်အောက်တွင် လူရိပ်လိုလို အရာတစ်ခုကို တွေ့ရသည်။ ခွေးဟောင်သံကလည်း ကြားနေရဆဲ။ အအေးဓာတ်ကဲနေသည့် ညဥ့်လေတစ်ချက်အဝေ့တွင် ကျောထဲ စိမ့်ခနဲဖြစ်သွားပြီး ကြက်သီးမွေးညင်းတို့ ထသွားသည်။ ထိုအချိန် အိမ်ရှေ့ ကုက္ကိုပင်ကြီး၏ သစ်ရွက်တို့ ယိမ်းနွဲ့လှုပ်ယမ်းသွားပြီး အပင်အောက်၌ ဆံပင်ဖားလျားချထားသည့် လူရိပ်တစ်ခုကို တွေ့လိုက်ရသည်။

စံရွှေ ကြောက်စိတ်ကြောင့် ကဲလားတံခါးကို လွှတ်ချလိုက်ပြီး အိပ်ရာထဲ အပြေးဝင်လိုက်သည်။

"ဝုန်း…ဒုန်း…ဒုန်း…ဒုန်း"

အိပ်နေကြသော လူကြီးများ စံရွှေ၏ လုပ်ရပ်ကြောင့် လန့်နိုးလာကြသည်။

"ဟဲ့ - စံရွှေ ဘာဖြစ်တာလဲ၊ တဒုန်းဒုန်းနဲ့"

"ဟို…ဟို…ခွေးအူလို့ ထကြည့်တာ။ အိမ်ရှေ့က ကုက္ကိုပင်အောက်မှာ သရဲ…သရဲ"

"ဟယ်…ဒီကလေး တောက်တီးတောက်တဲ့၊ ဘယ်က သရဲကို တွေ့ရတာလဲ"

"ဟုတ်တယ် အဘ။ ကုက္ကိုပင်အောက်မှာ ဆံပင်ဖားလျားနဲ့ သရဲမကို ကျွန်တော် တွေ့တာ။ ပြီးတော့ လူရိပ်လိုလိုတွေ သွားနေတာလည်း တွေ့တယ်"

"စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်။ မင်းကလည်း ကြောက်တတ်တာကိုးကွ"

"တော်ကလဲ၊ ကလေးက သူတွေ့လို့ပြောတာ နေမှာပေါ့။ ဟော…နားထောင်ကြည့် ကိုသန်းစိန်၊ လမ်းလျှောက်သံတွေ"

"ဒီမိန်းမကလည်း တစ်မျိုး။ ရွာထဲ အသုဘအိမ်ရှိတော့ သွားကြလာကြတာ နေမှာပေါ့"

ပြောပြောဆိုဆိုနှင့် ဦးသန်းစိန်က အိမ်ရှေ့ ကဲလားတံခါးကို ဖွင့်ကာ ဟိုကြည့်ဒီကြည့် ကြည့်မိသည်။ ထိုအချိန်၌ပင် အိမ်ရှေ့ တာလမ်းပေါ်မှ ခွေးနှစ်ကောင် သဲသဲမဲမဲ ထိုးဟောင်သံကို ရုတ်တရက် ကြားလိုက်ရသည်။ ဘာမှတော့ မတွေ့ရ။ သို့သော်လည်း လမ်းလျှောက်သံလိုလို အသံတို့ကို ကြားရသည်။ ဦးသန်းစိန်ပင် စဉ်းစားတွေဝေသွားသည်။

"ကိုသန်းစိန်…မနက်က ရွာထဲက အသုဘချတဲ့ကိစ္စကို တော် သိပြီးပြီလား"

"အေးဟ၊ မခင်သန်းရဲ့။ အဲဒါကြောင့်များလား"

မနက်က အသုဘချသည့်ကိစ္စကို ရွာထဲ၌ ကျိုးကြားတကျော် ပြောဆိုနေကြသည်။ ရွာထဲမှ အသက် ၈၆နှစ်ရှိ အဘ မြမောင်တစ်ယောက် လွန်ခဲ့သော တစ်နေ့က လူကြီးရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ အဘ မြမောင်တို့ လင်မယားက သားသမီး မထွန်းကားကြ။ အသက်အရွယ်ကြီးရင့်သော သူတို့လင်မယားနှစ်ယောက်ကို အရင်ကပင် စောင့်ရှောက်ကျွေးမွေးထား သည်။ အဘ မြမောင်၏ အသုဘကို ကိုလည်း အရပ်ကပင် တာဝန်ယူ သည်။

ထိုရွာက တံခွန်တိုင်ကွင်း၏ အလယ်ရှိ ရွာလေးဖြစ်သည်။ ထိုရွာ ပတ်ပတ်လည်၌ တံခွန်တိုင်၊ ထုံးဘို အလယ်ဇယ်၊ ကံစု၊ မြကလေး စသော ရွာများက ပတ်လည်ဝိုင်းနေသည်။ ထို ရွာနှင့် မနီးမဝေး၌ သင်္ချိုင်းရှိသည်။ ရွာနီးချုပ်စပ်မှ သေလျှင် ထိုသင်္ချိုင်းသို့ ပို့၍ မြှုပ်နှံကြသည်။

ရွာသားအများစုက ဆင်းရဲနွမ်းပါး ကြသည်။ အဘ မြမောင် အသုဘ အတွက် ခေါင်းကိုပင် ရွာထဲ၌ ငွေကြေး စုဆောင်းကာ စီစဉ်ရသည်။ ရွာသားများ က ရပ်ရေးရွာရေးကိစ္စများ၌ တက်တက် ကြွကြွ လုပ်ကိုင်ပေးကြသည်။ သို့သော် လည်း ရွာသားတချို့က ရေးရိုးအယူ အဆတို့ကို ယုံကြည်မှု မရှိကြသဖြင့် လူကြီးများနှင့် သဘောထား ကွဲလွဲမှု တွေ မကြာခဏဖြစ်ကြရသည်။ အဆိုး ဆုံးက ငွတ်တရွတ်လုပ်တတ်ကြသည့် လူလတ်ပိုင်းများပင် ဖြစ်သည်။

အဘ မြမောင်အလောင်း အသုဘမချမီ အရှေ့ညဥ့်၌ မထင်မှတ်စွာပင် အဘ မြမောင်၏ ဇနီး၊ အသက် ၈၂နှစ်အရွယ်ရှိပြီဖြစ်သော အဘွား ဒေါ်တုတ် အသည်းအသန်ဖြစ်ခဲ့သည်။ ရွာသားတို့လည်း စိုးရိမ်နေကြသည်။ နံနက်လင်းလျှင် အဘွား ဒေါ်တုတ်၏ အခြေအနေက ပိုဆိုးလာသည်။ အိမ်ပေါ်မှ အသုဘချရတော့မည့် အဘ မြမောင်၏ အလောင်းရှိနေချိန်တွင် နောက်တစ်ယောက်က အချိန်ပိုင်းသာ လိုတော့သည့်အခြေအနေ။ ထို့ကြောင့် ရွာသားများ ခေါင်းချင်းဆိုင်ကြရတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

"သာထွန်း··· မင်းနဲ့ လူငယ်တချို့ စောစောသွားပြီး သင်္ချိုင်းမှာ ကျင်းသွားတူးပေတော့။ မင်းတို့ ပြီးတာနဲ့ ငါတို့အဖွဲ့ အဘ မြမောင်အလောင်းကို ချလာခဲ့မယ်။ စောနိုင်သမျှ စောပြီး အလောင်းမြေချဖို့ လုပ်မှဖြစ်မယ်"

"အေးလေ၊ ဒါဆိုလည်း ငါတို့ အခုပဲ သွားလိုက်မယ်။ ဒါနဲ့ အောင်မင်း၊ ငါတို့က ကျင်းဘယ်နခု တူးရမှာလဲ။ တစ်ခုလား၊ နှစ်ခုလား"

ထိုတွင် အနီး၌ ထိုင်နေသော ဦးမောင်ကိုက ပျာပျာသလဲ···

"ဟယ်···ဒီကောင် သာထွန်းနယ်၊ ဘာတွေပြောမှန်းမသိဘူး။ မင်းတို့ လူငယ်တွေ အဲဒါကြောင့် ခက်တာ၊ ဘာအယူအဆမှ မရှိကြဘူး။ မှတ်ထား၊ တစ်ပြိုင်တည်း အလောင်းကျင်းနှစ်ခု မတူးကောင်းဘူး"

"ဦးလေးတို့ပြောတော့ အဘွား ဒေါ်တုတ်က အခြေအနေမကောင်းဘူးဆို။ နောက်မှ သာထွန်း နောက်တစ်ကျင်းသွားတူးပါဆို မတူးနိုင်ဘူးနော်"

"ဒီကောင်လေးနယ်၊ ပြောလေကဲလေ။ သွား···သွား။ ကိုယ်လုပ်စရာရှိတာ လုပ်ကြ"

ထိုသို့ဖြင့် သာထွန်းတို့အဖွဲ့ ကျင်းတူး၍ မပြီးမီပင် အဘွား ဒေါ်တုတ် တစ်ယောက် ဆုံးပါးသွားပြန်သည်။ အိမ်တစ်အိမ်ထဲ အလောင်းနှစ်လောင်းမို့ ရွာသားများ အကျပ်တွေ့ကုန်ကြသည်။ ထိုကိစ္စအတွက် ဘယ်လိုဖြေရှင်းရမှန်းပင် စဉ်းစားမရတော့။ ရှေးရိုးအယူအဆ အရ ရွာတစ်ရွာထဲ၌ ရှေ့မှ သေသူ မြေမချရသေးခင် နောက်တစ်ဦးသေဆုံးပါက နောက်သေသူကို အရင်မြေချရသည့် ထုံးစံရှိသည်။ ယခု တစ်အိမ်



ထဲ၌ ဖြစ်နေသည်မို့ အကျပ်တွေ့နေကြရသည်။

"အစ်ကိုစော··· ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ။ နှစ်ယောက်စလုံး ဒီနေ့ မြေချမှ ရမှာ"

"ဒီလိုလုပ် မောင်ကို။ နောက်သေ အရင်ချဆိုတဲ့ စကားအတိုင်း မတုတ်အလောင်းကို ခုမနက်ပဲ ချလိုက်။ ကိုမြမောင်အလောင်းကို နေခင်းပိုင်းမှ ချမယ်"

"အဲဒါတော့ ဟုတ်ပါပြီ။ မမတုတ်အလောင်းအတွက် ခေါင်းကို ဘယ်လိုလုပ်မလဲ"

"အေး မောင်ကိုရေ၊ ငါလည်း မစဉ်းစားတတ်တော့ဘူး။ ခေါင်းတစ်လုံး ရဖို့တောင် မနည်းလုပ်ထားရတာ"

ထိုတွင် အနားရှိ အောင်မင်းတို့ လူငယ်အဖွဲ့က···

"အဘ···အဲဒီအတွက် မပူနဲ့။ အဘမြမောင်ကို ခဏထုတ်ပြီး အဲဒီ ခေါင်းနဲ့ အဒီး မတုတ်ကို အရင်ချလိုက်မယ်။ သင်္ချိုင်းရောက်မှ အဒီး မတုတ်ကို ထုတ်ပြီး ခေါင်းပြန်ယူလာခဲ့မယ်လေ"

"ဟာ···ဟာ···ဒီကောင် ဖေါက်ကရတွေ ပြောပြန်ပြီ။ မလုပ်ကောင်းပါဘူးကွာ"

"ဟာ··· အဘတို့ကလည်း အဘ မြမောင်အတွက် ခေါင်းတစ်လုံးတောင် မနည်းရှာကြံပြီး လုပ်ရတာ။ ခုချိန်မှာ နောက်ထပ် ခေါင်းတစ်လုံး ဘယ်လိုလုပ်ကြမှာလဲ။ ပြီးတော့ သေကြတာကလည်း တစ်အိမ်ထဲမှာ ဖြစ်ကြတာလေ။ ဒီအိမ်မှာလည်း ခိုက်စရာလူ နောက်ထပ် မရှိတော့ပါဘူး အဘရာ"

လူကြီးတွေ စဉ်းစားသွားကြသည်။ အခြေအနေက နောက်ထပ်ခေါင်းတစ်လုံးလုပ်ဖို့က အတော်ပင်ခက်ခဲနေပြီ။ နောက်ဆုံး၌ လူငယ်တွေ ပြောသလိုပင် လက်ခံလိုက်ကြရသည်။ အဘွား ဒေါ်တုတ်အလောင်းကို သင်္ချိုင်းပို့ပြီးနောက် ခေါင်းကြီးကို ရွာထဲသို့ ပြန်ထမ်းလာကြသည်။ ထို့နောက်မှ အဘ မြမောင်အလောင်းကို ခေါင်းထဲထည့်ကာ သင်္ချိုင်းသို့ ပို့ရသည်။

ထိုအကြောင်းကို သိသွားကြသည့် ရွာသားတချို့က ထိုသို့ပြုလုပ်သည်ကို မကြိုက်ကြ။ တစ်ယောက်စကား တစ်ယောက်နားဖြင့် ရွာထဲ၌ ဟိုးလေးတကျော်ဖြစ်ကုန်ကြသည်။ ရွာ"နာ"မည်၊ ရွာ"ခိုက်"မည်ကို စိုးရိမ်နေကြသည်။

ဦးသန်းစိန်သည်လည်း မနက်က အသုဘချသည့်ကိစ္စအတွက် စိတ်ထဲ ဘဝင်မကျဖြစ်သွားခဲ့သည်။ ယခု သူမြင်တွေ့နေရသည့် အရာတို့နှင့် ဆက်စပ်နေလေသလားဟု သံသယဖြစ်နေသည်။ ယင်းစဉ်က လူကြီးသူမ



www.burmeseclassic.com

www.burmeseclassic.com

တို့ ဆုံးမခဲ့ကြဖူးသည်။ သင်္ချိုင်းမှ မည်သည့် ပစ္စည်းကိုမှ ရွာထဲရပ်ထဲသို့ ပြန်ယူမလာကောင်းပေ။ ယခုတော့ ရေးထုံးပယ်ကာ လုပ်ကြသည့်အတွက် ဘာတွေ ဖြစ်လာလိမ့်မလဲဟု တွေးနေမိတော့သည်။

BURMESE CLASSIC .com

◈◈◈

အဘ မြမောင်နှင့် အဘွားဒေါ်တုတ်တို့ အသုဘ ရက်လည်ပြီး နှစ်ရက်ခန့်အကြာ ကလေးတစ်ဦး အဖျားကြီးကာ ဆုံးပါးသွားသည်။ ထို့အတွက် ရွာသားအချို့၏ မကျေနပ်သံတို့ကို ကြားရသည်။

"အဲဒါကြောင့်ပြောတာ၊ ရွာထဲရပ်ထဲ မလုပ်ကောင်းတာတွေ လုပ်တော့ အခု မဖြစ်သင့်တာတွေ ဖြစ်လာပြီ။ အသုဘနှစ်ခုကို ခေါင်းတစ်လုံးတည်းနဲ့ ချတာကိုက မလုပ်ကောင်းတဲ့ကိစ္စ။ သင်္ချိုင်းကနေ ရွာထဲကို ခေါင်းကြီးထမ်းပြီး ပြန်ယူလာတယ်လို့ ကြားကတည်းက တစ်ခုခုဖြစ်တော့မယ်လို့ ထင်သား"

ရွာသားများလည်း သံသယစိတ်တို့ဖြင့် ကြောက်လန့်နေကြသည်။ တချို့ကလည်း နာနာဘာဝတို့ကို ကြုံကြုံတွေ့ကြရသည်ဟု ဆိုသည်။ နာနာဘာဝတို့ ရွာထဲသို့ ဝင်ရောက်နေကြသည်မှာ ရွာသားတို့ ပြုလုပ်ခဲ့သည့် အမှားအယွင်းကြောင့်ဟု ယုံကြည်နေကြသည်။ ရှေးလူကြီးတို့၏ ဆိုစကားအရ "အညီရှိရာ ယင်အုံ" ဆိုသလို မကောင်းဆိုးဝါးတွေ ရှိလျှင် မကောင်းသောအဖြစ်တို့ ဖြစ်လာကြမည်ကို စိုးရိမ်နေကြသည်။

ထိုအချိန်မှာပင် လွန်ခဲ့သော တစ်လခန့်က လေဖြတ်၍ အိပ်ရာထဲလဲနေသော "မတင်ဝ"ဆိုသူ အမျိုးသမီး ကောက်ကာငင်ကာဆိုသလို အသည်းအသန်ဖြစ်လာသည်။ ရွာသားများလည်း ပို၍ထိတ်လန့် ကြောက်ရွံ့လာကြသည်။ ယခုလို ရွာသားများ တစ်ယောက်ပြီး တစ်ယောက် ဖြစ်လာကြသည့်အပေါ် အားလုံးက ပြုလုပ်မိခဲ့သည့် အမှားအယွင်းကြောင့်ဟု စွပ်စွဲကြသည်။

ရွာထဲ ညအချိန် လမ်းလျှောက်သူ မရှိသလောက်ပင် တိတ်ဆိတ်သွားသည်။ အားလုံး၏ ရင်ထဲ၌ စိတ်တထင့်ထင့်နှင့် နေ့ရက်တို့ကို ကျော်ဖြတ်နေကြရသည်။ တချို့လည်း ပြောင်းရွှေ့ရန်ပင် စဉ်းစားနေကြသည်။ ညငှက်တို့၏ တဂီးဂီးအော်သံတို့ကလည်း ညတိုင်းလိုလို ကြားကြရသည်။ မြန်မာလူမျိုးတို့၏ အယူအဆအားဖြင့် ညငှက်တို့ အော်ဟစ်ကြခြင်းမှာ ညအချိန် မကောင်းဆိုးဝါးတို့ကို မြင်တွေ့ရသောကြောင့်ဟု အယူရှိသည်။ စိတ်အားငယ်နေကြသော ရွာသားတို့ ညငှက်၏ အသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

ထိုအခြေအနေတွင် ရွာထဲရှိ လူကြီးပိုင်းများလည်း မနေသာတော့ပြီမို့ ရွာဦးကျောင်း ဆရာတော်နှင့် တိုင်ပင်ကာ ရွာထဲ၌ ပရိတ်၊ ကမ္မဝါစာများ ရွတ်ဖတ်ရန် စီစဉ်ကြသည်။ ထိုနေ့၌ ဘုန်းကြီးငါးပါး ပင့်ဖိတ်ဆွမ်းကပ်ကာ ညနေပိုင်းတွင် ရွာထိပ်မှစ၍ ပရိတ်၊ ကမ္မဝါစာတို့ကို တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းရွတ်ဖတ်လာခဲ့ကြသည်။ ပရိတ်ရွတ်ဖတ်ခြင်းဖြင့် နာနာဘာဝတို့အား မေတ္တာပို့ကြပြီး ကမ္မဝါစာရွတ်ဖတ်၍ နတ်မင်းလေးပါး၏ အကူအညီဖြင့် နာနာဘာဝတို့အား ရွာတွင်းမှ နှင်ထုတ်ခြင်းဖြစ်သည်။

ရွာထိပ်မှစ၍ အစဉ်အတိုင်းရွတ်ဖတ်လာခဲ့ရာ ရွာအဆုံးသို့ ရောက်ခါနီးတွင် နာနာဘာဝက တရားနာလိုက်လာသည့် ရွာသားတစ်ဦးကို ပူးကပ်၍ ပြော...
လာသည်။

"ကျွန်တော်တို့ကို ရွာတွင်း... ထွက်ဖို့ ရွာစောင့်နတ်က နှင်ထုတ်...ပါပြီ။ ကျွန်တော်တို့ ဒီက ထွက်...စားစရာ၊ နေစရာ မရှိပါဘူး။ ကျွန်တော်...တို့ကို နေဖို့ နေရာသတ်မှတ်ပေး..."

ထိုအခါ ဘုန်းကြီးတစ်ပါးက...

"မင်းတို့ ဒီရွာထဲကို ဝင်နိုင်...အောင် ဘယ်သူက ခွင့်ပြုခဲ့တာလဲ"

"တပည့်တော်တို့ ဒီရွာထဲ ဝင်...နိုင်၊ ထွက်နိုင်ဖို့အကြောင်းက ရွာသား...တွေ သင်္ချိုင်းက ခေါင်းကြီးကို ရွာ...ထမ်းဝင်သွားကတည်းက တပည့်တော်...တို့ ရွာထဲ ဝင်နိုင်သွားတာပါ"

"အေး···အေး ရွာသူရွာသား...တွေကလည်း မင်းတို့ကို အလိုမရှိ...ဘူး။ မင်းတို့လည်း ဟိုအရင် ကိုယ်...နေရာဟောင်းကို ပြန်ပြီး သင့်တော်...မှာ နေကြ။ ကဲ···ကဲ သွားကြ သွား...ကြ"

ရွာသားများလည်း ကြုံတွေ့ခဲ့...သည့် အဖြစ်အပျက်အပေါ် သင်ခန်း...ယူခဲ့ကြသည်။ ရေးထုံးတို့တွင် မပယ်...အပ်သည်ကို မပယ်မိကြရန်၊ တားမြစ်...ထားသည့် မလုပ်ကောင်းသော အမှု...တို့ကို မလုပ်မိစေဖို့ နားလည် သဘော...ပေါက်ခဲ့ကြပေသည်။

ထို့နောက်ပိုင်း ထိုရွာကလေး...သည် နဂိုအတိုင်း စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြပေတော့သည်။■

* * *

တင်မောင်မောင်(ပေါက်တူး...)

www.burmeseclassic.com

www.burmeseclassic.com

# တိုင်းရင်းဆေးဖက်ဝင် အလိုကျူပင်

ဆရာ ဦးထွန်းမြင့် (အာယုဗ္ဗေဒ)

မြန်မာ့တိုင်းရင်းဆေးဝါးများ ဖော်စပ်အသုံးပြုရာတွင် အလိုကျူပင်ကို ပရဆေးကုန်ကြမ်းတစ်ရပ်အဖြစ် ထည့်သွင်းဖော်စပ်ကြပါသည်။ အလိုကျူပင်သည် ရိုးရိုးကျူပင်ကဲ့သို့ပင် ဖြစ်ပါသည်။ သို့အလိုကျူပင်သည် ဆီးနှင့် ပတ်သက်သော ရောဂါများနှင့် ဆေးဝါးများကို ဖော်စပ်ရာတွင် အဓိကကဏ္ဍမှ ပါဝင်ပါသည်။ တိုင်းရင်းဆေးဖက်ဝင် အာနိသင်များအနေနှင့် အကျိုးမျှကို ဖော်ပြရမည်ဆိုပါက နှုတ်ကို မြိန်စေပါသည်။ သုက်ကို ပွားစေနိုင်ပါသည်။ ဝမ်းမီးကို တောက်စေနိုင်ပါသည်။

## အလိုကျူပြုတ်ဆေးရည်

အလိုကျူကို ပြုတ်ဆေးဖော်စပ်နည်းအရ စနစ်တကျ ဖော်စပ်၍ ဆေးချိန်ပမာဏအတိုင်း သောက်ပေးခြင်းဖြင့် ဆီးနှင့် ပတ်သက်သော ရောဂါများ၊ ဆီးလမ်းကြောင်းများကို သန့်စင်ပေးနိုင်ပါသည်။ အထူးသဖြင့် ဆီးပူညောင်းကျရောဂါတွင် အကျိုးပြု အာနိသင်များကို ရစေနိုင်ပါသည်။

## မီးယပ်ဖြူဆင်းရောဂါ ကုသနည်း

အလိုကျူပြုတ်ဆေးရည်ကို အထက်ဖော်ပြပါအတိုင်း ဆေးရည်အဖြစ် ရရှိပါက ထိုဆေးရည်ထဲသို့ ကြွေပုပ်အမှုန့် အနည်းငယ်ကို ရောစပ်၍ ဆေးအညွှန်းအတိုင်း သောက်ပေးပါက အမျိုးသမီးများတွင် ဖြစ်တတ်သော မီးယပ်ဖြူဆင်းရောဂါ၊ ရိဖြူ၊ ရိနီဆင်းခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

## အထွေထွေရောဂါကုဆေးတစ်လက်

အလိုကျူပင်ကို အခြေခံလျက် ဆေးဝါးတစ်လက်ကို ဖော်စပ်၍ မိသားစုကျန်းမာရေးစောင့်ရှောက်ရာတွင် အိမ်တွင်းသုံး ဆေးအဖြစ် အိမ်တိုင်းတွင် ဖော်စပ်ထားသင့်ပါသည်။ အဆိုပါ ဆေးဝါးကို ဖော်စပ်ရာတွင် အောက်ဖော်ပြပါ ပရဆေးများ ပါဝင်ပါသည်။ ပရဆေးဝါးများကို ဖော်စပ်ရာတွင် စစ်မှန်သော ကုန်ကြမ်းများကို အသုံးပြုခြင်းဖြင့်သာလျှင် ထိရောက်စွာ ကုသနိုင်သော ဆေးဝါးအဖြစ် ရရှိစေနိုင်ပါသည်။ ပါဝင်သော ပရဆေးကုန်ကြမ်းတို့မှ အလိုကျူတစ်ဆယ်ကျပ်သား၊ ကြွေပုပ် ငါးကျပ်သား၊ သိန္ဓောဆား နှစ်ကျပ်သား၊ ဆင်နှာမောင်းရွက်ခြောက်မှုန့် ငါးကျပ်သား၊ လိပ်ကျောက်ခွံမှုန့် တစ်ကျပ်သားတို့ကို သမအောင် ရောစပ်၍ လေလုံသော ပုလင်းနှင့် ထည့်ထားပါ။ လူကြီးတစ်ခွက်စာပမာဏမှာ လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို တစ်ကြိမ်တိုက်ကျွေးပေးရပါသည်၊ ဆေးကို တစ်နေ့ နှစ်ကြိမ်တိုက်ကျွေးရပါသည်။ နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ချိန် တစ်ကြိမ်တိုက်ပေးပါ။

အထက်ပါ ဆေးဝါးကို အသုံးပြုခြင်းအားဖြင့် ပျောက်ကင်းစေနိုင်သော ရောဂါများမှာ ဆီးပူညောင်းကျရောဂါ၊ ဆီးထဲတွင် ရိဖြူ၊ ရိနီရောဂါ၊ ဆီးအိမ်ကျသော ရောဂါ၊ ဆီးအိမ်ကိုက်ခဲသော ရောဂါ၊ ဆီးဝါခြင်း၊ ဆီးနီခြင်း၊ ဆီးကျန်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးကျောက်တည်ခြင်း၊ အင်အားကုန်ခန်းသော ရောဂါ၊ မောပန်းသော ရောဂါ၊ မစားချင် မသောက်ချင်ဖြစ်သော ခံတွင်းပျက်ရောဂါ၊ ဒူလာသွေးဝမ်းရောဂါ၊ မီးယပ်သွေးဝမ်းရောဂါတို့ကို သက်သာပျောက်ကင်းစေကာ စားကောင်း အိပ်ပျော်၍ ကျန်းမာဝဖြိုး အလှတိုးစေပါသည်။

## အလိုကျူရွက်ဆေးလက်ဖက်ခြောက်

လတ်ဆတ်သော အလိုကျူရွက်များကို အခြောက်လှန်းပြီးသား တစ်ဆနှင့် လက်ဖက်ခြောက်တစ်ဆတို့ကို ရောစပ်ပြီး ပုလင်းနှင့် ထည့်ထားပါ။ လက်ဖက်ရည်ပန်းကန်တစ်ခွက်စာ ရေနွေးဆူဆူထဲတွင် အထက်ပါ ဆေးလက်ဖက်ခြောက်တစ်ဇွန်းကို ထည့်ပြီး နှပ်ထားပါ။ အဆိုပါ လက်ဖက်ရည်ကို သောက်ပေးခြင်းဖြင့် ချွေးတို့ကို ကောင်းစွာ ထွက်ရှိစေပါသည်။ ထမင်းကို မြိန်စေပါသည်။ အမျိုးသားများတွင် လိင်ဆန္ဒလျော့ပါးခြင်းကို တိုးတက်ကောင်းမွန်စေကာ ကာမဆန္ဒများကို မြင့်တက်စေပါသည်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုသကဲ့သို့ ဝမ်း၊ လေ၊ ဆီးကို မှန်ကန်စေပြီး ကျန်းမာဝဖြိုးစေပါသည်။ ပါးစပ်အတွင်းမှ သွေးအန်ခြင်း၊ ဆီးလမ်းကြောင်း၊ မီးယပ်သွေးလွန်ခြင်း၊ လိပ်ခေါင်းသွေးကျခြင်းတို့ကိုလည်း ကုသနိုင်သော ဆေးနည်းဖြစ်ပါသည်။ အထိုင်များသော အသက်မွေးဝမ်းကျောင်းနည်းဖြင့် စီးပွားရှာသူများ၊ ညောင်းညာခြင်း၊ ကိုက်ခဲခြင်းတို့ကိုလည်း ကာကွယ်ကုသပေးနိုင်သော ဆေးဖြစ်ပါသည်။ လူကိုလည်း ရွှင်လန်းတက်ကြွမှုကို ရရှိစေနိုင်ပါသည်။ ❒

* * *

ဆရာဦးထွန်းမြင့်(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဖျားအတွက် ဆေးနည်းတစ်လက်



ရောမြေ ကျော်ဝေ

BURMESE CLASSIC .com

စာရေးသူ ဝန်ထမ်းဘဝတုန်းက MCA - 18 ဖြင့် ရေမြေး ဦးဆောင်ပြီး သွားကြပါသည်။ ထိုအချိန်က နယ်မြေ ဒေသအလိုက် စစ်မှုထမ်းများနှင့်အတူ ပူးတွဲ၍ တာဝန်ထမ်း ဆောင်သွားရခြင်းပါ။ MCA - 18 သံလမ်းပြေး အထူးကား ရထားလေးတွင် စက်မောင်း ဒရိုင်ဘာ ဦးစောဘရွှေနှင့် စင်ပြင်ဆရာ ဦးတင်ရွှေ အကူ ဦးသိန်းရွှေတို့လည်း ပါကြပါ သည်။ ထူးကြီးဘူတာသို့ ရောက်သောအခါ စစ်တပ်အဖွဲ့မှ ဆင်းပြီး ရိုးမဘက်သို့ ထွက်ခွာသွားသဖြင့် MCA - 18 သံလမ်းပြေး ကားသည် ထူးကြီးတွင် နားနေရပါသည်။ လေးရက်မြောက်သောနေ့တွင် တောင်ပေါ်မှ တောဝက်မီး မြိုက်သားဖြင့် ထမင်းစားကြပါသည်။ ငှက်ဖျားအခံရှိသော ဦးသိန်းရွှေသည် ထိုည ဂနာရီတွင် အဖျားတက်ပါသည်။ ရွာခံ မိတ်ဆွေ ဦးတင်ဟန်မှ ယူလာသော အဖျားဖြတ်ဆေး ဖြင့် ဦးသိန်းရွှေ သက်သာသွားပါသည်။ ဆေးနည်းမှာ အင်မတန်မှ လွယ်ကူပါသည်။

ကြက်တိန်ညင်ဥနှင့် ငရုတ်ကောင်းကို ချိန်ခွင်တွင် ဆတူချိန်ပြီး ငရုတ်ကောင်းကို ကျက်အောင် လှော်ပါ။ ငရုတ် ကောင်းကျက်ပြီးသားကို အမှုန့်ဖြစ်အောင် ထောင်းပြီး ကြက် တိန်ညင်ဥ ထိပ်ဝဖောက်ပြီးသားထဲသို့ ထည့်၍ စတီးဇွန်း သေးဖြင့် သမအောင် မွှေပေးပြီး အဖျားတက်သူကို တိုက် ပေးခြင်းဖြင့် နောက်နေ့ အဖျားပြန်မလာတော့ပါ။ ကြက်တိန် ညင်ဥကို လွယ်ကူစွာ မရရှိခဲ့သည်ရှိသော် သားဖောက်ရန် ဝပ်ကျင်းထဲမှ မြန်မာကြက်ဥစစ်စစ်ဖြင့်လည်း အသုံးပြုနိုင်ပါ သည်။

ဦးတင်ဟန်၏ ဆေးနည်းဖြင့် သက်သာပျောက်ကင်း သွားသော ဦးသိန်းရွှေသည် ငှက်ဖျားပြန်လာမည်ကို ကြောက် သဖြင့် တာဝန်ဖြင့် ခရီးသွားတိုင်း ငရုတ်ကောင်းမှုန့်ပုလင်း တစ်လုံးနှင့် ကြက်ဥသုံးလုံးကို အမြဲဆောင်၍ သွားသဖြင့် နောက်ထပ် ငှက်ဖျားက ဦးသိန်းရွှေထံသို့ ပြန်မလာရဲတော့ ပေ။ တစ်ချိန်က MCA - 18 ဖြင့် စာရေးသူနှင့် ဦးပိုက်ကြီး တို့သည် ခရီးတစ်ခုတွင် အတူသွားရင်း ငှက်ဖျား၏ ဆိုးဝါး ပုံနှင့် ရောဂါပျောက်ကင်းပုံကို ဦးသိန်းရွှေမှ ပြောပြပါသဖြင့် သတိတရဖြင့် ဆေးနည်းပေးသူ ဦးတင်ဟန်နှင့် ရောဂါပျောက် ကင်းသူ ဦးသိန်းရွှေတို့ကိုလည်း ဤဆောင်းပါးနှင့်အတူ အထူး ကျေးဇူးတင်စွာဖြင့် တင်ပြ ဖော်ညွှန်းလိုက်ရပါတော့သည်။

* * *

ရောမြေကျော်ဝေ

www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ ဧပြီလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

**မိဿရာသီ**



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

အခြေအနေများက တစ်မျိုးပြောင်းဖို့ ဖန်လာပြီး အခက်အခဲများ ရှိနေသော်လည်း စိတ်ဓာတ်ကျရန် မလိုပေ။ သင့်လုပ်ငန်းကို အစမှအဆုံး ပြန်လည်သုံးသပ်ဖို့ လိုအပ်လာပါပြီ။ အကြံကောင်းတစ်ခုက သင့်ကို တိုးတက်ရေးလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးနိုင်သောလပိုင်းပင်ဖြစ်သည်။ တိုးတက်မှု နှေးကွေးနေသော်လည်း လုပ်ငန်း၏ပုံစံအခင်းအကျင်း ပိုမိုဆန်းသစ်လှပအောင် ပြုလုပ်ခြင်းဖြင့် စီးပွားတက်အံ့။ ဝင်ငွေကောင်းရအံ့။ လာဘ်လာဘ အထူးဝင်မည်။ ရပ်ဝေး နိုင်ငံရပ်ခြားနှင့် ဆက်သွယ်လုပ်ကိုင်ရမည်။ ကျန်းမာရေးအတွက် ရေဝဝ မကြာခဏသောက်ပေးပါ။ အချစ်ရေးကိစ္စ ဆုံးဖြတ်ချက်မစောသင့်ပါ။

ထီထိုးသင့်သောနေ့ - သောကြာ၊ စနေ။

ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၈)အဆုံး။ (၅)အစ (၀)အဆုံး။

ယတြာ - မွေးနေ့မှာ တန်ခိုးကြီးသော ဘုရားတစ်ဆူသို့သွားပြီး ပန်း၊ ရေချမ်း ကပ်လှူကာ ပဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပါ။

**ပြိဿရာသီ**



TAURUS

BURMESE CLASSIC .com

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

ဘဝ၏ အောင်ပန်းဆွတ်ခူးမည့် ကာလ။ အတိတ်က မအောင်မြင်ခဲ့သော ကိစ္စရပ်များ ထူးထူးခြားခြား အောင်မြင်မည်။ သို့သော် အရာရာမှာ တိကျပြတ်သား မှန်ကန်လွန်းခြင်းကြောင့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ မရှိနိုင်ပေ။ ကျန်းမာရေး ကောင်းမွန်စေရန် ကုသိုလ်နှင့် အကုသိုလ် ခွဲခြားကြည့်ပါ။ လတ်တလောမှာ တစ်နေရာတည်းမှာ ကြာကြာမနေလိုတတ်ပါ။ မကြာခဏ ရပ်ဝေးဒေသသို့ သွားရောက်ချင်စိတ်ပေါ်မည်။ ချစ်သူအတွက် ဂုဏ်တယူယူဖြစ်ဖွယ် ကြုံမည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။

ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၆)အဆုံး။ (၉)အစ (၀)အဆုံး။

ယတြာ - နံနက်တိုင်း မေတ္တာသုတ် ရွတ်ဖတ်ကာ သတ္တဝါအပေါင်းအပေါ် မေတ္တာဖြန့်ကျက်ထားပါ။

**မေထုန်ရာသီ**



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

အခင်းအကျင်းသစ်များဖြင့် ဘဝခရီးလျှောက်လှမ်းနေမည့် ကာလ။ ဘဝ၏ အဆင့်မြင့် ဝင်ခွင့်စာမေးပွဲများကို ဖြေဆိုနေရပေလိမ့်မည်။ အောင်မြင်မှု ပျိုးခင်းထဲမှာ အောင်မြင်မှုအသီးအပွင့် ဖူးပွင့်လာရန် စောင့်မျှော်နေရပေလိမ့်မည်။ အရောင်းအဝယ်ကိစ္စရပ်များ အချိန်ဆိုင်းငံ့ပြီးမှ အောင်မြင်လိမ့်မည်။ ကျန်းမာရေးအတွက် ဘဲသား၊ ဝက်သား၊ တညင်းသီး၊ ဒူးရင်းသီး၊ ဒံပေါက် စသည်များကို မစားသင့်ပါ။ ကျန်းမာချမ်းသာမှုကြုံမည်။ နေနှင့် လသဖွယ် တင့်တယ်သည့် ချစ်သူလေးနှင့် ကြုံမည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၄)အဆုံး။ (၇)အစ (၂)အဆုံး။

ယတြာ - မိတ်ဆွေအပေါင်းအသင်းများကို ကြာခံကြော်ကျွေးကာ ဒါနပြုပါ။

www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

စင်းလုံးချော ကံမကောင်းနိုင်သော်လည်း ဘဝ၏ စင်မြင့်ထက်ကိုတော့ တက်လှမ်းခွင့်ရပေလိမ့်မည်။ ပြိုင်ဘက်နှင့် စီးချင်းထိုးနေရပေလိမ့်မည်။ ပြိုင်ဘက်များက သင့်လှုပ်ရှားမှုကို ကွက်ကျော်မြင်နေ လိမ့်မည်။ ယုံကြည်ချက်အပြည့်ဖြင့် ချိန်ချိန်ဆဆ လုပ်ဆောင်သွားလျှင် အဆင်ပြေသွားပေလိမ့်မည်။ ဘဝအတွေ့အကြုံများသည် အကောင်းဆုံး ဆရာဖြစ်သောကြောင့် အတွေ့အကြုံများမှ သင်ခန်းစာ ယူသွားသင့်၏။ ကျန်းမာရေးကောင်းသည်ထက် ကောင်းစေရန် ဘုရားဖူးထွက်ပါ။ အချစ်ကြောင့် အံ့ဩဝမ်းသာစရာများ ကြုံရတတ်၏။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး။ (၄)အစ (၁)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး နှင်းဆီပွင့် (၁၀)ပွင့်၊ အောင်သပြေနှင့် မုန့်လုံးရေပေါ် ကပ်လှူပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

ရေစက်တုန်း ရေတွင်းထဲကျမည့် ကာလမျိုးပင်ဖြစ်သည်။ သင့်စီးပွားရေးက အချိန်မရွေး အကောင်း ဘက်ကိုရော၊ အဆိုးဘက်ကိုရော ပြောင်းလဲသွားနိုင်သော အခြေအနေဖြစ်သည်။ ဇွဲရှိရှိ စိတ်ရှည် ရှည် ဆောင်ရွက်လျှင် စီးပွားရေးက ထောင်တက်သွားပေလိမ့်မည်။ စီးပွားအတတ်အကျသည် သင့်ပေါ်မှာ များစွာမူတည်နေသည်။ မိသားစုအရေးမှာ လိုအင်ဆန္ဒပြည့်ဝမည်။ သင့်ကျန်းမာရေး မဆိုးလှပါ။ ဆွေမျိုးအကြီးအကဲ ကျန်းမာရေးညံ့မည်။ အချစ်ရေးကိစ္စ ပြန်စဉ်းစားရကိန်းကြုံမည်။ အလေးအနက်ထား ချစ်ရသူကို မတွေ့နိုင်ပါ။

BURMESE CLASSIC

**ထီးထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၁)အဆုံး၊ (၂)အစ (၈)အဆုံး။

**ယတြာ** - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလောင်းလှူပြီး လိုရာဆု တောင်းပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

စိတ်စွမ်းအား ပြည့်ဝနေပေလိမ့်မည်။ စီးပွားရေး လူမှုရေးအသိုင်းအဝန်း ကျယ်ပြန့်မည်။ ကတ္တိရဆန်သည့် အထူးအဆန်းကိစ္စရပ်များကို စိတ်ဝင်စားနေပေလိမ့်မည်။ ရုတ်တရက် ပေါ်လာသောခရီးက ငွေကြေး အမြတ်အစွန်းမရနိုင်သော်လည်း ဒေသန္တရ ဗဟုသုတတော့ ရရှိပေလိမ့်မည်။ ရုပ်၏ အာဟာရက အစာဖြစ်သကဲ့သို့ စိတ်၏ အစာက သမာဓိတရားပင် ဖြစ်သည်။ မိမိ၏ စိတ်စွမ်းအား မြင့်မားသည် ထက် မြင့်မားစေရန် ဘာသာရေးအစီအစဉ်တစ်ခုပြုကြည့်လိုက်ပါ။ ကျန်းမာရေးအတွက် အာရုံမများ ပါနှင့်။ အချစ်မှာ မျက်စိမရှိဆိုပြီး ထင်ရာမစိုင်းသင့်ပေ။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၈)အဆုံး၊ (၇)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့တွင် သီလခံယူပြီး သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

လေထဲမှာ တိုက်အိမ်ဆောက်နေမိမည့် ကာလ။ စိတ်ကူးအတွေးက မြင့်မားလွန်းနေပြီး လက်ရှိ အနေအထားနှင့် အလှမ်းကွာလွန်းနေပေလိမ့်မည်။ အိပ်မက်ဆန္ဒ ထပ်တူကျစေရန် မေတ္တာတရား ကို လက်ကိုင်ထားပါ။ မေတ္တာစစ်မှန်လျှင် စစ်မှန်သလောက် သင့်ရဲ့ စိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်ပေးမည့် ပုဂ္ဂိုလ်များ ဟောတစ်ယောက်၊ ဟေ့ာတစ်ယောက် ကြုံဆုံလာရပေ လိမ့်မည်။ ကျန်းမာရေးအတွက် ဖန်ခွက်နှင့် ရေသောက်ပေးပါ။ အမှုလွန်သည့် ချစ်သူအတွက် အပျောက်မခံနိုင် ဖြစ်နေမည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၉)အဆုံး။ (၉)အစ (၆)အဆုံး။
ယတြာ - မိမိပတ်ဝန်းကျင်ရှိ ကလေးများကို သာကူတိုက်ကျွေးကာ ဒါနပြုပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

တိုးတက်ကြီးပွားမှုဖြစ်စေမည့် အထောက်အပံ့ကောင်းများကို ရရှိမည့် ကာလ။ သင့်အဖို့ ဆန်းဆန်း ပြားပြားကိစ္စရပ်များနှင့် ကြုံရပေလိမ့်မည်။ သင်၏ အောင်မြင်မှု စွမ်းပကားကို မနာလိုသူအချို့ ရှိ နေတတ်သည်။ မုန်းလျှင် အပြစ်၊ ချစ်လျှင် အကျိုးဖြစ်သောကြောင့် မနာလိုသူများကို မေတ္တာမပျက် ဘဲ ဆက်ဆံသွားလျှင် ပျော်ရွှင်ချမ်းမြေ့မှု ကြုံရပေလိမ့်မည်။ ကျန်းမာချမ်းသာစေရန် သည်းခံပါ။ စိတ်ရှည်ရှည်၊ စိတ်အေးအေးထား လုပ်ကိုင်ပြောဆိုပါ။ အချစ်ကံ သင့်၏ အချစ်ရေး အဆင်ပြေစေ ရန် ဘေးဘီစကားကို ချင့်ယုံပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၆)အဆုံး။ (၁)အစ (၂)အဆုံး။
ယတြာ - မိမိအိမ်ရှိ ဘုရားစင်ကို သန့်ရှင်းရေးပြုလုပ်ပါ။ သံဃာတော်များကို စတုမဓု လောင်းလှူပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

ရည်မှန်းချက်တို့ အောင်မြင်စေရန် အကြောင်းဖန်လာပေလိမ့်မည်။ ကံတရားက သင့်ဘက်မှာ အပြည့်အဝရပ်တည်နေသည်။ အရာရာကို ချင့်ချိန် တွက်ဆလွန်းသောကြောင့် လုပ်ငန်းတိုးချဲ့ရန် တွန့်ဆိုင်းနေပေလိမ့်မည်။ ကြောက်လျှင် လွဲ၊ ရဲလျှင် မင်းဖြစ်ခြင်းကြောင့် လုပ်ငန်းကို တိုးချဲ့ဖြစ် အောင် တိုးချဲ့လိုက်ပါ။ ဂုဏ်သိက္ခာတက်ပြီး ဝင်ငွေတိုးမှု ကြုံပါလိမ့်မည်။ မှန်ကန်ပြီး အကျိုးရှိသော စကားကို ပြောပါ။ ကျန်းမာရေး ပိုရှိပိုရှိကောင်းမွန်စေရန် အသီးလျှော့စားပါ။ လေ့ကျင့်ခန်းအနည်း ငယ် ပြုလုပ်ကြည့်ပါ။ အချစ်ရေးသင့်သည်။ စိတ်တူကိုယ်တူ နားလည်မှု ပြည့်ဝသူနှင့် စေ့စပ် လက်ထပ်မှု ကြုံမည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၀)အဆုံး။ (၅)အစ (၇)အဆုံး။
ယတြာ - သံဃာတော်မြတ်ကို သင်္ကန်း (သို့မဟုတ်) ယပ်လှူဒါန်း ကုသိုလ်ပြုပါ။

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

အောင်မြင်မှုက လိုက်လေ ဝေးလေ ဖြစ်နေပေလိမ့်မည်။ ဘဝလမ်းကြောင်း လွဲမှားနေပေလိမ့်မည် အတွေးအခေါ် ချော်ထွက်နေတတ်သည်။ ဘဝပန်းတိုင်ကို ကျောခိုင်းကာ လျှောက်လှမ်းနေမိခြင်း ကြောင့် အောင်မြင်မှုကို ကြိုးစားလျက် မရရှိဘဲ ဖြစ်နေပေလိမ့်မည်။ မိမိကိုယ်မိမိ ပြန်လည်သုံးသ ဝေဖန်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်လိုက်လျှင် အောင်ပန်းပွင့်လန်းလာပေလိမ့်မည်။ ကျန်းမာရေး နှင့် ကံတရား ကောင်းမွန်စေရန် ပျော်ပါးသောက်စားမှုများ ဆင်ခြင်ပါ။ အချစ်ရေး ညံ့သည်။ အချ မာယာရှင်ကြောင့် ချစ်ဝက်ဘာမှာ မျက်စိလည်နေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၂)အဆုံး။ (၉)အစ (၆)အဆုံး။
**ယတြာ** - မွေးနေ့ မွေးနံထောင့်တွင် ရေသပ္ပာယ်ပြီး တံခွန်၊ ကုက္ကားနှင့် ထီးဖြူ ထီးနီ လှူဒါန်းပါ။

## ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ကံ-ကံ၏ အကျိုးကို ယုံကြည်လျက် ဘာသာတရား ကိုင်းရှိုင်းနေပေလိမ့်မည်။ စိတ်ရည် သည်းခံ အပြည့်ဖြင့် ဘဝခရီးကို လျှောက်လှမ်းနေပေလိမ့်မည်။ ဖြစ်ချင်သည်ထက် ဖြစ်နိုင်သည်များကို ရွေးချယ်လုပ်ဆောင်နေပေလိမ့်မည်။ သို့သော် သင် လျှောက်လှမ်းနေရသောလမ်းက ချောမွေ့လွန်း သော ဘဝခရီးတော့ မဟုတ်ပေ။ အခက်အခဲ အချိုးအကွေ့များက ရှိနေပေသည်။ ဉာဏ်ပညာကို ဦးစီးနေသော သင့်အတွက် မည်သည့်အခက်အခဲကိုမဆို အေးဆေး ကျော်လွှားသွားနိုင်ပေလိမ့် မည်။ ကျန်းမာစေရန် အသားဓာတ်၊ ကစီဓာတ်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအားလုံး မျှမျှ တတစားပါ။ ချစ်သူနှင့် နှစ်ကိုယ်တူ နီးဖို့ရန် မဝေးတော့ပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၈)အဆုံး။ (၅)အစ (၈)အဆုံး။
**ယတြာ** - အသက်ဂုဏ်ဝါကြီးသူများကို ဆေးဝါး၊ သစ်သီး၊ မုန့်နှင့် ငွေကြေးလှူဒါန်းပါ။

## မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

ဘဝအတွက် အဓိပ္ပာယ်ရှိသော နေ့ရက်များကို ဖြတ်သန်းနေရမည်။ မင်္ဂလာရှိသော အလှူဒါနများ ကို အားတက်သရော ပြုခွင့်ရမည်။ သင့်အတွက် အဖိုးတန်သော အကြံဉာဏ်များ၊ အတွေးအခေါ် များကို လာပေးသူ ရှိနေသည်။ အတွေးအခေါ်မတူသည့် အခြားသူတစ်ဦး၏ အတွေးအမြင်ကို လေးစားစွာ နားထောင်ပါ။ မှတ်ပြီး အစွန်းမရောက်သည့် အကြံပေးချက်များကို မဖယ်ရှားပါနှင့်။ ကျန်းမာရေး ရုတ်တရက် ပြောင်းလဲမှု ကြုံရတတ်သည်ကို သတိပြုပါ။ အဲအေးမခံပါနှင့်။ ရေချိုး ဆင်ခြင်ပါ။ မိမိကိုယ်မိမိ စောင့်ရှောက်လျှင် သက်ရှည်ကျန်းမာပါလိမ့်မည်။ တွက်တီးတွတ်တာ ချွဲနွဲ့သူလေးအပေါ် ချစ်မိုးဆွေမိလိမ့်မည်။ စေ့စပ်ခွင့်၊ လက်ထပ်ခွင့် မကြာမီ ကြုံမည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၆)အဆုံး။ (၆)အစ (၁)အဆုံး။
**ယတြာ** - အိမ်ရှိ ဘုရားမှာ အဖြူရောင်ပန်း၊ ရေချမ်းနှင့် ကောက်ညှင်းပေါင်းတို့ ကပ်လှူကာ သီလခံယူပါ။

* * *

www.burmeseclassic.com